http://www.dhammadownload.com

(၂၀၀၇) စံချိန်စံညွှန်းနှင့်ညီသော ပထမ

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ
ပထမပြန်စာမေးပွဲ

ပထမကြိုးတန်း

ပုစ္ဆာ+အဖြေစုံ

၂၀၀၇-ခုနှစ်
(ပြည်နယ်နှင့်တိုင်း ၁၇)

အရှင်တိလောကာဘိဝံသ(အင်းစိန်)

ပထမအကြိမ်

သာသနာ ၂၅၅၁
ကောဇာ ၁၃၆၉
ခရစ်နှစ် ၂၀၀၇

http://www.dhammadownload.com

ဤစာအုပ်၌

ပထမကြိမ်းတန်းဆိုင်ရာ

၁။ ပြဋ္ဌာန်းချက်များ
၂။ ပြဋ္ဌာန်းကျမ်းစာများ
၃။ ပုစ္ဆာထုတ်စည်းမျဉ်းများ
၄။ ဘာသာစုံမေးခွန်းများ
၅။ ဘာသာစုံအဖြေများ

စသည်စသည်ဖြင့် ဝို့ချသူ၊ သင်ယူသူများ နည်းရလောက်အောင် ဝေဝေဆာဆာ တင်ပြထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ
၂၀၀၄-ခုနှစ် ထုတ်ပြန်အပ်သော
ပြဋ္ဌာန်းချက်သစ်များဖြင့် တင်ပြထားသည်။

ဖြန့်ချီရေး

စာပေထိန်းသိမ်းရေးအဖွဲ့၊ သိမ်ကျောင်းဆောင်၊ ရွာမပရိယတ္တိစာသင်တိုက်၊
သံမဏိစက်ရုံလမ်း၊ ရွာမ၊ အင်းစိန်။ ဖုန်း - ၀၁-၆၄၀၀၇၅

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

ပထမကြိုးတန်း

ပုဆွေ+အပြေစို့

၂၀၀၇-ခုနှစ်

(ပြည်နယ်နှင့်တိုင်း ၁၇)

အရှင်တိလောကာဘိဝံသ(အင်းစိန်)

ပထမအကြိမ်

သာသနာ ၂၅၅၁

ကောဇာ ၁၃၆၉

ခရစ်နှစ် ၂၀၀၇

http://www.dhammadownload.com

ပထမအကြိမ်

ဒီဇင်ဘာလ၊ ၂၀၀၇ ခုနှစ်

အုပ်ရေ

၁၀၀၀ အုပ်

ထုတ်ဝေသူ

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန
(၁၃-၁၁-၂၀၀၇) ရက်စွဲပါ စာအမှတ်၊ ၁၁၉/၁ (ပုံနှိပ်) သသန - ၀၇
ခွင့်ပြုချက်အရ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊
(၅၆) လမ်း၊ အမှတ် (၈၇)၊ စွယ်တော်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ပါသည်။

တန်ဖိုး - ၂၄၀၀

ဖြန့်ချိရေး

စာပေထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့
သိမ်ကျောင်းဆောင်
ရွာမပရိယတ္တိစာသင်တိုက် (အင်းစိန်)၊ ရန်ကုန်တိုင်း၊
ဖုန်း - ၆၄၀၀၇၅



http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	က မှ ဂ အထိ
၂။	စာမိတ်ဆက်	ဃ မှ ဇ အထိ
၃။	ပထမပြန်စာဖေးပွဲ သတ်မှတ်ချက်များ	စ
၄။	ပထမကြိုးတန်း ပြဋ္ဌာန်းကျမ်းစာများ	ဆ မှ ဇ အထိ
၅။	ပထမကြိုးတန်း ပုစ္ဆာထုတ်စည်းမျဉ်း	ဈ မှ ဌ အထိ
၆။	ထုတ်ဝေပြီးကျမ်းစာ	ဒ
၇။	ပဏာမ	ပ
၈။	ဒွေမာတိကာဘာသာ	၁ မှ ၇၉ အထိ
၉။	ဓမ္မပဒဘာသာ	၇၉ မှ ၁၆၁ အထိ
၁၀။	ကစ္စည်းသန္နိကြိုးဘာသာ	၁၆၁ မှ ၂၃၂ အထိ
၁၁	အဘိဓမ္မတ္ထသင်္ဂဟဘာသာ	၂၃၂ မှ ၃၁၁ အထိ
၁၂။	အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ	၃၁၂ မှ ၃၈၁ အထိ
၁၃။	ယမိုက်အထက် ၅-ကျမ်းဘာသာ	၃၈၂ မှ ၄၄၆ အထိ
၁၄။	ပဋ္ဌာန်းဘာသာ	၄၄၇ မှ ၅၂၁ အထိ
၁၅။	ဘာသာပြန်ဘာသာ	၅၂၁ မှ ၅၄၉ အထိ

http://www.dhammadownload.com

http://www.dhammadownload.com

နိဒါန်းအပိုဒ်

စာသင်နည်းစနစ်

မြန်မာနိုင်ငံ၏ ပိဋကတ်သင်နည်းစနစ်ကို –

၁။ စကြိုးပေါက်သင်နည်း –

၂။ စာမေးပွဲစနစ်သင်နည်း – တု နှစ်မျိုးနှစ်စား တွေ့ရသည်။

ရှေးခေတ်က စာချ, စာသင်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စာမေးပွဲကို အခြေမခံဘဲ ကျမ်းဂန်တတ်မြောက်မှု, ကျမ်းဂန်ပေါက်ရောက်မှုကို ပဓာနထား၍ သင်ကြားလေ့လာကြသည်၊ သင်ကြားလေ့လာမှုပြည့်စုံသောအခါ ထက်မြက်ထူးချွန်သော အချို့ပုဂ္ဂိုလ်တို့ အာဇာနည်ရွေးချယ်ပွဲ–

၁။ နွှတ်ဖြေ,

၂။ ရေးဖြေ

စာမေးပွဲဝင်ရောက်ဖြေဆိုသူများလည်း ရှိခဲ့သည်၊ ပုဂံခေတ်မှ ဦးကျည်ပွေ့သည် ရေတစ်ခါ ငုပ် စဉ်းစားခန်း နွှတ်ဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး ပညာရှင်ဘွဲ့ ရရှိခဲ့သည်၊ ကုန်းဘောင်ခေတ်မှ ကျော်အောင်စံထား ဆရာတော်နှင့် ဆရာတော် ဦးဗုဒ္ဓ စသော ပုဂ္ဂိုလ်ကျော်များကိုလည်း စာမေးပွဲဖြင့် ဖော်ထုတ်ပေးခဲ့သည်။–

အင်္ဂလိပ် အစိုးရခေတ်လောက်မှစ၍ ယနေ့တိုင်အောင် များသောအားဖြင့် စာမေးပွဲကို အခြေခံ၍ ပိဋကတ်သင်ကြားမှု ပြုလာကြသည်၊ စာမေးပွဲစနစ်ဖြင့် ပိဋကတ်သင်ကြားရာ၌ အခြေခံ လုံလောက်စွာဖြင့် ပြဋ္ဌာန်းချက်များကို ပြည့်စုံအောင် လေ့လာသင်ကြားသူများသည် များသောအားဖြင့် ထူးချွန်သူများဖြစ်ကြသည်။

၁။ မဲစိုးရိပ်ဆရာတော် ဦးသူရိယ၊

၂။ တိပိဋကဓရ မင်းကွန်းအရှင်ပဝိတ္တသာရာဘိဝံသ စသည်တို့သည် စာမေးပွဲဖြင့် ထူးချွန်သူများဖြစ်ကြသည်။

အခြေခံလည်း မလုံလောက်၊ ပြဋ္ဌာန်ချက်လည်း မပြည့်စုံ၊ ကောက်နုတ်ချက်ဖြင့် ဖြတ်လမ်းလိုက်သူများမှာ စာမေးပွဲအောင်သော်လည်း ထူးချွန်သူများ မဖြစ်ကြ။

http://www.dhammadownload.com

ပုစ္ဆာဖြေခံကျမ်း

စာပေးပွဲ အောင်မြင်ရန်နှင့် ဂုဏ်ထူးပန်းကို ပန်ဆင်လိုသူများအတွက် ဤအဖြေခံများကို စီစဉ်ထားခြင်း ဖြစ်ပါသည်။

ဤအဖြေခံစာအုပ်များသည် -

၁။ လမ်းညွှန်ကောင်း စွယ်စုံပညာရှင်တစ်ဦး သင့်အနားတွင် အမြဲတမ်းရှိနေသလိုလည်း ဖြစ်နေပါလိမ့်မည်။

၂။ ပုစ္ဆာအာဘော်ကြံဆနည်းကိုလည်း ပေးပါလိမ့်မည်။

၃။ ဖြေနည်း, တင်ပြနည်းကိုလည်း ညွှန်ပြပေးပါလိမ့်မည်။

၄။ မေးခွန်းဟောင်း ရှာဖွေစုဆောင်းရခြင်း ဒုက္ခမှလည်း ကင်းဝေးအောင် ကူညီပါလိမ့်မည်။

၅။ မိမိဉာဏ်မမီသော ပုစ္ဆာအဖြေများကို ဖြေရှင်းပေးမည့် ပညာရှင်များ မိမိအနားတွင် အမြဲ တမ်းရှိနေသလိုလည်း ဖြစ်ပါလိမ့်မည်။

ဤသို့စသည် စသည်ဖြင့် သင်၏ လိုအပ်ချက်များကို လမ်းညွှန်ပေးပါလိမ့်မည်။

အရဖြစ် ပမာဏ

တိုင်းနှင့်ပြည်နယ်အသီးသီးမှ ပထမပြန်ပုစ္ဆာများကို တစ်စုတစ်ဝေးတည်း စုစည်း တင်ပြထားပါသည်၊ ယခု ခရစ်နှစ် ၂၀၀၇-ခုနှစ်တွင် တိုင်း ၈-တိုင်း၊ ပြည်နယ် ၉-ခု၊ အထူးအောင် ၁-ခု ပေါင်း ၁၈-တို့၏ ပုစ္ဆာနှင့် အဖြေများ စုစည်းတင်ပြထားပါသည်။

စီစဉ်ထားပုံ

ဤအဖြေခံစာအုပ်၌ ဘာသာရပ်ကို မူတည်၍စီစဉ်ပါသည်၊ ဥပမာ-

၁။ ဝိနယဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

၂။ ဓမ္မပဒဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

၃။ သဒ္ဒါဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊ စသည်ဖြင့် ဘာသာရပ် တစ်ခုချင်း၏ အဖြေများကို တိုင်းနှင့် ပြည်နယ်အစုံ တိုင်းနှင့် ပြည်နယ်အစုံအဖြစ် စီစဉ်တင်ပြထား ပါသည်၊ တိုင်းနှင့် ပြည်နယ် အစဉ်များကို အက္ခရာအစဉ်ဖြင့် ဖေါ်ပြထားပါသည်၊ ဥပမာ-

http://www.dhammadownload.com

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး(အနောက်)၊ ပဲခူး(အရှေ့) မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရခိုင်၊ ရှမ်း(တောင်/မြောက်/ရှေ့)၊ ဧရာဝတီ၊ အထူးအောင် တို့ဖြစ်သည်။

ကျေးဇူးတင်ကြား

ဤပထမကြိမ်တန်း ပုစ္ဆာအဖြေစုံ စာအုပ်ကို သာသနာ့တာဝန်များ ကျောင်းတိုက် တာဝန်များစသည်ဖြင့် မအားမလပ်သည့်ကြားမှ ဝိုင်းဝန်ကူညီပေးကြသော ရွာမပရိယတ္တိ စာသင်တိုက်မှ **ဇေဠဂဏ္ဌိဝိစက သာသနာဓဇ ဓမ္မာစရိယများဖြစ်ကြသည့် ဦးခေမာစာရ (ပညာရေးမှူး)** ဦးကုဏ္ဍလ၊ ကူညီ၍ဖြေဆိုမှု, ရေးသားမှု, စစ်ဆေးမှုစသည်တို့ကို ကူညီပေးသော **ဦးဝေဒိနန္ဒ၊ (စစ်ကိုင်း)** အရှင်ဩဘာသ (နတ်မောက်)၊

ဓမ္မပဒဆိုင်ရာများကို ဖြေဆိုပေး၊ ကွန်ပျူတာစာစီ, စာရိုက် **မကုသလဝတီ (သာသနာဓဇ ဓမ္မာစရိယ၊ ဝိနယဝိန္နု)** စစ်ကိုင်း သကျဓီတာ-တို့၏ အကူအညီကိုလည်း ယူရပါသည်။

အပြင်အဆင်မှစ၍ ဗိမိစိတ်တိုင်းကျဖြစ်အောင် လိုအပ်သမျှအားလုံးကို စိတ်ရှည်လက်ရှည်နှင့် ကြိုးကြိုးစားစား ကွန်ပျူတာ စာစီ, စာရိုက်ပေးသော –

အရှင်ပညာဝံသ (စာချဂဏ္ဌိဝိစက သာသနာဓဇ ဓမ္မာစရိယ) ရွာမပရိယတ္တိစာသင်တိုက်၊

အရှင်ပညိန္ဒိက (ပဓာနနာယက) မဟာသတိပဋ္ဌာန်ကျောင်း၊ တောင်ငူကွင်းပ၊ ရန်ကုန်။

အရှင်နန္ဒမာလာ (ငါန်းဇွန်) တို့အား အထူးကျေးဇူး တင်ရှိပါကြောင်းမှတ်တမ်း တင်အပ်ပါသည်။

အချိန်မီရန် အလောတကြီး စီစဉ်ရခြင်း, ဆရာတော်ကိုယ်တိုင် အချိန်ယူ၍ ပြန်လည်မစိစစ်နိုင်ခြင်း စသည်တို့ကြောင့် ချွတ်ယွင်းချက်, လစ်ဟင်းချက်များ များစွာပါရှိနိုင်သည်။

အဖြစ်တင်ဝေနိုင်ခြင်း, တွဲရိုက်ခြင်း, အကြံပြုခြင်း စသည်စသည်ဖြင့် ဓည်သည့် အဝဏ္ဏအညီမျှဖျိုးစဆို ကျေးဇူးတင်စွာဖြင့် လတ်ခံ ကြိုဆိုပါသည်။

၁၀- ၁၀- ၂၀၀၇
၁၃၆၉-ခု၊ တော်သလင်းလဆုပ် ၁၄-ရက်

အရှင်ဝိလောကာဘိဝံသ (အင်းဓိရ)
ရွာမပရိယတ္တိစာသင်တိုက်

http://www.dhammadownload.com

စာမိတ်ဆက်

ဤပထမပြုန်စာဖေးပွဲ ပုဒ္ဓ၁ +, အဖြေစုံ စာအုပ်များကို ရေးသားပြေဆိုသည့် အနုန္တကျေးဇူးရှင် ဆရာတော်သည် သာသနာပြုလုပ်ငန်းများစွာကို ဆောင်ရွက်နေရသူ ဖြစ်ပါသည်။

ကျောင်းတိုက်တာဝန် ဒကာ ဒကာမတို့ ကုသိုလ်အများတိုးပွါးရေးတာဝန်၊ စာသင်ပေးရသောတာဝန်၊ စာချနာယကများမှအစ ကျောင်းတိုက်ရှိစာသင်သား သံဃာအသုံး အားလုံးတို့ကို လမ်းညွှန်မှုပေးရသည့်တာဝန်၊ နိုင်ငံတော်သံဃမဟာနာယကတာဝန်၊ ယဖိုက်+ပဌာန်းသင်တန်းပို့ချသင်တန်းပေးရသောတာဝန်၊ တရားစခန်းဖွင့်လှစ်တရားပြသ ဟောပြောရသောတာဝန်၊ စာဖေရေးသားကျမ်းပြုရသောတာဝန် စသည်ဖြင့် တာဝန်များ ပြားလှပေသည်။

ထိုတာဝန်များထမ်းဆောင်ရင်း ဤပထမပြုန်စာဖေးပွဲ ပုဒ္ဓ၁ + အဖြေစုံ စာအုပ်များ ကို ရေးသားပြေဆိုရခြင်းဖြစ်ပေသည်၊ အချို့နိုတိုအတွင်း စာအုပ်ဖြစ်အောင်စိစဉ်ရသည့် အတွက် အထူးကြိုးစားအားထုတ်ရပေသည်၊ အချို့မှီ စာချစာသင် အရှင်မြတ်များတို့၏ လက်ဝယ်ရောက်ရှိရေးသည် အရေးကြီးလှပေသည်။

စာအုပ်ဖြစ်မြောက်ရေးအတွက် တပည့်များကလည်း မိမိတို့နိုင်သည့်ဘက်မှ ဆရာ တော်၏ ပါရဒိကိုကူညီဆောင်ရွက်ပေးကြရပါသည်၊ မေးခွန်းစုပေးသူကပေး, အဖြေကို ကူညီရှာပေးသူကပေး, လက်ရေးဖြင့် နောက်ကလိုက်ရေးသူကရော, ကွန်ပျူတာစာစီသူ ကစီ, စာမူခွင့်ပြုချက်ယူသူကယူ, ပုံနှိပ်တိုက်ပို့ပေးသူကပို့ စသည်ဖြင့် အလျင်အမြန်ဆောင် ရွက်ပေးကြရပေသည်။

ပုဒ္ဓာဘောင်းတို့၏ အဖြေကို လေ့လာရသည့်အခါ စာချစာသင်လေ့လာသူများအဖို့ စာဖေးပွဲအတွက် များစွာအထောက်အကူဖြစ်ပေလိမ့်မည်-ဟု ယုံကြည်မိပါသည်၊ ကျမ်းပြု ဆရာတော်၏ အချို့များစွာယူ၍ စုစည်းပေးမှုသည် စာချစာသင်အရှင်မြတ်များအတွက် ဟင်းလျာစုံဖြင့် အဆင်သင့်ပြင်ဆင်ထားသည့် ဆွမ်းပွဲ(ထမင်းပွဲ)ကြီးပမာ အလွန်ပင်ကောင်း မွန်လှပေသည်။

http://www.dhammadownload.com

လေ့လာရသည့်အခါ ပုစ္ဆာ၏ သဘောဝဘာဝ အတိမ်အနက်, အယူအဆ, အတွေ့အကြုံကောင်းများ များစွာရရှိပြီး စာမေးပွဲဖြေဆိုရသည့်အခါ အထူးပင် အထောက်အကူဖြစ်ပေလိမ့်မည်–ဟု ယုံကြည်ပါသည်၊ စာမေးပွဲသတ်မှတ်ချက် ပြဋ္ဌာန်းကျမ်းစာ စည်းမျဉ်းစည်းကမ်း ဘာသာရပ်စသည်တို့ကို တစ်စုတစ်ဝေးတည်း တွေ့ရှိရသဖြင့် အလွယ်တကူ လေ့လာခွင့်ရရှိကြမှာဖြစ်ပါသည်။

ပြည်နယ်နှင့်တိုင်း အထူးအောင် ၁၈–ခုတို့၏ ပုစ္ဆာအဖြေများကို တစ်စုတစ်ဝေးတည်း တွေ့ရှိရသဖြင့် အချိန်တိုအတွင်း စာရှုသူတို့လိုအပ်ချက်များကို ကျွံစာအုပ်က တာဝန်ယူ ဖြည့်စွက်ပေးပါလိမ့်မည်။

စာမေးပွဲသည် စာသင်သားတို့အတွက် ဘဝတိုက်ပွဲပင် မဟုတ်ပါလော့၊ ထိုဘဝတိုက်ပွဲ ဆင်ခွဲနေချိန်ဝယ် စာမေးပွဲအောင်ပန်းကို ပန်ဆင်နိုင်ရေးသည် အဓိကလိုအပ်ချက်ပင် ဖြစ်ပါသည်၊ ထိုလိုအပ်ချက်ကို ကျွံပုစ္ဆာ + အဖြေစုံစာအုပ်က တာဝန်ယူပေးပါလိမ့်မည်။

ပြည်နယ်နှင့်တိုင်း အထူးအောင် ၁၈–ခုလုံး၏ ပုစ္ဆာ + အဖြေများကို ဘာသာတူရာ စုစည်းဖြေပြထားသည်ဖြစ်၍ တစ်ဘာသာကို ၁၈–ကြိမ် အတွေ့အကြုံရယူပြီးသား အတွေ့အကြုံရင့်ကျက်ပြီးသူများပီပီ အထက်တန်းကျကျ မျက်နှာပန်းလှလှ စာမေးပွဲအောင်ပန်းကို ဆင်မြန်းနိုင်ကြပါစေ–ဟု ဆုမွန်ချွေလျက်– – –

အရှင်ဝိသိဋ္ဌ
(စာကြည့်တိုက်မှူး)
ဒေတ်မီ ပိဋကတ်စာကြည့်တိုက်
သိခိတောင်းတော်
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့
၁၀- ၁၀-၂၀၀၇၊ ပုဒ္ဓဟူးနေ့။

http://www.dhammadownload.com

ပထမပြဋ္ဌာန်းမေးပွဲနှင့် ပထ်သက်၌ သတ်မှတ်ချက်များ

၁။ မေးခွန်းလွှာတိုင်း (၃)နာရီ မေးခွန်းဖြစ်သည်၊ မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီ အထိ ဖြေခွင့်ရှိသည်။

၂။ အတန်းအလိုက်မေးမည့် မေးခွန်းအရေအတွက်နှင့် ဖြေဆိုရမည့် မေးခွန်း အရေအတွက်မှာ ဘာသာရပ်တိုင်းအတွက် ဇော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

အတန်း	မေးမည့်မေးခွန်း	ဖြေဆိုရမည့် မေးခွန်း
ပထမငယ်တန်း	၆ – ပုစ္ဆာ	၆ – ပုစ္ဆာ
ပထမလတ်တန်း	၈ – ပုစ္ဆာ	၈ – ပုစ္ဆာ
ပထမကြီးတန်း	၁၀ – ပုစ္ဆာ	၁၀ – ပုစ္ဆာ

၃။ တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ သတ်မှတ်၍ အောင်မှတ် ၄၀– ရာခိုင်နှုန်းဖြစ်သည်။ ဘာသာတိုင်း အောင်မှတ်ရမှ အတန်းအောင်အဖြစ် သတ်မှတ်ရမည်။

၄။ အောင်မြင်သူများထဲမှ အမှတ်များရာအလိုက် တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ အဖြစ် ရွေးချယ်သတ်မှတ်မည်။

၅။ ပထမပြန် စာမေးပွဲကို ရဟန်း၊ သာမဏေ၊ သီလရှင်နှင့် လူဝတ်ကြောင် မည်သူမဆို ဝင်ခွင့်ရှိသည်။

၆။ အောက်အောက်အတန်းကို အောင်မြင်ပြီးမှသာ အထက်အထက်အတန်းများကို ဝင်ခွင့်ရှိသည်။ အထက်အထက်အတန်းများကို အောင်မြင်ပြီးသူသည် အောက် အောက်အတန်းကို ဝင်ခွင့်မရှိတော့ရ။

၇။ ပထမငယ်တန်းသို့ ဝင်ခွင့်ရသော အငယ်ဆုံးအသက်မှာ (၁၃)နှစ်ဖြစ်သည်၊ စာဖြေသော အချိန်တွင် (၁၃)နှစ် တင်းတင်း ပြည့်ရမည်၊ (၁၃)နှစ် မပြည့်လျှင် ဝင်ခွင့်မပြု။

၈။ ပထမပြန် အထူးအောင်ရွေးချယ်ရေးစာမေးပွဲကို ရုံးသုံးပြန်မာဘာသာပြင်သာ ဖြေဆိုရမည်။

http://www.dhammadownload.com

ပြည်ထောင်စု ဖြန့်ဝေနိုင်ငံတော်
နိုင်ငံတော်သံဃာနာယကအဖွဲ့
ဝတ္ထုပြန့်ဝေးမေးပွဲ ကျမ်းဆရာများ
ဝတ္ထုကြိုးတန်း ပြဌာန်းကျမ်းဆာ

၁။ ဗိန္ဒယ (ဒွေဓာထိတာ)

(က) ဒွေမာတိကာ ပါဠိ၊ အနက်၊ ကျမ်းရင်းအဓိပ္ပါယ်။
(ခ) ကင်္ခါဝိတရဏီအဋ္ဌကထာ – (ကျမ်းအစမှ အဆုံးအထိ) အဓိပ္ပါယ်။

လူနှင့် သိလရှင်များအတွက် –

(က) မွေပဒပါဠိတော် (သုခဝဂ်မှ အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်။
(ခ) မွေပဒ အဋ္ဌကထာ (သုခဝဂ်မှ အဆုံးအထိ) အဓိပ္ပါယ်။

၂။ တန္ဒုံးဃဒ္ဒါကြီး

(က) ကစ္စည်းသဒ္ဒါကြီး ၈–စောင် ပါဠိ၊ အနက်၊ ရုပ်၊ အဓိပ္ပါယ်။
(ခ) ရူပသိဒ္ဓိ (ကျမ်းအစမှ အဆုံးအထိ) ရုပ်တွက်၊ အဓိပ္ပါယ်။
(ဂ) ပုစ်ဆစ် (အစမှ အဆုံးအထိ)နှင့် သုတ်စစ်။

၃။ အဘိဓမ္မတ္ထသင်္ဂဟ ၉–ပိုင်း ပါဠိ၊ အနက်၊ သဲရုပ်၊ အဓိပ္ပါယ်။

(က) အဘိဓမ္မတ္ထသင်္ဂဟ ၉–ပိုင်း ပါဠိ၊ အနက်၊ သဲရုပ်၊ အဓိပ္ပါယ်။
(ခ) ဋီကာကျော် (အစမှ အဆုံးအထိ) အဓိပ္ပါယ်။

http://www.dhammadownload.com

၄။ ပါဠိအဘိဓာန်၊ အလင်္ကာ၊ ဆန်း

(က) ပါဠိအဘိဓေန်ကျမ်း (အစမှ နိဂုံးအဆုံးအထိ) ပါဠ၊ အနက်၊ အဓိပ္ပါယ်။

(ခ) အလင်္ကာကျမ်း ပါဠ၊ အနက်၊ အဓိပ္ပါယ်။

(ဂ) ဆန်းကျမ်း ပါဠ၊ အနက်၊ အဓိပ္ပါယ်။

၅။ ယဒိုက်အရေးကောက်ကျမ်း (အထက် ၅–ကျမ်း)

ယဒိုက်အထက် (၅–ကျမ်း) ဝိဘင်းထုတ်၊ အနက်ပေး၊ အရကောက်၊ အဓိပ္ပါယ်နှင့် ဂဏ္ဌိ။

၆။ ပဌာန်း

– ပဋ္ဌာန်းအရံကောက်ကျမ်း (ကုသလတိုက်) ပါဠ၊ အနက်၊ အရကောက်နှင့် အဓိပ္ပါယ်။

၇။ ဘာသာပြန်

(က) သတ္တကနိပါတ်အစမှ ဒသကနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း – ၅၉)

(ခ) ဧကာဒသကနိပါတ်အစမှ ပကိဏ္ဏကနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း – ၄၂)

(ဂ) ဝီသတိနိပါတ်အစမှ စတ္တာလီသနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း – ၂၉)

(ဃ) ပဏ္ဏာသနိပါတ်အစမှ အသီတိနိပါတ်အဆုံးအထိ (ဇာတ်ပေါင်း – ၁၂) ၄– ပိုင်းပိုင်း၍ တစ်ပိုင်းလျှင် သာမာန်အားဖြင့် ၄– နှစ်စီလျှင်၍ မေးခွန်းထုတ်ရမည်။

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃာတော်အဆွဲ
ပထမပြဋ္ဌန်းဓမ္မပေါင်း ပဉ္စာဇုတ်ခဉ်းမျဉ်း
ပထမကြိုးတန်း ပဉ္စာဇုတ်ခဉ်းမျဉ်း

၁။ ပီနယ (ဒွေမာတိကာ) (မေဟွန်းလွှာ – ၁)

(က) ဒွေမာတိကာ

– ပါဠိအာဂုံ (တစ်) ပုဒ္ဓာ

– အနက်ပေး (တစ်) ပုဒ္ဓာ

– ကျမ်းရင်းအဓိပ္ပါယ် (လေး) ပုဒ္ဓာ

(ခ) ကခီအဋ္ဌကထာ

– ကျမ်းအစမှ အဆုံးအထိအဓိပ္ပါယ် (လေး) ပုဒ္ဓာ

လူနှင့်သီလရှင်များအတွက် –

(က) ဓမ္မပဒပါဠိတော် (သုခဝဂ်မှ အဆုံးအထိ)

– ပါဠိအာဂုံ (တစ်) ပုဒ္ဓာ

– အနက်ပေး (တစ်) ပုဒ္ဓာ

– ဓမ္မပဒပါဠိတော်မှ တိုက်ရိုက်အဓိပ္ပါယ် (လေး) ပုဒ္ဓာ

(ခ) ဓမ္မပဒအဋ္ဌကထာ သုခဝဂ်မှ အဆုံးအထိ

– အဓိပ္ပါယ် (လေး) ပုဒ္ဓာ

http://www.dhammadownload.com

၂။ ကစ္စည်းသန့်ကြေး (မေးခွန်းလွှာ – ၂)

- ပါဠိအာဂုံ (တစ်) ပုဆွဲ
- အနက် (တစ်) ပုဆွဲ
- ရုပ်တွက် (နှစ်) ပုဆွဲ

(ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ရုပ်ကျဉ်း၊ ရုပ်ကျယ်၊ ပုဒ်၊ ပစ္စည်း၊ ဓာတ်၊ ပစ္စည်း၊ ဝိဘာတ်ခွဲခြင်း၊ လိင်၊ ဝုစ်၊ ကာရန်၊ ဂိုဏ်း၊ ပဒမာလာစဉ်ခြင်းတို့ ပါဝင်သည်)

- ကစ္စည်းသန့်ကြေးကျမ်းရင်းလာ အဓိပ္ပါယ် (နှစ်) ပုဆွဲ
- ရူပသိဒ္ဓိကျမ်းလာရုပ်၊ အဓိပ္ပါယ် (သုံး) ပုဆွဲ
- ပုဒ်စပ်၊ သုတ်စပ် (တစ်) ပုဆွဲ

၃။ အဘိဓမ္မတ္ထသင်္ဂဟပါဠိတော် (မေးခွန်းလွှာ – ၃)

(က) အဘိဓမ္မတ္ထသင်္ဂဟတစ်ကျမ်းလုံး

- ပါဠိအာဂုံ (တစ်) ပုဆွဲ
- အနက် (တစ်) ပုဆွဲ
- အဘိဓမ္မတ္ထသင်္ဂဟကျမ်းရင်းလာ သရုပ်အဓိပ္ပါယ် (လေး) ပုဆွဲ
- ဋီကာကျော်ကျမ်းလာ အဓိပ္ပါယ် (လေး) ပုဆွဲ

၄။ ပါဠို အဘိဓာန်၊ အလင်္ကာ၊ ဆန်း (မေးခွန်းလွှာ – ၄)

(က) ပါဠိအဘိဓာန်

- ပါဠိကို မြန်မာပြန်ဆိုစေခြင်း (တစ်) ပုဆွဲ
- မြန်မာကို ပါဠိပြန်ဆိုစေခြင်း (တစ်) ပုဆွဲ
- ကျမ်းရင်း၊ သရုပ်၊ အဓိပ္ပါယ် (နှစ်) ပုဆွဲ

http://www.dhammadownload.com

(ခ) သုဗောဓာလင်္ကာရ (အလင်္ကာတစ်ကျမ်းလုံး)

- ပါဠိအာဂုံ (တစ်) ပုဆွဲ
- အနက် (တစ်) ပုဆွဲ
- သုဗောဓာလင်္ကာကျမ်းရင်းလာအဓိပ္ပါယ် (နှစ်) ပုဆွဲ

(ဂ) ဆန်းကျမ်း ပါဠိ၊ အနက်၊ အဓိပ္ပါယ် (နှစ်) ပုဆွဲ

၅။ ယမက (အဃတ် ၅—ကျမ်း) (မေးခွန်းလွှာ — ၅)

- သဒ္ဒါရယပိုက်မှ (နှစ်) ပုဆွဲ
- အနုသယပိုက်မှ (နှစ်) ပုဆွဲ
- စိတ္တယပိုက်မှ (နှစ်) ပုဆွဲ
- ဓမ္မယပိုက်မှ (နှစ်) ပုဆွဲ
- ဣန္ဒြိယပိုက်မှ (နှစ်) ပုဆွဲ

မှတ်ချက် –

- ပါဠိဝိဘင်းထုတ် (သုံး) ပုဆွဲ
- အနက် (သုံး) ပုဆွဲ
- အရကောက် (သုံး) ပုဆွဲ
- အဓိပ္ပါယ် (တစ်) ပုဆွဲ

၆။ ပဋ္ဌာန်းကုသလတိက် (မေးခွန်းလွှာ — ၆)

ပဋ္ဌာန်းကုသလတိက်

- ပါဠိအာဂုံ (နှစ်) ပုဆွဲ
- အနက်ပေး (တစ်) ပုဆွဲ
- အရကောက် (ငါး) ပုဆွဲ
- ဂဏ္ဌိအဓိပ္ပါယ် (နှစ်) ပုဆွဲ

http://www.dhammadownload.com

၇။ ဘာသာပြန် (မေးခွန်းလွှာ – ၇)

- ပါဠိကို မြန်မာပြန်ဆိုစေခြင်း (သုံး) ပုဒ္ဓာ
- မြန်မာကို ပါဠိပြန်ဆိုစေခြင်း (သုံး) ပုဒ္ဓာ
- ပါဠိဂါဟာရများကို ထုတ်ပြ၍ ပါဠိဝါကျ တည်ဆောက်စေခြင်း (နှစ်) ပုဒ္ဓာ
- ဇာတ်ဝတ္ထုများကို အကျဉ်းချုပ်မြန်မာဘာသာဖြင့် ရေးသားစေခြင်း (တစ်) ပုဒ္ဓာ
- ဇာတ်ဝတ္ထုများမှ ရယူအပ်သော သင်ခန်းစာများကို ရေးသားစေခြင်း (တစ်) ပုဒ္ဓာ

အထွေထွေ

- စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သတ္တရသံမအစည်းအဝေး၏ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက် (၂) အရ ပထမပြန်အထူးအောင် စာမေးပွဲကို ရုံးသုံးမြန်မာ ဘာသာဖြင့်သာ ဖြေဆိုရမည်။
- စာမေးပွဲမေးခွန်းများသည် စာမေးပွဲဖြေဆိုချိန် (၃) နာရီ သတ်မှတ်ထားသဖြင့် (၃) နာရီအတွင်း ပြီးစီးအောင် ဖြေဆိုနိုင် မည့် မေးခွန်းမျိုး ဖြစ်ရမည်။
- စာမေးပွဲမေးခွန်းထုတ်ရာ၌ မည်သည့်အတန်းကိုမဆို သုံးဆင့် ထက် မပိုသော မေးခွန်းဖြစ်ရမည်။

http://www.dhammadownload.com

ပဏာမ

ဗုဒ္ဓံ တိလောကတိလကံ၊ ပဥ္ဉာဇျာကရဏာဆေကလောကဂ္ဂံ။
ဝန္ဒိတွာန ကရိဿံ၊ မဟာပထမဥပဒိဋီကျ။

အတံ– ပထမကြီးတန်းပုစ္ဆာ အဖြေလွှာကို သေချာစေ့ငဲ့ အများရှုဘို့ ရေးပြုအား ထုတ် အကျွန်ုပ်သည်၊ **တိလောက တိလကံ** – သုံးဗီးသူကို နတ်နှင့်လူတို့၏ မှန်ကူသဖွယ် ဖြစ်တော် မူပေထသော၊ **ပဥ္ဉာဇျာကရဏာဆေကလောကဂ္ဂံ** – မေးပြေအရာ အလွန်လိမ္မာ သဖြင့် သုံးဖြာ လောကအထက် မြတ်တော်မူပေထသော၊ **ဗုဒ္ဓံ** – သစ္စာလေးလို ခိုင်နှင်းဆီ ကို မမှိဆရာ ကိုယ်ချည်းသာလျှင် သိမြင်တော်မူသော မြတ်စွာဘုရားကို၊ **ဝန္ဒိတွာန** – ဦးညွတ်ရိုကျိုး ရှိခိုးပြီး၍၊ **မဟာပထမဥပဒိဋီကျ** – ပထမကြီးတန်းပုစ္ဆာ အဖြေ ဝိသဇ္ဇနာကို၊ **ကိရိဿံ** – ရေးသားတိထွင် ပြုစိရင်ပေအံ့။

http://www.dhammadownload.com

ထုတ်ဝေပြီးကျမ်းစာများ

လက်ဆောင်ကျမ်းများ

၁။ ဟတိကာ+ဟတုကထာလက်ဆောင် [illegible]-၅
၂။ ယမကလက်ဆောင် (အောက် ၅-ကျမ်း) [illegible]-၇
၃။ ယမကလက်ဆောင် (အထက် ၅-ကျမ်း) [illegible]-၆
၄။ ပဋ္ဌာန်းလက်ဆောင် (ဇယား) [illegible]-၅
၅။ ပဋ္ဌာန်းလက်ဆောင် (ပို့ချစဉ်) [illegible]-၁၀
၆။ အဘိဓမ္မာလက်ဆောင် [illegible]-၈၆
၇။ ဆန်းလက်ဆောင် [illegible]-၁၃
၈။ သဒ္ဒါလက်ဆောင် [illegible]-၁၈
၉။ သုဇာနက်လက်ဆောင် [illegible]-၂၃
၁၀။ သဒ္ဒါကြိုးနိုသဃယလက်ဆောင် [illegible]-၂၅

အဖြေစုံကျမ်းများ

၁၁။ (အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထိမကြီးတန်း)
ပုစ္ဆာ+ အဖြေစုံစာအုပ်များ (၁၉၉၉/ ၂၀၀၀/ ၂၀၀၁/ ၂၀၀၂/ ၂၀၀၃/ ၂၀၀၄/ ၂၀၀၅/ ၂၀၀၆-၂၀၀၆-ခုနှစ်)

ဟောသုတစာအုပ်များ

၁၂။ ရှင်ပြုရဟန်းခံအကြောင်းသိကောင်းစရာ၊
၁၃။ ကိုးကွယ်မှုဆိုင်ရာအကြောင်း သိကောင်းစရာနှင့် ဓေတီ+ပုထိုး၊ [illegible]-၂၆
၁၄။ ကိုးကွယ်မှုဆိုင်ရာသိစရာ-နှင့် ဗုဒ္ဓသာသနာ့သမိုင်း၊
၁၅။ သမိုင်းတာဝန် ကျေပွန်စေ၊
၁၆။ လက်ရွေးစင် ပရိတ် + ဂါထာ + မန္တန် – စသည့် စသည့် စာအုပ်များကို –

ဖြန့်ချိရေး
စာပေထိန်းသိမ်းရေးအဖွဲ့၊ သိမ်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ သံမဏိစက်ရုံလမ်း။
ရွာမ၊ အင်းစိန်။ ဖုန်း - ၀၁- ၆၄၁၀၇၅

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(ကချင်ပြည်နယ်)
ပထမကြိုးတန်း။ ။ ဒွေမာတိကာဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃-၄-၂၀၀၇)အင်္ဂါနေ့

၁။ ရဟန်းတော်များ အသေနာကြားရာ၌ အာဝိကရောမိ၊ အာရောစယာမိ-ဟု နှစ်ပျိုးဆိုနေကြရာ မည်သည့်ပါဠိ သင်္ဂြိတ်သည်ကို နိဒါန်းပါဠိကိုး ပြေဆိုပြီး၊ ဒုက္ကဋ်အပြစ်သင့်ရဟန်း ချာန်ရနိုင်/မရနိုင် အကိုးပါဠိပြ ဖြေဆိုပါ။

၂။ ဘိက္ခုနီ သုဒ္ဓပါစိတ်ဆတ္တုပါဟနဝဂ်လာ ရဟန်းယောကျ်ားများနှင့်စပ်၍ ဘိက္ခုနီမများ အပြစ်သင့်ရောက်ပုံကို ပြသော သိက္ခာပုဒ်တော်တို့ကို အနက်ယောဇနာပြပါ။

၃။ သဒ္ဒါဗျာ၏ ဥစ္စာရဏသော အဗျူးအိမ်၌ ဆွမ်းခံသဖြင့် သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

၄။ အောက်ပါပုဂ္ဂိုလ်တို့အား သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ်အမည်ထောက်၍ ဆုံးဖြတ်ချက်ချပြပါ။

(က) ညအခါတွင် ကြက်ကြော်နှင့်မြည်း၍ အရက်သောက်သောရဟန်း၊

(ခ) ဆွမ်းလုပ်ကြိုးကြိုးပြုလုပ်စားကာ ပလုပ်ပလောင်းနှင့် စကားပြောသောရဟန်း၊

(ဂ) တစ်နှစ်ကိုနှစ်ယောက်နှုန်းဖြင့် နှစ်တိုင်း ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသောရဟန်းမ၊

(ဃ) ကျန်းမာရေးကောင်းမွန်ပါလျက် နွားနို့ တောင်းသောက်သောရဟန်းမ။

၅။ သာသနာနယ်ပယ်၌ ဖြစ်ပေါ်တတ်လေ့ရှိသော အဓိကရဏ်းလေးပျိုးကို အစဉ်ကျကျ ဖော်ပြ၍၊ နောက်ဆုံးအဓိကရဏ်း၏ ငြိမ်းအေးစေကြောင်း အဓိကရဏသမထကောင်း ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၆။ ရဟန်းတော်များ သိရှိထားရမည့် အာပတ်(ဂ)မျိုးတို့တွင် ဒုက္ကဋ်နှင့် ဒုဗ္ဘာသိတ-တို့၏ အဓိပ္ပယ်ကို ဖြေဆိုရ၍၊ အဘယ်ကြောင့် ပါစိတ်အမည်ရသည်ကိုလည်း ဖြေဆိုပြပါ။

၇။ ရဟန်းတော်များ သိက္ခာချရာ၌ ပြည့်စုံရမည့် အင်္ဂါ(၆)ပါးကို ရေတွက်ပြ၍၊ ''သန္ဒိမ္မာလိင် ဝိနည်းမှာသိမ်''ဟူသော အဆိုအရ အရေးကြီးလှသော သိမ်နှင့်စပ်လျဉ်း၍ သိသင့်သည့် ဗဒ္ဓသိမ်၏ အဓိပ္ပါယ်ကိုလည်း-ကာမီဆရာအလိုကျ ဖြေဆိုပါ။

၈။ အစွေ့ကသုဂ်နိုးခေါ်ဆိုရခြင်းအကြောင်းကို ပြည့်စုံစွာ ဖြေဆိုပြီးလျှင်၊ ဓမ္မအေသနာသိက္ခာပုဒ်လာ ''အညတြ ပုရိသဝိဂ္ဂဟေန''၌ ယူသင့်/မယူသင့်သော ပုရိသဝိဂ္ဂဟတို့ကိုလည်း ခွဲခြားဖြေဆိုပါ။

၉။ ဒုတိယပဒိရဏာသိက္ခာပုဒ် ဇာနံ အာသာဒနာပေက္ခော-၌ အဘယ်သို့သိသည်ကို ဇာနံ-ဟုဆိုပါသနည်း ဖြေဆိုပြီးလျှင်၊ သိပုံအကြောင်းအခြင်းအရာတို့ကိုလည်း ဖော်ပြခဲ့ပါ။

၁၀။ အဋ္ဌဝတ္ထုကသိက္ခာပုဒ်ကို လွန်ကျူးသော ဘိက္ခုနီမ၌ သင့်ရောက်နိုင်သော အာပတ်တို့ကို သင့်ရောက်ပုံအခြင်းအရာနှင့်တကွ အဋ္ဌကထာအလိုကျ ဖြေဆိုပြ၍၊ ဘိက္ခုနီတို့၏ သက်နှံး(၅)ထည်သရုပ်ကိုလည်း ဖော်ပြခဲ့ပါ။

၁။ ကချင်ပြည်နယ်(အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ အာဝိကရောမိ-ဟူသော ပါဠိ သင့်မြတ်ပါသည်။-

ပါဠိအက္ခရာ- ယသာ သိယာ အာပတ္တိ၊ သော အာဝိကရေယျ။

မရနိုင်ပါ။

အာကိုးပါဠိ = သမ္မဇာနမုသာဝါဒေါ ဧဓါ ဗနာယသ္မန္တော အန္တရာယိကော ဓမ္မော ဝုတ္တော ဘဂဝတာ။

http://www.dhammadownload.com

၂။ (ဆတ္တပါဟာနဝဂ် အနာပုစ္ဆာသိက္ခာပုဒ်နှင့် ပဉ္စာပုစ္ဆနသိက္ခာပုဒ်တို့ကို အနက်ရေးလေ)။

၃။ ~~(အတိယပါဠိဒေသနိယသိက္ခာပုဒ်ကို ပါဠိရေးလေ။)~~

၄။ (က) ပါစိတ်အာပတ်၊ ဝိကာလဘောဇန, သုရာပါနသိက္ခာပုဒ်။
(ခ) ဒုက္ကဋ်အာပတ်၊ အာလောပ, သကဗဋ္ဌ, အဝဏ္ဏကာရကသိက္ခာပုဒ်။
(ဂ) ပါစိတ်အာပတ်၊ ဇောဝဿသိက္ခာပုဒ်။
(ဃ) ပါစိတ်အာပတ်၊ ပဏီတဘောဇနသိက္ခာပုဒ်။

၅။ ၁။ ဝိဂါဒါဓိကရဏ်း၊ ၂။ အနုဝါဒါဓိကရဏ်း၊ ၃။ အာပတ္တာဓိကရဏ်း၊ ၄။ကိစ္စာဓိကရဏ်း။
ငြိမ်းအေးစေကြောင်း အဓိကရဏသမထ – သမ္မုခါဝိနယသမထဖြစ်ပါသည်။

၆။ **ဒုက္ကဋ** –မကောင်းဘဲဖြင့်ပြုမူ ပြောမှုကြောင့် သင့်ရောက်သောအာပတ်။
ဒုဗ္ဘာသိတ – မကောင်းသဖြင့် ပြောဆိုမှုကြောင့် သင့်ရောက်သောအာပတ်။
ကုသိုလ်စိတ်ကို ကျဆေတတ်သောကြောင့် ပါစိတ်မည်ပါသည်။

၇။ ၁။ လူထွက်လိုသောစိတ်ရှိခြင်း။
၂။ ဗုဒ္ဓံ ပစ္စက္ခာမိ–စသောဆေတ်ပုဒ် ၂၂–ပုဒ်တို့တွင် တစ်ပုဒ်ပုဒ်ဖြစ်ခြင်း။
၃။ ပစ္ဆုပ္ပန်ကာလ, အနာဗဒ္ဓကာလတို့တွင် တစ်ခုခုဖြစ်ခြင်း။
၄။ နှုတ်ဖြင့်မြွက်ဆို၍ သိက္ခာချခြင်း။
၅။ သိက္ခာချသောပုဂ္ဂိုလ်သည် ဥမ္မတ္တကစသည်မဟုတ်ခြင်း, သိက္ခာချရာပုဂ္ဂိုလ်သည်လည်း လူဇာတ်ရှိခြင်း ဥမ္မတ္တကစသည်မဟုတ်ခြင်း, မျက်မှောက်၌ ရှိသူဖြစ်ခြင်း။
၆။ ရည်ညွှန်းအပ်သောပုဂ္ဂိုလ်သည် ပြောပြီးလျှင်ပြီးချင်း သိခြင်း။

ဗဒ္ဓသိမ်အဓိပ္ပါယ်

ဝိပ္ပတ္တိသိမ် ၁၁–မျိုးမှတစ်ပါး သမ္မတ္တိ ၃–မျိုးနှင့်ယှဉ်လျက် နိမိတ်တစ်ခုနှင့် တစ်ခုစပ်ပြီး သမုတ်အပ်သောသိမ်သည် ဗဒ္ဓသိမ်မည်၏။

http://www.dhammadownload.com

၈။ ခရိုးသွားမည်သူ, မကျန်းမာသူ, ကိုယ်ဝန်ရှိသူ, သန္ဓိတရားအသစ်ဖြစ်ပေါ်လာသူတို့တွင် တစ်ယောက်ယောက်က ''ဝဿသာဝါသိကံ ဒဿာမိ''ဟု လျှောက်၍ လျှုအပ်သော သင်္ကန်းကို **အစွေ့ကသင်္ကန်း**ဟု ခေါ်သည်။

ယူသင့်- လူစစ်ယောကျ်ားပုဂ္ဂိုလ်၊

မယူသင့်-

လူယောင်ဆောင်သော ဘီလူး, ပြိတ္တာ, နဂါး, ဂဠုန်-စသော တိရစ္ဆာန် အထီးများ။

၉။ ပဝါရိတ်သင့်ပြီးသူ-ဟုသိခြင်းကို ဇာနံ-ဟုဆိုပါသည်။

သိပုံအကြောင်းအရာ - ကြား၍ဖြစ်စေ မြင်၍ဖြစ်စေ သိခြင်း။

၁၀။ ဝတ္ထု ၈-မျိုးတို့တွင် တစ်မျိုးမျိုးကို ကြူးလွန်သည့်အခါတိုင်း၌ ထုလ္လစ္စည်း အာပတ်သင့်ပါသည်။ ၈-ခုပြည့်သောအခါ ပါရာဇိကကျသည်။

သင်္ကန်း ၅-ထည်သရုပ်

၁။ ဒုကူဋ်၊ ၂။ ကိုယ်ဝတ်၊ ၃။ သင်းဖိုင်၊ ၄။ ရေသုနပ်၊ ၅။ ရင်စည်းတဘက်။

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(ကယားပြည်နယ်)

ပထမကြိမ်းတန်း။ ။ ဒွေမာတိကာဘာသာ

၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃-၄-၂၀၀၇)အင်္ဂါနေ့

၁။ အကပ်မခံရသေးသောဆွမ်းကို ဘုဉ်းပေးသောရဟန်း၏ အပြစ်ပြသိက္ခာပုဒ်နှင့် ပဿာဝမဂ်ရောဆေးသောရဟန်းမ၏ လက်ထည့်သွင်းနိုင်သောပမာဏပြ သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

၂။ (က) ကယဝိက္ကယအမှုကို ပြုသော ဘိက္ခု။ (ခ) ဂိလာနမဟုတ်ဘဲ ဆတ္တုပါဟနကို ဆောင်သော ဘိက္ခုနီတို့၏ အပြစ်ပြသိက္ခာပဒတို့ကို အနက်မှန်စွာရေးပြပါ။

http://www.dhammadownload.com

၃။ သံဃာကွဲပြားခြင်း၏ အကြောင်းရင်းနှစ်ပါးကို ပါဠိ+မြန်မာ နှစ်ဘာသာတွဲစပ်ဖော်ပြ၍၊ အကာလစီဝရသိက္ခာပုဒ်လာ ခိပ္ပဓမ ကာရေတဗ္ဗံ–၌ အကာလသင်္ကန်း၏ အလျင်အမြန် ချုပ်ရာကာလကို သတ်မှတ်ပြပြီးလျှင်၊ ဒီးဖွဲ့မပြည့်သေးဘဲ သပိတ်သစ် တောင်းလိုရာ၌ လိုက်နာရမည့်စည်းကမ်းချက်များကိုလည်း မှန်ကန်စွာ ဖြေဆိုခဲ့ပါ။

၄။ ကျွန်းမာနေပါလျက် ရဟန်းတော်များမိမိအတွက်တောင်း၍မသုံးဆောင်ကောင်းသော ဘောဇဉ်သရုပ်တို့ကို မြန်မာဘာသာဖြင့် ဖော်ပြ၍၊ ရတနာပစ္စည်းကို ကောက်တွေ့ရာ၌ သိမ်းဆည်းသင့်သောနေရာနှင့် ရည်ရွယ်ချက်တို့ကိုလည်း ခွဲခြားဖြေဆိုပါ။

၅။ သတ်ထိုက်သော ခိုးသူမကို ဘိက္ခုနီပြုပေးသော ရဟန်းမ၏ ပန်ပြောရမည့် ပုဂ္ဂိုလ်များကို လည်းကောင်း၊ အပဇ်ရဏာသိက္ခာပုဒ်လာ တိဟိ ဌာနေဟိ နံ ပဇ်ရေယျ–၌ တိ–သချ်ာ၏ သရော်ယျတို့ကိုလည်းကောင်း တိကျစွာ ဖော်ပြပါ။

၆။ ဖော်ပြပါရဟန်း/ ရဟန်းမတို့အား သင့်ရောက်သည့် အာပတ်တို့ကို သိက္ခာပုဒ်အမည် ထောက်၍ ဆုံးဖြတ်ပြပါ–

(က) ရွှေ ငွေ အရောင်းအဝယ်ပြုသော ရဟန်း၊

(ခ) ရဟန်းတစ်ပါးအား လက်သီးဖြင့် ပိုးသော ရဟန်း၊

(ဂ) ယောကျ်ား၏ လက်ကို ကိုင်ဆွဲခြင်းကို သာယာသော ဘိက္ခုနီ၊

(ဃ) တစ်ဆယ့်ခြောက်ကျပ်တန် ခြုံထည်ထက် အလွန်ဖောင်းသော ဘိက္ခုနီ၊

(င) နို့တိုက်ဆဲမိန်းမကို ပဋိဉ်းခံပေးသော ဘိက္ခုနီ။

၇။ သမဂ္ဂသ သံဃသ–၌ သမဂ္ဂသံဃာဟူသည် ဘယ်လိုသံဃာမျိုးပါနည်း ကခ်ီအလိုက်ရှင်းပြ၍၊ နိဗ္ဗိတ စိဝရသ္မိ–၌ စိဝရ၊ နိဋ္ဌာန အကြောင်းများကိုလည်း ထုတ်ပြခဲ့ပါ။

၈။ ပထမသဟသေယျသိက္ခာပုဒ်လာ အနုပသမ္မန္နအရကို ဖြေဆို၍၊ ကာလနှင့် ဝိကာလ ထူးခြားပုံကိုလည်း ကခ်ီလာအတိုင်း ရေးပြခဲ့ပါ။

http://www.dhammadownload.com/

၉။ ဘိက္ခုနီ ပထမပါရာဇိကသိက္ခာပုဒ်တွင် ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျ–၌ ဆန္ဒသော– ဟူသည်မှာ အဘယ်ကဲ့သို့ခေါ်သည်ကိုလည်းကောင်း၊ အဋ္ဌဝတ္ထုကာ သိက္ခာပုဒ် ၌ ဟတ္ထဂ္ဂဟဏံ ဝါ–ဟုပါရှိရာ ဟတ္ထဂ္ဂဟဏအရကိုလည်းကောင်း ကခ်ီဆရာအလိုက္ခ ဖော်ပြပါ။

၁၀။ လောကာ၌ ကျိန်ဆဲခြင်းဟူသည် သူတစ်ပါးတို့ကိုသာ ကျိန်ဆဲမှုရှိကြရာ ဘိက္ခုနီမ များသည် ဖိဖိကိုယ်ကို ဇြဟ္မစရိယဖြင့် ကျိန်ဆဲပုံကို ပြဆို၍၊ နဂ္ဂသိက္ခာပုဒ်လာ နဂ္ဂါ–ဟူသည် အဘယ်နည်း ကခ်ီလာသည့်အတိုင်း ဖော်ပြပါ။

၂။ ကယားပြည်နယ်(အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဒုန္တာပေါဏသိက္ခာပုဒ် နှင့် ဥဒကသုဒ္ဓိသိက္ခာပုဒ်တို့ကို ပါဠိရေးလေ)။

၂။ (က) ရူပိယသံဝေါဟာရသိက္ခာပုဒ်၊ ကယဝိက္ကယသိက္ခာပုဒ်၊
(ခ) ဆတ္တုပါဟနသိက္ခာပုဒ်တို့ကို အနက်ရေးလေ။

၃။ **အကြောင်းအရင်းနှစ်ပါး ပါဠိပြန်မာ**

၁။ အသမစိတ္တတာ – စိတ်ဖြင့်သဘောမတူခြင်း။
၂။ ကာယသာမဂ္ဂိအဒါနတာ – ကာယသာမဂ္ဂီမပေးခြင်း။
ကာလ – အကာလသင်္ကန်းကို ခံယူပြီး ၁၀–ရက်အတွင်းကာလ။

လိုက်နာရမည့်စည်းကမ်းချက်များ–

စွန့်အပ်သောသပိတ်ကို ပထမ မထေရ်ကြီးမယူလျှင် ဒုတိယ မထေရ်ယူပို့ရန် တိုက်တွန်းရမည်၊ ဤနည်းအတိုင်း ဆင့်ကာဆင့်ကာ (ယူလိုသူယူ၊ မယူလိုက မယူဘဲ) သွားပြီးနောက် မည်သူမျှမလို၍ ကျန်နေသော နောက်ဆုံးပတ္တာပရိယန္တသပိတ်ကို ပတ္တာဂဟကသမ္မုတိရသော ရဟန်းကပင် ငဲ့ရှင် ဤသပိတ်ကို ကွဲသည်တိုင်အောင် ဆောင်ထားရမည်ဟု သပိတ်တောင်းသောရဟန်းအား ပြော၍ ပေးရမည်။

http://www.dhammadownload.com

၇။ ဘောဇဉ်သရုပ်-

ထောပတ်၊ ဆီဥ၊ ဆီ၊ ပျားရည်၊ တင်လဲ၊ ငါး၊ အသား၊ နို့ရည်၊ နို့ခဲမ်း။

နေရာ - အာရုပ်အတွင်း၊ ဖိုဖိုနေရာဌာနအတွင်းတို့ ဖြစ်သည်။

ရည်ရွယ်ချက် - ဥစ္စာရှင်သည် လာယူလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြစ်သည်။

၈။ ပန်ကြားရမည့်ပုဂ္ဂိုလ်များ

မင်း၊ ဘိက္ခုနီသံဃာ၊ မလွှဂဏစသောဂိုဏ်း၊ ကုသိုလ်ကောင်းမှုပြုသောအသင်း၊ နှံသာကုန်သည်အထည်ကုန်သည်စသူတို့၏အပေါင်း၊ (စောရိဝုဋ္ဌာပိကာသိက္ခာပုဒ်)

သရေ်ယျ- ၁။ ဒိဋ္ဌ-မြင်ခြင်း၊ ၂။ သုတ- ကြားခြင်း၊ ၃။ ပရိသင်္ကိတ- ယုံမှားခြင်း။

၆။ (က) နိဿဂ္ဂိယပါစိတ် ၊ ရူပိယသံဓေါဟာရသိက္ခာပုဒ်။

(ခ) သုဒ္ဓပါစိတ် ၊ တလသတ္တိကသိက္ခာပုဒ်။

(ဂ) ထုလ္လစ္စည်း၊ အဋ္ဌဝတ္ထုကသိက္ခာပုဒ်။

(ဃ) နိဿဂ္ဂိယပါစိတ်၊ ဂရုပါဝုရဏသိက္ခာပုဒ်။

(င) သုဒ္ဓပါစိတ်၊ ပါယန္တိသိက္ခာပုဒ်။

၅။ စိတ်အားဖြင့်ထင်း၊ ကိုယ်အားဖြင့်ထင်း မကွေမကွာယှဉ်သော အတူတကွဖြစ်သော ရဟန်းပေါင်းကို သမဂ္ဂသံဃာဟုခေါ်သည်။

စီဝရနိဿဂ်ခံနည်းများ

အပ်ချုပ်မှုပြုဆုံးခြင်း၊ ပျောက်ခြင်း၊ ပျက်ခြင်း၊ မိုးလောင်ခြင်း၊ သက်နှံ့ဥ ဖြစ်သော အာသာပြတ်စဲခြင်းတို့ဖြစ်သည်။

၈။ အနုပသမ္မန္နအရ- ရဟန်းမှတပါးသော အောက်ထစ်ဆုံးအားဖြင့် ပါရာဇိကဝတ္ထု ဖြစ်သော တိရစ္ဆာန်အထိုးကိုပင်သော်လည်း ယူရပါသည်။

ကာလနှင့် ဝိကာလထူးခြားပုံ

အရုဏ်တက်မှ မွန်းတည့်အထိသည် ကာလ၊ မွန်းတည့်လွန်ရာအခါမှ အရုဏ်တက် အထိသည် ဝိကာလ၊ ဤသို့ ထူးခြားသည်။

http://www.dhammadownload.com

၉။ ဆန္ဒသော နှင့် မေထုန်မှိုဝဲလိုသော ဆန္ဒကို ဆန္ဒသောဟု ခေါ်သည်။'
ဟတ္ထဝတၳုအရ — ပါရာဇိကဧတ်မဟုတ်သော အင်္ဂါတစ်ခုခုကို ကိုင်ခြင်းကို ယူ။

၁၀။ ကျိန်ဆဲပုံ — ရဟန်းမ မဟုတ်ဘဲရှိရဇရဲ့စသည်ဖြင့် ကျိန်ဆဲခြင်း၊
နတ္ထိ–ဟူသည် ခါးဝတ်သင်းပိုင်မဝတ်ဘဲသော်၎င်း၊ ကိုယ်ရုံသင်္ကန်းမပါသော်၎င်း
ရေရွှေးသူကို နတ္ထိ–ဟုခေါ်သည်။

၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(တရင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃–၄–၂၀၀၇)အင်္ဂါနေ့

၁။ သာသနာ့ဝန်ထမ်း ရဟန်းတော်များအချင်းချင်း အဓိကရုဏ်းမှုခင်းများပေါ်ပေါက်တတ်
ရာ ၎င်းတို့ကို ပယောဂ်ပြိုးအေးစေသော သမထ(၇)ပါး၏ ပါဠိကို အနက်ယောဇနာပါ။

၂။ ပါပသို့ ရဖတိ မနော–စိတ်သည် မကောင်းမှုသို့ ဖွဲ့လျော်၏ဟု ဆိုသောကြောင့် လမ်းဆုံး
တစ်ခုသို့ ယောက်ျားတစ်ယောက်နှင့် နှစ်ယောက်သား နီးနီးကပ်ကပ် စကားပြော၍
ပျော်မိသောရဟန်းမအား ဝိနည်းဥပဒေတော်ကြီးက ခွင့်မလွှတ်နိုင်သောသိက္ခာပုဒ်ကို
ပါဠိဖွင့်ရေးခဲ့ပါ။

၃။ ''ပါပသမာစာရ''ဟူသောစကား၏ အဓိပ္ပါယ်ကို ရှင်း၍၊ ၎င်းပါပသမာစာရကြောင့်
သင့်ရောက်နိုင်သော အာပတ်များကို အကြောင်းနှင့်တကွ ဖော်ပြပြီးလျှင်၊ သတ္တရဲသ
သီဃာဒိသေသာ ဓမ္မာ နဝ ပဌမာပတ္တိကာ အဋ္ဌ ယာဝတတိယကာ–၌ နဝ, အဋ္ဌ–အရ
တို့ကိုလည်း ကောက်ပြခဲ့ပါ။

၄။ ပိုးရေခံသင်္ကန်းကို ''ရှာနိုင်ချုပ်ဆိုးနိုင်''သော ခေတ်ကို ကျမ်းရင်းလာသည့်အတိုင်း
တင်ပြ၍၊ မှသာဒါသိက္ခာပုဒ်ကြောင့် သင့်ဖရုက်နိုင်သော အာပတ်တို့ကိုလည်း သိက္ခာ
ပုဒ်နှင့်တကွ ရှာဖွေဖော်ထုတ်ခဲ့ပါ။

http://www.dhammadownload.com

၅။ ပဋ္ဌာဟိကံ သဃ်ာဠိစာရံ-၌ 'သဃ်ာဠိ'-အရများကို ကောက်ပြ၍၊ 'စာရ'-ဏ်ဆိုလိုရင်း သဘောကိုလည်း ရေးခဲ့ပါ။

၆။ အောက်ပါတို့ကို သိက္ခာပုဒ်နှင့်တကွ ဝိနိစ္ဆယချမှတ်ခဲ့ပါ-
(က) လက်ဟန်ခြေဟန်ပြင့် တပည့်ရဟန်းကို ကျိန်းမောင်းသောရဟန်း၊
(ခ) ဒေါပြုငိမ်းပြီးသောအဓိကရဏ်းကို ပြန်လည်လှုပ်ဆော်သောရဟန်း၊
(ဂ) စားကြွင်းစားကျန်များကို စည်းမဲ့ကမ်းမဲ့ စွန့်ပစ်သောရဟန်းမ၊
(ဃ) သူတစ်ပါး စိတ်မချမ်းသာအောင် တံခါးကိုကျယ်လောင်စွာ ပိတ်သောရဟန်းမ၊
(င) ခေတ်နှင့်အညီ ယောကျ်ားများနှင့် ရင်ဘောင်တန်းလို၍ ဓာတ်အတတ်ကို သင်ပေးသော ရဟန်းမ။

၇။ ဒုတိယကထိန်(ဥဒေါသိတ)သိက္ခာပုဒ်သဖွယ်ဖြစ်သော သိက္ခာပုဒ်၏ အဂီါများကိုပြည့်စုံစွာ ရေး၍၊ ပဒသောဓမ္မသိက္ခာပုဒ်၏ ''ပဒ''သရုပ်ကို ထုတ်ပြပြီးလျှင်၊ 'ပဒ'-စသည်တို့၏မည်ပုံများကိုလည်း ရေးခဲ့ပါ။

၈။ ပထဝီ ခဏောယျ ဝါ ခဏာပေယျ ဝါ-၌ ဇာတပထဝီ, အဇာတပထဝီ နှစ်ပါးရှိရာတွင် ဇာတပထဝီ၏သရုပ်များကို ထုတ်ဖော်၍၊ ၎င်းတို့၏အရများကို ကောက်ပြီးလျှင်၊ သုပ္ပဋိဆ္ဆန္နဖြစ်အောင် မည်ကဲ့သို့ ဖုံးလွှမ်း၍ သွားရပါမည်နည်း? ဖြေဆိုပါ။

၉။ ဘိက္ခုနီများသည် အဘယ်ကြောင့် ပက္ခမာနတ်သာ ကျင့်ရပါသနည်း ရေး၍၊ (က) ဓမ္မိကစီဝရိဘင််၊ (ခ) သမဏစီဝရ၊ (ဂ) ဒုဗ္ဗလစီဝရပစ္စာသာယ-တို့၏ အဓိပ္ပါယ်ကိုလည်း ကဒီါအလိုက္ခ အသီးသီး ရေးခဲ့ပါ။

၁၀။ ဘိက္ခုနီပါတိမောက်လာ တိရစ္ဆာနဝိဇ္ဇာ-အတတ်များကို ကဒီါလာသည့်အတိုင်း ပြည့်စုံအောင်ရေးခဲ့ပါ။

http://www.dhammadownload.com

၃။ ကရင်ပြည်နယ်(အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (အနက်ထင်ရှားပြီ။)

၂။ (ဒုတိယိကဥယျောဇနသိက္ခာပုဒ်ကို ပါဠိရေးလေ)။

၃။ ပါဠိသမာစာရ

ဒကာ ဒကာမတို့အား ပေးကမ်းဘို့ရန် ရည်မှန်း၍ ပန်းပင်စိုက်ခြင်း ရေလောင်းခြင်း စသော ရဟန်းတို့နှင့်မလျော်သောအကျင့်များကို ပါဠိသမာစာရဟုခေါ်သည်။

သင့်ရောက်နိုင်သောအာပတ်နှင့် အကြောင်း

ထိုကဲ့သို့ ပန်းပင်စိုက်ခြင်းစသည်ပြုရာ၌ မကောင်းသောအမူအကျင့်ဖြစ်သောကြောင့် ဒုက္ကဋ်အာပတ်၊ ကိုယ်တိုင်မြေတူး၍စိုက်ခြင်းစသည်၌ မြေတူးမှုကြောင့် ပါစိတ်အာပတ် သင့်သည်။

နဝ–အရ

၁။ ဥဿယဝါဒိကာ၊ ၂။ စောရီဝုဋ္ဌာပိကာ၊
၃။ ဇကဝါမန္တရုဂမန၊ ၄။ ဥက္ခိတ္တာနုဝတ္တိကာ၊
၅။ ဘောဇနပဋိဂ္ဂဟဏာပဌမ၊ ၆။ဘောဇနပဋိဂ္ဂဟဏဒုတိယ၊
၇။ သဉ္စရိတ္တာ၊ ၈။ ဒုဋ္ဌဒေါသ၊ ၉။ အညဘာဂိယ။

အဋ္ဌအရ

၁။ သိက္ခံပစ္စက္ခာယဓမ္မဿသိက္ခာပုဒ်၊ ၂။ အဓိကရဏကုပိတာ၊
၃။ ပါပသမာစာရပထမ၊ ၄။ ပါပသမာစာရဒုတိယ၊
၅။ သံဃဘေဒကာ၊ ၆။ ဘေဒနဝတ္တကာ၊
၇။ ဒုဗ္ဗစ၊ ၈။ ကုလဒူသကသိက္ခာပုဒ်။

၄။ ရှာနိုင်သောဓေတ် –နယုန်လပြည့်နေ့မှ ဝါဆိုလပြည့်နေ့အထိ ၁–လ။
ချုပ်ဆိုးနိုင်သောဓေတ် – ဝါဆိုလဆန်း ၁–ရက်မှ ဝါဆိုလပြည့်အထိ ၁၅–ရက်။

http://www.dhammadownload.com

သင့်ရောက်နိုင်သောအာပတ်များ

၁။ စတုတ္ထပါရာဇိက သိက္ခာပုဒ်အရ ဥတ္တရိမနုဿဓမ္မကို လိမ်ပြောခြင်းကြောင့် ပါရာဇိက။
၂။ ဒုဋ္ဌဒေါသသိက္ခာပုဒ်အရ အမှုလက် ပါရာဇိကပြင့် စွပ်စွဲခြင်းကြောင့် သံဃာဒိသေသ်။
၃။ အမှုလကသိက္ခာပုဒ်အရ အမှုလကသံဃာဒိသေသ်ပြင့် စွပ်စွဲခြင်းကြောင့် ပါစိတ်။
၄။ မုသာဝါဒသိက္ခာပုဒ်အရ သမ္ပဇာနမုသာဝါဒကြောင့် ပါစိတ်အာပတ်။

သိက္ခာပုဒ်တိုက်ရိုက် မလာသော အပြစ်များ-

၁။ ဥတ္တရိမနုဿဓမ္မကို ပရိယာယ်အားဖြင့်ပြောရာ၌ အပြောခံရသူ သိလျှင် ထုလ္လစ္စည်း၊
၂။ ဥတ္တရိမနုဿဓမ္မကို ပရိယာယ်အားဖြင့်ပြောရာ၌ အပြောခံရသူ မသိလျှင် ဒုက္ကဋ်၊
၃။ အာစာရဝိပတ္တိဖြင့် စွပ်စွဲလျှင် ဒုက္ကဋ်။

၅။ သဃ်ာဒိ အရ-တိစီဝရိတ်, ရေသနုပ်, ရင်စီးတဘက်-တို့ဖြစ်သည်။

စာရ အရ

သက်နိုးများ၏ လှည့်လည်ခြင်းဟူသည် သက်နိုးတို့ကို တစ်နေရာတည်း၌ မတည်စေဘဲ အခြားနေရာသို့ လှည့်လည်သကဲ့သို့ ဖြစ်အောင် လဲလှည့်၍ဝတ်ခြင်း, နေလှန်းခြင်းပင်တည်။

၆။ (က) ပါစိတ်အာပတ်- တလသတ္တိကသိက္ခာပုဒ်။
(ခ) ပါစိတ်အာပတ် - ဥက္ကောဋနသိက္ခာပုဒ်။
(ဂ) ပါစိတ်အာပတ်- ပထမဥစ္စာရဆဋ္ဌနသိက္ခာပုဒ်၊ ဒုတိယဥစ္စာရဆဋ္ဌနသိက္ခာပုဒ်၊
(ဃ) ပါစိတ်အာပတ် - အဖာသုကရဟသိက္ခာပုဒ်။
(င) ပါစိတ်အာပတ် - တိရစ္ဆာနဝိဇ္ဇာဝိဇနသိက္ခာပုဒ်။

၇။ **အဂီ** -
၁။ တိစီဝရိတ်အဓိဋ္ဌာန်တင်အပ်သောသက်နိုးဖြစ်ခြင်း၊ ၂။ ကထိန်မခင်းခြင်း၊
၃။ အဝိပ္ပဝါသသမ္မုတိမရခြင်း၊ ၄။ ၆-ညဉ်ထက်ပို၍ ညဉ့်ကင်းခြင်းအားဖြင့် ၄-ပါး။
ပဒသရုပ်- ၁။ ပဒ၊ ၂။ အနုပဒ၊ ၃။ အနက္ခရ၊ ၄။ အနုဗျဉ္ဇန။

http://www.dhammadownload.com

အရှင်ဟိတလောကာဘိဝံသ (အင်းဖိန်)

ပဒစသညမည်ပုံ

၁။ ဂါထာ၏ ပထမပါဒသည် ပဒမည်၏။
၂။ ဒုတိယပါဒသည် အနုပဒမည်၏။
၃။ အက္ခရာတစ်လုံးသည် အန္တက္ခရမည်၏။
၄။ ရှေ့ဂါထာ၌ ရှိသော ဂိဘတ္တိနှင့်တူသောနောက်ဂါထာရှိဂိဘတ္တိနှုန်းသည် အနုဗျည္ဇန မည်၏။

၈။ ဇာတပထဝီသရုပ်

၁။ သုခုမပထဝီ၊ ၂။ မိဿကပထဝီ၊ ၃။ ပဋ္ဌပထဝီအားဖြင့် ၃-မျိုးရှိသည်။

၎င်းတို့၏အရများ

သုခုမပထဝီအရ - ပကတိမြေမှုန့်သက်သက်၊ မြေညက်သက်သက်ကိုယူ။
မိဿကပထဝီအရ-ကျောက်ခဲ ကျောက်စရစ်ခဲ အိုးခြမ်းကွဲ ကျောက်ပြုပ် သဲတို့တွင် တစ်မျိုးမျိုးသုံးပုံတစ်ပုံ ရောနေသော မြေမှုန့်မြေညက်ကိုယူ။
ပဋ္ဌပထဝီအရ-လေးလအထက်အလွန်မိုးစိုပြီးသော မြေမှုန့်အပုံ၊ မြေညက်အပုံကို ယူ။

သုပ္ပဋိဋ္ဌ နှုတ်ဖြစ်အောင် ဖုံးလွှမ်းနည်း-

အနားပတ်သီးကိုတင်၍ အလျားအနားပတ်စွန်းဖြင့် လည်ပင်းကိုဖုံးလွှမ်းပြီး အနား နှစ်ဖက်တို့ကို အညီအမျှပြုလိပ်ကာ လက်ကောက်ဝတ်တိုင်အောင် ဖုံးလွှမ်းခြင်းမျိုးကို သုပ္ပဋိဋ္ဌ နှုတ်ဖြစ်အောင် ဖုံးလွှမ်းသည်ဟု ခေါ်ပါသည်။

၉။ ဘိက္ခုနီများသည် အာပတ်ဖုံးလွှမ်းသော်လည်း ပရိဝါသ်နေစရာမလို၊ ဖုံးလွှမ်းခြင်း, ကြောင့်လည်း ဒုက္ကဋ်အာပတ်မသင့်၊ ထို့ကြောင့် ဖုံးလွှမ်းသည်ဖြစ်စေ မဖုံးလွှမ်းသည် ဖြစ်စေ ပက္ခ မာနတ်ကို ကျင့်ရပါသည်။

(က) ညီညွတ်သောသံဃာသည် စည်းဝေး၍ပြုအပ်သော သင်္ကန်းဝေဖန်မှုကို ဓမ္မိက စီဝရဝိဘင်္ဂ-ဟုခေါ်သည်။
(ခ) ကပ္ပဗိန္ဒုထိုးပြီးသော ဝတ်ရိုင်လောက်သော သင်္ကန်းကို သမ္မာစီဝရဟုခေါ်သည်။
(ဂ) စွမ်းနိုင်လျှင် လျှောပါမည်ဟူသောစကားမျှလောက်ကို ကြား၍ ဖြစ်စေအပ်သော အာသာကို ဒုဗ္ဗလစီဝရပစ္စာသာယ-ဟုခေါ်သည်။

http://www.dhammadownload.com

၁၀။ သာသနာပဋ္ဌာ ဖြစ်သောအကျိုးနှင့်မစပ်သော ဆင်အတတ်၊ မြင်းအတတ်၊ ရထားအတတ်၊ လေးအတတ်၊ ဓား ဆောက်ချွန်အတတ်၊ အာထဗ္ဗဏမန္တာန်အတတ်၊ ခိလနမန္တာန်အတတ်၊ သိသကရဏမန္တာန်အတတ်၊ သောသာပနမန္တာန်အတတ်၊ အဆိပ်ဆေးဖော်စပ်နည်းစသည်ပြားသောသူတစ်ပါးကိုညှင်းဆဲနှိပ်စက်မှုပြုကြောင်းဖြစ်သော အတတ်ကို တိရစ္ဆာနဝိဇ္ဇာဟုခေါ်သည်။

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂-ရက်(၃-၄-၂၀၀၆)အင်္ဂါနေ့။

၁။ ဘိက္ခုပါတိမောက် သံဃာဒိသေသကဏ္ဍ-လာ ဘေဒါနုဝတ္တကသိက္ခာပုဒ်၌ ဘေဒါနုဝတ္တက ရဟန်းယုတ်တို့ ပြောဆိုသောစကားရပ်တို့ကို ပါဠိသက်သက်မျှသာ ရေးသားဖြေဆိုပြပါ။

၂။ ဘိက္ခုနိပါတိမောက်လာ ပထမသံဃိကစေတာပနသိက္ခာပဒ ပါဠိတော်ကို မှန်ကန်စွာ အနက်ယောဇနာပြပါ။

၃။ ''ကိ သံဃသ ပုဗ္ဗကိစ္စံ''၌ ပုဗ္ဗကိစ္စအရုကို သိသာရုံမျှ ကောက်ပြပြီးလျှင်၊ အာပတ်ရှိသော် အာဘယ်သို့နေ၍ အာပတ်မရှိသော် အာဘယ်သို့နေရမည်ကို နိဒါနဒ္ဒေသနှင့်အညီ ဖြေဆိုပါ။

၄။ ရှေးဘုရင်များလက်ထက်က သူခိုးတစ်ယောက်ကို ဓိရာ၌ ဘယ်ပုံဘယ်နည်းပြု၍ ဝဲကြပါသနည်း? ကျမ်းရင်း အတိုင်းဖြေဆိုပြ၍၊ လူတစ်ဦးတစ်ယောက်ကို သေချင်စိတ်ပေါက်လာအောင် ပြောဆိုပုံပြစကားရပ်ကိုလည်း မြန်မာဘာသာသက်သက်ဖြင့်သာဖြေဆိုပြပါ။

၅။ ကျောင်းဆောက်မည့် ကျောင်းဒကာရှိသော ကျောင်းကြီးတစ်ဆောင်ကို ဆောက်လုပ်ဖို့ တာဝန်ကျသော ရဟန်းတော်တစ်ပါးအနေဖြင့် ပြုလုပ်သင့်ပြုလုပ်ထိုက်သော လုပ်ငန်း

http://www.dhammadownload.com

ရပ်ကို အတိအတ္ထ ပြေဆိုပြု၍ အဗ္ဘာန်သွင်းရာ၌ အောက်ထစ်ပိုင်းချုံး အယုတ်ဆုံးအားပြင့် အလိုရှိအပ်သော ရဟန်းတော်အရေအတွက်ကိုလည်း အတိအကျရေးသား ဖော်ပြခဲ့ပါ။

၆။ ဝိုးရေခံသက်နိုး၏ အလျားပမာဏကို (က) မြတ်စွာဘုရားရှင်၏ အထွာတော်အားပြင့် လည်းကောင်း၊ (ခ) မဇ္ဈိမပုရိသ၏ အထွာအားပြင့်လည်းကောင်း၊ (ဂ) ယခုလူတို့၏ အထွာအားပြင့်လည်းကောင်း တိကျမှန်ကန်စွာ ရေးသားပြပါ။

၇။ အဘယ်ပုဂ္ဂိုလ်မျိုးကို တိတ္ထိယပက္ကန္တက–ဟုခေါ်ဆိုသည်ကို ကခ်ီအဋ္ဌကထာနှင့်အညီ ပြေဆိုပြု၍ ပထမပါရာဇိကသိက္ခာပုဒ်အဖွင့်ကို သေချာစွာ ရှု၍ မ(ကွက်တို)သုံးမျိုးကိုလည်း ဖော်ထုတ်ရေးသားပြပါ။

၈။ အန္တိမသော တခ်ဏိကာယပိ–၌ ''တခ်ဏိကာ''–ဟုခေါ်ဆိုရခြင်းအကြောင်းကို မှန်ကန်စွာ ရေးသားဖော်ပြ၍ တေဟိ ဘိက္ခူဟိ ဝတ္ထုဒေသေတဗ္ဗံ အနာရဗ္ဘံ သပရိက္ကမန်–၌ (က)အနာရဗ္ဘ၊ (ခ) သပရိက္ကမန–မည်ခြင်းအကြောင်းရင်းတို့ကို ကခ်ီအဋ္ဌကထာဆရာ အလိုကျ ပြေဆိုပြပါ။

၉။ သက်နိုးသုံးထည်ပျော်ဆုံးရာ၌ တတ္တရိသိက္ခာပုဒ်လာ တတော စီဝရံ သာဒိတဗ္ဗံ–ဟူသော ဒေသနာတော်အရ သာယာသင့် သာယာထိုက်သော သက်နိုးအရေအတွက်ကို အတိအကျ ဖော်ပြ၍ ယင်းသက်နိုးတို့ကို အသုံးပြုပုံကိုလည်း မှန်ကန်စွာ ပြေဆိုပြပြီးလျှင် နောက်ဆက်တွဲ လုပ်ဆောင်ရဦးမည့် လုပ်ငန်းရပ်တစ်ခုကိုလည်း အတိအကျ ပြေဆိုပြပါ။

၁၀။ အကပ္ပိယကုဋိ–ဟူသည် အဘယ်ကျောင်းမျိုးကို ဆိုလိုပါသနည်း? သန္ဓိကာရကသိက္ခာ ပဒဘဏ္ဏနှင့် အညီ ပြေဆိုပြု၍ ရှင်တော်မြတ်ဘုရားသည် အဘယ်အကျိုးကို မျှော်ကိုး၍ ကပ္ပိယကုဋိ ၄–မျိုးကို ပညတ်တော်မူခဲ့ပါသနည်း? မှန်ကန်စွာ ရေးသားပြေဆိုပြခဲ့ပါ။

http://www.dhammadownload.com

၄။ ချင်းပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (မာယသွန္တော ဇတံ ဘိက္ခုံ _ ပ _ အမှာကမ္မေတံ ခမတိ_ပါဠိကိုရေးလေ။)

၂။ (အနက်ရေးလေ)။

၃။ ပုဗ္ဗကရဏာ ၄_ပါး၊ ပုဗ္ဗကိစ္စ ၅_ပါး ပေါင်း ၉_ပါး။

နေထိုင်ပုံ

အာပတ်ရှိသော် ထိုအာပတ်ကို ထင်စွာပြုရမည်၊ အာပတ်မရှိသော် ဆိတ်ဆိတ်နေရမည်။ မှတ်ချက်။ ။ ပုစ္ဆာ၌ အာပတ်ရှိသော်ဟု ၂_မျိုးလုံးဖြစ်နေသည်။

၄။ ခိုးသူကို ဖမ်းယူ၍ သတ်ပုတ်ညှင်းဆဲမှုလည်းညှင်းဆဲကုန်ရာ၏။ နှောင်ဖွဲ့မှုလည်း နှောင်ဖွဲ့ ကုန်ရာ၏။ တိုင်းပြည်မှမှုလည်း နှင်ထုတ်ကုန်ရာ၏။ သင်သည် ခိုးတတ်သူဖြစ်၏။ ဓိုက်သူ ဖြစ်၏။ တွေဝေသူဖြစ်၏။ ဝှက်တတ်သူဖြစ်၏။ ဤသို့အစရှိသော စကားတို့ဖြင့် ဆဲရေး မှုလည်း ဆဲရေးကုန်ရာ၏။

ပြောဆိုပုံကား

အိုယောကျ်ား သင့်အား ယုတ်မာစွာသော ဤမကောင်းသော အသက်ရှည်ရခြင်း ဖြင့် ဘာအကျိုးရှိအံ့နည်း၊ သင့်အား အသက်ရှင်ခြင်းထက် သေခြင်းသည် မြတ်၏။

၅။ ၁။ ကျောင်းရာကို ပြောဖို့ရာ ရဟန်းတို့ကို ပင့်ဆောင်ရမည်။

၂။ ထိုပင့်ဆောင်သောရဟန်းတို့က အနာရဏ သပရိက္ကမနဖြစ်သော ကျောင်းရာကို ပြောကြားရမည်၊

၃။ ထိုရဟန်းတို့က ပြောကြားပေးသော အနာရဏ သပရိက္ကမနဖြစ်သော ကျောင်းရာ၌ ကျောင်းဆောက်ရမည်။

အလိုရှိအစ်သော အရေတွက်_ နှစ်ကျိပ်။

http://www.dhammadownload.com

၆။ (က) ၆–ထွာ၊ (ခ) ၁၈–ထွာ၊ (ဂ) ၂၇–ထွာ။

၇။ ရဟန်းဖြစ်ပါလျက် တိတ္ထိအဖြစ်ကိုတောင့်တပြီး ကိုယ်တိုင်တိတ္ထိအသွင်ကို ယူသူသည် လည်းကောင်း၊ တိတ္ထိတို့အထံ၌ ရှင်ပြုသူသည်လည်းကောင်း၊ အဝတ်မဝတ်ဘဲ တက္ကတွန်းတို့ အထံသို့သွား၍ ထိုတက္ကတွန်း၏ အကျင့်ကို ယူသူသည်လည်းကောင်း တိတ္ထိယပက္ခန္တ မည်၏။

မ–သုံးမျိုး– လူမ၊ နတ်မ၊ တိရစ္ဆာန်မ။

၈။ **တစ်ဏိကာဒေါ်ဆိုရကြောင်း–**

တစ်ခဏ တစ်မုဟုတ်မျှ ပေါင်းဖော်အပ်သော မိန်းမဖြစ်ခြင်းကြောင့် တစ်ဏိကာဟု ဆိုသည်။

(က) ပိုးရွှအစရှိသော သတ္တဝါတို့၏ နေရာဖြစ်သော ၁၃–ပါးသော ဘေးရန်တို့မှလည်းကောင်း၊ ကောက်ၦမှိ ပဉ္စမိုကုန်သော ၁၆–ပါးဖသော ဘေးရန်တို့မှလည်းကောင်း ကင်းသောကြောင့် အနာရမ္ဘမည်သည်။

(ခ) နွားနှစ်ကောင်(သို့မဟုတ်) နွားလေးကောင်တို့ဖြင့် ကသော လှည်းဖြင့် လှည့်လည်လောက်သော ဥပစာရှိသော အရပ်ဖြစ်သောကြောင့် သပရိက္ကန မည်သည်။

၉။ သင်းပိုင်၊ ကိုယ်ရုံအားဖြင့် ၂–ထည်။

အသုံးပြုပုံ– တစ်ထည်ကို ဝတ်၊ တစ်ထည်ကို ရုံ၍သုံးဆောင်ရမည်။

နောက်ဆက်တွဲ လုပ်ငန်း– ကပ္ပဗိန္ဒုထိုးခြင်း (သို့မဟုတ်) အဓိဋ္ဌာန်/ဝိကပ္ပနာ ပြုခြင်း။

၁၀။ သံဃာ၏လည်းကောင်း၊ ရဟန်းဖြစ်သောပုဂ္ဂိုလ်၏လည်းကောင်း ဥစ္စာဖြစ်သော နေရာအလို့ငှါ ပြုအပ်သော ကျောင်းမျိုးကို အကပ္ပိယကုဋိဟု ဆိုလိုသည်။

အန္တောဝုဋ္ဌ အန္တောပက္ကတို့မှ လွတ်ခြင်းအကျိုးကို မျှော်ကိုး၍ ကပ္ပိယကုဋိလေးမျိုးကို ပညတ်တော်မူသည်။

http://www.dhammadownload.com

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၀)ရက်၊ (၂၅–၃–၂၀၀၇)တနင်္ဂနွေနေ့

၁။ အစေလကဝဂ်လာ စာရိတ္တသိက္ခာပုဒ်ကို ပူလပညတ်ပါဠိ, အနုပညတ်ပါဠိအားဖြင့် ခွဲခြားသတ်မှတ်ရေးသားပြ၍ ရတနဝဂ်လာ ညီတော်အရှင်အာနန္ဒာကို အကြောင်းပြု၍ ပညတ်ထားသော သိက္ခာပုဒ်ပါဠိတို့ကို ရေးသားခဲ့ပါ။

၂။ ခိုးသူမကို ရှင် ရဟန်းပြုမပေးရ–ဟု သတ်မှတ်ထားသော သိက္ခာပုဒ်နှင့် အာရာမဝဂ်လာ အဋ္ဌမသိက္ခာပုဒ်တို့ကို အနက်မှန်မှန် ယောဇနာပြပါ။

၃။ ရဟန်းတစ်ပါးအတွက် အောင်သွယ်ပြုလုပ်ခြင်း၏ အဓိကရည်ရွယ်ချက်ကို ရေးသားဖော်ပြ၍ ဆွေမျိုးမတော်သူ ဒါယကာထံ သက်နှံးတောင်းနိုင်သော အခါကာလနှင့် တောင်းခွင့်ရှိသော သက်နှံးပမာဏတို့ကို ရေးသားဖော်ပြပါ။

၄။ ကဏ္ဍကသိက္ခာပုဒ်လာ ''ဒဏ္ဍကမ္မနာ့သန''ပြ စကားရပ်ကို မြန်မာဘာသာဖြင့် ဖော်ပြ၍ ဘိက္ခုပါတိမောက် ပါစိတ္တိယကဏ္ဍလာ–အယံ တတ္ထ သမယော, အယံ တတ္ထ ဒုဘိဓိ–သန္ဒိပါသော သိက္ခာပုဒ်အရေအတွက် သရုံးတို့ကို အသီးသီးဖော်ပြပါ။

၅။ ဘိက္ခုနီမများတရားရင်ဆိုင်ခွင့် မရနိုင်သော ပုဂ္ဂိုလ်များကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် ရေးသားဖော်ပြ၍ ဘိက္ခုနီမများသည် ဆွမ်းဘဉ်းပေးနေသော ရဟန်းအား မည်သည့် အရာ ဝတ္ထုတို့ဖြင့် အနီးအပါး လုပ်ကျွေးခယခွင့် မရနိုင်ကြပါသနည်း? ဖြေဆိုခဲ့ပါ။

၆။ တုဝဋ္ဋဝဂ်လာ ကြိယာတူပညတ်ချက် သိက္ခာပုဒ်များကို တူညီသောသိက္ခာပုဒ်ချင်း တွဲစပ် ဖော်ပြ၍ ရဟန်းမဘဝ တက်လှမ်းလိုသော သိက္ခမာန်များအနေဖြင့် မည်သူတို့အထံဝယ် ခွင့်ပြုချက်ယူရမည်နည်း? ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ ဥတ္တိဇေါသ ၅-မျိုးကို သိသာရုံမျှဖော်ပြပြီး၊ လိင်ပြန်၍ ရဟန်းမ-ဖြစ်နေသော ဘိက္ခုနီမအား သင်္ကန်းဟောင်းကို ဖွပ်လျော်ခိုင်းလျှင် နိဿဂ္ဂိယပါစိတ်အာပတ် သင့်/မသင့် စိစစ်ပြ၍၊ တရွေ့ အညာတကော-၌ တ-သဗ္ဗနာမ်ပုဒ်အရကို တင်ပြပါ။

၈။ ကိုယ်တိုင်ပေးပြီးသော သင်္ကန်းကို ကျိစယ်လို၍ ပြန်လည်လုယူသော ရဟန်းအား အာပတ် သင့်/မသင့် ပါဠိသာဓကပြ၍ ဆုံးဖြတ်ပြီးလျှင်၊ အညတိဒကာ, ဝိဟေသကတို့သည် မည်သည့် အရာတို့၏ နာမည်များ ဖြစ်ကြပါသနည်း? ရေးသားဖော်

၉။ ဂဏဘောဇဉ်ကို ဖြစ်စေနိုင်သော အကြောင်းများနှင့် ဘောဇန-အရာတို့ကို ရေးသားတင်ပြ၍ ဂိလာနတို့သော်မှ လွတ်ကင်းခွင့်မရနိုင်သော သေခိယသိက္ခာပုဒ်တို့ကို အမည်မျှ ဖော်ပြပါ။

၁၀။ ဂရုပါဝုရဏ , လဟုပါဝုရဏာတို့ကို သုံးဆောင်ရန် သင့်လျော်သောကာလတို့ကို ဖော်ပြပြီး လျှင်၊ ရတ္တန္ဓကာရေ အပ္ပဒီပေ-၌ ဒီပ-အရုဏ်ဒ် သာမိကော အနာပုစ္ဆာ ပက္ကမေယျ-၌ သာမိက-အရတို့ကို ကခ်ီကျမ်းလာအတိုင်း ရေးသား ဖြေဆိုပါ။

၅။ စစ်ကိုင်းတိုင်း (အဖြေ)

ပထမကြိမ်းတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ **မူလပညတ်ပါဠိ-**

ယော ပန ဘိက္ခု နိမန္တိတော သဘတ္တော သမာနော ကုလေသု စာရိတ္တံ အာပဇ္ဇေယျ ပါစိတ္တိယံ။ (မူလပညတ်)

သန္တံ ဘိက္ခုံ အနာပုစ္ဆာ ပုရေဘတ္တံ ဝါ ပစ္ဆာဘတ္တံ ဝါ အညတြသမယာ (တတ္ထာယံ သမယော စိဝရဒါနသမယော၊ စိဝရကာရသမယော၊ အယံ တတ္ထ သမယော) (အနုပညတ် ၄-ချက်)

(အန္တေပုရ သိက္ခာပုဒ်ကို ပါဠိဖေးလေ။)

http://www.dhammadownload.com

၂။ (ဘိက္ခုနီ သံဃာဒိသေသ် စောရိဂုဏ္ဌာပိကာသိက္ခာပုဒ်နှင့် အာရောမဂဝ် ဩဇဝါဒသိက္ခာပုဒ်ကို အနက်ရေးလေ)

၃။ **အဓိကရည်ရွယ်ချက်**

၁။ မိန်းမအား ယောကျ်ား၏အလိုကို မယားဖြစ်စေလိုသောရည်ရွယ်ချက်။

၂။ ယောကျ်ားအား မိန်းမ၏အလိုကို လင်ဖြစ်စေလိုသောရည်ရွယ်ချက်။

ဆိုလိုရင်းမှာ –

ယောကျ်ား၏ဆန္ဒကို မိန်းမအားပြောလျှင် မယားဖြစ်စေလိုသော ရည်ရွယ်ချက်။ မိန်းမ၏ ဆန္ဒကို ယောကျ်ားအား ပြောလျှင် လင်ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြစ်သည်။

ကာလ

အဋ္ဌန္နစီဝရ – သက်နှံးလုယက်ခံရသောအခါ။

နဋ္ဌစီဝရ – သက်နှံးပျောက်ပျက်သောအခါ။

ပမာဏ– သင်းပိုင်နှင့်ကိုယ်ရုံနှစ်ထည်မျှ မိမိထံမှာ ရှိနေရုံသာ ဝတ်ခွင့်ရှိသည်။

၄။ ဇရှင် သာမဏေ ယနေ့ကိုအစပြု၍ သင်သည် ထိုဇရှိမြတ်စွာဘုရားကို ဆရာဟူ၍ မည္ဆန်ပြထိုက်၊ သည်သာမကသေး။ သင်မှတပါးကုန်သော သာမဏေတို့သည် ရဟန်းတို့နှင့် တကွ ၂-ညဉ့် ၃-ညဉ့်ပတ်လုံး အကြင်အတူအိပ်ခွင့်ကိုမူလည်း ရကြကုန်၏။ ထို အတူ အိပ်ခွင့်သည်လည်း သင့်အတွက်မှာ မရှိတော့ပြီ။ ပြင်ပလူစိမ်း ဟဲ လူပြိန်း သွားလော့ တော်ရာချောင်ကြားပျက်ပြားလေလော့-ဟု ဆိုထိုက်၏။

အယံ တတ္ထ သာမဏေရော – ၆-ပုဒ်။

အယံ တတ္ထ သာမီစိ– ၃-ပုဒ်။

၅။ **တရားရင်ဆိုင်ခွင့် မရသောပုဂ္ဂိုလ်များ**

ဂဟပတိ-သူကြွယ်၊ ဂဟပတိပုတ္တ- သူကြွယ်သား၊

ဒါသ – ကျွန်၊ ကမ္မကာရ – ကျွန်အမှုလုပ်။

လုပ်ကျွေးခွင့်- ပါနိယ – သောက်ရေ၊ ဝိဓူပန – ယပ်လေခတ်ခြင်း။

http://www.dhammadownload.com

၆။ တုဝဋ္ဋေယျံ – ကြိယာတူ ၂-ပုဒ်
ကောမဉ္ဇတုဝဋ္ဋနသိက္ခာပုဒ်၊ ဇကတ္ထရဏတုဝဋ္ဋနသိက္ခာပုဒ်။
စရေယျ – ကြိယာတူ ၃-ပုဒ်
အန္တောရဋ္ဌသိက္ခာပုဒ်၊ တိရောရဋ္ဌသိက္ခာပုဒ်၊ အန္တောဝဿသိက္ခာပုဒ်။
ခွင့်ပြုချက်ယူရမည့်ပုဂ္ဂိုလ်– မိဘနှင့် လင်တို့ဖြစ်သည်။

၇။ ၁။ ဝတ္ထု မသုံးသပ်ခြင်း၊ ၂။ သံဃာကို မသုံးသပ်ခြင်း၊ ၃။ ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း၊ ၄။ ဥတ်ကို မသုံးသပ်ခြင်း၊ ၅။ ကမ္မဝါစာနောက်မှ ဥတ်ကို ထားခြင်း။
ဘိက္ခုနီယာ အရ –
မည်သည့်နည်းနှင့် ဘိက္ခုနီမဖြစ်ဖြစ် ဘိက္ခုနီဖြစ်ခြင်းသည်သာလျှင် အဓိကအင်္ဂါဖြစ်သည်။ ထို့ကြောင့်လိင်ပြန်၍ ရဟန်းမဖြစ်နေသော ဘိက္ခုနီမအား သင်္ကန်းဟောင်းဖွတ်လျှော်ခိုင်းလျှင်လည်း နိဿဂ္ဂိ ပါစိတ်အာပတ်သင့်သည်။
တ–သဗ္ဗနာမ်ပုဒ် အရ– အစ္ဆိန္နစီဝရ, နဋ္ဌစီဝရ ရဟန်းကို ရပါသည်။

၈။ ကျိစယ်လို၍ ပြန်လည်လုပ်သောရဟန်းအား အာပတ်မသင့်။
ပါဠိသာဓက– ကုပိတော အနတ္တမနော။
အညဝါဒကဟ္ဘံသောအမည်သည် မေးအပ်သောအကြောင်းမှ တစ်ပါးသော အကြောင်းဖြင့် မိမိပြောအပ်သောအကြောင်းမှတပါးသော ဝိနည်းဝိုရ်ပြောအပ်သော အကြောင်းကို ဖုံးလွှမ်းခြင်း၏ အမည်ဖြစ်သည်။
ဝိဟေသကဟ္ဘံသောအမည်သည် မဖြေဘဲဆိတ်ဆိတ်နေခြင်း၏ အမည်ဖြစ်သည်။

၉။ ပဉ္စဖိတ်ခြင်း တောင်းခြင်းတို့သည် ဂဏဘောဇဉ်ကို ဖြစ်စေနိုင်သော အကြောင်းတို့ဖြစ်သည်။
ဘောဇနအရ – ထမင်းစသော ဘောဇဉ်ပဒါးမျိုးကို ယူပါ။
ဂိလာနမလွတ်သော သေခိယသိက္ခာပုဒ်
သြဒနပဋိစ္ဆာဒန၊ ဥဇ္ဈာနသညီ၊ သမတိတ္ထိကအားဖြင့် သိက္ခာပုဒ် ၃-ပုဒ်။

http://www.dhammadownload.com

၁၀။ ဂရုပါဝုရဏာ – အေးသောအခါ။
လတုပါဝုရဏာ– ပူအိုက်သောအခါ။
ဒီပအရ – လရောင်၊ နေရောင်၊ မီးရောင်တို့ဖြစ်သည်။
သာမိကအရ – သိနားလည်သော အိမ်ရှင်တစ်ယောက်ယောက်ကိုယူ။

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ တနင်္သာရီတိုင်း
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၆၈–ခုနှစ် နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်(၃–၄–၂၀၀၇)အင်္ဂါနေ့

၁။ အောက်ပါသိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးခဲ့ပါ–
(က) ရဟန်းအချင်းချင်း ခိုက်ရန်ဖြစ်ကြခြင်း၌ သူတစ်ပါးတို့၏သီတင်းစကားကို သွားရောက် ချောင်းနားထောင်သော ရဟန်း၏အပြစ်ပြ သိက္ခာပုဒ်၊
(ခ) စပါးစိမ်းကိုတောင်း၍ ထောင်းစားသော ရဟန်းမ၏အပြစ်ပြ သိက္ခာပုဒ်။

၂။ အခြားရဟန်းမနှင့် သက်နှံးချင်းလဲလှယ်ထားပြီးနောက် မိမိသက်နှံးကို လိုချင်၍ ပြန်လုယူသော ရဟန်းမအား သင့်ရောက်သောသိက္ခာပုဒ်ကို အနက်ပေးပါ။

၃။ သံဃာဒိသေသိနိုဂုံးလာ 'နဝ ပထမာပတ္တိကာ စတ္တာရော ယာဝတတိယကာ'၌ ''နဝ, စတ္တာရော'' သရုပ်တို့ကို ခွဲခြားထုတ်ပြ၍၊ ''ဥဇ္ဇာတံသို့ ကထိနေ''၌ ''ကထိန်နုတ်'' ဟူသောစကား၏ အဓိပ္ပါယ်ကိုလည်း ရေးသားပြပါ။

၄။ ဇီးဖွဲ့မပြည့်သေးဘဲ သပိတ်သစ်တောင်းသောရဟန်း၏ ကျင့်ဆောင်ရမည့်ကျင့်ဝတ်များကို ပါတိမောက်လာအတိုင်းရေး၍၊ ရဟန်းမအား ပါဠို,အဋ္ဌကထာပို့ချပေးသောရဟန်းအား အပြစ်ရှိ/မရှိ သိက္ခာပုဒ်အထောက်ပြ၍ အကြောင်းသွင်း ဆုံးဖြတ်ခဲ့ပါ။

၅။ သပ္ပါဏကသိက္ခာပုဒ် နှစ်ပုဒ်နှင့် ပရိပါစိတသိက္ခာပုဒ်တို့၌ပါသော ''ဇာနံ''သဒ္ဒါတို့၏ သိပုံ ထူးခြားချက်ကို ပြဆို၍၊ အောက်ပါရဟန်း/ရဟန်းမတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ယှဉ်တွဲဖော်ပြပါ–

http://www.dhammadownload.com

(က) ဟင်းပေသောလက်ပြင့် သောက်ရေခွက်ကို ကိုင်သောရဟန်း၊
(ခ) ဆန္ဒရာဂထံကြွလျက် ယောကျ်ားလက်မှ မုန့်လုစားသောရဟန်းမ။

၆။ ''သဃ်ာဋိစာရံ''၌ ''သဃ်ာဋိ''သရုပ်ကိုထုတ်ပြ၍ ရဟန်းမများ လွဲတတ်ကြမ်းပြုရမည့် တရားနှစ်မျိုးတို့နှင့် ဥပဇ္ဈာယ်ဆရာမ ပြုထိုက်သော ဂုဏ်အင်္ဂါတို့ကိုလည်းဖြေဆိုပါ။

၇။ ''သာဓုကံ သုဏောမ'' နှင့် ''မနသိ ကရောမ''တို့၏ အဓိပ္ပါယ်ကို ပေါ်လွင်အောင် ရေးသားပြ၍ ''ယထာ ပုရေ၊ တထာ ပစ္ဆာ''၌ '' ပုရေနှင့် ပစ္ဆာ''အရတို့ကို ဖော်ပြပြီး လျင်၊ ယင်းဝါကျ၏ဆိုလိုရင်းကိုလည်း ရှင်းလင်းပြပါ။

၈။ (က) ကုဋ္ဌသမယ၊ (ခ) ပိဋ္ဌသမယ–တို့၏ အဓိပ္ပါယ်ကို အချိန်ကာလနှင့်တကွဖြေဆို၍ မုသာဝါဒကြောင့်သင့်ရောက်နိုင်သော အပြစ်တို့ကို သိက္ခာပုဒ်နှင့်တကွ တွဲဖက်ပြပါ။

၉။ ဘိက္ခုနီတို့အား ဆုံးမနိုင်သော ရဟန်း၏အင်္ဂါရပ်တို့ကို ပြည့်စုံစွာဖေးပြ၍၊ ဒန္တဝေါန သိက္ခာပုဒ်၌ ''အညတြ ဥဒကဒန္တဝေါနာ''ဟူသော အနုပညတ်ကို အဘယ်အကျိုးငှာ ဘုရားရှင် ဟောတော်မူပါသနည်း? ဖြေဆိုပါ။

၁၀။ ဥဿယဝါဒိကာ သိက္ခာပုဒ်၌''ဂဟပတိနာ ဝါ''စသောပုဒ်တို့ပြင့် သိမ်းယူအပ်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြ၍၊ ဘိက္ခု ဝိကာလဘောဇနသိက္ခာပုဒ်, ဝိကာလေဂါမပ္ပဝေသန သိက္ခာပုဒ်တို့၌ပါသော 'ဝိကာလ'အရင့် ဘိက္ခုနီအနာပုစ္ဆာသန္ထရဏသိက္ခာပုဒ်၌ပါသော 'ဝိကာလ'အရတို့ကိုပိုင်းခြားပြခဲ့ပါ။

၆။ တနသ်ာရီတိုင်း (အဖြေ)
ပထမကြိတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) ဥပသုတိသိက္ခာပုဒ် ပါဠိရေးလေ။
(ခ) အာမကဓညသိက္ခာပုဒ် တို့ကို ပါဠိရေးလေ။

၂။ (နိဿဂ္ဂိ၊ စိဝရပရိဝတ္တနသိက္ခာပုဒ်ကို အနက်ရေးလေ)

http://www.dhammadownload.com

၃။ နဝ–သရုပ် –

သုက္ကဝိသဒ္ဒါ၊ ကာယသံသဂ္ဂ၊ ဒုဋ္ဌုလ္လဝါစာ၊ အတ္တကာမပါရိစရိယ၊ သဉ္စရိတ္တ၊ ကုဋိကာရ၊ ဝိဟာရကာရ၊ ဒုဋ္ဌဒေါသ၊ အညဘာဂိယသိက္ခာပုဒ်။

စတ္တာရောသရုပ်– သံဃဘေဒက၊ ဘေဒါနုဝတ္တက၊ ဒုဗ္ဘစ၊ ကုလဒူသကသိက္ခာပုဒ်။

ကထိန်နုတ်ခြင်းအဓိပ္ပါယ်

ကထိန်ခင်းထားသဖြင့် ရရှိနေသော အရှိန်အဝါ အကျိုးအာနိသင်များကို ရပ်သိမ်းလိုက်ခြင်း ဖြစ်သည်။

၄။ **လိုက်နာရမည့်စည်းကမ်း**– (ကယားပြည်နယ် နံပါတ် ၃–၇)

ယော ပန ဘိက္ခု အနုပသမ္မန္နံ ပဒသော ဓမ္မံ ဝါစေယျ ပါစိတ္တိယံ–ထောက်၍

အနုပသမ္မန္နပြစ်သော လူ, သာမဏေးကို ပို့ချမှ ပါစိတ်အာပတ် သင့်သည်၊ ရဟန်းမသည် ဥပသမ္ပန္နဖြစ်သောကြောင့် ပါဠိအဋ္ဌကထာပို့ချလျှင် အပြစ်မရှိ။

၅။ ဘူတဂါမဝဂ် သပ္ပါဏကသိက္ခာပုဒ်၌ ပါသော ဇာနံ–သည် ပိုးရှိသော ရေဟုမြင်၍ ကြား၍ သိခြင်း ဖြစ်သည်။

သပ္ပါဏကဝဂ် သပ္ပါဏကသိက္ခာပုဒ်၌ ပါသော ဇာနံသည် သောက်သဖြင့် သေလတ္တံ့ဟုသိခြင်း ဖြစ်သည်။

ပရိပါစိတသိက္ခာပုဒ်၌ ပါသော ဇာနံသည် ဘိက္ခုနီမ စိမ်အပ်သော ဆွမ်းဟုသိခြင်း ဖြစ်သည်။

(က) ဒုက္ကဋ်အာပတ်၊ သာဓိသသိက္ခာပုဒ်။

(ခ) သံဃာဒိသေသ်အာပတ်၊ ဘောဇနပဋိဂ္ဂဟဏ ပထမသိက္ခာပုဒ်။

၆။ (သဃ်ာဒိ သရုပ် ကရင် ၅–တွင်ရှု)

အင်္ဂါနှစ်မျိုး

၁။ ဥပေါသထပုစ္ဆ က– ဥပုသ်နေ့ကို မေးခြင်း၊

၂။ သြဝါဒူပသက်မန –သြဝါဒခံယူဖို့ရာ ချဉ်းကပ်ခြင်း။

ဂုဏ်အင်္ဂါ–၁။ ၁၂–ပါပြည့်ရခြင်း၊ ၂။ သံဃာ့သမ္မုတိရခြင်းအားဖြင့် ၂–ပါး။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၇။ သာခုကံ သုဏောမ– ဟူသည် လိုလိုချင်ချင်နာယူခြင်း သောတဒ္ဓါရဏ်အစွမ်းဖြင့် ကောင်းစွာ စိတ်အားလုံးဖြင့် ဆောင်ယူမှတ်သား၍ နာယူခြင်းကို ဆိုလိုသည်။

မနသိ. ကရောမ – ဟူသည် ဇောဂ္ဂတာကျ၍ သမာဓိရအောင် မနောဒ္ဓါရဖြင့် စိတ်ကို စူးစိုက်၍ နာယူခြင်းကိုဆိုလိုသည်။

ပုရေ–အရ ရဟန်းမဖြစ်မီ လူဖြစ်ရစဉ်အခါနှင့် သာမဏေဖြစ်စဉ်အခါကို ယူရပါသည်။

ပစ္ဆာအရ ပါရာဇိကကျူးရာအခါကို ယူရပါသည်။

ဆိုလိုရင်း

ရှေးလူဖြစ်စဉ် သာမဏေဖြစ်စဉ်အခါက ရဟန်းတို့နှင့် ဇောကမ္မ ဇောဒ္ဒေသ သမသိက္ခာဟူသော သံဝါသ(ပေါင်းသင်းခွင့်) မရသကဲ့သို့ ထိုအတူ ပါရာဇိက ကျူးနောက် ၌လည်း ရဟန်းတို့နှင့် ဇောကမ္မ ဇောဒ္ဒေသ သမသိက္ခာဟူသော သံဝါသ(ပေါင်းသင်းခွင့်) မရတော့ပါ။

၈။ (က) ဝမ်းမိုက်နှင့်တူသောအတွင်းဘက်သည် ကူစွိသမယ၊ နယုန်လပြည့်ကျော် ၁–ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်အထိ ၅–လ။

(ခ) ကျောဘက်နှင့်တူသော အပြင်ဘက်သည် ပိဋ္ဌသမယ၊ တန်ဆောင်မုန်းလပြည့် ကျော် ၁–ရက်နေ့မှစ၍ နယုန်လပြည့်အထိ ၇–လ။

မုဿာဒါနကြောင့် သင့်ရောက်သော အပြစ်– (ကရင် နံပါတ် ၄–၍)

၉။ ၁။ ပါတိမောက္ခသံဝရသီလရှိခြင်း၊

၂။ ပိဋကဇဟုသုတရှိခြင်း၊

၃။ ဃါတိမောက်နှစ်စောင်ကို နှုတ်တက်အာဝုံရခြင်း၊

၄။ ကောင်းသော စကားလုံးနှင့် ကောင်းသောအသံရှိခြင်း၊

၅။ ဘိက္ခုနိသံဃာအများ၏ အကြည်ညိုခံရခြင်း၊

၆။ ဘိက္ခုနီတို့ကို တရားဟောနိုင်စွမ်းခြင်း၊

၇။ ရှေးလူဘဝတုန်းက ဒါကျွန်တို့၌ ကာယသံသဂ္ဂ၊ သိက္ခာမာန် သာမဏေတို့၌ မေထုန်မှုကို မပြုဘူးခြင်း၊

၈။ ဇ၊ ၂၀–ရရှိခြင်း တို့ဖြစ်ပါသည်။

http://www.dhammadownload.com

အနုပညတ်တော်တော်မူရကျိုး–

ရေနှင့်ဒန်ပူသည် အာဟာရမဟုတ်သော်လည်း ရေ၌ အာဟာရဟူသော အမှတ်သညာဖြင့်လည်းကောင်း ဒန်ပူ၌ ဤဒန်ပူကို ခံတွင်းပေါက်သို့ ဆောင်အပ်၏ ဟူသော အမှတ်သညာဖြင့်လည်းကောင်း အာဟာရဟူမှတ်ထင်ပြီး ကုက္ကုစ္စဖြစ်ကုန်သော ရဟန်းတို့၏ ကုက္ကုစ္စကို ပယ်ဖျောက်ခြင်းအကျိုးငှာ အညတြ ဥဒကဒန္တပေါဏာ– ဟုခြွင်းချက်ထား၍ ပညတ်တော်မူပါသည်။

၁၀။ သီတင်းသုံးဖော် ၅–ဦးမှတပါး ကြွင်းသော အိမ်၌ တည်သူလူဝတ်ကြောင် ရသေ့ ပရိဗိုဇ် တို့ကို ယူ။

ဝိကာလ ၃–မျိုး–

ဝိကာလဘောဇနသိက္ခာပုဒ်၌ ဝိကာလအရ မွန်းတည့်လွန်ရာအခါမှ အရုဏ်တက် သည် တိုင်အောင်ယူ။

ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်လာ ဝိကာလအရ မွန်းတည့်လွန်ရာအခါမှစ၍ အရုဏ် တက်အတွင်းကိုယူ။

ဘိက္ခုနီအနာပုစ္ဆာပက္ကမနသိက္ခာပုဒ်၌ ဝိကာလအရ နေဝင်သည်မှ အရုဏ် တက်သည် တိုင်အောင်ယူ။

ရ။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ ဝဲခူးတိုင်း (အနောက်ပိုင်း)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၆၈–ခုနှစ် နှောင်းတန်ခူးလဆန်း(၈)ရက်(၂၅–၃–၂၀၀၇)တနင်္ဂနွေနေ့

၁။ အောက်ပါတို့ကို ပါဠိသက်သက်ရေးပါ–

(က) ဘိက္ခုပါတိမောက်ဝယ် သုံးယိကကျောင်းနှင့်ပတ်သက်၍ ပညတ်ထားသောသိက္ခာ ပုဒ်တို့တွင် နောက်ဆုံးသိက္ခာပုဒ်၊

(ခ) ဘိက္ခုနီပါတိမောက်ဝယ် ဥတုနီးသက်နှံ၊ ရင်ဖွင်းသက်နှံးနှင့်ပတ်သက်၍ ပညတ် ထားသောသိက္ခာပုဒ်များ။

http://www.dhammadownload.com

၂။ အောက်ပါတို့ကို အနက်ရေးပါ-

(က) ဘိက္ခုပါတိမောက်ဝယ် ဇာနံသဒ္ဒါအစဉ်မပျက်ပါသော သိက္ခာ ပုဒ်တို့တွင် နောက်ဆုံး သိက္ခာပုဒ်၊

(ခ) ဘိက္ခုနီမများ လခွဲတိုင်း ဆောင်ရွက်ရမည့် ကျင့်ဝတ်ပြ သိက္ခာပုဒ်။

၃။ သံဃဘေဒကသိက္ခာပုဒ်လာ သံဃာညီညွတ်ခြင်းအကျိုးနှင့် သံဃာဒိသေသ်အာပတ် ကုစားပုံ အစီအစဉ်ကို မြန်မာလိုရေးပါ။

၄။ ဘိက္ခုနီသင်္ကပ်ပါစိတ်လာ သတ္တာဟကာလိကစာရင်းဝင် ပစ္စည်းများကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပြီး၊ ဘိက္ခုသုဒ္ဓပါစိတ်လာ ဘိက္ခုနှင့်အတူ တစ်ယျိုးတစ်ရံတည်း၌ လုံးဝအိပ်ခွင့်မရသောပုဂ္ဂိုလ်၊ နှစ်ညဉ့် သုံးညဉ့်အိပ်ခွင့်ရသောပုဂ္ဂိုလ်များကိုလည်း သိက္ခာပုဒ်ထောက်၍ ဖြေပါ။

၅။ ဘိက္ခုနီပါတိမောက် ရတ္တာန္ဓကာရဝဂ်၌ ဘိက္ခုနီမများ၏ ယောကျ်ားများနှင့် တစ်ယောက်ချင်းချင်း မနေထိုင်သင့်သော အရပ်များကို သိက္ခာပုဒ်ထောက်၍ ဖြေပါ။

၆။ ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံပေးချင်သော ဘိက္ခုနီမ၏ ပြည့်စုံ၍မည့် အရည်အချင်းများကို သိက္ခာပုဒ်ထောက် ဖြေဆိုပြီး၊ အပြစ်ကင်းသော သိက္ခမာန်အမျိုးသမီးသည် ဘိက္ခုနီမလုပ်ချင်ခဲ့သော် အဘယ်သူတို့၏ ခွင့်ပြုချက်ကို ယူရမည်ကိုလည်း သိက္ခာပုဒ်ထောက်၍ ဖြေခဲ့ပါ။

၇။ အနုလောမပါရာဇိက(၄)ပါးကို ဖော်ပြ၍ ပါရာဇိကော-ပုဒ်၌ သာသနာတော်မှ ဆုံးရှုံးခြင်း သို့ရောက်ပုံကို ဥပမာနှင့်တကွရေးပါ။

၈။ ယာဝတိဟံ ဇာနံ ပဋိစ္ဆာဒေတိ-၌ ပဋိစ္ဆာဒနလက္ခဏာ(၁၀)ပါးကို ရေတွက်ပြပါ။

၉။ ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်၌ ဘိက္ခုသဿရ၊ ဒုဋ္ဌုလ္လအရတို့ကိုဖော်ပြ၍၊ အာရောစေယျ၌ အဘယ်သို့ပြောမှ အာပတ်သင့်သည်ကိုလည်း ပြည့်စုံစွာဖော်ပြပါ။

http://www.dhammadownload.com

၁၀။ ဘိဂ္ဂနိမ္မ၏ ခန္ဓာကိုယ်ကို ကိုင်တွယ်သုံးသပ်ရာတွင် ပါရာဇိကဓေတ်၊ အပါရာဇိကဓေတ် အားလျော်စွာ သုံးသပ်ခြင်းများကို ခွဲခြားဖြေဆိုပါ။

၇။ ပဲခူးတိုင်း (အနောက်) (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) ဝေဟာသကဋ္ဌသိက္ခာပုဒ်နှင့်၊
(ခ) အာဝသထစီဝရ၊ အသံကစ္စိကသိက္ခာပုဒ်တို့ကို ပါဠိရေးလေ)။

၂။ (က) ထေယျသတ္ထသိက္ခာပုဒ်နှင့်၊
(ခ) ဩဝါဒူပသက်မနာသိက္ခာပုဒ်တို့ကို အနက်ရေးလေ)။

၃။ ၁။ လွန်စွာဝမ်းမြောက်ရခြင်း၊
၂။ ဆန့်ကျင်ဘက် မပြောဆိုရခြင်း၊
၃။ တစ်ခုတည်းသော ပါတိမောက်ပြရခြင်း၊
၄။ ချမ်းသာစွာနေရခြင်း အားဖြင့် ၄-ပါး။

ကုစားပုံ-
၁။ ပုံးလွှမ်းသမျှရက်တို့ပတ်လုံး ပရိဝါသဆောက်တည်ရခြင်း။
၂။ ပရိဝါသဆောက်တည်ပြီးက ရဟန်းတို့မြတ်နိုးခြင်းကဲ့သာ မာနတ်ကျင့်ရခြင်း။
၃။ မာနတ်ကျင့်ပြီးက အနည်းဆုံး သံဃာနှစ်ကျိပ်ဖြင့် သိမ်၌ အဘ္ဘာန်သွင်းရခြင်း တို့ဖြစ်သည်။

၄။ ၁။ ထောပတ်၊ ၂။ ဆီဥ၊ ၃။ ဆီ၊ ၄။ ပျားရည်၊ ၅။ တင်လဲ။
(ဘေသဇ္ဇသိက္ခာပုဒ်)
လုံးဝအိပ်ခွင့်မရသောပုဂ္ဂိုလ် _ မာတုဂါမ (ဒုတိယသဟသေယျသိက္ခာပုဒ်)
၂-ည၌ ၃-ည၌အိပ်ခွင့်ရသောပုဂ္ဂိုလ်_ လူ, သာမဏေ, တိရစ္ဆာန်၊
(ပထမသဟသေယျ သိက္ခာပုဒ်)။

http://www.dhammadownload.com

၅။ ၁။ အလင်းအရှေ့ဝင် မရှိသောနေရာ၊ (ရတ္တာန္ဓကာရသိက္ခာပုဒ်)
၂။ နံရံစသည်ပြင့် ပိုးကွယ်အပ်သော အရပ်၊ (ပဋိစ္ဆန္နောကာသ)
၃။ လွင်တီးခေါင်အရပ်၊ (အဇ္ဈောကာသသလ္လပန)
၄။ ရထားသွားလောက် ထုတ်ချင်းပေါက်သောလမ်း၊ ထုတ်ချင်းမပေါက်သော လမ်း၊ လမ်းဆုံလမ်းခွ။ (ဒုတိယိကာဉယျောဇန)

၆။ **အရည်အချင်းများ**—

၁။ ၁၂–ဝါပြည့်ရခြင်း (ဥနဒွါဒသဝဿသိက္ခာပုဒ်)
၂။ သံဃသမ္မုတိရခြင်း (ပရိပုဏ္ဏဒွါသဝဿသိက္ခာပုဒ်)

ခွင့်ပြုချက်ယူရမည့်ပုဂ္ဂိုလ်များ—

၁။ မိဘ၊ ၂။ လင်ယောကျ်ား၊

ယာ ပန ဘိက္ခုနီ မာတာပိတူဟိ ဝါ သာမိကေန ဝါ အနနုညာတံ သိက္ခမာနံ ဥဒ္ဒါဓေယျ။ ပါစိတ္တိယံ။ (အနနုညာတသိက္ခာပုဒ်)

၇။ **အနုလောမပါရာဇိက ၄–ပါး**

၁။ လမ္မိပုဂ္ဂိုလ်၊ ၂။ မုခုပိဋ္ဌိကပုဂ္ဂိုလ်၊
၃။ သူတပါးအဂါဇာတ်ပေါ်တွင်ဖိထိုင်သူ၊ ၄။ သူတစ်ပါးအဂါဇာတ်ကို စုပ်သူ။

ဆုံးရှုံးပုံ—

ရှေးလူဖြစ်စဉ် သာမဏေဖြစ်စဉ်အခါက ရဟန်းတို့နှင့် ဇကကမ္မ ဇကုဒ္ဒေသ သမသိက္ခာဟူသော သံဃိသကိုမရသကဲ့သို့ ပါရာဇိကကျပြီးနောက်၌လည်း ထို့အတူ ရဟန်းတို့နှင့် ဇကကမ္မ ဇကုဒ္ဒေသ သမသိက္ခာဟူသော သံဃိသမရဇော့ဘဲ သာသနာတော်မှ ဆုံးရှုံးရတော့သည်။

၈။ **ပဋိစ္ဆဒနလက္ခဏာ**

၁။ အာပတ်သင့်ခြင်း၊ ၂။ အာပတ်သင့်၏ဟုအမှတ်ရှိခြင်း၊
၃။ ပကတတ်ရဟန်းဖြစ်ခြင်း၊ ၄။ ပကတတ်ရဟန်းဟုအမှတ်ရှိခြင်း၊

http://www.dhammadownload.com

၅။ အန္တရာယ်မရှိခြင်း၊ ၆။ အန္တရာယ်မရှိဟုအမှတ်ရှိခြင်း၊
၇။ ဒေသနာကြားခြင်းငှာစွမ်းနိုင်ခြင်း၊ ၈။ စွမ်းနိုင်၏ဟုအမှတ်ရှိခြင်း၊
၉။ ပုံးထားလိုခြင်း။ ၁၀။ ပုံးထားခြင်း။

၉။ ဘိက္ခုဩဿ-အရ ပါရာဇိကမကျသော ရဟန်းကို ယူ။'
ဒုဋ္ဌုဿ- အရ သံဃာဒိသေသ်အာပတ်ကိုယူ။
ပြောဆိုပုံ-
ဤသူသည် သုတ်ကို လွှတ်ဧ၍ သံဃာဒိသေသ်သို့ ရောက်သူတည်း ဤသို့အစရှိသောနည်းဖြင့် ဝတ္ထုနှင့်တကွ အာပတ်ကို ဆက်စပ်ဧ၍ ပြောကြားမှ အာပတ်သင့်သည်။

၁၀။ ပါရာဇိကဧေတ်ဖြစ်သည့် ညှပ်ရိုးနှစ်ဖက်အောက် ပုဆစ်နှုးဝန်းနှစ်ဖက် အထက်၌ သုံးသပ်ခြင်းများ-
၁။ ထိရာအရပ်ကို မလွန်မူ၍ သုံးသပ်ခြင်း၊ ၂။ ထိုမှဤမှ ရွေ့ရှား၍သုံးသပ်ခြင်း၊
၃။ ကိုင်ခြင်း၊ ၄။ မနှိပ်မူ၍ တို့ခြင်း၊ ၅။ ကိုယ်အင်္ဂါကို ကိုင်၍နှိပ်ခြင်း။
အပါရာဇိကဧေတ်ဖြစ်သည့် ညှပ်ရိုးနှစ်ဖက်အထက် ပုဆစ်နှုးဝန်းနှစ်ဖက် အောက်၌ သုံးသပ်ခြင်းများ-
၁။ လက်စသည်ကို ကိုင်သည်ကို သာယာခြင်း။
မှတ်ချက်။ ။သုံးသပ်ခြင်းများကို ခွဲခြားဖြေဆိုပါဟူသော ပုစ္ဆာအရ ဖြေထားခြင်းဖြစ်သည်။

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အရှေ့)
ပထမကြိုးတန်း ။ ။ ဒွေဖာတိကာဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းဝါဆိုလဆန်း(၈)ရက်၊ (၂၅-၃-၂၀၀၇)တနင်္ဂနွေနေ့

၁။ တောကျောင်းနေ ရဟန်းတော်များလိုက်နာရန် ပညတ်တော်မူထားသော သိက္ခာပုဒ်ကို ပါဠိဖြင့်ရေးပါ။

http://www.dhammadownload.com

၂။ ဝိနည်းစည်းကမ်းမလိုက်နာဘဲ စားကြွေးစားကျန်စသည်တို့ကို နံရံ တံတိုင်းတစ်ဘက်၌ စွန့်ပစ်သော ရဟန်းမအား အပြစ်သင့်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးပါ။

၃။ ဖိဖိ၌ အမှန်တကယ်ထင်ရှား မရရှိသော ဈာန်မဂ်ဖိုလ်တရားများကို ပြောဆိုပြီးနောက် ဖိဖိ အပြစ်ကိုဝန်ခံလျှင် အပြစ်လွတ်/မလွတ် ဝိနည်းပါဠိထောက်ဆုံးဖြတ်၍၊ သံဃာဒိသေသ် အာပတ်သင့်မှန်းသိလျှင် အပြစ်မှ လွတ်ကင်းအောင် ပြုကျင့်ရမည့် လမ်းစဉ်ကို ကျမ်းရင်းလာ အတိုင်း ဖြေဆိုပါ။

၄။ ပစ်မထားကောင်းသော သံဃိကပစ္စည်းများနှင့်၊ မြတ်ဗုဒ္ဓ၏ ရောဂါကင်းဝေးကြောင်း ဆေးဝွမ်းကောင်းတို့ကို ပါဠိ+မြန်မာတွဲစပ်ပြ၍ ဘိက္ခုနီမများ ဂိလာနဖြစ်မှ တောင်းစား ကောင်းသော ပစ္စည်းများကို ဖော်ပြပါ။

၅။ ဖော်ပြပါ ရဟန်း ရဟန်းမတို့အား သင့်ရောက်သောအာပတ်များကို သိက္ခာပုဒ်ပြ၍ ဖြေဆိုပါ။

(က) သိမ်ဆင်းဆွမ်းကြီးလောင်းပွဲစသည်၌ ဒါယိကာမတို့ ဖြန့်ခင်းထားသောဆံပင်များကို ကာယသံသဂ္ဂရာဂဖြင့် သာယာ၍ နင်းလျှောက်သောရဟန်း၊

(ခ) သင်သည် ရဟန်းမဟုတ် ပဏ္ဏုတ်ဟုစွပ်စွဲသော ရဟန်း၊

(ဂ) ကရဝိတ်နန်းတော်ဆောင်သို့ သွားရောက်ကြည့်ရှုသော ရဟန်းမ၊

(ဃ) ပေါင်အရင်း၌ ပေါက်နေသော အနာကို ရဟန်းမချင်း အသိမပေးဘဲ ဆရာဝန်နှင့် တစ်ယောချင်း ခွဲစိပ်ကုသသော ရဟန်းမ၊

(င) အိပ်ယာတစ်ခုတည်း၌ နှစ်ယောက်အတူ ယှဉ်တွဲအိပ်သော ရဟန်းမ။

၆။ ဘိက္ခုနီ သုဒ္ဓပါစိတ်လာ ဝဂ်အစဉ်အမည်တို့ကို ဖြေဆိုပြီးလျှင်၊ သေခိယသိက္ခာပုဒ်တို့တွင် ဘောဇဉ်နှင့်စပ်၍ ပညတ်တော်မူသော သိက္ခာပုဒ်များနှင့်၊ တရာဟောခြင်းနှင့်စပ်၍ပညတ်တော်မူသော သိက္ခာပုဒ်တို့၏ အရေအတွက်ကို သရုပ်ပြဖော်ပြပါ။

http://www.dhammadownload.com

၇။ ဝိနည်းဒေသနာတော်လာ ဥပုသ်၊ ပဝါရဏာနေ့များကို ပကတိ–စာရိတ္တခွဲခြားဖြေဆိုချ၍၊ သုံးပါးပြုသော ပါရိသုဒ္ဓိဥပုသ်နှင့် ခုစပါးပြုသော ပါရိသုဒ္ဓိဥပုသ်တို့၏ ခြားနားချက်ကိုလည်း ဖြေဆိုပါ။

၈။ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ စောဒနာလေးမျိုးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍၊ ကပ္ပိယကာသက်နှံမလျှောခဲ့နေသည်ကို အလျှူရှင်ထံ ပြောကြားမှုမပြုလျှင် သင့်သောအာပတ်ကို အကြောင်းပြ ဖြေဆိုပါ။

၉။ ဝိကပ္ပနာသိက္ခာပုဒ်အရ သက်နှံဝိကပ္ပနာပြုပုံ ပစ္စုဒ္ဓိရ်ပြုပုံတို့ကို သိသာရုံရေးပြ၍၊ ဆန္ဒမပေးဘဲ နေရာမှ ထွက်ခွါသွားသောရဟန်းအား အာပတ်သင့်ပုံတို့ကို ဖြေဆိုပါ။

၁၀။ အဘိက္ခုကအာဒါသ–အဓိပ္ပါယ်ကို ရေး၍၊ ဘိက္ခုနီသုဒ္ဓပါစိတ်သိက္ခာပုဒ်(၁၆၆)ပုဒ်တို့ကို သာဓာရဏာ/ အသာဓာရဏာ သချ်ာမျှ ဖြေဆိုပါ။

၈။ ပဲခူးတိုင်း/အရွှေ့ (အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (သာသက်သိက္ခာပုဒ်ကို ပါဠိရေးလေ)။

၂။ (ပဌမဥစ္စာရဆဋ္ဌနသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ အပြစ်မှမလွတ်ပါ။

ပါဠိထောက်။ ။အာပန္နော ဝိသုဒ္ဓိပေက္ခော ဇဝံ ဝဒေယျ၊ အဇာနမေဝံ အာဝုသော အဝစံ ဇာနာမိ၊ အပသဿံ ပသာမိ၊ တုဏ္ဍီမုသာဝိလပိန္တိ အညတြ အဓိမာနာ၊ အယမ္ပိ ပါရာဇိကော ဖောတိ အသံဝါသော။

ပြုကျင့်ရမည့် လမ်းစဉ်– (ပဲခူး အနောက် နံပါတ် ၃–၍)

http://www.dhammadownload.com

၄။ **ပစ်မထားကောင်းသော သံဃိကပစ္စည်းများ-**

၁။ မဉ္ဇ-ညောင်စောင်း၊ ၂။ ဝိဌ-အင်းပျဉ်၊ ၃။ ဘိသိ-ဘုံလှိုး၊
၄။ ကောစ္ဆ-ခတ်အခင်း၊ ၅။ သေယျ-အိပ်ရာနေရာအခင်းတို့ဖြစ်သည်။

ဆေးဝွမ်းကောင်းများ-

၁။ သပ္ပိ- ထောပတ်၊ ၂။ နဝနီတ-ဆီဦး၊ ၃။ တေလ-ဆီ၊
၄။ မဓု- ပျား၊ ၅။ ဖာဏိတ- တင်လဲ တို့ဖြစ်သည်။

တောင်းစားကောင်းသော ပစ္စည်းများ

သပ္ပိ၊ တေလ၊ မဓု၊ ဖာဏိတ၊ မစ္ဆ၊ မံသ၊ ခီရ၊ ဒဓိ။

၅။ (က) သံဃာဒိသေသ်အာပတ်- ကာယသံသဂ္ဂသိက္ခာပုဒ်။
(ခ) သံဃာဒိသေသ်အာပတ်- ဒုဋ္ဌဒေါသသိက္ခာပုဒ်။
(ဂ) ပါစိတ်အာပတ်- ရာဇာဂါရသိက္ခာပုဒ်။
(ဃ) ပါစိတ်အာပတ်- ပသာခေဇာတသိက္ခာပုဒ်။
(င) ပါစိတ်အာပတ်- ဇောမဉ္စတုဝဋ္ဋနသိက္ခာပုဒ်။

၆။ ၁။လသုဏာဝဂ်၊ ၂။ ရတ္တန္ဓကာရဝဂ်၊ ၃။ နဂ္ဂဝဂ်၊ ၄။ တုဝဋ္ဋဝဂ်၊
၅။ စိတ္တာဂါရဝဂ်၊ ၆။ အာရာမဝဂ်၊ ၇။ ဂဇ္ဈနီဝဂ်၊ ၈။ ကုမာရိဘူတဝဂ်၊
၉။ ဆတ္တုပါဟနဝဂ်၊၁၀။ မုသာဝါဒဝဂ်၊ ၁၁။ ဘူတဂါမဝဂ်၊ ၁၂။ဘောဇနဝဂ်၊
၁၃။ စာရိတ္တဝဂ်၊ ၁၄။ ဇောတိဝဂ်၊ ၁၅။ ဒိဋ္ဌိဝဂ်၊ ၁၆။ ဓမ္မိကဝဂ်။
ဘောဇဉ်နှင့်စပ်သောသိက္ခာပုဒ်- ၃၀-ပုဒ်၊
တရားတောခြင်းနှင့်စပ်သောသိက္ခာပုဒ်- ၁၆-ပုဒ်၊
တစ်နည်း- ၁၉-ပုဒ်။

၇။ **ပဂ္ဂ ဘိစာရိတ္တဥပုသ်**

တစ်နှစ်အတွင်း ၁၂-လတို့၏ လပြည့် ၁၂-ရက်နှင့် ရက်စုံလကွယ် ၆-ရက်၊
စုစုပေါင်း ပန္နရသိဥပုသ် ၁၈-ရက်၊
ရက်မစုံ၆-လ၏ လကွယ် ၆-ရက်သည် စာတုဒ္ဒသိဥပုသ် ၆-ရက်။

http://www.dhammadownload.com

ပကတိစာရိတ္တပဝါရဏာ

ပုရိမဝါကပ်ပြီးသောရဟန်းများအတွက် သီတင်းကျွတ်လပြည့်၊ သီတင်းကျွတ်လကွယ်၊ တန်ဆောင်မုန်းလပြည့် ၃-ရက်။

ပစ္ဆိမဝါကပ်သောရဟန်းများအတွက် တန်ဆောင်မုန်းလပြည့်နေ့ ၁-ရက်။

မှတ်ချက်။ ။ ပုဗ္ဗာဒ္ဒ် ပကတိစာရိတ္တ ခွဲခြား၍ ဟုမေးထားသည်။ ပကတိနှင့်စာရိတ္တ အတူတူပင် ဖြစ်သည်။ သို့မဟုတ် ပကတိစာရိတ္တဖြစ်သောဥပုသ်နှင့် ပဝါရဏာကို ခွဲခြားခိုင်းဟန်တူသည်။ ဤအတိုင်းဖြေထားသည်။

ပါရိသုဒ္ဓိဥပုသ်ခြားနားချက်

သုံးပါးပြုသော ပါရိသုဒ္ဓိဥပုသ်သည် ဥတ်ထား၍ ပြုရသည်။

နှစ်ပါးပြုသောပါရိသုဒ္ဓိဥပုသ်သည် ဥတ်မထားဘဲပြုရသည်။ ဤသို့ခြားနားသည်။

၈။ ၁။ သင်သည် မေထုန်အကျင့်ကို မှီဝဲ၏-စသော နည်းဖြင့် အာပတ်သင့်ခြင်း၏အကြောင်း ဝတ္ထုကို ပြ၍ စောဒနာခြင်းသည် ဝတ္ထုသန္နဿနာစောဒနာမည်၏။

၂။ သင်သည် မေထုနဝမ္မအာပတ်သို့ရောက်၏-စသော နည်းဖြင့် အာပတ်ကို ပြ၍ စေ်ာဒနာခြင်းသည် အာပတ္တိသန္နဿနာစောဒနာမည်၏။

၃။ သင်နှင့်အတူ ဥပုသ် ပဝါရဏာသံဃကံမရှိ-ဟူ၍ သံဃါသကိုပယ်ပြီး စောဒနာခြင်းသည် သံဃါသပဋိက္ခေပစောဒနာမည်၏။

၄။ ရိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေပြုခြင်း ယပ်ခပ်ပေးခြင်းစသည် တို့ကို မပြုသောအားဖြင့် စောဒနာခြင်းသည် သာမီစိပဋိက္ခေပစောဒနာမည်၏။

သင့်သောအာပတ်- ဝတ္တရားပျက်ကွက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်ပါသည်။

၉။ ဝိကပ္ပနာပြုပုံ= ဣမံ စီဝရံ တုယ္ဟံ ဝိကပ္ပေမိ။

ပစ္စုဒ္ဓိရိပြုပုံ = မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ။

အာပတ်သင့်ပုံ

အာပတ်တပ်၍ မဆုံးဖြတ်ရသေးမှီ ဥတ်ထားပြီးကမ္မဝါစာမပြီးသေးမှီအတွင်း၌ ကံကိုပျက်ပြားစေလိုသောကြောင့် ပရိသတ်၏ ဟတ္ထပါသ်ကို စွန့်ပျင်စွန့်ခြင်း ဒုက္ကဋ်၊ စွန့်ပြီးသောအခါ ပါစိတ်။

http://www.dhammadownload.com

၁၀။ ယူဇနာဝက်အတွင်း၌ ဩဇါဒေးတာဇ်သောရဟန်းတို့မရှိသော ဘိက္ခုနိမကျောင်းသည်းလည်းကောင်း၊ လမ်းခရီးသည် ဘေးဖကင်းဘဲ ဘေးရန်ကင်းရှင်းစွာ သွားခြင်းငှာ မတတ်နိုင်သော ဘိက္ခုနိမကျောင်းသည်လည်းကောင်း အဘိက္ခုကအာဇိသမည်သည်။

သာဓာရဏ+အသာဓာရဏာသိက္ခာပုဒ်–

သာဓာရဏာသိက္ခာပုဒ် – ၎ဝ–ပုဒ်၊

အသာဓာရဏာသိက္ခာပုဒ်– ၉၆–ပုဒ်။

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
ပထမကြိမ်းတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၈)ရက်၊ (၂၅–၃–၂၀၀၇)တနင်္လာနေ့

၁။ ဖော်ပြပါ ရဟန်း/ရဟန်းမတို့အား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်တို့ကို ပို့ဆိုရေးပါ–

(က) သိုးမွေးအခင်းသစ် ပြုလုပ်ရာ၌ သတ်မှတ်ချက်နှင့်အညီ မပြုလုပ်သောရဟန်း၊

(ခ) စပါးစိမ်းကို တောင်း၍ စားဖေသာရဟန်းမ။

၂။ ဓမ္မဝိနယနှင့်အညီ နှင်ထုတ်ခံရသော ရဟန်း၏အယူကို အတုလိုက်၍ယူသော ရဟန်းမအား အခြားရဟန်းမတို့က ပြောဆိုပုံပြပါဠိကို ရွေးထုတ်၍ အနက်ပေးခဲ့ပါ။

၃။ ပါရာဇိကလေးပါးတို့တွင် ဒုတိယ တတိယပါရာဇိကတို့ကို ပရိယာယ်အားဖြင့် ကျူးလွန်ပါက အာပတ်သင့်၊ /မသင့် ခိုင်လုံသောအထောက်အထားပြ၍ ဆုံးဖြတ်ပြီးလျှင်၊ ကုဋိကာရ သိက္ခာပုဒ်လာ ကျောင်းဆောက်သင့်သောနေရာတို့ကိုပို့ဆို+မြန်မာနှစ်ဘာသာဖြင့် ဖော်ပြခဲ့ပါ။

၄။ ရာဇသိက္ခာပုဒ်၌ သုံးကြိမ်တောင်းခြင်း ဆြောက်ကြိမ်ရပ်ခြင်းဖြင့် သက်နှံးကိစ္စမပြီးသော် ဆက်လက်ဆောင်ရွက်ရ ညွှန် ဝတ္တရားများကို ဖော်ပြပြီးလျှင်၊ မိုးရေခံသက်နှံးနှင့် ပတ်သက်၍ သိထားသင့်သော ကုစ္ဆိသမယ ပိဋ္ဌသမယတို့ကိုလည်း ခွဲခြားပြခဲ့ပါ။

http://www.dhammadownload.com

၅။ ဥပဇ္ဈာယ်ဘိက္ခုနှိမ်သည် အတူနေတပည့်မတို့အပေါ်၌ ပြုကျင့်ရမည့် ဝတ္တရားများကို သိက္ခာပုဒ်အမည်နှင့်တကွ အသီးသီးဖော်ပြခဲ့ပါ။

၆။ ဖော်ပြပါ ရဟန်း ရဟန်းမတို့အား သင့်ရောက်သောအပြစ်တို့ကို သိက္ခာပုဒ်နှင့် ယှဉ်တွဲပြပါ။

(က) အမျိုးသမီး၏ ဆံထုံးကို ကိုင်သောရဟန်း၊
(ခ) အညာတိကာဘိက္ခုနီမ်ကို သင်္ကန်းဆိုးခိုင်းသောရဟန်း၊
(ဂ) မြစ်တစ်ဖက်သို့ တစ်ပါးတည်းသွားသောရဟန်းမ၊
(ဃ) ပရိဗိုဇ်မအား မိမိလက်ဖြင့် မုန့်ပေးသော ရဟန်းမ၊
(င) အမျိုးမတော်သူထံ ဆီအလှူခံ၍ စားသောရဟန်းမ။

၇။ ပုရာဏစီဝရသိက္ခာပုဒ်လာ ပုရာဏစီဝရ, နိသီဒနသိက္ခာပုဒ်လာ ပုရာဏသန္ထတတို့၏ အဓိပ္ပါယ်ကို ကခ်ီဆရာအလိုက္ခ ရေးပြခဲ့ပါ။

၈။ စောရိဝုဋ္ဌာပန, ဂါမန္တရဂမန, ဥက္ခိတ္တဿာသနရောသိက္ခာပုဒ်တို့၌လာသော ဂရောတို့၏ အထူး ကို ရေး၍ ဘိက္ခုနီမ်ကို ဆဲရေးသောရဟန်းအား သြမသဘဒသိက္ခာပုဒ်အရ မည်သည့် အာပတ်သင့်သည်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ချက်ချပြပါ။

၉။ ဂရောဘောဇနသိက္ခာပုဒ်၌ ဂရောဘောဇဉ်စားရာအခါတို့တွင် စီဝရဒါနသမယနှင့် အဒ္ဓါန ဂမန သမယတို့အရ ယူသင့်သောအခါတို့ကို ကခ်ီနှင့်အညီ ဖော်ပြ၍၊ ယင်းသိက္ခာပုဒ်၏ အင်္ဂါတို့ကို လည်း ရေတွက်ပြခဲ့ပါ။

၁၀။ ဒန္တပေါနသိက္ခာပုဒ်လာ အဒိန္နံ-၏အဓိပ္ပါယ်ကို ကခ်ီအဖွင့်နှင့်အညီ ဖော်ပြ၍၊ အကပ်ပျက်ကြောင်း အင်္ဂါ ၆-ပါးတို့ကိုလည်း ရေတွက်ပြခဲ့ပါ။

(http://www.dhammadownload.com)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၉။ မကွေးတိုင်း (အငြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) ဒွေဘာဂသိက္ခာပုဒ်နှင့်
(ခ) အာမကဓညသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ ဇော ဧ၏ အဃေါ့ ဘိက္ခုသမဂ္ဂေန –ပ – မာယေါ့ ဇတံ ဘိက္ခုံ အနုဝတ္တိ–ကို အနက်ရေးလေ။

၃။ ဒုတိယပါရာဇိကကို ပရိယာယ်အားဖြင့် ကျူးလွန်ပါက အာပတ်မသင့်။
အထောက်– အာဒိယေ့။
တတိယပါရာဇိကကို ပရိယာယ်အားဖြင့် ကျူးလွန်ပါက အာပတ်သင့်၏။
အထောက်– သံဝဏ္ဏေယျ။

ကျောင်းဆောက်သင့်သောနေရာ

၁။ အနာရမ္ဘ–ပိုးရွဲခြပုန်းကောက်ပဲသီးနှံ အစရှိသော ဘေးရန်မရှိသော နေရာ။
၂။ သပရိက္ကမန– နှစ်ကောင်ကလှည်း လေးကောင်ကလှည်းတို့ဖြင့် လှည့်ပတ် လောက်ရာဥပစာရှိသော နေရာ။

၄။ ဒါယကာတို့–'သင်တို့သည် အကြင်ရဟန်းကို ရည်စူး၍ သက်နှံပိုးကို ပို့လိုက်ကြကုန်ပြီ၊ ထိုသက်နှံပိုးသည် ထိုရဟန်း၏တစ်စုံတစ်ခုသောကိစ္စကို မပြီးစေ၊ ဒါယကာတို့သည် ဝိဇ္ဇာစွာကို ပြန်ရဖို့ရန် အားထုတ်ကြကုန်လော့၊ သင်တို့ဥစ္စာသည် သူများလက်ဝှမ်းမျောက် ပျက်စေလင့် ဤသို့ ဖြောင့်ရာ ကိုယ်တိုင်သော်လည်း သွားရမည်၊ သူတစ်ပါးကိုသော်လည်း စေလွှတ်ရမည်။

ရှာမှီးရန်အတွက်

နယုန်လပြည့်ကျော် ၁–ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ ၅–လသည် ကစ္ဆိယသမယ၊

http://www.dhammadownload.com

တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ နယုန်လပြည့်နေ့အထိ ရ-လသည် ပိဋ္ဌသမယ။

ချုပ်ဆိုးဝတ်ရုံရန်အတွက်

ဝါဆိုလဆန်း ၁-ရက်မှစ၍ တန်ဆောင်မုန်းပြည့်နေ့အထိ ၄-လခွဲသည် ကစ္ဆိသမယ၊ တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ နယုန်လကွယ် နေ့အထိ ရ-လခွဲသည် ပိဋ္ဌသမယ။

၅။ ပဌမသဟဇိဝိနိသိက္ခာပုဒ်အရ _ ၂-နှစ်ပတ်လုံး ပါဠိသဝဏ်ခြင်းစသည်ဖြင့် ကိုယ်တိုင် ချီးမြှောက်ရခြင်း၊ သူတပါးကို ချီးမြှောက်စေရခြင်း။

ဒုတိယသဟဇိဝိနိသိက္ခာပုဒ်အရ _ အောက်ထစ်ဆုံးအားဖြင့် ၅-ယူဇနာ ၆-ယူဇနာ အရပ်တိုင်အောင် ကိုယ်တိုင်ခေါ်သွားရခြင်း သူတပါးကို ခေါ်သွားစေရခြင်း။

၆။ (က) သံဃာဒိသေသ်အာပတ်၊ ကာယသံသဂ္ဂသိက္ခာပုဒ်။
(ခ) နိဿဂ္ဂိယပါစိတ်၊ ပုရာဏစီဝရသိက္ခာပုဒ်။
(ဂ) သံဃာဒိသေသ်အာပတ်၊ ဇကဂါမန္တရဂမန သိက္ခာပုဒ်။
(ဃ) ပါစိတ်အာပတ်၊ ဘောဇနဒါနသိက္ခာပုဒ်။
(င) ပါဠိဒေသနီအာပတ်၊ တေ့လဝိညာပနသိက္ခာပုဒ်။

၇။ ဆိုးပြီး, ကပ္ပဗိန္ဒုထိုးပြီး၍ တစ်ကြိမ်မျှ ဝတ်ရုံဘူးသောသက်နှံးသည်လည်းကောင်း၊ အောက်ထစ် ဆုံးအားဖြင့် သုံးစွဲသည်အနေဖြင့် ပခုံး ဦးခေါင်းထပ်၌ တင်သွားဘူးသော သက်နှံးသည်လည်းကောင်း၊ ခေါင်းအုံးပြုလုပ်၍ အိပ်ဘူးသောသက်နှံးသည်လည်း ကောင်း **ပုရာဏစီဝရမည်ပါသည်**။
တစ်ကြိမ်အိပ်ဘူး နေဘူးသောအခင်းသည် ပုရာဏသန္ထတမည်သည်။

၈။ စောရိဝုဋ္ဌာပနသိက္ခာပုဒ်၌ ဂဏ-အရ မလ္လဂဏ ပဋိပုတ္တဂဏ။
ဂါမန္တရဂမန သိက္ခာပုဒ် ဂဏ-အရ တစ်ပါးတည်းပင်ဖြစ်ဇကဂါမု အဖော်ဖြစ်သော ရဟန်းမ။

http://www.dhammadownload.com

ဥက္ခိတ္တာသြသာရဏာသိက္ခာပုဒ်၌ ဂဏာ–အရ ကာရကသံဃာ။
ဘိက္ခုနီသည် အနုပသမ္ပန္နစာရင်း၌ ပါဝင်သောကြောင့် ဒုက္ကဋ်အာပတ်သင့်သည်။

၉။ **စီဝရဒါနသမယ–** ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁–ရက်နေ့မှ တပေါင်းလပြည့်တိုင်အောင် ၅–လ။

ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁–ရက်နေ့မှ တန်ဆောင်မုန်းလပြည့်တိုင်အောင် ၁–လ။

အဒါနဂမနသမယ– အနည်းဆုံးယူဇနာဝက်ခရီးကို သွားလိုသောအခါ။ သွားဆဲအခါ။ သွားပြီးအခါ။

အင်္ဂါ–

၁။ ဂဏာဘောဇဉ်ဖြစ်ခြင်း။ ၂။ အခါမဟုတ်ခြင်း။ ၃။ စားခြင်းအားဖြင့် ၃–ပါးဖြစ်သည်။

၁၀။ ကာယ ကာယပဋိဗဒ္ဓတစ်မျိုးမျိုးဖြင့်အကပ်ခံသော ရဟန်း၏ ဟတ္ထပါသ်၌ တည်၍ ကာယ ကာယပဋိဗဒ္ဓ နိဿဂ္ဂိယတစ်မျိုးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် မပေးအပ် မကပ်အပ် အကပ်မခံအပ်သော အာဟာရကို အဒိန္နဟုခေါ်သည်။

အကပ်ပျက်ကြောင်းအင်္ဂါ

၁။ အာလယပြတ် စွန့်လိုက်ခြင်း။ ၂။ သိက္ခာချခြင်း။
၃။ သူတပါးအား ပေးလိုက်ခြင်း။ ၄။ လူစသူတို့ လုယူခြင်း။
၅။ သေခြင်း။ ၆။ လိင်ပြန်ခြင်း။

ဆောင်။ *စွန့်, ချ, ပေး, လု, မရှိ, လိင်ပြန်, ကျ်ကြောက်တန်, ကပ်ခံပျက်ကြောင်းတည်း။*

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမကြိုးတန်း ။ ။ ဒွေဖာတိကာ ဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၈)ရက်၊ (၂၅–၃–၂၀၀၇)တနင်္လာနေ့

၁။ ဆရာ,ဒကာ ပေါင်းသင်းဆက်ဆံခြင်းကဲ့သို့မဟုတ်ဘဲ လူအချင်းချင်း ပေါင်းသင်းဆက်ဆံခြင်းကဲ့သို့ ဒကာ, ဒကာမများနှင့် ပေါင်းသင်းဆက်ဆံသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြ ဝိနယသိက္ခာပုဒ်ကို ပါဠိသက်သက် ရေးခဲ့ပါ။

http://www.dhammadownload.com

၂။ ရဟန်းမနှင့်အတူ တိုင်ပင်၍ တစ်လေ့တည်းစိုး, တစ်ခရိုးတည်းသွားသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြု ဝိနယသိက္ခာပုဒ်ကို အနက်ရေးခဲ့ပါ။

၃။ အကာလစီဝရသိက္ခာပုဒ်လာ ''အကာလသင်္ကန်း'' ဟူသည် ယခုခေတ် သုံးစွဲလျက်ရှိသော သင်္ကန်းမျိုး ဟုတ်/မဟုတ် စိစစ်ပြေဆို၍၊ သင်္ကန်းဆိုင်မှ သပိတ်ကို မိမိသင်္ကန်းနှင့် လဲလှယ်သော ရဟန်းအား မည်သည့်သိက္ခာပုဒ်အရ မည်သည့်အာပတ်သင့်ပါသနည်း ဖြေဆိုခဲ့ပါ။

၄။ ရဟန်းတော်များသည် အမျိုးသမီးယောဂိများအား သုတ္တန်ပါဠိတော်တရား ဟောကြားလို ပါက အာပတ်မသင့်အောင် မည်သို့ စီစဉ်ဆောင်ရွက်၍ ဟောကြားသင့်ကြောင်းကို ပြဆိုပြီးလျှင်၊ ယော ပန ဘိက္ခု ဇာနံ တထာနာသိတံ–၌ တထာနာသိတံ–အရ ဖျက်ဆီးပုံကို မြန်မာဘာသာဖြင့် ပြည့်စုံစွာ ရေးသားခဲ့ပါ။

၅။ ဘိက္ခုနီသံဃာဒိသေသ်လာ ရဟန်းယောကျ်ားနှင့်မဆက်ဆံသော ''အသာဓာရဏ သိက္ခာပုဒ်'' အမည်များကို ဖော်ပြ၍၊ ဘိက္ခုနီမများ ဆောင်းရာသီ, နွေရာသီတို့၌ အလျှံခံနိုင်ခွင့်ရှိသော ခြုံထည်တို့၏ တန်ဘိုးတို့ကို အသီးသီး ပိုင်းခြားသတ်မှတ်ပြပါ။

၆။ ဘိက္ခု, ဘိက္ခုနီပါတိမောက်လာ ပတ္တသိက္ခာပုဒ်နှင့် ပတ္တသန္နိစယသိက္ခာပုဒ်တို့၏ အထူးကို ရေးသားဖြေဆို၍၊ ဝိနည်းဓမ္မကံဖြင့် သံဃာ့ဘောင်မှ နှင်ထုတ်ထားသော ဘိက္ခုနီမကို သံဃာ့ဘောင်သို့ ပြန်လည်သွင်းလိုပါက အာပတ်မသင့်အောင် မည်သို့ပြုလုပ်ရမည်ကို လည်း ဖြေဆိုခဲ့ပါ။

၇။ လမ်းနိမိတ်ဖြင့် သိမ်သုတ်ရာ၌ နိမိတ်လောက်သောလမ်းကို ဖော်ပြ၍၊ ရေသိမ် ပြုလုပ်သင့်သော မြစ်နှင့် ရေသိမ်အပိုင်းအခြား သတ်မှတ်ပုံတို့ကို ကခ်ီအဖွင့်နှင့်အညီ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၈။ ကျောင်းတိုက်အတွင်း၌ လျှုပ်ရှားနေသော သံဃိကသက်နှံးနှင့် ကျောင်းတိုက်ပြင်ပ၌လျှုပ်ရှားနေသော သံဃိကသက်နှံးတို့ကို မည်သို့ခွဲခဲ့ဝေရမည်နည်း? ဖြေဆို၍၊ ဝဿံ ဥဒ္ဒသံဃာအား ရည်မှန်း၍လျှုပ်ရှားနေသောသက်နှံးကို အလျှုခံထိုက်သော ရဟန်းတော်များကိုလည်း ဖော်ပြခဲ့ပါ။

၉။ ကြည်ညိုဖွယ်ရာ အသွင်အပြင် အမူအရာနှင့် ပြည့်စုံစေရန် သက်နှံးဝတ်ဆင်ပုံကို ပေါ်လွင်အောင် ရေးသားဖြေဆို၍၊ အာပတ်သင့်ရောက်စေနိုင်သော ဆင်နှာမောင်းကဲ့သို့ ဝတ်ဆင်ပုံ , ဒူးကြင်းမြီးကဲ့သို့ဝတ်ဆင်ပုံတို့ကိုလည်း ကခဏီအဖွင့်နှင့်အညီ ရေးသားဖြေဆိုခဲ့ပါ။

၁၀။ စောရိဝုဋ္ဌာပိကာသိက္ခာပုဒ်လာ "ခိုးသူမ" ဟု သတ်မှတ်ထိုက်သူကို ဖြေဆို၍၊ ၎င်းခိုးသူမကို ဥပဇ္ဈာယ်ပြုလုပ်၍ ရဟန်းခံပေးသော ရဟန်းမအား အာပတ်အဆင့်ဆင့် သင့်ရောက်ပုံ ကိုလည်း ကခဏီအဖွင့်နှင့်အညီ ဖြေဆိုခဲ့ပါ။

၁၈။ မန္တလေးတိုင်း (အဖြေ)
ပထမကြိမ်းတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဘိက္ခုနီ ဘုဝဋ္ဌဝဂ် သံသဋ္ဌသိက္ခာပုဒ်ကို ပါဠိဖြင့်ရေးလေ။)

၂။ (နာဓိဘိရဟနသိက္ခာပုဒ်ကို အနက်ရေးလေ)။

၃။ သက်နှံးကာလမှတပါးသော အကာလ၌ လျှုအပ်သောသက်နှံးသည်လည်းကောင်း၊ သက်နှံး ကာလ၌ပြစ်စေကာမူ ဤသက်နှံးသည် အကာလသက်နှံးပါတည်း-ဟုဆို၍သိဃာအားလည်းကောင်း၊ ပုဂ္ဂိုလ်အားလည်းကောင်း၊ လျှုအပ်သောသက်နှံးသည်လည်းကောင်း၊ အကာလမည်သောကြောင့် ယခုခေတ်သုံးစွဲလျက်ရှိသောသက်နှံးမျိုးသည် ဖော်ပြပါ အကာလလက္ခဏာနှင့် ညီလျှင် ဟုတ်ပါသည်၊ မညီလျှင် မဟုတ်ပါ။ ကယဝိက္ကယသိက္ခာပုဒ်အရ နိဿဂ္ဂိယပါစိတ်အာပတ်သင့်ပါသည်။

http://www.dhammadownload.com

၇။ ရုပ်တန်းတော်များသည် အမျိုးသမီးယောဂီများအား သုတ္တန်တရားဟောလိုပါက မာတုဂါမတစ်ယောက်အား ရပ်လျှက် ၆-ခွန်းဟောပြီးနောက် ထိုင်လျှက် ၆-ခွန်း (သို့မဟုတ်) ပထမတစ်ထိုင် ၆-ခွန်းဟောပြီးနောက် တစ်ခါထပြီး ဒုတိယတစ်ထိုင် ၆-ခွန်းဟော၊ ဤသို့ ကွာရိယာပုထ်ပြောင်း၍ ဟောနိုင်၏။ မာတုဂါမအများနေရာ၌ တစ်ယောက်လျှင် ၆-ခွန်းကျ မှန်း၍ဖြစ်စေ(၆-ခွန်းစီဟောမည်ဟုပြော၍ဖြစ်စေ) ဟောနိုင်၏။

ဗျက်ဆိုးပုံ - (စစ်ကိုင်း နံပါတ် ၄-တွင်ရှု။)

၈။ ၁။ ဥဿယဝါဒိကာသိက္ခာပုဒ်၊ ၂။ စောရိဝုဋ္ဌာပိကာသိက္ခာပုဒ်၊
၃။ ကောဂါမန္တရဂမနသိက္ခာပုဒ်၊ ၄။ ဥက္ခိတ္တကဩသာရကာသိက္ခာပုဒ်၊
၅။ ဘောဇနပဋိဂ္ဂဟကာပထမသိက္ခာပုဒ်၊ ၆။ ဘောဇနပဋိဂ္ဂဟကာဒုတိယသိက္ခာပုဒ်၊
၇။ သိက္ခံပစ္စာစိက္ခကာသိက္ခာပုဒ်၊ ၈။ အဓိကရဏကုပိတသိက္ခာပုဒ်၊
၉။ ပါပသမာစာရပထမသိက္ခာပုဒ်၊ ၁၀။ ပါပသမာစာရဒုတိယသိက္ခာပုဒ်အားဖြင့် ၁၀-ပုဒ်ဖြစ်သည်။

ဆောင်းရာသီလျှုနိုင်ခွင့်ရှိသော ခြုံထည်တန်ဖိုး - ၄-ကံသ ၁၆-အသပြာ၊
နွေရာသီ လျှုနိုင်ခွင့်ရှိသော ခြုံထည်တန်ဖိုး - ၂-ကံသခွဲ ၁၀-အသပြာ။

၆။ ဘိက္ခုပါတိမောက် ပတ္တသိက္ခာပုဒ်သည်သပိတ်ကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ ၁၀-ရက်ထက် အလွန်ထားခြင်းကြောင့် နိဿဂ္ဂိယ်စိတ်အာပတ်သင့်သည်။(၁၀-ရက်အတွင်း ထားနိုင်သည်)

ဘိက္ခုနီပါတိမောက် ပတ္တသန္နိစယသိက္ခာပုဒ်သည် သပိတ်သစ်ကို ရသည့်နေ့မှာပင် အဓိဋ္ဌာန် ဝိကပ္ပနာမပြုခြင်းကြောင့် နိဿဂ္ဂိယ်စိတ်အာပတ်သင့်သည်။ (တစ်ရက်မျှပင် မထားနိုင်) ဤသို့ထူးသည်။

အာပတ်မသင့်အောင်ပြုလုပ်နည်း

ကာရကသံဃာကို ပန်ကြား၍ ကံပြုသော ရဟန်းမအပေါင်း၏ ဆန္ဒကို ယူ၍ ဩသာရကာကံပြုလျှင် အာပတ်မသင့်ပါ။

http://www.dhammadownload.com

၇။ ဧဆြသွားလမ်းဖြစ်ဧ လှည်းလမ်းဖြစ်ဧ နှစ်ရွာသုံးရွာ ဆုတ်ချင်းပေါက်သွားနိုင်ပြီး အသုံးပြုဆဲ လမ်းကိုသာ နိမိတ်ပြုလုပ်ကောင်းပါသည်။

ရေသိမ်ပြုလုပ်သင့်သော မြစ်

မိုးကောင်းသောအခါ၌ မိုလေးလပတ်လုံး ရေအလျဉ်မကုန်ခန်း မပြတ်စဲဘဲ အဝန်းညီစွာ ဝတ်ရုံလျှက် သင်းပိုင်ကို မမြောက်ဘဲ မြစ်တစ်ဘက်သို့ကူးသောဘိက္ခုနီမ၏ သင်းပိုင်ကို လက်တစ်သစ်လက်နှစ်သစ်စိုရုံမျှလောက် ရေရှိသောမြစ်သည် ရေသိမ်ပြုလုပ်သင့်သော မြစ်မည်ပါသည်။

ရေသိမ်အပိုင်းအခြား

မြစ်, သမုဒ္ဒရာ, ဇာတသရအိုင်၌ မရွှိမပုရိသ၏ ပတ်ဝန်းကျင်ထယ် ရေတစ်ကျဖြင့် ပိုင်းခြားသတ်မှတ်အပ်၏။

၈။ ကျောင်းတိုက်အတွင်း၌ လျှုဒ်နိုးသော သံဃိကာသက်နိုးကို ဥပစာရသိမ်အတွင်းရှိ ရဟန်းများအားလည်းကောင်း ယင်းဥပစာရသိမ်အတွင်းရှိရဟန်းများနှင့် တစ်စပ်တည်း ရှိသော ဥပစာရသိမ်အပြင်ဘက်ရှိ ရဟန်းများအားလည်းကောင်း ခွဲဝေရမည်။

ကျောင်းတိုက်ပြင်ပ၌ လျှုဒ်နိုးအပ်သော သံဃိကာသက်နိုးကို တစ်စပ်တည်း တည်နေသော ရဟန်းတို့အား ခွဲဝေရမည်၊ ယင်းရဟန်းများ၏ အစွန်မှ ၁၂-တောင်ပြင်ပရှိ ရဟန်းများနှင့်မဆိုင်။

အလျှုခံထိုက်သောရဟန်းများ

ကျောင်းတိုက်သို့ဝင်၍ ဝဿံဝုဋ္ဌသံဃာအားလျှုဒ်၏ဟု လျှောက်လျှင် ထိုကျောင်းတိုက်၌ ဝါမကျိုးဝါမပြတ်သူ၊ ပုရိမဝါကျွတ်သောရဟန်းအားလုံးတို့အား ပြည်ပ၌ ရောက်နေစေကာမူ ဝေဖန်ထိုက်သည်။

ဥပစာသိမ်အပြင်ဘက်၌ တည်လျှက်ဝဿံဝုဋ္ဌ သံဃာအားလျှုဒ်နိုးပါ၏ဟုလျှောက်လျှင် အမှတ်မထား တစ်ပါးပါးသော ကျောင်းတိုက်၌ မိုးလပတ်လုံး နေပြီးကုန်သော ပစ္စည်းဝေဖန်ရာအရပ်သို့ရောက်လာကုန်သော ရဟန်း အားလုံးတို့အား ဝေဖန်ရမည်။

ထိုမည်သော ကျောင်းတိုက်နေ ဝဿံဝုဋ္ဌသံဃာအား လျှုဒ်၏ဟု လျှောက်လျှင်

http://www.dhammadownload.com

ထိုနာမည်တပ်၍သတ်မှတ်အပ်သော ကျောင်းတိုက်၌ မိုးလပတ်လုံးနေပြီးကုန်သော ရဟန်းတို့အားလျှင် ကထိန်နှုတ်ရာကာလတိုင်အောင် ဝေဖန်ရမည်။

ကထိန်ခေတ်ကုန်ရာ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ ဝဿံဝုဋ္ဌသံဃာအားလျှပါဏ်ဟုလျှောက်လျှင် မျက်မှောက်သံဃာအားလုံးအားသာ ဝေဖန်ရမည်။

၉။ ကြည်ညိုဖွယ်နှင့် ပြည့်စုံရန်ဝတ်ဆင်ပုံ-

၁။ ပရိမဏ္ဍလနိဒါသနသိက္ခာပုဒ်အရ - သင်းပိုင်ကိုဝတ်ရာ၌ အထက်ပိုင်းဝယ် ချက်၏ထက်ဝန်းကျင် ဝန်းပိုင်းစွာပုံးအုပ်စေ၍ အောက်ပိုင်း၌ ဒူးဆစ်မှ အောက်ခြေသလုံးရိုးအဆစ်မှစ၍ လက်ရှစ်သစ်မျှ ချပြီးလျှင် ပတ်ဝန်းကျင်ဝန်းပိုင်းစွာ ဝတ်ရမည်။

၂။ ပရိမဏ္ဍလပါရုပနသိက္ခာပုဒ်အရ - ဇကသိကို ဝတ်ဆင်ရာ၌ သင်္ကန်းအနားစွန်းနှစ်ခုလုံးကို ညီစွာပြု၍ အောက်၌ ဒူးဆစ်အောက် လက်လေးသစ်လောက် ချ၍ အဝန်းညီစွာ ဝတ်ဆင်ရမည်။

၃။ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်အရ - မြို့တွင်းရွာတွင်းသို့ သွားလာနေထိုင်လိုသော အခါ အနားပတ်သိန်းကိုတပ်ပြီးလျှင် လည်ပင်းလက်ကောက်ဝတ်များကို ဖုံးမိလောက်အောင် သင်္ကန်းရုံ၍ သွားရမည်။

ဆင်နှာမောင်းကဲ့သို့ ဝတ်ဆင်ပုံ

စောဠတိုင်းသူမိန်းမတို့ဝတ်ဆင်ခြင်းကဲ့သို့ ချက်အရင်းမှစ၍ ရှေ့တည့်တည့် ကပ်ထား သောသင်္ကန်းလိပ်ဝယ် အရင်းတုတ်၍အဖျားသေးအောင် ဆင်နှာမောင်းသဏ္ဌာန်ကဲ့သို့ တွဲလျားချအပ်သည်ကို ပြု၍ ဝတ်ခြင်း။

ငါးကြင်းမြီးကဲ့သို့ဝတ်ဆင်ပုံ

တစ်ဖက်၌ အမြိတ်အဆာစွန်းကိုလည်းကောင်း၊ တစ်ဖက်၌ အကွင်းစွန်းကို လည်းကောင်း တွဲလျားချ၍ ဝတ်ခြင်း။

၁၀။ ငါးပဲ, ငါးပဲအထက်တန်ဝတ္ထုမှစ၍ အမှတ်မထားတစ်ပါးပါးသော သူတစ်ပါးဥစ္စာကို ခိုးယူသောမိန်းမကို ခိုးသူမဟု သတ်မှတ်ထိုက်သည်။

http://www.dhammadownload.com

အာပဇ္ဈာအဆင့်ဆင့်သင့်ရောက်ပုံ

ကာရကာသံဃာဟူသောဝိဏ်းကို ရှာခြင်း၊ ကမ္မဝါစာဆရာမကို ရှာခြင်း၊ သပိတ်သင်္ကန်းကို ရှာခြင်းတို့ကြောင့်လည်းကောင်း၊ သိမ်သမုတ်ခြင်းတို့ကြောင့် လည်းကောင်း၊ ဥတ်ကြောင့်လည်းကောင်း၊ ဒုက္ကဋ်အာပတ်သင့်၏။ ကမ္မဝါစာ ၂-ကြိမ်တို့ကြောင့် ထုလ္လစ္စည်းအာပတ်သင့်၏။ ကမ္မဝါစာ၏အဆုံး၌ သံဃာဒိသေသ်အာပတ်သင့်သည်။

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာ ဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃-၄-၂၀၀၇)အင်္ဂါနေ့

၁။ အောက်ဖော်ပြပါတို့ကို ညွှန်ကြားချက်နှင့်အညီ ပါဠိဗျေးပါ-
(က) ကဏ္ဍကသိက္ခာပုဒ်လာ မိစ္ဆာအယူရှိသော သာမဏေအား နှင်ဒဏ်ပေး၍ ဖျက်ဆီးပုံပြဝိနယပါဠို၊
(ခ) စိတ္တာဂါရဝဂ်-လာ **''အာဝသထ''**သဒ္ဒါပါသော သိက္ခာပုဒ်များ။

၂။ ပါပသမာစာရ ဒုတိယသိက္ခာပုဒ်လာ ယုတ်မာသောအလိုဆိုးရှိသော ဘိက္ခုနီမဏ်ပြောဆိုပုံပြ ပါဠိစကားရပ်ကိုသာ အနက်ပေးပြပါ။

၃။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်နှင့် ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်တို့၌ ပါသော **''ဒုဋ္ဌုလ္လ''**သဒ္ဒါနှစ်ခုတို့၏ ခြားနားချက်ကို ဖော်ပြ၍ **''ဆေဒနကဟ်ပါစိတ်''**အမည်ရသော သိက္ခာပုဒ်တို့၏ အမည်များ ကိုလည်း ဖော်ပြပါ။

၄။ ပရိက္ခာရာရှစ်ပါးတို့တွင် အတိရေကပရိက္ခာရာကို (၁၀)ရက်လွန်အောင်ထားက အပြစ်ရှိသော ပရိက္ခာရာ၊ အပြစ်မရှိသော ပရိက္ခာရာအားဖြင့် ခွဲခြားဖော်ပြ၍(က)ဘိက္ခုပရိက္ခာရာ အများဆုံး ပါဝင်သော သိက္ခာပုဒ်၊ (ခ)အနုပညတ်အများဆုံးပါဝင်သော သိက္ခာပုဒ်တို့ကိုလည်း အမည်မျှသာ ညွှန်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ ဘိက္ခုနီသံဃာဒိသေသ်၌ တစ်ပြိုင်နက် သံဃာဒိသေသ် (၄)ချက် သင့်စေနိုင်သော သိက္ခာပုဒ်ကို မြန်မာပြန်ဆို၍၊ သံဃာဒိသေသ်အာပတ် ကုစားရာ၌ ဘိက္ခုနှင့်ဘိက္ခုနီတို့၏ ကုစားဟန် ကွဲပြားပုံကိုလည်း ဖော်ပြခဲ့ပါ။

၆။ ''သမ္မာဓေ လောမံ သံဟရာပေယျ''၌ ''သမ္မာဓေ''၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ကျမ်းရင်းလာအတိုင်း ဖြေဆိုပြီး၊ ရဟန်းမများ ကျင်ငယ်မစွန့်ကောင်းသော နေရာဌာနများကိုလည်း လသုဏာဝဂ်လာအတိုင်း ဖော်ပြပါ။

၇။ အောက်ဖော်ပြပါ ရဟန်း/ရဟန်မတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ် အကိုးပြု၍ ဖြေဆိုခဲ့ပါ။

(က) ဆွမျိုးမတော်သော ဘိက္ခုနီမလက်မှ ခဲဖွယ်ဘောဇဉ်ကို ကိုယ်တိုင်ခံယူသော ရဟန်း၊

(ခ) အသတ်ခံရမည့် ခိုးသူမကို မင်းစသည်တို့အား မပန်ကြားဘဲ ရဟန်းခံပေးသော ရဟန်းမ၊

(ဂ) ဂိတဆည်းဆာပွဲ သွားကြည့်သောရဟန်းမ၊

(ဃ) ငါ့ကို မြေကွက်မလှူလျှင် ပြိတ္တာဖြစ်ပါစေဟု ပြောဆိုသောရဟန်းမ၊

(င) ဘိက္ခုနီသံဃာကို ခြိမ်းခြောက်ပြောဆိုသောရဟန်းမ။

၈။ ဘူတာရောစနသိက္ခာပုဒ်၌ ဥမ္မတ္တကဿ,စဇသောပုဂ္ဂလ်တို့ကို အဘယ်ကြောင့်မယူပါသနည်း ရှင်းပြ၍၊ 'ဇာနံ သပ္ပါဏကံ ဥဒကံ'၌ ဇာနံ–အရ၊ ဥဒကံ–အရတို့ကိုလည်း အသီးသီး ဖော်ပြပါ။

၉။ ဂဏဘောဇန သိက္ခာပုဒ်လာ သမယ(၇)ပါးကို ကခ်ီအလိုက္ခ ပိုင်းခြားသတ်မှတ်ပြ၍၊ ''နဝံ စီဝရလာဘေန''၌ အဘယ်သက်နိုးမျိုးကို သက်နိုးအသစ်ဟုဆိုပါသနည်း? ရှင်းပြပါ။

http://www.dhammadownload.com

၁၀။ ဇာတ်ပွဲကြည့်တိုင်း အာပတ်သင့်/မသင့် အကြောင်းပြဆုံးဖြတ်ချက်ချ၍၊ အဝတ်မပါဘဲ ရေချိုးကောင်းသော အခါများကိုလည်း ဖော်ပြခဲ့ပါ။

၁၁ မွန်ပြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) အဇ္ဈ တဂ္ဂေ တေ အာဝုသော –ပ– စရ ဗိရေ ဝိနသ–နှင့်

(ခ) (စိတ္တာဂါရဝဂ် အာဝိသထစီဝရသိက္ခာပုဒ်၊ အာဝသထဝိဟာရသိက္ခာပုဒ်တို့ကို ပါဠိဖြေရေးလေ)

၂။ (သံသဋ္ဌဝ အယျေ တုမှေ ဝိဟာရထ – ပ–သံဃော ဝဏ္ဏော်တိ–ကို အနက်ရေးလေ)

၃။ ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ပါသော ဒုဋ္ဌုလ္လ–သဒ္ဒါသည် ဝစ္စမဂ် ပဿာဝမဂ်၌ မေထုန်နှင့် စပ်သော စကားကို ဒုဋ္ဌုလ္လ–ဟုဆိုသည်။

ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်၌ သံဃာဒိသေသ်အာပတ်ကို ဒုဋ္ဌုလ္လ–ဟုဆိုသည်၊ ဤသို့ ခြားနားပါသည်။

ဆေဒနကပါစိတ်အမည်ရသောသိက္ခာပုဒ်များ

မဂ္ဂပိဋ္ဌသိက္ခာပုဒ်၊ နိသီဒနသိက္ခာပုဒ်၊ ကဏ္ဍုပ္ပဋိစ္ဆာဒိသိက္ခာပုဒ်၊ ဝဿိကာသာဋိက သိက္ခာပုဒ်၊ နန္ဒသိက္ခာပုဒ်အားဖြင့် ၅–ပုဒ်ဖြစ်သည်။

၄။ **အပြစ်ရှိသောပရိက္ခရာ**– သင်းပိုင်၊ ကိုယ်ရုံ၊ ဒုကူဋ်၊ သပိတ်။
အပြစ်မရှိသောပရိက္ခရာ– သင်ဓုန်း၊ ခါးပန်း၊ ရေစစ်၊ အပ်။
(က) အပနိဓာနသိက္ခာပုဒ်။ (ခ) ဂဏဘောဇနသိက္ခာပုဒ်။

၅။ အကြင်ရဟန်းမသည် တစ်ယောက်တည်း အခြားတစ်ရွာသို့ မူလည်းသွားအံ့၊ တစ်ယောက် တည်းမြစ်တစ်ဘက်ကမ်းသို့မူလည်း သွားအံ့၊ တစ်ယောက်တည်း ညဉ့်၌

http://www.dhammadownload.com

မှုလည်း အဖော်နှင့် ခွဲ၍နေအံ့၊ တစ်ယောက်တည်းဂိုဏ်းမှမှုလည်း ချန်၍နေရစ်အံ့၊ ဤရဟန်းမသည်လည်း ရှေးဦးစွာလွန်ကြူးဆဲခဏ၌သင့်ရောက်ခြင်းရှိသော သံဃာမှနှင်ထုတ်တတ်သော သံဃာဒိသေသ်မည်သော အာပတ်သို့ရောက်၏။

ကုစားတန်ကွဲပြားပုံ–

ဘိက္ခုတို့အတွက် ဖုံးလွှမ်းအပ်သော ရက်ပတ်လုံး ပရိဝါသ်ဆောက်တည်ရခြင်း ဘိက္ခုနီ တို့အတွက် ပရိဝါသ်ဆောက်တည်စရာမလိုခြင်း၊ ဘိက္ခုတို့အတွက်ပရိဝါသ်ဆောက်တည်ပြီးက ရဟန်းတို့မြတ်နိုးခြင်းအကျိုးငှာ ခြောက်ညဉ့် မာနတ်ကျင့်ရခြင်း၊ ဘိက္ခုနီတို့အတွက် ဥဘတောသံဃာ၌ ပက္ခမာနတ်ကျင့်ရခြင်း၊ ဤသို့ ကုစားဟန်ကွဲပြားသည်။

၆။ ကျဉ်းမြောင်းသော ပဿာဝမဂ်နှင့် လက်ကတိုးကြားကို သမ္မာဒေ–ဟုဆို်သည်။

ကျင်ငယ်မစွန့်ကောင်းသော ဌာန

နံရံ၏တစ်ဘက်၊ တံတိုင်း၏တစ်ဘက်၊ စိမ်းစိုသော ကောက်ပဲသီးနှံ ရှိရာအရပ်တို့ ဖြစ်သည်။

၇။ (က) ပါဠိဒေသနီအာပတ်– ပထမပါဠိဒေသနီသိက္ခာပုဒ်။
(ခ) သံဃာဒိသေသ်အာပတ်– စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်။
(ဂ) ပါစိတ်အာပတ်– နစ္စဂီတသိက္ခာပုဒ်။
(ဃ) ပါစိတ်အာပတ်– ပရအဘိသပနသိက္ခာပုဒ်။
(င) ပါစိတ်အာပတ်– ဂဏဘောဇနသိက္ခာပုဒ်။

၈။ အရိယာပုဂ္ဂိုလ်တို့အား ရှုးသွပ်ခြင်းစသော အဖြစ်မရှိသောကြောင့်လည်းကောင်း၊ ဗျာန်ရပုဂ္ဂိုလ်တို့သည် ရှုးသွပ်ခြင်းစသည်ဖြစ်လျှင် ဗျာန်မှလျှောကျသောကြောင့်လည်းကောင်း၊ ဘူတာရောစနသိက္ခာပုဒ်၌ ဥမ္မတ္တကစသော ပုဂ္ဂိုလ်တို့ကို မယူရပါ။
ဇာနံ အရ – ဤရေသည် ဝိုးရှိ၏ဟု မြင်ရလည်းကောင်း ကြားရလည်းကောင်း တစ်စုံတစ်ခုသော အခြင်းအားဖြင့် သိခြင်း။ (ဘူတဂါမဝဂ်)

http://www.dhammadownload.com

(တစ်နည်း) သောက်သပြင့် သေလတ္တံဟုသိခြင်း။ (သပ္ပါဏာကဝဂ်)
ဥဒကံအရ– ပိုးရှိသော သောက်ကောင်း, မသောက်ကောင်းသောရေ။ (ဘူတဂါမဝဂ်)
(တစ်နည်း) ပိုးရှိသော သောက်ရေ။ (သပ္ပါဏာကဝဂ်)

၉။ ၁။ ဂိလာနသမယ–ရြေထောက်များကွဲသောကြောင့် ဆွမ်းမခံနိုင်လောက်အောင် မကျန်းမာသောအခါ။

၂။ စီဝရဒါနသမယ–ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁–ရက်နေ့မှ စ၍တပေါင်း လပြည့်နေ့အထိ ၅–လ၊ ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် ၁–ရက်နေ့မှစ၍ တန်ဆောင်မုန်းပြည့်နေ့အထိ ၁–လ။

၃။ စီဝရကာရသမယ – သင်္ကန်းပြုလုပ်ရာ၌ တစ်စုံတစ်ခုသောသင်္ကန်း၌ ပြဿဖယ်ကိစ္စကို ပြုရာအခါ။

၄။ အန္တရိကဝမနသမယ – အနည်းဆုံးယူဇနာဝက်ခရီးကိုသွားလိုသောအခါ။ သွားဆဲအခါ။ သွားပြီးအခါ။

၅။ နာဝါဘိရုဟနသမယ–အနည်းဆုံးယူဇနာဝက်ခရီးကို လှေဖြင့်သွားလိုသောအခါ။ သွားဆဲအခါ။ သွားပြီးအခါ။

၆။ မဟာသမယ– ဆွမ်းခံရွာ၌ ဆွမ်းခံ၍ ရဟန်းလေးပါးတို့ မမျှတရာအခါ။

၇။ သင်္ဃဘေဒသမယ– တစုံတစ်ယောက်သော ရသေ့ရဟန်းသည် ဆွမ်းဖြင့် ပင့်ဖိတ်ရာအခါ။

သင်္ကန်းသစ်

ကပ္ပဖိန္ဒုမထိုးရသေးလျှင် သာမဏေတို့ဝတ်ပြီးဖြစ်၍ဟောင်းနွမ်းနေသော်လည်း သင်္ကန်းသစ်ဟု ခေါ်သည်။

၁၀။ ၁။ မိမိကျောင်း၌ တည်၍ဇာတ်ပွဲကြည့်သောဘိက္ခုနိမ၊

၂။ မိမိတည်ရာအရပ်သို့လာ၍ ယှဉ်စေအပ်သော ဇာတ်ပွဲကိုလည်းကောင်း၊ ခရီးရောင်ဆိုင်သွားစဉ် ချက်ပြောက်ဖြစ်သော ဇာတ်ပွဲကိုလည်းကောင်း ကြည့်သောဘိက္ခုနိမ၊

၃။ သလာကဘတ်ကို ခံယူပြင်းစသော ပြဿဖယ်ကိစ္စရှိလတ်သော် သွား၍လည်းကောင်း၊ ဘေးရန်တို့ကြောင့် ပွဲသဘင်ရှိရာသို့ ဝင်ပြေး၍သော်လည်းကောင်း ဇာတ်ပွဲကြည့်ရှု

http://www.myanmadownload.com

ရေချိုးကောင်းသောအခါ

ရေသနုပ်လုယက်ခံရသောအခါ, ရေသနုပ်ပျောက်ပျက်သောအခါ, (အပိုးများစွာ ထိုက်သော ဤရေသနုပ်ကိုပြင်လျှင် ဝိုးသူတို့ ဆောင်ယူကုန်ရာ၏ ဟုကြံမိခြင်း ဟူသော) ဘေးရန်ရှိသောအခါတို့ ဖြစ်သည်။

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)
ပထမကြီးတန်း ။ ။ ဒွေမာတိကာ ဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၈)ရက်၊ (၂၅–၃–၂၀၀၇)တနင်္ဂနွေနေ့

၁။ ဆွမ်းခံရာ, ဆွမ်းဘဉ်းပေးရာအခါတို့၌ ရဟန်းသာမဏောအားလုံး လိုက်နာကျင့်သုံးရမည့် ဘောဇနပွဋိသံယုတ္တသိက္ခာပုဒ်တို့တွင် နေ–ပဋိသေဓ မပါသော သိက္ခာပုဒ်တို့ကိုသာ ပါဠိဖြေးခဲ့ပါ။

၂။ အောက်ဖော်ပြပါ ရဟန်းမတို့အား သင့်ရောက်သောအပြစ်ပြသိက္ခာပုဒ်တို့ကို မှန်ကန်စွာ အနက်ပေးခဲ့ပါ–

(က) ကောက်ညှင်းစပါးကို တောင်း၍ ချက်စားသောရဟန်းမ၊

(ခ) ချက်အောက်တွင် ပေါက်သော သွေးစုနာကို သမားတော်ဆရာဝန်ကြီးတစ်ဦးနှင့် ခွဲစိတ်ကုသသော ရဟန်းမ။

၃။ ပိုးရေခံသက်နှံးနှင့် စပ်၍ သိအပ်သိထိုက်သည့် – (က) ရှာပိုးရုံသာ ရှာပိုနိုင်ရာကာလ၊ (ခ) ရှာပိုးခွင့် ချုပ်ဆိုးခွင့်, ဝတ်ခွင့်ပြုနိုင်ရာကာလ၊ (ဂ) ရှာပိုးခွင့် ချုပ်ဆိုးခွင့်, ဝတ်ခွင့် အဓိဋ္ဌာန်တင်ခွင့်ပြုနိုင်ရာကာလတို့ကို တိကျစွာ သတ်မှတ်ပြ၍၊ ချုပ်ရမည့်ပမာဏာကိုလည်း မြတ်စွားဘုရား လက်သန်းအထွာတော်အားဖြင့် ဖော်ပြခဲ့ပါ။

၄။ ပဏီတဘောဇနသိက္ခာပုဒ်လာ ပဏီတဝတ္ထုတို့ကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြ၍၊ ဘေသဇ္ဇအမည်ရသော ပဏီတဝတ္ထုတို့ကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ ရဟန်းတော်များ စစ်တပ်နှင့်စပ်၍ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်များကို ဖော်ပြ၍၊ ကဏ္ဍကသာမဏေကဲ့သို့ ဗျက်ဆိုးပြီးသော သာမဏေနှင့် ပတ်သက်၍ ရဟန်းတော်များအား ရှင်တော်ဘုရား၏ တားမြစ်ချက်များကိုလည်း ဖော်ပြခဲ့ပါ။

၆။ တရားဟောသော မွေကထိကပုဂ္ဂိုလ်တိုင်း လိုက်နာကျင့်သုံးရမည့် သိက္ခာဝုဒ္ဓတို့ကို ရေတွက်ပြ၍၊ အောက်ဖော်ပြပါ ရဟန်း, ရဟန်းမတို့အား သင့်ရောက်သောအပြစ်တို့ကိုလည်း သိက္ခာပုဒ်အမည်နှင့် ယှဉ်တွဲပြခဲ့ပါ-

(က) သံဃာအများအား လျှောက်ထားသောသက်နိုးကို ပိမိအား အလျှောက်ထားသော ရဟန်း၊

(ခ) ပိမိချိန်းရာ ပြည်သူ့ဥယျာဉ်သို့ ချစ်သူရည်းစားလာသည်ကို နှစ်သက်မော်ရွှင်သော ရဟန်းမ။

၇။ ဒုတိယသဟသေယျသိက္ခာပုဒ်လာ ဒုက္ကဋဝတ္ထုတို့ကို ဖော်ပြ၍၊ ဒန္တဖေါနသိက္ခာပုဒ်၌ ''အညတြ ဥဒကဒန္တဖေါနာ'' ဟု ခွင်းချက်ထား၍ ပညတ်တော်ပူရဆြင်းအကျိုးကိုလည်း ကခ်ီအဖွင့်နှင့်အညီ ဖြေဆိုခဲ့ပါ။

၈။ သုရာမေရယပါနေ-၌ သုရာ, မေရယ-တို့၏ အဓိပ္ပါယ်ကို ကခ်ီအဖွင့်နှင့်အညီ ဖြေဆို၍၊ ဓမ္မိကာနံ ကမ္မာနံ -၌ ဓမ္မိကကမ္မ-သရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

၉။ ဥဇ္ဇာဏမဏ္ဍလိကာသိက္ခာပုဒ်၊ ဘော်ဇနပဋိဂ္ဂဟဏပဌမသိက္ခာပုဒ်တို့၌လာသော အဝဿုတသ-သဒ္ဒါနှစ်ခုတို့၏ အထူးကို ဖြေဆို၍၊ ဂဏဘောဇနသိက္ခာပုဒ်ဝယ် အန္တရာယံ ကရေယျ-၌ အဘယ်ကို ''အန္တရာယ်ပြုသည်'' ဟု ဆိုပါသနည်း ကခ်ီဆရာအလိုကျ အများနားလည်အောင် ရေးသားခဲ့ပါ။

၁၀။ သောကာသဒါသ သိက္ခာပုဒ်၌ သောကာဒါသ-မည်ပုံကို ကခ်ီဆရာအလိုကျ အများနားလည်အောင် ရှင်းပြ၍၊ အသံကစ္ဆိကာသိက္ခာပုဒ်၌ သံကစ္ဆိကာ, အသံကစ္ဆိကာ-တို့၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

https://www.facebook.com/groups/myanmarpuzzle

၁၂။ ရန်ကုန်တိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (သက္ကစ္စပဋိဂ္ဂဟဏသိက္ခာပုဒ်၊ ပတ္တသညိပဋိဂ္ဂဟဏသိက္ခာပုဒ်၊ သမသူပကပဋိဂ္ဂဟဏသိက္ခာပုဒ်၊ သမတိတ္တိကသိက္ခာပုဒ်၊ သက္ကစ္စဘုဥ္ဇနသိက္ခာပုဒ်၊ ပတ္တသညိဘုဥ္ဇနသိက္ခာပုဒ်၊ သပဒါနသိက္ခာပုဒ်၊ သမယူပကာသိက္ခာပုဒ်၊ အာလောပသိက္ခာပုဒ်တို့ကို ပါဠိဋ္ဌေးလေ။)

၂။ (က) (အာမကဓညသိက္ခာပုဒ်နှင့်
(ခ) ပသာခေဇာတသိက္ခာပုဒ်တို့ကို အနက်ရေးလေ)

၃။ (က) နယုန်လပြည့်မှစ၍ နယုန်လကွယ်အထိ ၁၅-ရက်၊
(ခ) ဝါဆိုလဆန်း ၁-ရက်မှစ၍ ဝါဆိုလပြည့်အထိ ၁၅-ရက်၊
(ဂ) ဝါဆိုလပြည့်ကျော် ၁-ရက်မှစ၍ တန်ဆောင်မုန်းလပြည့်အထိ ၄-လ။
ပမာဏ ___ အလျား ၆-ထွာ၊ အနံ ၂-ထွာခွဲ။

၄။ ပဏိတဘောဇနလာ ပဏိတဝတ္ထု-

၁။ သပ္ပိ - ထောပတ်၊	၂။ နဝနီတ- ဆီဦး၊	၃။ တေလ -ဆီ၊
၄။ မဓု - ပျား၊	၅။ ဖာဏိတ- တင်လဲ၊	၆။ မစ္ဆ - ငါး၊
၇။ မံသ- အမဲ၊	၈။ ခီရ - နို့ရည်၊	၉။ ဒဓိ - နို့ခဲမ်း။

ဘေသဇ္ဇအမည်ရသော ပဏိတဝတ္ထု

၁။ သပ္ပိ - ထောပတ်၊	၂။ နဝနီတ - ဆီဦး၊	၃။ တေလ -ဆီ၊
၄။ မဓု - ပျား၊	၅။ ဖာဏိတ- တင်လဲ။	

၅။ ၁။ သွားထိုက်သောအကြောင်းကို ကြဉ်၍ မြို့ရွာမှထွက်သော စစ်တပ်ကို ကြည့်ရှုခြင်းဟာ မသွားရခြင်း၊
၂။ အကြောင်းကိစ္စတစ်စုံတရာရှိ၍သွားခဲ့သော် စစ်တပ်၌နှစ်ညဉ့်သုံးညဉ့်ထက်ပို၍ မနေရခြင်း၊

၃။ နှစ်ညှဉ်သုံးညှဉ် စစ်တပ်၌ နေစဉ် စစ်ပွဲ စစ်သည်အစုကို ရေတွက်ရာ, စစ်ဆင်ရာ, ဆင်တပ် မြင်းတပ်စသည်ကို ကြည့်ရှုခြင်းငှာမသွားရခြင်း။

၁။ ဥပလာပေယျ– သင်္ကန်းသပိတ်ပရိက္ခရာပေးအံ့၊ ပါဠိအဋ္ဌကထာသင်အံ့ဟူ၍လည်း ဗျားယောင်းခြင်း။

၂။ ဥပဋ္ဌာပေယျ – ဝတ်ကြီးဝတ်ငယ်ကို သာယာသဖြင့်မူလည်း လုပ်ကျွေးစေခြင်း။

၃။ သမ္မုဇ္ဇေယျ –တကွမူလည်းသုံးဆောင်စေခြင်း။

၄။ သတဓါသေယျံ ကပွေယျ– တကွမူလည်း တစ်ပိုးတစ်ရံတည်းသောကျောင်း၌ အိပ်ခြင်းကို ပြုခြင်း။

၆။ သုရာသုရာဝဂ်၊ ဆတ္တပါဏိသိက္ခာပုဒ်မှ ဥပ္ပထေန ဂမနသိက္ခာပုဒ်အထိ ၁၆–ပုဒ်၊
(တစ်နည်း) ဥဒကေဥစ္စာရသိက္ခာပုဒ်အထိ ၁၉–ပုဒ်။
(က) နိဿဂ္ဂိယပါစိတ်အာပတ် – ပရိဏာမသိက္ခာပုဒ်၊
(ခ) ထုလ္လစ္စည်းအာပတ်– အဋ္ဌဝတ္ထုကာသိက္ခာပုဒ်၊

၇။ မျက်စိဖြင့်မြင်နိုင်သော ဘီလူးမ, ပြိတ္တာမ, ပက္ခုတ်, မေထုန်မှီဝဲလောက်သော တိရစ္ဆာန်တို့ ဖြစ်ပါသည်။
ခြင်းချက်ထားပညတ်တော်မူရကျိုး– (တနော်ရီ နံပါတ် ၉–၍)

၈။ သုရာ –မုန့်မှုန့်စသည်တို့ဖြင့် ပြုအပ်သောအရက်သည် သုရာမည်၏။
မေရယ – ပန်းပွင့်စသည်တို့ဖြင့် ပြုအပ်သော အရက်သည် မေရယမည်၏။
ဓမ္မိကာကမ္မသရုပ်
၁။ အပလောကနကံ၊ ၂။ ဥတ္တိကံ၊
၃။ ဥတ္တိဒုတိယကံ၊ ၄။ ဥတ္တိစတုတ္ထကံ အားဖြင့် ၄–ပါး။

၉။ ဥဇ္ဈာဏက္ခမလက္ခဏာသိက္ခာပုဒ်လာ အဝဿုတာသဿသည်–ကာယသံသဂ္ဂရာဂဖြင့် စွတ်စိုခြင်း။

http://www.dhammadownload.com

ဘောဇနပဋိဂ္ဂဏာပထမသိက္ခာပုဒ်လာ အဝဿုတဿသည်- ဆန္ဒရာဂဖြင့် စွတ်စိုခြင်း။
ဤသို့ ထူးသည်။
အန္တရာယ်ပြုပုံ- မလျှဖြစ်အောင် အားထုတ်ခြင်းကို အန္တရာယ်ပြုသည်ဟု ခေါ်ပါသည်။

၁၀။ အချိန်းအချက်ပြုပြီးမသွားသည်ဖြစ်၍ ယောကျ်ားတို့၏စိတ်အတွင်းသို့ ဝမ်းနည်းခြင်း သောကကို သွင်းခြင်းသည် သောကာဝါသ မည်ပါသည်။

သံကစ္စိကာ-

ညှပ်ရိုးနှစ်ဘက်ဆီအောက် ချက်၏အထက်ဟုဆိုအပ်သော ကိုယ်အရပ်ကို ပုံးလွှမ်းခြင်းအကျိုးငှာ ခွင့်ပြုအပ်သော သက်နှံးနှင့်တကွ ဖြစ်ခြင်း။

အသံကစ္စိကာ-

ညှပ်ရိုးနှစ်ဘက်၏အောက် ချက်၏အထက်ဟုဆိုအပ်သော ကိုယ်အရပ်ကို ပုံးလွှမ်းခြင်းအကျိုးငှာ ခွင့်ပြုအပ်သော သက်နှံးမှ ကင်းခြင်း။

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာ ဘာသာ
၁၃ဖိဇ-၃နှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃-၄-၂၀၀၇)အင်္ဂါနေ့

၁။ ဝဇ္ဇပုဋ္ဌဒါဒိကာရဟန်းမကို အကြောင်းပြု၍ ပညတ်သောသိက္ခာပုဒ်နှင့် ကဋ္ဌိန်ဝတ် ဂိဟိဂတပိန်းမကို အကြောင်းပြု၍ ပညတ်သောသိက္ခာပုဒ်တို့ကို ပါဠိကုန်စင်အောင်ရေးပါ။

၂။ ဘိက္ခုပါတိမောက်၌ ''အယံ တတ္ထ သာမီစိ'' ပါဝင်သော သိက္ခာပုဒ်တို့တွင် နောက်ဆုံးသိက္ခာပုဒ်နှင့် ဘိက္ခုနီ နိဿဂ္ဂိယ်စိတ် စီဝရပရိဝတ္တနသိက္ခာပုဒ်တို့ကို အနက်မှန်ကန်စွာပေးပြပါ။

၃။ အနိယတသိက္ခာပုဒ်လာ ''ရဟော'' နှစ်ခုတို့၏ ထူးခြားချက်ကို သိက္ခာပုဒ်ပါဠိထောက်ပြဆို၍ ၊ ဘေးအန္တရာယ်ရှိသောတောကျောင်း၌ တန်ဆောင်မုန်းလပြည့်တိုင်အောင် နေလိုသောရဟန်းသည် မည်သို့အစီအစဉ်ပြု၍ နေရမည်နည်း၊ ယင်းသို့နေရာတွင်

http://www.dhammadownload.com

သာသက်သိက္ခာပုဒ်အရ အပြစ်ရှိပုံ/လွတ်ပုံကို ပြည့်စုံစွာ ရေးပြီးလျှင်၊ အနုပခဇ္ဇ သိက္ခာပုဒ်နှင့် သပ္ပါဏကသိက္ခာပုဒ်တို့လာ ''ဇာနံ''တို့၏ သိပုံထုးခြားချက်ကိုလည်း ဖြေဆိုခဲ့ပါ။

၄။ ဘိက္ခုနီမနှင့်အတူ ချိန်း၍ ခရီးသွားနိုင်ရာအဒါကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ရေး၍၊ ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်လေရာ အရိဋ္ဌသိက္ခာပုဒ်၌ အန္တရာယိကာ ဓမ္မာ–ဝယ် ယူရမည့် အန္တရာယ်ကိုသာ ပါဠိသာဓကထောက်ပြ ဖြေဆိုပြီးလျှင်၊ ဘိက္ခု ပါတိမောက်လာ ပါစိတ်(၅)မျိုးကိုလည်း အမည်မျှသာ ဖော်ပြခဲ့ပါ။

၅။ ဂိလာနသော်မှ အာပတ်မှကင်းလွတ်ခွင့်မသော သေခိယသိက္ခာပုဒ်များကို အမည်မျှ ဖော်ပြ၍၊ ဘိက္ခုနီများအပျော်သဘော သွားရောက်မကြည့်ကောင်းသော နေရာ(၅)မျိုးကို သိက္ခာပုဒ်လာအတိုင်း ဖြေဆိုပြီးလျှင်၊ ဆုတ်နယ်ပွတ်သပ်မှု မပြုကောင်းသောသူများကို ဆတ္တုပါဟနဝဂ်လာအတိုင်း သိက္ခာပုဒ်နှင့်တွဲစပ်ပြခဲ့ပါ။

၆။ မိဘ, လင်တို့၏ ခွင့်ပြုချက်ဖြင့် ဘိက္ခုနီပြုလာပြီး ညဉ့်မှောင်မိုက်ထဲဝယ် ရာဂထက်သော သူကြွယ်သားနှင့် တစ်ယောက်ချင်း အများစကားကို နားမထောင်ဘဲ အတူတူနေထိုင်ရာ သူကြွယ်သား၏ တစ်ကိုယ်လုံးကိုင်တွယ်သုံးသပ်ပွတ်သပ်ချက်တို့ကို သာယာမိပြီးမှ မကျေနပ်သဖြင့် တရားတွေ့သော ဘိက္ခုနီမအား အာပတ်သင့်/မသင့် သိက္ခာပုဒ်နှင့် ယှဉ်တွဲ ဖြေဆိုခဲ့ပါ။

၇။ သိမ်နိမိတ်(၈)မျိုးကို အကျဉ်းမျှဖော်ပြ၍ သံတိုင်ကို သိမ်နိမိတ်ထား၍ ရ/မရ အကြောင်း သွင်းကာ ဖြေဆိုပြီးလျှင်၊ မာတုဂါမအား ''အရဟာသိ တွံ မယံ မေထုနဓမ္မံ ဒါတုံ''ဟု ဖိမိအကျိုးငှာ မေထုန်အလျှုခံသော ရဟန်းအား အဘယ်အာပတ် သင့်နိုင်ပါသနည်း ဖြေဆိုခဲ့ပါ။

၈။ အောက်ပါတို့ကို ကခ်ီအဋ္ဌကထာနှင့်အညီ အရကောက်ပြခဲ့ပါ–

၊ဇနသိက္ခာပုဒ်တို့လာ ''၇ ''

http://www.dhammadownload.com

(ခ) ပဏီတဘောဇနသိက္ခာပုဒ်၊ တတိယပါဠိဒေသနိယသိက္ခာပုဒ်တို့လာ "အဂိလာန" အရ။

၉။ ပဒသောဓမ္မသိက္ခာပုဒ်လာ "ဓမ္မ" အရကို ရေး၍၊ ပထဝီခဏနသိက္ခာပုဒ်လာ ဇာတပထဝီ အဓိပ္ပါယ်နှင့် ထိုပထဝီအပြားတို့ကိုလည်း အဓိပ္ပါယ်နှင့်တကွ ရေးသားခဲ့ပါ။

၁၀။ ဒန္တဖေါနသိက္ခာပုဒ်လာ ကပ်နည်း အကပ်ခံနည်းတို့ကို ပြေဆို၍၊ (က) လသုဏ၊ (ခ)သမ္မာဓ၊ (ဂ) အာဝသထစီဝရ၊ (ဃ) ပသာခတို့၏အရတို့ကိုလည်း ကခ်ီအဖွင့်ကို ရှုလျှက် ရေးသားခဲ့ပါ။

၁၃း ရရိုင်ပြည်နယ် (အပြေး)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဝဇ္ဇပဉ္စဝဒိကသိက္ခာပုဒ်နှင့် ပထမ၊ ဒုတိယ၊ တတိယဂိဟိဂတသိက္ခာပုဒ်တို့ကို ပါဠိရေးလေ)။

၂။ (ရတနသိက္ခာပုဒ်နှင့် စိဝရပရိဝတ္တနသိက္ခာပုဒ်တို့ကို အနက်ရေးလေ)။

၃။ ပထမအနိယတသိက္ခာပုဒ်၌ ရတောအရ —

ပဋိဆ္ဆန္နောအာသာနေ–ဟူသော ပါဠိကို ထောက်၍ စက္ခုရဟ–ကို ယူရမည်။

ဒုတိယအနိယတသိက္ခာပုဒ် ရတော–အရ —

နဟေဝ ဓေါပန ပဋိစ္ဆန္နံ အာသနံ ဟောတိ နာလံကမ္မနိယံ။ အလဉ္စ ဓေါ ဟောတိ မာတုဂါမံ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ ဩဘာသိတုံ –ဟူသော ပါဠိထောက်၍ သောတရဟကို ယူရမည်။

အစိအစဉ်

သုံးထည်သောသက်နှံးတို့တွင် သက်နှံးတစ်ထည်ကို ရွာတွင်း၌ ထားရမည်။

http://www.dhammadownload.com

အပြစ်ရှိပုံ-

ဘိက္ခုသမ္မုတိကိုကြဉ်ထား၍ ၆-ညဉ့်အထက် ရွာတွင်း၌ထားသော သင်္ကန်းနှင့် ညဉ့်ကင်းနေလျှင် အပြစ်ရှိသည်။

အပြစ်လွတ်ပုံ

၆-ညဉ့်ထက်မလွန်စေဘဲ ၆-ညဉ့်လောက်သာ ညဉ့်ကင်းလျှင် အပြစ်မရှိ။

အနုဝဇ္ဇသိက္ခာပုဒ် ဇာနံ-အရ

၁။ ဗိမိထက်သိက္ခာကြီးသူ၊ ၂။ ဂိလာန၊ သံဃာမှာကျေးဇူးများသဖြင့် (သို့မဟုတ်) ဝုဏ်ထူးရှိသဖြင့် သီးခြားနေရဲပေးထားသူဟုသိခြင်း။

သပ္ပါဏကသိက္ခာပုဒ်တို့လာ ဇာနံ-တို့၏ ထူးခြားပုံ-(တနသ်ာရီ ၅-တွင်ရှု)

၇။ ၁။ သာသက်သမ္မုတ- ယုံမှားဖွယ်ရှိ၏ဟု သမုတ်အပ်ရာအခါ။

၂။ သပ္ပဋိဘယ - ဘေးရန်နှင့်တကွ ဖြစ်ရာအခါ။

၃။ သတ္ထဂမနီယ- ကုန်သည်အပေါင်းနှင့် အတူသွားထိုက်ရာအခါ။

ယူရမည့်အန္တရာယ် ပညတ္တိဝိတိက္ကမန္တရာယ်ကိုယူ။

ပါဠိထောက်။ ။ ယထာ ဃေ မေ အန္တရာယိကာ မ္မာ ဝုတ္တာ ဘဂဝတာ၊ တေ ပဋိသေဝတော နာလံ အန္တရာယာယ။

ပါစိတ် ၅-မျိုး

နိဿဂ္ဂိယပါစိတ်၊ သုဒ္ဓပါစိတ်၊ ဘေဒနကပါစိတ်၊ ဆေဒနကပါစိတ်၊ ဥဒ္ဒါလနကပါစိတ်။

၅။ **အမည်**- (စစ်ကိုင်း နံပါတ် ၉-တွင်ရှု)

မကြည့်ရှုကောင်းသော နေရာ ၅-မျိုး

၁။ ရာဇာဂါရ- မင်း၏အိမ်တော်၊

၂။ စိတ္တာဂါရ- ဆန်းကြယ်သော အိမ်၊

၃။ အာရာမ- အာရာမ်၊

၄။ ဥယျာန- ဥယျာဉ်၊

၅။ ပေါက္ခရဏီ- ရေကန်။

http://www.dhammadownload.com

မပြုစိုင်းကောင်းသောသူများ

၁။ ဘိက္ခုနှိ– ဘိက္ခုနှိဉမ္မဒ္ဒါပနသိက္ခာပုဒ်၊
၂။ သိက္ခမာန်– သိက္ခမာနဥမ္မဒ္ဒါပနသိက္ခာပုဒ်၊
၃။ သာမဏေရှိ– သာမဏေရှိဉမ္မဒ္ဒါပနသိက္ခာပုဒ်၊
၄။ လူပိန်းမ– ဂိဟိနိ ဉမ္မဒ္ဒါပနသိက္ခာပုဒ်။

၆။ အာပတ်မသင့်ပါ။

ဥဇ္ဈာဏက္ခမလက္ခဏသိက္ခာပုဒ်အရ ပါရာဇိကကျပြီးသူဖြစ်၍၊ ဥဿယဝါဒိကာသိက္ခာပုဒ်အရ ဘိက္ခုနီအဖြစ်ဖြင့် တရားစွဲသည် မဟုတ်သောကြောင့် ဖြစ်သည်။

၇။ သိမ်နိမိတ် ၈–မျိုး

၁။ တောင်နိမိတ်၊ ၂။ ကျောက်နိမိတ်၊ ၃။ တောနိမိတ်၊ ၄။ သစ်ပင်နိမိတ်၊
၅။ လမ်းနိမိတ်၊ ၆။ တောင်ပို့နိမိတ်၊ ၇။ မြစ်နိမိတ်၊ ၈။ ရေနိမိတ်။

သံထွေခဲသည်လည်း ပါသာဏနိမိတ်၌ အကျုံးဝင်သောကြောင့် သံတိုင်ကို သိမ်နိမိတ် ထား၍ရသည်။
သံဃာဒိသေသ်အာပတ်သင့်သည်။

၈။ (က) ဘိက္ခုနုပသဿယသိက္ခာပုဒ် ဂိလာနအရ – ဩဝါဒခံယူခြင်း၊ ဥပုသ်နေ့မေးခြင်း၊ ပဝါရဏာပြုခြင်းဟူသော သံဃာသအကျိုးဂုဏမသွားနိုင်သောဘိက္ခုနီမကိုယူ။
ဂဏဘောဇနသိက္ခာပုဒ် ဂိလာနအရ– ဆြေထောက်များကွဲသောကြောင့်ဆွမ်းမခံနိုင် လောက်အောင် မကျန်းမာသူကို ယူ။
(ခ) ပဏီတဘောဇနသိက္ခာပုဒ် **အဂိလာန** – ပဏီတဘောဇဉ်နှင့်ကင်း၍သော်လည်း ကျန်းမာသောရဟန်းကိုယူ။
တတိယပါဠိဒေသနိသိက္ခာပုဒ် **အဂိလာန** – ဆွမ်းခံနိုင်သူကို ယူ။

၉။ မွေအရ သံဂါယနာသုံးတန်သို့ မတင်သော ရာဇဝါဒ၊ တိက္ခိန္ဒြိယ၊ စတုပရိဝတ္တန၊

http://www.dhammadownload.com

နန္ဒောပနန္ဒ၊ ကုလုမ္ဗသုတ်၊ မဂ္ဂကထာစသော မြတ်ကိုလည်းကောင်း သံဂီယနာသုံးတန် တင်သော တိပိဋကမြတ်ကိုလည်းကောင်း ယူ။

ဇာတပထဝီအဓိပ္ပါယ်

သူ့၊ မိဿက၊ ပုဥ္ဇအားဖြင့် ဥ–မျိုးလုံးသည် ဖိုခနောက်လုပ်ခြင်း၊ သပိတ်ဖုတ်ခြင်း စသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ အခြားသော အခြင်းအရာတစ်မျိုးမျိုးဖြင့် သော်လည်းကောင်း မိုးမလောင်သေးလျှင် ဇာတပထဝီဟု ခေါ်သည်။

အပြား – သုဒ္ဓပထဝီ၊ မိဿကပထဝီ၊ ပုဥ္ဇပထဝီ။

၁၀။ **ကပ်နည်း** –

ကိုယ်ပြင်ဖြစ်ဝေ၊ ကိုယ်နှင့်စပ်သော(ကိုင်ထားသော) ခွက်စသည်ဖြင့်ဖြစ်ဝေ၊ ပစ်၍ ဖြစ်ဝေ ဤသုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် ပေးခြင်းသည် ကပ်ခြင်းမည်၏။

အကပ်ခံနည်း –

ကိုယ်၏အစိတ်အပိုင်း လက်စသည်ဖြင့်ဖြစ်ဝေ ကိုယ်နှင့်စပ်သော ကိုင်ထားသောခွက် ဒုတ်စသည်ဖြင့် ခံ၍ ထိ၍ဖြစ်ဝေ ဤ ၂–မျိုးတွင် တစ်မျိုးမျိုးဖြင့် ယူခြင်းသည် အကပ်ခံသည် မည်၏။

(က) မဂဓတိုင်းရွာဖြစ်သော အစိမ်းဖြစ်သော အမြှောင့်များသောကြက်သွန်ဖြူကို လသုဏတဲ့ ခေါ်သည်။

(ခ) လက်ကတီးကြားနှင့် ကျင်ငယ်စွန့်ရာ ပသာဝမဂ်ကို သမ္မာဓေ–ဟုခေါ်သည်။

(ဂ) ဥတုလာသောအခါ ဘိက္ခုနီမတို့သုံးစွဲပါ၍ကုန် တဲ့ လျှောက်ထား၍ လှူအပ်သော ကျောက်နှိုးကို အာဝသထဝိဝရဟုခေါ်သည်။

(ဃ) ချက်အောက် ပုဆစ်ဖူးဝန်းနှစ်ဘက်တို့၏ အထက်အရပ်ကို ပသာဒ–ဟုခေါ်သည်။

http://www.dhammadownload.com

၁၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်တောင်ပိုင်း)
ပထမကြီးတန်း ။ ။ ဒွေမာတိကာ ဆာဆာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃-၄-၂၀၀၇)အင်္ဂါနေ့

၁။ ဘိက္ခုပါတိမောက် သုဒ္ဓပါစိတ် ဘောဇနဝဂ်လာ "အရှင်ဒေဒတ်" ကို အကြောင်းပြု၍ ပညတ်တော်မူသော သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးခဲ့ပါ။

၂။ နှစ်ဦးသဘောတူ သက်နှံးလဲလှယ်ပြီးနောက် ဝိဝိသက်နှံးကို ပြန်လုယူသော ရဟန်းမအား အာပတ်သင့်ပုံကို ပြဆိုသော သိက္ခာပုဒ်ကို အနက်မှန်မှန်ပေးခဲ့ပါ။

၃။ ပထမ, ဒုတိယအနိယတသိက္ခာပုဒ်တို့၌ ပါသော "ရဟော"အရတို့ကို ပါဠိအထောက်ပြ ဖြေဆိုပြီး၊ အရည ဝါသီရဟန်းတော်များ ရွာတွင်း၌ သက်နှံးထားနိုင်ရန် ပြည့်စုံရမည့် အင်္ဂါတို့ကိုလည်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပါ။

၄။ တစ်နှစ်အတွင်း အပူချိန်အမြင့်မားဆုံး အလွန်ပူရာအခါ အလွန်အိုက်ရာအခါတို့ကို တိကျစွာ ဖြေဆို၍၊ ရတနဝဂ်လာ ဆေးနကပါစိတ်ပြ သိက္ခာပုဒ်အမည်များကို ရေတွက်ပြပြီး၊ သေခိယသိက္ခာပုဒ်တို့တွင် ဘောဇနပဋိသံယုတ္တသိက္ခာပုဒ်တို့ကို သချိုင်္ဂဖော်ပြခဲ့ပါ။

၅။ ဝိဝိအလိုဆန္ဒမပါဘဲ ဗလက္ကာရအပြုခံရသော ရဟန်းမအား ပါရာဇိကကျ/မကျ အကြောင်းပြ ဆုံးဖြတ်၍၊ သတ်ထိုက်သောခိုးသူမဟုသိလျက်ရဟန်းပြုပေးရာ၌ ပန်ကြားရမည့်ပုဂ္ဂိုလ်များကို ရေးသားပြီး၊ ရဟန်းမများအတွက် ခွင့်ပြုတော်မူသော ရေသနုပ်၏ အလျားအနံ ပမာဏကိုလည်း မဇ္ဈိမပုရိသအတိုင်းအတာဖြင့် ဖော်ပြခဲ့ပါ။

၆။ ရဟန်းမများ ယောက်ျားနှင့်အတူ တစ်ယောက်ချင်းချင်း မရပ်ကောင်းသော နေရာဌာန များ ကို ရေးပြီး၊ ကုမာရိဘူတသိက္ခမာန်အား ပဉ္စင်းခံရန်ပြည့်စုံရမည့်အင်္ဂါတို့ကို ဖြေဆို၍

http://www.dhammadownload.com

သဒ္ဓိဝိဟာရိနိုတပည့်မကို ရဟန်းခံပေးခြင်းကြောင့် ဆရာတပည့်နှစ်ဦးသားတို့ လိုက်နာရမည့် ကျင့်ဝတ်တို့ကိုလည်း ဖြေဆိုခဲ့ပါ။

၇။ ကျောင်း၌ ကြောင်ထီး, ကြောင်မ နှစ်ကောင်မွေးပြီး တစ်ပိုးတစ်ရံတည်းအတူအိပ်သော ရဟန်းအား အာပတ်သင့်ပုံကို ကျွန်တော် ခွဲခြားဖြေဆိုရ၌ (က) မိဘသေ၍ရင်ဘတ်စည်တီးငိုသော ဘိက္ခုနီမ၊ (ခ) ပစ္စည်းဥစ္စာပျောက်၍ ငိုသောဘိက္ခုနီမ၊ (ဂ) ဝေဒနာနှိပ်စက်၍ ငိုသော ဘိက္ခုနီမတို့အား သင့်ရောက်သောအာပတ်တို့ကို မှန်ကန်စွာ ဆုံးဖြတ်ခဲ့ပါ။

၈။ ''ဧကာဟံ ဇိဝိတံ သေယျော၊ ဝိရိယမာရဘတော ဒဠှံ'' စသည်ဖြင့် တရားဟောရာ၌ မရဏသံဝဏ္ဏနာဖြစ်/မဖြစ် အကြောင်းပြစီစစ်ဖြေဆိုရ၌ သံဃာ့အလယ်၌သာ စွန့်ရသော နိဿဂ္ဂိယပစ္စည်းများကို ရေးပြီးလျှင်၊ ပထမဆုံးအနုပညတ်ရထိုက်သော သေခိယသိက္ခာပုဒ် ကိုလည်း အမည်မျှဖော်ပြခဲ့ပါ။

၉။ ဒွေမာတိကာလာ (က) ပုရေဘတ္တာ, ပစ္ဆာဘတ္တာတို့၏အထူး၊ (ခ) ဝိကာလသဒ္ဒါ သုံးခုတို့၏ ထူးခြားချက်ကို ကခဋီအဋ္ဌကထာလာသည့်အတိုင်း ခွဲခြား၍ ရေးသားပြီးလျှင်၊ ရဟန်းမအား သံဃာဒိသေသ်အာပတ်ကို ကုစားရာ၌ ပရိဝါသ်မနေရဘဲ ပက္ခမာနတ်သာ ကျင့်ရခြင်း အကြောင်းကိုလည်း ဖြေဆိုပြပါ။

၁၀။ ပုသာဒေဇာတံ–၌ ပသာဒမည်သောအရပ်ကိုလည်း ကခဋီအလိုကျ တိကျမှန်ကန်စွာ ဖြေဆိုရ၌ ပါရိဝါသိကဆန္ဒဒါနေနှင့် ပါရိဝါသိက သရုပ်ကို ထုတ်ပြပြီးလျှင်၊ ဘိက္ခုနီပထမပါဇိုဒေသနိယသိက္ခာပုဒ်၏ အနုပညတ်ကိုလည်း ရေးသား ဖော်ပြခဲ့ပါ။

၁၄။ ရှမ်းပြည်နယ်တောင်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဂဏဘောဇနသိက္ခာပုဒ်ကို ပါဠိရေးလေ)။

http://www.dhammadownload.com

၂။ (ဘိက္ခုနှိ စိဝရပရိဝတ္တနသိက္ခာပုဒ်ကို အနက်ရေးလေ)။

၃။ ရတောအရ– (ရခိုင် နံပါတ် ၃–၌)

ပြည့်စုံရမည့်အင်္ဂါ

၁။ ဥပဝသ –ပုဂိုလ်ဝါကျတ်သူဖြစ်ခြင်း၊

၂။ ကတ္တိကပုဏ္ဏမ– တန်ဆောင်မုန်းလဖြစ်ခြင်း၊

၃။ အာရညက – လေးအပြန်ဝါးရာထက်မနီးဖေသာ တောရကျောင်းဖြစ်ခြင်း၊

၄။ သာသက်သမ္မတသပ္ပဋိဘယ – ယုံမှားဖွယ်ရှိ၏ဟုသမုတ်အပ်သောဘေးရန်နှင့် တဲကွဖြစ်ခြင်း။

၄။ အလွန်ပူရာအင်္ဂါ–

နယုန်လဆန်း ၁–ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ နွေဥတုအဆုံး ၁–လခွဲ။

အလွန်အိုက်ရာအင်္ဂါ–

ဝါဆိုလပြည့်ကျော် ၁–ရက်နေ့မှစ၍ ဝါဆေးလပြည့်အထိ မိုးဥတု ပထမ ၁–လ။

ဆေးနာကြီးအမည်များ– (မွန်ပြည်နယ် နံပါတ်(၃)တွင်၌)

သင်္ချာ – ၃၀–ဖြစ်သည်။

၅။ ဆန္ဒသော–ဟုဇ်ဟောတော်မူခြင်းကြောင့် ပါရာဇိကာမကျူပါ။

ပန်ကြားရမည့်ပုဂ္ဂိုလ်များ– (ကယားပြည်နယ် နံပါတ် ၅–၌)

ရေသနုပ်ပမာဏ–

မြတ်စွာဘုရား အထွာတော်အားဖြင့် အလျား ၄–ထွာ၊ အနံ ၂–ထွာ။

၆။ အလင်းရောင်မရှိသောနေရာ၊ နံ့ရံစသည်ဖြင့် ဖုံးလွှမ်းအပ်သောအရပ်၊ လွှင့်ပစ်ရန်ဆေးအရပ်၊ ရထားသွားလောက် ထုတ်ချင်းပေါက်သောလမ်း၊ ထုတ်ချင်းမပေါက်သောလမ်း၊ လမ်းဆုံလမ်းခွတို့ ဖြစ်သည်။

http://www.dhammadownload.com

ပြည့်စုံရမည့်အတိုင်

၁။ အသက် ၂၀–ပြည့်သူဖြစ်ခြင်း။

၂။ ပါဏာတိပါတာ–စသော ၆–ပါးသောသိက္ခာပုဒ်တရားတို့ကို ၂–နှစ်ဖြည့်ကျင့်ပြီးခြင်း။

၃။ ဝုဋ္ဌာနသမ္မုတိရပြီးခြင်း။

ဆရာလိုက်နာရမည့်ကျင့်ဝတ်–(မကွေး နံပါတ် ၅–တွင်ရှု)

တပည့်လိုက်နာရမည့်ကျင့်ဝတ်–

ပဋိဉာဉ်ခံပေးသော ဥပဇ္ဈာယ်မကို ၂–နှစ်ပတ်လုံးအစဉ်လိုက်၍ လုပ်ကျွေးရခြင်း။

၅။ ကြောင်ထီးနှင့် ၃–ညဉ့်ထက်အလွန် အတူအိပ်သော ရဟန်းအား ပထမသဟသေယျ သိက္ခာပုဒ်အရ ပါစိတ်အာပတ်၊

ကြောင်မနှင့် တစ်ညဉ့်မျှအတူအိပ်လျှင် ဒုတိယသဟသေယျသိက္ခာပုဒ်အရ ဒုက္ကဋ်၊ ၃–ညဉ့်ထက်အလွန်အိပ်လျှင် ပထမသဟသေယျသိက္ခာပုဒ်အရ ပါစိတ်အာပတ်။

(က) ပါစိတ်၊ (ခ) အာပတ်မသင့်၊ (ဂ) အာပတ်မသင့်။

၈။ ဣတိ စိတ္တ မနော စိတ္တသင်္ကပ္ပေါ–ပါဠိဖြင့် သေစေလိုသော စိတ်စေတသိကပါမှ ချီးမွမ်းရာရောက်သောကြောင့် ''ဇကာဟံ ဇိဝိတံ သေယျော၊ ဝိရိယ မာရာဘောဒ္ဓံ'' စသည်ဖြင့် တရားဟောရာ၌ သေစေလိုသောစေတနာ မရှိသောကြောင့် မရဏာသံ–ဝဏ္ဏနာမဖြစ်ပါ။

နိဿဂ္ဂိယပစ္စည်းများ – သပိတ်၊ ဇွဲ၊ ငွေ။

အမည် – သူပေါဒနဝိညတ္တိသိက္ခာပုဒ်။

၉။ (က) စာရိတ္တသိက္ခာပုဒ်၌ ပင့်ဖိတ်အပ်သော ဆွမ်းကို မစားမှီကာလသည် **ပုရေဘတ္တ**မည်သည်၊ စားအပ်ပြီးသော ကာလသည် **ပစ္ဆာဘတ္တ**မည်သည်။ (ဘိက္ခု)

အနာပုစ္ဆာပဟ္ကနသိက္ခာပုဒ်၌ အရဏ်တက်ချိန်မှ မွန်းတည့်ချိန်အထိ ကာလသည် ပုရေဘတ္တမည်သည်၊ အနာပုစ္ဆာအဘိနိသီဒနသိက္ခာပုဒ်၌မူ နံနက်ရောအခါမှ နေဝင်သည်အထိ ကာလသည် **ပစ္ဆာဘတ္တ**မည်သည်။ ဤသို့ ထူးပါသည်။ (ဘိက္ခုနီ)

http://www.dhammadownload.com

(ခ) ဝိကာလ ၃–မျိုး (တနင်္သာရီ နံပါတ် ၁၀–ရှ)
ပက္ခမာနတ်သာကျွင်းတွင်းရကြောင်း–(ကရင် နံပါတ် ၉–တွင်ရှ)

၁၀။ ချက်အောက် ပုဆစ်ခူးဝန်းနှစ်ဘက်၏အထက်အရပ်သည် ပသာခမည်သည်။
ပရိတ်သိတသရုပ်–
၁။ ပရိသပါရိတ်သိက၊ ၂။ ရတ္တိပါရိတ်သိက၊
၃။ ဆန္ဒပါရိတ်သိက၊ ၄။ အဏ္ဏာသယပါရိတ်သိကအားဖြင့် ၄–ပါး။
အနုပညတ်– အဂိလာနာ။

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်မြောက်ပိုင်း)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာ ဘာသာ
၁၃၆၈–ခု၅၀၊ ဧခေါင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃–၄–၂၀၀၇)အင်္ဂါနေ့

၁။ ဘိက္ခု သုဒ္ဓပါစိတ်အာပတ်တို့တွင် ဥတ်ကမ္မဝါစာဖြင့် သုံးကြိမ်တိုင်အောင် ဆုံးမခြင်းကို မနာယူမှ အာပတ်သင့်သော သိက္ခာပုဒ်ကို ပါဠိရေးပါ။

၂။ ဘိက္ခုနီ သုဒ္ဓပါစိတ်အာပတ်တို့တွင် ဥတ်ကမ္မဝါစာဖြင့် သုံးကြိမ်တိုင်အောင် ဆုံးမခြင်းကို မနာယူမှ အာပတ်သင့်သော သိက္ခာပုဒ်ကို အနက်မှန်စွာ ယောဇနာပါ။

၃။ ဖိဖိသင့်ရောက်ပြီးသော သံဃာဒိသေသ်အာပတ်ကို ဖြူစင်အောင် မည်သို့ကျင့်ဆောင်သင့်သည်ကို ပြပြီး၍ ပဋ္ဌာန်ရစ်သားမဟုတ်သည့် ရဟန်းတော်များ ရေရှိုးနိုင်သော ကာလများကို ပြေဆိုပြီး။ သစ်သီး , ပဲ, မုန့်စသည်ကို ဟတ္ထပါသ်အတွင်း ပယ်ပြစ်ခဲ့သော ပဝါရိတ်သင့်, မသင့် ဝိနည်းတော်နှင့်အညီ ဆုံးဖြတ်ခဲ့ပါ။

၄။ အဓွေကစီဝရသိက္ခာပုဒ်ဖြင့် ညွှန်ပြအပ်သော အချက်များကိုဖော်ပြပြီးလျှင်၊ သံဃိကကျောင်းနှင့်ပတ်သက်၍ သိထိုက်သော အချက်များကိုလည်း သိက္ခာပုဒ် အထောက်ပြပြေဆိုပါ။

http://www.dhammadownload.com

၅။ အဘယ်ကဲ့သို့သောဆွမ်းခံခြင်းမျိုးကို "ပတ္တသညိပဋိဂ္ဂဟဏ" ဟုခေါ်ဆိုပါသနည်းရှင်းပြပြီးလျှင်၊ သက်နှံးမရှံတဲ့ မြို့ရွာတွင်း၌ ခေတ္တတည်းခိုနေထိုင်သော ရဟန်းအားလည်းကောင်း၊ ဖိဖိပိုင်ဆိုင်သော သောက်ရေဂွက်ကို ဆွမ်းစသော အညစ်အကြေး လိမ်းကျံသောလက်ဖြင့် ကိုင်သော ရဟန်းအားလည်းကောင်း အာပတ်သင့်, မသင့် ပါဠိအထောက်ပြ ဖြေဆိုပါ။

၆။ အောက်ပါ ရဟန်း/ ရဟန်းမတို့အား သင့်ရောက်သော အပြစ်တို့ကို သိကွာပုဒ်အမည်ဖြင့် ယှဉ်တွဲဖြေဆိုပါ–

(က) ဆွမ်မျိုးမတော်သောရဟန်းမအား သက်နှံးပေးသောရဟန်း၊

(ခ) မာတုဂါမနှင့် မျက်စိကွယ်ရာ၌ နေသောရဟန်း၊

(ဂ) သီချင်းဆိုသောရဟန်းမ၊

(ဃ) လူတို့၏ကိစ္စကို ဆောင်ရွက်သောရဟန်းမ၊

(င) နှစ်စဉ်နှစ်တိုင်းရဟန်းခံပေးသော ရဟန်းမ။

၇။ သံဃာနှင့်အတိရေကဝိသတိဝက္ကသံဃာတို့၏ သဘောသွားအဓိပ္ပါယ်ကို ရှင်းပြပြီးလျှင်၊ ပကတတ်ရဟန်း၏ အဓိပ္ပါယ်နှင့် ပကတတ်ရဟန်း၏အဖြစ်၌ မပါဝင်သင့်သော သက်နှံးဝတ်များ ကိုလည်း ထုတ်ပြပါ။

၈။ သံဃဘောဇကရဟန်း၏ အလိုတူရဟန်းလေးပါတို့အား ကံပြုလျှက်ဆုံးမသင့်/မဆုံးမသင့်ကို ရှင်းပြ၍၊ ကျောင်းသုံးလျှအပ်သော အိပ်ရာခင်း ခေါင်းအုံး စသည်များကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲ သုံးအပ်/မသုံးအပ်ကိုလည်းကောင်း၊ ဖိဖိရှိပြီးသော တရားထူးများကို ပြောပြသင့်/မပြောသင့်သော ပုဂ္ဂိုလ်များကိုလည်းကောင်း ရှင်းလင်းဖြေဆိုခဲ့ပါ။

၉။ သစ်ပင်ခုတ်ခြင်း, မြေတူးခြင်းတို့ကို ကိုယ်တိုင်ပြုလုပ်သော်လည်း ပထဝီခဏန, ဘူတဂါမ သိကွာပုဒ်တို့အရ အာပတ်မသင့်ဘဲ အာပတ်အပြစ်မှ ကင်းလွတ်ခွင့်ရသော အရေးပေါ်အကြောင်းနှင့် ပြုလုပ်ခွင့်ရရာ အချိန်အခါကို ဖြေဆိုပြီးလျှင်၊ ဖိဖိအကျိုးဌာ ဇရွေ, ငွေကို

http://www.dhammadownload.com

ကိုင်တွယ် သိမ်းဆည်းထားသောရဟန်းနှင့် စေတီ, သံဃာစသည်အကျိုးငှာ ရွှေ, ငွေကို ကိုင်တွယ်သိမ်းဆည်းထားသော် ရဟန်းတို့၏ သင့်သော အာပတ်တူ/မတူ ဆုံးဖြတ် ပြခဲ့ပါ။

၁၀။ ဂဏာနုပိကာအာပတ်နှင့် အဂဏာနုပိကာအာပတ်မည်ပုံတို့ကို ကခ်ီအာဘော်ကျ ရှင်းပြပြီးလျှင်၊ အာသန္နိနှင့် ပလ္လင်္ကတို့၏ သဘောအဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

၁၅။ ရှမ်းပြည်နယ်မြောက်ပိုင်း (အဖြေ)
ပထမကြိမ်တန်း ။ ။ ဒွေမာတိကာဆာသာ

၁။ (အရိဋ္ဌသိက္ခာပုဒ်ကို ပါဠိဖြေရေးလေ)။

၂။ (တုဝဋ္ဋဝဂ် သံသဋ္ဌသိက္ခာပုဒ်၊ အရိဋ္ဌသိက္ခာပုဒ်တို့ကို အနက်ရေးလေ)။

၃။ ကျင့်ဆောင်ပုံ ~ (ပဲခူးအရွှေ့ နံပါတ် ၃-ရှ)

ရေချိုးနိုင်သောကာလ —

၁။ ဥဏှသမယ-ပူရာအခါ။

၂။ ပရိဠာဟသမယ - အိုက်ရာအခါ။

၃။ ဂိလာနသမယ - မကျန်းမာရာအခါ။

၄။ ကမ္မသမယ - အလုပ်လုပ်ရာအခါ။

၅။ အဒ္ဓါနသမယ- အဝှန့်ရှည်သောခရီးသွားရာအခါ။

၆။ ဝါတဝုဋ္ဌိသမယ- လေမိုးကျရာအခါ တို့ဖြစ်သည်။

သစ်သီး၊ ပဲတို့သည် ဘောဇဉ်၌ မပါဝင်သောကြောင့် ပဝါရိတ်မသင့်။

မုန့်သည် ဘောဇဉ်၌ ပါဝင်သောကြောင့် ပဝါရိတ်သင့်သည်။

၄။ သီတင်းကျွတ်လဆန်း ၅-ရက်နေ့၌ အစွေကသက်နန်းပြစ်ပေါ်လျှင် ထိုသက်နန်းကို အစွေကဟု သိသောရဟန်းသည် ခံယူနိုင်ကြောင်း ခံယူပြီးနောက်သက်နန်းကာလကုန်

http://www.dhammadownload.com

အောင် အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲထားနိုင်ကြောင်း ထို့ထက်အလွန် အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ ထားလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်ကြောင်း ပြသည်။

သိထိုက်သောအချက်များ

၁။ ဒုတိယသေနာသနသိက္ခာပုဒ်အရ အိပ်ရာနေရာကို ကိုယ်တိုင်ခင်း၍လည်းကောင်း သူတပါးကို ခင်းခိုင်း၍လည်းကောင်း ဖဲသွားသောအခါ ထိုအိပ်ရာနေရာအခင်းကို ကိုယ်တိုင်သော်လည်းကောင်း သူတပါးကို ခိုင်း၍လည်းကောင်း မသိမ်းလျှင် ပါစိတ်အာပတ်သင့်သည်။

၂။ အနုပခဇ္ဇသိက္ခာပုဒ်အရ သီတင်းကြိုး သူနာ သံဃာပေးသောသူဟုသိလျှက် ရှေးဦး စွာကပ်ရောက်နေနှင့်သော ရဟန်းကိုတိုးဝှေ့နေလျှင် ပါစိတ်အာပတ်သင့်သည်။

၃။ ဝေဟာသကဋ္ဌသိက္ခာပုဒ်အရ အထက်တွင် ပျဉ်မခင်း၍ ဟင်းလင်းအပြင်ရှိသော သံဃိကကျောင်း၌ အပေါင်း၌ အခြေတပ်သောညောင်စောင်း အင်းပျဉ်ကို ဖိ၍ထိုင်/ အိပ်လျှင် ပါစိတ်အာပတ်သင့်သည်။

၅။ ဆွမ်းခံနေခိုက်ဝယ် တောင်ကြည့်, မြောက်ကြည့်မကြည့်ဘဲ မိမိ၏ သညာကို သပိတ်၌သာ ထား၍ ဆွမ်းခံခြင်းကို ပတ္တသညိ ပဋိဂ္ဂဟဏဟု ခေါ်ပါသည်။

အာပတ်မသင့်ပါ။

ပါဠိအထောက်- သုပ္ပဋိဋ္ဌေနော အန္တရဃရေ နိသိဒိဿာမိတိ သိက္ခာ ကရဏီယာ။

အာပတ်သင့်သည်။

ပါဠိအထောက်- နော သာမိသေန ဟတ္ထေန ပါကာိယတ္ထာလကံ ဂဟေဿာမိတိ သိက္ခာ ကရဏီယာ။

၆။ (က) ပါစိတ်အာပတ် - စိတ္တရုန်သိက္ခာပုဒ်။

(ခ) ပါစိတ်အာပတ် - ရဟောပဋိစ္ဆန္နသိက္ခာပုဒ်။

(ဂ) ပါစိတ်အာပတ် - နစ္စဂီတသိက္ခာပုဒ်။

(ဃ) ပါစိတ်အာပတ် - ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်။

(င) ပါစိတ်အာပတ် - အနုဝဿသိက္ခာပုဒ်။

http://www.dhammadownload.com

၇။ **သံဃာ** – သာမည ပုထုဇဉ် အရိယာပုဂ္ဂိုလ်အပေါင်း၊
အတိရေကတိသတိဝဂ္ဂသံဃာ–
အရေအတွက် ၂၀–ထက်ကျော်လွန်သော သမ္မုတိသံဃာ။
သီလပျက်စီးမှုမရှိဘဲ ပင်ကိုယ်အတိုင်းသီလရှိသူသည် ပကတ်ရဟန်းမည်သည်။
မဟိဝင်သင့်သောသက်နိုးဝတ်ပျား–
ပါရာဇိကကျသူနှင့် ဥက္ခိတ္တကပုဂ္ဂိုလ် ခုနှစ်ယောက်။

၈။ သံဃာအချင်းချင်း နိဂ္ဂဟကံ မပြုနိုင်သောကြောင့် မဆုံးမသင့်၊
အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ သုံးကောင်းပါသည်။
သာသနာတော်၏မွန်မြတ်ကြောင်းကို အားကျစေလိုလျှင် ဘိက္ခု ဘိက္ခုနီတို့အား ပြောပြသင့်သည်၊ လူ သာမဏေတို့အား လုံးဝပြောမပြသင့်။

၉။ **အရေးပေါ်အကြောင်း**– မြွေကိုက်ခြင်း အကြောင်း။
အဲချိန်အခါ –
ထိုမြွေကိုက်ခြင်းအကြောင်းကြောင့် ကပ္ပိယကာရက မရှိခဲ့သော် ထိုမြွေကိုက်နာကို ပြာပြုလိုရာအခါ။
ဝိဓိအကျိုးငှာ ရွှေ, ငွေကို ကိုင်တွယ်သိမ်းဆည်းထားလျှင် နိဿဂ္ဂိယပါစိတ်။
သံဃာ, စေတီ စသည်အကျိုးငှာ ကိုင်တွယ်သိမ်းဆည်းထားလျှင် ဒုက္ကဋ်အာပတ်။

၁၀။ နောင်မကျူးလွန်တော့အံ့ဟု နှလုံးသွင်း၍နိုင်ကွေပြုပြီး ဒေသနာကြားသော အာပတ်သည် ဂဏနူပိကာ အာပတ်မည်၏။
အာပတ်သင့်ပြီးနောက် နောက်ထပ်လည်း အခြားဝတ္ထုသို့ ရောက်ဦးအုံ့ဟု ဥဿာဟ နှင့်တကွ ဒေသနာကြားသော အာပတ်သည် အဂဏနူပိကာ အာပတ်မည်၏။
အာသန္နိ– လက်ရှစ်သစ်ထက်လွန်သော ပမာဏအဆေရှိသော ခုံအမြင့်ကို ခေါ်ပါသည်။
ပလ္လင်– ပြောင်းရွှေ့၍ရနိုင်သော သားရဲရုပ်ဖြင့်ပြုအပ်သော ပလ္လင်ကို ခေါ်သည်။

http://www.dhammadownload.com

၁၆။ ပထမပြန်စာပေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်အရှေ့ပိုင်း)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၆၀-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂-ရက်(၃-၄-၂၀၀၇)အင်္ဂါနေ့။

၁။ ဥက္ခိတ္တကရဟန်းအဖြစ်ကိုသိလျက် ဖိစ္ဆာအယူရှိသောရဟန်းနှင့် အတူတကွ ကံကြိုး, ကံငယ်စသည်ကို ပြုသော ရဟန်းအား သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးပြပါ။

၂။ သတ်ထိုက်သော ခိုးသူမကို ဘိက္ခုနီသံဃာစသည်ကို မပန်ကြားဘဲ ဘိက္ခုနီပြုပေးသော ဥပဇ္ဈာယ်ဆရာမအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို အနက်ပေးပြပါ။

၃။ တတိယပါရာဇိကသိက္ခာပုဒ်၌ ပရိယာယ်ဖြင့်ပြောကြားလျှင် အပြစ်သင့်ကြောင်းကို မည်သည့်ပါဠိများအား ထောက်ဆ၍ သိရပါသနည်း ဖြေဆိုပြီး၊ အမှုလကခွေဝ တံ အဓိ-ကရဏံ ဟောတိ-၌ အဓိကရဏ-အရကိုလည်း တိကျစွာ ဖြေဆိုခဲ့ပါ။

၄။ ပထမကထိနသိက္ခာပုဒ်၌ အနုပညတ်ချက်ကို ပြဆိုပြီးလျှင်၊ အညာတကဝိညတ္တိသိက္ခာပုဒ်၌ အညတြ သမယာ-ဝယ် သမယအရကိုလည်း ကျမ်းရင်းလာအတိုင်း ဖြေဆိုခဲ့ပါ။

၅။ ပါတိမောက်၌ တိုက်ရိုက်လာသော မုသာဒါဒသိက္ခာပုဒ်တို့ကို ရေတွက်ပြ၍၊ မြတ်စွာဘုရား ၏ သက်နှံးတော်ပမာဏကို ဗုဒ္ဓ၊ မဇ္ဈိမ၊ ပကတိပုရိသ ပုဂ္ဂိုလ်အလိုက် ခွဲခြားပြပါ။

၆။ အောက်ဖော်ပြပါ ရဟန်းမတို့အား သင့်ရောက်သော အပြစ်များကို သိက္ခာပုဒ်အမည် တပ်၍ ဆုံးဖြတ်ပြပါ-
(က) လိုချင်သော ဝတ္ထုကို တောင်းပြီး အခြားဝတ္ထုကို ထပ်တောင်းသော ရဟန်းမ၊
(ခ) ဇာတ်ပွဲ ရုပ်ရှင်ကြည့်ရန်သွားသော ရဟန်းမ၊

http://www.dhammadownload.com

(ဂ) ဝိုးရာသီ၌ ခရီးထွက်သောရဟန်းမ၊

(ဃ) ကိုယ်ဝန်သည်မကို ဘိက္ခုနီပြုပေးသော ရဟန်းမ၊

(င) ခွင့်မတောင်းဘဲ ရဟန်းကို ပြဿနာပေးသောရဟန်းမ။

၇။ သင်္ကန်းကို ဝိကပ္ပနာပြုသဖြင့် မည်သည့်အကျိုးတရားကို ရပါသနည်း ဖြေဆိုပြီးလျှင်၊ ဒုဋ္ဌုလ္လသိက္ခာပုဒ်လာ ဒုဋ္ဌုလ္လအပြစ်၊ အဒုဋ္ဌုလ္လအပြစ်တို့ကိုလည်း ကခဏီအလိုက် ခွဲခြားဖြေဆိုပါ။

၈။ သေခိယသိက္ခာပုဒ်များကို ''ယော ပန ဘိက္ခု ဩလမွေန္တော နိဂ်ိသေယျ ဒုက္ကဋံ'' ဟု အာပတ်အမည်တပ်၍ မဟောကြောင်းခြင်းအကြောင်းကို ဖြေဆို၍၊ သေခိယ ဘောဇန ပဋိသံ-ယုတ္တသိက္ခာပုဒ်ပေါင်း မည်မျှရှိသည်ကိုလည်း ဝဂ်အလိုက် သချှာမျှ အသီးသီး ဖော်ပြခဲ့ပါ။

၉။ ဘိက္ခုနီမများ အဘယ်ကြောင့် ပက္ခမာနတ်သာ ကျင့်ရသည်ကို ကခဏီလာအတိုင်း ဖြေဆိုပြီးလျှင်၊ ရတ္တာန္ဓကာရသိက္ခာပုဒ်၌ အပွဒီပ၊ ပုရိသအရတို့ကိုလည်း ကောက်ပြခဲ့ပါ။

၁၀။ ဂဏ၊ ပူဂနှင့် သေဏိ သုံးပုဒ်တို့၏ အဓိပ္ပါယ်ထူးခြားပုံများကို ကခဏီအလိုက် ဖြေဆိုပြခဲ့ပါ။

၁၆။ ရှမ်းပြည်နယ်အရှေ့ပိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်ကို ပါဠိဖရေးလေ)။

၂။ (ဘိက္ခုနီသံဃာဒိသေသ် စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်ကို အနက်ရေးလေ)။

၃။ မရဏာဝဏ္ဏံ သံဝဏ္ဏေယျ၊ အမ္ဘော ပုရိသ ကိ် တုယှိမိနာ ပါပကေန ဒုဋ္ဌိဝိတေန မတံ တေ ဇီဝိတာ သေယျော-ဟူသော ပါဠိများကို ထောက်၍ သိရသည်။

အဓိကရဏ-အရ ပါရာဇိကဟူသော အာပတ္တာဓိကရဏကို ယူရမည်။

http://www.dhammadownload.com

၄။ အသာဟပရမံ-ဖြစ်ပါသည်။
သမယ-အရ သက်နှံးကို ရိုးသုံလုယက်ရာအခါ။
သက်နှံးပျောက်ပျက်ရာအခါ။

၅။ ၁။ စတုတ္ထပါရာဇိကသိက္ခာပုဒ်။ ၂။ ဒုဋ္ဌဒေါသ သိက္ခာပုဒ်။
၃။ အမူလကသိက္ခာပုဒ်။ ၄။ မုသာဝါဒသိက္ခာပုဒ်။

ပမာဏ-

ဗုဒ္ဓ - အလျား ၉-ထွာ၊ အနံ ၆-ထွာ။
မဇ္ဈိမ- အလျား ၂၇-ထွာ၊ အနံ ၁၈-ထွာ။
ပကတိ - အလျား ၄၀-ထွာခွဲ၊ အနံ-၂၇။

၆။ (က) နိဿဂ္ဂိယ်ပါစိတ် - အညဝိညာပနသိက္ခာပုဒ်၊
(ခ) ပါစိတ် - နစ္စဂီတသိက္ခာပုဒ်၊
(ဂ) ပါစိတ် - အဇ္ဈောဝသသိက္ခာပုဒ်၊
(ဃ) ပါစိတ် - ဂဗ္ဘိနီသိက္ခာပုဒ်၊
(င) ပါစိတ် - ပဥ္စာပုဉ္ဆ နသိက္ခာပုဒ်။

၇။ သိဒ္ဓိုးသိမ်းဆည်းထားသင့်သော အကျိုးရပါသည်။
ဒုဋ္ဌုလ္လအပြစ် - သံဃာဒိသေသ်၊
အဒုဋ္ဌုလ္လအပြစ် - ထုလ္လစ္စည်းစသော လဟုကာအာပတ် ၅-ပုံ။

၈။ စာရိတ္တဝိနည်းဖြစ်ကြောင်းကို ပြလိုသောကြောင့် အာပတ်နာမည်တစ်၍ မဟောပါ။

သရီရာ-

ခမ္မကတဝဂ်	၄-ပုဒ်၊
သက္ကစ္စဝဂ်	၁၀-ပုဒ်၊
ကဗ္ဗဝဂ်	၁၀-ပုဒ်၊
သရသုရဝဂ်	၆-ပုဒ်။ ပေါင်း-၃၀။

http://www.dhammadownload.com

၉။ ဘိက္ခုနိုအား အာပတ်ကိုဝိုးလွှမ်းသော်လည်း ပရိတ်သမည်သည်မရှိ ဝိုးလွှမ်းခြင်းကြောင့်လည်း ဒုက္ကဋ်အာပတ်သို့မရောက်၊ ထို့ကြောင့် ပက္ခမာနတ်သာ ကျင့်ရသည်။
အပ္ပဒီပ– အရ ဆီမီးရောင်, နေရောင်, လရောင်, မီးဖိုမှ မီးစသော အရောင်အလင်း။
ပုရိသ– အရ
အတူတကွ ရပ်တည်ခြင်း အတူတကွ စကားပြောခြင်းကို သိသော ယောကျ်ား။

၁၀။ **ဝဏ္ဏ**–
ဗိသနိုးကို ကိုးကွယ်ဆည်းကပ်သူအပေါင်း ကဒဲနတ်ကို ကိုးကွယ်ဆည်းကပ်သူအပေါင်း၊
ပူဂ– တရားရှိသော ဗုဒ္ဓသာသနာကို ကိုးကွယ်သူအပေါင်း၊
သေဏိ– နို့သာကုန်သည် အထည်ကုန်သည်စသည်အပေါင်း။

၈ရား ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရောဝတီတိုင်း)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၈)ရက်၊ (၂၅–၃–၂၀၀၇)တနင်္ဂနွေနေ့

၁။ တမန်ပြင့် သင်္ကန်းဗိုးလာလျှုရာ၌ သင်္ကန်းကို အလိုရှိသော ရဟန်းက ဝေယျာဝစ္စကို ပြုလုပ်သော ကပ္ပိယကာရကကို ညွှန်ပြသောအခါ၊ တမန်ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စအဝဝကို ပြဆိုသော ပဋိဝေကားရပ်နှင့် မာတုဂါမနှင့် အတူတကွ တိုင်ပင်ပြီး ဘုရားဖူးသွားသော ရဟန်း အပြစ်သင့်ရောက်ပုံပြ ပါဠိစကားရပ်တို့ကို ပါဠိသင်္ကသင်္ကရေးပါ။

၂။ အောက်ပါတို့ကို အနက်ယောဇနာပါ–
(က) ဘိက္ခုနိမ၏ ရေသနုပ်(ဥဒကသာဋ္ဌိက)အတိုင်းအတာပမာဏနှင့် အပြစ်သင့်ပုံကို ပြဆိုသောသိက္ခာပုဒ်၊
(ခ) ဘိက္ခုနိများ မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ် မပေးကောင်းသော ပုဂ္ဂိုလ်များကို ပြဆိုသောသိက္ခာပုဒ်၊

http://www.dhammadownload.com

၃။ (က) မဟာပေသကာရသိက္ခာပုဒ်လာ ရဟန်း၏ စီမံပုံအခြင်းအရာ၊
(ခ) မဖွဲ့မဒေသဋ္ဌရေရှိးခွင့်ရရာ အချိန်ကာလတို့ကို ပြန်မာဘာသာဖြင့် တိကျစွာ ရေးသားဖော်ပြခဲ့ပါ။

၄။ ရဟန်းတစ်ပါးသည် မိမိနေရာကျောင်းဆောင်အတွင်း၌ ဒါယကာတို့မေ့ကျန်ခဲ့သော အဝတ် အထည်များကို တွေ့လျှင် ဆောင်ရွက်ရမည့်ဝတ္တရားများကို ဖော်ပြ၍ ရှင်ငယ် ရဟန်းငယ် တို့အဖို့ အသက်သိက္ခာငယ်ရွယ်မှုကြောင့် သိက္ခာပုဒ်ပညတ်ချက်များမှ လွတ်မြောက်ခွင့် ရှိ/မရှိ ပါတိမောက် ပါဠိတော်သာဓက ဖော်ပြလျက် ဆုံးဖြတ်ခဲ့ပါ။

၅။ သုဒ္ဓပါစိတ်၌ မာတုဂါမများနှင့် ပတ်သက်၍ တိုက်ရိုက်တားမြစ်ထားသော တားမြစ်ချက်တို့ကို ကုန်စင်အောင် ဖော်ပြခဲ့ပါ။

၆။ ဘိက္ခုနီမများ ယောက်ျားတစ်ဦးနှင့် နှစ်ယောက်တည်း မနေသင့်သော အရပ်တို့ကို ကျမ်းရင်း လာအတိုင်း ဖော်ပြ၍ ဘိက္ခုနီမများ ကျန်းမာရေးကောင်းပါလျက် တောင်း၍ မစားအပ်သည့် ဝတ္ထုပစ္စည်းတို့ကိုလည်း ပါဠိဒေသနိမှ ထုတ်ပြခဲ့ပါ။

၇။ တွဲတိ စိတ္တသက်ပွေါ–ဟူသော ဝိနယပါဠိ၏ အဓိပ္ပါယ်ကို ပြည့်စုံစွာ ဖြေဆိုပြီးလျှင်၊ ပါရာဇိက (၂၄)ပါးတို့တွင် ထေယျသံဝါသကပုဂ္ဂိုလ်၏ ပါရာဇိကမည်ရခြင်းအကြောင်းကိုလည်း ရှင်းလင်းဖြေဆိုပါ။

၈။ အတ္တကာမပါရိစရိယသိက္ခာပုဒ်လာ အောက်ပါစကားရပ်တို့၏အဓိပ္ပါယ်တို့ကို ကခဏလာ အတိုင်း ဖြေဆိုပါ–
(က) ကာမပါရိစရိယ၊ (ခ) အတ္တကာမပါရိစရိယ၊ (ဂ) သီလဝန္တ၊
(ဃ) ဗြဟ္မစာရီ၊ (င) ကလျာဏဓမ္မ။

၉။ အနုပခ္ခသိက္ခာပုဒ်၌ သံဃာကသမုတ်၍ ဦးစားပေးနေရာချထားသင့်သည့် ရဟန်းတို့ကို

http://www.dhammadownload.com

ဖော်ပြ၍၊ ရဟန်းမတို့အား ဆုံးမသြဝါဒပေးမည့် ဘိက္ခုနောဝါဒကရဟန်း၌ ရှိသင့်သော အင်္ဂါရပ်တို့ကိုလည်း ရေးပါ။

၁၀။ ဘိက္ခုနိပါတိမောက် ဥဒ္ဒေဟဂဏမဂ္ဂလိကသိက္ခာပုဒ်၌ ပုရိသဿအရ မည်သည့်ယောက်ျား မျိုးကို ယူရမည်နည်း ကခ်ီအလိုက္ခ ရေး၍၊ ဘိက္ခုနီသံဃာဒိသေ့ ဒုတိယ, တတိယ, စတုတ္ထ သိက္ခာပုဒ်တို့၌ ဂဏ-သန္နိသုံးခုတို့၏ အထူးကိုလည်း ရေးပါ။

၁၇။ ရောဝတီတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (သော ဇေ ဒူတော တံ ဝေယျာဝစ္စကရံ သညပေတ္တာ -ပ- စိဝရေန တံ အစ္ဆာဒေဿတိ တိ-နှင့် သပ္ပါဏကဝဂ် သံဝိဓာနသိက္ခာပုဒ်ကို ပါဠိဖွင့်ရေးလေ။)

၂။ (က) ဥဒကသာဋိကသိက္ခာပုဒ်နှင့် (ခ) ဘောဇနဒါနသိက္ခာပုဒ်တို့ကို အနက်ရေးလေ။)

၃။ (က) အလျားရှည်သည်ကိုလည်း ပြုကြကုန်လော့၊
အနုံပြန့်သည်ကိုလည်း ပြုကြကုန်လော့၊
ပိတ်ပိတ်သဲသဲ တခဲနက်ကိုလည်း ပြုကြကုန်လော့၊
ကောင်းစွာအညီ ယက်အပ်သည်ကိုလည်း ပြုကြကုန်လော့၊
ကောင်းစွာအညီ ဖြန့်အပ်သည်ကိုလည်း ပြုကြကုန်လော့၊
ကောင်းစွာမှန်မှန် နယ်ဖြင့်ကန်အပ်သည်ကိုလည်း ပြုကြကုန်လော့၊
ကောင်းစွာဘီးဖြင့် ပြီးအပ်သည်ကိုလည်း ပြုကြကုန်လော့။

(ခ) ပူရာအဒါ၊ အိုက်ရာအဒါ၊ မကျွန်းမာရာအဒါ၊ အလုပ်လုပ်ရာအဒါ၊ အဝွန့်ရှည်သော ခရီးကို သွားရာအဒါ၊ လေမိုးကျရာအဒါ တို့ဖြစ်ပါသည်။

၄။ ၁။ အမှတ်အသားပြု၍ သိမ်းဆည်းထားရမည်။
၂။ ပစ္စည်းပျောက်သူ လာယူပါဟု ကြေငြာရမည်။

http://www.dhammadownload.com

၃။ ပစ္စည်းရှင်လာလျှင် ပျောက်သောပစ္စည်း၏ ပုံသဏ္ဌာန်ကို ပေးရမည်။
၄။ အမှတ်အသားမှန်အောင် ပြောနိုင်လျှင် ပေးရမည်။
၅။ အမှတ်အသားမှန်အောင်မပြောနိုင်လျှင် ရှာပါဦးဟု ပြောရမည်။
၆။ သိမ်းထားသော ရဟန်းသည် ထိုကျောင်းတိုက်ထဲမှ ဖဲသွားလိုလျှင် လျော်ပတ်သော ရဟန်းတို့၏ လက်၌ အပ်နှံ၍ သွားရမည်။
၇။ လျော်ပတ်သောရဟန်းမရှိလျှင် လျော်ပတ်သော ဒါယကာတို့လက်၌ ထား၍ သွားရမည်။
၈။ ပိုင်ရှင်မတွေ့လျှင် ထာဝရပြစ်သော ကျောင်း, စေတီ, ရေကန် ပြုလုပ်ရမည်။
၉။ အချိန်ကြာမှ ပိုင်ရှင်လာလျှင် ထိုထာဝရအဆောက်အဦကို ပြ၍ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါဟု ပြောရမည်။
၁၀။ လက်မခံဘဲ ပစ္စည်းပြန်တောင်းလျှင် ပြည့်စုံစေ၍ အစားပေးရမည်။

လွတ်မြောက်ခွင့် ရှိ/မရှိ

နစတသ ဘိက္ခုနော အညာဏကေန မုတ္တိ အတ္ထိ–ကို ထောက်၍ လွတ်မြောက်ခွင့် မရှိ။

၅။ ၁။ မာတုဂါမနှင့်တစ်ပိုးတစ်ရံတည်းသောကျောင်း၌ အတူအိပ်လျှင် ပါစိတ်အာပတ်။ (ဒုတိယသဟသေယျ)။
၂။ မာတုဂါမအား ၆–ခွန်း ၅–ခွန်းထက်လွန်သော ပါဠိအဋ္ဌကထာဓမ္မကို ဟောပြောလျှင် ပါစိတ်။ (ဓမ္မဒေသနာ)
၃။ မာတုဂါမနှင့် ဖုံးကွယ်အရပ်၌ နေထိုင်လျှင် ပါစိတ်။ (ရဟောပဋိစ္ဆန္န)
၄။ မာတုဂါမနှင့် တစ်ယောက်ချင်းချင်း နားဆီဆိတ်ကွယ်ရာ၌ နေထိုင်လျှင် ပါစိတ်။ (ရဟောနိသဇ္ဇ)
၅။ မာတုဂါမနှင့် တိုင်ပင်၍ တစ်ကြောင်းတည်းသော အခွန်ရှည်သောခရီးသို့သွားလျှင် ပါစိတ်။ (သံဝိဓာန)

၆။ နှစ်ယောက်တည်း မနေသင့်သော အရပ်– (ရှမ်းတောင် နံပါတ် ၆–တွင် ရှု။)

http://www.dhammadownload.com

တောင်းချို မစားအပ်သည့်ဝတ္ထု ပစ္စည်းများ—

ထောပတ်၊ ဆီ၊ ပျား၊ တင်လဲ၊ ငါး၊ အမဲ၊ နို့ရည်၊ နို့ခဲမ်းတို့ဖြစ်သည်။

၇။ ဣတိ စိတ္တသက်ပွေါ်–ဟူသော ပါဠိဖြင့် မရဏာသညာ၊ မရဏာစေတနာ၊ မရဏာဓိပ္ပါယတို့ကို ယူရမည်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

ရဟန်းကောင်းတို့နှင့်အတူတကွ ကောကမွ ဒုကုဒ္ဒေသ သမသိက္ခာ–ဟူသော သံဃါသမှ ဆုံးရှုံးသောကြောင့် ပါရာဇိကမည်သည်။

၈။ (က) ကာမဂုဏ်ဟု မေထုန်မှုဖြင့် ပြုစုလုပ်ကျွေးခြင်းသည် **ကာမဟိရိစရိယ**မည်သည်။

(ခ) ဝိဝိအကျိုးငှာ ကာမဂုဏ်ဟု မေထုန်မှုဖြင့် ပြုစုလုပ်ကျွေးခြင်းသည် **အတ္တကာမဟိရိစရိယ** မည်၏။

(ဂ) ပါဏာတိပါတ်စသည်တို့မှ ရှောင်ကြဉ်ခြင်းသည် **သီလဝန္တ**မည်၏။

(ဃ) မေထုန်မှုမှရှောင်ကြဉ်ခြင်းသည် **ဗြတ္တစာရီ**မည်၏။

(င) ပါဏာတိပါတ်စသည်တို့မှ ရှောင်ကြဉ်ခြင်း၊ မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း နှစ်မျိုးတို့ဖြင့် ကောင်းသော အကျင့်ရှိသူသည် **ကလျာဏဓမ္မ**မည်၏။

၉။ **ဦးစာပေး နေရာချထားသင့်သည့် ရတန်းများ**

ဗဟူပကာရဂုဏ်, ဂုဏာဓိသိဋ္ဌဂုဏ်တို့နှင့် ပြည့်စုံကုန်သော ဘဂ္ဂဂါရိက, ဓမ္မကထိက, ဝိနယဓရ, ဂဏာဒါစက, အာစရိယရတန်းပုဂ္ဂိုလ်များ။

အဂိါရုပ်– (တနင်္သာရီ နံပါတ် ၉–၍)

၁၀။ ကာယသံသဂ္ဂသို့ ရောက်ခြင်းငှာ သိနားလည်သော လူဇာတ်ရှိသော ယောကျ်ားကို ပုရိသဿ–အရ ယူရမည်။

အထူး

ဒုတိယသိက္ခာပုဒ်၌ ဗိဿနိုးကို ကိုးကွယ်သူအပေါင်း၊ ကဒဲနတ်ကို ကိုးကွယ်သူ အပေါင်း စသည်တို့ကို ဂဏ–အရ ယူရမည်။

http://www.dhammadownload.com

တတိယသိက္ခာပုဒ်၌ ဘိက္ခုနီမတစ်ယောက်တည်း ပြစ်ဧကာမူ အဖော်ရဟန်းမ
ကို ဂဏ–အရ ယူရမည်။
စတုတ္ထသိက္ခာပုဒ်၌ ဥက္ခေပနိယကံပြုသော သံဃာကို ဂဏ–အရ ယူရပါမည်။

၁၈။ ပထမပြန်အထူးအောင် ရွှေးချယ်ရေးစာမေးပွဲ
ပထမကြိမ်တန်း ။ ။ ဒွေဖာတိကာဘာသာ
၁၃၆၉–ခုနှစ် ပထမဝါဆိုလဆန်း(၄)ရက်(၁၈–၆–၂၀၀၇)တနလ်ာနေ့

၁။ ဘိက္ခုပါတိမောက်လာ ဆဲရေးသဖြင့် အာပတ်သင့်ရောက်ပုံပြု သိက္ခာပုဒ်ကို လိုက်သင့်
သောပုဒ်များ လိုက်စေလျက် နိဿရဏ်းကျကျ အနက်ပေးပါ။

၂။ ဘိက္ခုနီတို့ ရဟန်းခံပေးနိုင်သော ကာလနှင့်အရေအတွက်ပြ သိက္ခာပုဒ်တို့ကို ပို့ဆောင်ပြပါ။

၃။ အာပတ်ကိုထင်စွာပြုရခြင်း အကြောင်းနှင့် ထင်စွာပြုထိုက်သော ရဟန်းတို့ကို ဖော်ပြပါ။

၄။ ကထိန်ခင်းခြင်းကြောင့် သက်သာခွင့်ရသော သိက္ခာပုဒ်တို့၏အမည်များကို သာဓက
ပြဖြေဆို၍ အာပတ္တိကရ အနုပညတ်တို့ကိုလည်း ရေးပါ။

၅။ ဝိလေခနသိက္ခာပုဒ်နှင့် မောဟနသိက္ခာပုဒ်လာ ဥဒ္ဒိဿမာန–နှစ်ခုအထူးကို ရှင်းပြ၍
ဥက္ကုဋ္ဌိကာအဓိပ္ပါယ်ကိုလည်း ပေါ်လွင်အောင်ဖြေဆိုပါ။

၆။ ပုရိသသံသဋ္ဌ, ကုမာရကသံသဋ္ဌ–၌ ပုရိသနှင့်ကုမာရကအရတို့ကို ခွဲခြားဖြေဆိုပြီး
ဘိက္ခုနီမတို့အတွက် ပါဠိဒေသနီယထိုက်သော ဝတ္ထုတို့ကိုလည်း စုံလင်စွာ ဖော်ပြပါ။

၇။ သဘာဂဖြစ်ကောင်းသော အာပတ်အမျိုးအစားကို ဖော်ပြ၍ ယင်းကို ကုစားရာမှ ဖြစ်ပေါ်
လာသော ဒုက္ကဋ်အာပတ်သည် သဘာဂဖြစ်/မဖြစ်ကိုလည်း အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၈။ အောက်ပါတို့ကိုတိကျစွာ အာပတ်ဆုံးဖြတ်ပါ–
ဝိသဘာဂပုဂ္ဂိုလ်၏ အတွေ့အထိကို လုံ့လမပြုဘဲ သာယာသော (က)ဘိက္ခု၊ (ခ)ဘိက္ခုနီ။

http://www.dhammadownload.com

၉။ သံယိကလာဘ်ကို ညွတ်စေရာ၌ သိက္ခာပုဒ်နှစ်ပုဒ်တို့၏ အာပတ်ကွဲပြားရခြင်းအကြောင်းကို ဖြေဆိုပြီး၊ တတိယပါဠိဒေသနာသိက္ခာပုဒ်လာ အဂိလာနအရကိုလည်း ကောက်ပြပါ။

၁၀။ သေခိယသိက္ခာပုဒ်တို့၏ အဂီရဝိတို့ကို ခြုံငုံရေးသား၍ အဌဝတ္ထုကာသိက္ခာပုဒ်လာ ဟာတ္ထ၊ သဃ်ာဋိကဏ္ဏ အရတို့ကိုလည်း ညွှန်ပြပါ။

၁၈။ အထူးအောင် (အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ ဘိက္ခုနော-ရဟန်း၏၊ ဩမသဝါဒေ-နှတ်လှံထိုးခြင်းကြောင့်၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သည်၊ ဟောတိ။

တနည်း။ ဘိက္ခုနော-၏၊ (ဘိက္ခုနံ-ရဟန်းတို့၏၊ သိက္ခာသာဇီဝသမာပန္နဿ-သိက္ခာသာဇီဝသို့ ကောင်းစွာရောက်လျက်၊ သိက္ခာ-ကို၊ အပစ္စက္ခာယ-၍၊ ဒုဗ္ဗလျံ-ကို၊ အနာဝိကတွာ-၍၊) ဩမသဝါဒေ၊ ပါစိတ္တိယံ၊ ဟောတိ။

၂။ (အနုဝဿသိက္ခာပုဒ်နှင့် ဇကဝဿသိက္ခာပုဒ်တို့ကို အနက်ရေးဇလ။)

၃။ သမ္မဇာနမုသာဝါဒဒုက္ကဋ်အာပတ်သည် ချာန်မင်္ဂိုလ်၏အန္တရာယ်ကိုပြုတတ်သောကြောင့် အာပတ်ကို ထင်စွာပြုရပါသည်။

ထင်စွာပြုထိုက်သော ရဟန်း—

မိမိ၌ ထင်ရှားရှိသော အာပတ်ကို သိသောရဟန်းဖြစ်ပါသည်။

၄။ ကထိနသိက္ခာပုဒ်၊ ဥဒေါသိတသိက္ခာပုဒ်၊ အကာလစီဝရသိက္ခာပုဒ်၊ အစေ့စကစီဝရသိက္ခာပုဒ်၊ သာသင်္ကသိက္ခာပုဒ်။

သာဓက- နိဋ္ဌိတစီဝရသ္မိံ ဘိက္ခုနော ဥဇ္ဇာသ္မိံ ကထိနေ၊
ယာဝ စီဝရကာလသမယံ နိက္ခိပိတဗ္ဗံ။

http://www.dhammadownload.com

အာပတ္တိကရအနုပညတ်
အညဒါဒကော ပါစိတ္တိယံ။
ဥဇ္ဈာပနကော ခိယျနကော ပါစိတ္တိယံ။

၅။ ဝိလေခနသိက္ခာပုဒ်၌— ဆရာက တပည့်အား ပြောဆိုဝို့ချခြင်း၊ သရဇ္ဈာယ်ခြင်း၏ အစွမ်းဖြင့် အဖန်ဖန်ရွတ်ဆိုခြင်း(၎င်း) စာပြန်ခြင်းသည် ဥဒ္ဒိသမာန မည်သည်။
မောဟနသိက္ခာပုဒ်၌—ဥပုသ်ပြုခြင်း၏အစွမ်းဖြင့် ရွတ်ပြခြင်းသည် ဥဒ္ဒိသမာန မည်သည်။ ဤသို့ထူးပါသည်။

ဥက္ကုဋိကာ အဓိပ္ပါယ်

ဖနောင့်ကို မြှောက်၍ ခြေဖျားတို့ဖြင့်သာလည်းကောင်း၊ ခြေဖျားကိုမြှောက်၍ ဖနောင့်တို့ဖြင့်သာလည်းကောင်း မြေ၌ထိလျှက်သွားခြင်းကို ဥက္ကုဋိကာ—ဟုခေါ်သည်။

၆။ ပုရိသ— အရ အသက် ၂၀—ပြည့်ပြီးသော ယောကျ်ားကို ယူရပါသည်။
ကုမာရက—အရ အသက် ၂၀—မပြည့်သေးသော လုလင်ပျိုကို ယူရပါသည်။
ပါဠိဒေသနိယထိုက်သော ဝတ္ထုများ— (ဇရာဝတီ နံပါတ် ၆—တွင်ရှု)

၇။ **အာပတ်အပျိုးအစား**

သံဃာအားလုံး ဝိကာလဘောဇနစသော သဘောတူဝတ္ထုကြောင့် လဟုကအာပတ်သို့ ရောက်သောအာပတ်မျိုးသည် ဝတ္ထုသဘာဝအာပတ်မည်၏။
အာပတ်သာတူပြီး ဝတ္ထုမတူသော အာပတ်သည် အာပတ္တိသဘာဝအာပတ်မည်၏။
ယင်းအာပတ်ကို ကုစားရာမှ ဖြစ်ပေါ်လာသော ဒုက္ကဋ်အာပတ်သည် သဘာဝမဖြစ်ပါ။
ဒေသနာပြောသောရဟန်းသည် ဒေသနာဝတ္ထုကြောင့် ဒုက္ကဋ်အာပတ်သင့်သည်။
ဒေသနာခံရဟန်းသည်လည်း ပဋိဂ္ဂဟဏဝတ္ထုကြောင့် ဒုက္ကဋ်အာပတ်သင့်သည်။
ဤသို့ နာနာဝတ္ထုကဖြစ်သောကြောင့် သဘာဝမဖြစ်ပါ။

၈။ (က) အနာပတ္တိ။

http://www.dhammadownload.com

(ခ) ညှပ်ရိုးနှစ်ဖက်အောက် ပုဆစ်ဒူးဝန်းအထက်သာယာလျှင် ပါရာဇိက၊ ညှပ်ရိုးနှစ်ဖက်အထက် ပုဆစ်ဒူးဝန်းအောက် သာယာလျှင် ထုလ္လစ္စည်း။

၉။ ပရိဏာတသိက္ခာပုဒ်၌ သံဃာသို့ညွှတ်ပြီးသော သံဃိကလာဘ်ကို ပိမိသို့ညွှတ်စေခြင်းကြောင့် နိဿဂ္ဂိယပါစိတ်အာပတ်သင့်၏။

ပရိဏာမနသိက္ခာပုဒ်၌ သံဃာသို့ ညွှတ်ပြီးသော သံဃိကလာဘ်ကို အခြားပုဂ္ဂိုလ် အထံသို့ ညွှတ်စေခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ဤသို့ကွဲပြားသည်။

အဂိလာနအရ_ ဆွမ်းမခံနိုင်လောက်အောင် မကျန်းမာသူကို ယူရပါမည်။

၁၀။ ၁။ သိက္ခာပုဒ်ကို မကျင့်လိုသော အနာဒရိယစိတ်ထားရှိခြင်း။

၂။ အနာပတ္တိဖြစ်ရန် အကြောင်းမရှိခြင်း။

၃။ သက်ဆိုင်ရာသိက္ခာပုဒ်၏ ကျင့်ဖွယ်ကို မလိုက်နာခြင်း။

တတ္ထအရ _ပါရာဇိကဧတ်မဟုတ်သော (ပုဆစ်ဒူးဝန်းအောက် ညှပ်ရိုးအထက် ဟူသော) အဂိတစ်ခုခုကို ယူရပါသည်။

သဃ်ာဒိကဏ္ဏ_အရ _ သင်းပိုင်၊ ဇကသိ၊ သက်နှံးကြိုး အားလုံးကိုယူ။

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(ကချင်ပြည်နယ်)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၈_ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃_၄_၂၀၀၇)အင်္ဂါနေ့

၁။ ပျင်းရိသော တိသရဟန်းအား ဆုံးမခြင်းဟု ဘုရားရှင် ဟောတော်မူအပ်သော မဂ္ဂင်္ဂလာဂါထာကို ပါဠိသက်သက်ရေးပါ။

၂။ သတ္တဂါတို့မည်သည် သူတစ်ပါးတို့အပြစ်ကိုသာ မြင်လွယ်၍ မိမိအပြစ်ကိုကား မြင်ခဲကြောင်း မေဏ္ဍကသူဌေးအား မြတ်စွာဘုရား ဟောကြားအပ်သော မလဝဂ်လာဂါထာကို အနက်ယောဇနာပါ။

http://www.dhammadownload.com

၃။ ဆင်းရဲတို့ မကျရောက်နိုင်သော ပုဂ္ဂိုလ်ကိုဖော်ပြ၍ အဘယ်ကဲ့သို့ကျင့်လျှင် အာသဝေါတရားချုပ်ခြင်းသို့ ရောက်ပါသနည်း၊ ကောဓဝဂ်လာ ဂါထာတို့ကို မှီး၍ ဖြေဆိုပါ။

၄။ ''သာဓုရူပ'' တုမခေါ်ဆိုထိုက်သော ပုဂ္ဂိုလ်နှင့် ခေါ်ဆိုထိုက်သော ပုဂ္ဂိုလ်တို့ကို ဓမ္မဋ္ဌဝဂ် သမ္မဟုလဘိက္ခုဝတ္ထုကို မှီး၍ ဖြေဆိုပါ။

၅။ ပွဲသဘင်မှ တီးမှုတ်သံကိုကြား၍ ရဟန်းအဖြစ်၌ ငြီးငွေ့သော ဝဇ္ဇိပုတ္တကရဟန်းအား ဘုရားရှင် ဟောတော်မူအပ်သော ပကိဏ္ဏကဝဂ်လာ ဂါထာကို အဓိပ္ပါယ်ရေးပါ။

၆။ ကောင်းသောဘဝသို့ ရောက်ရသောပုဂ္ဂိုလ် မကောင်းသောဘဝသို့ရောက်ရသောပုဂ္ဂိုလ်တို့ကို နိရယဝဂ် တိတ္ထိယသာဝကဝတ္ထုလာအတိုင်း ဖြေဆိုပါ။

၇။ ကောသလပရာဇယဝတ္ထုလာ ဂါထာမှ ပရာဇိတော၊ ဥပသန္တော-ပုဒ်တို့၏ အဓိပ္ပါယ်ကို အဋ္ဌကထာလာအတိုင်း ရှင်းပြပါ။

၈။ အနာထပိဏ်သူဌေးကြီး၏ တူဖြစ်သော ခေမကသူဌေးသား၏ ရှေးကောင်းမှုနှင့် ဆုတောင်းတို့ကို ဖော်ပြ၍ အပုတ္တကသူဌေးသည် တဂရသိခီ ပစ္စေကဗုဒ္ဓါကို ဆွမ်းလှူဒါန်း ခဲ့သောကြောင့် ရရှိသောအကျိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။

၉။ ''ယိဿဒါ ဟောတိ မဟပ္ဖလော စ''၌ မဟပ္ဖလော-အရ အစားကြီးသူ(၅)မျိုးကို ဖော်ပြ၍ အဝလွန်သောပုဂ္ဂိုလ်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန် ဘုရားရှင် ဟောကြားတော်မူသော ဝိတ်လျှော့ဂါထာကိုလည်း ဖော်ပြပါ။

၁၀။ ဓေဿာလီပြည်သို့ မြတ်စ္စာဘုရား ကြွတော်မူရာ ကြီးကျယ်ခမ်းနားစွာ ပူဇော်ကြရာ၌ ဗိမိသခ်ပုဏ္ဏားကြီးဖြစ်စဉ်က ပြုခဲ့သောကောင်းမှု၏ အကျိုးဆက်ဖြစ်ကြောင်းကို ဟောတော်မူရာ ထိုကောင်းမှုနှင့်အကျိုးတရားတို့ကို ယှဉ်တွဲဖော်ပြပါ။

http://www.dhammadownload.com

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ။ ၂၈၀)

၂။ (ဂါထာ။ ၂၅၂)

၃။ **“ ဆင်းရဲတို့ မကျရောက်နိုင်သောပုဂ္ဂိုလ် ”**

အမျက်ဒေါသ မာန်မာနကို ပယ်စွန့်၍ သံယောဇဉ်အားလုံးတို့ကို ကျော်လွန်ကာ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသောပုဂ္ဂိုလ်သို့ ဆင်းရဲတို့ မကျရောက်နိုင်ပါ။

(ဂါထာ။ ၂၂၁)

“ အာသဝေါတရားချုပ်ခြင်းသို့ ရောက်ကြောင်းအကျင့် ”

အမြဲနိုးကြား၍ နေ့ည၌ပတ်လုံး သိက္ခာသုံးပါးကို ကျင့်ကာ နိဗ္ဗာန်သို့စိတ်ညွတ်နေလျှင် အာသဝေါတရားတို့ချုပ်ခြင်းသို့ ရောက်ပါသည်။ (ဂါထာ။ ၂၂၆)

၄။ **“ သာဓုရုပ–တု မခေါ်ဆိုထိုက်သူ/ ခေါ်ဆိုထိုက်သူ ”**

ငြူစူတတ်, ဝန်တိုတတ်, စဉ်းလဲတတ်သောသူကို စကားပြောကောင်းကာမျှ, အဆင်းလှပကာမျှဖြင့် ‘သာဓုရုပ’ ဟု မခေါ်ဆိုထိုက်ပါ။

ငြူစူခြင်း, ဝန်တိုခြင်း, စဉ်းလဲခြင်းတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမဲ့ဖြတ်အပ်ပြီး၊ အမြစ်ပါ နုပ်ပယ်ပြီးသော ကိလေသာအပြစ်ကို ထွေးအန်အပ်ပြီးသော ပညာရှိကိုသာ ‘သာဓုရုပ’ ဟု ခေါ်ဆိုထိုက်ပါသည်။ (ဂါထာ။ ၂၆၂/၂၆၃)

၅။ (ထင်ရှားပြီ)

၆။ **“ ကောင်းသောဘဝသို့ ရောက်ရသောပုဂ္ဂိုလ် ”**

အပြစ်ရှိသော မိစ္ဆာဒိဋ္ဌိကို အပြစ်အားဖြင့်, အပြစ်မရှိသောသမ္မာဒိဋ္ဌိကို အပြစ်မရှိ

http://www.dhammadownload.com

သောအားဖြင့် သိ၍ သမ္မာအယူရှိသောပုဂ္ဂိုလ်တို့သည် ကောင်းသောဘဝသို့ ရောက်ရသည်။

“ မကောင်းသောဘဝသို့ ရောက်ရသောပုဂ္ဂိုလ် ”

အပြစ်မရှိသောသမ္မာဒိဋ္ဌိကို အပြစ်ဟုအယူရှိ၍၊ အပြစ်ရှိသောမိစ္ဆာဒိဋ္ဌိကို အပြစ်မရှိ ဟု အယူရှိသော မိစ္ဆာအယူရှိသောပုဂ္ဂိုလ်တို့သည် ကောင်းသောဘဝသို့ ရောက်ရသည်။ (ဓမ္မ။ ၃၁၁/၃၁၇)

၇။ **“ ပရာဇိတော ၏ အဓိပ္ပါယ် ”**

သူတစ်ပါးက မိမိအားနိုင်လျှင် “ဘယ်အခါ ရန်သူ၏ကျောကို (ရန်သူ၏ပျက်စီးခြင်းကို) မြင်ရအံ့နည်း” ဟု ဆင်းရဲစွာအိပ်ရ၏၊ ကွာရိယာပုထ်အားလုံးတို့၌ ဆင်းရဲစွာသာလျှင် နေရ၏။ (ဓမ္မ။ဋ္ဌ။ ၂။ ၁၆၈)

“ ဥပသန္တော ၏ အဓိပ္ပါယ် ”

ကိုယ်တွင်းကိလေသာအားလုံးငြိမ်းပြီး၍ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် အောင်ခြင်း, ရှုံးခြင်းကို ပယ်ပြီးဖြစ်၍ ချမ်းသာစွာအိပ်ရ၏၊ ကွာရိယာပုထ်အားလုံးတို့၌ ချမ်းသာစွာသာလျှင် နေရ၏။ (ဓမ္မ။ဋ္ဌ။ ၂။ ၁၆၈)

၈။ **“ ဧဃမကသူဌေးသား၏ ရှေးကောင်းမှုနှင့် ဆုတောင်းပုံ ”**

ဧဃမကသူဌေးသားသည် ကဿပမြတ်စွာဘုရားလက်ထက် ထူးချွန်သောလက်ဝှေ့သမားဖြစ်စဉ် ရွှေတံခွန်နှစ်ခုကို မြတ်စွာဘုရား၏ ရွှေစေတီ၌ တင်လှူပူဇော်၍ “ဆွမျိုး သားချင်းမှတပါး ကြွင်းသောမိန်းမတို့သည် ကျွန်ုပ်ကိုမြင်လျှင်စွဲလမ်းတပ်မက်စေကုန်သတည်း” ဟု ဆုဘောင်းခဲ့သည်။ (ဓမ္မ။ဋ္ဌ။ ၂။ ၂၀၁)

“ အပုတ္တကသူဌေး ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူဒါန်းခဲ့သောကြောင့် ရရှိအပ်သောအကျိုး ”

ခုနစ်ကြိမ်တိုင်တိုင် နတ်ပြည်၌ ဖြစ်၏၊ ခုနစ်ကြိမ်တိုင်တိုင် သာဝတ္ထိပြည်၌သာလျှင် သူဌေးအဖြစ်ကိုရ၏။ (ဓမ္မ။ဋ္ဌ။ ၂။ ၂၀၁)

http://www.dhammadownload.com

၉။ " အစားကြိုးသူငါးဦး "

လက်ဖြင့် ကော်ယူ၍ ရလောက်အောင် စားသောသူ၊
ပုဆိုးမဝတ်နိုင်လောက်အောင် စားသောသူ၊
စားရာနေရာတွင် လျောင်းအိပ်ရအောင် စားသောသူ၊
ပါးစပ်ထဲမှ အစာကို ကျိုးထိုးစားရလောက်အောင် စားသောသူ
အန်ထွက်အောင်စားသောသူ။ (ဓမ္မပဒ။ ၂။ ၃၁၅)

" ဝိတ်လျော့ဂါထာ "

မနုဇဿ သဒါ သတိမတော၊ မတ္တံ ဇာနတော လဒ္ဓဘောဇနေ။
တနုကဿ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇိရတိ အာယု ပါလယံ။ (ဓမ္မပဒ။ ၂။ ၃၁၆)

၁၀။ " သခ်ပုဏ္ဏားကြီး၏ ကောင်းမှုနှင့် အကျိုးတရား "

ဤဘုရားအလောင်းသည် သုသီမပစ္စေကဗုဒ္ဓါ ၏ ဓေတီရင်ပြင်တော်၌ ပေါင်းမြက်တို့ကို နုတ်ပယ်သုတ်သင်ခဲ့သော ကုသိုလ်ကံကြောင့် ရှစ်ယူဇနာလမ်းခရီးကို နုတ်အပ်သော သစ်ငုတ်ဆူးငြောင့် ရှိသည်ကိုပြုလုပ်၍ စင်ကြယ်သည်ဖြတ်သောမြေအပြင်ကိုပြုလုပ်ကြကုန်ပြီ။ ထိုဓေတီရင်ပြင်၌ သဲတို့ကို ကြဖြန့်ခဲ့သောကုသိုလ်ကံကြောင့် ရှစ်ယူဇနာလမ်းခရီး၌ သဲတို့ကို ဖြန့်ကြကြကုန်ပြီ။

ထိုဓေတီရင်ပြင်၌ တောပန်းတို့ဖြင့် ပူဇော်ခဲ့သောကုသိုလ်ကံကြောင့် ရှစ်ယူဇနာလမ်းခရီး၌ အထူးထူးသောအဆင်းရှိသောပန်းတို့ကို ပုဆစ်ဒူးဝန်းတိုင်အောင် ဖြန့်ကြကြကုန်ပြီ။ တစ်ယူဇနာ ဝေးကွာရပ်ဖြစ် ဂင်္ဂါမြစ်၌ ငါးပါးသောအဆင်းရှိသောပဒုမ္မာကြာပန်းတို့ဖြင့် ရေအပြင်ကို ဖုံးလွှမ်းအပ်ကုန်ပြီ။

ထိုဓေတီရင်ပြင်၌ ရေကရားမှ ရေဖြင့် မြေကြီးကို သွန်းဖြန်းခဲ့သော ကုသိုလ်ကံကြောင့် ဝေသာလီပြည်၌ ပေါက္ခရမိုး ရွာ၏။

တံခွန်ပြားတို့ကို တင်လျှ၍ ထီးကိုလည်း စိုက်ထူဖွဲ့ချည်လျှံနိုင်းခဲ့သောကုသိုလ်ကံကြောင့် အာကာနဉ္စဗြဟ္မာပြည်တိုင်အောင် တံခွန်ကုက္ကား အဆင့်ဆင့်သောထီး စသည်ဖြင့် အလုံးစုံသောစကြာဝဠာတိုက်သည် တစ်ခုတည်းသော ပွဲလမ်းသဘင်ကဲ့သို့ ဖြစ်၏။

(ဓမ္မပဒ။ ၂။ ၂၇၉)

http://www.dhammadownload.com

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (တယားပြည်နယ်)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃–၄–၂၀၀၇)အင်္ဂါနေ့

၁။ ဓမ္မပဒ ကောဝေဂ် အညတရဘိက္ခုဝတ္ထုဖွင့်လာသော ဂါထာနှင့် ပုဏ္ဏဒါသိဝတ္ထုဖွင့်လာသော ဂါထာတို့ကို ပါဠိဖွင့်ရေးသားခဲ့ပါ။

၂။ ဓမ္မပဒ ဓမ္မဋ္ဌဝဂ်လာ ဇကဒါနတ္ထေရဒီဃာသဝဝတ္ထုဖွင့် ဟောတော်မူအပ်သော ဂါထာကို အနက်ရေးပါ။

၃။ မဂ္ဂဝဂ်လာ ''သဗ္ဗေသင်္ခါရာ အနိစ္စာတိ'' စသည့်ဂါထာများဝယ် သဗ္ဗေ သင်္ခါရာ၌ သင်္ခါရ အရအဘာယ်ကြောင့် အဘယ်တရားများကို ယူရမည်နည်း ဖြေဆို၍၊ ဘုရားရှင်သည် သူကရ ပေတဝတ္ထု၌ မည်သူ့ကို အကြောင်းပြု၍ ဟောတော်မူခဲ့သည်ကိုလည်း ဖြေဆိုပြခဲ့ပါ။

၄။ ဓမ္မပဒမဂ္ဂဝဂ် မဟာလွှကတ္ထရဝတ္ထုဒေသနာ၌ ခုတ်ထွင်ရှင်းလင်းရမည့်အရာနှင့် မခုတ်ထွင် မရှင်းလင်းရမည့်အရာတို့ကို ဖော်ပြ၍၊ ခုတ်ထွင်ရှင်းလင်းရမည့်တောကို မရှင်းလင်းပါက မည်ကဲ့သို့ အကျိုးသက်ရောက်နိုင်ပါသနည်း ဖြေဆိုပါ။

၅။ ဘဒ္ဒိယတ္ထေရဝတ္ထု၌ ရဟန်းတို့၏ ကိစ္စနှင့် အကိစ္စတို့ကို ဖော်ပြ၍၊ ယင်းကိစ္စ, အကိစ္စတို့ကို ပြုခြင်းကြောင့် ရနိုင်သောကောင်းကျိုး, ဆိုးပြစ်တို့ကိုပါ ဖြေဆိုပါ။

၆။ အဓိအဖနှင့်တကွဉာတိန္ဒြိယင်, ဆွေစဉ်မျိုးဇာတ်အကုန်သဖြင့်ပြီးမှ မင်းဖြစ်လာသော ပုဂ္ဂိုလ်တို့သာ ဆင်းရဲတွေကင်းရှင်း၍ ချမ်းသာခြင်းအစစ်ကို ရနိုင်သည်ဟုဆိုလျှင် ပုံပြင်ဆန်၍ ဒဏ္ဍာရီဖြစ်မည်လော? မြတ်ဘုရားဟောဒေသနာသေချာစွာရှိပါက နေရာအတိုအကျ ထုတ်ပြပါ။ (အကျယ်မလိုပါ)

http://www.dhammadownload.com

၇။ ''ခဏော ဇဝါ မာ ဥပစ္စဂါ''၌ မကျော်လွန်စေအပ်သော ခဏများကို ပြည့်စုံအောင် ဖော်ပြပါ။

၈။ နိဂဏ္ဌဝတ္ထု၌ ဟော်တော်မူသော အဘယေ ဘယဒဿိနော–စသည်၌ ဘေးမဟုတ်သော အရာနှင့် ဘေးမည်သောအရာကို သိသာရုံ ညွှန်ပြပါ။

၉။ သာနုသာမဏေကို ဘိလူးမ ပူးဝင်ဖမ်းစားနိုပ်စက်ပြီးသည့်နောက် သာနုသာမဏေမည်သို့ ဖြစ်သွားပါသနည်း သာနုသာမဏေဖြစ်ပုံနှင့်တကွ အသက်မည်မျှရှည်အောင် နေသွားသည်ကိုလည်း ဖော်ပြပါ။

၁၀။ တို့မြတ်စွာဘုရားလက်ထက် ကပိလဝါးကို အကြောင်းပြု၍ ကသဿပမြတ်စွာဘုရား လက်ထက်က ပေါ်ပေါက်ခဲ့သော ကပိလရဟန်း၏ အစ်ကို အမေ ညီမတို့၏ အမည်များကို ဖော်ပြပါ။

၂။ ကယားပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ)

၂။ (ထင်ရှားပြီ)

၃။ ''သဗ္ဗေ သင်္ခါရာ ၌ သင်္ခါရအရ''

ကာမဘဝစသည်တို့၌ ဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာဝါးပါးတို့ကို ယူရမည်။

(မွေ။၌။၂။ ၂၅၅)

ဘုရားရှင်သည် သူကရပေတဝတ္ထု ကို –

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ခန္ဓာကိုယ်မှာ လူနှင့်တူ

http://www.dhammadownload.com

သော်လည်း ဦးခေါင်းမှာ ဝက်ဦးခေါင်းဖြစ်၍ ခံတွင်း၌ အပြီးပေါက်ကာ ပိုးလောက်များ ထွက်နေသော သုံးဂါထုတ်ပမာဏခန္ဓာကိုယ်ရှိသော ဝက်ပြိတ္တာကိုအကြောင်း ပြု၍ ဟော တော်မူပါသည်။ (ဓမ္မပဒ။ ၂။ ၂၅၁)

၄။ – ခုတ်ထွင်ရှင်းလင်းရမည့်အရာ = တဏှာတည်းဟူသောကိလေသာတော။
– မခုတ်ထွင် မရှင်းလင်းရမည့်အရာ = ပကတိသစ်ပင်တော။

ခုတ်ထွင်ရှင်းလင်းရမည့်တောကို မရှင်းလင်းပါက –

ပကတိတောမှ ခြင်္သေ့စသောဘေးအန္တရာယ်များဖြစ်ပေါ်သကဲ့သို့ ကိလေသာ တောမှ ဇာတိစသော ဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသည်။ (ဓမ္မပဒ။ ၂။ ၂၆၅)

၅။ **''ရတန်းတို့၏ ကိစ္စ''**

ရဟန်းခံသောအခါမှစ၍ များစွာသောသီလအစုကို လုံခြုံအောင်စောင့်ရှောက်ခြင်း၊
တောကျောင်း၌ နေခြင်း၊
ဓုတင်ကိုဆောင်ခြင်း၊
ဘာဝနာ၌ မွေ့လျော်ခြင်း တို့တည်း။

''ရတန်းတို့၏ အကိစ္စ''

ရဟန်း၏ ထိုး, ဖိနပ်, သပိတ်ခြေ, ရေစစ်, ခါးပန်းကြိုး, ပုခုံးလွယ်ကြိုး တို့ကို တန်ဆာဆင်ခြင်းတို့တည်း။ (ဓမ္မပဒ။ ၂။ ၂၅၂)

''ရနိုင်သော ကောင်းကျိုး, ဆိုးပြစ်''

(ကာယာနုပဿနာဘာဝနာကို ကောင်းစွာအားထုတ်၍ မပြုသင့်မပြုထိုက်သော အမှုကို မပြုပဲ) ပြုသင့်ပြုထိုက်သောအမှု (ကိစ္စ) ကို မပြတ်မလပ်ပြုကာ သတိ သမ္မဇဉ်ရှိ သူတို့အား အာသဝေါတရားတို့ ချုပ်ငြိမ်းပါသည်။

(ပြုသင့်ပြုထိုက်သောအမှုကို စွန့်ပစ်၍) မပြုသင့်မပြုထိုက်သောအမှု (အကိစ္စ) ကို ပြုလျက် မာနထောင်လွှားကာ မေ့လျော့သူတို့အား အာသဝေါတရားတို့ တိုးပွါးပါသည်။

(ဓမ္မပဒ။ ၂၉၂ / ၂၉၃)

http://www.dhammadownload.com

၆။ အဓိ, အဖနှင့်တကွ ဉာတိနွယ်ဝင်, ဆွေစဉ်မျိုးဇာတ်, အကုန်သတ်ပြီးမှ မင်းဖြစ်လာသော ပုဂ္ဂိုလ်တို့သာ ဆင်းရဲတွေကင်းရှင်း၍ ချမ်းသာခြင်းအစစ်ကို ရနိုင်သည်" ဟု ဆိုသောစကားသည် ပုံပြင်မဟုတ်၊ ဒဏ္ဍာရီလည်း မဆန်။ **ပကိဏ္ဏကဝဂ် လကုဏ္ဍကဘဒ္ဒိယထွေရဝတ္ထု** ၌ မြတ်ဘုရားဟောဒေသနာသေချာစွာ ရှိပါသည်။

၇။ **" မကျော်လွန်စေအပ်သော ခဏများ "**

ဘုရားပွင့်တော်မူသောခဏ၊
မစ္ဆိမဒေသ၌ ဖြစ်ရသောခဏ၊
သမ္မာဒိဋ္ဌိကို ရသောခဏ၊
အာယတနခြောက်ပါးမချို့တဲ့သောခဏ။ တို့ဖြစ်ပါသည်။ (ဓမ္မ။ဋ္ဌ။၂။ ၃၀၄)

၈။ **" ဘေးမဟုတ်သောအရာ "**

ရာဂ, ဒေါသ, ဒိဋ္ဌိ, မောဟ ကိလေသာဒုစရိုက်ဘေးတို့ကို မဖြစ်စေသော ဆွမ်းခံသပိတ် စသည်။

" ဘေးမည်သောအရာ "

ရာဂစသည်တို့ကို ဖြစ်စေနိုင်သော အင်္ဂါကြီးငယ် ဖြစ်ပါသည်။ (ဓမ္မ။ဋ္ဌ။၂။ ၃၀၆)

၉။ **" သာနုသာမဏေ "**

ဘိလူးမပူးဝင်နိုပ်စက်ပြီးနောက် သာနုသာမဏေသည် လူမထွက်တော့ပဲ အသက်ပြည့် သဖြင့် ရဟန်းအဖြစ်ကိုရ၍ မကြာမီ မြတ်စွာဘုရားသည် "ဣဒံ. ပုရေ စိတ္တ မစာရိစာရိကံ " စသော ဒေသနာတော်ကို ဟောတော်မူရာ သာနုသာမဏေ နှင့်တကွ တရားနာပရိတ်အပေါင်း တို့ တရားထူးရကြသည်။

သာနုသာမဏေသည် ဝိဋူဂ (၃) ပုံကို သင်ယူ၍ ဓမ္မကထိကကြီးဖြစ်ကာ အသက်တစ်ရာ့နှစ်ဆယ်ရှည်၍ ဇမ္ဗူဒိဝိတစ်ကျွန်းလုံးကိုခြောက်ခြားစေကာ ပရိနိဗ္ဗာန်ပြုတော်မူပါသည်။ (ဓမ္မ။ဋ္ဌ။၂။ ၃၂၀)

http://www.dhammadownload.com

၁၀။ " ကပိလရတန်း ၏ "

အစ်ကို– သာဂတမထေရ်၊

ဓိခင် – သာဓိနီ၊

ညီမ – တာပနာ။ (ဓမ္မပဒ။ ၂။ ၃၂၇)

၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃–၄–၂၀၀၇)အင်္ဂါနေ့

၁။ ကိုယ်နှုတ်စိတ်ကိုထိန်းလျှက် သုံးပါးသောကမ္မပထတို့ကို စင်ကြယ်အောင်သုတ်သင်မှသာ မြတ်ဗုဒ္ဓဟောကြားတော်မူသော မဂ်တရားကို ပြီးစေနိုင်၏–ဟု မိန့်ဆိုပုံပြင်ဂါထာကို ပါဠိရေးပါ။

၂။ တဏှာကင်း၍ ခွဲလမ်းခြင်းမရှိ နိဂ္ဂတိပဋိသန္ဓေဒုက္ခ လိမ္မာပြီး ရှေ့နောက်အကွာရာတို့ကို ကောင်းစွာသိလျက် ဘဝအဆုံးစွန်ကိုဆောင်သူ ယောဂျားမြတ်မည်သတည်းဟု ပြဆိုသောဂါထာပါဠိကိုသာ အနက်ရေးပါ။

၃။ လောကကြီး၌ လူချင်း အသွင်သဏ္ဌာန်ချင်း တူကြသော်လည်း အတူမရှိသော အရာများကို ဗုဒ္ဓဟောကြားခဲ့ရာ (က) အတူမရှိသောအရာလေးမျိုး (ခ) လွန်ကဲသောအရာလေးမျိုးတို့ကို ဖြေဆိုပါ။

၄။ နာမ်ရုပ်၌လည်း မကပ်ငြိ ကြောင့်ကြမှုလည်း မရှိမူ၍ ဆင်းရဲသို့ မကျရောက်နိုင်အောင် ပယ်စွန့်ရမည့်တရား, လွန်မြောက်ရမည့်တရားတို့ကို ဖော်ပြပြီး၊ အဘယ်သို့သောသူကို "သာဓုရှုပ" ကောင်းမြတ်သော သဘောရှိသူဟု ဆိုပါသနည်း? ဖြေဆိုပါ။

၅။ ဆင်းရဲကင်းသော ရဟန္တာအရှင်မြတ် ဖြစ်နိုင်ဘို့ရန် ပယ်သတ်ရမည့်တရား(၄)ပါးတို့ကို

http://www.dhammadownload.com

ဥပမာ နှင့်တကွ ဖြေဆိုပြီး၊ အမြတ်ဆုံးသောအလျှူ, အရသာ, မွေ့လျော်ခြင်းတို့ကိုလည်း ဖြေဆိုပါ။

၆။ လယ်ယာတို့သည် မြက် ပေါင်းတို့ကြောင့် အပြစ်ဖြစ်ကုန်သည်ဟုဆိုလျှင် သတ္တဝါတို့သည် အာဘယ်တရားတို့ကြောင့် အပြစ်ဖြစ်နေရပါသနည်း ?အကုံရဝတ္ထုနှင့်အညီ ဖြေဆိုလျက်၊ အာဘယ်သို့သောရဟန်းကို ''ဥပသန္တ'' ငြိမ်သက်သောရဟန်းဟု ဆိုပါသနည်း? သန္တကာယ ဝတ္ထုနှင့်အညီ ဖြေဆိုပါ။

၇။ ဥတ္တရာအမျိုးသမီး၏ သီရိမာ၌ မေတ္တာဖြန့်ပုံကို ရေး၍၊ နတ်ပြည်သို့ ရောက်ကြောင်း တရား တို့ကိုလည်း ဖြေဆိုပါ။

၈။ လောက၌ ကဲ့ရဲ့ချီးမွမ်းခြင်းတို့မှ လွတ်မြောက်သူမရှိဟု အတုလဒါယကာအား ဘုရားရှင် မိန့်ဆိုပုံကိုဖြေဆိုပြီး၊နွားသတ်ယောက်ျား၏ သားအားဘုရားရှင်အနုမောဒနာတရား ဟောပုံကိုလည်း ဖြေဆိုပါ။

၉။ လောက၌ လူအများနှင့်ဆက်ဆံသောအရာ(၅)မျိုးတို့ကို ဖြေဆိုပြီး၊ အညစ်အကြေး(၄)မျိုး တို့ကိုလည်း စုဥသာရိဝတ္ထုလာသည့်အတိုင်း ဖြေဆိုပါ။

၁၀။ မေဏ္ဍကသူဌေးလောင်းလျာဘဝက ပစ္စေကဗုဒ္ဓအရှင်မြတ်အား ဆွမ်းလှူဒါန်း၍ ဆုတောင်းခဲ့ပုံတို့ကို ရေးပြီး၊ ပဥ္စဂ္ဂဒါယကပုဏ္ဏား၏ အလှူ(၅)မျိုးတို့ကိုလည်း ရေးခဲ့ပါ။

၃။ ကရင်ပြည်နယ် (အဖြေ)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ- ၂၈၁)

၂။ (ဂါထာ- ၃၅၂)

http://www.dhammadownload.com

၃။ **"အတူမရှိသော အရာလေးမျိုး"**

- ရာဂနှင့် တူသောမီး မရှိ၊
- ဒေါသနှင့် တူသောအပြစ် မရှိ၊
- ခန္ဓာနှင့်တူသောဆင်းရဲမရှိ၊
- နိဗ္ဗာန်ထက်လွန်ကဲသောချမ်းသာမရှိ။ (ဂါထာ။ ၂၀၂)

" လွန်ကဲသော အရာလေးမျိုး "

- အနာရောဂါကင်းခြင်းသည် လွန်ကဲသောလာဘ်၊
- ရောင့်ရဲတင်းတိမ်ခြင်းသည် လွန်ကဲသောဥစ္စာ၊
- အကျွမ်းဝင်သူသည် လွန်ကဲသောဆွေမျိုး၊
- နိဗ္ဗာန်သည် လွန်ကဲသော ချမ်းသာ။ (ဂါထာ။ ၂၀၄)

၄။ **" ဆင်းရဲတို့ မကျရောက်နိုင်အောင် ပယ်စွန့်ရမည့်တရား "**

အမျက်ဒေါသ နှင့် မာန်မာနကို ပယ်စွန့်ရပါမည်။

" လွန်မြောက်ရမည့်တရား "

ကာမရာဂစသော သံယောဇဉ်အားလုံးတို့ကို လွန်မြောက်ရမည်။ (ဂါထာ။ ၂၂၁)

သာဓုရူပ = (ကချင်ပြည်နယ် နံပါတ် ၄-တွင်ရှု)

၅။ **" ဆင်းရဲကင်းသော ရတနာဖြစ်ဘို့ရန် ပယ်သတ်ရမည့်တရားလေးပါး "**

- အမိနှင့်တူသော တဏှာ၊
- အဖ နှင့်တူသော မာန၊
- မင်း ပုဏ္ဏား နှစ်ယောက်နှင့်တူသော သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ၊
- ကျားရဲနှင့် တူသော ဝိစိကိစ္ဆာနိဝရဏ၊ ဤတရားလေးပါးတို့ကို ပယ်သတ်ရမည်။

(ဂါထာ။ ၂၃၄ ။ ဓမ္မပဒဋ္ဌ။ ၂။ ၂၈၃/၂၈၄)

- အမြတ်ဆုံးသောအလှူ သည် = တရားအလှူ။
- အမြတ်ဆုံးသောအရသာသည် = တရားတည်းဟူသောအရသာ၊
- အမြတ်ဆုံးသောမွေ့လျော်ခြင်းသည် = တရားဖြင့်မွေ့လျော်ခြင်း ဖြစ်ပါသည်။

(ဂါထာ။ ၃၅၄)

http://www.dhammadownload.com

၆။ သတ္တဝါတို့သည် ရာဂ, ဒေါသ, မောဟ, တဏှာ ဟူသောတရားတို့ကြောင့် အပြစ်ဖြစ်နေရပါသည်။ (ဝိဏာ။ ၃၅၆ မှ ၃၅၉)

" ငြိမ်သက်သောရတန်း "

ကိုယ်, နှုတ်, စိတ်တို့ကို ကောင်းစွာထိန်းသိမ်းထားသည်ဖြစ်၍ ကာယဒုစရိုက်မရှိခြင်းကြောင့် ငြိမ်သက်သော ကိုယ်၊ ဝစီဒုစရိုက်မရှိခြင်းကြောင့် ငြိမ်သက်သောနှုတ်၊ မနောဒုစရိုက်မရှိခြင်းကြောင့် ငြိမ်သက်သောစိတ်ရှိ၍ ကာမဂုဏ်ကို ထွေးအန်ပြီးသူကို 'ငြိမ်သက်သောရတန်း' ဟုဆိုပါသည်။ (ဝိဏာ။ ၃၀၃)

၇။ **" ဥတ္တရာအမျိုးသမီး၏ သိရိမာ၌ မေတ္တာဖြန့်ပုံ "**

" ငါ့သူငယ်ချင်းမသည် ငါ့အား များစွာကျေးဇူးရှိပေ၏၊ စကြာဝဠာသည် အလွန်ကျဉ်းမြောင်းလှသေး၏၊ ဖြတ်ခွာပြည်သည်လည်း အလွန်နိမ့်လှသေး၏၊ ငါ့သူငယ်ချင်းမ၏ ဂုဏ်ကျေးဇူးကား များလှပေ၏၊ ငါသည် ဤသိရိမာကိုမှီ၍ လျှံနိုင်ခြင်း, တရားနာခြင်းတို့ ရအပ်ပေ၏၊

ဤသိရိမာ၏ အပေါ်၌ ငါ၏အမျက်ထွက်ခြင်းသည် အကယ်၍ရှိအံ့ ဤထောပတ်သည် ငါ့ကို ပူလောင်ပါစေသတည်း၊ အမျက်ထွက်ခြင်းသည် အကယ်၍မရှိအံ့ ဤထောပတ်သည်ငါ့ကိုမပူလောင်ပါစေသတည်း၊ " ဟု အဓိဋ္ဌာန်၍ မေတ္တာဖြန့်ပါသည်။

(ဓမ္မပဒ။ ၂။ ၂၀၁)

" နတ်ပြည်ရောက်ကြောင်း တရား "

- မှန်သောစကားပြောခြင်း၊
- အမျက်မထွက်ခြင်း၊
- တောင်းလာသူမှန်သမျှအား အနည်းငယ်မျှကိုသော်လည်း ပေးလှူခြင်း။(ဝိဏာ။ ၂၂၄)

၈။ **"အတုလဥပါသကာအား ဘုရားရှင် မိန့်ဆိုပုံ "**(ဂါထာ။ ၂၂၇ မှ ၂၃၀) ထင်ရှားပြီ။

" နွားသတ်ယောကျ်ားဏီသားအား ဘုရားရှင်အနုမောဒနာတရားတော်ပုံ "

(ဂါထာ။ ၂၃၅ မှ ၂၃၈) ထင်ရှားပြီ။

http://www.dhammadownload.com

၉။ " လောကဒ္ဓံ လူအများနှင့် ဆက်ဆံသောအရာ (၅) မျိုး "

– မြစ်၊ ခရီးလမ်း၊ သေတင်းဂုတ်၊ ဇရပ်သဘင်၊ သောက်ရေအိုးစင်။(ဓမ္မ။ဋ္ဌ။၂။ ၂၂၃)

" အညစ်အကြေး (၄) မျိုး "

– မရွတ်ဖတ် မသရဇ္ဈယ်ခြင်းသည် စာပေကျမ်းဂန် အတတ်ပညာတို့၏ အညစ်အကြေး၊

– လုံ့လစိုက်၍ မပြုပြင်ခြင်းသည် အိမ်တို့၏ အညစ်အကြေး၊

– ပျိုးရိခြင်းသည် အဆင်းလှခြင်း၏ အညစ်အကြေး၊

– မေ့လျော့ခြင်းသည် စောင့်ရှောက်သူ၏ အညစ်အကြေး၊ (ဝိဘာ။၂၄၁)

နှစ်ချက် – မေးခွန်းသည် ဓမ္မသာဓိဝတ္ထု ဟု မေးထားသည်၊ ဓမ္မသာဓိဝတ္ထု သည် အညစ်အကြေးလေးမျိုးမဟုတ်။ အညစ်အကြေးလေးမျိုး အဖြေသည် လာလုဒါယိတ္ထေရဝတ္ထု ဖြစ်သည်။

၁၀။ " မေဏ္ဍကသူဋ္ဌေးလောင်း ၏ ဆုတောင်း "

ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌ ဤသို့သဘောရှိသောတပ်မက်ခြင်းကို မတွေ့မမြင်ရပါစေသတည်း။

ဤအခါမှစ၍ အလုံးစုံသောဇမ္ဗုဒီပ်၌ နေကုန်သောသူတို့အား မျိုးစေ့ထမင်းကို ပေးစွမ်းနိုင်ပါစေသတည်း။

ဒိဗိလက်ဖြင့် အမှုကိုပြုလုပ်၍ အသက်မွေးမြူခြင်းကို မှပြုရပါလိမ့်၏။

(၂၅၀)သောကျိုကြတို့ကို သုတ်သင်ရှင်းလင်းစေ၍ ဦးခေါင်းဆေးကြောပြီးလျှင် ကျိုကြတို့၏တံခါးဦးနေ၍ အထက်သို့မော့ကြည့်သောခဏ၌သာလျှင် အကျွန်ုပ်အား နိဗ္ဗာန်အာရုံရှိသောသလေးပိုးရွာသွန်း၍ အလုံးစုံသော ကျိုကြတို့ပြည့်ပါစေသတည်း။

ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌လည်း ဤမယား၊ ဤသား၊ ဤချွေးမ, ဤကျေးကျွန်သည်သာ ဖြစ်ပါစေသတည်း။ (ဓမ္မ။ဋ္ဌ။၂။ ၂၃၅)

" အလှူဦး (၅) မျိုး "

လယ်၌ ကောက်ဦးအလှူ၊ ကောက်နယ်တလင်းဦးအလှူ၊

ကောက်စပါးဦးအလှူ၊ ထမင်းအိုးဦးအလှူ၊

ထမင်းခူးဦးအလှူ။ (ဓမ္မ။ဋ္ဌ။၂။ ၃၆၇)

http://www.dhammadownload.com

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမကြိုးတန်း ။ ။ ဓမ္မပဒ ဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂-ရက်(၃-၄-၂၀၀၆)အင်္ဂါနေ့။

၁။ အရှုံး အနိုင်၊ အနိုင် အရှုံးနှင့်ပတ်သက်၍ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူထားသော ဂါထာပါဠိကို သုခဲ့ဝဂ် ကောသလပရာဇယဝတ္ထုလာအတိုင်း ရေးသားပြပါ။

၂။ ကုသိုလ်ကောင်းမှုကြောင့် တမလွန်ဘဝ၌ အကျိုးရှိရှိဖြစ်နိုင်ပုံပြ နန္ဒိယဝတ္ထုလာ ဂါထာတို့တွင် ဒုတိယဂါထာကိုသာ အနက်မှန်မှန် ယောဇနာပြပါ။

၃။ ဤလောက၌ လူတို့၏ နှုတ်ဖျားဝယ် ပြောဆိုနေကြသော ''မရှိတရား လေးပါး'' ကို သုခဝဂ် ကုလဒါရိကာဝတ္ထုလာ ဂါထာနှင့်အညီ ဖြေဆိုပြပါ။

၄။ တဏှာနှင့် ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်တို့ကို ပိယဝဂ် အညတရ ဗြာဟ္မဏဝတ္ထုနှင့်အညီ ဖြေဆို၍၊ ပိယဝဂ် ပဉ္စသတဒါရကဝတ္ထုလာ ပိယဆေး (၄)မျိုးကို လည်း အစဉ်ကျကျ ရေးသားပြပါ။

၅။ ဆင်းရဲခဲကွမကျရောက်နိုင်သော နည်းလမ်းများကို ကောဓဝဂ် ရောဟိနီခတ္တိယကညာ ဝတ္ထု လာ ဂါထာတော်မြတ်နှင့်အညီ မှန်ကန်စွာ ရေးသားပြပါ။

၆။ ဗိမိသန္တာန်မှ ကိလေသာအညစ်အကြေး ထုတ်ပယ်ပုံ ထုတ်ပယ်နည်းကို အညတရ ဗြာဟ္မဏ ဝတ္ထုလာဂါထာတော်နှင့်အညီ ဖြေဆိုပြ၍၊ ပစ္စည်းလေးပါးကို တွယ်တာမက် မောခြင်းကြောင့် ဆိုးကျိုးတရားဖြစ်ပေါ်ပုံကို ၎င်းဝဂ် တိဿတ္ထေရဝတ္ထုလာ ဂါထာနှင့်အညီ ဖြေရှင်းပါ။

၇။ ပသေနဒိကောသလမင်းကြီး၏ နေ့စဉ်စားသုံးသော ထမင်း ဟင်း ပမာဏကို ဓမ္မပဒ

http://www.dhammadownload.com

အဋ္ဌကထာနှင့်အညီ မှန်ကန်စွာ ဖြေဆိုပြု၍ နိဗ္ဗာန် ပရမံ သုခံ–ဟု ဝိန်ဆိုတော်မူခြင်း၏ အကြောင်းရင်းကိုလည်း မှန်ကန်စွာ ဖြေဆိုပြပါ။

၈။ ရောဟိနိမင်းသမီးလေး၏ သန္ဓာန်၌ ဖြစ်ပေါ်နေသော ရောဂါကို မှန်ကန်စွာ ဖြေဆိုပြ၍၊ ရောဟိနိမင်းသမီးလေး၏ ကုသိုလ်ကောင်းမှုများကိုလည်း မှန်ကန်စွာ ရေးသားပြပါ။

၉။ သူဆင်းရဲမောင်ပုဏ္ဏသည် အဘယ်ပြည် အဘယ်သူဌေးကို အဖိုပြု၍ အသက်မွေးဝမ်းကျောင်းအမှု ပြုလုပ်နေပါသနည်း ? ဖြေဆိုပြ၍ အဟိသကာ ယေ မုနယော–၌ မုနယောအရ (အဘိဓေယျတ္ထ)ကို အကြောင်းနှင့်တကွ ဖြေဆိုပြပါ။

၁၀။ ရှင်တော်မြတ်ဘုရားသည် ပေါ်ဠိလမထေရ်ကို အဘယ်အကြောင်းကြောင့် ''ဖေါ် တုဏ္ဍိ ပေါ်ဠိလ'' ဟု ဝိန်တော်မူရပါသနည်း ? ပေါ်လွင်ထင်ရှားအောင် ဖြေဆိုပြ၍၊ ယောဂါ ဝေဇယတိ ဘူရိ–ဟူသော စကားရပ်၌ ''ယောဂ''၏ သဘောအဓိပ္ပါယ်ကိုလည်း အဋ္ဌကထာအဖွင့်နှင့်အညီ ဖြေဆိုပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ)

၂။ (ထင်ရှားပြီ)

၃။ **မရှိတရားလေးပါး–** (ကရင်ပြည်နယ် နံပါတ် (၃) ရှု)

၄။ **''တဏှာနှင့် ပတ်သက်၍ သိသင့်သိထိုက်သောအချက်အလက်များ''**

တဏှာကြောင့် စိုးရိမ်မှု, ကြောင့်ကြမှု ဖြစ်၏၊ တဏှာကင်းလွတ်သူအား စိုးရိမ်မှု, ကြောင့်ကြမှုမရှိတော့။ (ဓိဿ။ ၂၁၆)

http://www.dhammadownload.com

" ဝိယဆေး (၄) မျိုး "

သီလ ဉာဏ်အမြင်နှင့်ပြည့်စုံခြင်း၊
လောကုတ္တရာတရားကိုးပါး၌ တည်ခြင်း၊
အမှန်တရားကို သိခြင်း၊
ဝိမိတ္တိပြုဖွယ်အမှု သိက္ခာသုံးပါးကို ပြုခြင်း။ (ဝိဏီ။ ၂၁၇)

၅။ " ဆင်းရဲနှက်ခွ မကျရောက်နိုင်သော နည်းလမ်း "

အမျက်ဒေါသ မာန်မာနကို ပယ်ခွန့်ရမည်၊
သံယောဇဉ်အားလုံးတို့ကို ကျော်လွှားရမည်၊
နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြရ။
ထိုပုဂ္ဂိုလ်သို့ ဆင်းရဲနှက်ခွတို့ မကျရောက်နိုင်ပါ။ (ဝိဏီ။ ၂၁၁။ ဏဒူဝိဇ္ဇဉ်နှိုင်း နံဝါဒိ (၃) ၆)

၆။ " ဝိမိသန္တာန်မှ ကိလေသာအညစ်အကြေး ထုတ်ပယ်နည်း "

ရွှေပန်းတိမ်သည်သည် ရွှေ၏အညစ်အကြေးကို အဖန်ဖန်ထုတ်သကဲ့သို့ ပညာရှိသည်ဝိမိ၏ ရာဂစသောအညစ်အကြေးကို အနည်းငယ် အနည်းငယ် ခဏတိုင်း ခဏတိုင်း ထုတ်ပယ်ရမည်။ (ဝိဏီ။ ၂၄၃)

" ဆိုးကျိုးတရားဖြစ်ပုံ "

သံချေးသည် သံမှသာဖြစ်၍ ထိုသံကိုသာ စားသကဲ့သို့ ပစ္စည်းလေးပါး၌ မဆင်ခြင်ဘဲလွန်ကြူး၍ ကျင့်ရဟန်းကို ဝိမိ၏ မကောင်းသောကျင့်ကြံမှုတို့က ဒုက္ခတိဘဝသို့ ဆောင်ကုန်၏။ (ဝိဏီ။ ၂၄၀)

၇။ " ထမင်းတင်းပမာဏ "

ပသေနဒိကောသလမင်းကြီးသည် ဆန်တစ်စိတ်ချက်ထမင်း နှင့် ထိုထမင်းအား လျော်သော ဟင်းလျာဖြင့် နေ့စဉ်စားသုံးပါသည်။ (မဇ္ဈိ။ဋ္ဌ။ ၂။ ၁၅၂)

" နိဗ္ဗာန် ပရမံ သုခံ "

နိဗ္ဗာန်နှင့်တူသော ချမ်းသာမည်သည်မရှိသောကြောင့် " နိဗ္ဗာနံ ပရမံ သုခံ " ဟုဆိုပါသည်။ (ဓမ္မ။ဋ္ဌ။ ၂။ ၁၇၃)

http://www.dhammadownload.com

၈။ " ရောတိနိမင်းသမီးလေး ၏ ရောဂါ "–မှာ ကိုယ်ရေပြားရောဂါ ဖြစ်သည်။
(ဓမ္မ။ဋ္ဌ။ ၂။ ၁၉၂)

"ကုသိုလ်ကောင်းမှု" ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းခြင်း၊ တံမြက်လှည်းခြင်း။
(ဓမ္မ။ဋ္ဌ။ ၂။ ၁၉၂)

၉။ သူဆင်းရဲမောင်ပုဏ္ဏသည် =
ရာဇဂြိုဟ်ပြည်၌ သုမနသူဌေးကြီးကို အမှီပြု၍ အသက်မွေးဝမ်းကြောင်းအမှု ပြုလုပ်နေပါသည်။ (ဓမ္မ။ဋ္ဌ။ ၂။ ၁၉၆)

" အတိသကာ ယေ မုနယော ၌ မုနယော အရ"
မောနေယျအကျင့်ဖြင့် မဂ် ဖိုလ်သို့ရောက်သောကြောင့် အသေခမုနိ (အသေကွဉမုနိ) ရဏ်။ (ဓမ္မ။ဋ္ဌ။ ၂။ ၂၀၆)

၁၀။ " ဇေတ် တုဏ္ဍိပေါဠိလ – တု မိန့်တော်မူရခြင်းအကြောင်း "
ပေါဠိလမထေရ်သည် ခုနစ်ဆူကုန်သောဘုရားရှင်တို့၏သာသနာ၌ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်လျက် ငါးရာသောရဟန်းတို့အား တရားတော်ကို ဝို့ချနေပါသော် လည်း ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းအကျင့်ကို မကျင့်သောကြောင့် " ဤပေါဠိလ ရဟန်းအား 'မိမိ၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို ပြုအံ့' ဟူသောစိတ်မျှလည်း မရှိ၊ ထိုပေါဠိလကို ထိပ်လန့် စေအံ့ " ဟု ကြံတော်မူ၍ 'ဇေတ် တုဏ္ဍိပေါဠိလ' ဟု မိန့်တော်မူရပါသည်။ (ဓမ္မ။ဋ္ဌ။ ၂။ ၂၅၂)

" ယောဂ " ဟူသည် –
(၃၈) ပြာသောဘာဝနာအာရုံတို့၌ အသင့်အတင့်နှလုံးသွင်းခြင်းတည်း။(ဓမ္မ။ဋ္ဌ။ ၂။ ၂၆၄)

http://www.dhammadownload.com

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၈)ရက်၊ (၂၅-၃-၂၀၀၇)တနင်္ဂနွေနေ့

၁။ ဇါဘုရားသည် စစ်မြေပြင်၌ ရောက်နေသော ဆင်ပြောင်ကြီးနှင့်တူ၏ဟု ဟောကြား တော်မူအပ်သော နာဂဝဂ် အတ္တဒန္တဝတ္ထုလာ ဂါထာတို့တွင် ရှေ့နှစ်ဂါထာကိုသာ ပါဠိသက်သက် ရေးပါ။

၂။ ''သံကိုသံဖျက်၊ သံချေးတက်''ဟူသော ဆိုရိုးစကားဖြစ်ပေါ်လာပုံပြု မလဝဂ် တိဿ-ထေရ ဝတ္ထုလာ ဂါထာပါဠိကို ပြည့်စုံမှန်ကန်အောင် အနက်ယောဇနာပါ။

၃။ မလဝဂ် အညတရဗြဟ္မဏဝတ္ထုလာ ''မိမိ၏ ရာဂစသောအညစ်အကြေးကို ပယ်ထုတ်ပုံ'' နှင့် လဟုဒါယိထေရဝတ္ထုလာ ''ညစ်နွမ်းကြောင်း မလ-လေးမျိုး'' တို့ကို ညွှန်ပြခဲ့ပါ။

၄။ စကားပြောကောင်းသောပုဂ္ဂိုလ်တစ်ယောက်ဖြစ်ရန် ပြည့်စုံရမည့် အင်္ဂါရုပ်တို့ကို ဘိက္ခုဝဂ် ကောကာလိကဝတ္ထုလာ ဂါထာနှင့်အညီ ဖြေဆို၍ ''ပဏ္ဍိတောတိ ပဝုစ္စတိ''၌ ပဏ္ဍိတ မည်ခြင်းအကြောင်းကိုလည်း ဓမ္မဋ္ဌဝဂ် ဆဇ္ဈဝိယဝတ္ထုလာ ဂါထာနှင့်အညီ တင်ပြခဲ့ပါ။

၅။ ပကိဏ္ဏကဝဂ် ဘဒ္ဒိယဘိက္ခုဝတ္ထု၌ ''တေသံ ဝမ္ဘန္တိ အာသဝါ''ဝယ် အာသဝတရာတို့ဟူး သောရဟန်းများနှင့် ''အတ္ထံ ဂဒ္ဓန္တိ အာသဝါ''ဝယ် အာသဝတရားချုပ်ငြိမ်းသော ရဟန်းများကို အသီအသီး ခွဲခြား၍ ဖြေဆိုပါ။

၆။ ''တစ်ယောက်တည်းနေ၊ တစ်စိတ်တည်းထား''ဟူသောစကား၌ တစ်ယောက်တည်း နေရခြင်းအကျိုးကို ဘုရားရှင်အလိုကျ ဇကဝိဟာရိတ္ထေရဝတ္ထုလာ ဂါထာနှင့်အညီ ဖြေဆို၍ ''သူတစ်ပါးမယား မပြစ်မှားထိုက်ခြင်း''အကြောင်းကိုလည်း ခေမက သေဋ္ဌိပုတ္တဝတ္ထုလာ ဂါထာနှင့်မဆန့်ကျင်အောင် ညွှန်ပြခဲ့ပါ။

http://www.dhammadownload.com

၇။ ကဝိလုမည်သော ဝါးကြီး၏ ရွှေအဆင်းကဲ့သို့ အဆင်းလှပါလျက် စံတွင်းမှ အပုပ်နံ့ ထွက်ရခြင်းအကြောင်းကို ကဏ္ဍာဝဂ် ကဝိလမစ္ဆ ဝတ္ထု အဋ္ဌကထာရှာကာ ဖော်ပြ၍ ''ယေ ရာဂရတ္တာနုပတန္တိ သောတံ'' ၏ သဒ္ဒေါအဓိပ္ပါယ်ကိုလည်း ခေမာထေရီဝတ္ထု အဋ္ဌကထာအဖွင့်နှင့်အညီ ဖြေဆိုပါ။

၈။ ''ပဋ္ဌဂ္ဂါယကာ'' မည်ပုံကို ဘိက္ခုဝဂ် ပဋ္ဌဂ္ဂါယကဝတ္ထု အဋ္ဌကထာလာအတိုင်း ဖြေဆို၍ ဗြဟ္မဏဝဂ် မာရဝတ္ထုလာ ''ယဿ ပါရံ အပါရံ ဝါ ''ပါဠိ၌ ပါရ- အရ , အပါရ- အရတို့ကိုလည်း အသီးသီး ကောက်ပြခဲ့ပါ။

၉။ ကဏ္ဍာဝဂ် သက္ကပဉ္ဉဝတ္ထု၌ မြတ်စွာဘုရားအား သိကြားမင်းမေးသော ပြဿနာလေးမျိုးနှင့် သိကြားမင်းအား မြတ်စွာဘုရားဖြေကြားသော ဝိသဇ္ဇနာလေးမျိုးတို့ကို ညွှန်ပြခဲ့ပါ။

၁၀။ ''ဆွမ်းလောင်းလှူပြီးသော အန္ဓဘာရမြက်ထမ်းသမား၏ ဆုတောင်း'' ကို ဘိက္ခုဝဂ် သုမန သာမဏေရဝတ္ထု အဋ္ဌကထာလာအတိုင်း ဖော်ပြ၍ ဗြဟ္မဏဝဂ် ဝင်္ကီသတ္ထေရ ဝတ္ထု၌ထာ၌ ''ခိဏာသဝံ အရဟန္တံ'' ဝယ် ခိဏာသဝ, အရဟန္တမည်ခြင်း၏အကြောင်း များကိုလည်း အဋ္ဌကထာကျမ်းလာအတိုင်း အသီးသီး ဖော်ပြခဲ့ပါ။

၅။ စစ်ကိုင်းတိုင်း (အဖြေ)
ပထမကြိမ်းတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ)

၂။ (ထင်ရှားပြီ)

၃။ **'' မိမိ၏ ရာဂစသောအညစ်အကြေးကို ပယ်ထုတ်ပုံ ''**

ရှေ့ပန်းတိမ်သည်သည် ရွှေ၏အညစ်အကြေးကို အဖန်ဖန်ထုတ်သကဲ့သို့ ပညာရှိသည်

http://www.dhammadownload.com

ပိပိဏ် ရာဂစသောအညစ်အကြေးကို အနုည်းငယ် အနုည်းငယ် အခွင့်ရတိုင်း ပယ်ထုတ်ရမည်။ (ဂါထာ။ ၂၃၉)

မလ (၄) မျိုး = ကရင်ပြည်နယ် နံပါတ် (၉) ရှု။

၄။ " ပြည့်စုံရမည့် အဂၤါရပ် "

နှုတ်ကို စောင့်စည်းလေ့ရှိခြင်း၊
ပညာဖြင့် ဆင်ခြင်၍ ပြောဆိုလေ့ရှိခြင်း၊
မပျံ့လွင့်ပဲ ငြိမ်းအေးသောစိတ်ရှိခြင်း၊
အနက်အဓိပ္ပါယ် နှင့် ပါဠိကို ဟောပြောတတ်ခြင်း –ဟူသောအင်္ဂါရပ်များနှင့် ပြည့်စုံရမည်။
(ဂါထာ။ ၃၆၃)

" ပဏ္ဍိတမည်ခြင်း အကြောင်း "

စကားများများပြောကာမှဖြင့် 'ပဏ္ဍိတ' မမည်၊ ဘေးရန်မရှိပဲ ကြောက်ရွံ့မှုကင်းသော ကြောင့်သာ 'ပဏ္ဍိတ' မည်ပါသည်။ (ဂါထာ။ ၂၅၁)

၅။ " အာသဝေါတရားတိုးပွားသောရတန်းများ "

ပြုသင့်ပြုထိုက်သောအမှုကို စွန့်ပစ်၍ မပြုသင့်မပြုထိုက်သောအမှုကို ပြုလျက် မာန ထောင်လွှားကာ မေ့လျော့သူတို့အား အာသဝေါတရားတို့ တိုးပွါးပါသည်။

" အာသဝေါတရား ချုပ်ငြိမ်းသောရတန်းများ "

ကာယာနုပဿနာဘာဝနာကို ကောင်းစွာအားထုတ်၍ မပြုသင့်မပြုထိုက်သော အမှုကိုမပြုကြပဲ ပြုသင့်ပြုထိုက်သောအမှုကို မပြတ်မလပ်ပြုကာ သတိ သမ္မဇဉ်ရှိသူတို့အား အာသဝေါတရားတို့ချုပ်ငြိမ်းပါသည်။

(ဒဃနခဿည်နှယ် နံပါတ် (၅) ဂှ။ ဂါထာ။ ၂၉၂ / ၂၉၃)

၆။ " တစ်ယောက်တည်း နေခြင်းအကျိုး "

ကမ္မဋ္ဌာန်းနှလုံးသွင်းလျက် တစ်ယောက်တည်းနေခြင်း တစ်ယောက်တည်း အိပ်ခြင်းကို ပိုဝဲလျက် မပျင်းမရိလုံ့လရှိသည်ဖြစ်၍ တစ်ယောက်တည်းသာကျင့်လျက်

http://www.dhammadownload.com

တစ်ယောက်တည်း သာဖြစ်သော ဗိမိကိုယ်ကို ဆုံးမသည်ဖြစ်၍ တောခွဲမွေ့လျော်ရာ၏။

(ဓါထာ။ ၃၀၅)

မှတ်ချက် – ဤဓါထာသည် တစ်ယောက်တည်းနေခြင်းအကျိုးဖေါ်ပြ၏။ ဓါထာအဋ္ဌကထာ၌ ဓါထာအတိုင်းဖြေလိုက်သည်။

" သူတစ်ပါးမယား မပြစ်မှားထိုက်ခြင်းအကြောင်း "

မွေ့လျော်၍ သူတစ်ပါးမယားပြစ်မှားသောသူသည် –

အကုသိုလ်ကိုရခြင်း၊ အလိုရှိတိုင်းချမ်းသာစွာမအိပ်ရခြင်း၊ အကဲ့ရဲ့ခံရခြင်း၊ ငရဲခံရခြင်း ဟူသောဆင်းရဲခြင်းအကြောင်းတို့သို့ ရောက်ရသောကြောင့်လည်းကောင်း၊ မကောင်းမှုကို ရခြင်း၊ ယုတ်မာသောလားရာဂတိရှိခြင်း၊ ကြောက်ရွံ့ထိတ်လန့်သူနှစ်ဦး တို့၏ မွေ့လျော်ပျော်ပါးခြင်းသည် အနည်းငယ်မျှဖြစ်ခြင်း၊ မင်း၏ ကြိုးလေးသောအပြစ်ဒဏ် ပေးခံရခြင်း တို့သို့ ရောက်ရသောကြောင့်လည်းကောင်း၊ သူတစ်ပါးမယားကို မပြစ်မှားထိုက်ပါ။

(ဓါထာ။ ၃၀၉/ ၃၁၀)

၎ " ခံတွင်းမှ အပုပ်နံ့ထွက်ခြင်း အကြောင်း "

များစွာသောနေ့ညပတ်လုံး မြတ်စွာဘုရား၏ စကားတော်ကို ပို့ချ၍ မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးကို ရွတ်ဆိုဟောပြောခဲ့သောကံကြောင့် ရွှေအဆင်းကဲ့သို့အဆင်းလှလျက် ရဟန်းတို့အား ဆဲရေးရေရွတ်ခဲ့သောကံကြောင့် ခံတွင်းမှ အပုပ်နံ့ထွက်ရသည်။

(ဓမ္မ။ဋ္ဌ။ ၂။၃၇၂)

" ယေ ရာဂရတ္တာ နုပတန္တိ သောတံ "

ပဉ္စကူသည် ပဉ္စကူမှင်တို့ကိုပြု၍ အလယ်၌ချက်ဝန်းအရပ်၌ နေလျက် အစွန်၌ကျသော ပိုးနှံကောင် ယင်ကောင်တို့အထံသို့ လျှင်မြန်စွာသွား၍ ထိုးသုတ်ကာ ထိုသတ္တဝါ၏ ဦးခေါင်းကိုဖောက်ပြီး အရည်ကိုစုပ်၍ တစ်ဖန်သွား၍ ထိုအလယ်ချက်ဝန်းအရပ်၌ပင် အိပ်၏။

ဤအတူ ရာဂပြင့် တပ်မက်ကုန်သော ဒေါသဖြင့်ပျက်စီးကုန်သော မောဟဖြင့် တွေဝေကုန်သော သတ္တဝါတို့သည် မိမိပြုသောတဏှာအလျဉ်သို့ ကျရောက်ကုန်၏၊ ကောင်းစွာ ကျော်လွန်ခြင်းငှါ မတတ်နိုင်ကုန်၊ ဤသို့ ခဲယဉ်းစွာလွန်မြောက်အပ်သတည်း။

(ဓမ္မ။ဋ္ဌ။ ၂။ ၃၄၀)

http://www.dhammadownload.com

၈။ **“ ပဥ္စဂ္ဂါယကာ မည်ပုံ ”**

– လယ်၌ရိပ်သိမ်းသောကာလ လယ်ဦးအလှူ မည်သည်ကိုလှူ၏။
– တလင်းနယ်သောကာလ တလင်းဦးအလှူ မည်သည်ကိုလှူ၏။
– အရင်းအနှီးဘဏ္ဍာပြုသောကာလ ဘဏ္ဍာဦးအလှူ မည်သည်ကိုလှူ၏။
– ထမင်းအိုးတွင်ချက်သောကာလ ထမင်းအိုးဦးအလှူ မည်သည်ကိုလှူ၏။
– ခွက်၌ထမင်းခူးသောကာလ ခွက်ဦးအလှူ မည်သည်ကိုလှူ၏။

ဤသို့ ငါးပါးသော အဦးအဖျားအလှူဒါနကို ပေးလှူးလေ့ရှိ၏၊ ရောက်လာသောသူအား အပေးကမ်းပဲ မစား။ ထို့ကြောင့် ‘ပဥ္စဂ္ဂါယကာ’ မည်ပါသည်။ (ဓမ္မ။ဋ္ဌ။ ၂၂။ ၃၆၇)

ပါရ အရ = အဖျတ္တိကာယတန (၆) ပါး။
အပါရ အရ = ဗာဟိရာယတန (၆) ပါး။ (ဓမ္မ။ဋ္ဌ။ ၂။ ၃၇၅)

၉။ **“ သိကြားမင်းမေးသော ပြဿနာ (၄) မျိုး ”**

အလှူဒါနတို့တွင် အဘယ်အလှူဒါနသည် ကြီးကျယ်မြင့်မြတ်ပါသနည်း။
အရသာအပေါင်းတို့တွင် အဘယ်အရသာသည် ကြီးကျယ်မြင့်မြတ်ပါသနည်း။
မွေ့လျော်ဘွယ်အပေါင်းတို့တွင် အဘယ်သို့သောမွေ့လျော်ခြင်းသည် ကြီးကျယ်မြင့်မြတ်ပါသနည်း။
တဏှာကုန်ခြင်းကိုသာလျှင် အဘယ့်ကြောင့် ကြီးကျယ်မြင့်မြတ်သည်ဟု ဆိုပါသနည်း။

“ မြတ်စွာဘုရားဖြေသော ဝိဿဇ္ဇနာ (၄) မျိုး ”

– အလှူဒါနတို့တွင် တရားအလှူသည် ကြီးကျယ်မြင့်မြတ်၏၊
– အရသာအပေါင်းတို့တွင် တရားအရသာသည် ကြီးကျယ်မြင့်မြတ်၏၊
– မွေ့လျော်ဘွယ်အပေါင်းတို့တွင် တရားဖြင့် မွေ့လျော်ခြင်းသည် ကြီးကျယ်မြင့်မြတ်၏၊
– တဏှာကုန်ခြင်းသည်ကား အရဟတ္တဖိုလ်သို့ရောက်စေတတ်သည်၏ အဖြစ်ကြောင့် အထူးသဖြင့် ကြီးကျယ်မြင့်မြတ်သည်သာတည်း။ (ဓမ္မ။ဋ္ဌ။ ၂။ ၃၅၁)

၁၀။ **“ အန္ဓဘာရ ၏ ဆုတောင်း ”**

“ အရှင်ဘုရား ဤကောင်းမှုကြောင့် တပည့်တော်အား ဆင်းရဲသောအမျိုးဌာ တစ်ရံ

http://www.dhammadownload.com

တစ်ဆစ်မျှ မဖြစ်ရပါစေသတည်း၊ ဘဝတိုင်း ဘဝတိုင်း၌ 'မရှိပါ' ဟူ၍ ပြောဆိုရခြင်း မည်သည် မဖြစ်ရပါစေသတည်း၊"

"အရှင်ဘုရား ဤသို့သဘောရှိသော ဆင်းရဲပြိုင်စွာ အသက်မွေးရမြဲရခြင်းမှ လွတ်မြောက်ရပါလို၏၊ 'မရှိ' ဟူသောစကားမျှသော်လည်း မကြားမသိရပါလို၏။" ဟု ဆုတောင်းသည်။ (ဓနှ။ဋ္ဌ။၂။ ၃၃၃)

" ခိဏာသဝ မည်ခြင်းအကြောင်း "

အာသဝေါကုန်ခြင်းကြောင့် ' ခိဏာသဝ'။

ကိလေသာတို့မှ ဝေးစွာရှောင်ကြဉ်တတ်သောကြောင့် ' အရဟန္တ'။ (ဓနှ။ဋ္ဌ။၂။ ၄၅၁)

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)
ပထမကြိမ်တန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၈–ခုနှစ် နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်(၃–၄–၂၀၀၆)အင်္ဂါနေ့

၁။ ချမ်းသာစွာပြန်ရောက်လာသော အဝေးရောက် ယောကျ်ားကို ဆွေမျိုးတို့ကကြိုဆိုကြသကဲ့သို့ နတ်ပြည်သို့လားရောက်ကြသည့် ကောင်းမှုရှင်တို့ကို ကောင်းမှုတို့က ဝမ်းမြောက် ဝမ်းသာစွာဖြင့် ခရီးဦးကြိုဆိုကြကြောင်း ဘုရားရှင်ဟောတော်မူသည့် ဓမ္မပဒဂါထာတို့ကို ပါဠိသက်သက်ရေးပြပါ။

၂။ "ရုပ်ရည်အဆင်း၊ လှပခြင်းကာ၊ အိုမင်း(ယိုယွင်း)နောက်ဆုံးရှိချေ၏" ဟူသောဆုံးမစကားအရ ရုပ်ဆင်းလှပ၍ မိမိရုပ်အပေါ် သာယာနှစ်သက်နေသည့် ဗိမ္ဘိသာရမင်း၏ အဂ္ဂမဟေသီ ဇနပဒကလျာဏီဘုရားအား အကြောင်းပြု၍ ဟောတော်မူသော ဓမ္မပဒဂါထာကို အနက်ပေးပါ။

၃။ သူသူကိုယ်ကိုယ် နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်းများကို ရေးပြ၍၊ အာသဝေါတရားများချုပ်ငြိမ်းခိုင်သောပုဂ္ဂိုလ်ကိုလည်း ဓမ္မပဒပါဠိတော်မှ ရှာဖွေရေးပြပါ။

၄။ ဘုရားရှင်၏သာသနာတော်အလိုအရ(က)အလွန်အကဲဆုံးအညစ်အကြေး၊ (ခ)အပူပြင်းဆုံးမီး၊ (ဂ)အရက်စက်ဆုံးသတ္တဝါ၊ (ဃ)အထူထပ်ဆုံးပိုက်ကွန်၊(င)အရှည်ဆုံးမြစ်တို့ကို အသီးသီးဖော်ပြပါ။

http://www.dhammadownload.com

၅။ (က)နှ ဓမ္မဋ္ဌ=တရားသူကြီး အစစ်မဟုတ်သူ၊ (ခ)ဓမ္မဋ္ဌ=တရားသူကြီး အစစ်–တို့ကိုရေးပြ၍၊ မဂ္ဂင်္ဂဝင်္ဂလာအရိယာမင်္ဂကို မရှိနိုင်သောပုဂ္ဂိုလ်ကိုလည်း ပါဠိတော်လာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၆။ ပကိဏ္ဏကဂဏ် ဝဇ္ဇိပုတ္တကဘိက္ခုဝတ္ထု၌ ''ဆင်းရဲဒုက္ခ(ခဲယဉ်းမှု, ဆင်းရဲမှု)''များကို ဓမ္မပဒ ပါဠိတော်မှ ထုတ်နုတ်ရေးပြပါ။

၇။ ''ဇိယဿ ပရမာ ရောဂါ'' ဟူသော ဒေသနာတော်အရ ရောဂါအားလုံးတွင် ဆာလောင်မွတ်သိပ်ခြင်း၏ အကြီးဆုံးရောဂါဖြစ်ခြင်းအကြောင်းကိုရေးပြ၍၊ သိကြားမင်းသည် အဘယ်သို့ကြံစည်၍ အဘယ်မျှလောက်သောအတ္တဘောကိုစွန့်၍ မြတ်စွာဘုရား၏ ခြေတော်နှစ်ဘက်တို့ကို လက်တို့ဖြင့် ဆုပ်နယ်ပါသနည်း? အဋ္ဌကထာအလိုကျရေးပြပါ။

၈။ ''သိလဒဿနသမ္ပန္နံ ဓမ္မဋ္ဌံ သမ္ဗဝေဒိနံ'' ဟူသောဒေသနာတော်၌(က)သိလ၊(ခ)ဒဿန၊ (ဂ)ဓမ္မအရတို့ကို အသီးသီးကောက်ပြ၍၊ အနာဂါမိမထေရ်သည် တပည့်တို့အား စကား တစ်ခုံတစ်ရာမဆိုမူ၍ သေပြီးနောက် သုဒ္ဓါဝါသဘုံ၌ ဖြစ်ရခြင်းအကြောင်းကိုလည်း ရေးပြပါ။

၉။ ဆွမ်းကျွေးပွဲတို့၌ လူတို့အားပြောကြားသော တိတ္ထိတို့၏မင်္ဂလာစကားကို အဋ္ဌကထာနှင့် အညီရေးပြ၍၊ အစ္စာနော ပဗ္ဗကမ္မဝတ္ထုလာ ထေသလိပြည်၌ ဖြစ်ပေါ်ခဲ့သော ဇာနုကြီးသုံး မျိုးကိုလည်း ဖော်ပြပါ။

၁၀။ ခဏော ဝေါ မာ ဥပစ္စဂါ–၌ ခဏ–အရ အဘယ်သို့သောခဏမျိုးကိုယူရမည်ကိုညွှန်ပြ၍၊ အဘယ့်ကြောင့်အဘယ်ကို ''အဂတိအိ''ဟုဆိုရပါသနည်း? အဋ္ဌကထာနှင့်အညီရေးပါ။

၆။ တနသ်ာရီတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ– ၂၁၉/၂၂၀)

၂။ (ဂါထာ– ၃၄၇)

http://www.dhammadownload.com

၃။ နှတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်း– (ကရင်ပြည်နယ် နံပါတ် (၆) ရှု)
ရောက်ကြောင်းအကျင့်– (ကချင်ပြည်နယ် နံပါတ် (၃) ရှု)

၄။ (က) အလွန်ကဲဆုံးအညစ်အကြေး = အဝိဇ္ဇာ၊ (ဝိဘင်္ဂ။ ၂၄၃)
(ခ) အပူပြင်းဆုံးမီး = ရာဂ၊
(ဂ) အရက်စက်ဆုံးသတ္တဝါ = ဒေဝဒတ်၊
(ဃ) အထူထပ်ဆုံးပိုက်ကွန် = မောဟ၊
(င) အရှည်ဆုံးမြစ် = တဏှာ။ (ဝိဘင်္ဂ။ ၂၅၁)

၅။ (က) **"နှ ဓမ္မဋ္ဌ – တရားသူကြီးအစစ်မဟုတ်သူ"**

ဆုံးဖြတ်အပ်သော အမှုသဘောကို ဆွဲတင်ယွင်းသောအားဖြင့် မဟုတ်မမှန် ဆုံးဖြတ်သူသည် တရားသူကြီးအစစ်မဟုတ်။

(ခ) **"ဓမ္မဋ္ဌ – တရားသူကြီးအစစ်"**

ဟုတ်မှန်သောအကြောင်း မဟုတ်မှန်သောအကြောင်း နှစ်ပါးစုံကို စိစစ်ဆုံးဖြတ်၍ မဆွဲတ်မယွင်း ဟုတ်မှန်သောအားဖြင့် ညီညီမျှမျှ အဂတိမလိုက်စားပဲ တရားသဖြင့် သူတစ်ပါးတို့ကို အနိုင်အရှုံးသို့ရောက်စေသောပညာရှိသည် တရားသူကြီး အစစ်ဖြစ်သည်။ (ဝိဘင်္ဂ။ ၂၅၆/၂၅၇)

"အရိယာမဂ်ကို မရနိုင်သော ပုဂ္ဂိုလ်"

ပျိုမြစ်နတ္ထား ခွန်အားနှင့်ပြည့်စုံပါသော်လည်း ထက်သွေ့လုံ့လပြုသင့်သောအခါ၌ လုံ့လ မရှိပဲ မကောင်းသောစိတ်အကြံများ၍ ပျင်းရိထိုင်းမှိုင်းသောယူသည် ပညာဖြင့် မြင်သင့်သော အရိယာမဂ်ကို မရနိုင်။ (ဝိဘင်္ဂ။ ၂၈၀)

"ခဲယဉ်းမှု, ဆင်းရဲမှုများ"

– (စည်းစိမ်ဥစ္စာ, ဆွေမျိုးမိတ်သင်္ဂဟတို့ကို စွန့်ခွာ၍) ရဟန်းပြုရန် ခဲယဉ်း၏။
– ရဟန်းအဖြစ်၌ (ဆွမ်းခံ၍ အသက်မွေးပြီး တရားအားလျော်စွာကျင့်ခြင်း၌) မွေ့လျော်နိုင်ရန် ခဲယဉ်း၏။
– အိမ်၌နေသူတို့၏ ပျံ့ဖွယ်ကိစ္စများ ဆောင်ရွက်နေရခြင်း' ဟူသော မကောင်းသဖြင့် နေရခြင်းသည် ဆင်းရဲ၏။

http://www.dhammadownload.com

– စိတ်သဘောချင်း မတူသူတို့နှင့် မညီမညွတ်နေရခြင်းသည် ဆင်းရဲ၏။(ဓါတ်။ ၃၀၂)

၇။ **“ ဆာလောင်မွတ်သိပ်ခြင်း၏ အကြီးဆုံးရောဂါဖြစ်ခြင်းအကြောင်း ”**

တစ်ပါးသော ကျောက်ရောဂါ, ပလိပ်ရောဂါ စသောရောဂါသည် တစ်ကြိမ် ဆေးကုလိုက်သော် ပျောက်မှုလည်း ပျောက်ရာ၏၊ တစ်ခဏမျှသော်လည်း ငြိမ်းရာ၏။ ဆာလောင်ခြင်းရောဂါသည်ကား ဓနုစဉ်အမြဲ အစာစားခြင်းဟူသောဆေးကုစား နေရသောကြောင့်ရောဂါအားလုံးတွင် အကြီးဆုံးရောဂါမည်ပါသည်။ (ဓမ္မ။၂။ ၁၇၁)

သိကြားမင်းသည် “ ငါသည် မြတ်စွာဘုရားအထံတော်သို့ သွားရောက်၍ သူနာအား ပြုစုလုပ်ကျွေးခြင်းအမှုကို ပြုခြင်းငှါ သင့်၏” ဟု ကြံစည်၍ “သုံးဂါဝုတ် အတိုင်းအရှည်ရှိသော ခန္ဓာကိုယ်အတွက်ဘော”ကို စွန့်ကာ မြတ်စွာဘုရား၏ ခြေတော် နှစ်ဘက်တို့ကို လက်တို့ဖြင့် ဆုပ်နယ်ပါသည်။ (ဓမ္မ။၂။ ၁၇၅)

၈။ (က) သီလ အရ = စတုပါရိသုဒ္ဓိသီလ။

(ခ) ဒဿနအရ = မဂ်ဖိုလ်နှင့် ယှဉ်သောဉာဏ်။

(ဂ) ဓမ္မ အရ = လောကုတ္တရာတရားကိုးပါး။ (ဓမ္မ။၂။ ၁၈၈)

“ အနာဂါမိမဂ်ထေရ် အကြောင်း ”

“ဤအနာဂါမိဖိုလ်မည်သည် လူတို့သည်ပင်လည်း ရောက်ကြကုန်သေး၏၊ အရဟတ္တဖိုလ်သို့ ရောက်မှသာလျှင် တပည့်တို့အား ပြောကြားတော့မည်” ဟု နှလုံးသွင်း၍ မိမိရသော အနာဂါမိဖိုလ်အတွက် ပြောရန်ရှက်နိုးသောကြောင့် အနာဂါမိမဂ်ထေရ် သည် တပည့်တို့အား စကားတစ်ခုံတစ်ရာမဆိုမူ၍ သေပြီးနောက် သုဒ္ဓါဝါသဘုံ၌ ဖြစ်ရပါသည်။ (ဓမ္မ။၂။ ၁၈၈)

၉။ **“ တိတ္တိတို့၏ မဂ်လာစကား ”**

“ ဘေးရန်ကင်းပါစေ၊ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ၊ ဤအရပ်၌ ညနေရှိ၏၊ ဤအရပ်၌ ဆူးရှိ၏၊ ဤသို့သဘောရှိသော အရပ်သို့သွားခြင်းငှါမသင့်၊ ”စသော စကားဖြစ်သည်။ (ဓမ္မ။၂။ ၂၄၆)

http://www.dhammadownload.com

" ထေးကြီး (၃) မျိုး "

ဒုဇ္ဇိက္ခဘယ = ငတ်မွတ်ခေါင်းပါး အစာရှားသောဘေး။

အမနုဿဘယ = ဘီလူးဘေး။

ရောဂါဘယ = အနာရောဂါဘေး။ (ဓမ္မ။ဋ္ဌ။၂။ ၂၇၃)

ခဏ အရ– (ကယား ပြည်နယ် နံပါတ် (၇) ရှု။ ဓမ္မ။ဋ္ဌ။၂။ ၃၀၄)

အဂတိဒိသ– ဆင်ယာဉ်စသောယာဉ်တို့ဖြင့် တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် အိပ်မက်ဖြင့်သော်လည်း ရှေးကမရောက်ဖူးသေးသောကြောင့် နိဗ္ဗာန်ကို 'အဂတိဒိသ' ဟု ဆိုရပါသည်။ (ဓမ္မ။ဋ္ဌ။၂။ ၃၁၀)

၇။ ပထမပြန်စာမေးပွဲ ကျင့်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း (အနောက်ပိုင်း)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၈–ခုနှစ် နှောင်းတန်ခူးလဆန်း(၈)ရက်(၂၅–၃–၂၀၀၇)တနင်္ဂနွေနေ့

၁။ အောက်ဖော်ပြပါ ဂါထာများကို ပါဠိသက်သက် ရေးပြပါ–

(က) အခွင့်ရတိုင်း ရာဂစသောအညစ်အကြေးကို ထုတ်ပယ်ရာ၏–ဟု တိုက်တွန်းပုံပြ ဂါထာ၊

(ခ) မမေ့မလျော့သူသည်သာ စင်စစ် တရားဆောင်သူမည်၏–ဟု မိန့်ဆိုပုံပြ ဂါထာ။

၂။ တမလွန်ဘဝသို့သွားရာ၌ ကုသိုလ်ကောင်းမှုရှိသူအား ကောင်းမှုကုသိုလ်တို့သည် ကြိုဆိုကြကုန်၏ဟု ဥပမာန, ဥပမေယျအားဖြင့် မိန့်ဆိုပုံပြဂါထာများကို အနက်မှန်မှန် ပေးပြပါ။

၃။ ပညာဖြစ်ပွားခြင်း၊ ပညာဆုတ်ယုတ်ခြင်းအကြောင်းကို တိကျစွာဖော်ပြပြီး၊ အာသဝေါတရားများကို ချုပ်ငြိမ်းနိုင်သောသူများကိုလည်းဖော်ပြပါ။

၄။ အာယတ်သို့သောသူသည် မြင်းကောင်း, ဆင်ကောင်းတို့ထက် အမြတ်ဆုံးဖြစ်သည်ကို ဖော်ပြပြီး၊ မိမိကိုယ်ကို ကိလေသာညွှန်ပြောင်းမှ ထုတ်နိုင်ကြရန် မည်သို့ပြုကျင့်ရမည်ကို လည်း ဥပမာနှင့်တကွ ဖော်ပြပါ။

http://www.freeamadownload.com

၅။ ပဋိသန္ဓေနေရာခြင်းစသော ဆင်းရဲဒုက္ခများ အဖန်ဖန်အထပ်ထပ်ဖြစ်ရခြင်းအကြောင်းနှင့် ၎င်းဆင်းရဲဒုက္ခများကို စွန့်လျက်သွားနိုင်ကြခြင်းအကြောင်းများကို ဥပမာနှင့်တကွ ဖော်ပြပါ။

၆။ သူတော်ကောင်းတရားမှ မဆုတ်ယုတ်သော ရဟန်းဖြစ်နိုင်ရန် မည်သို့ပြုကျင့်နေထိုင်ရမည်ကို ဖော်ပြပြီး၊ ဝမ်းမြောက်မှုများသည်ဖြစ်၍ ဆင်းရဲဒုက္ခ၏ အဆုံးကိုပြုနိုင်လတ္တံ့သော ရဟန်းဖြစ်ရန် ပြည့်စုံရမည့် အကြောင်းများကိုလည်း ဖော်ပြပါ။

၇။ ပမာဒေါ် ရက္ခတော မလံ–၌ မေ့လျော့ခြင်းသည် နိဗ္ဗာန်ရောက်ပါးကို စောင့်ရှောက်သူ၏ ''အညစ်အကြေး'' မည်ပုံကို အဋ္ဌကထာဆရာဖွင့်ဆိုသည့်အတိုင်း ထင်ရှားအောင် ဖော်ပြပြီး၊ အဝိဇ္ဇာ ပရမံ မလံ–၌ အဝိဇ္ဇာ–အရကိုလည်း တိကျစွာ ကောက်ပြပါ။

၈။ ဝိနိစ္ဆယမဟာမတ္တဝတ္ထုလာ တရားဆုံးဖြတ်ရာ၌ အာဘယ်သို့ဆုံးဖြတ်သောသူသည် နိဂ်ထက်စီးနင်း ရွှတ်ယွင်းစေသောအားဖြင့် ဆုံးဖြတ်သူမည်သည်ကို ပြည့်စုံစွာဖော်ပြပါ။

၉။ သစ္စာနံ စတုရော ပဒ–၌ သစ္စာသရုပ်ကို စုံလင်စွာထုတ်ပြပြီး၊ အမြတ်ဆုံးသစ္စာကိုလည်း အကြောင်းပြည့်စုံစွာဖြင့် ဖော်ပြပါ။

၁၀။ စူဠသုဘဒ္ဒါဝတ္ထုလာ ''အသန္တေဿ နာ ဒိဿန္တိ ''၌ အသန္တမည်သောပုဂ္ဂိလ်များကို တိကျစွာ တိကျစွာ ဖြေဆိုပြီး၊ ၎င်းအသန္တပုဂ္ဂိလ်များ ဘုရားရှင်အနီး နေကြပါလျှက် ဘုရားရှင်၏ ဉာဏ်တော်၌ မထင်နိုင်ခြင်းကိုလည်း ဥပမာနှင့်တကွ အကြောင်းပြလျက် ဖြေဆိုပါ။

၇။ ပဲခူးတိုင်း အနောက်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ– ၂၃၉။
(ခ) ဂါထာ– ၂၅၉။

၂။ (ဂါထာ။ ၂၁၉/ ၂၂၀)

http://www.dhammadownload.com

၃။ **“ ပညာဖြစ်ပွါးခြင်း အကြောင်း ”**

ကမ္မဋ္ဌာန်းအာရုံ၌ သင့်သောအားဖြင့် နှလုံးသွင်းမှုကြောင့် ပညာဖြစ်ပွါးပါသည်။

“ ပညာဆုတ်ယုတ်ခြင်း အကြောင်း ”

ကမ္မဋ္ဌာန်းအာရုံ၌ မသင့်သောအားဖြင့် နှလုံးသွင်းမှုကြောင့် ပညာဆုတ်ယုတ်ပါသည်။

(ဝိဏာ။ ၂၄၂)

“ အာသဝေါတရားများ ချုပ်ငြိမ်းနိုင်သောသူများ ”

(စစ်ကိုင်းတိုင်း နံပါတ် (၅) ရှု ဂါထာ။ ၂၉၃။)

ဒုတိယုတိ = တ္ဌိမေးခွန်းမျိုးဖြစ်အရဖြေ ဓာ = ထေားထည်၊ ပဏ္ဏာဒါသီဝဏ္ဏေ။ ဂါထာ။ ၂၂၆။ ဒုဒိ
ဝတိဏ္ဏကဝဂိ၊ ဘဒ္ဒိယဘိတ္ထုဝတ္ထေ။ ဂါထာ။ ၂၉၃။ တု ဒုစ်ဒေးဂုဏ်ဖြစ်၏၊
ဤဥ် ဂွေနောတ်ထောတ်ဆန် ကြည်ညိုလျှင် အဖြေစုန်မှာ (ဂါထာ ၂၉၃) တု မိစိတ္ထသဿဉ်။

၄။ **“ မြင်းကောင်း ဆင်ကောင်းတို့ထက် အမြတ်ဆုံးဖြစ်သူ ”**

မိမိကိုယ်ကို လေးပါးသော အရိယာမဂ်ဖြင့် ဆုံးမ၍ ယဉ်ကျေးပြီးသူသည် မြင်းကောင်း ဆင်ကောင်းတို့ထက် အမြတ်ဆုံးဖြစ်သည်။ (ဝိဏာ။ ၃၂၂)

“ မိမိကိုယ်ကို ကိလေသာညှဉ်ပြောင်းမှ ထုတ်နိုင်ရန် ”

မမေ့မလျော့သော အပွဓာနတရား၌ မွေ့လျော်၍ မိမိစိတ်ကို အစဉ်စောင့်ရှောက်ကာ “ ညွှန်၌ နစ်သောဆင်သည် မိမိကိုယ်ကို ညွှန်မှထုတ်သကဲ့သို့” မိမိကိုယ်ကို ကိလေသာ ညွှန်ပြောင်းမှ ထုတ်ရမည်။ (ဝိဏာ။ ၃၂၇)

၅။ **“ ပဋိသန္ဓေနေရခြင်းစသောဆင်းရဲဒုက္ခများ အထပ်ထပ်ဖြစ်ရကြောင်း ”**

ခိုင်မြဲသော ရေသောက်မြစ်ငါးခုကို မဖျက်ဆီးပဲ ပင်စည်ကိုသာဖြတ်သည်ရှိသော် သစ်ပင်သည် ထပ်မံ ပေါက်ရောက်သကဲ့သို့ ဤအတူ ကိန်းအောင်းသောတဏှာကို မဖျက်ဆီး သည်ရှိသော် ပဋိသန္ဓေနေခြင်းစသောဆင်းရဲသည် အဖန်ဖန် အထပ်ထပ်ဖြစ်ရသည်။ (ဝိဏာ။ ၃၃၈)

“ ၎င်းဆင်းရဲများကို စွန့်လျက် သွားနိုင်ခြင်း အကြောင်း ”

(ပင့်ကူသည် မိမိပြုသောပင့်ကူမျှင်သို့ ကျရောက်သကဲ့သို့ ဤအတူရာဂဖြင့်

http://www.dhammadownload.com

ပြင်းစွာတပ်မက်ကုန်သော သတ္တဝါတို့သည် မိမိပြုအပ်သောတရားအလျဉ်သို့ ကျရောက်ကုန်၏။) ပညာရှိတို့သည် ထိုတရားအလျဉ်ကို ဖြတ်၍ ငဲ့ကွက်မှုမရှိပဲ ခပ်သိမ်းသောဆင်းရဲကို စွန့်လျက် သွားနိုင်ကြကုန်၏။ (ဂါထာ။ ၃၄၇)

၆။ **" သူတော်ကောင်းတရားမှ မဆုတ်ယုတ်သော ရတန်းဖြစ်နိုင်ရန် "**

သမထ ဝိပဿနာတရားလျှင် မွေ့လျော်ရာရှိ၍ သမထဝိပဿနာတရား၌ မွေ့လျော်ကာ သမထ ဝိပဿနာတရားကို အဖန်ဖန်ကြံစည်, အောက်မေ့လျက် နေရမည်။ (ဂါထာ။ ၃၆၄)

ရတန်း ဖြစ်နိုင်ရန် ပြည့်စုံရမည့် အကြောင်း

အသက်မွေးမှုစင်ကြယ်၍ မပျင်းရိသော ဗိတ်ဆွေကောင်းတို့ကို ဆည်းကပ်ခြင်း၊ အာဗိသ ပဠိသဏ္ဌာရ, ဓမ္မပဠိသဏ္ဌာရကိုပြုခြင်း၊ ကျင့်ဝတ်နှင့် သီလ၌ လိမ္မာခြင်းစသော အကြောင်းများနှင့် ပြည့်စုံသောရဟန်းသည် ဝမ်းမြောက်မှုများသည်ဖြစ်၍ ဆင်းရဲဒုက္ခ၏အဆုံးကို ပြုနိုင်လတ္တံ့။ (ဂါထာ။ ၃၇၄)

၇။ **" ပမာဒေါ ရက္ခတေ မလံ "**

နွားတို့ကို စောင့်ရှောက်ရသောသူသည် မွေ့လျော့ပြီး အိပ်ပျော်နေသော်လည်းကောင်း ကစားနေ၍သော်လည်းကောင်း နွားတို့သည် ကျက်စားရာမဟုတ်သည်၌ ပြေးဝင်ခြင်းကြောင့် သားရဲဘေး သူခိုးဘေးဖြင့်သော်လည်းကောင်း သူတစ်ပါးလယ်ယာကိုးကျွန်းသို့ ဝင်စားသဖြင့်လည်းကောင်း ပျက်စီးခြင်းသို့ ရောက်မှုလည်း ရောက်ရာ၏။ မိမိအား ဒဏ်ခံရခြင်း ဆဲရေးခံရခြင်းသို့မှုလည်း ရောက်ရာ၏။

ဤအတူ ရဟန်းသည် ခြောက်ဒွါရတို့ကို မစောင့်ရှောက်ပဲ မွေ့လျော့နေသော် ကိလေသာများဝင်လာပြီး သာသနာမှ ရွေ့လျောနိုင်၏။ ထို့ကြောင့် " ပမာဒေါ ရက္ခတေ မလံ" "မွေ့လျော့ခြင်းသည် ဒွါရခြောက်ပါးကို စောင့်ရှောက်သောသူ၏ အညစ်အကြေး" ဟု ဆိုအပ်၏။ (ဓမ္မ။ဋ္ဌ။ ၂။ ၂၂၂)

" အဝိဇ္ဇာ ပရမံ မလံ – ဒဋ္ဌေ အဝိဇ္ဇာအရ "

သစ္စာလေးပါး၊ ရှေ့အစွန်း၊ နောက်အစွန်း၊ ရှေ့နောက်အစွန်း၊ ပဋိစ္စသမုပ္ပါဒ်။

http://www.dhammadownload.com

ဟူသော အဝိဇ္ဇာပြစ်ခြင်း၏ အကြောင်းဝတ္ထု ရှစ်ပါးကို မသိခြင်း မောဟ ရှိ၏။

(ဓမ္မ။ဋ္ဌ။ ၂။ ၂၃၃)

၈။ **'' နိုင်ထက်စီးနင်း ချွတ်ယွင်းစေသောအားဖြင့် ဆုံးဖြတ်သူ ''**

ဆန္နာဂတိလိုက်သောသူသည် ဆွေမျိုးတည်း, မိတ်ဆွေတည်း ဟု လိမ်လည်၍ ဥစ္စာရှင်မဟုတ်သူကို ဥစ္စာရှင်ဟုပြောဆို၏၊

ဒေါသာဂတိ လိုက်သောသူသည် မိမိ၏ရန်သူကို လိမ်လည်၍ ဥစ္စာရှင်မဟုတ်သူကို ဥစ္စာရှင်ဟုပြောဆို၏၊

မောဟာဂတိ လိုက်သောသူသည် တိုးလက်ဆောင်ကိုယူ၍ ဆုံးဖြတ်သောအခါ တစ်ခြားကို နှလုံးသွင်းသကဲ့သို့ ထိုမှတ်မှကြည့်ရှုကာ လိမ်လည်၍ 'ဤသူနိုင်၏ ဤသူရှုံး၏' ဟု သူတစ်ပါးကို ထုတ်ဆောင်၏၊

ဘယာဂတိ လိုက်သောသူသည် တစ်စုံတစ်ယောက်သော အဓိုးရအာဏာရှိသောသူ ရှုံးခြင်းသို့ ရောက်သော်လည်း အနိုင်သို့ရောက်စေ၏။

ဤသို့ ဆန္နာဂတိ စသည်သို့လိုက်၍ ဆုံးဖြတ်သူသည် '' နိုင်ထက်စီးနင်း ချွတ်ယွင်းစေသောအားဖြင့် ဆုံးဖြတ်သူ ''မည်ပါသည်။ (ဓမ္မ။ဋ္ဌ။ ၂။ ၂၄၂)

၉။ **'' သစ္စာနံ စတုရော ပဒါ – ၌ သစ္စာ, သရုပ် ''**

ဝစီသစ္စာ၊ သမုတိသစ္စာ၊ ဒိဋ္ဌိသစ္စာ၊ ပရမတ္ထသစ္စာ၊ တို့တည်း။

'' အမြတ်ဆုံးသစ္စာ ''

အလုံးစုံသောသစ္စာတို့ကို ပိုင်းခြား၍သိထိုက်သောကြောင့်လည်းကောင်း၊ မျက်မှောက်ပြုထိုက်သောကြောင့်လည်းကောင်း၊ ပယ်ထိုက်သောကြောင့်လည်းကောင်း၊ ပွါးများထိုက်သောကြောင့်လည်းကောင်း၊ တစ်ခုတည်း ထိုးထွင်း၍သိထိုက်သောကြောင့်လည်းကောင်း၊ အမှန်အတိုင်း ထိုးထွင်း၍သိထိုက်သောကြောင့်လည်းကောင်း၊ (ဒုက္ခသစ္စာ စသော အရိယသစ္စာလေးပါးတည်းဟူသော) 'ပရမတ္ထသစ္စာ'သည် အမြတ်ဆုံးဖြစ်ပါသည်။ (ဓမ္မ။ဋ္ဌ။ ၂။ ၂၅၄)

http://www.dhammadownload.com

၁၀။ " အသန္တ – မည်သောပုဂ္ဂိုလ်များ "

မျက်မှောက်အကျိုးပေးခြင်းကိုသာ အလေးပြုလျက်, သံသရာမှလွတ်မြောက်မှုကို မရှေးရှုပဲ, ဆွမ်းစသောပစ္စည်းအာမိသလောက်ကိုသာကြည့်၍, အသက်မွေးလွယ်ကူခြင်း အကျိုးငှါ ရဟန်းပြုကုန်သော သူပိုက်ပုဂ္ဂိုလ်တို့သည် 'အသန္တ' မည်သောပုဂ္ဂိုလ်များဖြစ်ပါသည်။

ထိုသူပိုက်တို့သည် ဘုရားရှင်၏ အနိန္ဒ နေကြပါလျက် ဘုရားရှင်၏ ဉာဏ်တော်၌ မထင်ရှားကုန်။ အဂီလေးပါးနှင့်ပြည့်စုံသော အပိုက်မှောင်ရိသော ညဉ့်အခါ၌ ပစ်အပ်သော မြှားတို့ကဲ့သို့ ရှေးအကြောင်းနည်းပါးလှသောကြောင့် မထင်ရှားကုန်။

(မဇ္ဈိ။၃။၂။ ၂၇၃)

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း (အရှေ့)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းဝါဆိုခူးလဆန်း(၈)ရက်၊ (၂၅–၃–၂၀၀၇)တနင်္ဂနွေနေ့

၁။ ချစ်သူနှင့်ကွေကွင်းရခြင်း မုန်းသူတို့နှင့် ဆုံတွေ့ရခြင်းသည် ဆင်းရဲဖွယ်ဖြစ်၍ သတ္တဝါ, သမီရတို့၌ ချစ်ခြင်းမုန်းခြင်းကို မပြုအပ်စသည်ဖြင့် ဟောကြားတော်မူအပ်သော ဒေသနာ (၇ထာ)တို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ ကောသလမင်းကြီးနှင့် အဇာတသတ်မင်းတို့၏ စစ်မက်ရေးရာနှင့် ပတ်သက်၍ ဘုရားရှင် ဆုံးမ လမ်းညွှန်ဟောကြားခဲ့သော ဒေသနာတော်ပါဠိမြတ်ကို အနက်ယောဇနာခဲ့ပါ။

၃။ မည်သည့်အရာသာကို သောက်သုံးခြင်းကြောင့် ရာဂစသော အပူတို့ ကင်းဝေးရသည်ကို ဖြေဆို၍၊ (က) အမြတ်ဆုံးလာဘ်၊ (ခ) အမြတ်ဆုံးဥစ္စာ၊ (ဂ) အမြတ်ဆုံးချမ်းသာတို့ကို လည်း ဖော်ပြခဲ့ပါ။

၄။ (က) ဥဒ္ဓံသောတပုဂ္ဂိုလ်၊ (ခ) တရား၌တည်သူ၊ (ဂ) ပညာရှိ၊ (ဃ) မထေရ်၊ (င)သမဏ– ဟုဆိုထိုက်အောင် ပြည့်စုံရမည့် ဂုဏ်အင်္ဂါတို့ကို အသီးသီးဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၅။ မာတရံ ပိတရံ ဟန္တွာ-၌ အာဘယ်ကြောင့် မည်သည့်တရားတို့ကို အမိ-အဘဟု ဧ၏ရသနည်း ဖြေဆိုရ၍၊ ဒုရေ သန္တော ပကာသေန္တိ-၌ သူတော်ကောင်း(သန္တ)အမည် ရသောပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၆။ ရဟန်းတော်များအနေဖြင့် မည်သို့ဆိုအပ်သော စကားမျိုးကို ချီးမြှင့်ကောင်းမြတ်အရသာ ရှိသောစကားဟု ဆိုအပ်ပါသနည်း ကောက်ကာလိကဝတ္ထု ရှုမျှော်ပြေဆိုရ၍၊ မြဟ္မဏအမည် ရပုံအမျိုးမျိုးတို့တွင် အဂ္ဂိလိမာလမထေရ်ကို အကြောင်းပြုဟောသော မြဟ္မဏအမည် ရပုံကိုသာ ဖြေဆိုခဲ့ပါ။

၇။ ဗုဒ္ဓပိတုဝတ္ထု၌ ဗုဒ္ဓမြတ်စွာသည် အတိတ်ကိုဆောင်ရာ၌ ဇဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပဇ္ဇတိ ယထောဒကေ-ဟု ဟောကြားတော်မူခဲ့ရာ ပေမ-ပြစ်ခြင်းအကြောင်းရင်းနှစ်ရပ်ကို ရှင်းလင်းဖြေဆိုခဲ့ပါ။

၈။ အလုံးစုံသော ပဓွေကဗုဒ္ဓါအရှင်သူမြတ်တို့၏ လက်သုံးဖြစ်သော အနုမောဒနာဒေသနာတရားတော်ကို မြန်မာလိုရေးသားတင်ပြ၍၊ မေဏ္ဍကသူဌေး၏ ဇနိုးအမည်ကိုလည်း ဖော်ပြခဲ့ပါ။

၉။ သူကရပေတဝတ္ထုလာ ဝက်ပြတ္တာ၏ပုံသဏ္ဌာန်ကို အဋ္ဌကထာဆရာညွှန်ပြသည့်အတိုင်း ပုံဖော်ပြ၍၊ အစားကြီးသူငါးယောက်ကိုလည်း ပါဠိ+မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြခဲ့ပါ။

၁၀။ အောက်ပါတို့ကို ဖြေဆိုခဲ့ပါ-

(က) ဗုဒ္ဓ၏ တပတိ တေဇသော-၌ မြတ်ဗုဒ္ဓ၏ တေဇ-တန်ခိုးငါးပါး၊

(ခ) မိန်းမတို့၏ မာယာပဂိ ဿာယ်လေးဆယ်မှ ရှေ့ဆုံးငါးခု။

http://www.dhammadownload.com

၈။ ပဲခူးတိုင်း အရှေ့ပိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ။ ၂၁၀/၂၁၁)

၂။ (ဂါထာ။ ၂၀၀)

၃။ **“ ရာဂစသောအပူတို့ငြိမ်းရခြင်း အကြောင်း ”**

တစ်ယောက်တည်းနေခြင်းကြောင့် ဖြစ်ပေါ်လာသောတရားအရသာနှင့် ကိလေသာအပူငြိမ်းရာနိဗ္ဗာန်အရသာကို သောက်ရသောကြောင့်လည်းကောင်း၊ လောကုတ္တရာတရားကိုးပါး၏အစွမ်းကြောင့်ဖြစ်ပေါ်လာသော နှစ်သက်မှုပီတိအရသာကို သောက်ရသောကြောင့် လည်းကောင်း ရာဂစသောအပူတို့ ကင်းငြိမ်းရသည်။ (ဂါထာ။ ၂၀၅)

(က) အမြတ်ဆုံးလာဘ် = အနာကင်းခြင်း။

(ခ) အမြတ်ဆုံးဥစ္စာ = ရောင့်ရဲတင်းတိမ်မှု၊

(ဂ) အမြတ်ဆုံးချမ်းသာ = နိဗ္ဗာန်။ (ဂါထာ။ ၂၀၅)

၄။ (က) **“ ဥဒ္ဓံသောတပုဂ္ဂိုလ် ”**

နိဗ္ဗာန်ကို အာရုံကြီးစွာလိုလားသည်ဖြစ်၍ သုံးပါးသော အောက်မဂ် အောက်ဖိုလ်စိတ်ဖြင့် တွေ့ထိ၍ ကာမဘုံ၌ ကပ်ငြိစိတ်မရှိခြင်းနှင့် ပြည့်စုံသူကို “ဥဒ္ဓံသောတပုဂ္ဂိုလ်” ဟုဆိုထိုက်ပါသည်။ (ဂါထာ။ ၂၁၈)

(ခ) **“ တရား၌တည်သူ ”**

ဟုတ်မှန်သောအကြောင်း မဟုတ်မှန်သောအကြောင်း နှစ်ပါးစုံကို စိစစ်ဆုံးဖြတ်၍ မချွတ်မယွင်း ဟုတ်မှန်သောအားဖြင့် ညီညီမျှမျှ အဂတိမလိုက်စားပဲ တရားသဖြင့် သူတစ်ပါးတို့ကို အနိုင်အရှုံးသို့ရောက်စေသောပညာရှိကို “တရား၌တည်သူ” ဟုဆိုထိုက်ပါသည်။ (ဂါထာ။ ၂၅၇)

http://www.dhammadownload.com

(ဂ) " ပညာရှိသူ "

စကားများများပြောကာမျှဖြင့် 'ပညာရှိသူ' မမည်၊ ဘေးရန်မရှိပဲ ကြောက်ရွံ့မှုကင်းသော သူကိုသာ 'ပညာရှိသူ' ဟုဆိုထိုက် ပါသည်။ (ဝိဏ၊။ ၂၅၈)

(ဃ) " မထေရ် "

သစ္စာလေးပါးရှိခြင်း၊ လောကုတ္တရာတရားကိုးပါးရှိခြင်း၊ အပ္ပမညာဘာဝနာရှိခြင်း၊ သီလစောင့်ခြင်း၊ ဂုဏ်အဖြောကိုဆုံးမခြင်း၊ မဂ်ဉာဏ်ဖြင့်ကိလေသာကို ထွေးအန်ပြီးခြင်းတို့နှင့် ပြည့်စုံသော တည်ကြည်သောပညာရှိကိုသာ 'မထေရ်' ဟု ဆိုထိုက်ပါသည်။ (ဝိဏ၊။ ၂၆၁)

(င) " သမဏ "

အင်္ဂယ်, အကြိုးဖြစ်သော မကောင်းမှုအားလုံးကို ငြိမ်းစေသောသူကိုသာ 'သမဏ' ဟု ဆိုထိုက်ပါသည်။ (ဝိဏ၊။ ၂၆၅)

၅။ " အဓိ, အဘ "

'တဏှာသည် သတ္တဝါတို့ကို ဖြစ်စေ၏' ဟုဟောတော်မူသောကြောင့် ဘုံသုံးပါး တို့၌ သတ္တဝါကို ဖြစ်စေတတ်သောတဏှာသည်, 'အဓိ' မည်၏။

'ဝါသည် ဤမင်း, ဤအမတ်၏ သားတည်း' ဟု အဖကိုမှီ၍ ဝါဟူသောမာန ဖြစ်ခြင်းကြောင့် ဝါဟူသောမာနသည် ' အဘ' မည်၏။ (မဇ္ဈ။ဋ္ဌ။၂။ ၂၁၃)

" နုရေ သန္တော ပကာသေန္တိ – ၌ သန္တ, အမည်ရသောပုဂ္ဂိုလ် "

ရာဂစသောကိလေသာတို့၏ ငြိမ်းသည်၏အဖြစ်ကြောင့် ဘုရားစသောသူတော်ကောင်းတို့သည် 'သန္တ' အမည်ရပါသည်။

ဤနေရာ၌ ရှေးဘုရားတို့၌ ဆုတောင်းခြင်းကိုပြုပြီးကုန်သော များသောကုသိုလ်လျှင် အရင်းမူလဖြစ်ကုန်သော ပွါးပြီးသောဘာဝနာရှိကုန်သောသတ္တဝါတို့သည် 'သန္တ' အမည်ရပါသည်။ (မဇ္ဈ။ဋ္ဌ။၂။ ၂၂၃)

၆။ " ချိုပြိန်ကောင်းမြတ်အရသာရှိသောစကား "

နှုတ်ကို စောင့်စည်း၍ ပညာဖြင့် ဆင်ခြင်ပြောဆိုလေ့ရှိပြီးလျှင် မပျံ့လွင့်ပဲ ငြိမ်းအေး

http://www.dhammadownload.com

သောစိတ်ရှိကာ အနက်အဓိပ္ပါယ်ကိုလည်းကောင်း ပါဠိကိုလည်းကောင်းဟောပြော တတ်သောရဟန်း၏ပြောဆိုအပ်သောစကားမျိုးကို ချီးပြုနိုင်ကောင်းပြတ်အရသာရှိ သောစကား' ဟု ဆိုအပ်ပါသည်။ (စစ်ကိုင်းတိုင်း နုံပါတ် (၃) ရွာ။ ဂါထာ။ ၃၆)

" ဗြတ္တဏ မည်ပုံ "

ရှေ့ဆောင်နွားလားဥသဘနှင့်တူ၍ မြတ်သော လုံ့လရှိသော သီလကွန္ဓစသည် ကို ရှာမှီးလေ့ရှိ၍ မာရ်သုံးပါးကို အောင်ကာ တရားကောင်းသော ကိလေသာအညစ် အကြေးကို ဆေးကြောပြီး၍ သစ္စာလေးပါးကိုသိသောပုဂ္ဂိုလ်သည် 'ဗြဟ္မဏ' ဟု အမည်ရပါသည်။ (ဂါထာ။ ၄၂)

၇။ **" ပေမ ဖြစ်ခြင်း အကြောင်း (၂) ရပ် "**

ရှေးဘဝက အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ဘူးခြင်း၊

ပစ္စုပ္ပန်ဘဝ၌ အကျိုးဓိုးပွါးပြုခြင်း၊ ဤအကြောင်း (၂) ပါးကြောင့် မြင်မြင် ချစ်ခင်ခြင်း (ပေမ) ဖြစ်ရသည်။

ဥပမာ= ရေနှင့် ညွှန် ဟူသောအကြောင်းနှစ်မျိုးတို့ကြောင့် ရေထဲ၌ 'ကြာ' ပေါက် သကဲ့သို့တည်း။ (ဓမ္မ။ ဋ္ဌ။ ၂။ ၂၀၅)

၈။ **"ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ လက်သုံးဖြစ်သော အနုမောဒနာ"**

"သင်၏ အလိုရှိအပ် တောင့်တအပ်သောဆုသည် လျင်မြန်စွာ ပြည့်စုံပါစေသ တည်း၊ သင်၏ အလုံးစုံသောအကြံအစည်ဟူသမျှတို့သည် လပြည့်ဝန်းကဲ့သို့လည်း ကောင်း, မဏိ ဇောတပတ္တမြားကဲ့သို့လည်းကောင်း ပြည့်စုံပါစေသတည်း "။

(ဓမ္မ။ ဋ္ဌ။ ၂။ ၂၃၆)

မေဏ္ဍကသူဌေး၏ ဝန်းအမည် = စန္ဒပဒုမာ။ (ဓမ္မ။ ဋ္ဌ။ ၂။ ၂၃၂)

၉။ **" ဝက်ပြိတ္တာ ၏ ပုံသဏ္ဌာန် "**

ဝက်ပြိတ္တာ၏ ကိုယ်သည် သုံးဂါဝုတ်အတိုင်းအရှည်ရှိ၏၊ ကိုယ်သည် လူ၏ကိုယ်နှင့် တူ၏၊ ဦးခေါင်းသည် ဝက်၏ ဦးခေါင်းကဲ့သို့ဖြစ်၏၊ ခံတွင်း၌ အပြီးပေါက်၏၊ ခံတွင်းမှ ပိုးလောက် တို့ ထွက်ကျကုန်၏။ (ဓမ္မ။ ဋ္ဌ။ ၂။ ၂၅၁)

http://www.dhammadownload.com

" အစားကြိုးဆူဇီးယောက် "

အာဗာရဟာတ္ထက = လက်ပြင့် ကော်ယူ၍ ရလောက်အောင် စားသောသူ၊
အလံသာဠကဂ = ပုဆိုးမဝတ်နိုင်လောက်အောင် စားသောသူ၊
တာတြဝဋ္ဋက = စားရာနေရာတွင် လျောင်းအိပ်ရအောင် စားသောသူ၊
ကာကမာသက = ပါးစပ်ထဲမှ အစာကို ကျီးထိုးစားရလောက်အောင် စားသောသူ၊
ဘုတ္တာဝမိတက = အန်ထွက်အောင်စားသောသူ။ (ဓမ္မပဒ။ ၂။ ၃၁၅)

၁၀။ " မြတ်ဗုဒ္ဓ၏ တေဇ (၅) ဟိုး "

သီလတေဇ၊ ဂုဏ်တေဇ၊ ပညာတေဇ၊ ပုညတေဇ၊ ဓမ္မတေဇ၊ (ဓမ္မပိဋ။ ၂။ ၃၉၆)

" ဖိန်းမမာယာ"

ဖိဖိကိုယ်ကို ဆန့်၏၊
ဖိဖိကိုယ်ကို ညွှတ်၏၊
ဖိဖိကိုယ်ကို စံပယ်၏၊
ရှက်လေယောင် ရှက်ဟန်ဆောင်၏၊
လက်သည်းတစ်ခုဖြင့် လက်သည်းတစ်ခုကို ခြစ်၏။ (ဓမ္မပဒ။ ၂။ ၄၂၉)

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၆ခ–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၈)ရက်၊ (၂၅–၃–၂၀၀၇)တနင်္ဂနွေနေ့

၁။ ပြုသင့်သောကိစ္စကိုပယ်ရှား မပြုသင့်သောကိစ္စများကို ပြုလုပ်က အာသဝတိုးပွားသည်၊ မပြုသင့်သောကိစ္စကို မပြုဘဲ ပြုသင့်သောကိစ္စကိုပြုကာ သတိသမ္ပဇဉ်ရှိပါက အာသဝ ချုပ်ငြိမ်းသည် စသည်ဖြင့် ဟောတော်မူအပ်သော ဂါထာပါဠိတို့ကို ရေးပါ။

၂။ အာယပုဋ္ဌိလမ္မိုးကို တရားဆောင်သူ (ဓမ္မဓရ)ဟု ခေါ်ဆိုထိုက်ကြောင်း ဟောတော်မူအပ်သော ဇကုဒါဝီဏာသဝတ္ထုရဂါထာကို အနက်ပေးပါ။

http://www.dhammadownload.com

၃။ သူတော်ကောင်းတို့ကို ဖူးမြင် လူမိုက်တို့ကို ရှောင်ကြဉ် ပညာရှင်တို့နှင့်ပေါင်းသင်းပါက အလွန်ချမ်းသာရကြောင်း ဟောတော်မူအပ်သော သက္ကဝတ္ထုလာ ဂါထာတို့၏ အဓိပ္ပါယ်ကို သိလွယ်အောင် ရှင်းပြခဲ့ပါ။

၄။ ဆင်းရဲနွံကွင်မကျရောက်စေရန်အတွက် ပယ်ရှားကျော်လွန်ရမည့်အချက်တို့ကို ရောဟိနီ-စတ္တိယကညာဝတ္ထုဂါထာအရ ထုတ်ပြခဲ့ပါ။

၅။ အရာဌာနအားလျော်စွာ ချမ်းသာကြောင်းတရားတို့ကို နာဂဝဂ် မာရဝတ္ထုဂါထာများအရ ဖော်ပြခဲ့ပါ။

၆။ မည်သည့်ဂုဏ်ထူးတို့နှင့်ပြည့်စုံသူကို ပြဟ္မဏဟုခေါ်ဆိုထိုက်ကြောင်း ပြဟ္မဏဝဂ် သာရိ-ပုတ္တထွေရဝတ္ထုဒေသနာတော်အရ ဖော်ပြခဲ့ပါ။

၇။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှ ဝေသာလီပြည်သို့ ကြွတော်မူချိန် မိမိသာရမင်းကြီး လိုက်ပါပို့ဆောင်ပူဇော်ပုံကို သရုပ်ဖော်ရေးသားခဲ့ပါ။

၈။ ''အဗိကိုသတ်, အဇကိုသတ်, မင်းနှစ်ပါးကိုသတ်, အခွန်သိမ်းအတ်နှင့်တကွ တိုင်းပြည်ကိုသတ်ကာ ချမ်းသာစွာသွားရသည်'' ဟူသောစကားခွဲ အဗိစသည်တို့၏ အဓိပ္ပါယ်ကို အကျယ်တဝင့် ရှင်းပြပါ။

၉။ ''ပဉ္စစိန္ဒေ ပဉ္စဇေဝေ'' ၌ အဘယ်တရားငါးပါးတို့ကို ပြတ်ရ စွန့်ရမည်ဖြစ်ကြောင်း ဥပမာနှင့် တကွ အသိုးသိုးပြေဆိုခဲ့ပါ။

၁၀။ သူကရပေတ ဝက်ပြိတ္တာကြီး၏ ပုံသဏ္ဌာန်ကို သရုပ်ဖော်ရေးသားပြ၍ အဘယ်ရွေးကောင်းကြောင့် ယင်းသို့ဖြစ်ရကြောင်း ရှင်းပြပြီးလျှင် စန္ဒာဘ မထေရ်၏ ရှေးကောင်းမှုနှင့် ရရှိသော အကျိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၉။ မကွေးတိုင်း (အဖြေ)
ပထမကြိမ်းတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ။ ၂၉၂/၂၉၃)

၂။ (ဂါထာ။ ၂၅၉)

၃။ ထင်ရှားပြီ။

၄။ " ဆင်းရဲတို့မကျရောက်စေရန် ပယ်ရှားကျော်လွှန်ရမည့် အချက်များ"
(ကချင်ပြည်နယ် နံပါတ် (၃) ရှု။ ဂါထာ။ ၂၂၁)

၅။ " အရောဂျာနအားလျော့စွာချမ်းသာကြောင်းတရားများ "
အဆွေခင်ပွန်းတို့သည် အရေးပေါ်ကိစ္စရှိသော် ချမ်းသာ၏၊
အနည်းအများ ရသမျှဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏၊
ကုသိုလ်ကောင်းမှုသည် အသက်ကုန်ခါနီး၌ ချမ်းသာ၏၊
ဆင်းရဲအားလုံးကို ပယ်နိုင်ခြင်းသည် ချမ်းသာ၏၊
လောကၠ၌ မိခင်, ဖခင်, ရဟန်း, ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ တို့ကို ပြုစုလုပ်ကျွေး
ရခြင်းသည် ချမ်းသာ၏၊
ငါးပါး ရှစ်ပါး စသောသီလသည် ယေဘုယ်သည်မှစ၍ အိုသည့်ကာလတိုင်အောင်
ချမ်းသာ၏၊
မတုန်မလှုပ်တည်သောသမ္မာဓိရှိသည် ချမ်းသာ၏၊
ပညာအမျိုးမျိုးကို ရခြင်းသည် ချမ်းသာ၏၊
အကုသိုလ်ကို မပြုခြင်းသည် ချမ်းသာ၏။ (ဂါထာ။ ၃၃၁/၃၃၂/၃၃၃)

၆။ ထင်ရှားပြီ။

http://www.dhammadownload.com

၇။ " ဗိမ္မိသာရမင်းကြီး မြတ်စွာဘုရားအား လိုက်ပါပို့ဆောင်ပူဇော်ပုံ "

ရာဇဂြိုဟ်ပြည် နှင့် ဂဂိါမြစ်အကြား ဝါးယူဇနာရှိသောမြေကို ညီညွတ်အောင်ပြု စေပြီးယူဇနာတိုင်း ယူဇနာတိုင်း၌ ကျောင်းကိုဆောက်လုပ်ထား၏။ မြတ်စွာဘုရားသည် ရဟန်း ဝါးရာနှင့်တကွ ကြွတော်မူရာ ယူဇနာတို့၏အတွင်း၌ ပုဆစ်ဒူးဝန်းတိုင်အောင် ဝါးပါးသော အဆင်းရှိသောပန်းတို့ဖြင့် ကြဲဖြန့်ဝေလျက် တံခွန် ကုက္ကားငှက်ပျော ပင်စသည်တို့ကို စိုက်ထောင်စေ၍ ထီးအဆင့်ဆင့်ပြုလုပ်ကာ မြတ်စွာဘုရားအား ထီးဖြူ နှစ်ဝင်းတို့ကိုလည်းကောင်း ရဟန်းတစ်ပါး တစ်ပါးစီအား ထီးဖြူတစ်ဝင်း တစ်ဝင်း စီတို့ကိုလည်းကောင်း အထက်၌ ဆောင်းပိုးစေ၍ အခြံအရံနှင့်တကွ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ခြင်းကိုပြုလျက် တစ်ညဉ့်လျှင် တစ်ကျောင်းကျ မြတ်စွာဘုရားကို သိတင်းသုံးစေကာ ကြိုးစွာသောအလှူကို ပေးလှူလျက် ဝါးရက်တို့ဖြင့် ဂဂိါမြစ် ကမ်းနားသို့ရောက်တော်မူ၏။

ဗိမ္မိသာရမင်းကြီးသည် လေးနှစ်ဝင်းတို့ကို ဖွဲ့ချည်ယှဉ်စပ်၍ လေးအထက်၌ မဏ္ဍပ်ကို ပြုလုပ်စေပြီး ပန်းဆိုင်းစသည်တို့ဖြင့် တန်ဆာဆင်စေ၍ ဘုရားရှင်အလို့ငှါ ရတနာခုနစ်ပါးဖြင့် ပြီးသောနေရာကို ခင်းစေ၏။ မြတ်စွာဘုရားသည် ထိုနေရာထက်၌ သိတင်းသုံးကာ ရဟန်းတော်တို့သည် မြတ်စွာဘုရားကို ခြံရံလျက် နေကြကုန်၏။

ဗိမ္မိသာရမင်းကြီးသည် လည်းပင်းအတိုင်းအရှည်ရှိသောရေတိုင်အောင် သက်ဆင်း၍ လေးကို လွှတ်လိုက်ပြီးမှ ပြန်နစ်ခဲ့သည်။ (မမူ။ဋ္ဌ။ ၂။ ၂၇၄/ ၂၇၅)

၈။ 'တဏှာသည် သတ္တဝါတို့ကို ဖြစ်စေ၏' ဟုဟောတော်မူသောကြောင့် ဘုံသုံးပါးတို့၌ သတ္တဝါကို ဖြစ်စေတတ်သောတဏှာသည် 'အဓိ' မည်၏။

'ဝါသည် ဤမင်း, ဤအမတ်၏ သားတည်း' ဟု အဖကိုမှီ၍ ဝါဟူသောမာန ဖြစ်ခြင်းကြောင့် ဝါဟူသောမာနသည် ' အဖ ' မည်၏။

လူအပေါင်းသည် မင်းသို့ ချဉ်းကပ်ကုန်သကဲ့သို့ အလုံးစုံသောအယူတို့ သည်လည်း သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ သို့ ကပ်ရောက်ကုန်သောကြောင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးသည် 'မင်း နှစ်ပါး ' မည်၏။

တစ်ဆယ့်နှစ်ပါးသောအာယတနသည် ကျယ်ပြန့်အောင် ချဲ့ထွင်တတ်သော

http://www.dhammadownload.com

ကြောင့် 'တိုင်းပြည်' နှင့်တူ၏၊ ထိုအာယတနလျှင်ရှိရာရှိသော နှစ်သက်စုံမက်တတ်သော နန္ဒိရာဂသည် 'အခွန်သိမ်းအမတ်' မည်၏။

ထို တဏှာ ၊ မာန, ဒိဋ္ဌိ, အာယတန, နန္ဒိရာဂ တို့ကို အရဟတ္တမဂ်ဖြင့် ဖျက်ဆီးပြီးသည်၏ အဖြစ်ကြောင့် ရဟန္တာသည် ဆင်းရဲမရှိသဖြင့် ချမ်းသာစွာ သွားရသည်။

(ဓမ္မပဒ။ ၂။ ၂၀၃/၂၀၄)

၁၀။ '' ဝက်ပြိတ္တာ ၏ ပုံသဏ္ဌာန် '' = (ပခူးတိုင်း နံပါတ် (၉) ရွာ။)

'' ဝက်ပြိတ္တာ ၏ ရှေးကံ ''

ကသဃပဘုရားရှင်လက်ထက် မွေကထိကရဟန်းဖြစ်စဉ် အလွန်ချစ်ခင်ကြသော ရဟန်းနှစ်ပါးကို ကွဲပြားအောင် မဟုတ်မမှန် ကုန်းတိုက်ခဲ့သောကံကြောင့် ဖြစ်ရပါသည်။

(ဓမ္မပဒ။ ၂။ ၂၅၁)

'' စန္ဒာဘမထေရ်၏ ရှေးကောင်းမှု နှင့် ရဂျိအပ်သောအကျိုး ''

စန္ဒာဘမထေရ်အလောင်း ဇနပုဒ်သားသည် ကဿပမြတ်စွာဘုရား၏ ရွှေစေတီ၏ စေတီဝန်း၌ စန္ဒကူးဖြင့် လဝန်းသဏ္ဌာန် ပြုလုပ်ကာ ပူဇော်ခဲ့သောကောင်းမှုအကျိုးကြောင့် ကဿပ ဂေါတမ မြတ်စွာဘုရားနှစ်ဆူတို့၏အကြား နတ်ပြည်၌ဖြစ်၍ ဂေါတမမြတ်စွာဘုရား လက်ထက်၌ ကြွယ်ဝသောပုဏ္ဏားမျိုး၌ ဖြစ်ကာ ထိုသူ၏ ချက်ဝန်းမှ လဝန်းသဏ္ဌာန်နှင့်တူသော ထွန်းလင်းသောအရောင်သည် ထွက်ပေါ်လေ၏။

(ဓမ္မပဒ။ ၂။ ၄၂၆/ ၄၂၅)

၁၀။ ပထမပြန်စာမေးပွဲဂျင်းပရေးဗဟိုအဖွဲ့ခွဲ(မန္တလေးတိုင်း)

ပထမကြိုးတန်း။ ။ ဓမ္မပဒဘာသာ

၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၉)ရက်၊ (၂၅-၃-၂၀၀၇)တနင်္ဂနွေနေ့

၁။ အောက်ပါတို့ကို ပျိုင်သက်သက်ရေးပါ-

(က) ဆဗ္ဗဂွိယဝတ္ထုလာ ပညာရှိတို့သည် ဒုစရိုက်ဆယ်ပါးမှ ရှောင်ကြဉ်သူများဖြစ်ကြောင်းပြ ဂါထာ၊

http://www.dhammadownload.com

(ခ) လာဠုဒါယိတ္ထေရဝတ္ထုလာ အညစ်အကြေးလေးဖြာပြဂါထာ။

၂။ အောက်ပါတို့ကို ဝတ္ထုဇာတ်ကြောင်းနှင့်လျော်ညီစွာ အနက်ပေးခဲ့ပါ-
(က) မိဘနှင့်တူ ထိုရန်သူ ငါးဆူသတ်အပ်ကြောင်း-ဟု ဟောသောဂါထာ၊
(ခ) သီလ, သဒ္ဒါ ပြည့်သူမှာ ရောက်ရာပူဇော်ခံရမည်-ဟုဟောသောဂါထာ။

၃။ (က) အဆိုးဆုံးရောဂါ၊ (ခ) အဆိုးဆုံးဆင်းရဲ၊ (ဂ) အကောင်းဆုံးချမ်းသာ၊(ဃ) အကောင်းဆုံးလာဘ်၊ (င) အကောင်းဆုံးဥစ္စာတို့ကို သုခဝဂ် ဇကဥပါသကဝတ္ထု, ပဃေနဒါ ကောသလဝတ္ထုတို့မှ ထုတ်နုတ်ဖော်ပြပါ။

၄။ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းတို့ကို ပုဏ္ဏဒါသိဝတ္ထုနှင့်အညီ ဖြေဆိုရ၍၊ နွေညမနား အားထုတ်ငြားလည်း သမာဓိတရား မရနိုင်သည့် ပုဂ္ဂိုလ်အမျိုးအစားကို တိဿဒဟရဝတ္ထုနှင့်အညီ ဖြေဆိုခဲ့ပါ။

၅။ မြတ်ဗုဒ္ဓအလိုက္ခ ''ထေရ''ဟု ခေါ်ဆိုထိုက်သောပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါရုပ်များကို ပြန်မာလိုရေးသားဖြေဆိုခဲ့ပါ။

၆။ (က) ဗောဓိပက္ခိယတရား (၃၇)ပါးနှင့် လောကုတ္တရာတရား (၉)ပါးတို့မှ မဆုတ်ယုတ်သောပုဂ္ဂိုလ်၊
(ခ) နတ်တို့ ချီးမွမ်းခံထိုက်သောပုဂ္ဂိုလ်တို့ကို ဖော်ပြခဲ့ပါ။

၇။ သာကေတမြို့သား ပုဏ္ဏားလင်မယားနှစ်ယောက်တို့၏ အသုဘပို့ဆောင်ရာ၌ (က) ဘုရားရှင်အား လူတို့လျှောက်ထားသောစကား၊ (ခ) ယင်းလူတို့အား ဘုရားရှင်ကပြန်လည် ဟောကြားသောတရား၊ (ဂ) ယင်းတရားတော်ကို နာကြားရသဖြင့်ကျွတ်တမ်းဝင်သည့် ပုဂ္ဂိုလ်များကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၈။ ဘုရားရှင်သည် ဝိုးချုန်းသံကဲ့သို့ တရားတော်များ ဟောကြားပါသော်လည်း ရှိသေစွာ မနာကြားနိုင်သည့် ဥပါသကာ(၎)ဦးတို့၏ အတိတ်ဘဝတို့ကို အသီးသီးယှဉ်တွဲပြဆို၍ ယင်းဥပါသကာ(၎)ဦးတို့သည် အဘယ်ကြောင့် တရားတော်ကို မနာကြားနိုင်ကြပါသနည်း? ဖြေဆိုခဲ့ပါ။

၉။ အဘယ်သို့သောရဟန်းမျိုးကို နတ်လူတို့ ချစ်ခင်မြတ်နိုးအပ်ပါသနည်း? ဖြေဆို၍ သာနုမာတာ ဘီလူးမကြီး၏ သာနုသာမဏေကို အကြောင်းပြု၍ နတ်တို့အလယ်၌ အာခွင့်ရေးရရှိပုံကို ဖော်ပြခဲ့ပါ။

၁၀။ (က) ချက်မှလဝန်းပမာ အရောင်ပြာထွက်သော စန္ဒာ မထေရ်၏ ရှေးကောင်းမှုကံနှင့်
(ခ) ဇဋိလသူဌေး၏ မွေးဖွားချိစ ရေမျှောခံရခြင်းအကြောင်း မကောင်းမှုကံတို့ကို ဖော်ပြခဲ့ပါ။

၁၀။ မန္တလေးတိုင်း (အဖြေ)
ပထမကြိမ်တန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ။ ၂၃၄။
(ခ) ဂါထာ။ ၂၄၁။

၂။ (က) ဂါထာ။ ၂၉၅။
(ခ) ဂါထာ။ ၃၀၃။

၃။ (က) ဆာလောင်မွတ်သိပ်သောရောဂါ။
(ခ) သခ်ါရတရား၊
(ဂ) နိဗ္ဗာန်ချမ်းသာ၊ (ဂါထာ။ ၂၀၃)
(ဃ) အနာဂင်းသေ၊အဖြစ်၊
(င) ရောင့်ရဲခြင်း။ (ဂါထာ။ ၂၀၄)

http://www.dhammadownload.com

၄။ ''နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်း''
(ကချင်ပြည်နယ် နံပါတ် (၃) ရှု။ ဂါထာ။ ၂၂၆)

'' နေ့ညမနား အားထုတ်ငြားလည်း သမာဓိမရနိုင်သောပုဂ္ဂိုလ်မျိုး ''

လူအပေါင်းတို့၏ သဒ္ဓါအားလျော်စွာ လျှုရာ၌ သူတစ်ပါးတို့၏ အလှူကို 'နည်းသည်, ယုတ်ညံ့သည်' ဟု မျက်နှာမသာယာသောပုဂ္ဂိုလ်မျိုးသည် '' နေ့ညမနား အားထုတ်ငြားလည်း သမာဓိမရနိုင်သောပုဂ္ဂိုလ်မျိုး'' ဖြစ်သည်။ (ဂါထာ။ ၂၄၉)

၅။ 'ထေရ'တု ခွေါဆိုထိုက်သောပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါ = (ပဲခူးတိုင်း နံပါတ် (၄) ရှု။)

၆။ (က) ''ဗောဓိပက္ခိယတရား (၃၇) ပါးနှင့်လောကုတ္တရာတရား(၉) ပါးတို့မှ မဆုတ်ယုတ်သောပုဂ္ဂိုလ် ''

သမထ ဝိပဿနာတရားလျှင် မွေ့လျော်ရာရှိ၍ သမထဝိပဿနာတရား၌ မွေ့လျော်ကာ သမထ ဝိပဿနာတရားကို အဖန်ဖန်ကြံစည် , အောက်မေ့လျက် နေသောပုဂ္ဂိုလ်သည် 'ဗောဓိပက္ခိယတရား (၃၇) ပါးနှင့်လောကုတ္တရာတရား(၉) ပါးတို့မှ မဆုတ်ယုတ်သောပုဂ္ဂိုလ်' ဖြစ်ပါသည်။(ဂါထာ။ ၃၆၄)
(ပဲခူးတိုင်းအနောက်ပိုင်း နံပါတ် (၆) ရှု။)

(ခ) '' နတ်တို့ ချီးမွမ်းခံထိုက်သောပုဂ္ဂိုလ် ''

လာဘ်လာဘနည်းသော်လည်း ဗိဓိလာဘ်ကို မတရားရှာမှီးသောလာဘ်ကဲ့သို့ စက်စုပ်ဖွယ်မဖြစ်စေပဲ အသက်မွေးမှုစင်ကြယ်၍ မပျင်းမရိလုံ့လရှိသောရဟန်းသည် နတ်တို့ ချီးမွမ်းခံထိုက်သောပုဂ္ဂိုလ်ဖြစ်ပါသည်။ (ဂါထာ။ ၃၆၆)

၇။ (က) '' ဘုရားရှင်အား လူတို့လျောက်ထားသောစကား ''

''ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား အရှင်ဘုရားတို့အား မိဘနှစ်ပါးတို့ သေလွန်ကုန်ပြီ ဟု ညှိုးနွမ်း စိုးရိမ် ကြံစည်ခြင်း မဖြစ်ပါလင့် '' ဟု ပဋိသန္ဓာရစကားကို ပြု ကုန်၏။

http://www.dhammadownload.com

(ခ) " လူတို့အား ဘုရားရှင်က ပြန်လည်တောကြားသောတရား "

"ဤလူ့အသက်သည် တိုလှ၏၊ အနှစ်တစ်ရာအောက်၌လည်း သေလွန်၏၊ အနှစ်တစ်ရာလွန်၍ အသက်ရှည်သော်သူသည် အိုမင်းခြင်းဖြင့် သေလွန်ရ၏။" ဟု ဇရာသုတ္တန်ကို ဟောကြားတော်မူပါသည်။

(ဂ) " ကျွတ်တန်းဝင်သည့် ပုဂ္ဂိုလ်များ "

ရှစ်သောင်းလေးတောင်သော သတ္တဝါတို့ ကျွတ်တန်းဝင်ကြပါသည်။ (ဓမ္မ။ဠ။၂။ ၂၀၆)

၈။ " ရှိသေစွာ တရားမနာနိုင်သော ဥပါသကာ (၄) ဦး"

- ထိုင်လျက်ငိုက်မျဉ်းနေသော ဥပါသကာ၊ = ဘဝငါးရာပတ်လုံး မြွေနဂါးမျိုးဌ ဖြစ်ခဲ့ဘူး၏။
- လက်ချောင်းဖြင့် မြေကြီးဌ ရေးခြစ်လျက် ထိုင်နေသော ဥပါသကာ = ဘဝငါးရာပတ်လုံး တိကောင်မျိုးဌ ဖြစ်ခဲ့ဘူး၏။
- သစ်ပင်တစ်ပင်ကိုလူတ်လျက် ထိုင်နေသော ဥပါသကာ = ဘဝငါးရာပတ်လုံး မျောက်မျိုးဌ ဖြစ်ခဲ့ဘူး၏။
- ကောင်းကင်ကို မော်ကြည့်လျက် ထိုင်နေသော ဥပါသကာ= ဘဝငါးရာပတ်လုံး နတ္ထတ်ဆရာ ဖြစ်ခဲ့ဘူး၏။ (ဓမ္မ။ဠ။၂။ ၂၃၀)

" တရားမနာကြားနိုင်ကြခြင်း အကြောင်း "

ဤသဲတ္တဝါတို့သည် ဘုရား, တရား, သံဃာ ဟု ရွတ်ဆိုအပ်သောပုဒ်ကို မှားစွာသောကမ္ဘာအသန်းတို့၌ မကြားဘူးသောကြောင့် တရားတော်ကို နာခြင်းငှါ မစွမ်းနိုင်ပါ။ (ဓမ္မ။ဠ။၂။ ၂၃၁)

၉။ " နတ်လူတို့ ချစ်ခင်မြတ်နိုးအပ်သောရတန်း "

သီလနှင့်ပြည့်စုံသောရဟန်းမျိုးကို နတ်လူတို့ ချစ်ခင်မြတ်နိုးအပ်၏။ (ဓမ္မ။ဠ။၂။ ၃၁၇)

" သာနုမာတာ ဘီလူးမကြီး၏ အခွင့်အရေးရပုံ "

သာနုသာမဏေ၌ ရှိသေခြင်းဖြင့် သာနုမာတာ ဘီးလူးမကို အလေးအမြတ်ပြု၍ ချီးမွမ်းကုန်၏။ တရားနာသောအခါ ဘီလူးတို့၏စည်းဝေးသောအခါ စသည်တို့၌ 'သာနု၏

http://www.dhammadownload.com

မိခင်ပေတည်း' ဟု နေရာဦး, ရှေ့ဦး, ထမင်းဦး ကို ပေးကြကုန်၏။ တန်ဖိုးကြီးသောဘိလူး တို့သည်ပင် ထိုဘိလူးမကို တွေ့မြင်ကုန်သည်ရှိသော် လမ်းခရီးမှ သက်ဆင်း ဖဲရှောင် ကြကုန်၏၊ ထိုင်ရာမှ ရိုသေသမှုပြုသောအားဖြင့် ထ, ကြကုန်၏။ (ဓမ္မ။ဋ္ဌ။၂။ ၃၁၇)

၁၀။ (က) (မကွေးတိုင်း နံပါတ် (၁၀) ရွာ။)

(ခ) " **ဇင်္ဂလသုဒ္ဒေး၏ မွေးဖွားခါစ ရေမျောခံရခြင်းအကြောင်း** "

ကာသပဘုရားရှင်၏ ဧစတိတော်ကိုပြုရာတွင် ဇင်္ဂလအလောင်း ရွှေပန်းတိမ်သည်သည် ရွှေအလှူခံလာသော ရဟန္တာအရှင်မြတ်အား ဇနီးနှင့်ခိုက်ရန်ဖြစ်ချိန် ဇနီး၌ ဖြစ်သောဒေါသဖြင့် " သင်တို့ဆရာဖြစ်သော ဘုရားရှင်ကို ရေမျောလိုက်ပါလော့ " ဟု နှုတ်ဖြင့် ပြစ်မှားမိသော ကံကြောင့် ရေမျောခံရသည်။(ဓမ္မ။ဋ္ဌ။၂။ ၇၄၄)

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)

ပထမကြီးတန်း ။ ။ ဓမ္မပဒ ဘာသာ

၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃-၄-၂၀၀၇)အင်္ဂါနေ့

၁။ ဘုရားရှင်အလိုတော်ကျ ဘိက္ခု(ရဟန်းစစ်) အမည်ရှိနိုင်ပုံပြ ဘိက္ခုဝဂ်, ပဌမဈာန်ယက, ဗြဟ္မဏဝဂ္ဂလာ ဂါထာပါဠိတော်ကို ရေးသားဖော်ပြပါ။

၂။ တရားလိုလား အမျိုးသားတို့ အရွယ်ခွန်အားနှင့်ညီညွတ်စုံသော်လည်း လျော့တိလျော့ရဲသော ဝိရိယဖြင့် တရားထူးတရားမြတ် မရနိုင်ပုံပြ မဂ္ဂဝဂ်၊ ပဓာနကမ္မိကတိဿထေရဝတ္ထုလာ ဂါထာကို အနက်ယောဇနာပြပါ။

၃။ (က) အလွန်ကဲဆုံးဥစ္စာ၊ (ခ) အလွန်ကဲဆုံးချမ်းသာတို့ကို ဖော်ပြ၍၊ လေးလလွန်လျှင် ပရိနိဗ္ဗာန်ပြုတော့မည့် ဘုရားရှင်၏ ဓကားတော်ကို ကြားရသော တိဿမထေရ်၏ ကြံစည်ပုံနှင့် နေထိုင်ပုံတို့ကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com

၄။ ''ဘယ''ဘေးဖြစ်ကြောင်းတရားများကို မမှားအောင် အစဉ်အတိုင်း ဖော်ပြ၍၊ မည်ကဲ့သို့သော ပုဂ္ဂိုလ်တို့သည် အာသဒေါတရားတို့ ရှုပ်ပြိမ်းကြပါသနည်း ကောဓဝဂ်မှ ရှာဖွေတင်ပြပါ။

၅။ မလဝဂ် လာဋ္ဌဒါယိထွေရဝတ္ထုလာ အညစ်အကြေး ၄-မျိုးကို ဖော်ပြ၍၊ ၎င်းတို့၏ မလ-အညစ်အကြေးအမည်ရခြင်း၏ အကြောင်းရင်းကိုလည်း အဋ္ဌကထာလာအတိုင်း ဖြေဆိုပါ။

၆။ မည်ကဲ့သို့သော ပုဂ္ဂိုလ်သည်သာ ဓမ္မဓရ-တရားဆောင်ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ဓမ္မဋ္ဌဝဂ်မှ ရှာဖွေတင်ပြ၍၊ မာတရံ ပိတရံ ဟန္တွာ ရာဇာနော ဒွေ စ ခတ္တိယေ-ဋ္ဌ (က) မာတရံ၊ (ခ)ပိတရံ ၊ (ဂ) ရာဇာနော ဒွေ-အရတို့ကို တိကျစွာ ကောက်ပြပါ။

၇။ ပမာဒတရားကြီးစွာဖြင့် သူတစ်ပါးသားမယားကျူးလွန်သူတို့ ရရှိနိုင်သော ဆင်းရဲခြင်းအကြောင်းတရားလေးပါးတို့ကို ဖော်ပြ၍၊ ဧခမကသူဌေးသားကို မြင်ရသော အမျိုးသမီးများ သဲသဲလှုပ် နှစ်သက်စွဲလမ်းရခြင်း၏ အကြောင်းကံကိုလည်း ဖော်ပြပါ။

၈။ တဏှာဝဂ်၊ ကပိလမဉ္စ ဝတ္ထုလာ သောပ္ပဝတီ ဟုရာ ဟုရံ၊ ဖလမိဿံ ဝနိသိ နိဂ္ဂဟိတာဒါနရော-ဋ္ဌ မျောက်နှင့် တဏှာတို့တူပုံကို ဖော်ပြ၍၊ ဇကသ စရိတံ သေယျော နတ္ထိ ဗာလေ သဟယတာ-ဋ္ဌ သဟယတာ-၏ ဂုဏ်တို့ကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

၉။ ရောက်လေရာတိုင်း၌ လာဘ်ပူဇော်သက္ကာရပေါများနိုင်ကြောင်း အဇောင်အကောင်းများကို ပကိဏ္ဏကဝဂ် စိတ္တဂဟပတိဝတ္ထုထောက်ရှု ဖော်ပြပြီးလျှင်၊ သူကရပေါတိကာဝတ္ထုလာ အဓိကဇာတ်ဆောင်၏ တရားထူးရပုံကိုလည်း ဖော်ပြပါ။

၁၀။ မိမိကိုယ်ကို အတွင်းအပြင်ကို လုံခြုံအောင် စောင့်ရှောက်ရပုံကို ဥပမာန/ဥပမေယျတို့ဖြင့် ပြည့်စုံစွာ ဖော်ပြပြီးလျှင်၊ စန္ဒာဘ၊ ဇောတိက- အမည်မှည့်ခေါ်ရခြင်းအကြောင်းတို့ကိုလည်း အဋ္ဌကထာမှ ဖွေရှာ၍ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ထင်ရှားပြီ။

၂။ ထင်ရှားပြီ။

၃။ (က) (ခ) (ပဲခူးတိုင်း နံပါတ် (၃) ရှု။)

“ တိဿမထေရ် ၏ ကြံစည်ပုံနှင့် နေထိုင်ပုံ ”

“မြတ်စွာဘုရားသည် လေးလလွန်သောအခါ ပရိနိဗ္ဗာန်ပြုလတ္တံ့။ ငါသည်လည်း ရာဂမကင်းသေး၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ပင် ငါသည် အရဟာတ္တဖိုလ်ကို ယူခြင်းငှါ သင့်၏” ဟု ကြံစည်၍ ဣရိယာပုန်လေးပါးတို့ဖြစ် တစ်ယောက်တည်းသာလျှင် တရားအားထုတ် နေ၏၊ ရဟန်းတို့၏အထံသို့သွားခြင်းသည်လည်းကောင်း တစ်စုံ တစ်ယောက်သောရဟန်းနှင့် စကားပြောဆိုခြင်းသည်လည်းကောင်း မရှိ။

(ဓမ္မပဒ။ ၂။ ၁၃၄)

၄။ **“ ဘေးဖြစ်ကြောင်းတရားများ ”**

ဝိယ = ချစ်ခင်မှု၊

ပေမ = မြတ်နိုးမှု၊

ရတိ = မွေ့လျော်မှု၊

ကာမ= (ဝတ္ထုကာမ,ကိလေသာကာမ)။

တဏှာ – တို့ကြောင့် ဘေးဖြစ်ရပါသည်။ (ဝိဿာ။ ၂၁၂ မှ ၂၁၆)

အာသဝေါတရားတို့ချုပ်ငြိမ်းသောပုဂ္ဂိုလ် =(ကချင်ပြည်နယ် နံပါတ် (၃) ရှု။)

၅။ **“ အညစ်အကြေး (၄) မျိုး ”**= (ကရင်ပြည်နယ် နံပါတ် (၉) ရှု။) (ဝိဿာ။ ၂၄၁)

တစ်စုံတစ်ခုသောစာပေသင်ခြင်းကိုလည်းကောင်း၊ အတတ်ပညာကိုလည်းကောင်း မရွတ်ဖတ်, အဖန်ဖန်အားမထုတ်သောသူအား ပျောက်ပျက်၏ အမြဲမထင်။ ထို့ကြောင့်

http://www.dhammadownload.com

"မရွတ်ဖတ် မသရဇ္ဈယ်ခြင်းသည် စာပေကျမ်းဂန် အတတ်ပညာတို့၏အညစ်အကြေး" မည်၏။

အိမ်၌နေသောသူအား လုံ့လစိုက်၍ ဟောင်းမြေသည်ကို ပြုပြင်ခြင်းစသည်ကို မပြုလုပ်သောအိမ်သည် ပျက်စီးလတ္တံ့ဖြစ်သောကြောင့် **"လုံ့လစိုက်၍ မပြုပြင်ခြင်းသည် အိမ်တို့၏ အညစ်အကြေး"** မည်၏။

လူဖြစ်စေ, ရဟန်းဖြစ်စေ ပျင်းရိခြင်းကြောင့် ကိုယ်လက်သုတ်သင်ခြင်းကို လည်းကောင်း, ပရိက္ခရာကိုသုတ်သင်ခြင်းကိုလည်းကောင်း မပြုလုပ်သောသူ၏ ကိုယ်သည် အဆင်းမလှသောကြောင့် **"ပျင်းရိခြင်းသည် အဆင်းလှခြင်း၏ အညစ်အကြေး"** မည်၏။

နွားတို့ကို စောင့်ရှောက်ရသောသူသည် မွေ့လျော်ပြီး အိပ်ပျော်ဇနသော်လည်းကောင်း ကစားနေ၍သော်လည်းကောင်း နွားတို့သည် ကျက်စားရာမဟုတ်သည်၌ ပြေးဝင်ခြင်းကြောင့် သားရဲဘေး သူခိုးဘေးဖြင့်သော်လည်းကောင်း သူတစ်ပါးလယ်ယာကိုင်းကျွန်းသို့ ဝင်စားသဖြင့်လည်းကောင်း ပျက်စီးခြင်းသို့ ရောက်မူလည်း ရောက်ရာ၏။ မိမိအား ဒဏ်ခံရခြင်း ဆဲရေးခံရခြင်းသို့မူလည်း ရောက်ရာ၏။

ဤအတူ ရဟန်းသည် ခြောက်ဖွဲ့ရတို့ကို မစောင့်ရှောက်ပဲ မွေ့လျော်နေသော် ကိလေသာများဝင်လာပြီး သာသနာမှ ရွေ့လျောနိုင်၏။ ထို့ကြောင့် " ပမာဒေါ် ရက္ခတောမလံ" **"မွေ့လျော်ခြင်းသည် စောင့်ရှောက်သူ၏ အညစ်အကြေး"** ဟု ဆိုအပ်၏။

(ဓမ္မ။ဋ္ဌ။၂။ ၂၂၂)

၆။ **" ဓမ္မဓရ = ဂါရဝဆောင်ပုဂ္ဂိုလ် "**

(စာပေများစွာသင်ကြားခြင်း၊ နှုတ်တက်ဆောင်ခြင်း၊ ပို့ချခြင်းပြင့် တရားဆောင်သူ မဖြစ်နိုင်) အနည်းငယ်မျှသောတရားကို ကြားနာရ၍ သစ္စာလေးပါးတရားကို နာမကာယဖြင့် သိမြင်ပြီး မဂ်,ဖိုလ်,နိဗ္ဗာန်ကိုလိုလားလျက် သစ္စာလေးပါးတရား၌ မမေ့မလျော့အားထုတ်သူသာ " ဓမ္မဓရ = တရားဆောင်ပုဂ္ဂိုလ် "ဖြစ်ပါသည်။ (ဝိဏ။ ၂၅၉)

(က) တဏှာ၊ (ခ) မာန၊ (ဂ) သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ၊ (ဓမ္မ။ဋ္ဌ။၂။ ၂၈၃)

http://www.dhammadownload.com

၇။ " သူတစ်ပါးသားမယားကျူးလွန်သူတို့ ရရှိနိုင်သော ဆင်းရဲခြင်း အကြောင်းတရားလေးပါး "

အကုသိုလ်ကိုရခြင်း၊ အလိုရှိတိုင်းချမ်းသာစွာမအိပ်ရခြင်း၊ အကွဲရဲခံရခြင်း၊ ငရဲခံရခြင်း။

(ဝိဿာ။ ၃၀၉)

" ခေမကသူဌေးသားကိုပြင်ရသောအမျိုးသမီးများ သဲသဲလှုပ်စွဲလမ်းရခြင်း၏ အကြောင်းကံ "

ခေမကသူဌေးသားသည် ကဿပမြတ်စွာဘုရားလက်ထက် ထူးချွန်သော လက်ဝှေ့ သမားဖြစ်စဉ် ရွှေတံခွန်နှစ်ခုကို မြတ်စွာဘုရား၏ ရွှေစေတီ၌ တင်လှူပူဇော်၍ "ဆွေမျိုးသားချင်း မှတပါး ကြွင်းသောမိန်းမတို့သည် ကျွန်ုပ်ကိုမြင်လျှင် စွဲလမ်းတပ်မက်စေကုန်သတည်း" ဟု ဆုတောင်းခဲ့သောကြောင့် အမျိုးသမီးများ သဲသဲလှုပ် နှစ်သက်စွဲလမ်းရသည်။

(ဓမ္မပဒ။ ၂။ ၃၁၁)

၈။ " မျောက်နှင့် တဏှာတို့တူပုံ "

သစ်သီးပင်ကိုအလိုရှိသောမျောက်သည် တောင်၌ မြေးသွားရ၏၊ ထိုထိုသစ်ပင်၏ အကိုင်း ကိုယူရ၏၊ ထိုသစ်ပင်၏ အကိုင်းကို လွှတ်၍ အခြားသစ်ပင်၏အကိုင်းကို ကိုင်စွဲရ၏၊ ထိုအခြား သောသစ်ပင်၏ အကိုင်းကို လွှတ်၍ အခြားသစ်ပင်၏အကိုင်းကို ယူရပြန်၏၊ 'သစ်ကိုင်းကို မရမူ၍ ကောင်းစွာထိုင်နေ၏' ဟု ဆိုထိုက်သည်၏အဖြစ်သို့ မရောက်။

ဤအတူ တဏှာအလိုလိုက်သော ပုဂ္ဂိုလ်သည် ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြေးသွားလျက် " အာရုံကိုမရပဲ တဏှာမဖြစ်ခြင်းသို့ ရောက်ပြီ " ဟု ဆိုထိုက်သည်၏ အဖြစ်သို့ မရောက်။ ထို့ကြောင့် တဏှာသည် မျောက်နှင့်တူပါသည်။(ဓမ္မပဒ။ ၂။ ၃၃၀)

" သတယတာ ၏ ဂုဏ် "

ရှင်ဥသိလ၊ မရွိမသိလ၊ မဟာသိလ၊ ကထာဝတ္ထု (၁၀) ပါး၊ ဓုတင် (၁၃) ပါး၊ ဝိပဿနာ ဉာဏ်၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ ဝိဇ္ဇာ (၃) ပါး၊ အဘိညာဉ် (၆) ပါး၊ နိဗ္ဗာန် တို့ဖြစ်ပါသည်။

(ဓမ္မပဒ။ ၂။ ၃၂၃)

http://www.dhammadownload.com

၉။ ''ရောက်ရာအရပ်၌ လာဘ်ပူဇော်သက္ကာရပေါများနိုင်ကြောင်း အဆောင်ကောင်း''

လောကီ လောကုတ္တရာသန္တိ, အာဂါရိယသီလ, အခြံအရံ စည်းစိမ်ဥစ္စာ တို့နှင့် ပြည့်စုံသောသူသည် ရောက်ရာအရပ်၌ လာဘ်ပူဇော်သက္ကာရပေါများနိုင်ပါသည်။

(ဝိဏယ။ ၃၀၃)

'' သူကရပေါတိကာဝတ္ထုလာ အဓိကဇာတ်ဆောင်၏ တရားထူးရပုံ ''

ဝက်မငယ်ကလေးဘဝမှစုတေ၍ အဆင့်ဆင့်အားဖြင့် လကုဏ္ဍကအတိမ္ဗရအမတ်ကြီး ဖြစ်နိုး သုမနမည်သော်သူမဖြစ်စဉ် ဆွမ်းခံကြွလာသော မဟာအနုရုဒ္ဓါမထေရ်၏ စကားကို ကြား၍ ဇာတိဿရဉာဏ်ကိုရကာ ထိပ်လန့်ခြင်းရှိသဖြင့် အရှင်လင်းကို တောင်းပန်၍ ရဟန်းမိန်းမ ပြုပြီးသော် တိဿမဟာဝိဟာရ၌ မဟာသတိပဋ္ဌာနသုတ်တရားတော်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ ကည်၏၊ ကလ္လမဟာဝိဟာရ၌ အာသီဝိသောပမသုတ်ကို ကြားနာရ၍ အရဟတ္တဖိုလ်သို့ရောက်၏။

(မဇ္ဈိ။ ၃။ ၂။ ၃၃၄)

၁၀။ '' မိမိကိုယ်ကိုအတွင်းအပြင်လုံခြုံအောင် စောင့်ရှောက်ရပုံ ''

လူတို့သည် တိုင်းပြည်၏အစွန်အဖျားဖြစ်သောမြို့ကို တံခါး တံတိုင်းစသည်ကို ခိုင်မြဲအောင်ပြုခြင်းဖြင့် အတွင်းအရပ်ကိုလုံခြုံအောင်ပြုခြင်း၊ ပြအိုး ကျုံးစသည်တို့ကို ခိုင်မြဲအောင်ပြုခြင်းဖြင့် အပြင်အရပ်ကို လုံခြုံအောင် ပြုသကဲ့သို့ ဤအတူ သင်တို့သည် သတိကိုဖြစ်စေလျက် အတွင်းဒွါရခြောက်ပေါက်တို့ကိုပိတ်၍ တံခါးစောင့်တည်းဟူသော သတိကို မလွတ်စေပဲ ဗာဟိရာယတန ခြောက်ပါးမဝင်နိုင်အောင် မိမိကိုယ်ကို စောင့်ရှောက်ရမည်။

(ဇန္တု။ ၂။ ၃၀၄)

'' စန္ဒာဘ တု အမည်မှည့်ရခြင်းအကြောင်း ''

ချက်ဝန်းမှ လဝန်းသဏ္ဌာန်နှင့်တူသော ထွန်းလင်းသောအရောင် ထွက်ပေါ်သောကြောင့် 'စန္ဒာဘ' တု အမည်မှည့်ရသည်။

(ဇန္တု။ ၂။ ၂။ ၄၂၅)

'' ဇောတိက ၃ အမည်မှည့်ရခြင်းအကြောင်း ''

ထိုသူငယ်အား နာမည်မှည့်သောနေ့၌ အလုံးစုံသောမြို့၏ တစ်ပြိုင်နက်တည်းသော

http://www.dhammadownload.com

အလင်းရောင် ထွန်းပြောင်တောက်ပသည်၏အဖြစ်ကြောင့် 'ဇောတိက' ဟု အမည် မှည့်ရသည်။ (ဓမ္မပဒ။ ၂။ ဇုန်း)

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ(ရန်ကုန်တိုင်း)
ပထမကြိုးတန်း ။ ဓမ္မပဒဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၈)ရက်၊ (၂၅-၃-၂၀၀၇)တနင်္ဂနွေနေ့

၁။ ဖော်ပြပါ ဓမ္မပဒဂါထာတို့ကို ပါဠိဋ္ဌေးခဲ့ပါ–

(က) သူတစ်ပါးတို့၏ အပြစ်ကိုသာ မြင်လွယ်၍ မိမိအပြစ်ကိုကား မြင်နိုင်ခဲ၏ဟု– တော်မူသောဂါထာ၊

(ခ) ချောမောလှပ ပြည့်တန်ဆာမလေး၏ ပြားယောင်းသွေးဆောင်မှုနှင့် ရင်ဆိုင်နေရသော သုန္ဒရသမုဒ္ဒမထေရ်အား ဟောကြားအပ်သော ဂါထာ။

၂။ ယေရွယ်စဉ်အခါ ပညာလုံလဲ့ အသုံးမချဘဲ ပျင်းရိသောသူသည် မင်္ဂကို မရနိုင်ဟုဟောကြားတော်မူသော ဂါထာကို အနက်ယောဇနာခဲ့ပါ။

၃။ ရောဟိနီမင်းသမီးလေးအား အဆင်းလည်းလှ ကျွတ်တမ်းလည်း ရစေနိုင်သော ဓမ္မဒေသနာတော်ကို ဖော်ပြပြီးလျှင်၊ နတ်ပြည်ရောက်ကြောင်း တရားကောင်းတို့ကိုလည်း ညွှန်ပြခဲ့ပါ။

၄။ လောကၠ ရုပ်ချော အပြောကောင်းတိုင်း သဘောကောင်းသူဟု ခေါ်နိုင်ပါသလော? သဘောကောင်းသူ, မကောင်းသူတို့ကို မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ခွဲခြားဖော်ပြခဲ့ပါ။

၅။ ခေါင်းတုံး တုံးထားသော်လည်း (က) သမဏာမဖြစ်နိုင်သူ၊ (ခ) သမဏာဖြစ်နိုင်သူတို့ကို ဟတ္ထက ဝတ္ထုနှင့်အညီ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၆။ ပြာဟ္မဏဟုခေါ်ဆိုခြင်းသည် ပဂ္ဂိုလ်တို့ကို ပြာဟ္မဏဝဏ် သာရိပုတ္တာထွေရဝတ္ထုမှ ထုတ်နုတ်ဖြေဆိုခဲ့ပါ။

၇။ ''နောင်လေးလကြာလျှင် ပရိနိဗ္ဗာန်ပြုမည်'' တု ရှင်တော်ဘုရားပိန္ဒိကြာတော်မူသောအခါ တိသမထေရ်မည်သို့ စဉ်းစားနေထိုင်သည်ကို ဖြေဆိုပြီး၊ ယင်းမထေရ်နှင့် ပတ်သက်၍ မြတ်စွာဘုရား ပိန္ဒိကြားတော်မူသော စကားရပ်တို့ကိုလည်း ဖြေဆိုခဲ့ပါ။

၈။ စည်းစိမ်ချမ်းသာနှင့်တွေ့၍ ဘဝမေ့ကာ ကျေးဇူးရှင်ကို စော်ကားသော သိရိမာအပေါ်၌ အမုန်းမဖက် အပြုံးမပျက်သည့် မေတ္တာရှင်မလေး ဥတ္တရာ၏ စိတ်ထားလှပပုံကို ပြည့်စုံစွာ ဖော်ပြပါ။

၉။ ''ယံ ဟိ ကိစ္စံ အပဝိဒ္ဓံ၊ အကိစ္စံ ပန ကရိယတိ'' ဟူသော ဒေဝနာတော်၌ ရဟန်းတော်များ– (က) ပြုသင့်သည့်ကိစ္စ၊ (ခ) မပြုသင့်သည့်ကိစ္စတို့ကို ဓမ္မပဒ အဋ္ဌကထာအလိုက္ခ ခွဲခြားဖော်ပြခဲ့ပါ။

၁၀။ အောက်ပါတို့ကို ဓမ္မပဒ အဋ္ဌကထာနှင့်အညီ ဖြေဆိုပါ–

(က) ခဏော ဝေါ မာ ဥပစ္စဂါ–၌ 'ခဏ'လေးမျိုး၊

(ခ) 'ပဠုသဂီတိဂေါ ဘိက္ခု–၌ 'ပဠုသဂ်'သရုပ်၊

(ဂ) ယဿ ပါရံ အပါရံ ဝါ–၌ ပါရ၊ အပါရ–အရ။

၁၂။ ရန်ကုန်တိုင်း (အဖြေ)

ပထမကြိမ်းတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ။ ၂၅၂။

(ခ) ဂါထာ။ ၎၁၅။

၂။ (ဂါထာ။ ၂၈၀)

http://www.dhammadownload.com

၃။ " ရောတိနိမင်းသမီးလေးအား အဆင်းလည်းလှ ကျွတ်တန်းလည်း ရစေနိုင်သော တရားဒေသနာတော် "

အမျက်ဒေါသ မာန်မာနကို ပယ်ခွန်၍ သံယောဇဉ်အားလုံးတို့ကို ကျော်လွန်ကာ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသောပုဂ္ဂိုလ်သို့ ဆင်းရဲတို့ မကျရောက်နိုင်။

(ဝိဏာ။ ၂၂၁)

နတ်ပြည်ရောက်ကြောင်း တရားကောင်း= (ဇာရုပ်ပြည်နှိယ် နံပါတ် (၇) ၌။ (ဝိဏာ။ ၂၂၄)

၄။ " သဘောကောင်းသူ/ မကောင်းသူ "(ကချင်ပြည်နယ် နံပါတ် (၄) ရှု။)(ဝိဏာ။ ၂၁၂/၂၁၃)

၅။ (က) " သမဏ မဖြစ်နိုင်သူ "

သီလ နှင့် ခုတင်အကျင့်မှကင်း၍ ချိုယွင်းသောစကားကိုဆိုကာ လိုချင်မှု မက်မောမှုနှင့် ပြည့်စုံသူသည် ခေါင်းတုံး တုံးထားသော်လည်း 'သမဏ' မဖြစ်နိုင်။

(ခ) " သမဏ ဖြစ်နိုင်သူ "

အဝယ်အကြိုးဖြစ်သောမကောင်းမှုတို့ကို အချင်းခပ်သိမ်းငြိမ်းစေသောသူသည်သာ 'သမဏ' ဖြစ်နိုင်သည်။ (ဝိဏာ။ ၂၁၄)

၆။ " ဗြတ္တဏ တုခေါ်ဆိုနိုင်သည့်ပုဂ္ဂိုလ် "

အမျက်လည်းမထွက် ခုတင်အကျင့်လည်းရှိ၍ သီလနှင့်ပြည့်စုံကာ တဏှာပြန့် ပြောမှုမရှိပဲ တွန်းခြောက်ပါးကို ဆုံးမပြီးသည်ဖြစ်၍ အဆုံးစွန်သောကိုယ်ရှိသူကို ဗြဟ္မဏ ဟုခေါ်ဆိုနိုင်ပါသည်။ (ဝိဏာ။ ၄၀၀)

မှတ်ချက် = ဗြဟ္မဏဝဂ် သာရိပုတ္တာထွေရဝတ္ထု သည် (၇ထာ ၄၀၀ နှင့် ၄၁၀) နှစ်ဝတ္ထုရှိသည်။

၇။ " တိဿမထေရ် ၏ ကြုံစည်ပုံနှင့် နေထိုင်ပုံ " (မွန်ပြည်နယ် နံပါတ် (၃) ရှု။)

(ဓမ္မ။၆။၂။ ၁၇၄)

http://www.dhammadownload.com

'' ယင်းမထေရ် နှင့် ပက်သက်၍ မြတ်စွာဘုရားမိန့်ကြားတော်မူသော စကားရပ် ''

''ချစ်သားရဟန်းတို့ ဇီဘုရား၌ ချစ်ခင်မြတ်နိုးသောသူသည် တိသရဟန်း နှင့်တူသည် သာလျှင် ဖြစ်စေလော့၊ ဇီဘုရား၌ ပန်းနုံသာစသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုပါသော်လည်း စင်စစ် ပူဇော်သည် မမည်၊ လောကုတ္တရာတရားကိုးပါးအား လျော်သောအကျင့်မြတ်ကို ကျင့်သော သူသည်သာလျှင် ဇီဘုရားကို ပူဇော်သည်မည်၏'' ဟုမိန့်ကြားတော်မူပါသည်။ (ဓမ္မ။ဋ္ဌ။၂။ ၁၇၄)

၈။ (ကရင်ပြည်နယ် နံပါတ် (၇) ရှု။)

၉။ ''ရတနာတော်များ ပြုသင့်သည့်ကိစ္စ မပြုသင့်သည့်ကိစ္စ ''
(ကယားပြည်နယ် နံပါတ် (၅) ရှု။)

၁၀။ (က) **ခဏ (၄) မျိုး** = (ကယားပြည်နယ် နံပါတ် (၇) ရှု။)
(ခ) **ပဉ္စင်္သရုပ်** = ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ။ (ဓမ္မ။ဋ္ဌ။၂။ ၃၇၅)
(ဂ) **ပါရ အရ /အပါရ အရ**= (စစ်ကိုင်းတိုင်း နံပါတ် (၈) ရှု။) (ဓမ္မ။ဋ္ဌ။၂။ ၃၇၅)

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃–၄–၂၀၀၇)အင်္ဂါနေ့

၁။ လူကျင့်ဝတ်တရားငါးပါးကို ပြဆိုသော ဂါထာတို့ကို ပါဠိမှန်မှန်ရေးပြခဲ့ပါ။

၂။ တစ်ယောက်တည်းနေ တစ်ယောက်တည်းအိပ် တစ်စိတ်တည်းထား တောအရပ်မှာ ပျော် ရဟန်းတော်–ဟု ဟောကြားသော ဂါထာနှင့် ''စိတ်တစ်လုံးထိန်း အားလုံးငြိမ်း'' ဆိုသလို ငြိမ်းအေးမှုကို အလိုရှိသော သာနုသာမဏေအား စိတ်ကို နှိပ်ကွပ်ရန် ဟောကြားသော ဂါထာတို့ကို အနက်မှန်မှန်ပေးခဲ့ပါ။

http://www.dhammadownload.com

၃။ ဆင်းရဲဝေဒနာမကျရောက်အောင် အဘယ်တရားများကို ကျင့်ဆောင်ရမည်ကို ဖော်ပြ၍ (က) အာဘာသရာဖြဟ္မာ၏ အာဟာရ၊ (ခ) သမားတော်အကုသခက်သည်ရော၎၊ (ဂ)အကြိုးမားဆုံးသောဆင်းရဲ၊ (ဃ) အမွန်မြတ်ဆုံးသော လာဘ်တို့ကိုလည်း ဖြေဆိုပါ။

၇။ အာသဝေါကင်းကွာ ရဟန္တာဖြစ်အောင် ပြည့်စုံရမည့်အင်္ဂါသုံးပါးကို ဖြေဆို၍၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် အရပ်လေးမျက်နှာရောက်ရာဒေသ၌ လူအများအပူဇော်ခံရအောင် ရှိသင့်ရှိထိုက်သည့် အင်္ဂါရုပ်များကိုလာည်း ပါဠိသာဓကနှင့်တကွ ထုတ်ပြခဲ့ပါ။

၅။ ပရိဗိုဇ်အားဟောကြားသော နတ္ထိလေးချက်–မရှိတရားလေးပါးကို ထုတ်ပြ၍၊ (က) မူဆုပုရေ (ခ)မူဆုပဋ္ဌတော၊ (ဂ) မဗျေ့ မူဆုအရတို့ကို ကောက်ပြပြီးလျှင်၊ ပစ္စည်းဥစ္စာကဖျက်ဆီးနိုင်သည့်ပုဂ္ဂိုလ်၊ မဖျက်ဆီးနိုင်သည့်ပုဂ္ဂိုလ်တို့ကိုလည်း ဖြေဆိုခဲ့ပါ။

၆။ လယ်ယာတို့သည် မြက်ကြောင့် ပျက်စီးရသလို သတ္တဝါတို့သည် အဘယ်တရားများကြောင့် ပျက်စီးသည်ကို ဖြေဆို၍၊ မာနတဏှာ ကိလေသာစသည်တို့မဝင်ရအောင် ပိတ်ဆို့စောင့် ရှောက်ထားရမည့် တရားခြောက်ပါးကိုလည်း ထုတ်ပြခဲ့ပါ။

၇။ ရောဟိနီမင်းသမီး၏ အတိတ်ဘဝဇာတ်ကြောင်းကို ရေးသားပြီးလျှင်၊ ရောဟိနီနတ်သမီးကို ရှုမြင်ကြရသော နတ်သားလေးယောက်တို့နှင့် သိကြားမင်း၏ ရင်ဖွင့်စကားများကို အသီးသီး ဖြေဆိုပါ။

၈။ နာဂဝဂ် သမ္မဟုလဘိက္ခုဝတ္ထုလာ မင်းကွဲသို့ကျင့်ပုံနှင့်၊ ခေမာထေရီဝတ္ထုလာ ၁၄ကူ၏ ပြုကျင့်ပုံတို့ကို ပြည့်စုံအောင်ရေးပါ။

၉။ ဝနံ ဆိန္နထ မာရကွဲ–၏ အဓိပ္ပါယ်ကို ရှင်းလင်းစွာ ဖြေဆိုပြီးလျှင်၊ စူဠသုဘဒ္ဒါဝတ္ထုလာ ဒူရေ သန္တော ပကာသေန္တိ–၌ သန္တ–အဓိပ္ပါယ်နှင့် ဤ၌ အလိုရှိအပ်သော သန္တအရကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၁၀။ ဘိက္ခုဝဂ် သမ္မဟုလဘိက္ခုဝတ္ထုလာ သိတ္တာ တေ့ လဟုမေဿတိ-၏ အဓိပ္ပါယ်ကို အဋ္ဌကထာအလိုကျ ရေးသားပြီးလျှင်၊ ကုဟကာရသေ့အား ဖွတ်မင်းကပြောသော စကား တို့ကို မှတ်သားဖွယ်ဖြစ်အောင် ရေးသားခဲ့ပါ။

၁၃။ ရရိုင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ဂါထာ။ ၂၄၆/ ၂၄၇/ ၂၄၈)

၂။ (ဂါထာ။ ၃၀၅ / ၃၂၆)

၃။ **" ဆင်းရဲတို့ မကျရောက်နိုင်အောင်ကျင့်ဆောင်ရမည့်တရား "**
(တုကျင်ပြည်နယ် နံပါတ် (၃) ရှု။)
(က) ပီတိ၊ (ဂါထာ။ ၂၀၁)
(ခ, ဂ, ဃ) (မန္တလေးတိုင်း နံပါတ် (၃) ရှု။)

၄။ **" အာသဒေါကင်းကွာ ရတနာတွာဖြစ်အောင်ပြည့်စုံရမည့်အင်္ဂါ (၃) ပါး "**
အမြဲနိုးကြားခြင်း၊
နေ့ညည်ပတ်လုံး သိက္ခာသုံးပါးကို ကျင့်ခြင်း၊
နိဗ္ဗာန်သို့ညွတ်သောစိတ်ရှိခြင်း။ (ကချင်ပြည်နယ် နံပါတ် (၃) ရှု။) (ဂါထာ။ ၂၂၆)
"ရောက်ရာအရပ်၌ အပူဇော်ခံရအောင်ရှိသင့်ရှိထိုက်သည့်အင်္ဂါရပ်များ"
(မွန်ပြည်နယ် နံပါတ် (၉) ရှု။ (ပါဠိသာဓကပြုပါ။ ဂါထာ။ ၃၀၃)

၅။ **" နတ္ထိလေးချက် "**
ကောင်းကင်၌ ခြေရာမရှိ၊
သာသနာပ၌ မဂ်ဖိုလ်ရသောရဟန်းမရှိ၊

http://www.dhammadownload.com

မြဲသောသခ်ိဳရတ၊ရားမရွိ၊
ဘုရားရှင်တို့အား ပပဉ္စတရားဖြင့် တုန်လှုတ်ခြင်း မရှိ။ (ဂါထာ။ ၂၅၅)
(က) 'မဉ္ဇုပုရေ' အရ = အတိတ်ခန္ဓာ၌ တဏှာကိုစွန့်ခြင်း။
(ခ) 'မဉ္ဇ ပဉ္ဆတော' အရ = အနာဂတ်ခန္ဓာ၌ တဏှာကိုစွန့်ခြင်း။
(ဂ) 'မဇ္ဈေ မုဉ္ဇ' အရ = ပစ္စုပ္ပန်ခန္ဓာ၌ တဏှာကိုစွန့်ခြင်း။ (ဧမွ။ဋ္ဌ။ ၂။ ၃၄၃)

''ပစ္စည်းဥစ္စာက ဖျက်ဆီးနိုင်သည့်ပုဂ္ဂိုလ် / မဖျက်ဆီးနိုင်သည့်ပုဂ္ဂိုလ်''

– ပညာမဲ့သောပုဂ္ဂိုလ်သည် ပစ္စည်းဥစ္စာက ဖျက်ဆီးနိုင်သည့်ပုဂ္ဂိုလ် ဖြစ်ပါသည်။
– နိဗ္ဗာန်တည်းဟူသောကမ်းတစ်ဖက်ကို ရှာမှီးသော ပုဂ္ဂိုလ်သည် ပစ္စည်းဥစ္စာက မဖျက်ဆီးနိုင်သည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ (ဂါထာ။ ၃၅၅)

၆။ **လယ်ယာတို့သည် မြက်ကြောင့်ပျက်စီးသလို သတ္တဝါတို့သည် –**

ရာဂ, ဒေါသ, မောဟ, အလိုရမ္မက် တို့ကြောင့် ပျက်စီးရသည်။ (ဂါထာ။ ၃၅၆ မှ ၃၅၉)

'' မာန တဏှာ ကိလေသာတို့မဝင်ရအောင် ပိတ်ဆို့စောက်ရှောက်ထားရမည့် တရား (၆) ပါး ''

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေအားဖြင့် ၆–ပါး။

၇။ **'' ရောဟိနီမင်းသမီး၏ အတိတ်ဇာတ်ကြောင်း ''**

ဂျေးလွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ မိဖုရားကြီးဖြစ်စဉ် မင်းကြီးချစ်မြတ်နိုးသော ကဆြေသည်မိန်းမငယ် တစ်ယောက်အား ရန်ညိုးဖွဲ့၍ ယားယံခြင်းကိုဖြစ်စေတတ်သော အသီးတို့ဖြင့် ထိုမိန်းမငယ်၏ အိပ်ယာ အဝတ်တို့အပေါ်၌ ထိုမိန်းမငယ် မသိအောင်ထားစေ၏။ ထိုမိန်းမငယ်၏ ခန္ဓာကိုယ်ပေါ်၌လည်း ပျက်ရယ်ပြုသကဲ့သို့ ကြဲချ၏။ ထိုခဏ၌ပင် ကဆြေသည် မိန်းမငယ်၏ကိုယ်သည် ပူးဖူးရောင်၍ ယားယံသော ဝေဒနာကို ခံစားရလေသည်။
ထိုမိဖုရားကြီးသည် ရောဟိနီမင်းသမီးဖြစ်လာ၏။ (ဧမွ။ဋ္ဌ။ ၂။ ၁၉၃)

'' နတ်သားလေးယောက်နှင့် သိကြားမင်း၏ ရင်ဖွင့်စကား ''

နတ်သားတစ်ယောက်သည် '' ဤနတ်သမီးကို မြင်ရသောကာလမှစ၍ ' စစ်မြေ

http://www.dhammadownload.com

ပြင်၌ တိုးအပ်သောစည်ကြိုးကဲ့သို့' အကျွန်ုပ်၏စိတ်ကို ငြိမ်သက်တည်တံ့စေခြင်းငှါ မစွမ်းနိုင်ပါ" ဟု ပြော၏။

ဒုတိယနတ်သားသည် ''တောင်ထိပ်မှစီးဆင်းသောမြစ်ရေသကဲ့သို့' အကျွန်ုပ်၏ စိတ်သည် လျင်မြန်စွာ ဖြစ်ပေါ်နေပါသည် '' ဟု ပြော၏။

တတိယနတ်သားသည် ''ဤနတ်သမီးကို မြင်ရသောကာလမှစ၍ အကျွန်ုပ်၏ မျက်စိတို့သည် 'ပုဇွန်မျက်စိတို့ကဲ့သို့' ပြူးထွက်ကုန်ပါသည် '' ဟု ပြော၏။

စတုတ္ထနတ်သားသည် ''အကျွန်ုပ်၏စိတ်သည် 'ဧစတိ၌ စိုက်ထူထားသော တံခွန်ကဲ့သို့' မတုန်မလှုပ် တည်တံ့ခြင်းငှါ မစွမ်းနိုင်ပါ'' ဟုပြော၏။

ထိုအခါ သိကြားမင်းက '' အမောင်တို့ ဤနတ်သမီးကို တွေ့မြင်သောကာလမှစ၍ အသင်တို့၏ စိတ်၌ ဤမျှလောက်သာဖြစ်ပေါ်လာရခြင်းသည် အသင်တို့၏ စိတ်ကို နှိပ်ကွပ်ဆုံးမ၍ သည်းခံနိုင်သေး၏၊ ဒါသည်ကား ဤနတ်သမီးကို ရသည်ရှိသော် အသက်ရှင်ရအံ့၊ မရခဲ့သည် ရှိသော် သေရတော့အံ့။ '' ဟု ပြောကြား၏။ (ဓမ္မ။ဋ္ဌ။၂။ ၁၃၄)

၈။ **'' မင်းကဲ့သို့ကျင့်ပုံ ''**

အောင်မြေအရပ်၌ ရှိသောမင်းသည် '' ဤမင်းအဖြစ်သည် ကြီးစွာသောမေ့လျော့ခြင်း၏ အကြောင်းတည်း၊ ငါ့အား မင်းပြုခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း '' ဟု အောင်ပြီးသောတိုင်း နိုင်ငံကိုစွန့်၍ တောသို့ဝင်၍ ရဟန်းပြုကာ ဤရိယာပုထ်လေးပါးတို့၌ တစ်ပါးတည်းသာ ကျင့် သကဲ့သို့ တစ်ပါးတည်းသာ ကျင့်ရာ၏။ (ဓမ္မ။ဋ္ဌ။၂။ ၃၂၃)

'' ပင့်ကူကဲ့သို့ ပြုကျင့်ပုံ '' = (စစ်ကိုင်းတိုင်း နံပါတ် (၇) ရှု။)

၈။ **'' ဝနံ ဆိန္နထ မာ ရုက္ခံ - အဓိပ္ပါယ် ''**

ပြတ်စွာဘုရားသည် 'ဝနံ ဆိန္နထ' ဟုသာ ဆိုပါက ရဟန်းသစ်များသည် ပဲခွပ်စသည်ဖြင့် တောသစ်ပင် တို့ကို ခုတ်ဖြတ်မည်စိုးသောကြောင့် ' ဒါသည် ရာဂစသောကိလေသာ တောကိုသာ ရည်ရွယ်၍ ဆိုအပ်၏၊ ပကတိသစ်ပင်ကို မ့ရည်ရွယ်' ဟု တားမြစ်လိုသောကြောင့် 'မာ ရုက္ခံ' ဟု မိန့်တော်မူပါသည်။ (ဓမ္မ။ဋ္ဌ။၂။ ၂၆၅)

'' နုဇေ သန္တော ပကာသေန္တိ - ၌ သန္တ အဓိပ္ပါယ် ''

ရာဂစသောကိလေသာတို့၏ ငြိမ်းအေးပြီးသည်၏အဖြစ်ကြောင့် ဘုရားစသော

http://www.dhammadownload.com

သူတော်ကောင်းတို့သည် ' သန္တာ ' မည်သည်။

" ဤ၌ လိုအပ်သော သန္တာ အရာ "

ဇရာဘုရားရှင်တို့၌ ဆုတောင်းခြင်းကိုပြုပြီး၍ များသောကုသိုလ်လျှင်အရင်းမူလ ရှိကုန်သော ပွါးပြီးသောဘာဝနာရှိကုန်သော သတ္တဝါတို့ကို ယူရမည်။ (ဓမ္မ။ဋ္ဌ။ ၂။ ၂၉၃)

၁၀။ **" သိတ္တာ တော လဟုမေဿတိ–၏ အဓိပ္ပါယ် "**

မဟာသမ္မုဒ္ဒရာဇ်၌ ရေပြည့်သောလှေမှ အပေါက်တို့ကို ပိတ်၍ ရေကိုခတ်ထုတ် သွန်ပစ်ခြင်းကြောင့် ပေါ့ပါးစွာ သမုဒ္ဒရာဇ်၌ မနစ်မြုပ်ပဲ လျင်မြန်စွာ ကောင်းသောဆိပ်ကမ်း သို့ ရောက်သကဲ့သို့ ဤအတူ သင်ရဟန်းအားလည်း မိစ္ဆာဝိတက်တည်းဟူသော ရေဖြင့်ပြည့်သော အတ္တဘောတည်းဟူသောလှေမှ စက္ခုဒ္ဒါရစသောအပေါက်တို့ကို ပိတ်ဆို့၍ မိစ္ဆာဝိတက်ရေကို ခတ်ထုတ်သွန်ပြီးသောကြောင့် ပေါ့ပါးစွာ သံသရာဝဋ်ဆင်းရဲ၌ မနစ်မြုပ်ပဲ လျင်မြန်စွာ နိဗ္ဗာန်သို့ ရောက်လတ္တံ့။ (ဓမ္မ။ဋ္ဌ။ ၂။ ၃၁၄)

" ကုတကရသေ့အား ဖွတ်မင်းပြောသောစကား "

"သင့်ကို ရဟန်းဟု အောက်မေ့မှတ်ထင်လျက် ဆည်းကပ်ကိုးကွယ်မိ၏ ဒုတ်နဲ့ ပေါက်မှ ရဟန်းမဟုတ်မှန်း သိလေ၏ "

"သင့်အား ဆီကျစ်, သစ်နက်ရေ, တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သင်၏ကိုယ်တွင်း သည် 'အဆိပ်ပြည့်သည့်ဟူး, မစင်ပြည့်သောတွင်း, မြွေဆိုးပြည့်သောတောင်ပို့မာ' ကိုလေသာ ထူထဲ ပြည့်ကြပ်၏၊ အပြစ်သောကိုယ်သည် 'ဆင်, မြင်းတို့၏မစင်တုံးပမာ' ပေပြစ်၏ " ဟု ဖွတ်မင်းက ပြော၏။ (ဓမ္မ။ဋ္ဌ။ ၂။ ၄၀၃ / ၄၀၄)

၁၄။ ပထမပြိန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်တောင်ပိုင်း)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃–၄–၂၀၀၇)အင်္ဂါနေ့

၁။ လူနတ်အများ မေတ္တာထားကာ ချစ်ခင်မြတ်နိုးလာအောင် နေထိုင်ပုံပြည့်စုံရမည့် အင်္ဂါ များပြ ဓမ္မပဒဂါထာကို ပါဠိသက်သက်ရေးသားပါ။

http://www.dhammadownload.com

၂။ သူ့အပြစ်ကိုသာ မြင်တတ်၍ ကိုယ့်အပြစ်ကို မမြင်တတ်သော အတ္တသမားတို့က ပြုမူဆောင်ရွက် ဖုံးဖိလေ့ရှိသော အမူအကျင့်များပြ ဂါထာတော်ကို အနက်ရေးသားပါ။

၃။ ဝတ္ထု၊ ကိလေ-နှစ်ထွေသော ကာမတို့ကြောင့် ဖြစ်လာသည့်အပြစ် ရလာဘ်များကို ဖော်ပြ၍၊ အထက်ဘဝသို့သာပင့်တင် တဏှာအလျဉ်, ဝဋ်အလျဉ်ရှိသော ပုဂ္ဂိုလ် (ဥဒ္ဒံသောတပုဂ္ဂိုလ်) များကိုလည်း ဖော်ပြပါ။

၄။ ပြုပြင်ခက်ခဲ ဆင်းရဲတစ်ပေါက်မှ မကျမထိရောက်နိုင်သော ပုဂ္ဂိုလ်ကို ရောဟိနီ ခတ္တိယကညာ ဝတ္ထုလာအတိုင်းဖြေဆို၍၊ (က) စာပေကျမ်းဂန် မန္တာန်၊ (ခ) အိမ်အဆောက်အဦ၊ (ဂ)ကိုယ်အဆင်း၊ (ဃ) စောင့်ရှောက်သူ-တို့၏ အညစ်အကြေးများကိုလည်း အသီးသီး ဖြေဆိုပါ။

၅။ ရှေ့ဖနောက်,တောင်-မြောက် ရောက်လေရာအရပ်တိုင်းဒွ် ကြည်ညိုလေးမြတ် ပူဇော်အပ်သော ပုဂ္ဂိုလ်များကို စိတ္တဂဟပတိဝတ္ထုလာအတိုင်း ဖော်ထုတ်၍ ၊ မည်သို့သော ပုဂ္ဂိုလ်သည် အဓိဝမ်းမှာ ထပ်ကာထပ်ကာ သန္ဓေတည်နေရသည်ကိုလည်း ဥပမာနှင့်တကွ အကြောင်းပြ ဖြေဆိုပါ။

၆။ မြတ်စွာဘုရားသခင်သည် မည်သည့်ပုဂ္ဂိုလ်သတ္တဝါကိုမှ ''ငါ့ဆရာ''ဟု မညွှန်ပြခြင်း အကြောင်းများကို ဥပကာဇီဝကဝတ္ထုလာအတိုင်း တင်ပြပါ။

၇။ ချစ်လှစွာသော သားတစ်ယောက် သေဆုံးမှုကြောင့် သောကပူဆွေးငိုကြွေးနေရရှာသော အညတရ ကုလိုမ္ဘိကတစ်ယောက်အတွက် သောကပြေဆေးတစ်ခွက်အနေဖြင့် ဗုဒ္ဓမြတ်စွာ မိန့်မှာဟောကြား တရားဒေသနာများကို ပြည့်စုံစွာတင်ပြပါ။

၈။ မြတ်ဗုဒ္ဓအား သုဘဒ္ဒပရိဗိုဇ် မေးလျှောက်သောပြဿနာသုံးရပ်ကို ဖြေဆို၍၊ ဂိဇ္ဈကုဋ်တောင် ပေါ်မှ ဆင်းသက်လာသော အရှင်မဟာမောဂ္ဂလ္လာန် မြင်တွေ့ခဲ့ရသော သူကရဲပြတ္တာဇ်၏ ကိုယ်ပမာဏနှင့် ပုံပန်းသဏ္ဌာန်တို့ကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com

၉။ ကပိလဝတ်းဏ်၏ ကိုယ်အဆင်းသည် ရွှေရောင်အဆင်းရှိရခြင်းအကြောင်းနှင့် ခံတွင်းပုပ်နံ့ထွက်ရခြင်းအကြောင်းတို့ကို ဖြေဆို၍၊ အာသဇေါကင်းကွာ အသက်(၇)နှစ်သာ ရှိကြသော သာမဏေကျော်တို့၏ အမည်တို့ကိုလည်း ဖြေဆိုခဲ့ပါ။

၁၀။ ဇောတိက–ဟု မှည့်ခေါ်ရခြင်းအကြောင်းကို ရေး၍၊ ယင်းဇောတိကသူဌေး၏ တံခါးမုခ်(၇)ခုတို့၌ စောင့်ရှောက်နေကြသော ဘီးလူး(၇)ဦးတို့၏ အမည်စာရင်းတို့ကိုလည်း တင်ပြခဲ့ပါ။

၁၄။ ရှမ်းပြည်နယ် တောင်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ မမွှေပဒဘာသာ

၁။ (ဂါထာ။ ၂၁၇)

၂။ (ဂါထာ။ ၂၅၂)

၃။ " ဝတ္ထု ကိလေ နှစ်ထွေသောကာမတို့ကြောင့် ဖြစ်ထာသည့်ရလာဘ် "
ဝတ္ထု ကိလေ နှစ်ထွေသောကာမတို့ကြောင့် စိုးရိမ်မှု, ကြောက်ရွံ့မှု များဖြစ်သည်။
(ဂါထာ။ ၂၁၅)

" ဥဒ္ဓံသောတပုဂ္ဂိုလ် " = (ပဲခူးတိုင်း နံပါတ် (၄) ရှု။) (ဂါထာ။ ၂၁၈)

၄။ " ဆင်းရဲတစ်ပေါက်မှ မကျမထိရောက်နိုင်သောပုဂ္ဂိုလ် "
(ကချင်ပြည်နယ် နံပါတ် (၃) ရှု။) (ဂါထာ။ ၂၂၁)
" က, ခ, ဂ, ဃ " = (ကရင်ပြည်နယ် နံပါတ် (၉) ရှု။) (ဂါထာ။ ၂၄၁)

၅။ " ရောက်လေရာအရပ်တိုင်း ကြည်ညိုလေးမြတ် ပူဇော်အပ်သော ပုဂ္ဂိုလ်များ "
(မွန်ပြည်နယ် နံပါတ် (၉) ရှု။) (ဂါထာ။ ၃၀၃)

http://www.dhammadownload.com

'' အဓိဝမ်းၨ် ထပ်ကာထပ်ကာ ပဋိသန္ဓေနေရသောပုဂ္ဂိုလ် ''

ဝိုက်မျဉ်းလေ့ရှိသူ (ထိန်ပိန္ဒအနိပ်စက်ခံရသူ) နှင့် အစားကြိုးသူတို့သည် အစာကျွေး၍ မွေးအပ်သော ဝက်ကြိုးကဲ့သို့ တလူးလူးလည်းလည်းအိပ်လေ့ရှိ၍ အနိစ္စစသောလက္ခဏာတို့ကို နှလုံးမသွင်းနိုင်သဖြင့် ညံ့ဖျင်းသောပညာရှိသည်၏အဖြစ်ကြောင့် အဓိဝမ်းၨ် ထပ်ကာထပ်ကာ ပဋိသန္ဓေနေရ၏။ (ဝိဏာ။ ၃၂၅)

၆။ **''မြတ်စွာဘုရားသည် မည်သည့်ပုဂ္ဂိုလ်ကိုမှ 'ဇ့်ဆရာ' တု မည္ဆန်ပြုရခြင်းအကြောင်း''**

မြတ်စွာဘုရားသည် အလုံးစုံသောတေဘူမကတရားကို နိဗ္ဗန်းၨ၍
အလုံးစုံသောစတုဘူမကတရားကို သိ၏
အလုံးစုံသော တေဘူမကတရားတို့၌ ကပ်ငြိတွယ်တာခြင်း မရှိ၊
အလုံးစုံသော တေဘူမကတရားတို့ကို စွန့်လွှတ်လျက် တည်၏၊
တဏှာကုန်ခန်းရာအရဟတ္တဖိုလ်၌ ကိလေသာမှလွတ်၏၊
ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၏
ထိုသို့သောအကြောင်းများကြောင့် မည်သည့်ပုဂ္ဂိုလ်ကိုမှ 'ဇ့်ဆရာ' ဟု မည္ဆန်ပြုရပါ။ (ဝိဏာ။ ၃၅၃)

၇။ **'' သောကဖြေဆေး တရားဒေသနာ ''**

ဥပါသကာ မစိုးရိမ်လင့်၊ ဤသေခြင်းတရားသည် တစ်နေရာတည်းၨ၌သာ, တစ်ယောက် တည်းၨ၌သာ ဖြစ်သည်မဟုတ်၊ ဘဝဖြစ်နေသမျှ သတ္တဝါတိုင်း သေမည်သာဖြစ်၏၊ တစ်စုံတစ်ခု သောသဒိသမျှ မြဲသည်မရှိ၊ ထိုသို့ မမြဲသောကြောင့် 'သေတတ်သော သဘောတရားသည် သေ၏၊ ပျံက်တတ်သောသဘောတရားသည် ပျက်၏၊' ဟု သင့်တင့်သောအားဖြင့် ထင်ရှားသိမြင်အောင် ဆင်ခြင်အပ်၏။ မစိုးရိမ်အပ်။

(ဗမွ။ဋ္ဌ။ ၂။ ၁၃၀)

၈။ **'' သုဘဒ္ဒ၏ ပြဿနာ (၃) ရပ် ''**

– ကောင်းကင်၌ ခြေရာမည်သည် ရှိကောင်းပါအံ့လော့၊

http://www.dhammadownload.com

– အရှင်ဘုရား၏ သာသနာတော်မှအပ ရဟန်းမည်သည် ရှိကောင်းပါအံ့လော့၊
– မြသောသခါရတို့မည်သည် ရှိပါကုန်အံ့လော့၊ (ဓမ္မ။ဋ္ဌ။၂။ ၂၄၀)
" သူကရပြိတ္တာ" = (ပဲခူးတိုင်း နံပါတ် (၉) ရှု။) (ဓမ္မ။ ဋ္ဌ။ ၂။ ၂၅၈)

၉။ " ကဝိလင်းကြီး၏ ဌေအဆင်းရှိရခြင်းအကြောင်း နှင့်
ခံတွင်းမှ အပုပ်နံ့ထွက်ခြင်း အကြောင်း "
(စစ်ကိုင်းတိုင်း နံပါတ် (၇) ရှု။) (ဓမ္မ။ ဋ္ဌ။ ၂။ ၃၂၉)

" အသက် (၇) နှစ်သာရှိကြသော ရဟန္တာသာမဏေကျော်များ "
သံကိစ္စသာမဏော၊ ပဏ္ဍိတသာမဏော၊ သောပါကသာမဏော၊ ရေဝတသာမဏော။
(ဓမ္မ။ ဋ္ဌ။ ၂။ ၄၁၆)

၁၀။ "ဇောတိက တု မှည့်ခေါ်ရကြောင်း"(မွန်ပြည်နယ် နံပါတ် (၁၀)ရှု။) (ဓမ္မ။ဋ္ဌ။၂။ ၄၃၆)
"ဇောတိကသူဌေးဏ် တံခါးမုခ် (၇) ခုရှိ ဘီလူး (၇) ဦး "
ပထမတံခါးမုခ်၌ = ယမကောင်္ဂိ (ယမကစောင်္ဂိ) မည်သောဘီလူး၊
ဒုတိယတံခါးမုခ်၌ = ဥပ္ပလမည်သောဘီလူး၊
တတိယတံခါးမုခ်၌ = ဝဇိရမည်သောဘီလူး၊
စတုတ္ထတံခါးမုခ်၌ = ဝဇိရဟတ္ထမည်သောဘီလူး၊
ပဉ္စမတံခါးမုခ်၌ = ကသကန္ဒ (သကဋ္ဌ) မည်သောဘီလူး၊
ဆဋ္ဌတံခါးမုခ်၌ = ကဋ္ဌတ္ထ (သကဋ္ဌတ္ထ)မည်သောဘီလူး၊
သတ္တမတံခါးမုခ်၌ = ဒိသာမုခမည်သောဘီလူး၊ (ဓမ္မ။ ဋ္ဌ။ ၂။ ၄၃၇)

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်မြောက်ပိုင်း)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၂)ရက်၊ (၃–၄–၂၀၀၇)အင်္ဂါနေ့

၁။ ဖော်ပြပါ ဂါထာတို့ကို ပါဠိသက်သက်ရေးပြပါ–
(က) သုခဝဂ်လာ "မရှိလေးပါး"ပြ ဂါထာ၊ (ခ) မလဝဂ်လာ "မရှိလေးပါး"ပြဂါထာများ၊

http://www.dhammadownload.com

၂။ အများကြားပူးနေကြသော ဥပက မဆာဝါဇာတ်လမ်းတွင် ပါဝင်သော ဥပကတက္ကတွန်း ကို အကြောင်းပြု၍ မြတ်စွာဘုရားဟောကြားအပ်သော ဂါထာပါဠိကို နိဿယမှန်ကန်စွာ ရေးပြခဲ့ပါ။

၃။ ချစ်ခြင်း, မုန်းခြင်းနှင့် မကင်းနိုင်သောလူတို့အတွက် ချစ်သူ, မုန်းသူတို့နှင့် မပေါင်းသင်း သင့် ကြောင်းကို ပါဠိတော်လာအတိုင်းရေးပြ၍ သုံးဆယ့်တစ်ဘုံတွင် ''အကနိဋ္ဌဘုံသို့ သွားမည့် ပုဂ္ဂိုလ်မျိုး''ကိုလည်း ပါဠိတော်လာအတိုင်း ရေးသားခဲ့ပါ။

၄။ ဒေဝသဒေါတရား နေ့စဉ်တိုးပွားသော ရဟန်းများကို ဖော်ပြ၍ မလွှာမင်းတို့၏ ကုသိနာရုံ အပ်ကြင်းပင်စုံ ရဂုံဥယျာဉ်ဝယ် ပရိနိဗ္ဗာန်ဝင်စံခါနီး ဘုရားရှင်အား သုဘဒ္ဒပရိဗ္ဗိုဇ် မေးအပ်သော ပြဿနာသုံးရပ်ကို ရေးသားတင်ပြခဲ့ပါ။

၅။ ဝိနိစ္ဆယ တရားခွင်နှင့်စပ်လျဉ်း၍ မွေဠဝဂ်လာ (က) တရား၌ မတည်သောသူ၊(ခ)တရား၌ တည်သောသူတို့ကို ပါဠိတော်လာအတိုင်း မှန်ကန်စွာရေးပြပါ။

၆။ အောက်ဖော်ပြပါတို့ကို အသီးသီး ဖြေဆိုပါ-

(က) အကောင်းဆုံးအလှူ (ခ) အကောင်းဆုံးအရသာ၊

(ဂ) အကောင်းဆုံးပျော်ရွှင်မှု၊ (ဃ) လယ်တို့၏အပြစ်၊

(င) သတ္တဝါတို့၏အပြစ်။

၇။ အရေပြားရောဂါဖြစ်နေရာသော မင်းသမီး၏အမည်နှင့် ယင်းမင်းသမီးရအပ်သော တရား ထူး, ကွယ်လွန်သည့်အခါ ရောက်ရှိသည့်ဘုံဘဝတို့ကို ညွှန်ပြ၍ ဆင်းရဲသား မောင်ပုဏ္ဏား နေထိုင်သော မြို့နာမည်နှင့် ၎င်း၏ အလုပ်ရှင် သူဌေးနာမည်ကိုလည်း တိကျစွာ ညွှန်ပြပါ။

၈။ ''ပါထေယျဖြိ ဂ တေ နု ဝိဇ္ဇတိ''၌ ပါထေယျ-အရကို ဥပမာ ဥပမေယျအားလျော်စွာ ခွဲခြားကောက်ပြ၍ အဘယ့်ကြောင့် ''မလံ ဝဏ္ဏဿ ကောသဇ္ဇံ''ဟု မြတ်စွာဘုရားဟော တော်မူပါသနည်း အဋ္ဌကထာဆရာအလိုကျ ဖြေဆိုပြပါ။

http://www.dhammadownload.com

၉။ သံဝေဂဉာဏ်ရရှိစေရန် ရည်သန်လျက် ပေါ်ဦးလထေရ်အား ဘုရားရှင်မိန့်တော်မူအပ်သော စကားရပ်ကို ဖော်ပြ၍ အရှင်သာရိပုတ္တရာမထေရ်သည် ရွှေပန်းတိမ်သား ရဟန်းတော်အား အဘယ်အကျိုးငှာ အဘယ်ကမ္မဋ္ဌာန်းကို ပေးဆပန်း ရေးသားခဲ့ပါ။

၁၀။ အနာထပိဏ်သူဌေးဖြစ်တူဖြစ်သော ခေမကသူဌေးသား၏ ကောင်းမှုနှင့် တောင်းဆုကို သိသာအောင် ခွဲခြားပြေဆို၍ "ခဏော ဇေါ မာ ဥပစ္စဂါ"ဌ ခဏ-သရုပ်ကိုလည်းပြည့်စုံအောင် ကောက်နုတ်တင်ပြခဲ့ပါ။

၁၅။ ရွှမ်းပြည်နယ် မြောက်ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ။ ၂၀၂။ (ခ) ဂါထာ။ ၂၅၁။

၂။ (ဂါထာ။ ၃၅၃)

၃။ "ချစ်သူမုန်းသူတို့နှင့် မပေါင်းသင်းသင့်ကြောင်း"

ချစ်သူကို မမြင်ရလျှင် ဆင်းရဲရ၏၊ မုန်းသူကို မြင်ရလျှင်လည်း ဆင်းရဲရ၏၊ ထို့ကြောင့် ချစ်သူမုန်းသူတို့နှင့် မပေါင်းသင်းသင့်၊ ချစ်ခြင်းကို မပြုနှင့်၊ ချစ်သောသူတို့နှင့် ကွေကွင်းရခြင်း သည်မကောင်း၊ ချစ်ခြင်း မုန်းခြင်းမရှိသူတို့အား အနှောင်အဖွဲ့ မရှိ။

(ဂါထာ။ ၂၁၀ / ၂၁၁)

"အကာနိဋ္ဌဘုံသို့ သွားမည့်ပုဂ္ဂိုလ် (ဥဒ္ဓံသောတပုဂ္ဂိုလ်)"

(ပဲခူးတိုင်း နံပါတ် (၄) ရှု။) (ဂါထာ။ ၂၁၅)

၄။ "အာသဝေါတရား နေ့စဉ်တိုးပွါးသောရဟန်းမျိုး"

(စစ်ကိုင်းတိုင်း နံပါတ် (၅) ရှု။) (ဂါထာ။ ၂၄၂)

http://www.dhammadownload.com

" သုဘဒ္ဒပရိဗိုဇ်မေးအပ်သော ပြဿနာ (၃) ရပ် "
(ရှမ်းပြည်နယ်တောင်ပိုင်း နံပါတ် (၈) ရှု။) (ဓမ္မ။ဋ္ဌ။၂။ ၂၄၀)

၅။ " (က) တရား၌ မတည်သောသူ/ (ခ) တရား၌ တည်သောသူ "
(တနင်္သာရီတိုင်း နံပါတ် (၅) ရှု။) (ဝိဏ။ ၂၅၆ / ၂၅၇)

၆။ (တ) အကောင်းဆုံးအလှူ = တရားအလှူ။
(ခ) အကောင်းဆုံးအရသာ = တရားအရသာ။
(ဂ) အကောင်းဆုံးပျော်ရွှင်မှု = တရားဖြင့် ပျော်ရွှင်မှု။ (ဝိဏ။ ၃၅၄)
(ဃ) လယ်တို့၏အပြစ် = မြက်ပေါင်း၊
(င) သတ္တဝါတို့၏အပြစ် = ရာဂ၊ ဒေါသ၊ မောဟ၊ အလိုရမ်းကာ။ (ဝိဏ။ ၃၅၆ မှ ၃၅၉)

၇။ အရေပြားရောဂါဖြစ်နေရှာသောမင်းသမီး၏အမည် = ရောဟိနီမင်းသမီး။
ယင်းမင်းသမီးရအပ်သောတရားထူး = သောတာပတ္တိဖိုလ်၊
ကွယ်လွန်သည့်အခါ ရောက်ရှိသည့်ဘုံ = တာဝတိံသာဘုံ။ (ဓမ္မ။ဋ္ဌ။၂။ ၁၉၄)
ဆင်းရဲသား မောင်ပုဏ္ဏ နေထိုင်သောမြို့အမည် = ရာဇဂြိုလ်မြို့။
ငှင်း၏ အလုပ်ရှင်သူဌေးနာမည် = သုမနသူဌေး။ (ဓမ္မ။ဋ္ဌ။၂။ ၁၉၆)

၈။ " ပါထေယျပို့ စ ဓတ နံ ဝိဇ္ဇတိ_ ၌ ပါထေယျ အရ "
ဥပမာ = ခရီးသွားသော်သူအား ဆန် ဆီ စသော ရိက္ခာ ရဏ်။
ဥပမေယျ = တမလွန်လောကသို့ သွားသူအား ကုသိုလ်ကောင်းမှု ရဏ်။
(ဓမ္မ။ဋ္ဌ။၂။ ၂၁၅)

" မလံ ဝဏ္ဏသ ကောသဇ္ဇံ "

လူဖြစ်စေ, ရဟန်းဖြစ်စေ ပျင်းရိခြင်းကြောင့် ကိုယ်လက်သုတ်သင်ခြင်းကိုလည်းကောင်း, ပရိက္ခရာကိုသုတ်သင်ခြင်းကိုလည်းကောင်း မပြုလုပ်သောသူ၏ ကိုယ်သည် အဆင်း မလှသောကြောင့် " မလံ ဝဏ္ဏသ ကောသဇ္ဇံ " ဟု မြတ်စွာဘုရား ဟောတော်မူပါသည်။ (ဓမ္မ။ဋ္ဌ။၂။ ၂၂၂)

http://www.dhammadownload.com

၉။ " ပေါင်္ခဲလမထေရ်အား ဘုရားရှင် မိန့်တော်မူအပ်သောစကားရပ် "
"ဇဟိ တုဋ္ဌ ပေါင်္ခဲလ၊ ဝန္ဒ တုဋ္ဌ ပေါင်္ခဲလ၊ နိသိဒ တုဋ္ဌ ပေါင်္ခဲလ၊ ယာဟိ တုဋ္ဌ ပေါင်္ခဲလ၊"
" အချိုးနိုးသောပေါင်္ခဲလ လာလော့၊ အချိုးနိုးသောပေါင်္ခဲလ ရှိခိုးလော့၊ အချိုးနိုးသော ပေါင်္ခဲလ ထိုင်လော့၊ အချိုးနိုးသောပေါင်္ခဲလ သွားလော့၊" ဟု မိန့်တော်မူပါသည်။
(ဓမ္မပဒ။ဋ္ဌ။၂။ ၂၆၂)

"အရှင်သာရိပုတ္တရာမထေရ်သည် ရွှေပန်းတိမ်သည်သား ရတနာတော်အား"
'ပျိုသောသူတို့အား ရာဂဖြစ်တတ်၏' ဟု ကြံတော်မူ၍ ရာဂကို ပယ်ဖျောက်ခြင်း အကျိုးငှါ အသုဘကမ္မဋ္ဌာန်းကို ပေးတော်မူပါသည်။ (ဓမ္မပဒ။ဋ္ဌ။၂။ ၂၆၆)

၁၀။ " ဧရမကသူဌေးသား၏ ကောင်းမှု "
ဧရမကသူဌေးသားသည် ကဿပမြတ်စွာဘုရားလက်ထက် ထူးချွန်သောလက်ဝှေ့သမားဖြစ်စဉ် ရွှေတံခွန်နှစ်ခုကို မြတ်စွာဘုရား၏ ရွှေစေတီ၌ တင်လှူပူဇော်ခဲ့ပါသည်။
" တောင်းဆု "
"ဆွမျိုးသားချင်းမှတပါး ကြွင်းသောမိန်းမတို့သည် ကျွန်ုပ်ကိုမြင်လျှင် စွဲလမ်းတပ်မက်စေကုန်သတည်း" ဟု ဆုတောင်းခဲ့ပါသည်။ (ဓမ္မပဒ။ဋ္ဌ။၂။ ၃၀၁)
" ခဏသရုပ် " = (ကယားပြည်နယ် နံပါတ် (၇) ရှု။)(ဓမ္မပဒ။ဋ္ဌ။၂။ ၃၀၄)

၁၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်အဂ္ဂမှူးဌာန)
ပထမကြိုးတန်း။ ။ ဓမ္မပဒဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁–ရက်(၂–၄–၂၀၀၇)တနင်္လာနေ့။

၁။ "ထောင်မြင်ရာစွန်" ဟူသောဆိုရိုးစကား၏ မြစ်ဖျားခံရာ အတ္တနောပုဗ္ဗကမ္မဝတ္ထုလာ ဂါထာကို ပါဠိရေးပါ။

၂။ ကုသိနာရုံ မလ္လာမင်းတို့၏အင်ကြင်းဥယျာဉ်ယ ပရိနိဗ္ဗာန်စံမည့် ညောင်စောင်းထက်၌ လျောင်းလျက် မြတ်ဗုဒ္ဓဟောကြာတော်မူခဲ့သော ဒုတိယဂါထာကို အနက်ပေးပါ။

http://www.dhammadownload.com

၃။ လူ့ပတ်ဝန်းကျင်တွင် ပေါင်းသင်းဆက်ဆံရေးနှင့်စပ်လျဉ်း၍ လူမိုက်နှင့်ပေါင်းသင်းသဖြင့် ရရှိသောအကျိုးတရား၊ ပညာရှိနှင့်ပေါင်းသင်းသဖြင့် ရရှိသောအကျိုးတရားတို့ကို မြတ်ဗုဒ္ဓ သည် မည်သို့ ညွှန်ပြပါသနည်း ပါဠိတော်လာအတိုင်း ဖြေဆိုပါ။

၄။ လူဘောင်လောကၥ် တင့်တယ်စွာနေထိုင်ရန် ပတ်ဝန်းကျင်ဆိုးကို မည်ကဲ့သို့တွန်းလှန် အနိုင်ယူမည်နည်း ဖော်ပြ၍၊ နတ်ဗြဟ္မာများ ချီးမွမ်းသောပုဂ္ဂိုလ်ကိုလည်း တိကျစွာ ဖြေဆိုပါ။

၅။ အနတ္တလက္ခဏဝတ္ထုလာ ကိလေသာစင်ကြယ်ခြင်း၏ အကြောင်းကိုရေး၍၊ အသိဉာဏ် ပညာတိုးပွားခြင်း, ဆုတ်ယုတ်ခြင်းအကြောင်းတို့ကိုလည်း ဖြေဆိုပါ။

၆။ တိတ္ထိယသာဝကဝတ္ထု၌ ဒုဂ္ဂတိဘာဝရောက်ကြောင်းတရားနှစ်မျိုးကို ဖော်ပြ၍၊ မာရဝတ္ထု၌ ပတ်ဝန်းကျင် ငြိမ်းချမ်းအောင်(သို့မဟုတ်) သတ္တဝါများချမ်းသာစွာ နေထိုင်နိုင်ရန် မြတ်ဗုဒ္ဓမည်ကဲ့သို့ဟောကြားခဲ့ပါသနည်း ပါဠိတော်လာအတိုင်းရေးသားဖြေဆိုခဲ့ပါ။

၇။ တိဿဘဏ္ဍာရဝတ္ထုကို မှီ၍ တရားအားထုတ်လိုသူများ လိုက်နာပြုကျင့်ဖွယ်ဖြစ်အောင် ဆွေးနွေးတင်ပြပါ။

၈။ ဗန္ဓနာဂါရဝတ္ထုတွင် ခိုင်မြဲသော အနှောင်အဖွဲ့၊ မခိုမြဲသောအနှောင်အဖွဲ့တို့ကို ဖော်ပြ၍၊ ''သူခိုးဓားရိုးကမ်း ငါးစိမ်းပြင် ငါးကင်ပစ်'' ဟူသောစကားရပ်၏ အဓိပ္ပါယ်တို့ကိုလည်း အဋ္ဌကထာအလိုကျ ရှင်းလင်းပြပါ။

၉။ ''သိပ္ပဉ္စ ဘိက္ခု ဣမံ နာဝံ၊ သိတ္ထာ တေ လဟုမေဿတိ'' ဟူသော ဒေသနာတော်၏ သဘောသွားကို အဋ္ဌကထာအလိုကျ ရှင်းလင်းတင်ပြပါ။

၁၀။ ဗြာဟ္မဏဝဂ် မဟာပဇာပတိဂေါတမီဝတ္ထု၌ ဂရုမွေတရားရှစ်ပါးကိုလည်း အဋ္ဌကထာလာ အတိုင်း အပိုအလိုမရှိ ရေးသားဖြေဆိုပါ။

http://www.dhammadownload.com

၁၆။ ရှမ်းပြည်နယ် အရှေ့ပိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ဂါထာ။ ၂၅၅)

၃။ **“ လူပိုက်နှင့်ပေါင်းသင်းသဖြင့် ရရှိလောအကျိုးတရား ”**

သူပိုက်နှင့် ပေါင်းသင်း၍လှည့်လည်သောသူသည် ရှည်မြင့်စွာသောကာလပတ်လုံး စိုးရိမ်ရ၏၊ လူပိုက်နှင့် ပေါင်းသင်းသောသူသည်, ရန်သူနှင့်ပေါင်းသင်းရသကဲ့သို့ အဘါ ခပ်သိမ်းဆင်းရဲရ၏၊

“ ပညာရှိနှင့်ပေါင်းသင်းသဖြင့် ရရှိသောအကျိုးတရား ”

ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွနေရသကဲ့သို့ ချမ်းသာ၏။

(ဂါထာ။ ၂၀၈)

၄။ **လူ့ဘောင်လောကၠ တင့်တယ်စွာ နေနိုင်ရန်–**

အမျက်ထွက်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်) အနိုင်ယူရမည်။
မကောင်းသောသဘောရှိသူကို ကောင်းသောသဘောဖြင့် အနိုင်ယူရမည်။
နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အနိုင်ယူရမည်။
မဟုတ်မမှန်ပြောသောသူကို မှန်သောစကားဖြင် အနိုင်ယူရမည်။ (ဂါထာ။ ၂၂၃)

“ နတ် မြတ္တာများ ချီးမွမ်းသောပုဂ္ဂိုလ် ”

မကျိုးမပြတ်သောအကျင့်ရှိ၍ ဓမ္မောဇပညာနှင့်ပြည့်စုံပြီး ပညာဂုဏ်, သီလဂုဏ်, သမာဓိဂုဏ် ရှိထသောကြောင့် ပညာရှိတို့ချီးမွမ်းခံရ၍ ဇမ္ဗူရောဇ်ရွာ၏ နိကွနှင့် တူသောဖုဂ္ဂိုလ်ကို နတ် မြတ္တာများ ချီးမွမ်းကြပါသည်။ (ဂါထာ။ ၂၂၉ / ၂၃၀)

http://www.dhammadownload.com

၅။ " ကိလေသာစင်ကြယ်ခြင်း၏အကြောင်း "

အလုံးစုံသောသဘောတရားတို့သည် အနတ္တ(အတ္တမဟုတ်) ဟု ဝိပဿနာပညာဖြင့် ရှုမြင်သောအခါ ခန္ဓာလွယ်ရခြင်းငှက္ခ၌ ငြီးငွေ့လာ၏၊ ဤငြီးငွေ့ခြင်း သည် ကိလေသာစင်ကြယ်ခြင်း၏ အကြောင်းတည်း။ (ဝိဘင်္ဂ။ ၂၇၇)

" အသိဉာဏ်ပညာ တိုးပွါးခြင်း ဆုတ်ယုတ်ခြင်းအကြောင်း "

(ပဲခူးတိုင်း အနောက်ပိုင်း နံပါတ် (၃) ရှု။)

၆။ " ဒုက္ခတိရောက်ကြောင်းတရား (၂) မျိုး "

အပြစ်မရှိသောသမ္မာဒိဋ္ဌိကို အပြစ်ဟုအယူရှိခြင်း၊

အပြစ်ရှိသောမိစ္ဆာအယူကို အပြစ်မရှိဟု အယူရှိခြင်း။ (ဝိဘင်္ဂ။ ၃၁၈)

"**မာရဝတ္ထု အဖြေ**" = နာဂဝင်္ကလာ မာရဝတ္ထု (ဝိဘင် ၃၇၁/၃၇၂/၃၇၃) ကို မြန်မာပြန်ရေးပါ။

၇။ " တိဿမထေရ်တ္ထု တရားအားထုတ်သူများ လိုက်နာပြုကျင့်ဖွယ် "

တိဿမထေရ်သည် " မြတ်စွာဘုရားသည် လေးလလွန်သောအခါ ပရိနိဗ္ဗာန်ပြုလတံ့၊ ဤသည်လည်း ရာဂမကင်းသေး၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ပင် ဤသည် အရဟတ္တ ဖိုလ်ကို ယူခြင်းငှါ သင့်၏" ဟု ကြံစည်၍ ဂုဟိယာပုဒ်လေးပါးတို့၌ တစ်ယောက်တည်းသာလျှင် တရားအားထုတ် နေ၏၊ ရဟန်းတို့၏အထံသို့သွားခြင်း သည်လည်းကောင်း တစ်စုံတစ်ယောက် သောရဟန်းနှင့် စကားပြောဆိုခြင်း သည်လည်းကောင်း မရှိ။

ရဟန်းတို့သည် တိဿမထေရ်ကို အပြစ်တင်၍ မြတ်စွာဘုရားကို လျှောက်ထားသောအခါ မြတ်စွာဘုရားက-

" ချစ်သားရဟန်းတို့ ဤဘုရား၌ ချစ်ခင်မြတ်နိုးသောသူသည် တိဿရဟန်းနှင့်တူသည် သာလျှင် ဖြစ်စေလော့၊ ဤဘုရား၌ ပန်းနုံသာစသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုပါသော်လည်း စင်စစ် ပူဇော်သည် မမည်၊ လောကုတ္တရာတရားကိုးပါးအား လျော်သော အကျင့်မြတ်ကို ကျင့်သော သူသည်သာလျှင် ဤဘုရားကို ပူဇော်သည်မည်၏" ဟုမိန့်ကြား တော်မူပါသည်။ (ဓမ္မ။ဋ္ဌ။ ၂။ ၁၇၄)

http://www.dhammadownload.com

၈။ ‘‘ ခိုင်မြဲသော အနှောင်အဖွဲ့ ’’

ပတ္တမြား, နားတောင်းစသောရတနာ, သား, သမီး, ဇနီးတို့၌ အလွန်တပ်နှစ်သက်အပ်သော တဏှာစသောကိလေသာတို့ဖြင့် ပြီးသော အနှောင်အဖွဲ့သည် အပါယ်လေးပါးသို့ ကျစေတတ်သောကြောင့်လည်းကောင်း၊ ဖွဲမှုန်းမသိ လျော့ဟန်ရှိလျက် အလွန်ခိုင်ခံ၍ လွတ်မြောက်ရန်ခဲယဉ်းသောကြောင့်လည်းကောင်း ‘ ခိုင်မြဲသောအနှောင်အဖွဲ့ ’ ဖြစ်ပါသည်။

‘‘ မခိုင်မြဲသောအနှောင်အဖွဲ့ ’’

သံဖြင့်ပြုသောသံခြေချင်း၊ သစ်သားဖြင့်ပြုသောထိပ်တုံး၊ မြက်လျော်ဖြင့်ပြုသောကြိုးစသောအနှောင်အဖွဲ့တို့သည် သန်လျက်, သံဖြတ်လွှ စသည်တို့ဖြင့် ဖြတ်လျှင် ပြတ်နိုင်သော ကြောင့် ‘ မခိုင်မြဲသောအနှောင်အဖွဲ့ ’ ဖြစ်ပါသည်။ (ဂါထာ။ ၃၄၅ / ၃၄၆)

‘‘ သူခိုး ဓားရိုးကမ်း ’’

စူဠဓနုဂ္ဂဟာပဏ္ဍိတသည် တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ၌ အတတ်သင်ယူပြီး ဒိသာပါမောက္ခဆရာကြီးက နှစ်သက်သဖြင့်ပေးအပ်သော သမီးကို ဇေါ်ဆောင်ကာ ဗာရာဏသီသို့ပြန်စဉ် တောအုပ်တစ်ခုအတွင်း၌ ခိုးသားတို့ဖြင့်တွေ့၍ ခိုးသားငယ်တို့အား မြှားဖြင့် ပစ်သတ်၍ နောက်ဆုံးခိုးသူကြီးကိုဖမ်းယူလုံးထွေးသတ်ပုတ်ကာမြေ၌ ကျစေ၍ မယားအား ‘ နမ သန်လျက်ကို ပေးပါ’ ဟုတောင်းသည်ရှိသော် မယားသည် ထိုခဏ၌ တွေ့မြင်သောခိုးသူကြီး ၌ ချစ်ခင်နှစ်သက်၍ ခိုးသူလက်၌ သန်လျက်ရိုးကို ထား၍ လင်ယောကျ်ားဘက်၌ အသွားထားကာ ပေးလေ၏။

သူခိုးသည် စူဠဓနုဂ္ဂဟာကိုသတ်ကာ ထိုမိန်းမကိုယူလျက် သွား၍ ‘ ဤမိန်းမသည် မိမိလင်ကိုသတ်သကဲ့သို့ ငါ့ကိုလည်း သတ်ရာ၏’ ဟု မြစ်တစ်ဘက်ကမ်း၌ ထိုမိန်းမကို ထားခဲ့ကာ ပြေးလေ၏။

‘‘ ငါးစိမ်းမြင် ငါးကင်ပစ် ’’

ထိုမိန်းမ၏ဖြစ်ပုံကိုမြင်သော သိကြားမင်းသည် မြေခွေးယောင်ဆောင်၍ မာတလိသည် ငါးယောင်, ပဉ္စသီခနတ်သားသည် ငှက်ယောင်ဆောင်ကာ မြေခွေးသည်အမဲတုံးကိုချီလျက် ထိုမိန်းမ၏ ရှေ့သို့လာ၏။ ငါးသည်ခုန်တက်၍ မြေခွေးရှေ့ ၌ ကျ၏၊ မြေခွေးသည် ပါးစပ်ထဲမှ အမဲတုံးကိုချကာ ငါးကိုဖမ်းယူရန်သွား၏၊ ငါးသည်ခုန်တက်၍

http://www.dhammadownload.com

ရွှေ့ ပြန်ကျ၏။ ဂုက်သည် အမဲတုံးကို ထိုးယူ၍ ကောင်းကင်သို့ပြန်တက်၏။ ပြေးသွေးသည် အမဲ ၈း နှစ်ခုလုံးကို ဆုံးရှုံးလေ၏။ (ဓမ္မပဒဋ္ဌ။ ၂။ ဥဂ္ဂပိ။ ထဏ္ဍာဒိ၊ ဗ္ဗူဓနဋ္ဌဖဝတ္ထု)

၉။ " သိဠ္ဌ ထိက္ခ္ဂ္ဂ ဏ္ဍမံ နာဝံ၊ သိတ္တာ တေ လတုမေဿတိ "
(ရတိုင်ပြည်နယ် နံပါတ် (၁၀) ရှု။)

၁၀။ " ဂရုဓမ္မ ရှစ်ပါး "

ဇါတစ်ရာကြီးသော ရဟန်းမိန်းမသည် ယနေ့ ပဉ္စင်းအဖြစ်သို့ရောက်သော ရဟန်းယောကျ်ားအား အရိုအသေရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်းစသော အရိုအသေ အမှုကို ပြုအပ်၏။

ရဟန်းမိန်းမသည် ရဟန်းယောကျ်ား အနီးမရှိသောကျောင်း၌ ဇါမဆိုအပ်။

တစ်လ၏ထက်ဝက် ပက္ခတိုင်း ပက္ခတိုင်း ရဟန်းမိန်းမသည် ရဟန်းယောကျ်ားထံမှ ဥပုသ်ကို မေးလျောက်ခြင်း၊ အဆုံးအမခံယူခြင်းငှါ ကပ်ရောက်ခြင်း၊ ဤနှစ်ပါးတို့ကို အဖန် တလဲလဲ တောင့်တအပ်ကုန်၏။

၇။ စိဝံရံ ပိဏ္ဍပါတဉ္စ ပစ္စယံ သယနာသနံ အဒါသိ-၌ စိဝရပိဏ္ဍပါတ ပစ္စယ သယနာသနာနိ ဟု ဒွန်သမာသ်မဖြစ်ရခြင်းအကြောင်းကို ဖော်ပြ၍၊ မာယူနမာဂမောဌာနေ-သုတ်ဖြင့် ဧ သြဝုဒ္ဓိလာရာဌာနတို့ကိုလည်း အကြောင်းပြ၍ ဖော်ပြပါ။

၈။ ဂဿာဒိ[illegible]နေ မေကာသ္မာနံ ဒွေဘာဝေါ-သုတ်၌ ကွစိသဒ္ဒါ၏ အနက်ကို ဖော်ပြ၍၊ ထိုကွစိသဒ္ဒါဖြင့် သပ်ယှက်ပြပုံကိုလည်း ရူပသိဒ္ဓိဆရာအလိုက္ခ ရှင်းပြပါ။

http://www.dhammadownload.com

၉။ ဏ-စသော ကိတ်ပစ္စည်းများဖြစ်ရာကာရကကို ဖော်ပြ၍၊ သက်ရာကာလကိုလည်း အကြောင်းသွင်း၍ ရူပသိဒ္ဓိဆရာအလိုကျ ရှင်းပြပါ။

၁၀။ (က) ဒွိကမ္မကာတ်၊ (ခ) ဟေတုကမ္မသာဓနတို့၏ သဘောသွားကို ပုဒ်စစ်ကျမ်းလာ အတိုင်း ဖြေဆိုပြပါ။

၉။ မကွေးတိုင်း (အဖြေ)

ပထမကြီးတန်း ။ ကစ္စည်းသဒ္ဒါကြီးဘာသာ

၁။ (က) ဘဗွေ ဣက-နှင့်(ခ) ဟနသ ဃာတော-သုတ်ဆိုင်ရာတို့ကို ရေးလေ။

၂။ (က) ယသ(ဘဂဝတော)-အကြင်မြတ်စွာဘုရား၏၊ သုဝဏ္ဏဝဏ္ဏော ဝိယ-ရွှေအဆင်း ကဲ့သို့သော၊ ဝဏ္ဏော-အဆင်းတော်သည်၊ အတ္ထိ-ရှိ၏၊ ဣတိ-ထို့ကြောင့်၊ သောယံ-ထို မြတ်စွာဘုရားသည်၊ သုဝဏ္ဏဝဏ္ဏော-သုဝဏ္ဏဝဏ္ဏမည်၏။

(ခ) မဂ္ဂရိကော-တင်းပုတ်လက်နက်ရှိသူ၊

(ဂ) သံအတ္တာနံ-မိမိကိုယ်ကို၊ ခနတိ-တူးဖြိုးတတ်၏။ ဂါ-တစ်နည်းကား၊ သံသုဒ္ဓ-ကောင်းစွာ၊ ခနတိ-တူးဖြိုတတ်၏၊ ဣတိတသ္မာ-ကြောင့်၊ သခီါ-သခီမည်၏။

(ဃ) ဓမ္မံ-တရားကို၊ သုတ္တာန-နာခြင်းကြောင့်၊ အသာ-ထိုသူအား/၏၊ စတံ-ဤအကြောင်းသည်၊ အတောသိ-ဖြစ်ပြီ။

(င) ဇတောန-ဤပန်းဆိုင်းဖြင့်၊ သတ္တော-သတ္တဂါတို့ကို၊ အဝခဏ္ဍန္တိ နိဂါရေန္တိ-တားမြစ်ကုန်၏၊ ဣတိတသ္မာ-ထို့ကြောင့်၊ ဒါမော-ပန်းဆိုင်းမည်၏။

၃။ နာမ်ရုပ်

ဂစ္ဆတိ-ကို ဂစ္ဆန္တာည်၊ သို့-သက်၊ သေသေသု ဆ္ဘ ၂-ဖြင့် ဆ္ဘ-ကို ဆ ၃၊ ,တောတိတာသသို့နာသု-ဖြင့် ဆ္ဘ၂-ကို ဝိဘတ်နှင့်တကွ တိ-ပြု၊ ဂစ္ဆတိ ပြီး၏။

အာချာတ်ရုပ်

ဂစ္ဆတိ-ကို ဂမု-တည်၊ ဂမု-ဂတိဗို့(ဂတိအနက်)၊ ဓာတ်အဓမ္မည်မှည့်၊ ဓာတွန် ဥ-ကိုချေ၊ တိ-ဝိဘာတ်သက်၊ ဘူဂါဒိတော အ-ဖြင့် အ-သက်၊(ဂမ်+အ+တိ) ဂမိဿ ဆ္ဘော ဧစ္ဆာ ဂါ သဗ္ဗာသု-ဖြင့် ဓာတွန် မ်-ကို ဆ်ပြု၊ ဆ်-အ-သို့ကပ် ဂစ္ဆတိ-ကားပြီး၏။

http://www.dhammadownload.com

တု–သန္နိဖြင့် ဂါ၀ေါ် ဥဘော စတုရော –စသော အခြားသော သန္နိနောင်လည်း ယော–ကို သြ–ပြုရမည်ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

၄။ သဂ္ဂါယ–၌ သမ္မာနေ စတုတ္ထိသုတ်ဖြင့် ဂတိအနက်ရှိသော ဓာတ်၏ ကံအရာ သမ္မာနိန်အနက်၌ စတုတ္ထိ ဧကဝုစ် သ–ဝိဘတ် သက်ထားပါသည်။

(က) အဗျယီဘောသမာသ်၊

(ခ) ကမ္မဓာရယ်(တစ်နည်း) ဗဟုဗ္ဗိဟိသမာသ်။

(ဂ) သမူဟတဒ္ဒိတ်၊

(ဃ) အသ္သတ္ထိတဒ္ဓိတ်။

၅။ ဝုဒ္ဓိသန္နိသည် အဂ််မာဂဝိကာ၊ နေဂမဇနပဒ–စသည်တို့၌ နောက်ပုဒ်၏ ဝုဒ္ဓိပြုရခြင်း အကျိုးရှိသည်။

စသန္နိသည် သန္တာရတိ၊ ဥပက္ကမာလတိ–စသည်တို့၌ အာရ၊ အာလ ပစ္စည်းတို့လည်း သက်ရခြင်း အကျိုးရှိသည်။

၆။ ကရိယတိ–ကို ကရ–တည်၊ ကရ–ကရဏေ(ပြုခြင်း)၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ–ကိုချေ၊ တေ–ဝိဘတ်သက်၊ ဘာ၀ကမ္မေသု ယော–ဖြင့် ယ–သက်၊ (ကရ်+ယ+တေ) ကွ္ကဝဏ္ဏာဂမော ဝါ–ဖြင့် ဣလာ၊ ရ်–ဣ သို့ကပ်၊ အတ္တနော ပဒ–နိ ပရဿ ပဒတ္တံ–ဖြင့် တေ–ကို တိ–ပြန်၊ ပြီး၏။

ပကတိ–ကို ပ–ပုဗ္ဗ ကရတည်၊ ကရ–ကရဏေ(ပြုခြင်း)၊ ဓာတ်အမည်မှည့်၊ ဓာတွန် အ–ကိုချေ၊ ဣတ္တိယ မတိယဝေါ ဝါ–ဖြင့် တိ–သက်၊(ပ+ကရ်+တိ) ရကာရော စ–သုတ်ဖြင့် ဓာတွန် ရ်–ကို ချေ၊ နာမ်ငဲ့၊ သိသက်၊ ချေ၊ ပကတိ–ပြီး၏။

(က) ဇနဓာတ်+ တိ ပစ္စည်း၊

(ခ) ရန္ဓဓာတ်+ဏ ပစ္စည်း၊

(ဂ) လဘဓာတ်+တ ပစ္စည်း။

၇။ **ဒွန်သမာသ်မဖြစ်ရကြောင်း**

ကြိယာကိုငဲ့သည်ဖြစ်၍ နာမ်ပုဒ်အချင်းချင်း ယုတ္တတ္ထမဖြစ်သောကြောင့် သမာသ်မဖြစ်။

ဧသြဝုဒ္ဓိလာရာဌာန –(ပဲခူးတိုင်း(အရှေ့) နံပါတ် ဂ–ရွာပါ။)

http://www.dhammadownload.com

၈။ ကွစ်–သန္ဒိသည် ဝဝတ္ထိတ ဝိဘာသာအနက်ရှိသည်။
သတ်မှတ်ပုံ–
ဝဝတ္ထိတဝိဘာသာ–ကွစ်သန္ဒိဖြင့် ခ ဆ သ–ပစ္စည်းနှင့် ပရောက္ခာဝိဘာတ်တို့ကြောင့် ဇုဟောတျာဒိဓာတ်ကိုလည်း အမြဒ္ဒေဘော်ပြု၊ ကိစ္စ–စသော ပစ္စည်းကြောင့် အချို့ ဒ္ဒေ ဘော်ပြု၊ ဆိုခဲ့ပြီးသည်မှ ကြွင်းသော ပစ္စည်း,ဝိဘာတ်တို့ကြောင့် လုံးဝ ဒ္ဒေဘော်မပြုရ–ဟုသတ်မှတ်ရမည်။

၉။ ကတ္တရိကိတ် –ဟု သတ်မှတ်ပြသောကြောင့် ကတ္တုကာရက(သာဓန)၊ ဏာဒယော တေကာလိကာ–ဟုဆိုသောကြောင့် ကာလသုံးပါး။

၁၀။ (ပုဒ်စစ်ထင်ရှားပြီ)။

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမကြိုးတန်း ။ ။ ကစ္စည်းသန္ဒိကြိုးဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၉)ရက်၊ (၂၆–၃–၂၀၀၇)တနလ်ာနေ့

၁။ အံ ဂ္ဂတိ နိဂ္ဂဟိတံ–၌ အံ.နှင့် နိဂ္ဂဟိတ်တို့၏အထူးကို ရေး၍၊ စဂ္ဂဟဏောန သာဒိသေသေသု ပုဗ္ဗတ္တဝစနေသု–၌ ''ပုဗ္ဗ''အရ, ''ပုဗ္ဗတ္တဝစန''အရတို့ကို တိကျစွာ ဖော်ပြခဲ့ပါ။

၂။ ပသည်ဿ စ–သုတ်လာ ဝိဘတ္တာဒေသေ–၌ ဝိဘတ်နှင့်အာဒေသတို့ကို စိရင်ရာသုတ်များ နှင့်တကွ ယှဉ်တွဲဖော်ပြ၍၊ သဗ္ဗဃောနိန မာဇေ–သုတ်ဖြင့် ယောဝိဘတ်, နိ–အက္ခရာတို့ကို အာ, ဇေ–ပြုရာ၌ ထူးခြားချက်ကို ကစ္စည်းသုတ်ထောက်၍ ရှင်းပြခဲ့ပါ။

၃။ အောက်ပါသုတ်တို့ကို ကစ္စည်းဝုတ္တိနှင့်အညီ ကျန်စွာ အနက်ပေးပြခဲ့ပါ–
(က) နဒါဒိတော ဝါ ဂျိ၊ (ခ) အာဏာတျာသိဒ္ဓေ နုတ္တကာဇေ ပဋမိ။

၄။ ကမ္မတ္ထေ ဒုတိယာ–သုတ်၌ ကမတ္ထအရ ယူရမည့်ကံကို ကစ္စည်းသုတ်ထောက်၍ ကောက်ပြပြီးလျှင်၊ ပုရိသော ပုရိသံ ဂါမံ ဂါမယတိ–ဝယ် ပုရိသံ, ဂါမံ–တို့၌ အဘယ့်

http://www.dhammadownload.com

ကြောင့် အဘယ်သုတ်ဖြင့် ဒုတိယာဝိဘတ်သက်ရသည်ကို ရှင်းပြပြီးလျှင်၊ ဓာတု နာမနုပသဂ္ဂ-ယောဇိဿဝိ စ-သုတ်လာ "ဥပသဂ္ဂ"အရကို ကစ္စည်းဆရာအလိုကျ ဖော်ပြခဲ့ပါ။

၅။ မဟန္တော စ ဃော ပုရိသော စာတိ မဟာပုရသော-ဠ္ဟ စ-သဒ္ဒါ, တ-သဒ္ဒါတို့ကို ထည့်ဆိုရခြင်းအကျိုးနှင့် မဟန္တ-ဟူသောဝိသေသနပုဒ် ရှေ့၌ ထားရခြင်းအကြောင်းတို့ကို ရှင်းပြ၍၊ ဓာတုသန္တော လောပေါ-သုတ်ဖြင့် ဓာတွန်မချေရသော အနေကာသရဓာတ် တို့ကို ကစ္စည်း သုတ်ထောက်၍ ထုတ်ပြခဲ့ပါ။

၆။ ဗိန္ဒုသဒ္ဒါ-၌ တစ်သဒ္ဒါနောင် သုညအလုံးပေါင်းမည်မျှရှိသည်ကို တိကျစွာ ဖော်ပြ၍၊ အာတ္တဂွ-သုတ်ဖြင့် အာပြုရာဌာန, ရိ-အက္ခရာလာရာဌာနတို့ကိုလည်း အသီးသီး ဖြေဆိုခဲ့ပါ။

၇။ ရာဇပုတ္တော-ကို တဒ္ဓိကဝိဂ္ဂဟ၊ မနုဿောကို တဒ္ဓိတ, ကိတဝိဂ္ဂဟ အသီးသီးခင်းပြ၍၊ ပုဗ္ဗရူပဂ္ဂ-သုတ်လာ "ပုဗ္ဗရူပ" အဓိပ္ပါယ်ကိုလည်း ရှင်းပြခဲ့ပါ။

၈။ ဇနိတွာ, ဇနိတုံ-တို့၌ ဓာတွန်န-အက္ခရာကို အာ-မပြုရခြင်းအကြောင်းကို ရေးသား၍၊ ဟစတုတ္ထာနမန္တာနံ ဒေါ ဓေ-၌ "စတုတ္ထ"အရကို ကစ္စည်းသုတ်ထောက်၍ တိကျစွာ ကောက်ပြခဲ့ပါ။

၉။ ဥဏာဒိကျမ်းလာ အောက်ပါတို့ကို ပါဠိသက်သက်ရေးခဲ့ပါ-
(က) ဗုဇ္ဈိတဗ္ဗော ဉာတဗ္ဗောတိ ဗုဇ္ဈော-ဝယ်-ဗုဇ္ဈော-၌ ပစ္စယဝိဓိသုတ် (သုတ်, ဝုတ္တိ)၊
(ခ) ကာရီ (ဘ)ခုတည်းကို ကာရီယ(ဧ)ရှိုးစီရင်သောသုတ်၊ (သုတ်, ဝုတ္တိ, ဥဒါဟရဏ်)။

၁၀။ အောက်ဖော်ပြပါတို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ပုံစံနှင့်တကွ ရှင်းပြခဲ့ပါ-
(က) စယာသိတာသဒ္ဒါ, အဂီသိကာသဒ္ဒါ၊ (ခ) ဝုဏိတာသဒ္ဒါ၊ (ဂ) သကော်တာသဒ္ဒါ။

http://www.dhammadownload.com

၁၀။ မန္တလေးတိုင်း(အဖြေ)

ပထမကြီးတန်း ။ ။ ကစ္စည်းသန္ဒိကြီးထားသော

၁။ အံ-၌ (အ)သရပါသည်၊ နိဂ္ဂဟိတ်၌ (အ)သရမပါ၊ ဣသိထူးပါသည်။
ပုဗ္ဗ အရ- ရှေ့ဖြစ်သော ဂါထာသေ၊ ယောသု စ-သုတ်တို့ကိုယူ။
ပုဗ္ဗတ္တဝဝစန အရ- ရှေးပြုစ်သင့်သော ဂါထာသေ၊ ယောသု ဂ-သုတ်တို့၌ ဆိုအပ်ပြီးသော သ-နှစ်လုံး။ ယောနှစ်လုံး။ နာ,သွာ,သွိ , သ-အားဖြင့် (၈)လုံးတို့ကိုယူ။

၂။ အမာပတော သွိ သွာနံ ဂါ-သုတ်ဖြင့် သွိ-ကို အံ-ပြု၊ သွာ-ကို အာ-ပြု၊
အဒိတော ဩစ-သုတ်၌ စ-ဖြင့် သွိ-ကို ဩ-ပြု၊
တတော ယောနမော တု-သုတ်၌ တု-ဖြင့် ယော-ကိုဩ-ပြု။
ဂါ-သဒ္ဒါ ဝဝတ္ထိတဝိဘာသာ အနက်ရှိခြင်းကြောင့် ပုလ္လိင်၌ နိစ္စ၊ နပုံလိင်၌ အနိစ္စ၊ ဗျ-ကို အ-ပြုရာ၌ အသန္တ ဟူသော ဝိဓိသုံးမျိုးကို ပြသည်။

၃။ (က) တ္ထာတ္ထိယံ=တ္ထာတ္ထိလိင်၌၊ ဝတ္တမာနာ=ဖြစ်သော၊ နဒါနိတော ဂါ=နဒါနိဟူ၍ရှိသော အကာရန္တသဒ္ဒါမှလည်းကောင်း၊ အနဒါနိတော ဂါ=နအနှင့်မတူသော ပုထုဂေါ်သော ဥကာရန္တသဒ္ဒါမှလည်းကောင်း၊ ပရေ=နောက်၌၊ ဂ္ဂါ=ဂ္ဂါစသည်းသည်၊ ဟောတိ-။

(ခ) အနုတ္တကာလေ-အနိဋ္ဌဆိုအပ်သော ပစ္စုပ္ပန်ကာလ၌၊ ဂါ= အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု တိုက်ဝိုက်မဆိုအပ်သော ကာလသာမန်၌၊ အာဇာတျာသိဒ္ဓေ= စေခိုင်းခြင်း တောင့်တခြင်း အနက်၌၊ ပဋိ=ပဋိဝိဘတ်သည်၊ ဟောတိ-။

၄။ ကမ္မနိ ဒုတိယာယံ ဣတော-သုတ်ကိုထောက်၍ အံနဘိဟိတ(အဝုတ္တ)ကံကို ယူရမည်။ ဂါမယတိ-ဟူသော အာချာတ်ကြိယာသည် ကံအနက်ကို မဟောသောကြောင့် ကံအနက်ကိုထွန်းပြခြင်းငှာ ကမ္မတ္ထေ ဒုတိယာ-သုတ်ဖြင့် ဂါမံ-၌ ဒုတိယာဝိဘတ်သက်ရသည်။

ဂါမယတိ-ဟူသောအာချာတ်ကြိယာသည် ကံအနက်ကို မဟောသောကြောင့် လည်းကောင်း၊ ကာရိတ်ပစ္စည်းနှင့်ယှဉ်သောကြောင့်လည်းကောင်း ဂတိ ဗုဒ္ဓိ-စသော သုတ်ဖြင့် ပုရိသံ၌ ဒုတိယာဝိဘတ်သက်ရသည်။

http://www.dhammadownload.com

ဥပသဂ္ဂ အရ ဝဇ္ဇန-အနက်ရှိသော အပ, ပရိသန္နိ၊မရိယာဒ, အဘိဝိဓိ အနက်ရှိသော အာ-သန္နိ၊ ပတိနိဓိ, ပတိဒိန-အနက်ရှိသော ပတိ-သန္နိတို့ကိုယူ။

၅။ တုလျာဓိကရဏအဖြစ်ထင်ရှားစေခြင်းငှာ စ,တ-သန္နိတို့ကို ထည့်ဆိုရပါသည်။
ဝိသေသနပုဒ် ရှေ့ထားရကြောင်း-
မဟတံ မဟာတုလျာဓိကာရဏော ပဒေ-သုတ်ဖြင့် ဝိသေသနဖြစ်သောရှေ့ပုဒ်ကိုမဟ-အပြုကိုစိရင်ခြင်းကြောင့် မဟန္တဟူသော ဝိသေသနပုဒ်ကို ရှေ့ထားရသည်။(ရူ-၁၈၄)
ဓာတွန်မကျေသော အနေကသရဓာတ်- မဟဓာတ်၊ မထဓာတ်စသည်။
သုတ်ထောက်- ယမှိ အိ ဓာ မာ ဌာ ဟာ ပါ မဟ မထာဒိနမိ။

၆။ တစ်သန္ဓာနောင် သူည ၎ငုံ-လုံး ရှိပါသည်။
ဌာနသန္နိလိုက်လာခြင်းကြောင့် ဣသိ, ဥသဘ, ဥဇုစသည်တို့၏ အစဣ,ဥတို့ကိုသာ အာ-ပြု၊ ဣသိ-သန္နိ၏ အစဣ-ကို အာ-ပြုသည်၏အခြားမဲ့၌သာ ရိ-လာသည်။

၇။ ရာဇပုတ္တာနံ သမူဟော ရာဇပုတ္တော။ မနုနော အပစ္စံ မနုဿော (ဏ္ဍိ)
ကုသလာကုသလေ ဓမ္မေ မနတိ ဇာနာတီတိ မနုဿော၊
ကာရဏာကာရဏံ မနတိ ဇာနာတီတိ မနုဿော၊
အတ္ထာနတ္ထံ မနတိ ဇာနာတီတိ မနုဿော။ (ဏိဏ်)
ပုဗ္ဗရုပ်- ရှေ့ဓာတွန် အက္ခရာ၏ ရုပ်သဏ္ဌာန်တူအောင် ပြုခြင်းသည် ပုဗ္ဗရုပ်မည်၏။

၈။ **အာ-မပြုရခြင်း အကြောင်း-**(ပဲခူး အရှေ့ နံပါတ် ၉-ရှ)။
ဓဗဘဟေဟိ ဓဟစ-သုတ်ထောက်၍ ဓာတွန် ဓ,ဗ,ဘ အက္ခရာများဖြစ်သည်။

၉။ (က) ဘျာဒိဟိ မတိ-စသော ဓဌာ-သုတ်ဆိုင်ရာကို ရေးလေ။
(ခ) သုနသုနသောဏာ- စသော ဓဌရ-သုတ်ဆိုင်ရာကို ရေးလေ။

၁၀။ (ပုဒ်စစ်ထင်ရှားပြ)။

http://www.dhammadownload.com

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမကြီးတန်း ။ ။ ကစွညဉ်းသန္ဒိကြီး ဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၃)ရက်၊ (၄–၄–၂၀၀၆)ဗုဒ္ဓဟူးနေ့

၁။ အောက်ပါတို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် ကုန်စင်စွာ ပါဠိဇရေးပါ–
(က) အာချာတ်ကျမ်းလာ ကာရိတ်အတု ပစ္စည်းသက်သောသုတ်၊
(ခ) ကိတ်ကျမ်းလာ ကဂါ စဇာနံ–သုတ်၏ အစီအရင်ကို တားမြစ်သောသုတ်။

၂။ အောက်ပါတို့ကို သန္ဒိစဉ်းကမ်းနှင့်အညီ အနက်ယောဇနာပါ–
(က) စာဂါယ ဝိပုလံ ဓနံ၊ (ခ) ဝဇေ ဂါဒေါ ဒုဟန္တိ့
(ဂ) အသဿတ္ထော စ ကပိတနော စ အသဿတ္ထကပိတနံ၊
(ဃ) အတ္ထိ။ (အာချာတ်ပုဒ်၊ နိပါတ်ပုဒ်၊ နာမ်ပုဒ်ကြဲ၍ အနက်သုံးမျိုး)

၃။ ပစေဿတိ–ကို ပုဒ်ဖြတ်၍ ၊ အဓိ+ဩကာသေ–ကို ပုဒ်စပ်ပြီးလျှင်၊ 'တုမှံ' ကို နာမ်ရုပ်ကျဉ်း နှစ်နည်းတွက်ပြပါ။

၄။ ကာရကကျမ်းလာ ဒုတိယာဝိဘတ် သက်ဆိုင်သောအနက်များကို ဖော်ပြပြီး၊ ယထာဝုတ်ကို သမာသဝိဂ္ဂဟနှစ်နည်းပြု၍ သမာသ်အမည်ပေးကာ၊ အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ–သုတ်၌ အယုဝဏ္ဏအရတို့ကို အဖွင့်ဝဒ္ဓိလာအတိုင်း ကောက်ပြပါ။

၅။ အာချာတ်ကျမ်းလာ (က) လှိုင်းတံပိုး၊ (ခ) ငါး၊ (ဂ) ညွှန်–ဟူသော ဥပမာစကားရပ်တို့၏ ဥပမေယျများကို ထုတ်ပြ၍၊ ဒေဝ, ကံအနက်ဟော ယ–ပစ္စည်းကြောင့် ဓာတ်၏အစိတ်ကို ဤ–ပြု၍ ပြီးနိုင်သမျှရုပ်အစုကိုလည်း တိကျစွာ ထုတ်ပြပါ။

၆။ ရမြို ရန္တော ရာဒိနော–သုတ်ဝယ် ရ–သုံးမျိုးအထူးကို ကျမ်းရင်းလာအတိုင်း ပြေဆို၍၊ ဒဋ္ဌော, ဘဋ္ဌောတို့ကို ဓာတု+ပစ္စယ ဝေဘန်ကာ၊ ဗုဒ္ဓေ–ကိုလည်း ကိတ်ရာ်ကျဉ်းစိရင်ပြပါ။

http://www.dhammadownload.com

၇။ နဒီမှာ စ–သုတ်၌ နဒီမည်ပုံကို ဖော်ပြ၍၊ ရှေးဒီတော နိဂ္ဂဟိတပုဗ္ဗဿ–သုတ်၌ နိဂ္ဂဟိတ်လာရာ ဌာနတို့ကို ရှုပသိဒ္ဓိကျမ်းလာအတိုင်း ပြေဆိုပါ။

၈။ ''ဇိဂိသတိ''ပြယုဂ်ဝယ် ဓာတ်မဟုတ်သော ဂိ–ကို ဟရဿ ဂိ သေ–သုတ်ဖြင့် အဘယ်ကြောင့် 'ဂိဂိ'ဟု ဒွေဘော်ပြုရသည်ကို ရှင်းလင်းဖော်ပြ၍၊ ဗျာဇန္နဿ မော ဆပစ္စယေသု စ–သုတ်၌ 'ဆပစ္စယေသု'ဟု ဗဟုဝုစ်ဖြင့် ဆိုရကျိုးကိုလည်း ထုတ်ပြခဲ့ပါ။

၉။ သာဒိသန္တ–စသော သုတ်၌ သန္တ–အရ ဟံသဓာတ်ကိုယူပြီးဖြစ်လျက် ''ဟံသာဒိဟိ''တု ထပ်ဆိုရကျိုးကို ရေး၍၊ ယထာဂမမိကာရော–သုတ်၌ ဂ္ဂလာရာဌာနကိုလည်း တိကျစွာ သတ်မှတ်ပြပါ။

၁၀။ အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ပြေဆိုပါ–
(က) အာမေဍိတ်၊ (ခ) နာမဓာတ်၊ (ဂ) အန္တရဂ်ဝိဓိသုတ်။

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ကစွည်းသဒ္ဒါကြိုး ဘာသာ

၁။ (က) စုရာဒိတော ဏေ့ဏာယနှင့်
(ခ) နကဂတ္တံ စဇာ ဏွမြို–သုတ်ဆိုင်ရာတို့ကို ရေးလေ။

၂။ (က) စာဂါယ=ငွန်ကြေခြင်းကြောင့်၊ ဝိပုလံ–ပြန့်ပြောသော၊ ဓနံ–ဥစ္စာသည်၊ ဟောတိ။
(ခ) ဝဇေ–နွားခြံ၏အနီး၌၊ ဂါဝေါ–နွားမတို့ကို၊ ဒုဟန္တိ–နို့ညှစ်ကုန်၏။
(ဂ) အဿတ္ထော စ–ညောင်ဗုဒ္ဓဟောလည်း၊ ကပိတနော စ–ညောင်ချဉ်လည်း၊ အဿတ္ထ ကပိတနံ–ညောင်ဗုဒ္ဓဟောညောင်ချဉ်။
(ဃ) အတ္ထိ=ဖြစ်၏။(အာချာတ်ပုဒ်)၊ အတ္ထိ=ရှိကုန်၏။(နိပါတ်ပုဒ်)အတ္ထိ=ရှိသည်(နာမ်ပုဒ်)။

၃။ ဝိစေဿတိ၊ အဇ္ဈောကာသေ။

http://www.dhammadownload.com

နာမ်ရုပ်ကျဉ်း

တုမှတည်၊ သသက်၊ သသသံ-ဒုတ်ဖြင့် သ-ကို အံပြု၊ မ်ခွင်းချေ၊ကပ်၊ပြီး၏။
(တစ်နည်း) တုမှတည်၊ နံဝိဘတ်သက်၊ အံလိုက်လာသော တုမှမှေဟိ နမာကံ-ဖြင့် နံကို အံပြု၊ မ်ခွင်းချေ၊ကပ်၊ တုမှံပြီး၏။

၅။ ကံအနက်၊ အစ္ဆန္တသံယောဂအနက်၊ ကမ္မပ္ပဝစနီယယုတ္တအနက်၊ ကာရိုက်ကံအနက်၊ ဆဋ္ဌီအနက်၊ တတိယာအနက်၊ သတ္တမီအနက်။

သမာသ်ဝိဂ္ဂဟ

ဝဟာနံ ပဋိပါဋိ ယထာဝုတ္တံ။ ယေ ယေ ဝုဟာ ဇာ ယထာဝုတ္တံ (အဗျယီဘော)
အယုဝဏ္ဏ-အရ အ၊ ဂ္ဂ၊ ဤ၊ ဥ၊ ဦ။

၅။ (က) ဝိဘတ်(၈)မျိုး။ (ခ) ဝိကရဏပစ္စည်း အာဂုံ ကာလ။
(ဂ) အနုဗန် ဏ-အက္ခရာကျေခြင်း၊
ရုပ်စု- ဒိယတိ၊ ဓိယတိ၊ ဗိယတိ၊ ဠိယတိ၊ ဟိယတိ၊ ဝိယတိ၊ မဟိယတိ၊ ဃဋိယတိ၊

၆။ ရဗို - ရ်အနုဗန်ရှိသောပစ္စည်း၊ ရဇ္ဇော- အာဂုံ ရ၊ ရာဒိ- ဓာတွန် ရ။
ဒဠ္ဍော- ဒံသဓာတ်၊ တ-ပစ္စည်း။ ဘဇ္ဇော- ဘန္ဓဓာတ် တ-ပစ္စည်း။

ဗုဒ္ဓေါ-ကို ဗုဓတည်၊ ဗုဉ္ဉတေ(သိခြင်း)၊ ဓာတ်မှည့်၊ ဓာတွန်ချေ၊ ဗုဓဂမာဒိတ္ထေ ကတ္တရိ -ဖြင့် တ-သက်၊ (ဗုဓ+တ)၊ ဓဟ ဘဟောဟိ ဓဟစ-ဖြင့် တ-ကို ဓ-ပြု၊ ဟစတုတ္ထာန မန္တာနံ ဒေါ် ဓေ-ဖြင့် ဓာတွန် ဓ်-ကို ဒ်-ပြု၊ ဒ်-ဓသို့ကပ်၊ နာမ်ဓဲ့၊ သိသက်၊ ဩပြု၊ ခွင်း၊ ချေ၊ ကပ်၊ ဗုဒ္ဓေါပြီး၏။

၇။ နဒီဟူသည် ဂ္ဂတ္ထိလိင်ကို ဟောသော ဤ ဥအက္ခရာတို့၏ အခြားသောကျမ်းဌီလာသော အမည် ပရသမညာဖြစ်သည်။

နိဂ္ဂဟိတ်လာရာဌာန

နိဂ္ဂဟိတ်သည် ပင်ကိုယ်အားဖြင့် ရဿသရသို့ အစဉ်လိုက်သော်ကြောင့် ဓာတ် သရမှ နောက်၌သာ လာသည်။

၈။ ဌာနူပစာရအားဖြင့် ဓာတ်၏အာဒေသကိုလည်း ဓာတ်ဟုခေါ်ဆိုနိုင်သောကြောင့် ဟရဓာတ်၏ အာဒေသ ဂိ-ကို ဒွေဘော်ပြုနိုင်သည်။

http://www.dhammadownload.com

ဗဟုဝုစ်ဖြင့်ဆိုရကျိုး

ပါဠိပြဿုဂ်တို့၌လည်း ဝစနဝိပ္ပလ္လာသအဖြစ်ကို သိစေခြင်းအကျိုးငှာ ဆပ္ပစ္စ ယေသု-ဟု ဗဟုဝုစ်ဖြင့်ဆိုသည်။

(တနည်း) တိဇ ဂုပ ကိတ-စသောသုတ်၊ ဘုဇ ဃသ -စသောသုတ်တို့၌လာသော သ-ပစ္စည်းနှစ်မျိုးလုံးကို ယူရမည်ဟု သိစေခြင်းအကျိုးငှာ ဆပ္ပစ္စ ယေသု-ဟု ဗဟုဝုစ်ဖြင့်ဆိုသည်။

၉။ သ-ဆုံးဓာတ်ဖြစ်လျက် တ-(ဟံသ)ကို တဖန်ဆိုခြင်းသည် ဟံသနောင်သာ ဌ-ပြုမြဲ၍ ဝိဒွဇ္ဇော-စသည်၌ မမြဲဟု ပြရခြင်းအကျိုးရှိ၏။

အစဉ်ဗျဉ်းရှိသည့် ကိစ္စ, ကိတပစ္စည်းနောင်းရာတို့၌ ဓာတ်နောင် ဣ-အက္ခရာလာသည်။

၁၀။ ပုဒ်စစ်ထင်ရှားပြီ။

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)
ပထမကြိုးတန်း ။ ။ ကစ္စည်းသန္ဒိကြီးဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၉)ရက်၊ (၂၆-၃-၂၀၀၇)တနလာနေ့

၁။ အောက်ပါတို့ကို သုတ်၊ ဝုတ္တိ၊ ဥဒါဟရဏ် ကုန်စင်အောင် ပါဠိရေးသားခဲ့ပါ-

(က) ကိတ်ကျမ်း၌ ခ-ပစ္စည်းသက်သောသုတ်၊

(ခ) ခ-ပစ္စည်းသက်ရာ သာဓနကိုပြဆိုသောသုတ်။

၂။ အောက်ပါတို့တွင် (က၊ ခ၊ ဂ) တို့ကို အဖွင့်နှင့်အညီ အာဒိ-သန္ဒိ၏ အာဒိဝန်ပေါ်လွင်စေလျက် လည်းကောင်း၊ (ဃ၊ င)တို့ကို ဝိဂြိုဟ်အနက်ပေါ်လွင်စေလျက်လည်းကောင်း အနက်သမ္မန်ခဲ့ပါ (က) ဃတော နာဒီနံ၊ (ခ) ချာဒီဟိ မန် မ စ တော ဝါ၊ (ဂ) ကုဋာဒီဟိ ဇော၊ (ဃ)တိရစ္ဆာ၊ (င) သမုဒ္ဒေါ။

http://www.dhammadownload.com

၃။ သေဋ္ဌံ တိလောကမဟိတံ အဘိဝန္ဒိယဂ္ဂံ၌ (က) သေဋ္ဌ–ကိုပုဒ်+ပစ္စည်း။ (ခ) တိလောကံ–ကို သမာသ်ဝိဂ္ဂဟ နှင့် လိင်၊ ဂိုဏ်း၊ ဝုစ်တိုဖြင့် ခွဲခြားဖြေဆိုပြီး၊ (ဂ) အဘိဝန္ဒိယဂ္ဂံ–ကို ပုဒ်ဖြတ်၍၊ ရှေ့ပုဒ်၌ ဖြစ်သင့်သော ဓာတ်+ပစ္စည်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

၄။ သုဘာဟိ သိဒ္ဓိ မှာဘိဗို ဇ–သုတ်ဖြင့် အဘယ်သန္ဓိတို့နောင် မှာ, ဗို–ပြုခွင့်မရသည်ကို သုတ်ထောက်နှင့်တကွ ရေးသားပြီးလျှင်၊ ဗုဒ္ဓသွာ ပရာဇေန္တိ အညတိတ္ထိယာ–ပြယုဂ်၌ အဘယ်ပုဒ်သည် အဘယ်ဓာတ်အယှဉ်ဝယ် အဘယ်ကြောင့် အပါဒါန်ဖြစ်ရပါသနည်း ? ရှင်းလင်း ဖြေဆိုခဲ့ပါ။

၅။ မာ–နိပါတ်ပုဒ်ယှဉ်ရာဝယ် သဗ္ဗကာလ၌ သဏ်သော အာချာတ်ဝိဘတ်တို့ကို သာဓက ပါဠိထောက် ဖော်ပြပြီး၊ ပြယုဂ်ပုံစံမှကင်းသော အနက်၏ ပျက်စီးပုံကိုလည်း လောကူပမာ ဆောင်၍ ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

၆။ နုသယော/ နုသယော–ဟူ၍ ပါဠိနှစ်ထွေရှိရာ သင့်မြတ်သောပါဠိကို အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်၊ အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ်၍၊ (ခ)ကို ပုဒ်စပ်ခဲ့ပါ–
(က) ယုဇ္ဈန္တုမနာနနာကာနနကာ၊ (ခ) ဓဒ+ဏ္ဍဒ္ဒ+က+ဏ္ဍရာ။

၇။ ဂဟာဒိဂိဏ်း သီးခြားရှိ/မရှိ ရူပသိဒ္ဓိနှင့်အညီ စိစစ်ပြပြီး၊ အကာရာဂမော ဟိယျတ္တာနိ အဇ္ဇတ္တာနိ ကာလာတိပတ္တိသု–သုတ်ဖြင့် ဓာတ်၏အဆုံး၌ အ–အက္ခရာလာသင့်ပါလျက် မလာဘဲ ဓာတ်တို့၏ အစ၌သာ လာရခြင်းအကြောင်းကိုလည်း ရှင်းလင်းစွာ ဖြေဆိုခဲ့ပါ။

၈။ သိယာ–၌ ဖြစ်သင့်သော ဓာတ် + ဝိဘတ်တို့ကို ဝေဘန်ပြ၍၊ ၎င်းဓာတ်ကို ဝတ္တမာန် ဝိဘတ်ဖြင့် အာချာတ်ပဒမာလာစဉ်ပြီးလျှင်၊ သဏ္ဌာဟတိ–ကိုလည်း ရူပသိဒ္ဓိနှင့်အညီ အာချာတ်ရုပ်အကျဉ်း တွက်ပြခဲ့ပါ။

၉။ မာန, အန္တပစ္စည်းတို့၏ သက်ရာ သာဓနကို အကြောင်းပြလျက် ပြည့်စုံစွာ ဖြေဆိုပြီး

http://www.dhammadownload.com

နောက်၊ ဒေန္တတော ယော ကွစိ–သုတ်၌ ဒေန္တတော–ပုဒ်ကို ပြုတ်၍ ယော ကွစိ–ဟု ဒွိဓာကရဏ ယောဂဝိဘာဂကြံလျှင် ရနိုင်သော အကျိုးကိုလည်း ရေးသားခဲ့ပါ။

၁၀။ အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ပြေဆိုခဲ့ပါ–

(က) တဒ္ဓိတ်နာမ်မည်ပုံ၊ (ခ) အာချာတ်ပုဒ်မည်ပုံ၊ (ပြယုဂ်ကားမလို) (ဂ) ကိတ်နာမ်မည်ပုံ။

၁၂။ ရန်ကုန်တိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘာသာသာ

၁။ (က) ဤသံ ဒုသူဟိ ခ။

(ခ) ဘာဝကမ္မေသု ကိစ္စ ဣတ္တာ–သုတ်ဆိုင်ရာတို့ကို ပါဠိဖြေးလေ။

၂။ (က) ဃတော=ဃမည်သော အာအက္ခရာမှ၊ ပရေသံ–နောက်ဖြစ်ကုန်သော၊ နာဒိနံ=နာ သ သဗ္ဗ သ သို့ ဟူသော ကေဝုစ်ဝိဘတ်ငါးလုံးတို့၏၊ အာယ–အာယအပြုသည်၊ ဟောတိ။

(ခ) ချာဒိဟိ–ခီ ဘိ သု ဂျ ဟု ဇါ ဓူ ဟိ လူ ဝိ အဒ –အစရှိသောဓာတ်တို့မှ၊ ပရေ–နောက်၌၊မန်=မန်ပစ္စည်းသည်၊ ဟောတိ–ဏ်။ မစ=မဏ်လည်း၊ ဟော–ပြုသည်၊ ဇါ–အချို့ ဟောတိ–ဏ်။

(ဂ) ကုဋာဒိဟိ= ကုဋ ကုဿ ကတအစရှိသောဓာတ်တို့မှ၊ပရေ=နောက်၌၊ ဇော–ဌပစ္စည်း သည်၊ ဟောတိ–ဏ်။

(ဃ) တိရစ္ဆာ–အောက်အဖို့ပြင့်သွားတတ်သောတိရစ္ဆာန်သတ္တဝါ။

(င) သမုဒ္ဒေ–ဝိဝိဒ္ဓ ကောင်းစွာမှီနေကုန်သော ငါး မကန်းတို့၏ ခုစ်သက်ဝမ်းမြောက်ခြင်း ကို တိုးပွားဖြစ်ပေါ်စေတတ်သော သမုဒ္ဒရာ။

၃။ (က) သေဋ္ဌ= ပသတ္ထပုဒ်၊ ကွဋ္ဌပစ္စည်း။

(ခ) တယော လောကာ တိလောကံ၊ နဗုံလိင်၊ စိတ္တာဒိဂိုဏ်း၊ ဇကဝုစ်။

(ဂ) အဘိဝန္ဒိယ+အဂ္ဂံ။ အဘိဝန္ဒိယ– အဘိရှေ့သော ဝန္ဒဓာတ်+တွာဖစ္စည်း။

၄။ နံ တိမေဟိ ကတာကာရေဟိ–သုတ်ကိုထောက်၍ တ,ဏ္ဍမတို့၏ အ–အပြုနောက်၌ မှာ, မှိ–ပြုခွင့်မရပါ။

http://www.dhammadownload.com

ဗုဒ္ဓ-ပုဒ်သည် ပရာရှေရှိသော ဇီဇာတိအယုဉ်ဝယ် တိတ္ထိတို့က မအောင်အပ်သော ကြောင့် ဗုဒ္ဓသွာ-ဟု အပါဒါန်ဖြစ်ရသည်။

၅။ မာယောဂေ သဗ္ဗကာလေ စ ။ ဟိယျတ္တာနိ အဒ္ဒတ္တာနိ ဂ္ဂဒ္ဓေတာဝိဘတ္တိယော ယဒါ မာယောဂါ တဒါ သဗ္ဗကာလေ စ ဟောန္တိ။ စဂ္ဂဟဏေန ပဉ္စမီဝိဘတ္တိပိ ဟောတိ-ဟူသောပါဠိကိုထောက်၍ ဟိယျတ္တာနိ အဒ္ဒတ္တာနိ ပဉ္စမီဝိဘတ်များဖြစ်သည်။

ခဏိသ္သနုပေမံ[illegible] မဂ္ဂိသော သူကန်းသည် ပျက်စီးရာသကဲ့သို့ငင်း၊ [illegible] များရည် ဆိတ္ဆိသည် အိုးခွက်နှင့်ကင်းသည်ရှိသော် ပျက်စီးရတော့သကဲ့သို့ငင်း ပြယုဂ် ပုံစံမှကင်းသော အနက်သည် ပျက်စီးရတော့သည်။

၆။ ဥ, ဒု, နိတို့နောင် အပြဒွေဘော်ရောက်ရမည်ဖြစ်သောကြောင့် ဒွေးဘော်ပါသော ဒုဿယောဟူသော်ပါဠိသာ သင့်ပြတ်ပါသည်။

ဆောင်း ။ ဥ,ဒု,နိနောက်၊ ဒွေဘော်ရောက်၊ မဇောက်ကောန်မြဲ။

(က) ယုဇ္ဇုနံ+အန+အာနန+အက+အာနနကာ၊ (ခ) ဓဒိဒ္ဒကိရာ။

၇။ ဥသဓာတ်စသည်၌ အာချာတ်ရုပ်မရှိ၊ ဥဏ္ဏာပေတိသည်လည်း သုဒ္ဓကာတ္ဘုရုပ်မဟုတ်၊ ဟေတုကတ္ဘုရုပ်သာဖြစ်သည်၊ ဂဟာဒိ၌ အာဒိအာချာတ်ဂိုဏ်း တစ်ဂိုဏ်း ဇုံလောက်အောင် ဓာတ်များများစားစားမရှိသောကြောင့် ဂဟာဒိဂိုဏ်းသိုးခြားမရှိနိုင်ပါ။

ဓာတ်ဇ်အစ၌သာ အ လာရကြောင်း

ဓာတ်ဇ်အဆုံး၌ သရရှိပြီးဖြစ်၍ ထပ်၍ အ-လာသဖြင့် အဲကျိုးမရှိသောကြောင့် ပြယုဂ်အားလျော်စွာ ဓာတ်ဇ်အစ၌သာ အ-လာရသည်။

၈။ သိယာ၌ အသ-ဓာတ်၊ ဇေျ-ဝိဘတ်။

အာချာတပဒမာလာ—

အတ္ထိ,သန္တိ, အသိ, အတ္ထ, အတ္ထိ, အသ္မိ, အမှ, အသ္မ, သတေ, သန္တေ, သသေ,သဒွေ, သေ,သာမ္ဟေ။

အာချာတ်ရုပ်ကျဉ်း

သဏ္ဌာဟတိ-ကို သံပုဇ္ဇ ဌာတည်၊ ဌာ ဂတိနိဝတ္တိမှ=လားခြင်းမှ ဆုတ်နစ်ခြင်း၌၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေဝေရ၊ တိဝိဘတ်သက်၊ ဘူဝါဒိတော အ-ဖြင့် အ-

http://www.dhammadownload.com

ပစ္စည်းသက်၊ (သံ+ဌာ+အ+တိ) ကွစိဓာတု-စသောသုတ်ကြီးဖြင့် ဟ-လာ၍ အာ-ကို အ-ရသပြု။(သံ+ဌ+ဟ+တိ) ဝဂ္ဂန်္တ ဇ၊ ဝဂ္ဂေ-ဖြင့် နိဂ္ဂဟိတ်ကို ဏ-ပြု သဏ္ဌာဟတိ-ပြီး၏။

၉။ ပရသမညာ ပယောဂေ-ပရိဘာသာအရ ပရသမညာ၏အစွမ်းဖြင့် အန္တသည် ပရဿပုဒ်၊ မာနသည် အတ္တနောပုဒ်အမည်ရသောကြောင့် ကတ္တာရိ ပရဿ ပဒံ-သုတ်အရ ကတ္တု သာဓာနဉ်သက်သည်။

အတ္တာနော ပဒါနိ ဘာဝေ စ ကမ္မနိ၊ ကတ္တာရိ စ-သုတ်အရ မာနပစ္စည်းသည် ဘာဝ၊ ကမ္မ၊ ကတ္တုသာဓနဉ် သက်သည်။

ယော ကွစိ-ဟူသော ဒွိဓာကရဏာ ယောဂဝိဘာဂဖြင့် ဝိဝိစ္ဆိတွာ-စသည်၌ ဒ,ဓကာရန္တဓာတ်မှ အခြားဓာတ်နောင်လည်း ယ-လာရခြင်း အကျိုးရှိသည်။

၁၀။ ပုဒ်စစ်ထင်ရှားပြီ။

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်ပြည်နယ်)
ပထမကြီးတန်း ။ ။ ကစ္စည်းသန္ဓိကြီးဘာသာ
၁၃ဖခ-ရုနှစ်၊ နှောင်းတန်ရူးလပြည့်ကျော်(၃)ရက်၊ (၄-၄-၂၀၀၇)ဗုဒ္ဓဟူးနေ့

၁။ (က) တန္ဓိတ်ကျမ်းလာ ''တု''သန္ဓိ၏အစီအရင်ပြပါ၌မျှား။
(ခ) ကိတ်ကျမ်းလာ''တု''ပစ္စည်းသက်ရာ ဥဒါဟရဏာပြပါ၌တို့ကို ပါဠိမှန်ကန်စွာရေးပြပါ။

၂။ အောက်ပါတို့ကို အနက်မှန်မှန်ပေးပြပါ-
(က) ဒူရန္တိ-စသောသုတ်၏ ''စ''သန္ဓိအကျိုးပြပါ၌၊
(ခ) အသဓာတ်နောင် အစီအရင်နှစ်မျိုးပြုသောသုတ်၊ ဉာဓာတ်နောင် နာပစ္စည်းကို အစီအရင်နှစ်မျိုးပြုသုတ်၊
(ဂ) သူဝုသာန မူဝုံသာန မတောထော စ၊ ကုသေ ဥဒ္ဓိသဒါနေ အလန္တိ ဇ၊ ကုသလံ၊ ကုသေ သဠယေ ဓမ္မသမုဒါယေ အလန္တိ ဇ၊ ကုသလံ။

http://www.dhammadownload.com

၃။ (က) ခတ္တိယကညာ–ကိုသမာသ်ရပ်၊ (ခ) ကာသာဝံ–ကို တဒ္ဓိတ်ရပ်၊ (ဂ) ဇာညာ–ကို အာချာတ်ရပ် အကျဉ်းစိုရင်ပြပါ။

၄။ ယောဂီ၊ သုခကာရီ–ပုဒ်တို့၏ လိင်, ဝိဂြဟ်း, ကာရန်တို့ကို ဖော်ပြလျက်၊ ဒါဓာတ်နောင် အဇ္ဇတ္တနိ ပရသဿပုဒ် ပထမပုရိသ်ဖြင့် ကတ္တုရုပ် ပဒမာလာစဉ်ပြီးလျှင်၊ အန္ဓဒါယက၊ အန္ဓ–ပုဒ်တို့၏ ဓာတု+ ပစ္စယကိုလည်း ညွှန်းပြပါ။

၅။ မနောပုဗ္ဗင်္ဂမာ–ဟူသော ပုံစံ၌ ပကတိပြုရခြင်း၏ ရည်ရွယ်ချက်ကိုကစွဉ်းကျမ်းလာ အတိုင်း ရေး၍၊ ''ဣဒံ တေ ရဋ္ဌံ''ဟူ၍လည်းကောင်း '' တေ ဣဒံ ရဋ္ဌံ''ဟူ၍ လည်းကောင်း ဝါကျနှစ်မျိုးတို့တွင် မည်သည့်ဝါကျမှန်သည်ကို အကြောင်းပြဆုံးဖြတ်ပြီး ဒူရံ ဂါမံ အာဂတော၊ ဒူရေန ဂါမေန ဝါ အာဂတော–ပုံစံတို့၌ ဝိဘတ်သက်ပုံစနစ်ကိုလည်း သုတ်ညွှန်း၍ ရှင်းပြခဲ့ပါ။

၆။ အာဏာတျာ'သိဒ္ဓေ နတ္တကာလေ ပဋမိ–သုတ် ၌ အာဏာတျတ္ထ, အာသိသတ္ထတို့၏ သဘော သွားကို ပုံစံနှင့်တကွ ရှင်းပြ၍၊ သတ္တာ သုတ္တာန ဓမ္မံ မောဒန္တိ–၌ ဇကကတ္တုက ဖြစ်ပုံကို ဖြေဆိုပြီးလျှင်၊ သုဝိန–ပုဒ်ကို ဝိဂ္ဂဟနှစ်မျိုးပြု၍ သာဓနခွဲပြပါ။

၇။ ဣဿတ္တာဘာဝေတု–သုတ်၌ သက်သောပစ္စည်းများကို လိင်အလိုက်ခွဲခြားဖြေဆို၍၊ ''သော စ ဂဆ္ဆတိ၊ တဉ္စ ဂစ္ဆိသတိ၊ အဟံ ဂစ္ဆိ''ဟူသော ပြယုဂ်တို့၌ မယံ ဂစ္ဆိမှာဟု ပုဂိုလ်ပြီးနိုင်/မပြီးနိုင် ဖြေဆိုလျက်၊ ကရဿ သပစ္စယဿ ကာဟော–သုတ်၌ သပစ္စယ–သဒ္ဒါ၏ အစီအရင်တို့ကိုလည်း ဖြေဆိုခဲ့ပါ။

၈။ သံဟနာညာယဝါရောဃော–သုတ်၏ အစီအရင်ကို ပုံစံထုတ်ရှင်းပြပြီး၊ ကတ္တုကရဏ ပဒေသေသု စ–သုတ်၌ ပဒေသ–အရနှင့် စ–သဒ္ဒါ၏ အဓိပ္ပါယ်ကိုလည်း ပြယုဂ်နှင့်တကွ ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com

၉။ ပေသာတိသုဂ္ဂ-စသောသုတ်၌ ပေသန, အတိသဂ္ဂ, ပတ္တကာလတို့၏အဓိပ္ပါယ်ကို ရှင်းပြ၍၊ ဂဟသုပဓေယ္ယ ဇါ-သုတ်၌ "ဥပဓာ"ဟူသည် အဘယ်ပါနည်း ဖြေဆိုခဲ့ပါ။

၁၀။ အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ဆိုရိုးကျ ရေးပြပါ-
(က) အာမေဍိတ်၊ (ခ) ဇကန္တဓာတ်၊ (ဂ) ဝိဂွဟ။

၁၃။ ရရိုင်ပြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ ကုစ္စည်းသန့်ကြိုးဘာသာ

၁။ (က) (ဣဂ္ဂတ္တာ ဘာဝေတု, ဝိသတိဒေသေသု ဇာဒိသေတု-သုတ်လာ အစိအရင်များကို ရေးလေ။)
(ခ) (သဗ္ဗတော ဣဂ္ဂတဒဝိ ဇါ-သုတ်လာ အတိုင်းရေးလေ)

၂။ (က) (ထင်ရှားပြီ)
(ခ) (အသသ္မာ ဓိမာနံ ပှိမှာန္တလောပေါ စ။
နာသေ လောပေါ ယကာရတ္တံ-သုတ်ဆိုင်ရာရေးလေ)
မှတ်ချက်။ ။ အသဓာတ်နောင် တိသ္သတ္တိတ္တံ တုသေ တ္တတ္တံ-သုတ်တို့လည်းဆိုင်သည်။
(ဂ) (သုတ်နက်ထင်ရှားပြီ)
ဇါ-တစ်နည်းကား၊ ကုသေ-ဥဒ္ဓိသေဒါနေ-ရည်စူး၍ပေးခြင်း၌၊ အလံ-ထိုက်၏၊ ဂ္ဂတိ-ထို့ကြောင့်၊ ကုသလံ-မည်၏။ ဇါ- ကား၊ ကုသေ သဋ္ဌေယေ ဓမ္မသမုဒါယေ-ဆည်းပူးအပ် ဧသောတရားအပေါင်း၌၊ အလံ-ထိုက်၏၊ ကုသလံ- ဆည်းပူးအပ်သော တရားအပေါင်း၌ ထိုက်၏။

၃။ (က) ခတ္တိယာ+စ+တာ+ကညာ+စ-တည်၊ နာမ်ရုပ်စိရင်၍ ခတ္တိယာ စ သာ ကညာ စာတိ-အနက်၌ ဒွိပဒေ ကုလာဒိကရဏေ ကမ္မဓာရယော-ဖြင့် ခတ္တိယာနှင့် ကညာ-ကို သမာသ် စပ်၍ ကမ္မဓာရဲသမာသ်အမည်မှည့်၊ နာမာနံ သမ်သော

http://www.dhammadownload.com

ယုတ္တာထွေ-ပြင့် ယုတ္ထာထွ သမာသ်အမည်မှည့်၊ တေသံ ဝိဘတ္တိယော လောပါ စ-ပြင့် သမာသ်၏ ဝိဘတ်တို့ကို ဧ-ချေ၊ တေသံ-သန္နိပြင့် စ-သန္နိ တ-သန္နိတို့ကို ချေ၊ ပကတိစသ သရန္တသ-ပြင့် ခတ္တိယာ ကညာ-ဟု ပကတိပြု၊ ဥဘော တပ္ပုရိသာ-ပြင့် တပ္ပုရိသ်အမည်မှည့်၊ ကမ္မဓာရယသညေ စ-ပြင့် ခတ္တိယာ-ဟူသော ရှေ့ပုဒ်ကို ပုံလိင်ငဲ့၊ နာမ်ငဲ့၊ သိသက်၊ ချေ၊ ခတ္တိယကညာ ပြီးပြီ။

(ခ) ကသာဝ+ရတ္တာ-တည်၊ နာမ်ရုပ်စိရင်၍၊ ကာသာဝေန ရတ္တာ့-အနက်၌ ဏရာဂါ တဿေဒ မညတ္ထေသု စ-ပြင့် ဏ-ပစ္စည်းသက်၊ တေသံ ဝိဘတ္တိယောလောပေါ စ-၌ တေသံ-သန္နိပြင့် တန္ဓိတ်ဝိဘတ် ရတ္တာတို့ကို ချေ၊ ပကတိ စသ သရန္တသ-ပြင့် ကာသာဝ ဏ- ဟု ပကတိပြု၊ တေသံ ဧကော လောပံ-ပြင့် ဏအနုဗန်ကို ချေ၊ ဝုဒ္ဓိဒီသရဿ-စသောသုတ် ဖြင့် က-၏ အ-ကို အာဝုဒ္ဓိပြု၊ ဝ-ခွင်း၊ ချေ၊ ကပ်၊ နာမ်ငဲ့၊ သိသက်၊ အံ-ပြု၊ ကာသာဝံ ပြီး၏။

(ဂ) ဉ-တည်၊ ဉ အဝဇောဓနေ- ဓာတ်မှည့်၊ ဓာတွန်မချေစေရ၊ အနုမတိ ပရိကပ္ပ ထွေသု သတ္တမီ-ပြင့် ဇယျဝိဘတ်သက်၊ ကိယာဒိတော နာ-ပြင့် နာ-ပစ္စည်းသက်၊ နာသ လောပေါ ယကာရတ္တံ-ပြင့် နာ-ကို ချေ၊ ဇယျသ ဉတော ဂ္ဂယာ ဉ-ပြင့် ဇယျ-ကို ဉ-ပြု၊ (ဉ+ဉ) ဉသ ဇဇံနာ-ပြင့် ဉဓာတ်ကို ဇံ-ပြု၊ (ဇံ+ ဉ) နိဂ္ဂဟိတ်ကို စဝဂ္ဂန္တ ဉ-ပြု၊ ဉ - ဉ-သို့ကပ်၊ ဇညာ ပြီး၏။

၇၊ ယောဂိ- ပုံလိင်၊ ရတ္တာဒိဂိဏ်း၊ ဤကာရန္တ။
သုခကာရီ- နပုံလိင်၊ ရတ္တာဒိဂိဏ်း၊ ဤကာရန္တ။

ပဒမာလာ

အဒေ် ဒေ် အဒေ် ဒေ် အဒေ်သိ အဒေ်ဒုံ ဒုံ အဒေ်သု ဒေ်သု အဒံသု ဒံသု။
အဒေ်ဇိ ဒေ်ဇိ အဒေ်ဇိ ဒေ်ဇိ အဒေ်ဇျံ ဒေ်ဇျံ အဒေ်ဇိသု ဒေ်ဇိသု အဒေ်ဇျံသု ဒေ်ဇျံသု။

ဓာတု ပစ္စယ

အန္ဓဒီယံက- အန္ဓသဒ္ဒါပဒေ ဒီဓာတ်၊ ဏ္ဍု-ပစ္စည်း။
အန္ဓ- အမဓာတ်၊ ကွိပစ္စည်း၊ (ရူအလို) က-ပစ္စည်း။

http://www.dhammadownload.com

၅။ ဗိနဝစနယုတ္တံ ဟိ–နှင့်အညီ မြတ်စွာဘုရား၊ပါဠိတော်အား လျော်စေရန် ရည်ရွယ်ချက်ဖြင့် ပကတိပြုရပါသည်။

ဇါကျွ– ပုဒ်နောင်သာ တေ မေ–ပြုရသည်၊ ပါဒ၏ အစ၌ တေ မေ–မပြုရသောကြောင့် ကုဒ် တေ ရဠံ–ဟူသော ပါဠိသာမှန်သည်။ တေ ကုဒ် ရဠံ–ဟူသောပါဠိ မမှန်ပါ။

ဝိဘတ်သက်ပုံစနစ်

ဒူရန္တိ စသောသုတ်ဖြင့် အပါဒါန်မှည့်၍ ဤဒူရန္တိသုတ်လာ စသဒ္ဒါဖြင့် ဒုတိယာဇကဝုစ် အံဝိဘတ်သက်၊ ဒူရံ ဂါမံ ဖြစ်၏။ တတိယာဇကဝုစ် နာဝိဘတ်သက်လျှင် ဒူရေန ဂါမေန–ဖြစ်၏။

၆။ စေခိုင်းခြင်း အနက်သည် အာဏာတ္ထော။

ပုံစံ – ဒေဝဒတ္တော ဒါနိ သြဒနံ ပစတု။

အလိုရှိအပ်သော မရောက်သေးသော အနက်ကိုတောင့်တခြင်းသည် အာသီသတ္ထော။

ပုံစံ– သော သုခီ ဘဝတု။

ဇကကတ္တုကဖြစ်ပုံ

သတ္တာ သုတ္တာန ဓဖွံ မောဒန္တိ–၌ သုတ္တာန အရ နာကြားခြင်းကြိယာ၏ ကတ္တားသည် သတ္တာ–ဖြစ်သည်။

မောဒန္တိ အရ ဝမ်းမြောက်ခြင်းကြိယာ၏ ကတ္တားသည်လည်း သတ္တာပင်ဖြစ်သည်။ ဤကဲ့သို့ သုတ္တာန ကြိယာနှင့် မောဒန္တိကြိယာတို့၏ ကတ္တားသည် သတ္တာ–အဖြစ်တူသောကြောင့် ဇကကတ္တုကဖြစ်သည်။

ဝိဂွတ ၂–မျိုး

သုပတိတိ သုပိနံ။ (ကတ္တုသာဓန) သုပိယတေ သုပိနံ။ (ဘာဝသာဓန)

၇။ ဏျ၊ တ္တု၊ တ္တုန–ပစ္စည်းတို့သည် နပုံလိင်။ တာ–ပစ္စည်းသည် ကုတ္တိလိင်။

ဆောင်။ ဏျ တ္တု နှင့် တ္တုန–သုံးဖြာ၊ နပုံးသာ၊ တာမှာ ကုတ္တိမြဲ။ (လက်ဆောင်)

ပုရိသ်ပြီးပုံ

ကာလကွဲပြားသောကြောင့် မယံ ပစိမှာ–ဟု ပုရိသ်မပြီးနိုင်ပါ။

http://www.dhammadownload.com

သပ္ပစ္ဆယသဒ္ဒါအဓိအရင်

သပ္ပစ္ဆယဿဒ္ဒါဝိဖြင့် ဝက္ခာမိ ဝက္ခာမ ဝစ္ဆာမိ ဝစ္ဆာမ-စသော ပြယုဂ်တို့၌ ကရဓာတ်မှ အခြားသော ဓာတ်တို့မှနောက်၌လည်း ဘဝိဿန္တိဝိဘတ်ကို ခါမိ ခါမ ဆာမိ ဆာမ-ပြုရသည်။ (ကစ္စည်း)

(တစ်နည်း) သပစ္ဆယသဒ္ဒါဝိဖြင့် လစ္ဆတိ ဝက္ခတိ-စသည်တို့၌ လဘ ဝသ ဆိဒ-စသော ဓာတ်နောင် သ-ကို ဆ-ပြု၊ ဝစ မုစ ဘုဇ-စသော ဓာတ်နောင် သ-ကို စ-ပြု။ (ရူ) (စစ်ကိုင်း နံပါတ် ၇-လည်းရှု)

၈။ သံယော-၌ သံရှေးရှိသော ဟန-ဓာတ်၊ ရ-ပစ္စည်းသက်၍ ဟန-ကိုလည်း ဃ-ပြုရသည်။ ပရိ၏, အန္တကော-စသော သံပုဗ္ဗ ဟနမှ အခြားသော ဓာတ်နောင် ရ-ပစ္စည်းသက်ရသည်၊

ပဒေသ-အရ

အဓိကရဏသာဓနကို ယူရမည်။ စ-သဒ္ဒါဖြင့် သမ္ပဒါနသာဓန အပါဒါန သာဓနတို့လည်း ယု-ပစ္စည်းသက်ရသည်။

၉။ **ပေသန-အရှင်သည် ဤကိစ္စကို ပြုရမည် (ဝါ) ပြုလော-ဟု စေခိုင်းတိုက်တွန်းခြင်း။**
အတိသဂ္ဂ-အကျွန်ုပ်သည် ဤအမှုကို ပြုရမှာပါလား-ဟု မေးအပ်သော အမှုကိုသော်လည်းကောင်း သတ္တဝါတို့ကို မသတ်ထိုက်-စသော ကျင့်ဝတ်ကို ပြုခြင်းအမှုးပြုသဖြင့် ပြုထိုက်သော အမှုကိုသော်လည်းကောင်း ခွင့်ပြုခြင်း။
ပတ္တကာလ-မိမိ၏ ကိစ္စပြုချိန်ကို အမှတ်တမဲ့မပြုဘဲနေသူအား အချိန်ကို ပြောကြားခြင်း။
ဥပမာ- အဆုံးအက္ခရာမှ ရှေ့အက္ခရာ။

၁၀။ (ပုဒ်စစ်ထင်ရှားပြီ။)

http://www.dhammadownload.com

၁၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်တောင်ပိုင်း)
ပထမကြိုးတန်း ။ ။ ကစွညီးသန့်ကြိုးဘာသာ
၁၃ဖိစ–၃၄၅၊ နှောင်းတန်ခူးလပြည့်ကျော်(၃)ရက်၊ (၄–၄–၂၀၀၇)ဗုဒ္ဓဟူးနေ့

၁။ (က) တန်ခိုတ်ကျမ်းလာ ဇကာသိက်ပြုသောသူတ်၊ (ခ) ဥဏှာဒ်ကျမ်းလာ တ္တာ–ပစ္စည်းသက်သောသုတ်တို့ကို သုတ်, ဝုတ္တိ, ဥဒါဟရဏ် စုံလင်စွာပါဠိဋ္ဌေးပြပါ။

၂။ သန့်ကျမ်းနှံ့စပ်သည့်ပုဂ္ဂိုလ်ဖြစ်သည့်အလျောက် အောက်ပါပါဠိတို့ကို မှန်ကန်စွာ အနက်ဖွေးပြပါ–
(က) သက္ကမန္တာတု ဣဝ အဿ ရာဇိနော ဝိဘဝေါ၊
(ခ) သာခု သမ္မုတိ မေ တဿ ဘဂဝတော ဒဿနာယ၊
(ဂ) ရုဒတော ဒါရကဿ ပဇ္ဇဇိ၊
(ဃ) အဿယုဇော၊

၃။ "သန့်မြင်သိ ကဉ်တစ်ပါး"ဖြစ်ဓေရန် အောက်ပါတို့တွင် (က)ကို ပုဒ်ဖြတ် (ခ)ကို သမာသ် ဝိဂြိုဟ် (ဂ)ကို တန်ခိုတ်ဝိဂြိုဟ် (ဃ)ကို ကိတ်ဝိဂြိုဟ် ပြုပြပါ–
(က) ပုထဿု ဗျဥ္ဇနေ၊ (ခ) မေထုနာပေတော၊ (ဂ) ဒုတိယော၊ (ဃ) ဝေဒနာ။

၄။ "နာမ်ဝိုင်လျှင် သန့်တစ်ဝက်ဝိုင်သည်" ဟူသော သန့်ဆရာတို့၏စကားအရ ဓေနုသန့်ကို ဒုတိယာ,တတိယာ,စတုတ္ထီ,သတ္တမီဝိဘာတ်တို့ဖြင့် နာမ်ဂိုဏ်းစဉ်ပြပြီးလျှင်၊ အဝသာလောကိုလည်း သမာသ်ရုပ်ကျဉ်းစီရင်ပြပါ။

၅။ သေသတော လောပံ ကသိဝိ–သုတ်၌ သေသအပါဒါန်အရ၊ သေသအရတို့ကို ထုတ်ပြပြီးလျှင်၊ တွာလောပေ အဓိကရဏော–၌ တွာလောပေ–ဟူသည် တွာ–ပစ္စည်းကျော်သည်ကို မှတ်ရမည်လော? ဖြေဆိုပါ။

http://www.dhammadownload.com

၆။ ''အဗျာယိဘောသမာသ'' ဟု သိခြင်းလက္ခဏာကို ဖော်ပြပြီးလျှင်၊ ယုဇ-ဓာတ်ကိုလည်း သတ္တမီ အတ္တနောပုဒ်ဝိဘာတ်ဖြင့် ကတ္တုရုပ်အာချာတ်ဂိုဏ်းစဉ်ပြပါ။

၇။ နိဒ္ဒါရဏော စ-သုတ်၌ နိဒ္ဒါရဏအပြား(၄)ပါးကို ပုံစံနှင့်တကွ ယှဉ်တွဲဖြေဆိုပြီးလျှင်၊ ပဥ္စမျတ္ထေ စ-သုတ်၌ စသဒ္ဒါအကျိုးကိုလည်း ဖြေဆိုပါ။

၈။ မာယူန မာဂမော ဌာနေ-သုတ်ဖြင့် ဇ, ညြ-ဝဏ္ဏလာရမည့်ဌာနများကို ရူပသိဒ္ဓိဆရာအလိုက် ညွှန်ပြပြီးလျှင်၊ ဝုဒ္ဓိသရဿ ဝါ-စသောသုတ်၌ ဝုဒ္ဓိသဒ္ဒါပျက်ပြီး ဖြစ်ပါလျှက် တေသု ဝုဒ္ဓိ-သုတ်၌ ဝုဒ္ဓိ-သဒ္ဒါထပ်ဆိုရခြင်းအကြောင်းကိုလည်း ရှင်းပြပါ။

၉။ ဘဝိဿသန္တိဝိဘတ်သည် အနာဂတ်ကာလ၌သာ သက်နိုင်ပါလော့ ဥဒါဟရဏ် အကြောင်းနှင့်တကွ ရှင်းပြပြီးလျှင်၊ ဘောအနက်၌ သက်နိုင်သော ဝိဘတ်တို့ကိုလည်း အကြောင်းပြ၍ ဖြေဆိုပါ။

၁၀။ အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာသည့်အတိုင်း ပုံစံထုတ်၍ ဖြေဆိုပါ-
(က) ဒိဂုဿမာသ်မည်ပုံ၊ (ခ) အကမ္မက သကမ္မကဓာတ်မည်ပုံ။

၁၃။ ရှမ်းပြည်နယ်တောင်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘာသာ

၁။ (က) သရူပါနမေကသေသွဲသကိ်။
(ခ) ဘျာဒိဟိ မတိဗုဓိပူဇာဒိဟိ စ ကွော-သုတ်ဆိုင်ရာကို ပါဠိရေးလေ။

၂။ (က) အဿ ရာဇိနော-ဤမင်း၏၊ သက္ကာမန္ဓာတု ကွာဝ=သက္ကာမန္ဓာတ်မင်း၏ကဲ့သို့။
ဝိဘာဝေါ= စည်းစိမ်သည်၊ ဟောတိ-၏။

http://www.dhammadownload.com

(ခ) တသ ဘဂဝတော_ ထိုမြတ်စွာဘုရားကို၊ ဒဿနာ=ဖူးမြင်ရခြင်းငှာ၊ မေ=တပည့်တော်အား။ သမ္ဗုတိ=သမုတ်ခြင်းသည်၊ သာစု=ကောင်း၏။

(ဂ) ဒါရကဿ_သူငယ်သည်၊ ရဒတော=ငိုစဉ်(ပိတာ_အဘသည်) ပဗ္ဗဇိ_ရဟန်းပြုပြီ။

(ဃ) အဿယုဇော (အဿဇဇုဇနကွတ်နှင့်ယှဉ်သော) သိတင်းကျွတ်လ။

၃။ (က) ပုထဿ+ဉ+ဗျဥ္ဇနေ၊

(ခ) မေထုနာ အပေတော မေထုနာပေတော။

(ဂ) ဒွိန္နံ ပုရဏော ဒုတိယော။

(ဃ) ဝေဒယတိတိ ဝေဒနာ။

၄။

ဒုတိယာ	ဓေနုံ	ဓေနူ၊ ဓေနုယော။
တတိယာ	ဓေနုယာ	ဓေနုဟိ၊ဘိ၊ ဓေနုဟိ၊ ဘိ။
စတုတ္ထိ	ဓေနုယာ	ဓေနူနံ၊ ဓေနုနံ။
သတ္တမိ	ဓေနုယာ ဓေနုယိ၊ ဓေနူသု၊ ဓေနုသု။	

သမာသ်ရုပ်ကျဉ်း

မှတ်ချက်။ အဝသလော_ဟုပ္ပဇ္ဇာဒ္ဒ ရှိသော်လည်း ကစ္စည်း,ရူကျမ်းတို့၌ ယင်းပြယုဂ်မတွေ့ရ။ နှင့် ဝသလတွဲသော အဝသလော_ဖြစ် မည်ဟုထင်သည်၊ ယင်း အဝသလော_ကိုသာ ရုပ်တွက်ပြမည်။

နဝသလ_တည်၊ နာမ်ရုပ်စိရင်၍ နဝသလော အနက်၌ ဒွိပဒေ တုလျာဓိကရဏော ကမ္မဓာရယော_ဖြင့် နှင့် ဝသလကို သမာသ်စပ်၍၊ ကမ္မဓာရယ်သမာသ်အမည်မှည့်၊ နာမာနံ သမာသော ယုတ္တတ္ထော_ဖြင့် ယုတ္တတ္ထသမာသ်အမည်မှည့်၊ တေသံ ဝိဘတ္တိယော လောပါစ_ဖြင့် သမာသ်ဝိဘတ်တို့ကိုချေ၊ ပကတိစသ သရန္တသ_ဖြင့် ပကတိပြု၊ ဥဘောတပ္ပုရိသာဖြင့် တပ္ပုရိသ်အမည်မှည့်၊ အတ္တံ နသ တပ္ပုရိသေဖြင့် န_ကို အ_ပြု၊ တဒ္ဓိတ_စသောသုတ်ဖြင့် နာမ်ငဲ့၊ သိသက်၊ ဩ_ပြု၊ လ်ခွင်း၊ချေကပ်၊ အဝသလော_ပြီး၏။

၅။ **သေသအဟိဒါနိအရ**_သိ, သော,သျာစ_စသောသုတ်တို့ဖြင့် စိရင်အပ်သောလိင်၊ **သေသ**_**အရ** သိ,သော,သျာစ_စသောသုတ်တို့ဖြင့် စိရင်အပ်သောလိင်တို့မှကြွင်းသောလိင်။

http://www.dhammadownload.com

တွာလောပ–ဟူသည် တွာပစ္စည်းကျသည်ကိုပင် မမှတ်ရပါ။ တွာပစ္စယန္တ အနက်ဖြစ် သင့်လျက် မရှိခြင်းကို တွာလောပဟုဆိုသည်။

၆။ အဗျယီဘောလက္ခဏာ

၁။ ဥပသာရပုဒ်, နိပါတ်ပုဒ် ရှေ့ရှိခြင်း။

၂။ ဥပသာရပုဒ်, နိပါတ်ပုဒ်အနက်ပြဋ္ဌာန်းခြင်း။

ဆောင်။ ။ ဥပသာရ၊ နိပါတာတို့၊ ရှေ့ကရှိနေ၊ ပြဋ္ဌာန်းချေ၊ ဧါလေအဗျယီ၊ နုပုံးသိ။ (သဒ္ဒါလင်္ကာဆောင်)

ကတ္တုရူပ်

ယုဇ္ဈေထ၊	ယုဇ္ဈေရုံ၊
ယုဇ္ဈေထော	ယုဇ္ဈေယျာဝေါ။
ယုဇ္ဈေယျံ, ယုဇ္ဈေ	ယုဇ္ဈေယျာမေ့။

၇။ ၁။ ဇာတိနိဒ္ဒါရဏာ – မနုဿာနံ ခတ္တိယော သုရတမော။

၂။ ဂုဏာ နိဒ္ဒါရဏာ – သာမာ နာဂိနံ ဒဿနီယတမာ။

၃။ ကြိယာနိဒ္ဒါရဏာ – ပထိကာနံ ဓာဝန္တော သိဃတမော။

၄။ နာမနိဒ္ဒါရဏာ – အရဟတံ အာနန္ဒော ပညဝါ။

စ–သဒ္ဒါသည် ပဌမိအနက်ကို ပေါင်းခြင်းအကျိုးရှိသည်။

၈။ ဝုဒ္ဓိလာရာဌာန– (ပဲခူး အရွေ့ နံပါတ် ၈–ရှ)

ဝုဒ္ဓိ–သဒ္ဒါထပ်ဆိုရကြောင်း–

နောက်ပုဒ်၌ ဝုဒ္ဓိအပြုကို သိစေလိုသောကြောင့် ဝုဒ္ဓိသဒ္ဒါ ထပ်၍ဆိုသည်။

၉။ အနေကဇာတိသံသာရံ သန္ဓာဝိဿံ–စသည်တို့၌ အတိတ်ကို အနာဂါတ်အဖြစ် ဆိုလိုသောကြောင့် ဤသုတ်ဖြင့် အတိတ်ကာလ၌လည်း ဘဝိဿန္တိဝိဘတ်သက်နိုင်ပါသည်။ ဒြဗ်မဟုတ်သောဘောသည် တစ်ခုတည်းဖြစ်သောကြောင့် ဘောအနက်၌ ပထမာဇေကဝုစ်ဝိဘတ်သာ သက်နိုင်ပါသည်။

၁၀။ ပုဒ်စစ်ထင်ရှားပြီ။

http://www.dhammadownload.com

၁၅။ ဝထမပြန်စာပေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်မြောက်ပိုင်း)
ပထမကြိမ်တန်း ။ ။ ကစွညးသန့်ကြိမ်းဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၃)ရက်၊ (၄-၄-၂၀၀၇)ဗုဒ္ဓဟူးနေ့

၁။ ဇီဝကအနက်, ဒိဗ္ဗအနက်တို့၌ ကံက-ပစ္စည်းဖြင့်ပြီးသော ပြယုဂ်ပုံစံများကို ကုန်စင်အောင် ပါဠိဋ္ဌေးပါ။

၂။ တောင့်တခြင်းအနက်သဘောပါရှိသော နာမည်ဟောပုဒ်တို့၌ တိ-ပစ္စည်း, ကိတ်ပစ္စည်း ဖြင့် ပြီးသော ပြယုဂ်ပုံစံများကို ကုန်စင်အောင် အနက်ပေးပါ။

၃။ (က) သဝနိယံ၊ (ခ) အလမရိယဉာဏဒဿနံ၊ (ဂ) အပ္ပေဝ နာမ-တို့ကို ပုဒ်ဖြတ်၍၊ (ဃ) ဥပဓိ+အဓိကိသရဝစနေ၊ (င) အက္ကောဇေသ+ နပို+ အာနိ-တို့ကို ပုဒ်စပ်ပြီးလျှင်၊ ဇရာ-ကို ကိတ်ရုပ်အကျဉ်းတွက်ပြပါ။

၄။ အောက်ဖော်ပြပါ (က)(ခ)တို့ကို ဓာတ်, ပစ္စည်း, ဝိဘတ် (ဂ) (ဃ)တို့ကို ဓာတ်, ပစ္စည်းခွဲပြပြီးလျှင်၊ ဘူဓာတ်ကို သတ္တမီဝိဘတ် အတ္တနောပုဒ်နှင့် ကတ္တုရုပ်စဉ်ပြပါ-
(က) ဒေဝယတိ၊ (ခ) နိသီဒီသု၊ (ဂ) ဗျာနံ၊ (ဃ) ဥယျုံ။

၅။ ''အုဗ္ဘာ ရဿမေကဝစနယောသွဝိ စ''သုတ်၌ လာသော အဝိ-သဒ္ဒါနှင့် ရဿမပြုရ-ဆိုရာ မည်သည့်လိင် မည်သည့်ဝိဘတ်နှောင်းရာ၌ ရဿမပြုရသည်ကို ပါဠိအထောက်နှင့် တကွ ပြယုဂ်ထုတ်၍ ရှင်းပြီး၊ ''မနောဂဏာဒိတော''သုတ်စသည်၌ လာသော မနောဂိုဏ်း ၌ စိရင်သောအာဒိ-သဒ္ဒါအကျိုးသုံးမျိုးကို အဓိပ္ပါယ်ပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။

၆။ ''ကရဿ သပ္ပစ္ဆယဿ ကာဟော''၌ (က) ပစ္ဆယ၊ (ခ)သပ္ပစ္ဆယ-တို့၏အရုကို ကောက်ပြ၍၊ ယု-ပစ္စည်း၏သာဓနများကို ဆိုင်ရာသုတ်များဖြင့် ထုတ်ပြပြီးလျှင်၊ ''သာသဒိသတော တဿ ဂိဒ္ဓော စ''သုတ်၌ စ-သဒ္ဒါ၏အကျိုးကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ ကြိယာပဝဂ္ဂ၏ အဓိပ္ပါယ်ကို ပုံစံတစ်ထုတ်၍ ရှင်းပြပြီးလျှင် ပါပါ စိတ္တံ နိဒါရယေ– ပုံစံ၌ အပါဒါန်ဖြစ်သင့်ပုံကိုလည်း ရှုပသိဒ္ဓိဆရာအလိုကျ ရှင်းပြခဲ့ပါ။

၈။ ဝိသဘာဂတ္ထာဒီနဉ္စ–၌ အာဒိသဒ္ဒါဖြင့် ယူရမည့် အနက်ဟောသဒ္ဒါများကို ရေးသားဖြေဆိုပြီးလျှင်၊ ကောဏ္ဍညော, ယောဗ္ဗနံ–တို့ကို တဒ္ဓိတ်ရုပ်ကျဉ်း တွက်ပြခဲ့ပါ။

၉။ ''အနုဘူယတေ သုခံ ဒေဝဒတ္တေန''၌ ကံပုဒ်နှင့်ကတ္တားပုဒ်တို့သည် အဘယ့်ကြောင့် ဒုတိယာဝိဘတ်, ပထမာဝိဘတ် မသက်ရသည်ကိုရှင်းပြ၍ ဘောအနက်, ကံအနက်တော ကိစ္စပစ္စည်းတို့၏ လိင်နှင့် ''တဝေတုနာဒိသုကာ''၌ ပါသော အာဒိသဒ္ဒါ၏ အရကိုလည်း ဖော်ပြခဲ့ပါ။

၁၀။ (က) ဘာဝသာဓန၊ (ခ) ပရိဘာသာသုတ်၊ (ဂ) ဥပရိဘာသာသုတ်မည်ပုံတို့ကို ပြယုဂ်ပုံစံနှင့် တကွ အသီးသီးရေးခဲ့ပါ။

၁၅။ ရှမ်းပြည်နယ်မြောက်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘာသာ

၁။ ဇိဝကအနက်–

ဥရမ္ဘံ ဟန္ဒာ ဇိဝတိတိ ဩရမ္ဘိကော၊ ဥရမ္ဘံ ဟန္ဒာ ဇိဝတိ ဝါ။
မဂံ ဟန္ဒာ ဇိဝတိ မာဂဝိကော၊ မဂံ ဟန္ဒာ ဇိဝတိ ဝါ။
ဇဝံ သောကရိကော၊ သာကုဏိကော။

ဒိဗ္ဗအနက်–

အက္ခေန ဒိဗ္ဗတိတိ အက္ခိကော၊ အက္ခေန ဒိဗ္ဗတိ ဝါ။
ဇဝံ သာလာကိကော၊ တိန္ဒုကိကော၊ အမ္ဗဖလိကော၊
ကပိဋ္ဌဖလိကော၊ နာဠိကေရိကော ဣတ္တိယွဝမာဒိ။

၂။ (တိကိတ်စာ သိဒ္ဓေ–သုတ်လာ ပြယုဂ်တို့ကို အနက်ရေးလေ။)

http://www.dhammadownload.com

၃။ (က) သဝနိယံ- သု +အနိယံ။
(ခ) 'အလံ + အရိယဉာဏဒဿနံ။
(ဂ) အဝိ +ဇဝနာယ။
(ဃ) ဥပချာဓိကိသရဝစနေ။
(င) အက္ကောသေ နမှာနိ။

ကိတ်ချပ်ကျဉ်း

ဇရာ-ကို ဇရ-တည်၊ ဇရ-ဝယောဟာနိမှိ၊ ဓာတ်မှည့်၊ ဓာတွန်ချေ၊ ကွာထွိယ မတိယဒေါ် ဝါ-ဖြင့် အ-ပစ္စည်းသက်၊ ကွာထွိယ မတော အာပစ္စယော-ဖြင့် အာ-ပစ္စည်းသက်၊ ချေ၊ ကပ်၊ နာမ်ငဲ့၊ သိသက်၊ ချေ၊ ဇရာ-ပြီး၏။

၄။ (က) ဒေဝဟူသော နာမဓာတ်၊ ဏာယ-ပစ္စည်း၊ တိ-ဝိဘတ်။
(ခ) နိပုဗ္ဗ သဒဓာတ်၊ အ-ပစ္စည်း၊ ဥံ-ဝိဘတ်။
(ဂ) ဈေဓာတ်၊ ယု-ပစ္စည်း။
(ဃ) ဉာ ဓာတ်၊ ဏွ-ပစ္စည်း။

ကတ္တုရူပ်စဉ်-

ဘဝေထ၊ ဘဝေရံ၊ ဘဝေထော၊ ဘဝေယျာဝေါ၊ ဘဝေယျံ, ဘဝေ၊ ဘဝေယျာမေ့။

၅။ လိင် - ကွာထွိလိင်၊ ပုံလိင်၊
ဝိဘတ် - သိဝိဘတ်၊
ပြယုဝ် - ကွာထွိ၊ ဘိက္ခုနိ၊ ဝဂူ၊ အဏ္ဏိ၊ သယမ္ဘူ။
အထောက်- နှ သိ သွိမနပုံသကာနိ၊
သိ သွိ အနပုသကာနိ လိင်္ဂါနိ နှ ရဿ မာပဇ္ဇန္တေ့။

အာဒိသန္ဒိ အကျိုးသုံးမျိုး

မနောဂဏာဒိတော သွိ နာနဝိအာ-သုတ်လာ အာဒိသန္ဒိသည်- ဗိလသိ၊ ဗိလသာ၊ ပဒသိ၊ ပဒသာ-စသည်တို့၌ အခြားသောသန္ဒိနောက်၌လည်း သွိ-ကို ကွာ၊ နာ-ကို အာ-ပြုရခြင်းအကျိုးရှိသည်။

ဇေတသမောလောပေ-သုတ်လာ အာဒိသန္ဒိသည် အပေါသမေနှ၊ ဇါယော သမေန-ပြယုဝ်တို့၌ မနောဂိဏ်းမှတစ်ပါးသော သန္ဒိတို့၏ အဆုံးသရကို ဩ-ပြုရခြင်း အကျိုးရှိသည်။

http://www.dhammadownload.com

သသရေ ဇါဂမော–သုတ်လာ အာဒိသန္ဒါသည် မာနသိကံ၊ ဇါစသိကံ–စသည် တို့၌ အခြားသောပစ္စည်းကြောင့် သ–လာရခြင်း အကျိုးရှိသည်။

၆။ (က) ဘဝိဿန္တိဘဒ်၊ (ခ) ကရဓာတ်၊

ယုပစ္စည်း၏ သာဓနှင့် ဆိုင်သောဆုတ်–

၁။ ဘာဝ, ကမ္မသာဓန – နန္ဒာဒီတိယု၊

၂။ ကတ္တု, ကရဏ, အဓိကရဏသာဓန – ကတ္တုကရဏပဒေသေသု စ။

၃။ သမ္ပဒါန, အပါဒါနသာဓန – ကတ္တုကရဏပဒေသေသု စ–သုတ် စ–သန္ဒါ။

စ–သန္ဒါအကျိုး

စသန္ဒါသည် ကိစ္စပစ္စည်း၏ တ–အက္ခရာကို ရဠ၊ တုံပစ္စည်းကို ရဠုံ ပြုရခြင်း အကျိုးရှိသည်။

၇။ ကောဟေနေဝ ဗာရဏသိ ဗါယာသိ–စသောပြယုဂ်တို့၌ ကြိယာကို လျင်မြန်စွာ ပြီးစေခြင်းသည် ကြိယာပဝဂ္ဂမည်၏။

အပါဒါန်ဖြစ်ဆင့်ပုံ

ရက္ခဏတ္ထာနမိစ္ဆိ တံ–သုတံသို့ လိုက်လာသော စ–သန္ဒါသည် နိစ္ဆိတ ကာရက ကိုလည်း ဆည်းသောကြောင့် နိစ္ဆိတဖြစ်သော ဗါဟိသည်လည်း အပါဒါန်ဖြစ်ရသည်။

၈။ အာဒိသန္ဒါဖြင့် လိင်ချင်းဆန့်ကျင်သောအနက်ဟောသန္ဒါ၊ သန်္ဂါသန္ဒါ၊ ပရိမာဏ အနက်ဟောသန္ဒါ၊ ပစန, စက္ခာလအနက်ဟောသန္ဒါ၊ ဒိသာအနက်ဟောသန္ဒါ စသည် တို့ကို လည်း နုပုံးကောတ်ငဲ့။

ဆောင်။ ။ *လိင်ချင်းဆန့်ကျင်၊ သန်္ဂါသန္ဒါ၊ ပရိမာဏ၊ ပစနနှင့်၊ စက္ခာလမှု၊ ဆယ်စု ဒိသာ၊ စသည်မှာ၊ အာဒိသက်မှတ်၊ နုပုံးကောတ်။*

ကောက္ကာသော–ကုက္ကနိ+အပစ္စတည်း နာဒ်ရာဒိစရ်၌ ကုက္ကနိယာ အပစ္စံအနက်၌ အတော ဏိပါဒိ ဇဿန္ဒါဖြင့် ဏျုပစ္စည်းသက်၊ တေသံဏော လောပံ–ဖြင့် ဏ–အနုဗန်ချေ၊ တေသံ ဝိဘတ္တိယော လောပါစ–၌ တေသံသန္ဒါဖြင့် တဒ္ဓိတ်ဝိဘတ် အပစ္စသန္ဒါတို့ကိုချေ၊ ပကတိစသ သရန္တသ–ဖြင့် ပကတိပြု (ကုက္ကနိ+ယ) တေသုဝုဒ္ဓိ–စသောသုတ်ကြီးဖြင့် သံယုတ်နှောင်းသော်လည်း အစဉ–ကို ချေ၊ သြ–ဝုဒ္ဓိပြု၊ အဝက္ကော ယေ လောပဉ–၌ စ–သန္ဒါဖြင့် နိဉ် ဉ်–ကိုချေ၊ ယဝတံ စသောသုတ်ဖြင့် ဣကို ဥ–ပြု၊ ဥ–ဏိသဒိသဇ္ဇောဘ် ဥ–လာ၊ နာမ်ငဲ့၊ သိသက်၊ သြ ပြု၊ ကောက္ကာသော ပြီး၏။

http://www.dhammadownload.com

ယောဗ္ဓနံ-ကို ယုဝ+ဘာဝတည်၊ နာမ်ရုပ်စိရင်၍ ယုဝသ ဘာဝေါ-အနက် ၌ ဏာဝိသမာဒိဟိ-ဖြင့် ဏ-ပစ္စည်းသက်၊ တေသံ ဏော လောပံ-ဖြင့် ဏ-အနုဗန်ကို ချေ၊ တေသံ ဝိဘတ္တိယော လောပါ စ-၌ တေသံသဒ္ဒါဖြင့် တဒ္ဓိတ်ဝိဘတ်၊ ဘာဝပုဒ်တို့ကို ချေ၊ ပကတိစသဲ သရန္တသဲ-ဖြင့် ပကတိပြု (ယုဝ+အ) ဝုဒ္ဓိ သုရသဒါ-စသော်သုတ်ဖြင့် ယုဏ်ဉကိုဩဝုဒ္ဓိပြု၊ ဝ-သဒိသဒ္ဒေဘော် ဝ-လာ၊ ဒေါ် ဧသ စ-သုတ် စ-သဒ္ဒါဖြင့် ဝနှစ်လုံးကို ဗ-နှစ်လုံးပြု၊ တေသုဝုဒ္ဓိ-စသောသုတ်ကြီးဖြင့် န-လာ၊ န-အ သို့ရာပ်၊ နာမ်ငဲ့၊ သိသက်၊ အံပြု၊ ယောဗ္ဓနံပြီး၏။

၉။ အနဘူယတေ-ဟူသော အာချာတ်သည် ကံကိုဟောပြီး၍ ဒုတိယာဝိဘတ်က ဟော ဘွယ်မလိုသောကြောင့် ကံပုဒ်၌ ဒုတိယာဝိဘတ်မသက်ရပါ။

အနဘူယတေ-ဟူသော အာချာတ်သည် ကတ္တားကို မတောရ်၍ ကတ္တား အနက် ဟောဘို့ရာ တတိယာဝိဘတ်သက်ရမည်ဖြစ်သောကြောင့် ကတ္တားပုဒ်၌ ပထမာဝိဘတ် မသက်ရပါ။

ကိစ္စပစ္စည်းတို့သည် အကမ္မကဓာတ်နောင် ဘောအနက်၊ နပုံးလိင်၊
သကမ္မကဓာတ်နောင် ကံအနက်၊ တိလိင်။
အာဒိ- အရ တုံ တဗ္ဗ-စသည်။

၁၀။ ပုဒ်စစ်ထင်ရှားပြီ။

၁၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်အရှေ့ပိုင်း)
ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃-ရက်(၄-၄-၂၀၀၆)ဗုဒ္ဓဟူးနေ့။

၁။ အောက်ဖော်ပြပါတို့ကို မှန်ကန်စွာ ပါဠိသက်သက်ရေးသားပါ-
(က) ဇာတာဒိန မိမိယာ စ သုတ်လာ အာဒိ-သဒ္ဒါအကျိုးပြပါဦး။
(ခ) ဝိသတိ ဒသေသု စသောသုတ်လာ တု-သဒ္ဒါအကျိုးပြပါဦး။

http://www.dhammadownload.com

၂။ အေဂက်ပါတို့ကို ပြည့်စုံမှုနှိုက်စွာ အနက်ယောဇနာခွဲပါ-
(က) ဝိနာ သဒ္ဒမှာ နတ္ထညော ကောစိ နာထော လောကေ ဝိဇတိ၊
(ခ) ဒုဇ္ဇနာ ဂုဏဝန္တာနံ ဥသူယန္တိ ဂုဏဂိဒ္ဓေန၊
(ဂ) ကုသလာနုစ္စဂိတဿ သိက္ခိတာ စာတုရိတ္ထိယော၊
(ဃ) နဒိမှာ စ၊
(င) ဘုဇာဒိနမန္တော နော ဒွိ စ။

၃။ (က) တုဒံပတိ-သမာသ်ရှင်၊ (ခ) အဝေါစိ- အာချာတ်ရှင်၊
(ဂ) သမ္ဘူ-ကိတ်ရှင် အသီးသီးအကျဉ်းတွက်ပြပါ။

၄။ ဘောတ္တဗ္ဗော သြဒနော ဘဝတာ-၌ ဘောတ္တဗ္ဗော-ကို ဓာတ်+ပစ္စည်းဝေဖန်ပြီး၊ ယင်းဘောတ္တဗ္ဗော-၌ ဓာတ်ကို ယူ၍ ပရောက္ခာဝိဘာတ်ဖြင့် အာချာတ်ပဒမာလာစဉ်ပြပါ။

၅။ နာမ်ကျမ်း အာချာတ်ကျမ်း ကာလေ(၂)သုတ်တို့၏ အထူးကို ရေး၍၊ တွဒ္ဓိတ်ကျမ်း၌ လ, ရ, မယပစ္စည်းတို့ သက်ရာအနက်များကိုလည်း သုတ်ထောက်ပြေဆိုပါ။

၆။ သော စ ပစတိ၊ တွဉ္စ ပစိသသတိ၊ အဟံ ပစိ-ဟူသောပြယုဂ်တို့၌ မယံ ပစိမှာ-ဟူ၍ ပရောပုရိသ သုံးသင့် /မသုံးသင့် အကြောင်းပြဖြေဆို၍၊ ကိတ်ကျမ်းတွင် ကိတ်ပစ္စည်း/ ကိတ်မဟုတ်သော ပစ္စည်းများကိုလည်း ခွဲခြားပြခဲ့ပါ။

၇။ မာယူနမာဂမောဌာနေ -သုတ်ဖြင့် ဇ, ဩဒွိတို့ လာရာဌာနကို အကြောင်းနှင့်တကွ သုတ်မှတ်ပြ ပြီးလျှင်၊ တဿ စဝဂ္ဂ သုတ်သို့လိုက်လာသော ဝါ-သဒ္ဒါ၏ အစီအရင်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၈။ သညာယ မန-သုတ်ဖြင့် နု-အကွရာလာရာဌာနကို အကြောင်းပြဖြေဆို၍၊ ယင်း နု-အကွရာ၏လာချိန် ကာလကို ညွှန်ပြပြီးလျှင်၊ ကယိရတိ-ကိုလည်း ရူပသိဒ္ဓိရှုပ်အကျဉ်း (၂)နည်းစီရင်ပြခဲ့ပါ။

http://www.dhammadownload.com

၉။ ဘာဝကမ္မေသု တ– သုတ်ဖြင့် ဘော, ကံအနက်၌သာ တ–ပစ္စည်းသက်နိုင်ပါသလော၊ မည်သည့်အနက်၌ သက်နိုင်ပါသေးသနည်း ဖြေဆိုရ၏၊ ပါဠိတော ရိတု၊ မာနာဒိဟိ ရာတု သုတ်တို့၌ အာဒိ–အရယူရမည့်ဓာတ်တို့ကိုလည်း ပြဆိုခဲ့ပါ။

၁၀။ နိစ္စသမာသ်၏ သဘောတရားကို ပုံစံထုတ်၍ ရှင်းပြပြီးလျှင်၊ လူတို့ပြောဆိုတတ်ကြသော အာမေဍိတ်ဟူသည် အဘယ်ပါနည်း ပုဒ်စစ်ကျမ်းအရ ပြယုဂ်နှင့်တကွ ဖြေဆိုခဲ့ပါ။

၁၆။ ရှမ်ပြည်နယ် အရှေ့ပိုင်း (အဖြေ)
ပထမကြိမ်းတန်း ။ ။ ကစ္စည်းသန့်ကြိမ်းဘဿာ

၁။ (က)(ခ) (ပါဠိထင်ရှားပြီ)

၂။ (က) သန္ဓမ္မာ–သူတော်ကောင်းတရားမှ၊ ဝိနာ–ကင်း၍၊ အညော–တစ်ပါးသော၊ နာထော–ကိုးကွယ်ရာသည်၊ လောကေ–လောကာ၌၊ ဝိဇ္ဇတိ– ရှိသည်ကား။ နတ္ထိ–မရှိ။

(ခ) ဒုဇ္ဇနာ –သူယုတ်မာတို့သည်၊ ဂုဏာဝန္တာနံ– ဂုဏ်ရှိသူတို့အား၊ ဂုဏာဂိဒ္ဓေန– ဂုဏ်ကို မက်မောခြင်းကြောင့်၊ ဥသူယန္တိ– အပြစ်ပြောကြကုန်၏။

(ဂ) နစ္စဂီတာသ– ကခြင်း သီဆိုခြင်း၌၊ ကုသလာ– လိမ္မာကုန်သော၊ သိက္ခိတာ–သင်အပ် ပြီးသောအတတ်ရှိကုန်သော၊ စာတုရာ– တင့်တယ်ကုန်သော၊ ဂ္ဂဏ္ဍိယော– မိန်းမတို့သည်၊ ပရိတ်ရွေ့– ခြံရံကုန်၏။

(ဃ) သမာသန္တဂတာ– သမာသ်ပုဒ်အဆုံး၌ဖြစ်သော၊ နဒီမှာ စ– နဒီမည်သော ဂ္ဂဏ္ဍိလိင် ဣ ဦကာရန္တသဒ္ဒါမှလည်း၊ ပရေ–နောက်၌၊ က–က–ပစ္စည်းသည်၊ ဟောတိ– ဖြစ်၏။

(င) တမှိ– တပစ္စည်းကြောင့်၊ ဘုဇာဒိနံ– ဘုဇအစရှိသော ဓာတ်တို့၏၊ အန္တော–အဆုံးဗျည်း သည်၊ နော–ကျေပျောက်သည်၊ ဟောတိ– ဖြစ်၏၊ တဿ– တ–ပစ္စည်း၏၊ ဒွိ စ– ဒွေဘော် သည်လည်း၊ ဟောတိ– ဖြစ်၏။

၃။ (က) ဇာယာ + စ + ပတိ + စ–တည်၊ နာဓ်ရုပ်စိဂင်၌ ဇာယာ စ ပတိ စ–ဟူသော

http://www.dhammadownload.com

အနက်၌ နာမာနံ သမုစ္စယော ဒွန္ဒော–ဖြင့် ဇယာနှင့် ပတိ–ကို သမာသ်စပ်၍ ဒွန်သမာသ်အမည်ရှည်၊ နာမာနံ သမာသော ယုတ္တတ္ထော–ဖြင့်ယုတ္တတ္ထသမာသ်အမည်ရှည်၊ တေသံ ဝိဘတ္တိယော လောပေါ စ–ဖြင့် သမာသ်၏ဝိဘတ်တို့ကို ချေ၊ တေသံ–သဒ္ဒါပိုဖြင့် စ–သဒ္ဒါတို့ကို ချေ၊ ပကတိစသ သရန္တသ–ဖြင့် ဇယာပတိ–တု ပကတိပြု၊ ဇယာယ တုဒံ ဇာနိ ပတိမှိ–ဖြင့် ဇယာ–ကို တုဒံ–ပြု နာမ်ဝဲ့ ယောဝိဘတ်သက်၊ တု–ကို ဗျ–မှည့်၊ ယော–ကို ချေ၊ ဒီဃပြု တုဒံပတိ–ပြီး၏။

(ခ) ဝစ–တည်၊ ဝစ–ဝိယတ္တိယံ ဝါစာယံ–ဓာတ်မှည့်၊ ဓာတွန် အ–ကိုချေ၊ သမိပဒွတ္တနိ–ဖြင့် အဒွတ္တနိ ဤဝိဘတ်သက်၊ အကာရာဂမော–စသောသုတ်ဖြင့် ဓာတ်၏ အစ၌ အ–လာ၊ ဝစသဒွတ္တနိမှိ မကာရော သြ–ဖြင့် ဝ–၏ အ–ကို သြ–ပြု၊ စ ဤ–သို့ကပ်၊ အဝေါစ်–ပြီး၏။

(ဂ) သံ–ပုဗ္ဗ ဘူတဲည်၊ ဘူ–သတ္တာယံ၊ ဓာတ်မှည့်၊ ဓာတွန်မချေရ၊ ကွိစ–ဖြင့် ကွိပစ္စည်းသက်၊ ကွိလောပေါ စ–ဖြင့် ကွိပစ္စည်းကို ချေ၊ နိဂ္ဂဟိတ်ကို ပဝဂ္ဂန္တ မ–ပြု၊ နာမ်ဝဲ့၊ သိသက်၊ ချေ၊ သမ္ဗျပြီး၏။

၇၊ ဘုဇောတ်၊ တဗ္ဗပစ္စည်း

ပဒမာလာ_

ဘုဘုဠ္ဆ ဘုဘုဠ္ဆု၊ ဘုဘုဠ္ဆေ ဘုဘုဠ္ဆိတ္ထ၊ ဘုဘုဠ္ဆံ ဘုဘုဠ္ဆိမှ၊ ဘုဘုဠ္ဆိတ္ထ ဘုဘုဠ္ဆိဇေ၊ ဘုဘုဠ္ဆိတ္ထော ဘုဘုဠ္ဆိဒ္ဝေါ၊ ဘုဘုဠ္ဆိ ဘုဘုဠ္ဆိမှေ။ (ကတ္တုရူပ်)
ဘုဇိတ္ထ ဘုဇိဇေ၊ ဘုဇိတ္ထော ဘုဇိဒ္ဝေါ၊ ဘုဇိ ဘုဇိမှေ၊ (ကမ္မရူပ်)

၅၊ ကာလေနှစ်သုတ်သည် အဓိကာရသုတ်ချင်းတူသော်လည်း နာမ် ကာလေသုတ်သည် သူ့ဆိုင်ရာ နာမ်အတွက်လိုက်ရန် တည်ထားခြင်းဖြစ်သည်။ အာချာတ်ကျမ်း ကာလေသုတ်ကား သူ့ဆိုင်ရာအာချာတ်အတွက်လိုက်ရန် တည်ထားသည်။
ဤသို့ထူးသည်။
(တစ်နည်း) နာမ်ကျမ်းလာ ကာလေသုတ်၌ ကာလကား အဓိကာလကိုဟောသည်။ အာချာတ်ကျမ်းလာ ကာလေသုတ်၌ ကာလကား ကြိယာကိုဟောသည်။ ဤသို့ထူးသည် ဟုလည်း ဆိုကြသေးသည်။
တန်ခိုးသိတတ်ထွ လော–သုတ်ကိုထောက်၍ လ–ပစ္စည်းသည် တန်ခိုးသိတအနက်၊ တဒဿဒ္ဓာနအနက်တို့၌ သက်သည်။

http://www.dhammadownload.com

မဂ္ဂင်္ဂဒီတော ရော-သုတ်ကိုထောက်၍ ရ-ပစ္စည်းသည် အသတ္ထိအနက်၌ သက်သည်။ တပ္ပကတိဝစနေ မယော-သုတ်ကိုထောက်၍ မယ-ပစ္စည်းသည် တပ္ပကတိအနက်၌ သက်သည်။

၆။ ကာလကွဲပြားသောကြောင့် မယံ ပစိမှာ-ဟူ၍ ပရောပုရိသ် မဲသုံးသင့်ပါ။
တဗ္ဗ၊ အနီယ၊ ဏ္ဍ၊ တေယျ၊ ရိစ္စ-ပစ္စည်းများသည် ကိတ်မဟုတ်သော်ပစ္စည်းများဖြစ်သည်။ (တေကိစ္စာ)
တဗ္ဗ-စသော ၅-ပစ္စည်းမှ ကြွင်းသော အခြားသော ပစ္စည်းများသည် ကိတ်ပစ္စည်းမည်သည်။ (အညေ ကိတ်)

၇။ ဝုဒ္ဓိလာရာ ဌာန- (ပဲခူး အရွှေ့ နံပါတ် ၈-၌)
ဣဝဏ္ဏာဂမော ဝါ- သုတ်မှ ပြန်လိုက်သော သိဟဂတိကဝဝတ္ထိတဝိဘာသာ ဝါ-သဒ္ဒါကြောင့် ယ-ပစ္စည်းနှင့်တကွဖြစ်ကုန်သော ဓာတွန် စ-ဝဂ်၊ တ-ဝဂ်တို့ကို စ-ဝဂ်ပြု၊ ဓာတွန် ရ-ကို ယ-ပြု၊ ဓာတွန် ဝ-ကို ဝ-ပြုသည်။

၈။ နု အကွရာ လာရာဌာနဒွင့် လာချိန်- (တနသ်ာရီ နံပါတ် ၈-၌)
ကရတည်၊ ကရ-ကရဏေ၊ ဓာတ်မှည့်၊ ဓာတွန်အ-ကို ချေ၊ ဝတ္တမာနာ ပစ္စုပ္ပန္နေ-ဖြင့် တိတိဘတ်သက်၊ တဏှာဒိတော ညြယိရာ-ဖြင့် ယိရ-ပစ္စည်းသက်၊ (ကရ+ယိရ+တိ) ကွစိဓာတု-စသောသုတ်ဖြင့် ဓာတွန် ရ-ကို 'ဇေျ၊ ကယိရတိ-ပြီး၏။
(တစ်နည်း) ကရတည်၊ ကရ-ကရဏေ၊ ဓာတ်မှည့်၊ ဓာတွန်အ-ကို ချေ၊ ဝတ္တမာနာ ပစ္စုပ္ပန္နေ-ဖြင့် တေ-ဝိဘတ်သက်၊ ဘာဝကမ္မေသု ယော-ဖြင့် ယ-ပစ္စည်းသက် (ကရ+ယ+တေ) ဣဝဏ္ဏာဂမော ဝါ-ဖြင့် ဏ္ဍ-လာ၊ ရ, ဏ္ဍ-သို့ကပ်(ကရိယတေ) ကွစိဓာတု-စသော သုတ်ကြီး၌ စ-သဒ္ဒါဖြင့် ရ-နှင့် ယ-ရှေ့နောက်ပြန်၊ (ကယိရတေ) အတ္တနောပဒါနိ ပရဿပဒတ္တံ-ဖြင့် တေ-ကို တိ-ပြန်၊ ကယိရတိ-ပြီး၏။

၉။ တ-ဟူသော်ယောဂဝိဘာဂဖြင့် အသိတံ ဌာနံ-စသော ပြယုဂ်တို့၌ အစလနတ္ထ၊ ဂတျတ္ထ၊ ဘောဇနတ္ထ-ဓာတ်စသည်တို့နောင် (ဘော ကံ ကတ္တားသာမက) အဓိကရဏအနက် ၌လည်း တ-ပစ္စည်းသက်နိုင်သေးသည်။
ပါဒိတော, ရိတု-၌ အာဒိ-အရ ဓာ ဓာတ်စသည်ကို ယူ။
မာနာဒိဟိ ရာတု-၌ အာဒိ-အရ ဘာသ ဓာတ်စသည်ကို ယူ။

http://www.dhammadownload.com

၁၀။ (ပုဒ်စစ်ထင်ရှားပြီ)

၁၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရောဝတီတိုင်း)
ပထမကြိုးတန်း ။ ။ ကစွည်းသန့်ကြိုးဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၉)ရက်၊ (၂၆-၃-၂၀၀၇)တနလာ်နေ့

၁။ နာ-ပစ္စည်းသက်သောသုတ်နှင့် နာ-ပစ္စည်းကိုချေသောသုတ်တို့၏ သုတ်,ဝုတ္တိ, ဥဒါဟရဏ် တို့ကို ပါဠိဂေရး၍၊ ချာဒီဟိ မန် မ စ တော ဝါ-သုတ်၏ ဝုတ္တိပါဠိမျှကိုသာ ရေးပါ။

၂။ ကစွည်းကျမ်းလာ မဟာဝိသယသုတ်ကြီးတို့ကို အနက်ပေါဇနာပြခဲ့ပါ။

၃။ အောက်ပါတို့တွင် (က) ကို သန္ဓိရုပ်ကျဉ်း (ခ)၌ ဥပဏ္ဍာယာ-ကို ကာရကရုပ်ကျဉ်းတွက်၍၊ (ဂ)ကို တဒ္ဓိတ်ဝိဂြိုဟ် (ဃ)ကို ကိစ္စဝိဂြိုဟ်ဆိုကာ (င)ကို ဓာတ်+ပစ္စည်း ခွဲပြခဲ့ပါ-
(က) မနုညံ၊ (ခ) ဥပဏ္ဍာယာ အန္တရဓာယတိ သိသော်၊ (ဂ) အာလသျံ၊
(ဃ) မာတာ၊ (င)စိဝံ၎။

၄။ ဧတာသန္နိနောင် စတုတ္ထိဧကဝုစ်ဝိဘတ်ဖြင့် ပြီးနိဂ်သမ္ပုရုပ်စုတို့ကို ဖော်ပြ၍၊ သုဓာတ်ကို ဝတ္တမာန်ဝိဘတ်ဖြင့် ကမ္မရုပ်စဉ်ပြပြီးလျှင်၊ ဇိနော-ကို ကိတ်ရုပ်ကျဉ်း တွက်ပြခဲ့ပါ။

၅။ ရာဓ-ဓာတ်, ကွက္ခ-ဓာတ်တို့၏ ယှဉ်ရာ၌ မည်သည့်ကာရကသည် သမ္ပဒါန်ဖြစ်သနည်း? ကျမ်းရင်းနှင့်အညီ ဖြေဆို၍၊ ဥဘော တပ္ပရိသာ-သုတ်၌ တပ္ပရိသ-အရ သန္နယုတ္တိပြဆိုပြီး၊ အယုဝဏ္ဏာနဉ္စာယော ဝုဒ္ဓိ-သုတ်၌ တဟန် ဝုဒ္ဓိသန္နိဆိုရကျိုးကို ရေးပါ။

၆။ ကွဝဏ္ဏောဂမော ဝါ-သုတ်ဖြင့် ဘော,ဂံဟော ယ-ပစ္စည်းနှောင်းသော်လည်း ကွဝဏ်မလာနိုင်သော ဓာတ်စုတို့ကို သုတ်ထောက်ပြ ဖြေဆို၍၊ ဤသံဒုသူဟိ ခ-သုတ်၌ ခ-ပစ္စည်းသက်ရာ သာဓနကို အကြောင်းပြဖြေဆိုပြီး၊ သမာဒီဟိ ထမာ-သုတ်၌ အာဒိ-သန္နိဖြင့် ယူရမည့်ဓာတ်တို့ကိုလည်း ကျမ်းရင်းလာအတိုင်း ရေးပါ။

http://www.dhammadownload.com

၇။ ဟိဝိဘတ္တိမှ စ –သုတ်၌ စ–သဒ္ဒါကို ဆိုရခြင်းကြောင့် ရနိုင်သော အကျိုးတို့ကို ရှုပသိဒ္ဓိ အလိုကျအောင် မှန်ကန်စွာ ဖြေဆိုပြု၍၊ ယသ ဇါ ပရိဂ္ဂဟော တံ သာဓိ–သုတ်ဖြင့် မှည့်နိုင်သော သမ္ဗန်အမည်များကိုလည်း မုချ ဥပစာ ခွဲခြား၍ ဖြေဆိုပါ။

၈။ မံတာပိတု ဥပဋ္ဌာနံ–ဟူသော မင်္ဂလသုတ်၌ မာတုပိတု–ဟုမနေဘဲ ဘယ်သုတ်အဓိန္ဓ ကြောင့် မာတာပိတု–ဟု ပါဠိရှိနေပါသနည်း? ဖြေဆိုပြီးလျှင်၊ သုတိမတ္တသော ဝိတ္ထနံ–စသော ပြယုဂ်၌ အဘယ်သုတ်ဖြင့် ဧကသိတ်ပြုရမည်ကိုလည်း ညွှန်ပြပါ။

၉။ ကရဿ သပစ္ဆယဿ ကာဟော–၌ သပစ္ဆယ–သဒ္ဒါပိုဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်ကို ရှုပသိဒ္ဓိအလိုကျ ရေးသားပြီးလျှင်၊ ဘဝိဿတိ ဂမာဒိဟိ ဏိယိဏ်–၌ ဘဝိဿတိ–ကို ကိတ်(ဥဏာဒိ) ရုပ်ကျဉ်း စိစဉ်ပြပါ။

၁၀။ အောက်ပါတို့ကို ပုဒ်စစ်ကျမ်းလာအတိုင်း ရေးသားခဲ့ပါ–
(က) ဓာတ်၏အဓိပ္ပါယ်(တစ်နည်းကားမလို)၊
(ခ) ကိစ္စကိတကိတ်၏ အဓိပ္ပါယ်။

၁၇။ ရောဝတိတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘုသာ

၁။ (ကိယာဒိတော နာ–သုတ်နှင့် နာသလောပေါ် ယကာရတွဲ့–သုတ်ဆိုင်ရာနှင့် ချာဒိဟိ မန် စ တော ဇါ–သုတ် ဝုတ္တဲ့ကိုရေးလေ။)

၂။ (တောသုဝုဒ္ဓိ လောပါဂမ ဝိကာရ ဝိပရိတာဒေသာစ၊ ကွစိ ဓာတုဝိဘတ္တိပစ္စယာနံ ဒိဃ ဝိပရိတာဒေသလောပါဂမာစ၊ ယဒနုပပန္နာ နိပါတနာ သိဒ္ဓန္တို့ ပစ္စယာဒနိဋ္ဌာ နိပါတနာ သိဒ္ဓန္တို့ –သုတ်တို့ကို အနက်ရေးလေ။)
ဆောင်။ ကွစိ ဓာတု၊ ယဒနု၊ တောသု, ပစ္စယာ။

http://www.dhammadownload.com

၃။ (က) မနုည် –ကို.မနော+အည် ပုဒ်ဖြတ်တည်၊ နိဂ္ဂင်း၊ သြကြင်း၊ ပုထဿု ဗျဥ္ဇနေ–၌ အန္တ သန္ဓိဖြင့် မနအဆုံးသြကို ဥပြု၊ ဝါ ပရော အသရရှုပါ–ဖြင့်နောက် အသရကိုချေ၊ နောက် ဥသို့ကပ်၊ မနုည်–ပြီး၏။

(ခ) ဥပဇ္ဈာယ–တည်၊ မှ–ဟုအနက်ပေးသောကြောင့် ယေန ဝါ ဒဿနံ–သုတ်ဖြင့် ပုန်းကွယ်ရာ ဥပဇ္ဈာယကို အပါဒါန်အမည်မှည့်၊ အပါဒါနေ ပဉ္စမီဖြင့် သွာဝိဘတ်သက်၊ သွာ သို့ နံ ဝါ–ဖြင့် သွာကို အာပြု၊ ယ–ခွင်းချေ၊ကပ်၊ ဥပဇ္ဈာယာပြီး၏။

(ဂ) အလသသ ဘဝေါ အာလသျံ။

(ဃ) ဓမ္မေန ပုတ္တံ မာနေတိတိ မာတာ။

(င) စိဓာတ်၊ ဏျိဝရ–ပစ္စည်း။

၄။ **ပြီးနိုင်သမျှရုပ်စု**–ဖောယ၊ ဖေါသာ၊ ဖေါ်သာယ။

ကမ္မရုပ်–

သူယတော, သူယန္တော့ ,သူယရော့ သူယသော၊သူယဝေ့၊ သူယော၊ သူယာမော့ သူယတိ၊ သူယန္တိ ၊ သူယရော့ သူယသိ၊ သူယထ၊ သူယာမိ၊သူယာမ။

သုယျတော၊ သုယျန္တော့ သုယျရော့ သုယျသော၊ သုယျဝေ့၊ သုယျော၊ သုယျာမော့။

သုယျတိ၊ သုယျန္တိ သုယျရော့ သုယျသိ၊ သုယျထ၊ သုယျာမိ၊သုယျော၊ သုယျာမ။

ဇိနော–ကို ဇိတည်၊ ဇိ+ဖယေ(အောင်ခြင်း)ဓာတ်မှည့်၊ ဓာတွန်မချေရ့။ ဇိတော ဏ္ဍန သဗ္ဗတ္ထ–ဖြင့် ဏ္ဍန–ပစ္စည်းသက်၊ ခွင်း၊ ချေ၊ ကပ်၊ ဇိနောပြီး၏။

၅။ စကားမပြော တုဏှီဘောနေသူအား အမှုကိုထင်ရှားခြင်းအကျိုးငှာ အထူးထူးအပြားပြား မေးရာ၌ ထိုအမေးခံရသူ စကားမပြောဘဲနေသော ကာရကာသည် သမ္ပဒါန်ဖြစ်သည်။ တပ္ပရိသ–အရ ဒိဂု၊ ကမ္မဓာရယ် နှစ်ပါး၊ကိုယူ။

သန္ဒယုတ္တိ– ဥဘော ဒိဂုကမ္မဓာရယသမာသာ တပ္ပရိသသညာ.ဟောန္တိ ။

တစ်နည်း။ အမာဒယော ပရုပဒေဘိ–သုတ်ဖြင့် သုဒ္ဓတပ္ပရိသ်ကို ယူလတ္တံ့ ဖြစ်သောကြောင့် မိဿကတပ္ပရိသ်ကို ယူရသည်။

ဝုဒ္ဓိဆိုရကျိုး– (မကွေး နံပါတ် ၅–၇)

၆။ ယမိ ဒါ ဓာ မာ ဌာ ဟာပါမဟမထာဒီနမိ–သုတ်ကိုထောက်၍ ဒါ ဓာ မာ ဌာ ဟာ ပါ မဟ မထ–ဓာတ်စသည်တို့ ဖြစ်ပါသည်။

-http://www.dhammadownload.com

ခ-ပစ္စည်းသက်ရာ သာဓန-

ဘာဝကမ္မသု ကိစ္စ ဣတ္ထာ ဟူသောနိယမသုတ်ကြောင့် ဘာဝ ကမ္မသာဓန ၌သာ သက်သည်။

အာဒိသန္ဒါဖြင့်ယူရမည့်ဓာတ်-

ဒမု၊ ဒရ၊ ရဟ၊ ဒှ၊ ဟိ၊ သိ၊ ဘီ၊ ဒါ၊ ယာ၊ သာ၊ ဥ၊ ဘသ-ဓာတ်စသည်တို့ ဖြစ်ပါသည်။

၇။ စသန္ဒါသည် မဃဝါနော၊ မဃဝါနာ၊ ယုဝါနော၊ ယုဝါနာ-စသည်တို့၌ အလုံးစုံသော ဝိဘတ်တို့ကြောင့် မဃဝ ယုဝ-စသည်တို့၏ အဆုံး အ-ကို အာန-ပြုရခြင်းအကျိုးရှိပါသည်။

သမ္မန်အမည်များ-

ယဿ ဝါ ပရိဂ္ဂဟော တံ သာမိ-သုတ်ရင်းဖြင့် သံ သမ္မန်တစ်ခုကိုသာ မုချအမည်မှည့်နိုင်သည်၊ သာမိ, သမိပ-စသော သမ္မန်များကို ဝါ-သန္ဒါဖြင့် သိမ်းယူ၍ သဒိသူပစာအားဖြင့် အမည်မှည့်နိုင်သည်။

၈။ တေသု ဝုဒ္ဓိ-သုတ်၏ အမိန့်ကြောင့် ရှေ့ပုဒ်၏ ဥ-ကို အာ-ပြု၍ မာတာပိတု-ဟု ပါဠိရှိ နေပါသည်။

ပိတူနံ-စသော သုတိမတူသောပြယုဂ်၌ သရူပါနမေကသေသွသကိ -သုတ်၌ ဧကသေသွသကိ -ဟူသော ယောဂဝိဘာဂဖြင့် ဧသသိဂ်ပြု။

၉။ **သပစ္စယသန္ဒါပို-(စစ်ကိုင်း နံပါတ် ၇-၌)**

ကိတိ(ဥဏာဒိ)ရုပ်တွက်--

ဘဝိသတိ-ကို ဘူ-တည်၊ ဘူ-သတ္တာယံ၊ ဓာတ်အမည်မှည့်၊ ဓာတွန်မချေစေရ၊ သေသေ သန္တွ၊ မာနာနာ-ဖြင့် သန္တွ၊-ပစ္စည်းသက်၊ (ဘူ+သန္တွ၊) အညေသု စ-ဖြင့် ဦ-ကို ဩ-ဝုဒ္ဓိပြု၊ ယထာဂမိကာရော-ဖြင့် ဂ္ဂ-လာ၊ ဩ အဝ သရေ-ဖြင့် ဩ-ကို အဝ-ပြု၊ ဘ-အ-သို့ကပ်၊ ဝ-ဂ္ဂသို့ကပ်၊ (ဘဝိသန္တွ)နာမ်ဲ့၊ သို့ သက်၊ တောတိတာ သသို့ နာသု-ဖြင့် ဝိဘတ်နှင့်တကွ နွှ-ကို တိ-ပြု ဘဝိသတိပြီး၏။

၁၀။ ပုဒ်စစ်ထင်ရှားပြီ။

http://www.dhammadownload.com

၁၈။ ပထမပြန်အထူးအောင် ရွေးချယ်ရေးစာမေးပွဲ
ပထမကြိုးတန်း ။ ။ ကစ္စည်းသန့်ကြိုးဘာသာ
၁၃၆၉-ခုနှစ်၊ ပထမဝါဆိုလဆန်း(၄)ရက်(၁၈-၆-၂၀၀၇)တနင်္လာနေ့

၁။ တန်ခိုတ်ပိုင်း၌ အနေကတ္ထတန်ခိုတ်အဆုံးသုတ်ကို ဖော်ပြ၍၊ ယင်းသုတ်၏ သုတ်, ဝုတ္တိ,ဥဒါဟရဏ် ကုန်စင်အောင် အနက်ယောဇနာပြပါ။

၂။ အဗျယတဒ္ဓိတ်-အဗျယပစ္စည်းတွင်ပါဝင်သော ဥဏာဒိသုတ်ကို ဖော်ပြ၍၊ ယင်းသုတ်၏ သုတ်, ဝုတ္တိ,ဥဒါဟရဏ် ကုန်စင်အောင် ပါဠိဋ္ဌေးပြပါ။

၃။ သန္ဓိ ရတနတ္တယပဏာမဝယ် တရားနှင့် သံဃာကို ဝိသေသနဂုဏ်ပုဒ် တစ်ပုဒ်စီ ဆိုပါလျက် ဘုရားရှင်၌ ဝိသေသနဂုဏ်သုံးပုဒ်ဆိုထားရာ ယင်းသုံးပုဒ်တို့၏ ထူးခြားချက်ကို ဖြေဆိုပါ။

၄။ မနောပုဗ္ဗင်္ဂမာ-ကို ပကတိပြုသော နည်းမှတစ်ပါး အခြားနည်းဖြင့် သန္ဓိရုပ်ကျဉ်းတွက်ပြ၍ ပုရိသ-သဒ္ဒါ၏ ပဒမာလာ၌ ပုရိသသို့၊ ပုရိသမှိ-ရှိသလို သခ-သဒ္ဒါ၏ ပဒမာလာ၌ သခသို့၊ သခမှိ-ဟု ရုပ်ရှိနိုင်/မရှိနိုင် သုတ်ထောက်လျက် ဖြေဆိုပါ။

၅။ ကွစိ ဒုတိယာ ဆဋ္ဌီနမတ္ထေ-သုတ်ဖြင့် အဘယ်အရာ၌သာ ဆဋ္ဌီအနက်၌ ဒုတိယာဝိဘတ်ဆက်နိုင်သည်ကို ပြဆို၍၊ ဂုဒတော ဒါရကဿ ပဗ္ဗဇိ ဝိတာ-၌ အနာဒရ၊ အနာဒရဝန္တွ၊ အနာဒရိယ၊ အနာဒရိယဝန္တွ ခွဲပြပါ။

၆။ အဗျယိဘောသမာသ်၌ ကာရန်မည်မျှ ရသည်ကို သုတ်ထောက်ပြဆို၍၊ ဝိသာလက္ခော၊ ဝိမုခေါ-တို့ကို သမာသဝိဂ္ဂဟပြုပြပါ။

၇။ ဝစဿဇ္ဇတနိမှိ မကာရော ဩ-သုတ်၌ အကာရော-အရ သေချာစွာကောက်ပြ၍၊

http://www.dhammadownload.com

ဝစဝသဝဟာဒိနမုကာရော ဝသဲ ယေ-သုတ်၌ ယေ-အရ အကြောင်းပြလျက် ကောက်ပြပါ။

၈။ ဂမခနဟနာဒိနံ တုံတဇ္ဇာဒိသု နဉ်-သုတ်ဝယ် ဂမခနဟနာဒိနံ-၌ အာဒိ-အရ ကစ္စည်းကျမ်း လာအတိုင်း ပြေဆို၍၊ ဤသုတ်ဖြင့် ဟဒိတုံ-စသည်၌ နဉ်-ကို နဉ်-ထပ်ပြုရခြင်း၏အကျိုး ကိုလည်း ရေးပြပါ။

၉။ အောက်ပါတို့ကို ဓာတု+ပစ္စယခွဲပြပါ-
(က) သဒ္ဒီ၊ (ခ) သတ္ထော၊ (ဂ) သဒ္ဒီရော၊ (ဃ) ဟေမော၊ (င) လောမော။

၁၀။ ကရဏသာဓနဆိ အဓိပ္ပါယ်ကို ပုဒ်စစ်ကျမ်းလာအတိုင်း ပုံစံနှင့်တကွ ရှင်းလင်းပြပါ။

၁၈။ အထူးအောင် (အဖြေ)

ပထမကြိုးတန်း ။ ။ ကစ္စည်းသဒ္ဒါကြိုးဘာသာ

၁။ (အနေကတ္ထတဒ္ဓိတ် အဆုံးသုတ်- တပ္ပကတိ ဝစနေ မယော-သုတ်နှင့် ယင်းသုတ် ဆိုင်ရာကို အနက်ရေးလေ။)

၂။ (ဧကာဒိတော သကိဿ ကွတ္တုံ-သုတ်နှင့် ယင်းသုတ်ဆိုင်ရာကို ပါဠိရေးလေ။)

၃။ သိလ, သမာဓိ, ပညာဝုဏ်အားဖြင့် ကြီးမြတ်သောကြောင့် သေဋ္ဌ၊
ရွေးကောင်းမှုပါရမီ, ကြီးမြတ်သောကြောင့် တိလောကမတိတ၊
အမျိုးအားဖြင့် မြတ်သောကြောင့် အဂ္ဂ၊ ဤသို့ထူးပါသည်။

၄။ မနောပုဗ္ဗင်္ဂမာ-ကို မနောပုဗ္ဗ+ဂမာတည်၊ နိဂ္ဂဟိတဝဋ္ဌသုတ်ဖြင့် ဂ-ဗျည်းကြောင့် ဗ-ထက်၌ နိဂ္ဂဟိတ်လာ၊ ဝဏ္ဏံ ဓါ ဝဂ္ဂေ-သုတ်ဖြင့် နိဂ္ဂဟိတ်ကို က-ဝဂ္ဂန္တ င-ပြု၊ မနောပုဗ္ဗင်္ဂမာကား ပြီး၏။

http://www.dhammadownload.com

ဆခသို့/ သခမို့-ထု ရုပ်ရှိနိုင်/မရှိနိုင်

သို့ မေ-သုတ်ကိုထောက်၍၊ သခ-သဒ္ဒါနောင် သို့ဝိဘတ်ကို အမြဲ ဧ-ပြုရမည်ဖြစ်သော ကြောင့် သခသို့/ သခမို့-ဟု ရုပ်မရှိနိုင်ပါ။

၅။ အန္တရာ, အဘိတော, ပရိတော, ပတိ, ပဋိဘာတိ-စသည်တို့နှင့်ယှဉ်ရာ၌သာ ဤသုတ် ဖြင့် ဆဋ္ဌီအနက်၌ ဒုတိယာဝိဘတ်သက်နိုင်ပါသည်။

ရုဒတော ဒါရကဿ ပဇ္ဇဇိ ပိတာ-၌ ပဇ္ဇဇိ-သည် ဓရိသေ မလေးစား အပ်သော ကြောင့် အနာဒရ၊

ပိတာ-သည် အနာဒရဏ်ကတ္တာဖြစ်သောကြောင့် အနာဒရဝန္တ၊

ရုဒတော-သည် မလေးစားခံရသော ကြိယာဖြစ်သောကြောင့် အနာဒရိယ၊

ဒါရကဿ-သည် အနာဒရိယကတ္တာဖြစ်သောကြောင့် အနာဒရိယဝန္တမည်၏။

၆။ သရော ရဿော နပုံသကော-သုတ်ကိုထောက်၍ အ,ဣ,ဥ-ရဿကာရန် သုံးမျိုးသာ ရနိုင်ပါသည်။

ဝိသာလာနိ အက္ခီနိ ယဿာတိ ဝိသာလက္ခော။

ဝိဂူပံ ပုခံ ယဿာတိ ဝိပုခေါ်။

၇။ အကာရောအရ ပစ္စတ်၏ ဝ-ဇ် အ-အက္ခရာကို ယူပါ။

ယေ-အရ

ဝစ,ဝသ,ဝဟဓာတ်တို့သည် ဆိုခြင်း,နေခြင်း,ဆောင်ခြင်း အနက်ကိုဟောရာ၌ ဒိဒါဒိဂိုဏ်းမဟုတ်၊ ဘူဒါဒိဂိုဏ်းသာဖြစ်သောကြောင့် ယေ-ဟုသာမည်ဆိုသော်လည်း ဒိဒါဒိယ-မဟုတ်သော ဘော,ကံဟော ယ-ပစ္စည်းသာ ဖြစ်သင့်သည်။

၈။ အာဒိ-အရ မန-ဓာတ်ကိုယူပါ။

န-ထပ်ပြုရခြင်းအကျိုး-

ဂမ ခန ဟန ရဟာဒိနမန္တော-သုတ်ဖြင့် ဓာတွန်ချေမှုကိုတားမြစ်ခြင်းအကျိုးငှာ န-ကို န-ထပ်၍ပြုရပါသည်။

၉။ (က) သံပုဇ္ဇ ခနဓာတ် ကွိပစ္စည်း၊

http://www.dhammadownload.com

(ခ) သကဓာတ်၊ တ–ပစ္စည်း။
(ဂ) သံပုဇ္ဈ ကရ–ဓာတ် ဏာ–ပစ္စည်း၊
(ဃ) တိ–ဓာတ်၊ မာန်–ပစ္စည်း၊
(င) လူ–ဓာတ်၊ မာန်–ပစ္စည်း။

၁၀။ ပုဒ်စစ်ထင်ရှားပြီ။

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၄)ရက်၊ (၅–၄–၂၀၀၆)ကြာသပတေးနေ့

၁။ သင်္ဘာဆရာ အရှင်အနုရုဒ္ဓ၏ အာသီသပတ္ထနာ တောင့်တလွှာ ဂါထာကိုသာ အသေ အချာ ပါဠိရေးပြပါ။

၂။ ဖလသမာပတ္တိဝိထိ၌ ဖိုလ်စိတ်၏ သုညတဝိမောက္ခစသည့်အမည်ထူးများ ရပုံကိုပြ သင်္ဘာ ပါဠိကိုသာ အနက်ဖော်ထုတ်ခဲ့ပါ။

၃။ အောက်ပါတို့၏ သရုပ်ကို တိကျစွာ ဖော်ပြခဲ့ပါ–
(က) မဟာဝိပါက် ဒုတိယဇွေးန်၌ ယှဉ်နိုင်သော စေတသိက်၊
(ခ) မဟာကိရိယာ စတုတ္ထဇွေးန်၌ ယှဉ်နိုင်သောစေတသိက်၊
(ဂ) ရုပ်တရားသက်သက်ကိုသာ အာရုံပြုသော စိတ်၊
(ဃ) နာမ်တရားသက်သက်ကိုသာ အာရုံပြုသော စိတ်၊
(င) ကာလဝိမုတ်တရား သက်သက်ကိုသာ အာရုံပြုသော စိတ်။

၄။ ထမင်းရေချောင်းစီ အလှူကြီးပေးနေသော တိဟိတ်ဥက္ကဋ္ဌကုသိုလ်ရှင်၏ ပဋိသန္ဓေ, ပဝတ္တိ အကျိုးနှစ်မျိုးကို ခွဲခြားပြေဆို၍ အသည်းသတ်စုတိနောင် နှောင်းနိုင်သော ပဋိသန္ဓေများ ကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ မူလနှစ်ပါးကြောင့်ဖြစ်သော ဒုစရိုက်ကံတို့ကို တိကျစွာဖော်ပြပြီး၊ ရှုပဋိဘာပြည်၌ လူပြည်ကဲ့သို့ အမျိုးသား/အမျိုးသမီး–တူ၍ ကွဲပြားခြားနားမှု ရှိ/မရှိကိုလည်း သင်္ဘာပါဋ္ဌိ ထောက်၍ ဖြေဆိုခဲ့ပါ။

၆။ ''သွေးသည်အသက်၊ အသက်သည်သွေး''ဟုဆိုရာဝယ် သွေးလှူဒါန်းအတွင်း သွေးပုလင်းထဲ၌ ရှိသော သွေးတွင် အသက်ရှိ/မရှိ ဗုဒ္ဓအဘိဓမ္မာဒေသနာတော်နှင့် ညှိနှိုင်း ဖြေဆိုပြီး၊ ဗောဓိပက္ခိယတရားများကို အမည်အားဖြင့်လည်းကောင်း, ပရမတ္ထ ဓမ္မသဘာဝ အားဖြင့်လည်းကောင်း ဖော်ပြခဲ့ပါ။

၇။ တဏှာသမုဃော ဘဝေ–၌ တဏှာအစစ် တစ်ရာ့ရှစ်ကို ရေတွက်ဖော်ပြ၍၊ ဒုက္ခ၏ အကြောင်းတရားများစွာ ရှိပါလျက် အဘယ်ကြောင့် တဏှာကိုသာ ဒုက္ခ၏ အကြောင်းဟု ဆိုထားရသည်ကိုလည်း ဖြေဆိုခဲ့ပါ။

၈။ တဏှာနှင့် ဥပါဒါန်တို့၏ အထူးကိုဖော်ပြ၍၊ ဥပါနုပစ္ဆယာ ဘဝေါ–၌ ဘဝ၏အရှေ့နှင့် ဘဝပစ္ဆယာ ဇာတိ–၌ ဘဝ၏အရတို့ကိုလည်း ဖော်ပြခဲ့ပါ။

၉။ အဘယ်ကြောင့် အပွဓညာလေးပါးတို့ကို ဗြဟ္မဝိဟာရဟု ခေါ်ပါသနည်း ဖြေဆို၍၊ အာဝဇ္ဇန ဝသီဘော်၏ အဓိပ္ပါယ်ကိုလည်း ဦးကာကျော်လာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၁၀။ အာသုဘကမ္မဋ္ဌာန်းသည် အဘယ်ကြောင့် ပဌမဈာန်ကိုသာ ရစေနိုင်ပါသနည်း ဥပမာဖြင့် ဖြေရှင်းပြပြီး၊ ဒိဋ္ဌဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိကို၏ အထူးကိုလည်း ဖြေဆိုခဲ့ပါ။

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ ဘာဝေတဗ္ဗံ ပနိဒ္ဓေဝံ–စသောဂါထာကိုပါဠိရေးလေ။

http://www.dhammadownload.com

၂။ ဖလသမာပတ္တိဝိထိယံ (ပ) ပဝုစ္စတိ–ဟူသော ပါဠိကို အနက်ပေးလေ။

၃။ (က) အညသမာန်းစေတသိက် ၁၃–ခု၊ သောဘနသာဓာရဏစေတသိက် ၁၉–ခု၊ ပေါင်း ၃၂–ခု၊

(ခ) ဝိတိက္ကြဉ် အညသမာန်းစေတသိက် ၁၂–ခု ဉာဏ်, ဝိရတိက္ကြဉ် သောဘန စေတသိက် ၂၁–ခု၊ ပေါင်း ၃၃–ခု။

(ဂ) ဒွေပဉ္စဝိညာဉ်–၁၀၊ မနောဓာတ် ၃–ခု၊ ပေါင်း ၁၃–ခု။

(ဃ) ဝိညာဏဉ္စာယတနစိတ် ၃–ခု၊ နေဝသညာနာသညာယတနစိတ် ၃–ခု၊ လောကုတ္တရာစိတ် ၈–ခု၊ ပေါင်း ၁၄–ခု။

(င) အဘိညာဉ်ဒွေးမှတစ်ပါး ရူပစိတ် ၁၅–ခု၊ အာကာသာနဉ္စာယတနစိတ် ၃–ခု၊ အာကိဉ္စညာယတနစိတ် ၃–ခု၊ လောကုတ္တရာစိတ် ၈–ခု၊ ပေါင်း ၂၉–ခု။

၄။ **တိဟိတ်ဥက္ကဋ္ဌကုသိုလ်ရှင်၏ ပဋိသန္ဓေသရုပ်ကား**

မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄–ခု၊ ပဝတ္တိအကျိုးကား မဟာဝိပါက်စိတ် ၈–ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈–ခု၊ ပေါင်း ၁၆–ခု။

နှောင်းနိုင်သောပဋိသန္ဓေ

ကာမဒွိဟိတ်ပဋိသန္ဓေ ၄–ခု၊ တိဟိတ်ပဋိသန္ဓေ ၄–ခု၊ ပေါင်း ၈–ခု။

၅။ အဒိန္နာဒါန မုသာဝါဒ ပိသုဏဝါစာ သမ္ဖပ္ပလာပဝါစာ ပေါင်း ၄–ပါး။
ရူပဗြဟ္မာပြည်၌ အမျိုးသား အမျိုးသမီးဟူ၍ ကွဲပြားခြားနားမှု မရှိပါ။
ပါဠိထောက်။ ။ ရူပလောကေ ပန ဃာန ဇိဝှာ ကာယ ဘာဝဒသကာနိစေဝ အာဟာရဇ ကလာပါနိ စ နတ္ထိဿ။

၆။ ဗဟိဒ္ဓသန္တာန်၌ ဇီဝိတရုပ်မရှိနိုင်သောကြောင့် သွေးပုလင်းထဲ၌ ရှိသော သွေးတွင် အသက် မရှိပါ။

http://www.dhammadownload.com

အမည်–

သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်အားဖြင့် ဂု–ပါး။

ပရမတ္ထဓမ္မသဘာဝ –

ဆန္ဒ၊ စိတ္တ၊ ဥပေက္ခာ၊ သဒ္ဓါ၊ ပဿဒ္ဓိ၊ ဝိတိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိ၊ သမ္မာသမာဓိအားဖြင့် ၁၄–ပါး။

၇။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဤသုံးပါးကို အာရုံခြောက်ပါးနှင့်မြှောက်၊ ၁၈–ပါး၊ ယင်းကို အဒ္ဓတ္တ, ဗဟိဒ္ဓသန္တာန် နှစ်ပါးနှင့်မြှောက်၊ ၃၆–ပါး၊ ယင်းကို ကာလသုံးပါးဖြင့် မြှောက်၊ တဏှာအစစ် ၁၀၈–ပါးဖြစ်၏။

ဆောင်– *တဏှာသုံးစုံ၊ အာရုံခြောက်ခု၊ နှစ်ခုသန္တာန်၊ သုံးတန်ကာလ၊ ဆက်မြှောက်က၊ တစ်ရာ့ရှစ်ပါး၊ တဏှာပွား။*

တဏှာသာဒုက္ခ၏ အကြောင်း

ကံ၏ဆန်းကြယ်မှု အကြောင်း၏အဖြစ်ဖြင့်လည်းကောင်း ကံ၏အဖော်အဖြစ်သို့ ကပ်ရောက်ခြင်းဖြင့်လည်းကောင်း ဒုက္ခဆန်းကြယ်မှု၏ အကြောင်းဖြစ်သည့်အတွက် ပဓာန အကြောင်း, ပြဌာန်းသောအကြောင်း ဖြစ်သောကြောင့် တဏှာကိုသာ ဒုက္ခ၏ အကြောင်းဟု ဆိုထားရသည်။

၈။ အားသေးသော လောဘသည် တဏှာ ၊ အားကြီးသော လောဘသည် ဥပါဒါန်။ ဤသို့ထူးသည်။

ဥပါဒါနပစ္စယာ ဘဝေါ–၌ ဘဝအရ – ကမ္မဘဝ၊ ဥပပတ္တိဘဝ နှစ်မျိုးလုံး ယူရသည်။ ဘဝပစ္စယာ ဇာတိ–၌ ဘဝအရ– ကမ္မဘဝကိုသာ ယူရသည်။

၉။ မြတ်သောနေခြင်းဖြစ်သောကြောင့်လည်းကောင်း မြတ်သောပုဂ္ဂိုလ်တို့၏ နေရာဖြစ်သောကြောင့်လည်းကောင်း ဗြဟ္မဝိဟာရဟု ခေါ်သည်။

အာဝဇ္ဇနဝသီဘော်အဓိပ္ပါယ်

ဈာန်အင်္ဂါ ၅–ပါးတို့တွင် တစ်ပါးပါးသော ဈာန်အင်္ဂါဟူသော အာရုံကို အာရုံပြု

http://www.dhammadownload.com

သော အာဝဇ္ဇန်း၏အခြားမဲ့၌ ဇော ၄-ကြိမ်၊ ၅-ကြိမ် ဘဝင် ၂-ကြိမ်ကို မလွန်စေမူ၍ ဗျာန်အင်္ဂါတို့ကို အဆက်မပြတ်ဆင်ခြင်ခြင်းမှာ စွမ်းနိုင်သည်၏အဖြစ်သည် အာဝဇ္ဇန ဝသီဘော်မည်၏။

၁၀။ ကြမ်းတမ်းသော ရေအလျှံရှိသောမြစ်၌ လှေသည် ထိုးဝါး၏အစွမ်းဖြင့်သာ တည်တံ့နိုင် သကဲ့သို့ အသုဘဘာဝနာသည် စက်ဆုပ်ရုံရှုဖွယ်အာရုံဖြစ်သောကြောင့် ထိုအသုဘ ဘာဝနာ၌ ဝိတက်၏အစွမ်းဖြင့်သာလျှင် စိတ်တည်တံ့ရကား အသုဘ ကမ္မဋ္ဌာန်း၌ ဝိတက် ကင်းသောဈာန် မဖြစ်သင့်သောကြောင့် ပထမဈာန်ကိုသာ ရစေနိုင်ပါသည်။

အထူး

ဒုက္ခသစ္စာကို ပိုင်းခြားမှတ်သားနိုင်ခြင်းသည် ဒိဋ္ဌိဝသုဒ္ဓိမည်၏၊ သမုဒယသစ္စာကို ပိုင်းခြား မှတ်သားနိုင်ခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ဤသို့ထူးပါသည်။

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၄)ရက်၊ (၅-၄-၂၀၀၇)ကြာသပတေးနေ့

၁။ (က) ဂေါတြဘု စိတ်ဖြစ်ပုံပြု ဓုဏ္ဏိယပါဠိ၊
(ခ) ပစ္စဝေက္ခဏာဉာဏ်(၁၉)တန်ပြဂါထာတို့ကို ပါဠိရေးပါ။

၂။ အာဟာရပစ္စည်း၏ သရုပ်အပြားပြ ဓုဏ္ဏိယပါဠိကို ဆရာနည်းကျ အနက်ယောဇနာပါ။

၃။ ပညာနှင့် သမ္မယုတ္တဖြစ်သော စိတ်တို့ကို သင်္ခါမျှပြု၍ ထိုစိတ်တို့၏ အလယ်တရား တစ်ပါးကို သင်္ခေါ်ယျပြု၍ ထိုသင်္ခေါ်ယျအရှင့် ယှဉ်ဖော်ယှဉ်တက်ဖြစ်သောတရားတို့ကိုပါ ကောက်ပြပြီး၊ ထိုတစ်ပါး၏ ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ, အာရုံ, ဝတ္ထုတို့ပါ ဝေဖန်ပါ။

http://www.dhammadownload.com

၄။ အရှင်တို့ အဘိဓမ္မာတတ်ကျွမ်းသူများပီပီ သောမနဿသဟဂုတ် မဟာကုသိုလ်ဉာဏ-သမ္ပယုတ်ဇော(၂)ခုနောင် ,နှောင်းနိုင်သော အပွနာဇောများကို တိကျစွာ ဖော်ပြ၍၊ ရမက်လောဘမူလအကြောင်းရင်းကြောင့် ဖြစ်ပေါ်တတ်သော အကုသိုလ်နှစ်ရိုက်များကို ဖော်ထုတ်ပြီးလျှင်၊ အဟိတ်တိရစ္ဆာန်ဖြစ်သော ဇားသတ္တဝါများသေလျှင် တာဝတိံသာနတ်ပြည်သို့ လားရောက်နိုင်/မရောက်နိုင်သည်ကိုလည်း ပါဠိသာဓကပြလျက် ဆုံးဖြတ်ချက်ချခဲ့ပါ။

၅။ အဓိဝမ်းတွင် ကိန်အောင်းသောသတ္တဝါတို့၏ သန္တာန်၌ ရနိုင်သောရုပ်ကလာပ်တို့ကို ထုတ်ပြ၍၊ ဒေါသဇအမည်များကိုလည်း သမုစ္စည်းကျမ်းလာအတိုင်း ရေးပြခဲ့ပါ။

၆။ ပထဝီကသိုဏ်းကို စိန်ပြန်းသော ယောဂါဝစရပုဂ္ဂိုလ်များ ထင်လာသော ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် အခိုက်အတန့်အဆင့်ဆင့်၌ ထင်လာမြင်လာသော အာရုံကို သိသာထင်ရှားရုံမျှ ပြဆိုပါ။

၇။ မဟာကုသိုလ်စိတ်၏အဆုံး၌ ''သဖေတုက''သန္ဒိမထည့်ဘဲ မဟာဝိပါက်, မဟာကြိယာ စိတ်တို့၏အဆုံး၌သာ ''သဖေတုက''သန္ဒိထည့်ရခြင်းအကြောင်းကို ရေး၍၊ လောကုတ္တရာ စိတ်၌ အပွမညာမယှဉ်ခြင်း၏ အကြောင်းကိုလည်း ရေးပြပါ။

၈။ နိဗ္ဗာန်နှင့်ပညတ်တို့ ကာလဝိမုတ်မည်ရခြင်းအကြောင်းကို ရေး၍၊ အဘယ်သို့ဖြစ်ခြင်းမျိုးကို ဘဝင်လှုပ်သည်ဟုဆိုပါသနည်း? သစ်ရွက်ကို လေတိုက်၍ လှုပ်ခြင်းမျိုးကဲ့သို့ မှတ်ရ မည်လော? ဋီကာဆရာအာဘော်က ဖြေဆိုပါ။

၉။ မနောဒုစရိုက်သုံးပါးတို့တွင် အပါယ်လားကြောင်းကံမြောက်သည့် ဒိဋ္ဌတို့ကို ဖော်ပြ၍၊ လဟုတာဒိရုပ်သုံးပါးသည် ကံကြောင့် ဖြစ်/မဖြစ် အကြောင်းပြ၍ ဆုံးဖြတ်ပါ။

၁၀။ ဆောင်တတ်သောကြောင့် အာဟာရ-ဟူဆိုရာဝယ် အဘယ်ကဲ့သို့ ဆောင်ပါသနည်း

http://www.dhammadownload.com

ဇာတိ, ဇရာ, မရဏသည် အဘယ်ကြောင့် အနာဂတကာလမည်ပါသနည်း ၎င်းနှစ်ချက်ကို ဋီကာဆိုလိုချက်သွင်း၍ ရှင်းလင်းဖြေဆိုပြပါ။

၂။ ကယားပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဆာဆာ

၁။ (က) တတော ပရံ ဂေါတြဘုစိတ္တံ (ပ) အရိယဂေါတ္တမဘိသမ္ဘောန္တဉ္စ ပဝတ္တတိ။
(ခ) (မင်္ဂံ ဗလဉ္စ နိဗ္ဗာနံ– စသော ဂါထာတို့ကို ရေးလေ။)

၂။ (ကဗ္ဗိကာရော အာဟာရော– စသော ပါဠိကို အနက်ရေးလေ)

၃။ ၄ရ–ပါး။
အလယ်တစ်ပါး– ရူပကြိယာပဋိမချာန်စိတ်၊
ယှဉ်ဖော်ယှဉ်ဖက်တရား– ဝိတက် ဝိစာရ ဝိတိကြဉ် အညသမာန်းစေတသိက် ၁၀၊ ဝိရတိ, အပ္ပမညာကြဉ် သောဘန စေတသိက်– ၂၀၊ ပေါင်း ၃၀–ပါး။

ဝေဒနာဒီဆက္က

ထိုရူပကြိယာပဋိမချာန်စိတ်သည် ဥပေက္ခာဝေဒနာ၊ တိဟိတ်၊ ဇောကိစ္စ၊ မနောဒွါရ တစ်ခွါရ၊ ပညတ်ဇကန်အာရုံ၊ အဘိညာဉ်ကိစ္စတပ်က အလုံးစုံအာရုံ၊ ဟဒယဝတ္ထုကို အမြဲမှီ။

၄။ မဟဂ္ဂုတ်ကုသိုလ်သောမနဿ–၄၊ မဂ်သောမနဿ–၁၆၊ အောက်ဖိုလ် ၃–ခု သောမနဿ ၁၂၊ ပေါင်း ၃၂–ပါး။
နုစရိုက်– ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ ပေါင်း ၃–ပါး။
ဆောင်း။ *ကာမေ ဘိဇ္ဈာ၊ ဒိဋ္ဌိမှာ၊ ဖြစ်လာလောဘကြောင့်*။ (ရေးလက်စ)

ဖားနှင့် တာဝတိံသာနတ်

ဖားသတ္တဝါသေလျှင် တာဝတိံသာနတ်ပြည်သို့ ရောက်နိုင်ပါသည်။

http://www.dhammadownload.com

သာဓက။ ။ ကာမဂေသွေဝ ပဂေတာရာ၊ (အဟိတ်စုတိနောင် ကာမပဋိသန္ဓေ ၁၀-လုံး နောင်းနိုင်သည်။)

၅။ **ပဋိသန္ဓေအစဉ်**– ကာယ၊ ဘာဝ၊ ဝတ္ထုဒသကကလာပ် ၃-စည်း၊
နောက်ပိုင်းပဝတ္တိအဆက်ဉ်– စက္ခု၊ သောတ၊ ဃာန၊ ဇိဇ္ဈာ၊ ဇိဝိတနဝကကလာပ် ပေါင်း ၈-စည်း။

ဒေါသဇာတ်အမည်များ

ဗျာပါဒကာယဂန္ထ၊ ဗျာပါဒနိဝရဏ၊ ပဋိဃာနုသယ၊ ပဋိဃသံယောဇဉ်၊ ဒေါသကိလေသာ ပေါင်း ၅-ပါး။

၆။ ၁။ ပရိကမ္မနိမိတ်-အဆြေခံစသည်ရှုမှတ်ပွားများအပ်သော ပထဝီကသိုဏ်းဝန်း။
၂။ ဥဂ္ဂဟနိမိတ်– မျက်စိဖြင့်မြင်နေသလို စိတ်ထဲ၌ပြုထင်နေသော ပထဝီကသိုဏ်းဝန်း။
၃။ ပရိကမ္မနိမိတ်– ဥဂ္ဂဟနိမိတ်နှင့်အလားတူသော ပရမတ္ထဓမ္မမှအလွတ်ဖြစ်သော ပညတ် ဟုဆိုအပ်သော ဘာဝနာကြောင့် ဖြစ်ရသောစိတ်ထဲ၌ ပြုမွှာသက်ဝင်တည်တန့်နေသော အာရုံတစ်မျိုး။

၇။ ကုသိုလ်သည် သဟိတ်တစ်မျိုးသာဖြစ်၍ အဟိတ် သဟိတ်လျှင်းပါးဖွယ်မရှိသောကြောင့် မဟာကုသိုလ်အဆုံး၌ သဟေတုကသန္ဒိ မဆည့်ပါ။ ဝိပါက် ကြိယာတို့သည် အဟိတ် သဟိတ် ၂-မျိုးရှိ၍ အဟိတ်လေလား သဟိတ်လေလား-ဟု လျှင်းပါးဖွယ်ရှိသောကြောင့် မဟာဝိပါက် မဟာကြိယာစိတ်တို့၏အဆုံး၌သာ သဟေတုကသန္ဒိ ထည့်ရပါသည်။

အပ္ပမညာမယှဉ်ခြင်းအကြောင်း

အပ္ပမညာတို့သည် သတ္တဝါပညတ်လျှင်အာရုံရှိသည်၊ လောကုတ္တရာစိတ်သည် နိဗ္ဗာန်လျှင် အာရုံရှိသည်။ ဤသို့ အာရုံကွဲပြားသောကြောင့် လောကုတ္တရာစိတ်၌ အပ္ပမညာမယှဉ်ပါ။

http://www.dhammadownload.com

၈။ ပျက်စီးခြင်းသဘောမရှိသောကြောင့်လည်းကောင်း၊ အတိတ်စသော ကာလ၏ အစွန်းဖြင့် မဆိုထိုက်သောကြောင့်လည်းကောင်း နိဗ္ဗာန်နှင့် ပညတ်သည် ကာလဝိမုတ် မည်သည်။

ဘဝင်လှုပ်ခြင်းအဓိပ္ပါယ်

ရှေးဘဝင်နှင့်မတူသော နောက်ဘဝင်အစဉ်ဖြစ်ခြင်းကို ဘဝင်လှုပ်သည်ဟု ဆိုသည်။

၉။ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ–တို့ဖြစ်သည်။

လဟုတာဒိနှင့် ကမ္မဇ

ပစ္စုပ္ပန်အကြောင်းကို ငဲ့သည်၏အဖြစ်ကြောင့် လဟုတာဒိရုပ် ၃–ပါးသည် ကံကြောင့်မဖြစ်ပါ။

၁၀။ ကဗဠီကာရာဟာရသည် ဩဇာလျှင် ၈–ခုမြောက်ရှိသော ရုပ်ကို ဆောင်သည်။ ဖဿာဟာရသည် ခံစားမှုဝေဒနာဖြစ်ပေါ်အောင် ဆောင်ရွက်သည်။

မနောသဉ္စေတနာဟာရသည် ပဋိသန္ဓေဝိညာဉ်စိတ်များဖြစ်ပေါ်အောင် ဦးဆောင် ဆော်သြပေးသောအားဖြင့် ဆောင်ရွက်သည်။

ဝိညာဏာဟာရသည် ဓေတသိက်နာမ်များနှင့် ရုပ်များဖြစ်ပေါ်အောင် ဆောင်ရွက် ပေးသည်။

အနာဂတကာလ

ပစ္စုပ္ပန်အကြောင်းကြောင့် နောင်အခါဖြစ်ရခြင်းကြောင့် ဇာတိဇရာမရဏာသည် အနာဂတ ကာလမည်သည်။

၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၄)ရက်၊ (၅–၄–၂၀၀၆)ကြာသပတေးနေ့

၁။ အနာဂါမိ, ရဟန္တာပုဂ္ဂိုလ်များ နိဂြောဓသမာပတ်ဝင်စားပြီးနောက် စိတ်အစဉ်ဖြစ်ပုံပြ သင်္ဂဟ ပါဠိတို့ကို ပြည့်စုံစွာ ဖြေဆိုပါ။

http://www.dhammadownload.com

၂။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အား ဘာဝနာကမ္မဋ္ဌာန်းပွားများအားထုတ်ရန် တိုက်တွန်းနှိုးဆော်သော သင်္ဂဟဂါထာကို ဖိသယ ဖြေဆိုပါ။

၃။ ကိုယ်ပိုင် အသိဉာဏ်ဖြင့် သူတစ်ပါးကောင်းကျိုးပြု(ပရဟိတ)လုပ်ငန်းကို ဝမ်းမြောက်ပျော်ရွှင်စွာ လုပ်ကိုင်နေသူ၏ သန္တာန်၌ဖြစ်သော စိတ်, စေတသိက်တို့ကို ဖြေဆို၍၊ ရူပဖြတ္တာများ ဘောလုံးပွဲကြည့်လိုက ကြည့်ရှုနိုင်ခွင့်ရှိ/ မရှိ သာဓကပြ ဖြေဆိုပါ။

၄။ (က) အာရုံငါးပါးတို့ ဒွါရငါးပါးတို့၌ ထင်ရာအခါ၊ (ခ)ဘဝဟောင်းမှ စုတေပြီးနောက် ဘဝသစ်၌ ပဋိသန္ဓေစိတ်ဖြစ်ရာအခါတို့ကို သင်္ဂဟသာဓကပြ ဖြေဆို၍၊ ဘဝ၏ အလယ်စိတ် ဖြစ်ပုံကို ဥပမာ, သာဓကပြဖြေဆိုပါ။

၅။ ''အေ အိုင် ဒီ အက်စ်'' ရောဂါ ကူးစက်ခံနေရသူ၌ ''အိတ်ချ် အိုင် ဗွီ''ဗိုင်းရပ်စ်ပိုးသည် သုက်သွေးမှတဆင့် ကူးစက်ခဲ့ရာ ၎င်းသုတ်သွေးတွင် ပါဝင်သောရုပ်ကို ဖြေဆိုပြီးလျှင်၊ သစ္စာလေးပါး၏ တရားကိုယ်ကိုလည်း ဖြေဆိုပါ။

၆။ အဝိဇ္ဇာ-ဖြစ်ခြင်းအကြောင်းကို သင်္ဂဟသာဓကပြ ဖြေဆို၍၊ မောဟစရိုက်ရှိသူနှင့် ဝိတက် စရိုက်ရှိသူတို့ ရှုမှတ်ပွားများရမည့် ကသိုဏ်းဝန်းအနေအထားကိုလည်း သတ်မှတ်ဖော်ပြပါ။

၇။ ''ကြက်ငှက်တုပ်ကွေးရောဂါ''ကူစက်ခံရမည်စိုးသဖြင့် ကြက်ငှက်များအား သတ်ဖြတ်သုတ်သင်ခြင်းသည် ပါဏာတိပါတာ ထိုက်/မထိုက် ဋီကာအလိုက္ခ ဖြေရှင်း၍၊ (က) သကြော်နရေ၌ ပါဝင်သော ရုပ်ကို ကလာပ်ဖွဲ့ပြီးလျှင်၊ (ခ) ဣရိယာပထရုပ်, ပုရိသဘာဝရုပ်တို့၏ တည်ရာဌာနကိုလည်း အသီးသီးညွှန်ပြပါ။

၈။ ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာတို့၏ အထူးကို ဖြေဆို၍၊ ''တဏှာအစစ်, တစ်ရာ့ရှစ်''ကိုလည်း ရေတွက်ပြပါ။

http://www.dhammadownload.com

၉။ တဏှာနှင့် ဥပါဒါန်အထူးကို ဥပမာနှင့်တကွ ပြေဆိုပြီး၊ အနုနုရှုနှင့် သမနုပဿနာဝိပဿနာစွဲသည်း တို့သည် အနက်ထူး မရှိပါဘဲလျက် နှစ်မျိုးခွဲ၍ ဟောတော်မူခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၁၀။ (က) မေတ္တာအဓိပ္ပါယ်၊ (ခ) မေတ္တာလက္ခဏာ၊ (ဂ) မေတ္တာတရားကိုယ်–တို့ကို ဖြေဆို၍ ''မေတ္တာဒယော တယော စတုက္ကဖျာနိကာ'' ဟု ဝိန်ဆိုရခြင်းအကြောင်း ကိုလည်း ဖြေဆိုပါ။

၃။ ကရင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ သာသနာ

၁။ (ဝိထိပိုင်းလာ ဝုဋ္ဌာနကာလေ–စသော ပါဠိနှင့် ကမ္မဋ္ဌာန်းပိုင်းလာ ဝုဋ္ဌာနကာလေ–စသော ပါဠိတို့ကို ရေးလေ။)

၂။ (ဘာဝေတဗ္ဗံ ပနိစ္စဝံ–စသော ဂါထာကို အနက်ရေးလေ။)

၃။ မဟာကုသိုလ်သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ်။
အညသမာန်းစေတသိက် ၁၃–ပါး၊ သောဘနစေတသိက် ၂၅–ပါး။ ပေါင်း ၃၈–ပါး။
ရူပဗြဟ္မာများ ဘောလုံးပွဲကြည့်လိုက ကြည့်ရှုနိုင်ခွင့် ရှိပါသည်။
သာဓက– ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။

၄။ (က) ဌိသို့ရောက်သောအခါ။
သာဓက– ဌိတိပ္ပတ္တာနေဝ ပဠာရမ္ဘကာနိ ပဋ္ဌာနရေ အပါထမာဂစ္ဆန္တိ။
(ခ) ဘဝသစ်၌ ဥပါဒါလျှင် ဥပါဒါခြင်း။
သာဓက– ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။
ဘဝင်စိတ်များသည် မြစ်ရေအလျဉ်ကဲ့သို့ မပြတ်ဖြစ်နေသည်။

http://www.dhammadownload.com

သာဓက– ဘဝသ အင်္ဂဘဝေန ဘဝင်္ဂသန္တတိသဒိတိ မာနသံ အတ္ထောစ္ဆိန္နံ နဒီသောတောဝိယ ပဝတ္တတိ။

၅။ ကာယဒသကကလာပ်ရုပ်, ဘာဝဒသကကလာပ်ရုပ်, ဝတ္ထုဒသကကလာပ်ရုပ်များ ဖြစ်ကြသည်။

တစ်နည်း– အဝိနိဗ္ဘောဂရုပ် ၈–ခု၊ ဇီဝိတ, ကာယ, ဘာဝ, ဟဒယဝတ္ထုရုပ်များ ဖြစ်ကြသည်။

သစ္စာလေးပါးတရားကိုယ်

လောကီစိတ် ဧတေသိက် ရုပ်သည် ဒုက္ခသစ္စာ၊ လောဘသည် သမုဒယသစ္စာ၊ နိဗ္ဗာန်သည် နိရောဓသစ္စာ၊ မဂ်စိတ်လေးခုခွဲ ရှိသော မဂ္ဂင်တရားကိုယ် ၈–ပါး/၇–ပါးသည် မဂ္ဂသစ္စာ။

၆။ **အဝိဇ္ဇာအကြောင်း**– အာသဝ၊

သာဓက– အာသာဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ။

ကသိဏ်းဝန်း အနေအထား

ကျဉ်းမြောင်းသောအရပ်၌ စိတ်သည် အတိုင်းအထက်အလွန်တွေဝေတတ်သောကြောင့် ကောက်နယ်တလင်းခန့် ကျယ်ပြန့်သော ကသိဏ်းဝန်းသည် မောဟစရိုက်ရှိသူနှင့် သင့်လျော်သည်။

ကျယ်ဝန်းသော အာရုံသည် ဝိတက်ပြေးသွားကြောင်းဖြစ်သောကြောင့် ဗန်းစကော အိုးပုံး စလောင်းမျှကျဉ်းငယ်သောကသိဏ်းဝန်းသည် ဝိတက်စရိုက်ရှိသူနှင့် သင့်လျော်သည်၊

၇။ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြိယဟူသောပါဏာ၌ သတ္တဝါဟူအမှတ်ရှိ သူ၏ ဇီဝိတိန္ဒြိယကိုဖြတ်တတ်သော ပယောဂကိုဖြစ်စေတတ်သော သတ်ကြောင်းစေတနာသည် ပါဏာတိပါတမည်၏ဟု ဋီကာရှင်ဆိုသောကြောင့် ပါဏာတိပါတကံ ထိုက်သည်။

http://www.dhammadownload.com

တစ်နည်း။ ၁။ သတ္တဝါဖြစ်ခြင်း၊ ၂။ သတ္တဝါဇာတ အမှတ်ရှိခြင်း၊
၃။ သတ်လိုသောစိတ်ရှိခြင်း၊ ၄။ သတ်ခြင်း၊ ၅။ သေခြင်း၊
ဤအင်္ဂါငါးချက်နှင့် ပြည့်စုံလျှင် ပါဏာတိပါတကံ ထိုက်ပါသည်။

(က) သုဒ္ဓဋ္ဌကကလာပ်၊ သဒ္ဒနဝကကလာပ်ဟူသော ဥတုဇကလာပ် ၂-စည်း။

(ခ) တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ တည်သည်။

၈။ အလုံးစုံသော သဘာဝဓမ္မတို့ကို ပေါင်းယူခြင်းအကျိုးငှာ သာသဝတရား, အနာသဝတရားတို့ကို သာမညအားဖြင့် ခန္ဓာ၌ ဟောသည်။

ဝိပဿနာဘူမိဖြစ်သော တရားတို့ကို ပြခြင်းအကျိုးငှာ သာသဝတရားတို့ကို သာလျှင် ဥပါဒါနက္ခန္ဓာ၌ ဟောသသည်။ ဤသို့ထူးသည်။

တဏှာအစစ်တွက်ပုံ— (ကချင် နံပါတ် ၇- ၍။)

၉။ **တဏှာနှင့်ဥပါဒါန်အထူး**

အမိုက်မှောင်၌ ခိုးသူတို့၏ ဥစ္စာပစ္စည်းကို ယူရန် လက်ကိုလှမ်းခြင်းကဲ့သို့ မရမရောက်သေးသော အာရုံကို လိုချင်တောင့်တမှုသည် တဏှာ။

ခိုးသူ၏လက်၌ ရောက်ပြီးသော ဥစ္စာပစ္စည်းကို ကိုင်ယူခြင်းကဲ့သို့ ရဲရောက်ပြီးသော အာရုံကို ယူခြင်း၊ စွဲလန်းခြင်းသည် ဥပါဒါန်၊ ဤသို့ထူးသည်။

နှစ်မျိုးခွဲတောရကြောင်း

ဝေနေယျဇ္ဈာသယကြောင့်နှစ်မျိုးခွဲ၍ဟောသည်၊ မှန်သည်၊ အနုန္တရအခြင်းအရာသမန္တရ အခြင်းအရာအားဖြင့် သိကြမည့်ဝေနေယျတို့၏ အစွမ်းကြောင့် အနက်ထူးမရှိပါဘဲလျက် နှစ်မျိုးခွဲ၍ ဟောတော်မူသည်။

၁၀။ (က) ချစ်တတ်သောကြောင့်လည်းကောင်း ချစ်အပ်သောအဆွေခင်ပွန်း၌ဖြစ်တတ်သောကြောင့်လည်းကောင်း မေတ္တာဟုဆို၏သည်။

(ခ) မေတ္တာသည် သတ္တဝါတို့၏ စိုးပွားချမ်းသာကို ဆောင်ခြင်းလက္ခဏာရှိသည်။

(ဂ) အဒေါသ စေတသိက်။

http://www.dhammadownload.com

ဝိန်ဆိုရကြောင်း

မေတ္တာ, ကရုဏာ, မုဒိတာသုံးပါးတို့သည် ဗျာပါဒ, ဝိဟိံသ အနတ်ရတိတို့ကို ပယ်တတ်သောအားဖြင့် ဒေါမနဿ၏ ဆန့်ကျင်ဘက်ဖြစ်သော သောမနဿနှင့်သာ အတူတကွ ဖြစ်သင့်သောကြောင့် မေတ္တာဒယော တယော စတုက္ကဇ္ဈာနိကာ-ဟု ဝိန်ဆိုရသည်။

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမကြိုးတန်း ။ ။အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၄-ရက်(၅-၄-၂၀၀၆)ကြာသပတေးနေ့။

၁။ ဝိထိမုတ်စိတ်တို့၏ ဝိသယပွဝတ္တိ သုံးမျိုးပြ သင်္ဂဟစုဏ္ဏိယပါဠိကို မှန်ကန်စွာ ရေးသားပြပါ။

၂။ တစ်ဘဝ၌ ဇာတြိတရားသုံးပါးပြ သင်္ဂဟဂါထာကို အနက်မှန်မှန် သမ္မန်ပြပါ။

၃။ အသိဉာဏ်ရှိစွာ ဝမ်းသာအားရ ကုသိုလ်ပြုလုပ်သော ပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်သင့်သော စိတ်များကို တိကျစွာ ဖော်ထုတ်ပြပြီးလျှင်၊ သာဓာရဏအမည်ရသော စေတသိက်များကို လည်း ဖော်ညွှန်းပြပါ။

၄။ သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ-၌ သဗ္ဗတ္ထ-အရကို တိကျစွာ ကောက်ပြပြီးလျှင်၊ အားထုတ်မှု ဝိရိယကင်းသော စိတ်များကိုလည်း သာဓကထောက်၍ မှန်ကန်စွာ ကောက်ပြခဲ့ပါ။

၅။ အနာဂါမ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ မေထုနသံဓါသ အမှုပြုလိုသောစိတ်ရှိ / မရှိ ယုတ္တိပြ၍ ဖြေဆိုပြီးလျှင်၊ နာဝ်အချင်းချင်း ကျေးဇူးပြုရာ၌သာ ပါဝင်သင့်သော ပစ္စယသတ္တိများကိုလည်း သင်္ဂဟကျမ်းရင်းလာအတိုင်းသာ ထုတ်ဆောင်ပြပါ။

http://www.dhammadownload.com

၆။ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဖြစ်ပေါ်လာသော သမာဓိတို့ကို တိကျစွာ ဖော်ပြပြီးလျှင်၊ အဘယ်နိမိတ်ကို အဘယ်သမာဓိဖြင့် ပွားများပါမှ ရူပါဝစရပဌမစျာန်ကို ရရှိနိုင်ပါသနည်း? သင်ဟသာဓကအထောက်ပြု၍ ဖြေဆိုပြပါ။

၇။ ကျမ်းဆရာတို့သည် အဘယ်အာသီသဖြင့် ကျမ်းဦးအစ ပထမဌ္ဌ ရတနတ္တယပဏာမကို ပြုတော်မူခဲ့ကြပါသနည်း ဦးကာအရှင် အမြင်အရ ဖော်ထုတ်ပြု၍၊ သမ္မာသမ္ဗုဒ္ဓ–မည်ခြင်း အကြောင်းရင်းကိုလည်း ဦးကာလာအတိုင်းသာ ဖြေဆိုပြပါ။

၈။ တိရိုဿတ္တပ္ပ နှစ်မျိုးတို့တွင် အဘယ်တရားသည် အတ္တဂါရဝ၏ အစွမ်းအားဖြင့် ဖြစ်၍၊ အဘယ်တရားသည် ပရဂါရဝ၏ အစွမ်းအားဖြင့် ဖြစ်သည်ကို ဦးကာကျော်နှင့်အညီ ဖြေဆိုပြု၍၊ ကာယပါဂုညတာ–၌ ကာယ–၏ အရကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။

၉။ ပဌဝိသပရိတ္တာမှိ–ဟူသော သင်ဟစကားရပ်၌ ပရိတ္တ–ဟူသည် အဘယ်ကို ဆိုလိုပါသနည်း ဖြေဆိုပြု၍၊ ပရိတ္တာမည်ခြင်းအကြောင်းနှင့် ပရိတ္တ၏ ဖြစ်ပုံအခြင်းအရာတို့ကိုလည်း ဦးကာကျော်ကျမ်းနှင့်အညီ ဖြေဆိုပြပါ။

၁၀။ (က) သတိပဋ္ဌာနံ– ၌ ပဋ္ဌာနမည်ခြင်းအကြောင်းနှင့် (ခ) ပဋ္ဌာနနယော–၌ ပဋ္ဌာနမည်ခြင်းအကြောင်းတို့ကို ဦးကာကျော်နှင့်အညီ ဖြေဆိုပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ ဝိထိမုတ္တာနံ ပန ကမ္မ ကမ္မနိမိတ္တဂတိနိမိတ္တဝသေန တိဝိဓာ ဟောတိ ဝိသယပ္ပဝတ္တိ။

၂။ (ပဋိသန္ဓိဘဝင်္ဂ –စသော ဂါထာကို အနက်ရေးလေ။)

http://www.dhammadownload.com

၃။ မဟာကုသိုလ် ပထမဇ္ဈာန်ဖြစ်သည်။
၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊
၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်။

သာဓာရဏာအမည်ရသော စေတသိက်

သဗ္ဗစိတ္တသာဓာရဏာစေတသိက် ၇-ပါး၊ သဗ္ဗာကုသလသာဓာရဏာစေတသိက် ၄-ပါး၊ သောဘနသာဓာရဏာစေတသိက် ၁၉-ပါး။

၄။ စိတ်အကျဉ်း ၈၉-ပါး၊ အကျယ် ၁၂၁-ပါး။

ဝိရိယကင်းသော စိတ်များ

ပဉ္စဒ္ဒါရာဝဇ္ဇန်း-၁၊ ဒွေပဉ္စဝိညာဉ်-၁၀၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ ၃-ခု၊ ပေါင်း ၁၆-ခု။
သာဓက- ဝိရိယံ ပဉ္စဒ္ဒါရာဝဇ္ဇန ဒ္ဝိပဉ္စဝိညာဏ သမ္ပဋိစ္ဆ န သန္တီရဏာဝဇ္ဇိတစိတ္တေသု။

၅။ အနာဂါမ်ပုဂ္ဂိလ်များသည် ကာမရာဂကို ပယ်ပြီးဖြစ်သောကြောင့် မေထုနသံဝါသ အမှု ပြုလိုသောစိတ် မရှိပါ။

ပစ္စယသတ္တိများ

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ ၆-ပစ္စည်း။

၆။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ။

ရူပါဝစရပဌမဈာန်ကို ရရှိနိုင်ပုံ

ပဋိဘာဂနိမိတ်ကို ဥပစာရသမာဓိဖြင့် ပွားများပါမှ ရူပါဝစရပဌမဈာန်ကို ရနိုင်ပါသည်။
သာဓက- တတော ပရံ တမေဝ (ပ) ရူပါဝစရပဌမဈာနမပ္ပေတိ။

၇။ ကျမ်းပြုဆရာအတွက် အန္တရာယ်ကင်းစွာ ကျမ်းပြီးခြင်းအကျိုး သောတုဇနတို့အတွက် အန္တရာယ်ကင်းစွာ သင်ယူခြင်း ဆောင်ရွက်မှတ်သားခြင်းအစရှိသော ကိစ္စပြီးစီးခြင်းအကျိုးတို့ကို တောင့်တခြင်းအာသိသဖြင့် ကျမ်းဦးအစ ပထမ၌ ရတနတ္တယပဏာမကို ပြုတော်မူ ခဲ့ကြသည်။

http://www.dhammadownload.com

သမ္မာသမ္မဒ္ဓမည်ခြင်းအကြောင်း

မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် အလုံးစုံသော တရားတို့ကို ထိုးထွင်း၍ သိတော်မူတတ်သောကြောင့် သမ္မာသမ္မဒ္ဓမည်သည်။

၈။ ဟိရိသည် အတ္တဂါရဝ၏အစွမ်းအားဖြင့် ဖြစ်ပါသည်။
သြတ္တပ္ပသည် ပရဂါဝ၏အစွမ်းအားဖြင့် ဖြစ်ပါသည်။
(တစ်နည်း) အမျိုးကောင်းသမီး ချွေးမကဲ့သို့ အတ္တဂါရဝ၏အစွမ်းဖြင့် မကောင်းမှုမှ ရှက်ခြင်းသည် ဟိရိ၊ ပြည့်ဘုန်းတော်ကဲ့သို့ ပရဂါရဝ၏အစွမ်းဖြင့် မကောင်းမှုမှ ကြောက်လန့် ခြင်းသည် သြတ္တပ္ပ။
ကာယ အရ— ဝေဒနာစသော ခန္ဓာ ၃-ပါးအရ။

၉။ ပရိတ္တဟူသည် ကာမတရားကို ဆိုလိုသည်။

ပရိတ္တမည်ခြင်းအကြောင်း

မဟဂ္ဂတ် လောကုတ္တရာတို့ကို ထောက်ဆချိန့်သောအာနုဘော်ရှိသောကြောင့် ပရိတ္တမည်သည်။

ပရိတ္တဖြစ်ပုံအခြင်းအရာ

ထက်ဝန်းကျင်ပိုင်းခြားအပ်သော ဝတ္ထုနှင့် တူးဖြင့် ပရိတ္တဖြစ်သည်။

၁၀။ (က) အာရုံရှိသဖြင့် သက်ဝင်တည်နေတတ်သောကြောင့် ပဋ္ဌာနမည်ပါသည်။
(ခ) အဝဇ္ဇအဆိုးအပြားပြားရှိသောအကြောင်းတို့ ရှိရာဖြစ်သောကြောင့် ပဋ္ဌာနနယော-ဌ် ပဋ္ဌာနမည်သည်။

၅။ ပထဝီပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)
ပထမကြိမ်တန်း ။ ။ အာဘိဓမ္မတ္ထသင်္ဂဟ ဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၁)ရက်၊ (၂၈-၃-၂၀၀၇)ဗုဒ္ဓဟူးနေ့

၁။ "အကောင်းလေး သမာဓိကောင်းလိုက်တာ...နိရောဓသမာပတ်ဝင်စားနေတဲ့အတိုင်းပဲ"

http://www.dhammadownload.com

စသည်ဖြင့် လောကတွင် ပြောဆိုတတ်ကြရာ နိရောဿမာပတ်ဝင်စားပုံ အစစ်ကို ဖို့ရှင် ကျက်မှတ်ထားသည့်အတိုင်း ပါဠိလိုသာ ရေးပြပါ။

၂။ ''ပဋိစ္စသမုပ္ပါဒ်လည်နေရင် ဝဋ်ကျွတ်တာပဲ'' ဟူသော လောကအမှားစကားများကို ပယ်ရှားသောအားဖြင့် ပဋိစ္စသမုပ္ပါဒ်လည်ပုံနှင့် ပြတ်ပုံပြသင်ဟဂါထာများကိုသာ အနက်မှန်မှန် ယော-နာပြခဲ့ပါ။

၃။ စိတ်စေတနာရှင်လန်း, တက်ကြွစွာဖြင့် ပြေဆိုရမည့်စာပေကို စဉ်းစားရင်း စာပြေခန်း အတွင်းသို့ ဝင်လာသော စာပြေရှင်ကလေး၏ သန္တာန်တွင် ဖြစ်နိုင်ခွင့်ရှိသော စိတ်. စေတသိက်များကို ယှဉ်တွဲဖော်ပြပြီး၊ ၎င်းစိတ် စေတသိက်တို့ကြောင့် ရောက်နိုင်သည့် ဘုံဘဝတို့ကိုလည်း သင်ဟပါဠိထောက်၍ ကောက်ပြပြေဆိုပါ။

၄။ ''တစ်ကိုယ်ဖြစ်၊ ဆယ့်ခုနှစ်တည်း'' စသော်လက်၌ ဆယ့်ခုနှစ်၏ သဒ္ဒါယကို ထုတ်ပြပြေဆိုပြီး၊ ''ဒွတ္တိသ သုခပုညမှာ'' ၌ ဒွတ္တိသအရကိုလည်း မလွဲအောင် ကောက်ပြပြေဆိုပါ။

၅။ ရုပ်လေးပါးတို့၏ နောက်ဆုံးချုပ်ရာကာလကို ပိုင်းခြားပြဆိုပြီး၊ ဤနေ့ ၂၂-ပါးတို့ကိုလည်း ရုပ်သက်သက်, နာမ်သက်သက်, ရုပ်နာမ်နှစ်ပါးစုံအားဖြင့် ခွဲခြားပြေဆိုပါ။

၆။ အာရမ္မဏူပနိဿယပစ္စည်း၏ အဓိပ္ပါယ်ကိုရေး၍၊ အဝေးရောက်အိမ်သားတစ်ဦး၏ အိမ်သူ ဇနီးမယားအထံ ''မေတ္တာပို့သည် '' ဆိုရာ၌ မေတ္တာဘာဝနာ ဖြစ်/မဖြစ် စိစစ်ဆုံးဖြတ်ပြီး၊ ဘုံဆိုင်ကမ္မဋ္ဌာန်းများကိုလည်း စာရင်းရှိအတိုင်း ထုတ်ပြပြေဆိုပါ။

၇။ အပါယ်ဘုံသား ဟားသတ္တဝါပင် ဖြစ်ပါသော်လည်း သေခါနီးဟွင် ဘုရားရှင်၏တရား ကော်ကို နာကြားရ၍ ''မဏ္ဍူကနတ်သား'' အဖြစ်ရရှိခဲ့သည်ကို ထောက်ဆပြီး အာသဏ္ဏကံ၏ အကျိုးပေး လျှင်မြန်ပုံကို ဦကာဆရာအလိုကျ ဥပမာနှင့်တကွ ပြေဆိုရှင်းပြခဲ့ပါ။

http://www.dhammadownload.com

၈။ ကြာမေ ပဥ္စက္ခန္ဓာ–၌ ခန္ဓ–သန္ဒါန်လိုအပ်သောအနက်အဓိပ္ပါယ်ကို ဋီကာရှင်အဆိုအတိုင်း ရေးသားဖြေဆိုပြီး၊ ခန္ဓာငါးပါးတို့၏ ဥပမာများကိုလည်း အကြောင်းသွင်းကာ ရေးသားဖြေဆိုပါ။

၉။ နာမရူပပစ္စယာသဠာယတနံ–၌ နာမ, ရူပ, သဠာယတန–အရတို့ကို တိကျစွာ ကောက်ပြဖြေဆိုပြီး၊ ''သဟဇာတာစေနာ သဟဇာတာနံ နာမရူပါနံ ''၌ စေတနာအလိုက် အကျိုးပေး ခြားနားဟန်ကိုလည်း ဋီကာရှင်ကာ ပိုင်းခြားဝေဖန်ပါ။

၁၀။ နိရောဓသမာပတ်၏အဓိပ္ပါယ်ကို ရေး၍၊ အနာဂါမိနဥ္စေဝ အရဟန္တာနဉ္စ လဇ္ဇာတိ–၌ ယူရမည့် အနာဂါမ်, ရဟန္တာ–တို့ကိုလည်း ညွှန်ပြဖြေဆိုပါ။

၅။ စစ်ကိုင်းတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (နိရောဓသမာပတ္တိသမာပဇ္ဇနံ ပန – စသော ပါဠိကို ရေးလေ။)

၂။ (တေသမေဝ စ မူလာနံ–စသော ၂–ဂါထာကို အနက်ရေးလေ။)

၃။ မဟာကုသိုလ် ပထမစိတ်သာမာန်ကိုရည်ရွယ်လျှင် –

အညသမာန်းစေတသိက် ၁၃–ပါး၊ သောဘနစေတသိက် ၂၅–ပါး၊ ပေါင်း ၃၈–ပါး။ စာဖြေစိတ်ကို ရည်ရွယ်လျှင် –

အညသမာန်းစေတသိက် ၁၃–ပါး၊ ဝိရတီ, အပ္ပမညာကြဉ်သောဘနစေတသိက် ၂၀–ပါး၊ ပေါင်း ၃၃–ပါး။

ရောက်နိုင်သော်ဘုံဘဝ– ကာမသုဂတိ ဂ–ဘုံ၊

ပါဠိထောက်– ကာမဝစရကုသလဿိ ကာမသုဂတိယမေဝ ပဋိသန္ဓိ ဇနေတိ။

http://www.dhammadownload.com

၇။ ဆယ့်ခုနစ်၏ သရေ့်ယ–

အကုသိုလ်စေတသိက် ၁၄–ပါး၊ ဝိရတိစေတသိက် ၃–ပါး၊ ဖောင်း ၁၇–ပါး။

ဒွတ္တိသ–အရ

မဟဂ္ဂတ်ကုသိုလ်သောမနဿ ၄–ခု၊ မဂ်သောမနဿ ၁၆–ခု၊ အောက်ဖိုလ် သောမနဿ ၁၂–ခု၊ ပေါင်း ၃၂–ခု။

၅။ ကမ္မဇရုပ်သည် စုတိစိတ်နှင့်အတူတကွ ချုပ်သည်၊
စိတ္တဇရုပ်သည် စုတိစိတ်ချုပ်ပြီးနောက် ခဏငယ် ၄၈–ချက်ခန့်ကြာမှ ချုပ်သည်။
ဥတုဇရုပ်သည် သေ၍ အလောင်းကောင်တိုင်အောင် ဆက်လက်ဖြစ်နေသည်၊
ကမ္မာပျက်မှ ပျက်သည်၊
ဩဇာတူသောအာဟာရသည် စုတိစိတ်ချုပ်ပြီးနောက် ခဏငယ် ၅၀–ခန့်ကြာမှ ချုပ်သည်။
ရုပ်သက်သက်–ဧကဂ္ဃ၊ သောတ, ဃာန, ဇိဝှါ, ကာယ, ဣတ္ထိ, ပုရိသ–ဣန္ဒြေများ။

နာမ်သက်သက်–

မန, သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, အနညာတညဿာမိတိ, အညာ, အညာတာဝိ–ဣန္ဒြေများ။
ရုပ်နာမ်နှစ်ပါးစုံ – ဇီဝိတိန္ဒြေ။

၆။ အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သောနိပ္ပန္နရုပ်အဋ္ဌာရသ၊ ဒေါသမူဒွေ၊ မောဟမူဒွေ၊ ဒုက္ခသဟဂုတ်ကာယဝိညာဉ်ကြဉ်သော စိတ် ၈၉–ခု၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၈–ခု၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော အာရုံခြောက်ပါးသည် အာရမ္မဏူပနိဿယမည်၏။

မေတ္တာဘာဝနာဖြစ်/မဖြစ်

မေတ္တာ ဟိတူပသံဟာရလက္ခဏာ–နှင့်အညီ အကျိုးစီးပွားကို လိုလားသော သဘောပါလျှင် မေတ္တာဖြစ်သည်၊ မပါလျှင် မဖြစ်။

http://www.dhammadownload.com

ဘုံဆိုင်ကမ္မဋ္ဌာန်းများ

ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ, အာလောကကသိုဏ်း, အာရုပ္ပ ၄-ပါး ပေါင်း ၁၀-ပါး။

ဆောင်။ ပ,အာ,တေ,ဝါ၊ အာကာ,အာနှင့်၊ လေးဖြာအရူ၊ ဤဆယ်ဆူ၊ မှတ်ယူအမျှားဆိုင်။

၇။ အကျိုးပေး လျှင်မြန်ပုံ

နွားအပေါင်းဖြင့် ပြည့်သောနွားခြံဝင်၌ အိပ်ရသော အားနည်းသောနွားအိုကြီးသည် နွားခြံကို ဖွင့်လျှင် ခြံတံခါးဝနှင့် နီးသည်ဖြစ်၍ အားကောင်းသောနွားပျိုတို့၏ ရှေးဦးစွာ ထွက်နိုင် သကဲ့သို့ သေခါနီးကာလနှင့် နီးသည်၏အဖြစ်ကြောင့် အာသန္နကံသည် အကုသိုလ်ကျိုးပေး လျှင်မြန်သည်။

၈။ လိုအပ်သော အနက်အဓိပ္ပါယ်

အတိတ် အနာဂတ် ပစ္စုပ္ပန်စသော အပြားတို့ဖြင့် ပြားကုန်သော ထိုထိုသဘောတူ တရားတို့ကို တပေါင်းတည်း စုပေါင်းခြင်းဟူသော အနက်အဓိပ္ပါယ်ကို လိုအပ်ပါသည်။

ဥပမာများ -

ရူပက္ခန္ဓာသည် ဝေဒနာ၏မှီရာဖြစ်သောကြောင့် စားခွက်နှင့်တူ၏။
ဝေဒနာက္ခန္ဓာသည် ဝိညာဉ်သည်ခံစားအပ်သောကြောင့် ဘောဇဉ်နှင့်တူ၏။
သညာက္ခန္ဓာသည် ဝေဒနာ၏သာယာခံစားခြင်းကို ရကြောင်းဖြစ်သောကြောင့် ဟင်းလျာနှင့်တူ၏။
သင်္ခါရက္ခန္ဓာသည် ပြုပြင်စီရင်တတ်သောကြောင့် စားပိုသည်နှင့်တူ၏။
ဝိညာဏက္ခန္ဓာသည် ဝေဒနာဟူသောဘောဇဉ်ကို စားတတ်သောကြောင့် စားတတ်သောသူနှင့် တူ၏။

၉။ နာမအာရ -

ပဋိသန္ဓေဝိညာဉ်နှင့်တကွဖြစ်သော ဧတာသိက်ပဋ္ဌာန်သ ဟူသော နာမက္ခန္ဓာသုံးပါးကို ရသည်။

http://www.dhammadownload.com

ရူပအရ– ကမ္မဇရုပ်ကို ရသည်။

သဏ္ဌာယတနအရ–စက္ခု သောတ ဃာန ဇိဝှာ ကာယ မန ဟူသော အဂျတ္တိကာယတန ခြောက်ပါးကို ရသည်။

အကျိုးပေး ခြားနားတန်

စေတနာအားလုံးတို့သည် နာမ်တရားတို့အားလည်းကောင်း၊ ပဋိသန္ဓေစေတနာသည် ကမ္မဇရုပ်တို့အားလည်းကောင်း၊ ပဝတ္တိအခါ ရုပ်ကိုဖြစ်စေတတ်သော စိတ် စေတသိက်နှင့် တကွဖြစ်သော စေတနာသည် စိတ္တဇရုပ်တို့အားလည်းကောင်း အသီးသီး ကျေးဇူးပြုရကား စေတနာအလိုက် အကျိုးပေး ခြားနားပါသည်။

၁၀။ စိတ် စေတသိက် စိတ္တဇရုပ်တို့၏ ချုပ်ခြင်းသို့ရောက်၍နေခြင်းကို နိရောဓသမာပတ်ဟု ဆိုသည်။

ယူရမည့် အနာဂါမ် ရဟန္တာ

ကာမ ရူပဘုံ၌ တည်သော သမာပတ်ရှစ်ပါးနှင့်ပြည့်စုံသူ အနာဂါမ် ရဟန္တာတို့ကို ယူ။

၆။ ပထမပြန်ဆေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)

ပုထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁၃၆၈–ခုနှစ် နှောင်းတန်ခူးလပြည့်ကျော်(၄)ရက်(၅–၄–၂၀၀၆)ကြာသပတေးနေ့

၁။ ''အာဂုံရမ္မ ဏာဂလူ'' ဟူသည်နှင့်အညီ အသုဘကမ္မဋ္ဌာန်းသက်သက်ဖြင့် သောတာပန်မဖြစ်နိုင်ပုံကို ပြဆိုသောသင်္ဂဟစကားရပ်နှင့်၊ မဂ်ဖြစ်ပြီးလျှင် ဖိုလ်ကိုအားမထုတ်ဘဲ အလိုလိုဖြစ်နိုင်ပုံပြ သင်္ဂဟစုဏ္ဏိယပါဠိတို့ကို ပါဠိဇရေးသားခဲ့ပါ။

၂။ ''ပါဠိမြင် အနက်ထင်'' ဟူသည်နှင့်အညီ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ချုပ်ပြတ်ပုံနှင့် လည်ပတ်ပုံကို ပြဆိုသော သင်္ဂဟဂါထာကို အနက်မှန်စွာ ပေးခဲ့ပါ။

၃။ ''ဇီသာဇိုပြင် ဇိမမြင်'' ဟုဘဝင်မြင့် စိတ်ကြီးဝင်နေသောသူ၏သန္တာန်၌ ဖြစ်ထိုက်သော စေတသိက်ကို ဖော်ပြ၍ ထိုစေတသိက်၌ ယှဉ်နိုင်သောစိတ်တို့ကို ဖော်ထုတ်ပြပြီးလျှင်၊

http://www.dhammadownload.com

ရူပ,အရူပဗြဟ္မာများသည် အနုံ, အရသာ,အတွေ့အထိ သိနိုင်/မသိနိုင် သင်္ဘာသာဓာတ်ပြ ဖြေဆိုခဲ့ပါ။

၄။ အောက်ပါတို့ကိုအဘိဓမ္မတ္ထသင်္ဘာကျမ်းမှ ထုတ်နုတ်၍ ဖြေဆိုခဲ့ပါ-
(က) သောမနဿနှင့် ပဋိသန္ဓေနေခဲ့သောပုဂ္ဂိုလ်၏ ဒေါသဇောနောင် ဖြစ်သင့်သောစိတ်၊
(ခ) ဈာန်ရသော် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ ရနိုင်သော ဝိထိစိတ်၊
(ဂ) ပဉ္စမဈာန်ရပုဂ္ဂိုလ်များ၏ လာဘ်ရောက်ရာဘုံ။

၅။ အကုသိုလ်ကံ၏ အကျိုးပေးရာဌာနနှင့် အကျိုးပေးပုံများကို ပဋိသန္ဓေ, ပဝတ္တိအားဖြင့် ခွဲခြားဖြေဆိုရ၍၊ ''အာရုံကို သိမှု, ခံစားမှုမှာ နာဓိမဟုတ်၊ ရုပ်သာဖြစ်သည်''ဟူသော ရုပ်ဝါဒီသမားတို့၏ စကားသည် မှန်/မမှန်ကိုလည်း သင်္ဘာသာဓာတ်ပြ ဖြေဆိုခဲ့ပါ။

၆။ ''အဝိဝမ်းတွင်း ကိန်းသောသတ္တဝါတစ်ဦး''၌ ပထမဦးဆုံးဖြစ်သော တရားများကို သင်္ဘာသာဓာတ်ပြ ဖြေဆိုရ၍၊ မမြွာရုံသာမည်၍ မမွေတ်မမည်သောတရား၊ မမြွာရုံလည်း မည် မမွေတ်လည်းမည်သောတရားတို့ကိုလည်း အသီးသီးကောက်ပြပါ။

၇။ ''အဝိဇ္ဇာပစ္စယာ သင်္ခါရာ''၌ သင်္ခါရအပြားကို တရားကိုယ်များနှင့် ယှဉ်တွဲဖြေဆိုရ၍၊ ပဋ္ဌာန်း(၂၄)ပစ္စည်းတို့တွင် အတိတ်ကာလိကပစ္စည်းတို့ကိုသာ ရေတွက်ပြပြီးလျှင်၊ သုန္ဒရိစရိုက်နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းတို့ကိုလည်း သင်္ဘာသာဓာတ်ပြ ဖြေဆိုခဲ့ပါ။

၈။ ''ဂန္ဓတရား, အစဉ်ပွား, ရှည်လျားသံသရာ''ဟူသောစကားအရ အဘယ်သို့သော သဘောကို ကာယဂန္ထ-ဟုခေါ်ပါသနည်း? ဦးကာဆရာအလိုကျရေးသား၍၊ စာဖြေနေသောအရှင်၏ မေးခွန်းအဖြေမှန် မသိခြင်းကို အဝိဇ္ဇာ-ဟု ခေါ်နိုင်/မခေါ်နိုင်နှင့် အဝိဇ္ဇာဟူသော မောဟ၏ မသိရာ,ဝိုးလွှမ်းရာဌာနများကိုလည်း ဦးကာလာအတိုင်း ရေးသားခဲ့ပါ။

၉။ ''ဝိပါကာဝဇ္ဇာ အညမညံ''၌ ဝိပါကအရ အကျိုးဝိပါက်သည် ရုပ်,နာမ်ဟု နှစ်မျိုးရှိရာ ယူရမည့် အကျိုးဝိပါက်ကို ဦးကာအလိုကျဖော်ထုတ်ပြ၍၊ ကသိုဏ်း(၁၀)ပါးတို့တွင် ဘူတကသိုဏ်း၊ ဝဏ္ဏကသိုဏ်းတို့ကိုလည်း စုစည်းတင်ပြခဲ့ပါ။

http://www.dhammadownload.com

၁၀။ အာနာပါဏကမ္မဋ္ဌာန်းသည် မောဟစရိုက်, ဝိတက်စရိုက်ရှိသူတို့နှင့် အဘယ့်ကြောင့် သင့်လျော်ပါသနည်း? ဦးကာကျော်အလိုက္ခ ဖြေဆို၍၊ ''ဆင်္ခေါသုဒ္ဓိကမေနေဝံ'' ၌ ဝိသုဒ္ဓိ (၆)ပါးကို ယူလ, သရိရအားဖြင့် ဦးကာကျော်အလို ခွဲခြား ဖြေဆိုပါ။

၆။ တနင်္သာရီတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဆိုမမှတ်သင်္ကာ ဘာသာ

၁။ ဒသအသုဘာ ကာယဂတာသတိ စ ပဌမဈာနိကာ။
စတ္တာရော ပန မဂ္ဂပ္ပါဒါ ကေစိတ္တာကွဏိကာ တတော ပရံ ဒွေ တိဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ။ (ဝိထိပိုင်း)
တတော ပရံ ဒွေ တိဏိ ဖလစိတ္တာနိ ပဝတ္တိတ္တာ။ (ကမ္မဋ္ဌာန်းပိုင်း)

၂။ (တောသမေဝ စ မူလာနံ (ပ) အဝိဇ္ဇာ စ ပဝတ္တာတိ–ကို အနက်ရေးလေ။)

၃။ မာန။
ယှဉ်နိုင်သော စိတ် _ ဒ္ဝိဉဂတဝိပ္ပယုတ်စိတ် ၄–ခု။
ဖြတ္တာများနှင့် အနံ့စသည်– မသိနိုင်ပါ။
သာဓက– ရူပလောကေ ပန ဃာနာဒိတ္တယံ နတ္ထိ။
အရူပလောကေ ပန သဗ္ဗာနိပိ သံဝိဇ္ဇန္တိ။

၄။ (က) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်။
(ခ) အကု–၁၂ ဟသိတုပ္ပါဒ်ကြဉ် အဟိတ်စိတ်–၁၈၊ မဟာကုသိုလ်–၈၊ မဟာဝိပါက်–၈၊ မဟာကြိယာတ်ကု–၉၊ ပေါင်း ၅၄–ပါး။
(ဂ) ဝေဟပ္ဖိုလ်၊ အသညသတ်၊ သုဒ္ဓါဝါသ ၅–ဘုံ။

၅။ ဥဒ္ဒစ္စ–ကြဉ်သော အကုသိုလ်ကံ ၁၁–ခုသည် အပါယ် ၄–ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေသည်။

http://www.dhammadownload.com

ပဝတ္တိအာဒိဠ္ဍ အကုသိုလ်ကံ ၁၂-ခုလုံးပင် အကုသလဝိပါက် ၇-ခုတို့ကို ကာမဘုံ ရူပဘုံဠ္ဍ ထိုက်သင့်သလို ဖြစ်စေသည်။

ရုပ်ဝါဒီစကား- ရုပ်ဝါဒီသမားတို့၏ စကားမမှန်ပါ။

သာဓက- သဗ္ဗဥ္ဉ ပဇေတံ ရူပံ (ပ) အနာရမ္မဏံ။

၆။ ကာယ ဘာဝ ဝတ္ထုဒသကကလာပ် ၃-စည်းနှင့် ပဋိသန္ဓေစိတ်၊

သာဓက-ဂဗ္ဘသေယျကသတ္တာနံ ပန ကာယဘာဝဝတ္ထုဒသကာနိ တိဏ္ဏံ ဒသကာနိ ပါတုဘဝန္တိ။

ဘဝန္တရုပဋိသန္ဓိသန္ဓာနဝသေန ပဋိသန္ဓိသဒိသံတံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။

ဓမ္မာရုံနှင့် ဓမ္မဓာတ်

ဓမ္မာရုံသာမည်၍ ဓမ္မဓာတ်မမည်သော တရားကား- ပသာဒရုပ်, စိတ်, ပညတ်။

ဓမ္မရုံလည်းမည် ဓမ္မဓာတ်လည်းမည်သောတရားကား-စေတသိက်၊ သုခုမရုပ်၊ နိဗ္ဗာန်။

၇။ **သဒ္ဒါရုံအပြား**

၁။ ပုညာဘိသဒ္ဒါရုံ-ကာမကုသိုလ် ရူပကုသိုလ်ဇဝတနာ ၁၃-ခု၊

၂။ အပုညာဘိသဒ္ဒါရုံ- အကုသိုလ်ဇဝတနာ-၁၂၊

၃။ အာနဉ္ဇာဘိသဒ္ဒါရုံ- အရူပကုသိုလ်ဇဝတနာ ၄-ခု။

အတိတကာလိက ပစ္စည်း

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ အားဖြင့် ၅-ပစ္စည်း။

သန္ဓိစရိုက်နှင့် သင့်သောကမ္မဋ္ဌာန်း- ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၆-ပါး။

သာဓက- ဗုဒ္ဓါနုဿတိအာဒယော ဆ သန္ဓိစရိတသဿ။

၈။ နာမကာယနှင့် ရူပ၊ ယကိုလည်းကောင်း၊ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို လည်းကောင်း ထုံးဖွဲ့တတ် ဖြေရှင်းပြအောင် ရစ်ပတ်တတ်သောကြောင့် ကာယဂန္ထ မည်၏။

http://www.dhammadownload.com

အဝိဇ္ဇာ– မေးခွန်းအဖြေမှန်ကို မသိခြင်းကို အဝိဇ္ဇာ–ဟုမခေါ်နိုင်ပါ။

ဝုံးလွှမ်းရာဌာန

သစ္စာ ၄–ပါး၊ ပုဗ္ဗန္တ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်အားဖြင့် ၈–ပါး။

၉။ နာမ်ကိုယူရမည်။

ဘူတကသိုဏ်း– ပထဝီ၊ အာပေါ်၊ တေဇော၊ ဝါယောကသိုဏ်း။

ဝဏ္ဏကသိုဏ်း– နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတကသိုဏ်း။

၁၀။ ဉာဏ်ပညာ၏ အာရုံဖြစ်သည့်အတွက် မောဟ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့် လည်းကောင်း၊ ဝိတက်ဟူသော ပြေးသွားခြင်းကို တားဖြစ်တတ်သည်၏အဖြစ်ကြောင့် လည်းကောင်း၊ အာနာပါနကမ္မဋ္ဌာန်းသည် ဝိတက်စရိုက်ရှိသူ မောဟစရိုက်ရှိသူတို့နှင့် သင့်လျော်ပါသည်။

မူလ– စိတ္တဝိသုဒ္ဓိနှစ်ပါး။

သရီရ–ဒိဋ္ဌိ၊ ကင်္ခါဝိတရဏ၊ မဂ္ဂါမဂ္ဂဉာဏဒဿန၊ ပဋိပါဒိဉာဏဒဿနအားဖြင့် ၄–ပါး။

၇။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း (အနောက်ပိုင်း)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

ခုဝဒ–ခုနှစ် နှောင်းတန်ခူးလဆန်း(၁၁)ရက်(၂၈–၃–၂၀၀၇)ဗုဒ္ဓဟူးနေ့

၁။ သဟဇာတာနံ နာမရူပါနံ–၌ သဟဇာတရုပ် သရုပ်ပြ သင်္ဂဟပါဠိနှင့် နာမ်ရုပ်ခွဲခြားပုံပြ သင်္ဂဟပါဠိတို့ကို ဖြေဆိုပါ။

၂။ နိရောဃေမာပတ်ဝင်စားပုံ အစီစဉ်ပြ ပါဠိတို့ကို နိသျကျကျ အနက်ပေးပြပါ။

၃။ အရဟတ္တဖိုလ် ဒုတိယဈာန်စိတ်၌ ယှဉ်သော စေတသိက်တို့ကို ဝိသေသက၊ အဝိသေသက အားဖြင့် ခွဲခြားဝေဘန်ပြီးလျင်။ ''ဆသဋ္ဌိ ပဉ္စပညာသ'' ''ပဉ္စပညာသ ဆသဋ္ဌိ'' ဟူသော သင်္ဂဟဂါထာပါဠိ၌ ''ပဉ္စပညာသ'' နှစ်ပုဒ်တို့၏ ဝိသေသဖြစ်ပုံကို ဝေဘန်ပြပါ။

http://www.dhammadownload.com

၈။ သောတာပန်ပုဂ္ဂိုလ်အား မရထိုက်သော အဟိတ်စိတ်ကို ကိစ္စ၊ဒွါရ၊အာရုံတို့ဖြင့်ဝေဘန်၍ ''ဇောဝိသတိ ဇေါဟာရေ''၌ ''ကေဝိသ''အရကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။

၅။ လေးဆူဓာတ်ပုံ ရွှေတိဂုံ၊ အံဖွယ်စုပုံ ရွှေတိဂုံ၊ တန်ခိုးတော်စုံ ရွှေတိဂုံ-စသော ဂုဏ်တော်တို့နှင့်ပြည့်စုံသော ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပူးပြင်ရာ၌ ဖြစ်သင့်သောစိတ်အစဉ်တို့ကို မဟန္တာရုံဝိထိပုံစံဖြင့် ချပြ၍၊ အသီတိ ဝိထိစိတ္တာနိ၊ ကာမေဂူပေ ယထာရဟံ၊ စတုသဋ္ဌိ တထာဂူပေ-စသော သင်္ဂဟဂါထာပါဠိ၌ ''စတုသဋ္ဌိ''အရကိုလည်း ဖော်ပြပါ။

၆။ တိဟိတ်ဥက္ကဋ္ဌ ကုသိလ်ကံ၏ ပဝတ္တိအခါရနိုင်သော ဝိပါက်စိတ်တို့ကို သမာနဓါဒုကေစဓါဒုတို့အရ ဖြေဆို၍၊ အာကိဉ္စညာယတနဖြဟ္မာကြီး၏ စုတိနောင် နောင်းနိုင်သော ပဋိသန္ဓေစိတ်များကိုလည်း တိကျစွာ ဖြေဆိုပါ။

၇။ လောကုတ္တရာစိတ်၌ ကြိယာစိတ်မရှိခြင်းအကြောင်းကို ဖြေဆိုပြီးလျှင်၊ ကာမာဝစရသောဘဏ်စိတ်တို့တွင် မဟာဝိပါက်စိတ်၌ အပွမညာဓေတသိက်၊ ဝိရတီဓေတသိက်တို့ မယှဉ်နိုင်ခြင်းအကြောင်းကိုလည်း ဋီကာဆရာအလိုကျ ဖြေဆိုခဲ့ပါ။

၈။ တာနိ ပန သတ္တရသ စိတ္တက္ခဏာနိ ရူပဓမ္မာနမာယူ-ဟူသော သင်္ဂဟပါဠိတော်၌ ဝိညတ်ခွေးနှင့် လက္ခဏာရုပ်(၄)ခုတို့ ကြဉ်ရသည်ကို ဋီကာကျော်နှင့်အညီ ဖြေဆိုပါ။

၉။ အကျိုးပေးရာကာလမရှိသော အဟောသိကံကို ပါကကာလ၏အစွမ်းဖြင့် ဟောတော်မူခြင်းအကြောင်းကို ဖြေဆို၍၊ ရေခဲရေ၏ အေးသည်၏အဖြစ်ကို အာပေါဓာတ်ဟု ယူသော်ဖြစ်နိုင်, မဖြစ်နိုင် အကြောင်းနှင့်တကွ ဖော်ပြပါ။

၁၀။ ပကတူပနိဿယပစ္စည်းတို့တွင် ပုဂ္ဂလအရ ဘောဇနအရတို့ကို ကောက်ပြပြီးလျှင်၊ ဣတ္ထိသန္ဓေနှင့် ရာဇပုတ္တောတို့ကိုလည်း အကြောင်းပြ၍ ပညတ်အမည်ပေးခဲ့ပါ။

http://www.dhammadownload.com

ဂု။ ဝဲခူးတိုင်းအနောက်ပိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ သဟဇာတရူပန္တိ ပနေတ္ထ (ပ) ဝေဒိတဗ္ဗာ–ဟူသောပါဠိနှင့် တတ္ထ ရူပဓမ္မာ (ပ) နာမန္တိ စ ပဝုစ္စတိ–ဟူသော ပါဠိတို့ကို ရေးလေ။

၂။ (နိရောဓသမာပတ္တိသမာပဇ္ဇနံ (ပ) နာမ ဟောတိ–ကို အနက်ရေးလေ)

၃။ ဝိသေသက–

ဝိစာရ၊ ဝိတိ၊ သုခ–ဟူသော ဈာန်တရားခု–ပါး၊ ဝိရတိ ခု–ပါး၊ ဉာဏ် ၁–ပါး။

အဝိသေသက– ဝိတက်၊ ဝိစာရ၊ ဝိတိ၊ သုခ–ကြဉ်သော အညသမာန်းစေတသိက် ၉–ပါး၊ သောဘနသာဓာရဏ ၁၉–ပါး။

ဆသဋ္ဌိ ပဉ္စပညာသ–ဋ္ဌိ ပဉ္စပညာသ–အရ

ဝိစာရမယှဉ်သော ဒွေပဉ္စဝိညာဉ်–၁၀၊ တတိယဈာန်–၁၁၊ စတုတ္ထဈာန်–၁၁၊ ပဉ္စမဈာန်–၂၃၊ ပေါင်း ၅၅–ပါး။

ပဉ္စပညာသ ဆသဋ္ဌိ–ဋ္ဌိ ပဉ္စပညာသ–အရ

ဝိတက်ယှဉ်သော ဒွေပဉ္စဝိညာဉ် ၁၀–ကြဉ်သော ကာမဓိတ်–၄၄၊ ပဌမဈာန်–၁၁၊ ပေါင်း ၅၅–ပါး။

၄။ သောတာပန်မရထိုက်သော အတိတ်စိတ်–ဟသိတုပ္ပါဒ်စိတ်ဖြစ်သည်။
ယင်းစိတ်သည် ဇောကိစ္စ၊ ဖ–လ်ရ၊ ကာမဇကောန် အာရုံပြုသည်။
ဇောဝိသ– အဘိညာဉ်ကြဉ်သော ရူပစိတ် ၁၅–ပါး၊ အာကာသာနဉ္စာယတန ခု–ပါး၊ အာကိဉ္စညာယတန ခု–ပါး၊ ပေါင်း ၂၁–ပါး။

၅။ **မဟန္တာရုံဝိထိပုံစံ**

တိ တိ နဒ ပ စ သံ ဏာ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ ဘ။
တိ တိ တိ နဒ ပ စ သံ ဏာ ဝု ဇ ဇ ဇ ဇ ဇ ဇ ဇ။

http://www.dhammadownload.com

အပြည့်အစုံ–

အတိတဘဝင် နှစ်ကြိမ် သုံးကြိမ် ဘဝင်စလန ဘဝဂုံပစ္ဆေဒ၊ ပဉ္စဒ္ဒါရဝဇ္ဇန်း ကုသလဝိပါက်စက္ခုဝိညာဏ်၊ ကုသလဝိပါက်သမ္ပဋိစ္ဆိုင်း၊ ကုသလဝိပါက်သောမနဿ သန္တီရဏ၊ ဝုဋ္ဌော၊ မဟာကုသိုလ်ဇော ၇–ကြိမ်၊ ထို့နောင် ဘဝင်။

စတုဿဋ္ဌိ–

လောဘမူ–၈၊ မောဟမူ–၂၊ ဃာနာဒိတ္တယကြဉ်အဟိတ်စိတ်–၁၂၊ မဟာကု–၈၊ မဟာကြိယာ–၈၊ မဟဂ်ကု–၉၊ မဟဂ်ကြိ–၉၊ လောကုတ္တရာ–၈ ပေါင်း ၆၄–ပါး။

၆။ **သမာနဇာဒိ–** မဟာဝိပါက်–၈၊ အဟိတ်ကုသလဝိပါက်–၈၊ ပေါင်း ၁၆–ပါး။
ကေစိဇာဒိ– မဟာဝိပါက်အသင်္ခါရိက၊ (သို့မဟုတ်) သသင်္ခါရိက ၄–ပါး၊ အဟိတ်ကုသလ ဝိပါက် ၈–ပါး ပေါင်း ၁၂–ပါး။

ပဋိသန္ဓေစိတ်–

အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန၊ ကာမတိဟိတ်ပဋိသန္ဓေ ၄–ပါး၊ ပေါင်း ၆–ပါး။

၇။ မင်္ဂသည် တစ်ကြိမ်သာဖြစ်သောကြောင့် လောကုတ္တရာစိတ်၌ ကြိယာစိတ် မရှိပါ။

အပွမညာ ဝိရတီမယှဉ်ကြောင်း

မဟာဝိပါစိတ်သည် ကာမကို ဇောနံအာရုံပြုသည်၊ အပွမညာသည် သတ္တဝါ ပညတ်ကို ဇောနံအာရုံပြုသည်၊ ဤသို့ အာရုံကွဲပြားသောကြောင့် အပွမညာမယှဉ်ပါ။

မဟာဝိပါက်သည် ဝိပါက်အဖျာကတဖြစ်သည်၊ ဝိရတိသည် ဇောနံကုသိုလ် ဖြစ်သည်၊ ဤသို့ ဇောတ်ကွဲပြားသောကြောင့် ဝိရတိမယှဉ်ပါ။

၈။ **ဝိညတ်ဒွေးနှင့် လက္ခဏရူပ်လေးခုကြဉ်ရကြောင်း**

ဝိညတ်ဒွေးသည် စိတ်နှင့် သက်တမ်းတူစွာ ဥပါဒ်၊ ဌိ၊ ဘင် ခဏငယ်သုံးချက်သာ သက်တမ်းရှိသောကြောင့်လည်းကောင်း၊ ဥပစယနှင့် သန္တတိသည် စိတ်၏ဥပါဒ်ခဏမျှသာ သက်တမ်းရှိသောကြောင့်လည်းကောင်း၊ ဇရတာသည် ခဏငယ် ၄၉–ချက်မျှသာ

http://www.dhammadownload.com

သက်တမ်းရှိသောကြောင့်လည်းကောင်း၊ အနိစ္စတာသည် စိတ်၏ ဘင်ခဏမျှသာ သက်တမ်းရှိသောကြောင့်လည်းကောင်း ဝိညာဏ်ဒွေးနှင့် လက္ခဏရာလေးခုတို့ကို ကြဉ် ရပါသည်။

၉။ အကျိုးပေးရာကာလကို လွန်းခြင်းကြောင့်သာလျှင် အတောသိကံ ပါကကာလ၏ အစွမ်း ဖြင့် ဟောတော်မူပါသည်။

အေးသည်၏အဖြစ်သည် တေဇောဓာတ်ဖြစ်သောကြောင့် အာပေါဓာတ်ဟု ယူသော် မဖြစ်နိုင်ပါ။

၁၀။ ပုဂ္ဂလ အရ- ကလျာဏမိတ္တစသော ပုဂ္ဂိုလ်ကိုယူ၊
ဘောဇန အရ- လျောက်ပတ်သည်စသော ဘောဇဉ်ကိုယူ။

ဣတ္ထိသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိမူ၍ သဒ္ဒသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။

ရာဇသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ ပုတ္တသည်လည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်။

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်းအရှေ့)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၁)ရက်၊ (၂၈-၃-၂၀၀၇)ဗုဒ္ဓဟူးနေ့

၁။ မေတ္တာမည်သင့်သော စေတသိက်နှင့်ယှဉ်သော (က) စိတ်၊ (ခ) စေတသိက်၊ (ဂ) စိတ္တေနသမုဋ္ဌာန်သော-အရ မေတ္တာစေတသိက်တို့ကို ရေတွက်ပြ၍၊ သောတာပတ္တိမဂ် နောင် ဆက်ဖြစ်သောစိတ်ကို ဝေဒနာ၊ ကိစ္စ၊ အာရုံ၊ ဝတ္ထုတို့ဖြင့် ဝေဘန်ပါ။

၂။ ချာနိရသောတာပန် မရသောစိတ်တို့ကို ဖော်ပြ၍၊ အရိုးကျေကျေ အရေခန်းခန်း ကြိုးပမ်း အားထုတ်သော်လည်း ဤဘဝ၌ မွှဲမရသော ပုဂ္ဂိုလ်တို့ကို ပြောဆိုကာ၊ တစ်ဘဝလုံး ရုပ်ဖြင့်သာ ပြီးဆုံးသူ၏ သက်တမ်းတို့ကို ဖော်ပြပါ။

http://www.dhammadownload.com

၃။ ဝိညာနဋ္ဌာယတနဘုံမှ စုတေသောပုထုဇဉ်နှင့် အရိယာတို့ ရောက်နိုင်သော ဘုံတို့ကို ဖော်ပြ၍၊ ကမ္မဇစသော ရုပ်လေးပါးတို့ ကာမဘုံ၌ ဆက်ကာဆက်ကာဖြစ်ပုံကို ဖော်ပြပါ။

၄။ မဂ်ဉာဏ်တို့ကို ဣန္ဒြေတို့ဖြင့် ဝေဘန်၍၊ သူဌေးသားကို သဒ္ဓပညာတ်အမည်ပေးပြီး၊ ဝင်လေထွက်လေကမ္မဋ္ဌာန်းနှင့် သင့်တော်သူတို့ကို ဖော်ပြပါ။

၅။ နိဗ္ဗာန်နှင့်ပညတ်ကို ကာလဝိမုတ်ဟု ဒေါ်ရခြင်းအကြောင်းနှင့် အာဝဇ္ဇန်းမပါဘဲ ဖြစ်နိုင်သော စိတ်တို့ကို ဖော်ပြပါ။

၆။ နေဝသညာနာသညာယတနစုတိနောင် အောက်အရှုပပဋိသန္ဓေတို့ မနှောင်းနိုင်ခြင်းအကြောင်းနှင့်၊ အဝိဝမ်းအတွင်းမှ သန္ဓေသားသည် အာဟာရကြောင့် ရှပ်ဖြစ်နိုင်ပါသလော ဖြေဆိုပါ။

၇။ ရူပဗြဟ္မာကြီးများ ဘာဝရုပ်နှစ်ခုမရခြင်း အကြောင်းတို့ကို ဖြေဆို၍၊ ဝိပါက်ချင်းတူလျက် လောကိဝိပါက်များ အဓိပတိမရခြင်းအကြောင်းနှင့် အဝိဇ္ဇာနှင့်တဏှာတို့၏ မူလဖြစ်ပုံကို ဖြေပါ။

၈။ သတိပဋ္ဌာန်၏အဓိပ္ပါယ်နှင့် တဏှာကို သမုဒယ–ဟု ဟောတော်မူရခြင်းအကြောင်းတို့ကို ဖြေဆိုပါ။

၉။ (က) ကမ္မဋ္ဌာန်းသရုပ်ပြဂါထာနှင့် (ခ) ရဟန္တာမည်ပုံပြု စုဏ္ဏိယပါဠိတို့ကို ပါဠိရေးပါ။

၁၀။ မူလအရာရှိပြောင်းသွား၍ အရာရှိသစ်ရောက်လာရာ၌ ကျေးဇူးပြုသော ပစ္စည်း၏ ပစ္စည်း+ပစ္စယုပ္ပန်ပြ ပါဠိကို အနက်ပေးပါ။

http://www.dhammadownload.com

၈။ ပဲခူးတိုင်းအရှေ့ပိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (က) မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ပဉ္စမဈာန်ကြဉ်မဟဂ္ဂုတ်စိတ် ၁၂-ခု၊ ပေါင်း ၂၈-ခု။

(ခ) အညသမာန်းစေတသိက် ၁၃-ခု၊ (အဇ္ဈတ်သ, ဝိရတိ, အပ္ပမညာကြဉ်) သောဘန စေတသိက် ၁၉-ခု၊ ပေါင်း ၃၂-ခု။

(ဂ) မေတ္တာစေတသိက် ၂၈-ခု၊

သောတာပတ္တိဖိုလ်စိတ်သည် -

သောမနဿ, ဉာဏသမ္ပယုတ္တ, ဇောကိစ္စ၊ နိဗ္ဗာန်အာရုံ၊ ဟဒယဝတ္ထုကို ရုံခဲမှီ ရုံခဲမမှီ။

၂။ ဒိဋ္ဌဂတသမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁-ခု၊ ဟသိတုပ္ပါဒ် ၁-ခု၊ မဟာကြိယာစိတ် ၈-ခု၊ မဟဂ္ဂုတ်ကြိယာ ၉-ခု၊ သောတာပတ္တိဖိုလ်ကြဉ် လောကုတ္တရာစိတ် ၈-ခု၊ ပေါင်း ၃၀-ခု။

မှတ်ချက်။ ။ဘုံသတ်မှတ်ချက်မပါ၍ မဟာဝိပါက် မဟဂ္ဂုတ်ဝိပါက်တို့ကို အထူးမဖော်ပြ။

မဂ်မရသောပုဂ္ဂိုလ်များ- ဒုဂ္ဂတိအဟိတ်၊ သုဂတိအဟိတ်၊ ဒွိဟိတ်ပုဂ္ဂိုလ်။

သက်တမ်း - မဟာကပ် ၅၀၀။ (အသည်းသတ်)

၃။ ပုထုဇဉ်သည် အာကာသာနဉ္စာယတနကြဉ်သော အရူပ ၃-ဘုံ၊ ကာမသုဂတိ ၇-ဘုံသို့ ရောက်နိုင်ပါသည်။

အရိယာသည် အာကာသာနဉ္စာယတနကြဉ်သော အရူပ ၃-ဘုံသို့သာ ရောက်နိုင်ပါသည်။

ဆက်ကာ ဆက်ကာဖြစ်ပုံ

လေးပါးသောအကြောင်းကြောင့်ဖြစ်သော ရုပ်အဆက်ဆက်သည် ကာမဘုံ၌ ဆိမိုးလျှံ မြစ်ရေအလျှဉ်ပမာ အသက်ရှည်သမျှကာလပတ်လုံး ဆက်ကာ ဆက်ကာ ဖြစ်နေသည်။

http://www.dhammadownload.com

၄။ သောတာပတ္တိမဂ်ဉာဏ်သည်–အနုညာတညဿာမိတိန္ဒြေ၊
သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရေဟတ္တမဂ်ဟူသော အထက်မဂ်ဉာဏ်သုံးခုသည်
အညိန္ဒြေ။
ဆူဌေးသားသည် – အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။
သင့်တော်သူ – မောဟစရိုက်ရှိသူ၊ ဝိတက်စရိုက်ရှိသူ။

၅။ ပျက်စီးခြင်းမရှိသောကြောင့်လည်းကောင်း အတိတ်စသောကာလ၏ အစွမ်း
အားဖြင့် မဆိုထိုက်သောကြောင့်လည်းကောင်း နိဗ္ဗာန်နှင့်ပညတ်ကို ကာလဝိမုတ်ဟု
ခေါ်ရသည်။

အာဝဇ္ဇန်းမပါဘဲဖြစ်နိုင်သောစိတ်–

၁။ အာဂန္တုကဘဝင်စိတ်၊
၂။ နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်စိတ်။

၆။ အထက်အထက်ဘုံ၌ ဖြစ်သော ဗြဟ္မာတို့သည် အောက်အောက်ဘုံ၌ ဖြစ်စေ
တတ်သော ကံတရားကို အားမထုတ်သောကြောင့် နေဝသညာနာသညာယတန
စုတိနောင် အောက်အရူပ ပဋိသန္ဓေတို့ မနှောင်းနိုင်ပါ။

အာဟာရကြောင့် ရုပ်ဖြစ်နိုင်

ဂဗ္ဘသေယျကသတ္တဝါတို့အား အမိမျိုအပ်သောအစာမှ ဖြစ်သော ဩဇာသည်
ရသာဟာရဏာအကြောသို့ အစဉ်လျှောက်သဖြင့် ခန္ဓာကိုယ်၌ ပျံ့နှံ့သောအခါ အာဟာရ
ရုပ်ကို ဖြစ်စေသောကြောင့် အမိဗဒ်းတွင်းမှ သန္ဓေသားသည် အာဟာရကြောင့် ရုပ်ဖြစ်နိုင်
ပါသည်။

၇။ ဘာဝရုပ်နှစ်ပါးသည် ထူထဲသောကာမရာဂလျှင် အားကြီးသောမိုရာရှိသောကြောင့်
လည်းကောင်း ဗြဟ္မာတို့အား ထိုထူထဲသော ကာမရာဂမရှိသောကြောင့်လည်းကောင်း
ရူပဗြဟ္မာကြီးများ ဘာဝရုပ်နှစ်ခု မရပါ။

http://www.dhammadownload.com

အဓိပတိမရကြောင်း

လောကီဝိပါက်စိတ်တို့သည် ဆန္ဒစသည်တို့ကို ရှေ့သွားပြု၍ မဖြစ်သောကြောင့် လောကီဝိပါက်များ အဓိပတိမရပါ။

မူလဖြစ်ပုံ

အဝိဇ္ဇာသည် ရှေးဘဝသံသရာစက်၏ မူလဖြစ်သည်၊ တဏှာသည် နောက်ဘဝ သံသရာစက်၏ မူလဖြစ်သည်။

၈။ သတိသည် အသုဘအခြင်းအရာကိုယူခြင်း စသည်တို့၏အစွမ်းအားဖြင့် ကာယ စသော အာရုံ၌ သက်ဝင်၍ တည်တံ့ခိုင်ခံ့သောကြောင့် သတိပဋ္ဌာနမည်သည်။

သမုဒယတု တောတော်မူရကြောင်း

ပြဌာန်းသော (ပဓာန)အကြောင်းဖြစ်သောကြောင့် တဏှာကို သမုဒယဟု ဆိုပါသည်။

၉။ (က) (သမထဝိပဿနာနံ စသော ဂါထာပါဠိနှင့်။)

(ခ) (အရဟတ္တမဂ္ဂံ ဘာဝေတွာ စသောပါဠိရေးလေ။)

၁၀။ (အနန္တရနိဂ္ဂါ (ပ) နတ္ထိဝိဂတဝသေန–ကို အနက်ရေးလေ)။

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၁)ရက်၊ (၂၈–၃–၂၀၀၆)ဗုဒ္ဓဟူးနေ့

၁။ ကမ္မဋ္ဌာန်းပိုင်းလာ မင်္ဂလိန်း စိတ်အစဉ်ဖြစ်ပုံပြ သင်္ဂဟပါဠိကို မှန်ကန်စွာ ပါဠိသက်သက် ရေးခဲ့ပါ။

၂။ ဇောဓ ပုန ရူပဿ–ဟူသော အကျဉ်းသဧန်ပ သင်္ဂဟပါဠိ၏ အကျယ်ဝိတ္ထာရပြု သင်္ဂဟ ပါဠိကိုသာ ပေါ်လွင်အောင် အနက်ပေးပါ။

http://www.dhammadownload.com

၃။ ဝေနာဉ္စာသမီရ၊ ဘေဒေန စတုဝိသတိ-၌ ဝေဒနာအပြားကို ပစ္စက္ခနည်း သမ္မိက္ခနနည်းအားဖြင့် သိသာရုံကောက်ပြ၍၊ အပ္ပမညာစေတသိက်တို့နှင့်သာ ယှဉ်၍ ပညိန္ဒြေစေတသိက်နှင့် မယှဉ်သောစိတ်တို့ကို ပကိဏ်းဝိုင်းလာ သင်္ဃာချောက်ပြာပြင့် ဝေဖန်ခဲ့ပါ။

၄။ ဘုရား,ရဟန္တာတို့သန္တာန်၌ မရနိုင်သော အပ္ပနာဇောတို့ကို တိကျစွာကောက်ပြ၍၊ ကာမတိဟိတ် စုတိလေးခုနောင် နှောင်းနိုင်သော ပဋိသန္ဓေစိတ်နှင့် ရောက်နိုင်သော ဘုံတို့ကိုလည်း ဖော်ပြပါ။

၅။ အသညသတ်ကြဉ်သောရူပဗြဟ္မာကြီးတို့၏ သန္တာန်၌ ရနိုင်သောရုပ်တို့ကို ပဝတ္တိ, ပဋိသန္ဓေ အခါအားလျော်စွာ ခွဲခြားကောက်ပြ၍ သန္ဓိနှင့် သမာဓိတို့၏ ဗောဓိပက္ခိယဌာနတို့ကိုလည်း တိကျစွာညွှန်ပြပါ။

၆။ သဒ္ဒပညတ်ခြောက်ပါးကို ဥဒါဟရဏ်တစ်ခုစီနှင့်တွဲစပ်ဖော်ပြ၍၊ အပ္ပနာသို့ရောက်စေနိုင်သောကမ္မဋ္ဌာန်း အပ္ပနာသို့မရောက်စေနိုင်သော ကမ္မဋ္ဌာန်းတို့ကိုလည်း ကောက်ပြခဲ့ပါ။

၇။ ကမ္မဋ္ဌာန်းပိုင်း၌ အပ္ပမညာလေးပါး ဆိုလတ္တံ့ဖြစ်ပါလျက် စေတသိက်ပိုင်း၌ အဘယ်ကြောင့် အပ္ပမညာနှစ်ပါးသာ ဆိုရပါသနည်း ဖြေဆို၍ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့ကို ကာလ, အာရုံတို့ဖြင့် ဝေဖန်ခဲ့ပါ။

၈။ အတိက္ကဋ္ဌာရုံ၌ သောမနဿသဟဂုတ် သန္တီရဏတဒါရုံများ ကျရောင်းအကြောင်းကို ဥပမာနှင့်တကွ ဖော်ပြ၍ ၊ အပရာပရိယဝေဒနီယကံသည် အဘယ်ဇော စေတနာဖြစ်၍ အဘယ်ကာလ၌ အကျိုးပေးသည်ကိုလည်း ဖြေဆိုခဲ့ပါ။

၉။ ရုပ်ကလာပ်လက္ခဏာ၌ ကေပ္ပါဒဆိုက ပြီးကောင်းပါလျက် သဟဇာတ္တိဟုဆိုရခြင်းအကြောင်းကို ဖော်ပြ၍၊ ဒ္ဒိဟောတုက တိဟောတုကဇဝေနသွေဝ-၌ ဒ္ဒိဟောတုက တိဟောတုက-သဒ္ဒါ, ဇဝ- ၁ဒ္ဒါတို့ဖြင့် ပြဆိုအပ်သောအဓိပ္ပါယ်ကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

http://www.dhammadownload.com

၁၀။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ–၌ သင်္ခါရအဓိပ္ပါယ် သင်္ခါရအပြား သင်္ခါရအရတို့ကို ဖော်ပြ၍၊ တတိယာရုပ္ပဝိညာဉ်၏ သန္ဓိ, ပဏိဓိဖြစ်ရခြင်းအကြောင်းကိုလည်း ဋီကာလာအတိုင်း ဖြေဆိုပါ။

၉။ မကွေးတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (တဿေဝံ ပဋိပဇ္ဇန္တဿ (ပ) အရိယဂေါတ္တမဘိသမ္ဘောတ္မွ ပဝတ္တတိ–ကိုရေးလေ)

၂။ (ပဋ္ဌာဇာတာ စိတ္တစေတသိကာ–စသောပါဠိကို အနက်ရေးလေ)

၃။ **ဝေဒနာသည် ပစ္စေကာနည်းအားဖြင့်**
မဟာကုသိုလ်၌ သောမနဿ ၄–ပါး၊ ဥပေက္ခာ ၄–ပါး၊
မဟာဝိပါက်၌လည်း သောမနဿ ၄–ပါး၊ ဥပေက္ခာ ၄–ပါး၊
မဟာကြိယာ၌လည်း သောမနဿ ၄–ပါး၊ ဥပေက္ခာ ၄–ပါး စီရှိသည်။
သမ္မိဿနာနည်းအားဖြင့် –
သောမနဿ ၁၂–ပါး၊ ဥပေက္ခာ ၁၂–ပါး၊ ပေါင်း ၂၄–ပါးဖြစ်ပါသည်။
မဟာကုသိုလ်မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် ၈–ခု၊
ဝေဒနာအားဖြင့် သောမနဿ, ဥပေက္ခာ၊ ဟိတ်အားဖြင့် ဒွိဟိတ်၊ ကိစ္စအားဖြင့် ဇောကိစ္စ၊ ဒွါရအားဖြင့် ၆–ဒွါရ၊ အာရုံအားဖြင့် လောကုတ္တရာကြဉ် အလုံးစုံအာရုံ၊ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို ရဲ့ခိုမှီ, မမှီ။

၄။ မဟဂ္ဂုတ်ကုသိုလ် ၉–ခု၊ မဂ်ဇော၊ အရဟတ္တဖိုလ်ကြဉ် အောက်ဖိုလ်ဇော၊
နှောင်းနိုင်သောပဋိသန္ဓေ– ပဋိသန္ဓေစိတ် ၁၉–ပါး၊
ရောက်နိုင်သောဘုံ– ၃၁–ဘုံ၊

http://www.dhammadownload.com

၅။ ဝဝတ္ထိအာဒါ - ဃာန, ဇိဟ္ဝါ, ကာယ, ဘာဝကြဉ်သော ရုပ် ၂၃-ခု၊
ပဋိသန္ဓေအာဒါ -အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ဇိဝိတရုပ် ၁-ခု၊ ဓက္ခု၊ သောတ၊ ဟဒယဝတ္ထု ၃-ခု၊ ပေါင်း ၁၂-ခု။
သဒ္ဒါသည် သဒ္ဒါန္ဒြေ, သဒ္ဒါဗိုလ်အားဖြင့် ၂-ဌာန။
သမာဓိသည် သမာဓိန္ဒြေ, သမာဓိဗိုလ်, သမာဓိသမ္ပယုတ္တဖြင့်, သမ္မာသမာဓိမဂ္ဂင်အားဖြင့် ၄-ဌာန။

၆။ (၁) ဝိဇ္ဇမာနပညတ်- ရုပ၊
(၂) အဝိဇ္ဇမာနပညတ်-ဘူမိ၊
(၃) ဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်-ဆဋ္ဌဘိညာ၊
(၄) အဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ်-ဣဒ္ဓိတ္ထိသဒ္ဒ၊
(၅) ဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ်- စက္ခုဝိညာဏ၊
(၆) အဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်-ရာဇပုတ္တ။

ဗုဒ္ဓါနုဿတိ-စသော ၈-ပါးနှင့် သညာ, ဝဝတ္ထာန်အားဖြင့် ၁၀-ပါးတို့သည် အပွနာသို့ မရောက်စေနိုင်။

ကြွင်းသောကမ္မဋ္ဌာန်း-၃၀(ကသိဏ်း ၁၀-ပါး၊ အသုဘာဒိ၁၀-ပါး၊ အာနာပါနဿတိ, ကာယဂတာသတိ, အပွမညာ ၄-ပါး၊ အာရုပ္ပ၄-ပါး၊ ပေါင်း-၃၀)သည် အပွနာသို့ ရောက်စေနိုင်သည်။

၇။ အဒေါသစေတသိက်ဖြင့် မေတ္တာကိုလည်းကောင်း၊ တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာကိုလည်းကောင်း ယူပြီးဖြစ်သောကြောင့် အပွမညာ ၂-ပါးသာဆိုရသည်။
ကံ - အတိတ်၊ ဓမ္မာရုံ၊
ကာမဇနိမိတ်- ပစ္စုပ္ပန်၊ အတိတ်၊ အာရုံ ၆-ပါး။
ဝတိနိမိတ်- ပစ္စုပ္ပန်၊ ရူပါရုံ။

၈။ ကံ၏အာနုဘော်ကြောင့် ဖြစ်ပေါ်လာသောဝိဘတ်တို့သည် မှန်၍ထင်လာသော

http://www.dhammadownload.com

မျက်နှာရိပ်ကဲ့သို့ အထူးကြဲဆန်ခြင်း မရှိမူ၍ ပြစ်ခြင်းကြောင့် အတိုက္ကဋ္ဌာရုံ့ သောမနဿ-သဟဂုတ်သန္ဓိရဏတဒါရုံများ ကျရပါသည်။

အပရာပရိယဝေဒနိယကံသည် အလယ်ဇော၅-ချက်စေတနာပြစ်၍ တတိယဘဝ မှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် ကာလ၌အကျိုးပေးပါသည်။

၉။ ကလာပ်တစ်ခုတည်း၌တည်သော ရုပ်တို့၏ တကွဖြစ်ခြင်းသည် ဇာတိပါဒ၊ အသီး အသီးသော ကလာပ်၌တည်သောရုပ်တို့၏ အတူတကွဖြစ်ခြင်းသည် သဟဂုတ္တိ။

တစ်နည်း- ဇာတိပါဒသည် ကလာပ်၏ အဂီအစိတ်အပိုင်းတစ်ခုဖြစ်သည်။ သဟဂုတ္တိသည် ကလာပ်၏ သဘောကိုညွှန်ပြသည်။ ဤသို့သောအထူးကို ပြလို၍ သဟဂုတ္တိကို ထပ်ဆိုရပါသည်။

ပြဆိုအပ်သောအဓိပ္ပါယ် -

ဒွိဟေတုက တိဟေတုက-သန္ဓိဖြင့် ဇောဟိတ်စိတ်တို့၌ အဓိပတိမရသည်၏ အဖြစ်ကို ပြသည်။

ဇော-သန္ဓိဖြင့် လောကီဝိပါက်စိတ်တို့သည် ဆန္ဒစသည်တို့ကို ရှေ့သွားပြု၍ မဖြစ်သောကြောင့် လောကီဝိပါက်စိတ်တို့၌ အဓိပတိတရားတို့ မဖြစ်ဟူသော အဓိပ္ပါယ်ကို ပြဆိုပါသည်။

၁၀။ **သခ်ီရအဓိပ္ပါယ်**-

သခ်ီတတရားတို့ကို ပြုပြင်စီရင်တတ်သောကြောင့် သခ်ီရ်မည်၏။

သခ်ီရအပြား - ပုညာဘိသခ်ီရ၊ အပုညာဘိသခ်ီရ၊ အာနဉ္ဇာဘိသခ်ီရအားဖြင့် ၃-ပါး။

သခ်ီရအရ- လောကီကုသိုလ်စေတနာ ၁၇-ခု၊ အကုသိုလ်စေတနာ ၁၂-ခု၊ ပေါင်း ၂၉-ခု။

သန္တာန်တိုးပြစ်ရကြောင်း -

ပထမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို၎င်း အာရုံပြုသောကြောင့် သန္တာန်တိုးပြစ်ရပါသည်။

http://www.dhammadownload.com

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း) ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဆာသာ ၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၁)ရက်၊ (၂၈–၃–၂၀၀၇)ဗုဒ္ဓဟူးနေ့

၁။ ပုထုဇဉ်အဆင့်မှ အနာဂါမ်အဆင့်သို့တက်ရောက်လာခဲ့သည့် လမ်းတစ်လျှောက်ကိလေသာတို့ကို အဆင့်ဆင့်ဖြတ်တောက်ခဲ့ပုံပြု သင်ဟပါဠိတို့ကို ပြည့်စုံစွာ ရေးခဲ့ပါ။

၂။ အောက်ပါအတ္ထပညတ်တို့၏ အဓိပ္ပါယ်ပြသင်ဟပါဠိများကို ကျန်မှန်ကန်စွာ အနက်ပေးခဲ့ပါ–

(က) သဏ္ဌာနပညတ်၊ (ခ) သမူဟပညတ်၊ (ဂ) အာကာသပညတ်။

၃။ သောမနဿဖြစ်လျက် နှစ်သက်ဝမ်းမြောက်မှုမရှိသောစိတ်တို့ကို သင်ဟပါဠိထောက်၍ ကောက်ပြပြီးလျှင်၊ ''သတိမပူ ဂူမမြင်၊ သတိမူလျှင် မြူကိုပင်မြင်'' ဟူသောစကားသည် အဘိဓမ္မာသဘာဝ ကျ/မကျ သင်ဟသာဓကပြ ဖြေရှင်းခဲ့ပါ။

၄။ ''ဝိပါက်အမှန် ဇောအပြန်'' ဟူရာ၌ ဝိပါက်အမှန်ဖြစ်ပုံကို သင်ဟကျမ်းလာအတိုင်း ရှင်းပြ၍၊ သောတာပန်ပုဂ္ဂိုလ်၏ မဟာကုသိုလ်ဉာဏ်သမ္ပယုတ် သောမနဿ သဟဂုတ်ဇော(၂)ခု နောင် နှောင်းနိုင်သည့် အပွနာဇောတို့ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

၅။ ''လူသေ လူဖြစ်'' ဟူသောစကားကို မုချအားဖြင့်မှတ်ထိုက်/မမှတ်ထိုက် သင်ဟသာဓကပြလျှက် ဆုံးဖြတ်ချက်ချပြီးလျှင်၊ ရုပ်ကိုဖြစ်စေနိုင်သော ရုပ်တရား, နာမ်တရားတို့ကို သင်ဟဆရာ အလိုကျ ခွဲခြားကောက်ပြခဲ့ပါ။

၆။ အကုသလသင်္ဂဟ၌ အမည်တစ်မျိုးသာရသော အကုသိုလ်တရားများကို အမည်နှင့်တကွ ယှဉ်တွဲဖော်ပြ၍၊ ဒုက္ခဝပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သည် အကြောင်းတရားလော? အကျိုးတရားလော? သင်ဟသာဓကပြလျက် ဆုံးဖြတ်ချက်ချခဲ့ပါ။

http://www.dhammadownload.com

၇။ သုခဝေဒနာနှင့်သောမနဿဝေဒနာ၊ ဒုက္ခဝေဒနာနှင့်ဒေါမနဿဝေဒနာတို့၏ လက္ခဏာအားဖြင့် ထူးခြားပုံကို ရေးချ၍ ဘုရား, ရဟန္တာတို့၏ သန္တာန်၌သာဖြစ်သော ဟသိတုပ္ပါဒ်စိတ်၏ ''ရသာရုံ''ကို အာရုံပြုရာအခါကိုလည်း ဖော်ပြခဲ့ပါ။

၈။ အပ္ပနာဇောဝါရ၌ ဝိဘူတာ, အဝိဘူတာအပြား မရှိခြင်းအကြောင်းကို ရေးချ၍ ''အာစိဏ္ဏကံ'' ၏ အဓိပ္ပါယ်ကို အများနားလည်အောင် ရှင်းပြခဲ့ပါ။

၉။ ဂ္ဂါန္ဒြေ(၂၂)ပါးတို့တွင် ဂ္ဂါတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏ အခြားမဲ့၌ ဇီဝိတိန္ဒြေကို ဆိုရခြင်းအကြောင်းနှင့် ဇီဝိတိန္ဒြေ၏ အခြားမဲ့ မနိန္ဒြေကို ဆိုရခြင်းအကြောင်းတို့ကို ရှင်းပြ၍ ''ဝေဒနာနုပဿနာသတိပဋ္ဌာန်''၏ အဓိပ္ပါယ်ကိုလည်း ဦးကာကျော်လာအတိုင်း ရေးသားခဲ့ပါ။

၁၀။ တဏှာနှင့်ဥပါဒါန်တို့၏ အထူးကို ဥပမာနှင့်တကွ ရှင်းပြ၍ နိရောဓသမာပတ်ဝင်စားနိုင်သော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့၏ အဂီရဝ်များကို ဦးကာကျော်ဆရာအလိုကျသတ်မှတ်ပြခဲ့ပါ။

၁၀။ မန္တလေးတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (ကမ္မဋ္ဌာန်းပိုင်း ပဋ္ဌလဘေဒ–လာ အစသုံးပုဒ်ကို ပါဠိရေးလေ)။

၂။ (က) (တံ တံ ဘူတဝိသရိဏာမာကာရမုပါဒါယ တထာတထာ ပညတ္တာ ဘူမိပဗ္ဗတာဒိကာဟူသော ပါဠိကိုအနက်ရေးလေ)။

(ခ) (သမ္ဘာရသန္ဓိဝေသ (ပ) သကဋာဒိကာ–ဟူသောပါဠိကိုအနက်ရေးလေ)။

(ဂ) (အသမ္မုဋ္ဌာကာရ (ပ) ကူပဂုဟာဒိကာ–ဟူသောပါဠိကိုအနက်ရေးလေ)။

http://www.dhammadownload.com

၃။ စတုတ္ထဈာန်စိတ် ၁၁-ခုဖြစ်သည်၊
ပါဠိဇ္ဈာန်- ဝိတိဒေါမနဿုပေက္ခာသဟဂတကာယဝိညာဏစတုတ္ထဈာန်ဝီထိတ-
စိတ္တော်သူ။

သတိသည် မြူးအပါအဝင်ရှစ်အပေါင်းကို ရှုမြင်နိုင်သည့်ကာယာနုပဿနာသတိ
ပဋ္ဌာန်မျိုး ဖြစ်သောကြောင့် သတိမူလျှင် မြူကိုပင် မြင်နိုင်သည်ဟူသောစကား အဘိမ္ဘာ
သဘာဝကျပါသည်။

သာဓက- စတ္တာရော သတိပဋ္ဌာနာ ကာယာနုပဿနာသတိပဋ္ဌာနံ ဝေဒနာနုပဿနာ-
သတိပဋ္ဌာနံ စိတ္တာနုပဿနာသတိပဋ္ဌာန မ္မောနုပဿနာသတိပဋ္ဌာနံ။

၄။ အနိဋ္ဌာရုံ၌ အကုသလဝိပါက်၊ ဣဋ္ဌာရုံ၌ ကုသလဝိပါက် ဤသို့ဝိပါက်ဖြစ်ပုံမှန်ကန်သည်။

နှောင်းနိုင်သောအပ္ပနာဇော -

မဟဂ္ဂတ်ကုသိုလ်သောမနဿ ၄-ခု၊ သောတာပတ္တိဖိုလ် သောမနဿ ၄-ခု၊
သကဒါဂါမိမဂ်သောမနဿ ၄-ခု၊ ပေါင်း ၁၂-ခု။

၅။ လူသေလူဖြစ်စကား မုချ မမှတ်ထိုက်ပါ။
တိဟိတ်လူသေလျှင် လူနတ်ဗြဟ္မာအားလုံး ဖြစ်နိုင်သည်။ ဒွိဟိတ် အဟိတ်လူသေလျှင်
လူနတ်ဖြစ်နိုင်သည်။

သာဓက။ ။ သဗ္ဗာကာမ တိဟေတုမ္မာ၊ ကာမေသွေဝ ပနေတရာ။

ရှင်းတရား-သီတဉတု, ဥဏှဉတုဟုဆိုအပ်သော တေဇောဓာတ်၊ သြဇာဟူသော
အာဟာရ။

နာမ်တရား-ကာမကုသိုလ် အကုသိုလ် ၂၀-နှင့် ရူပကုသိုလ် ၅-ခုဟူသော ကုံ ၂၅-
ခု၊ အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဉ်-၁၀၊ ရဟန္တာတို့၏ စုတိကြဉ်သော စိတ် ၁၅-ခု။

၆။ ဝိဒွေ နိဝရဏာ, ကုက္ကုစ္စေ နိဝရဏာ၊
ဣဿာ သံယောဇဉ်၊ မစ္ဆရိယ သံယောဇဉ်၊
အဟိရိက ကိလေသာ၊ အနောတ္တပ္ပ ကိလေသာ။

http://www.dhammadownload.com

အသစ်တနိဗ္ဗာန်သည် အကြောင်းပစ္စည်းတရားဖြစ်သည်၊
ဆာဓကား ယေသံ သစ်တဓမ္မာနံ၊ ယေဓမ္မာ ပစ္စယာ ယထာ။

၇။ သုခဝေဒနာသည် ကာယဒွေဒ္ဓဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိသည်၊
သောမနဿဝေဒနာသည် သဘာဝအားဖြင့်လည်းကောင်း ပရိကပ္ပအားဖြင့်လည်းကောင်း ကာယဒွေဒ္ဓဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာရှိသည်။ ဤသို့ထူးသည်။
ဒုက္ခဝေဒနာသည် အနိဋ္ဌဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်းလက္ခဏာ ရှိသည်။
အဒုက္ခမသုခဝေဒနာသည် သဘာဝအားဖြင့်လည်းကောင်း ပရိကပ္ပအားဖြင့်လည်းကောင်း အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိသည်။ ဤသို့ထူးသည်။

ရသာရုံကို အာရုံပြုရာအခါ

အရသာနှင့်ပြည့်စုံသောဆွမ်းကို သီတင်းသုံးဖော်တို့နှင့် အတူတကွဝေဖန်၍ သုံးဆောင်သောအခါ နှစ်သက်သောရဟန္တာပုဂ္ဂိုလ်အား ရသာရုံကို အာရုံပြုသည်။

၈။ အာရုံထင်ရှားရာအခါ၌သာလျှင် အပွနာဖြစ်သင့်သောကြောင့် အပွနာဇောဝါရ၌ ဝိဘူတ, အဝိဘူတအပြားမရှိပါ။

အာစိဏ္ဏကံအဓိပ္ပါယ်

အပြိမပြတ်ပြုအပ်သောကံနှင့် တစ်ကြိမ်တည်းသာ ပြုအပ်သော်လည်း ကောင်းစွာ ဖိဝဲအပ်သောကံသည် အာစိဏ္ဏကံမည်၏။

၉။ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဂ္ဂဟဏိပုရိသဟူသော ကမ္မဇရုပ်တရားတို့သည် ဇိဝိတိန္ဒြေ၏ အစွမ်းကြောင့်တည်တံ့ကုန်၏ဟုပြခြင်းအကျိုးငှာ ဂ္ဂဟဏိန္ဒြေ ပုရိသိန္ဒြေတို့၏ အခြားမဲ့၌ ဇိဝိတိန္ဒြေကို ဆိုရပါသည်။

မနိန္ဒြေဆိုရကြောင်း

နာမ်ဂ္ဂဟဏိန္ဒြေတို့နှင့်အတူတကွ တပေါင်းတည်းပြုလိုသောကြောင့် ဇိဝိတိန္ဒြေ၏ အခြားမဲ့၌ မနိန္ဒြေကို ဆိုရသည်။

http://www.dhammadownload.com

အဓိပ္ပါယ်

ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခဟူသော ဝေဒနာတို့၏ အစွမ်းဖြင့် အဖန်တလဲလဲ အောက်မေ့ခြင်း အမှတ်ရခြင်းကို ဝေဒနာနုပဿနာသတိပဋ္ဌာန်ဟုခေါ်သည်။

၁၀။ **တဏှာနှင့် ဥပါဒါန်အထူး** – (ကရင်နံပါတ် ၉–ရှု)

အဓိဂမ်များ– ၁။ ကာမဘုံ, ရူပဘုံ၌ တည်ရှိခြင်း။ ၂။ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံခြင်း။

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၄)ရက်၊ (၅–၄–၂၀၀၆)ကြာသပတေးနေ့

၁။ နာမ်ရုပ်(၂)ပါးသည် နာမ်ရုပ်(၂)ပါးအား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံပြ သင်္ဂဟပါဠိကို မှန်ကန်အောင် ရေးပြပါ။

၂။ နိရောဓသမာပတ်မှထသော အနာဂါမိ, ရဟန္တာပုဂ္ဂိုလ်တို့အား ဖိုလ်စိတ်ဖြစ်ပုံ, ပစ္စဝေက္ခဏာ စိတ်ဖြစ်ပုံပြပါဠိကို နိဿယကျကျ အနက်ပေးပြပါ။

၃။ အပြစ်မရှိဟု ခံယူလျှက် သူတစ်ပါးပစ္စည်းကို ခိုးယူသောသူ၏ သန္တာန်၌ ဖြစ်သင့်သော စိတ်တို့ကို ပြည့်စုံစွာ ဖော်ပြ၍, ၎င်းစိတ်တို့နှင့်ယှဉ်ခွင့်ရသော စေတသိက်တို့ကိုလည်း အသီးသီး တွဲစပ်ဖော်ပြပါ။

၄။ လောကုတ္တရာနယ်ပယ်၌ သနားကြင်နာမှု ဝမ်းမြောက်ဝမ်းသာဖြစ်ပုံရှိ/မရှိကို အကြောင်းနှင့်တကွ ဖော်ပြပြီးလျှင်၊ ကမ္ဘာပေါ်တွင် ရှိရှိသမျှ အာရုံအလုံးစုံကို အာရုံပြုနိုင်သော စိတ်တို့ကိုလည်း သင်္ဂဟ၊ ပါဠိထောက်၍ ဖော်ပြခဲ့ပါ။

၅။ ပုထုဇ္ဇနာနဥသေက္ခာနံ–၌ ပုထုဇ္ဇနနှင့် သေက္ခ–အရတို့ကို အကြောင်းပြ၍ ဖော်ထုတ်ပြီး

http://www.dhammadownload.com

လျှင်၊ သုဒ္ဓါဝါသဘုံနန်း စံမြန်းနေကြသည့် ပုဂ္ဂိုလ်များ၏ စုတိနောင် နှောင်းနိုင်သော ပဋိသန္ဓေစိတ်ကိုလည်း ပုဂ္ဂိုလ်အလိုက် မှန်ကန်စွာ ဖော်ပြခဲ့ပါ။

၆။ အကြောင်းလေးပါးတို့ကြောင့် မဖြစ်သော/ရုပ်တရားများရှိကောင်းပါက အကြောင်းနှင့်တကွ ဖော်ပြပြီးလျှင်၊ 'မိန်းမကောင်းကွက်ခြေ ရွှေပေးလို့မရ'ဟူသော မြန်မာစကားပုံအရ မိန်းကလေးများ၌ ရကောင်းသော (က) ရုပ်ကွက်ခြေ၊ (ခ) နာမ်ကွက်ခြေတို့ကိုလည်း ဖော်ပြခဲ့ပါ။

၇။ ''မင်း ဒီလိုမလုပ်နှင့် လုပ်လျှင် ဝဋ်လည်တတ်တယ်''ဟု မြောတတ်ကြရာ ဝဋ်လည်ပုံကို ရေးပြပြီးလျှင်၊ လောကုတ္တရာမဂ်တစ်ခုတည်း၏ သုညတ, အနိမိတ္တ, အပ္ပဏိဟိတ အားဖြင့် ဝိမောက္ခအမည်သုံးမျိုး ရရှိပုံကိုလည်း သင်္ဂဟဆရာအလိုကျ ဖော်ပြခဲ့ပါ။

၈။ အာစိဏ္ဏကံ အမည်ရသော ကံတို့ကို ဋီကာလာအတိုင်း ရေးပြပြီးလျှင်၊ သာမန်လူသား ဘဝသည် ဒုက္ခနှင့်စ, ဒုက္ခနှင့်ဆုံးရသည်ချည်းဖြစ်ရာ အဘယ်ကိုအဘယ်ကြောင့် ဒုက္ခဟု ခေါ်ပါသနည်း ဋီကာအာဘော်ကျ ဖော်ပြခဲ့ပါ။

၉။ ကျိုးကြောင်းဆက်စပ် ဖော်ပြတတ်သော ပဋိစ္စသမုပ္ပါဒ်နည်း၌ အကျိုးဖြစ်သော ဝိညာဏ်နှင့် အကြောင်းဝိညာဏ်တို့ကို ဋီကာအလိုကျကောက်ပြပြီးလျှင်၊ နိဗ္ဗာန်၏ အတ္ထိပစ္စည်း မတပ်ရခြင်း အကြောင်းကိုလည်း ရေးပြခဲ့ပါ။

၁၀။ သပ္ပါယဘေဒလာ ပုထုလကသိုဏ်ဝန်းသည် မောဟစရိုက်ရှိသော ပုဂ္ဂိုလ်နှင့် ခုဒ္ဒကာကသိုဏ်းဝန်းသည် ဝိတက်စရိုက်ရှိသော ပုဂ္ဂိုလ်တို့အား သင့်လျော်လျောက်ပတ်ခြင်း၏ အကြောင်းကို ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမကြိမ်းတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (တတ္ထ ဂရုကတမာရမ္မဏံ – ပ – အဓိပတိပစ္စယော–ကို ပါဠိရေးလေ။)

၂။ (ဝုဋ္ဌာနကာလေ –ပ– ပစ္စဝေက္ခဏာဉာဏံ ပဝတ္တတိ–ကို အနက်ရေးလေ)

၃။ သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် အသင်္ခါရိကစိတ်၊
သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ်၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် အသင်္ခါရိကစိတ်၊
ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ်။

ပထမ အသင်္ခါရိကစိတ်၌ –

အညသမာန်းစေတသိက် ၁၃–ခု၊ မောစတုက် ၄–ခု၊ လောဘ, ဒိဋ္ဌိအား‌ဖြင့် ၁၉–ခုယှဉ်သည်၊
တတိယအသင်္ခါရိကစိတ်၌–ယင်း ၁၉–ခုတွင် ဝိတိက်ကြဉ် ၁၈–ခု၊
ပထမ သသင်္ခါရိကစိတ်၌–အညသမာန်းစေတသက် ၁၃–ခု၊ မောစတုက် ၄–ခု၊ လောဘ, ဒိဋ္ဌ, ထိန, မိဒ္ဓအား‌ဖြင့် ၂၁–ခုယှဉ်သည်။
သသင်္ခါရိကစိတ်၌–ယင်း ၂၁–ခုတွင် ဝိတိက်ကြဉ် ၂၀–ယှဉ်သည်။

၄။ လောကုတ္တရာစိတ်၌ ကရုဏာ, မုဒိတာစေတသိက်တို့ မယှဉ်သောကြောင့် လောကုတ္တရာနယ်ပယ်၌ သနားကြင်နာမှု ဝမ်းမြောက်ဝမ်းသာဖြစ်မှု မရှိပါ။

အလုံးစုံကို အာရုံပြုသောစိတ်

မနောဒွါရာဝဇ္ဇန်းစိတ် ၁–ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄–ပါး၊ ကြိယာအဘိညာဉ် ၁–ပါး ပေါင်း ၆–ပါး။
ပါဠိထောက်–ဉာဏသမ္ပယုတ္တကာမာဝစရကိရိယာနံ စေဝ ကိရိယာဘိညာဓေါဋ္ဌဗ္ဗ နဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

http://www.dhammadownload.com

၅။ အပ္ပနာဇောနှောင်းခွင့်ရှိသော ပဋိလဒ္ဓနှင့်သာဆိုင်သောကြောင့် ပုထုဇနအရ ဈာန်ရတိဟိတ် ပုထုဇဉ်ကို ယူရသည်။

မဂ္ဂင်္ဂနှင့်ပဋိလဒ္ဓိတို့သည် စိတ္တက္ခဏတစ်ချက်စီသာရှိ၍ အပ္ပနာဇောနှောင်းမှုနှင့်မဆိုင်၊ ဤ၌ အပ္ပနာဇောနှောင်းမှုနှင့်ဆိုင်သော သေက္ခကိုသာ ယူရမည်ဖြစ်သောကြောင့် သေက္ခအရ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်ကိုသာ ယူရမည်။

အနာဂါမ်သုခဒါသုတ်နောင် အထက်သုခဒါသဘုံ၏ ပဋ္ဌမဈာန်ပဋိသန္ဓေစိတ် ၁-ပါး၊ အရဟတ္တမဂ္ဂင်္ဂနှင့်ပဋိလဒ္ဓိ၌ စုတိပဋိသန္ဓေမရှိ၊

အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၏ စုတိနောင် ပဋိသန္ဓေလုံးဝမရှိ။

၆။ လက္ခဏရုပ်လေးခုတို့သည် ဖြစ်ဆဲအစရှိသော ရုပ်တို့၏ သဘောမျှသာဖြစ်သောကြောင့် အကြောင်းလေးပါးတို့ကြောင့် မဖြစ်ပါ။

(က) ရူပဝိတ္တာန္ဒြေ - စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဣတ္ထိ, ပုရိသ-တ္တာန္ဒြေ။

(ခ) နာမဝိတ္တာန္ဒြေ - ဇီဝိတ၊ မန၊ သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ အနညာတညဿာမီတိ၊ အညာ၊ အညာတာဝိ-တ္တာန္ဒြေ။

၇။ မသိမှု အဝိဇ္ဇာကြောင့် လိုချင်တက်မက်မှုတဏှာဖြစ်ရသည်၊ တဏှာကြောင့် စွဲလန်းမှု ဥပါဒါန်ဖြစ်ရသည်၊ ဤအဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဟူသော ကိလေသာဝဋ်ကြောင့် ရအောင်ပြုလုပ်မှု သင်္ခါရ, ကမ္မဘဝဟူသော ကမ္မဝဋ်များဖြစ်ရသည်၊ သင်္ခါရ, ကမ္မဘဝဟူသော ကမ္မဝဋ်ကြောင့် ဝိပါကဝဋ်များဖြစ်ရသည်၊ ဤသို့ ကိလေသာ ကမ္မ ဝိပါကဝဋ်များ လည်ပတ်နေသည်ကို ဝဋ်လည်သည်ဟု ခေါ်သည်။

မင်္ဂလာအမည်ရပုံ

ဝုဋ္ဌာနဂါမိနိဝိပဿနာသည် အနုတ္တာဟုဂ္ဂဏှာ မဂ်သည် သုညတဝိမောက္ခမည်၏။

ဝုဋ္ဌာနဂါမိနိဝိပဿနာသည် အနိစ္စာဟုဂ္ဂဏှာ မဂ်သည် အနိမိတ္တဝိမောက္ခမည်၏။

ဝုဋ္ဌာနဂါမိနိဝိပဿနာသည် ဒုက္ခာဟုဂ္ဂဏှာ မဂ်သည် အပ္ပဏိဟိတဝိမောက္ခမည်၏။

၈။ **အာစိဏ္ဏကံ**- (မန္တလေး နံပါတ် ၈-ရှ)

http://www.dhammadownload.com

ဒုက္ခဒေါ်ကြောင်း

လောကီတရားကို စက်ဆုပ်အပ်သောကြောင့်လည်းကောင်း အချိုးအနှိမ်းဖြစ်သော ကြောင့်လည်းကောင်း ဒုက္ခဟု ဒေါ်သည်။

၉။ **အကျိုးဝိညာဏ်**

သခီါရကြောင့်သာ ဝိညာဏ်ဖြစ်ရသည်၊ သခီါရမရှိလျှင် ဝိညာဏ်မဖြစ်နိုင်သော ကြောင့် သခီါရသည်ဖြစ်စေအပ်သော ဘဝတစ်ပါးခွဲ တည်သောစိတ်ဝိညာဏ်သည် အကျိုးဝိညာဏ် ဖြစ်သည်။

အကြောင်းဝိညာဏ်

ပဋိသန္ဓေဝိညာဏ်၏အကြောင်းအထောက်အပံ့ရမှ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ နာမ် ရုပ်ဖြစ်နိုင်သောကြောင့် နာမ်ရုပ်၏ ရှေ့သွားလည်းဖြစ် တရားလည်းဖြစ်၍ နာမ်ရုပ်ကို ထောက်ပံ့တတ်သောဝိညာဏ်သည် အကြောင်းဝိညာဏ်။

အတ္ထိပစ္စည်း မတပ်ရကြောင်း

ပစ္စုပ္ပန်သဘောမရခြင်းကြောင့် ကျေးဇူးမပြုနိုင်သောအနာဂတ်တရားတို့၏သာလျှင် ပစ္စုပ္ပန်သဘောရသည့်အခါ ကျေးဇူးပြုတတ်သည်၏အဖြစ်သည် အတ္ထိပစ္စည်းမည် သောကြောင့် အပြဲထင်ရှားရှိသော နိဗ္ဗာန်သည် အတ္ထိပစ္စည်းမတပ်ပါ။

တစ်နည်း ဉပါဒိ, ဋ္ဌိ, ဘင်နှင့်ယှဉ်သောတရားတို့သည်သာလျှင် ကျေးဇူးပြုတတ်သော အဖြစ်ကို အတ္ထိပစ္စည်းဟုဒေါ်သောကြောင့် ဉပါဒိ, ဋ္ဌိ, ဘင်သဘောမရှိသော နိဗ္ဗာန်သည် အတ္ထိပစ္စည်းမတပ်ပါ။

၁၀။ ကျဉ်းမြောင်းသော အာရုံ၌ စိတ်သည် အလွန်တွေဝေသောကြောင့် ကျယ်ပြန့် သော ကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူအား သင့်လျော်ပါသည်။

ကျယ်ပြန့်သောအာရုံသည် ဝိတက်ဖြင့် ပြေးသွားခြင်း၏ အကြောင်းဖြစ်သောကြောင့် ငယ်သော(ကျဉ်းသော) ကသိုဏ်းဝန်းသည် ဝိတက်စရိုက်ရှိသူအား သင့်လျော်ပါသည်။

http://www.dhammadownload.com

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟသာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၁)ရက်၊ (၂၈-၃-၂၀၀၇)ဗုဒ္ဓဟူးနေ့

၁။ ရူပါဝစရပထမဈာန်ကို ရရှိပြီးသော ယောဂိပုဂ္ဂိုလ်သည် အထက်ရူပဈာန်များ ရရှိနိုင်ရန် အားထုတ်ပုံပြ သင်္ဂဟပါဠိကို မှန်ကန်စွာ ရေးသားခဲ့ပါ။

၂။ မြတ်ဗုဒ္ဓ၏ အယူဝါဒသည် အကြောင်းအကျိုးဝါဒမျှသာ ဖြစ်သည်-ဟု ထောက်ခံပြဆိုနိုင်သော ပဋိစ္စသမုပ္ပါဒ်နည်းလာ သင်္ဂဟဂါထာကို အကြောင်းအကျိုးတရားများ ပေါ်လွင်စေလျက် အနက်ပေးခဲ့ပါ။

၃။ ''သင်္ကြိတ်သရုပ် အဟုတ်သိမြင် ပညာရှင်ပီပီ'' ဝိရတိ ကရုဏာဒယော-၌ ယူရမည့် ဝိရတိကို သင်္ဂဟထောက်လျက် ဖြေဆိုပြီးလျှင်၊ အောက်ဖော်ပြပါ စိတ်သရုပ်ကိုလည်း ဖြေဆိုခဲ့ပါ- (က) မုချကာမာဝစရစိတ်၊ (ခ) ယောဘုယျကာမာဝစရစိတ်။

၄။ ဤဒါနကောင်းမှုကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရရပါလိုစေ-ဟု ဆုတောင်းမှုပြုကြရာ၌ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်မှုသည် လောဘ ဟုတ်/မဟုတ် သင်္ဂဟထောက်လျက် ဖြေရှင်းပြီးလျှင်၊ မည်သည့်ပုဂ္ဂိုလ်များနောင် မည်သည့်တာဒိရုံများ ဖြစ်နိုင်သည်ကိုလည်း ဝေဘန်ပြခဲ့ပါ။

၅။ လူချင်းတူသော်လည်း အသက်ရှည်ချင်း ကွဲဆိုသကဲ့သို့ အမည်ချင်းတူသော်လည်း ဘဝချင်း မတူညီကြသည့် သုဂတိအဟိတ်ပုဂ္ဂိုလ်အမျိုးအစားများကို သင်္ဂဟကျမ်းလာအတိုင်း ဖော်ပြ၍၊ ယင်းပုဂ္ဂိုလ်တို့၏ (က) ဖြစ်ရာဘုံ၊ (ခ) ပဋိသန္ဓေ၊ (ဂ) အနန္တရဘဝတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၆။ သဗ္ဗဉ္ဉု ပနေတံ ရူပံ အဟေတုကံ သပ္ပစ္စယံ -၌ သပ္ပစ္စယ-အရ ရုပ်(၂၈)ပါးလုံးဖြစ်နိုင်/မဖြစ်နိုင် သင်္ဂဟထောက်၍ ဖြေဆိုပြီးလျှင်၊ သဒ္ဒါရုပစ္စယာ ဝိညာဏံ- ၌ တိဟိတဉ်ကွဉ်

http://www.dhammadownload.com

ကုသိုလ်ကံ သခီါရကြောင့် ဝိညာဏ်–အရ ဖြစ်နိုင်သော ဝိပါက်ဝိညာဉ်တို့ကိုလည်း ပဋိသန္ဓေ, ပဝတ္တိ အစ၏အားလျော်စွာ ခွဲခြားပြခဲ့ပါ။

၎။ ကိလေသာ(၁၀)ပါးတို့တွင် ထာမဂတကိလေသာ, အထာမဂတကိလေသာတို့ကို ခွဲခြားပြပြီးလျှင်၊ အဓိပတိနှင့် ကွာခြားကြောင်းတို့၏ အစိုးရပုံအထူးကိုလည်း ဖြေဆိုခဲ့ပါ။

၈။ စတုသစ္စဝိနိမုတ္တော ဥဂ္ဃဋိတ္တာ နာမ နတ္ထိ–ဟူသော ဒေသနာတော်အရ သစ္စဝိမုတ်တရားတို့ကို သစ္စာလေးပါး၌သွင်းလျှင် မည်သည့်သစ္စာ၌ သွင်းယူသင့်ပါသနည်း အကြောင်းနှင့်တကွ ဖြေဆိုပြီးလျှင်၊ တဏှာပစ္စယာ ဥပါဒါနံ–၌ တဏှာကြောင့် ကာမုပါဒါန်, ဒိဋ္ဌုပါဒါန် ဖြစ်ရပုံကိုလည်း ဖြေဆိုခဲ့ပါ။

၉။ အောက်ပါတို့ကို ဋီကာဆရာအလိုက္ခ ဖြေဆိုခဲ့ပါ–

(က) ကမ္မဇရုပ်များသည် ကံကြောင့်ဖြစ်ပါလျှက် အဘယ့်ကြောင့် ဝိပါက–ဟူသော အမည်ကို မရပါသနည်း၊

(ခ) အသုဘကမ္မဋ္ဌာန်းကို ပွားများသဖြင့် အဘယ့်ကြောင့် ပထမဈာန်ကိုသာ ရစေနိုင်ပါသနည်း။

၁၀။ ဣန္ဒြိယအဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ်တို့၏ ကျက်စားရာအာရုံများကို ဖြေဆိုပြီးလျှင်၊ တဘွေဝ ပစ္စယဝသေန ခဏဝသေန စ–၌ ပစ္စယ–အရ, ခဏ–အရတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၁၂။ ရုန်ကုန်တိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (တတော ပရံ တမေဝ . ၁သော ပါဠိကို ရေးလေ။)

၂။ (အတိတေ ဟေတဝေါ ပဋ္ဌ–စသော ဂါထာကို အနက်ရေးလေ။)

http://www.dhammadownload.com

၃။ လောကီဝိရတိကို ယူရမည်။

အထောက်– ဝိရတိဃော ပန တိသော်ပိ လောကုတ္တရစိတ္တေသု သဗ္ဗထာပိ နိယတာ ကေတောဝ လဗ္ဘန္တိ လောကိယေသု ပန ကာမာဝစရကုသလေသွေဝ ကာမိစ် သန္နိဿန္တိ ဝိသုံဝိသုံ။

(က) အေသမူဒွေ၊ ဃာနာဒိတ္တယ ၆–ပါး၊ မဟာဝိပါက် ၈–ပါး၊ ပေါင်း ၁၆–ပါး။

(ခ) ကြွင်း(လောဘမူ, မောဟမူ, စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆဝိုန်း, သန်္တီရဏ, အဟိတ်ကြိယာ, မဟာကုသိုလ်, မဟာကြိယာ) ၃၈–ပါး။

၄။ (လောဘအကုသိုလ်သည် မဂ် ဖိုလ် နိဗ္ဗာန်ကိုအာရုံမပြုနိုင်သောကြောင့်) မဂ် ဖိုလ် နိဗ္ဗာန်ကို လိုချင်မှုသည် လောဘမဟုတ်ပါ။

အထောက်– အကုသလာနိ ဧဝဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဇဝနာနိ ဧဝတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာရမ္မဏာနိ။

၁။ သောမနဿကြိယာဇောဓောသောပုဂ္ဂိလ်နောင် – သောမနဿတာဒိရုံ ၅–ပါး။

၂။ ဥပေက္ခာကြိယာဇောဓောသောပုဂ္ဂိလ်နှင့် ဒေါသဇောဓောသောပုဂ္ဂိလ်နောင် – တာဒိရုံ ၁၁–ပါးလုံး နောင်းနိုင်ပါသည်။+

မှတ်ချက်။ အဘိဓမ္မာကျမ်းဂန်တို့၌ ဇောနောင် တာဒိရုံနောင်းပုံကိုသာပြသည်။ ပုဂ္ဂိလ် နောင် တာဒိရုံနောင်းပုံပြဆိုခြင်း မတွေ့ရ၊ ဤ၌ ပုစ္ဆာအားလျော်စွာ သင့်လျော်သလို ဖြေထားသည်။

၅။ သုဂတိအတိတ်ပုဂ္ဂိုလ်အမျိုးအစား

၁။ ဇစွန္ဓ–စသောလူ၊

၂။ ဘုမ္မဿိတ ဝိနိပါတိကအသုရာ။

(က) လူ့ဘုံ၊ စတုမဟာရာဇိဘုံ၊

(ခ) အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ၊

(ဂ) ကာမ ၁၁–ဘုံ၊ (ကာမေသွေဝ ပဇနေတရာ)။

http://www.dhammadownload.com

၆။ လက္ခဏာရုပ်ဒေးခုသည် သပ္ပစ္ဆယ–အရေမဖြစ်နိုင်ပါ။

အထောက်– လက္ခဏာရူပါနိ နာ ကုတော်စိ ဇာယန္တိ။

ဝိညာဏံအရ

ပဋိသန္ဓေအခါ – မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄–ခု၊

ပဝတ္တိအခါ– မဟာဝိပါက်စိတ် ၈–ခု၊ အဟိတ်ကုသလဝိပါက်စိတ် ၈–ခု၊ ပေါင်း ၁၆–ခု။

၇။ . **ထာမဂတကိလေသာ**

လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာအားဖြင့် ၆–ပါး။ (အနုသယဝင် ကိလေသာ)

အထာမဂတကိလေသာ– ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ အားဖြင့် ၄–ပါး။

အစိုးရပုံအထူး

ဝိမိမှတစ်ပါး အဓိပတိဖြစ်ထိုက်သောတရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်ခြင်း၏အစွမ်းဖြင့် အစိုးရခြင်းသည် အဓိပတိမည်သည်။

တစ်ပါးသော ဣန္ဒြေတို့ရှိကုန်သော်လည်း တားမြစ်ခြင်းမဖက်သက်သက် မြင်ခြင်း စသောကိစ္စတို့၌ စက္ခုဝိညာဉ်အစရှိသောတရားတို့ကို ဝိမိအလိုသို့ လိုက်စေခြင်းမျှသည် ဣန္ဒြေမည်သည်။

ဆိုလိုရင်းမှာ–

သူတစ်ပါး၏ အစိုးရမှုကို တားမြစ်၍ မိမိတစ်ဦးတည်း အစိုးရခြင်းသည် အဓိပတိ။ ကိုယ့်ဆိုင်ရောကိစ္စ၌ ကိုယ်သာအစိုးရ၍ သူတစ်ပါးကိစ္စ၌ အစိုးရခြင်းကို မတားမြစ်သော အားဖြင့် အစိုးရခြင်းသည် ဣန္ဒြေ။ ဤသို့ ထူးသည်။

၈။ မဂ္ဂင် မဂ္ဂပရိယာပန္နံ–ဟုဟောတော်မူသောကြောင့် ဖိုလ်စိတ္တုပ္ပါဒ် ဥဂု–ခုတို့တွင် ပညာ, ဝိတက်, ဝိရတိသုံးခု, ဝိရိယ, သတိ, ဧကဂ္ဂတာဟူသော ဖိုလ်အင်္ဂါ ၈–ပါးတို့ကို ယူရပါသည်။ ကြွင်းသော ဖိုလ်စိတ္တုပ္ပါဒ် ၂၉–ခု၊ မဂ်စိတ္တုပ္ပါဒ် ၂၉–ခုတို့ကို သခ်ိဳရဒုက္ခနှင့်တူသည်၏ အဖြစ်ကြောင့် ဒုက္ခသစ္စာ၌ သွင်းယူရပါသည်။

http://www.dhammadownload.com

ဥပါဒါန်ဖြစ်ပုံ-

ရူပါရုံစသည်တို့ကို တဏှာဖြင့် လွန်စွာသာယာ၍ ကာမတို့၌ သုံးဆောင်ခံစားတတ်သူ၏ အဖြစ်သို့ရောက်ရသောကြောင့် တဏှာသည် ကာမုပါဒါန်၏ အကြောင်းဖြစ်သည်။

ရူပါရုံစသည်၌ စွဲမက်သူသည် နတ္ထိ ဒိန္နံ-စသည်ဖြင့် မိစ္ဆာအယူကို ယူတတ်သောကြောင့် တဏှာသည် ဒိဋ္ဌုပါဒါန်၏ အကြောင်းဖြစ်သည်။

၉။ (က) ဝိပါက်ဟူသော အမည်သည် ရင့်ကျက်သည်၏အဖြစ်သို့ရောက်သော နာမ်တရားတို့၏ အမည်သာဖြစ်သောကြောင့် ကမ္မဇရုပ်များသည် ကံကြောင့်ဖြစ်ပါလျက် ဝိပါကဟူသောအမည်ကို မရပါ။

(ခ) (ကချင် နံပါတ် ၁၀-ရှု။)

၁၀။ **ကျက်စားရာအာရုံများ**

ဣန္ဒြိယအဘိညာဉ်အတွက် - ပါဒကဈာန်၊ ရူပကာယ၊ ရူပါရုံစသောအာရုံ ၆-ပါး။

ဒိဗ္ဗစက္ခုအဘိညာဉ်အတွက် - ပစ္စုပ္ပန်ရူပါရုံ။

ပစ္စယအရ -

ရုပ်အတွက် - အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရတို့ဖြစ်သည်။

စေတသိက်ခန္ဓာအတွက် - အဝိဇ္ဇာ, တဏှာ, ကံ, ဖဿတို့ဖြစ်သည်။

ဝိညာဉ်အတွက် - အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ, နာမ်ရုပ်တို့ဖြစ်သည်။

ခဏအရ - ဥပါဒ်, ဌိ, ဘင်ခဏ။

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်ပြည်နယ်)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၄)ရက်၊ (၅-၄-၂၀၀၆)ကြာသပတေးနေ့

၁။ အကြောင်းတရားကြောင့်အကျိုးတရားရရှိခံစားကြရာဝယ် (က) ဒိန, သိလကောင်းသော

http://www.dhammadownload.com

အကြောင်းတရားကြောင့်အကျိုးပေးပုံပြ သင်္ဂဟပါဠိ၊ (ခ) အာဟာရအကြောင်းတရား ကြောင့် အကျိုးတရားရရှိပုံပြ သင်္ဂဟပါဠိတို့ကို ရေးခဲ့ပါ။

၂။ (က) နေ့နှင့်ည ဖြစ်ပေါ်လာရပုံပြသင်္ဂဟပါဠိ၊ (ခ) အရိယာပုဂ္ဂိုလ်သည် ဗိဒိအရိယာဖြစ်မှန်း သိနိုင်/ မသိနိုင် အဆုံးအဖြတ်ပြ သင်္ဂဟဏ်ထာတို့ကို အနက်ပေးပြခဲ့ပါ။

၃။ သေကွပုဂ္ဂိုလ်နှင့်သက်ဆိုင်သည့် ကြောင်းကျိုးနှစ်တန်မှ ကင်းလွတ်သောစိတ်ကို ဖြေဆိုရ၊ (က)ဌင်းစိတ်နှင့်ယှဉ်သော စေတသိက်ကို ဖော်ပြပြီးလျှင်၊ အပွနာဝီထိ၏ ရှေ့အဖို့၌ ယှဉ်နိုင်သောစိတ်တို့ကိုလည်း ပကိဏ္ဏကဆက္ကဖြင့် ဝေဖန်ပြခဲ့ပါ။

၄။ နည်းသောအာရုံရှိသောဝီထိ၌ ဝုဋ္ဌောဖြစ်ရခြင်းအကြောင်းကို ဖြေဆိုရ၊ (က) ကမ္မပထ မြောက်အောင် စွမ်းဆောင်မှုကို မပေးနိုင်သည့် ကုသိုလ်ကံကိုလည်းကောင်း၊ (ခ) မျက်စိနှစ်ကွင်းအလင်းမရ လူစဉ်မမီ မွေးဖွားလာသောသူ၏ အကြောင်းကံကိုလည်း ကောင်း၊ သင်္ဂဟပါဠိထုတ်၍ ဖြေဆိုခဲ့ပါ။

၅။ လောက၌ အယူဝါဒအမျိုးမျိုးရှိကြရာ ''လူသေလျှင် လူသာဖြစ်ရမည်'' ဟူသော အယူ အဆ မှန်ကန်မှုရှိ/မရှိ အသိဓမ္မာသာဓကဖြင့် ဆုံးဖြတ်၍၊ မြန်မာ့အသံမှလွှင့်ထုတ်လိုက် သော သဒ္ဒရုပ်၏ မိုရာရုပ်ကို အကိုးသာဓကပြလျက် ဖြေဆိုပြီး၊ သိပ္ပံပညာရှင်များ စမ်းသပ်သော ရုပ်သေးတစ်ခု၌ ပါဝင်သောရုပ်များကိုလည်း ဖော်ပြခဲ့ပါ။

၆။ နဝေကဋ္ဌာနဝိရိယံ နဝဋ္ဌ-၌ နဝသဏ်္ဌာ,.အဋ္ဌသဏ်္ဌာတို့၏ သရော်ယျတို့ကို ကောက်ပြ၍၊ ဝိပါကဝဋ္ဋ၏ တရားကိုယ်ကို ဖြေဆိုပြီးလျှင်၊ မဂ္ဂဝီထိ၌ပါဝင်သော ဇိုလ်နှင့် ဇလသမာပတ္တိ ဝီထိ၌ ပါဝင်သော ဇိုလ်တို့၏ ထူးခြားချက်တို့ကို သင်္ဂဟစာသွားကြည့်လျက် ဖြေဆိုပါ။

၇။ (က) ပုထုဇဉ်လူသားများ ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်ဓာတ်ကို မသိနိုင်ခြင်းအကြောင်း၊ (ခ) နိရောဓသမာပတ်မှထသောအချိန် အနာဂါမိဖလံ ဇ၊ အရဟတ္တဖလံ ဇ၊ ဟုဆိုရခြင်း

http://www.dhammadownload.com

အကြောင်း၊ (ဂ) ဆန္ဒရိကစိတ္တပွဝတ္တိယထာသမ္ဘံ-၌ ယထာဝဿမ္ဘဝဖြစ်ပုံကို ဋီကာအဖွင့်နှင့်အညီ ဖြေဆိုပါ။

၈။ ဘဝဟောင်းမှ ပဋိသန္ဓေဝိညာဉ်သည် ဘဝသစ်သို့ ပြောင်းရွှေ့၍ မဖြစ်ပုံဥပမာစကားရပ်နှင့် ရုပ်မှုန်သမျှ အနာဂမ္ဘဏဖြစ်ပါလျက် တစ်ဖန် ''ဂင်္ဂါစရဂ္ဂါဟိကာရုပံ'' ဟုဆိုရခြင်းတို့ မဆန့်ကျင်အောင် ညှိနှိုင်းပြ၍၊ ရာဂစသည်ကုန်ခြင်းမျှသည် နိဗ္ဗာန်ဟူသောအယူအဆမှန်/မမှန် ဋီကာအဖွင့်မှီး၍ ဖြေဆိုပါ။

၉။ ဘဝါသင်္ခါ-အရ ဖြစ်ထိုက်သော ရာဂသုံးပါးတို့၏ ထူးခြားချက်တို့ကို ဖြေဆို၍၊ နိဝရဏာအဌသိယုံ-ဟူသောပါဠိသည် ဆ နိဝရဏာနိ-ဟူသော ပါဠိနှင့် ဆန့်ကျင်မှုရှိ/မရှိ အကြောင်းပြ ဖြေဆိုပြီးလျှင်၊ ရှက် ကြောက်နှစ်တန် ကင်းမဲ့သောတရား၏ ဗိုလ်အမည် ရထိုက်ခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၁၀။ ဘဝတစ်ခုခု မွေးမှု, သေမှုနှစ်မျိုးရှိရာ (က) မွေးမှုဖြစ်ရခြင်း၏အကြောင်းရင်းတရားကိုလည်းကောင်း၊ (ခ)ကုသိုလ်တရားဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းတရားတို့ကိုလည်းကောင်း ဖြေဆိုပြီးလျှင်၊ အာဒိကမ္မိကမဂ်ကိုရရှိသော ယောဂိပုဂ္ဂိုလ်၏ အဘယ်သို့သိပုံကို ''ပရိဇာနန္တာ''ဟု ဆိုပါသနည်း ဖြေဆိုခဲ့ပါ။

၁၃။ ရခိုင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (က)ကာမာဝစရကုသလဖို့ ကာမသုဂတိယမေဝ-ပ-ယထာရဟံ ဝိပစ္စတိ-ကို ရေးလေ။

(ခ) ကဗ္ဠိကာရော်အာဟာရော ဂ္ဂဟဏသ ကာယသ အရူပိနော အာဟာရာ သုဟဇာတာနံ နာမရူပါနန္တိ စ ဒုဝိဓော ဟောတိ အာဟာရပစ္စယော။

၂။ (က) စန္ဒာဝဋ္ဋနာဒိကမုပါဒါယ ဒိသာကာလာဒိကာ-နှင့်

(ခ) (မဂ္ဂံ ဗလဉ္စ နိဗ္ဗာနံ-စသော ပစ္စဝေက္ခဏာ ၁၉-တန်ဂါထာတို့ကို အနက်ရေးလေ)

http://www.dhammadownload.com

၃။ အကြောင်းကျိုးလွတ်စိတ်_ အာဝဇ္ဇန်းဒွေး။

(က) ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ, ပိတိ, ဝီရိယကြဉ် အညသမာန်းဧ၁၀_ပါးယှဉ်သည်။
မနောဒ္ဒါရာဝဇ္ဇန်းစိတ်၌ ဆန္ဒ, ပိတိ ကြဉ် အညသမာန်းဧ၁၁_ပါးယှဉ်သည်။

(ခ) **စိတ်နှင့် ပကိဏ္ဏကဆက္က**

မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်သည် သောမနဿ,ဉပေက္ခာဧဒနာ၊ တိဟိတ်၊ ဇောကိစ္စ၊ မနောဒ္ဒါရ၊ အရဟတ္တမဂ်,အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံ၊ ဟဒယဝတ္ထုကို ရံခါမှီ/ရံခါမမှီ။

မဟာကြိယာဉာဏသမ္ပယုတ်စိတ်သည် သောမနဿ,ဉပေက္ခာဧဒနာ၊ တိဟိတ်၊ ဇောကိစ္စ၊ မနောဒ္ဒါရ၊ အလုံးစုံအာရုံ၊ ဟဒယဝတ္ထုကို ရံခါမှီ/ရံခါမမှီ။

မှတ်ချက်။ ။ ပဋ္ဌာဒ်၌ အပ္ပနာဝီထိ၏ဧကျေနဘို့ဟုဧမးထားသည်။ အပ္ပနာဇော၏ ဧကျေနဘို့ကို မေးလိုဟန်တူသည်။

၄။ နည်းသောအာရုံရှိသောဝီထိဆိုရာ၌ ပရိတ္တာရုံဝီထိကို မေးလိုဟန်တူသည်။

ဝုဋ္ဌောဖြစ်ခြင်းအကြောင်းဆိုရာ၌လည်း ဝုဋ္ဌော ၂_ကြိမ်ဖြစ်ရခြင်းအကြောင်းကို မေးလိုဟန်တူသည်။

ဇောမဖြစ်ခြင်းကြောင့် ဝုဋ္ဌော ၂_ကြိမ် ၃_ကြိမ် ဖြစ်ရသည်။

(က) ဒိဋ္ဌဓမ္မဝေဒနီယကံ, အဟောသိကံများဖြစ်သည်။

(ခ) ဒွိဟိတ်ဩမကကုသိုလ်ကံ။

သင်္ဂဟပါဠိ_ ဒွိဟေတုကမောမကံ ပန ကုသလံ အဟေတုကမေဝ ပဋိသန္ဓိံ ဇနေတိ။ ကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ ပန ကာမသုဂတိယံ မနုဿာနဉ္စေဝ ဧစ္စန္တာဒီနံ ဘုမ္မသိတာနဉ္စ ဝိနိပါတိကာ အသုရာနံ ပဋိသန္ဓိဘဝင် စုတိဘဝေန ယဝတ္တတိ။

၅။ တိဟိတ်လူသေလျှင် လူနတ်ပြဟ္မာအားလုံးဖြစ်နိုင်သည်။

ဒွိဟိတ်လူသေလျှင် လူနတ် ၂_မျိုးဖြစ်နိုင်သည်။ ထို့ကြောင့် လူသေလျှင် လူသာဖြစ်ရမည် ဟူသောစကားမမှန်ပါ။

သာဓက။ ။ သဗ္ဗာကာရတိဟေတုမှာ၊ ကာမေသွေဝ ပနေတာရာ။(မန္ထလေး ၅-လည်း၅)

http://www.dhammadownload.com

သဒ္ဒရုပ်၏ပိဌရာကား__ မဟာဘုတ်။

သာဓက။ ။ စတုန္ဓာ မဟာဘူတာနံ ဥပါဒါယရူပါနံ။

ပါဝင်သောရုပ်__ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ။

၆။ **နဝေကဋ္ဌာနာ-၌ နဝအာရ__**

ဆန္ဒ၊ စိတ္တ၊ ဇိတိ၊ ပဿဒ္ဓိ၊ တဇ္ဇြတ္တတာ၊ ဝိတက်၊ ဝိရတိ ၃-ခုအားဖြင့် ၉-ခု။

ဝိရိယံနဝ-၌နဝအာရ__

သမ္မပ္ပဓာန် ၄-ပါး၊ ဝိရိယိဒ္ဓိပါဒ်၊ ဝိရိယိန္ဒြေ၊ ဝိရိယဗိုလ်၊ ဝိရိယသမ္ဗောဇ္ဈင်၊ သမ္မာဝါယာမ-မဂ္ဂင်အားဖြင့် ၉-ပါး။

နဝဠ၌ အဋ္ဌအရ__

သတိပဋ္ဌာန် ၄-ပါး၊ သတိန္ဒြေ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်၊ သမ္မာသတိမဂ္ဂင် အားဖြင့် ၈-ပါး။

ဝိဘါကဝဋ်__

ဥပပတ္တိဘဝတစ်စိတ်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ။

ဗိုလ်ထူးခြားချက်

မဂ္ဂင်ထိဒ္ဓိပါသောဗိုလ်သည် ၂-ကြိမ် ၃-ကြိမ်သာဖြစ်သည်။

(တဝေါ ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ)

ဖလသမာပတ္တိဝထိဒ္ဓိပါသော ဗိုလ်သည် အကြိမ်များစွာ ဖြစ်သည်။

(သမာပတ္တိဝီထိယံ ဘဝင်္ဂသောတောဝိယ ဝီထိနိယမော နတ္ထိတိ ကတွာ ဗဟူနိပိ လဇ္ဇန္တိ)။

၇။ (က) မရဘူးသေးသောကြောင့် မသိနိုင်ဖါ။

(ခ) အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့သည်သာလျှင် နိရောဓသမာပတ်ဝင်စားနိုင်သည်။ သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့ နိရောဓသမာပတ်မဝင်စားနိုင်ပါ။ ထို့ကြောင့် အနာဂါမိ-ဖလံ ဇါ အရဟတ္တဖလံ ဇါ-ဟု ဆိုရပါသည်။

http://www.dhammadownload.com

(၈) ထိုထို့ရဝတ္ထိလည်းကောင်း ထိုထိုတဝတ္ထိလည်းကောင်း ဖြစ်သင့်သည်အားလျော်စွာ ဖြစ်သည်ကို ယထာသမ္ဘဝ–ဟုဆိုသည်။

၈။ ပဲ့တင်သံသည် မူလအသံနှင့်တခြားစီဖြစ်သော်လည်း မူလအသံနှင့်မကင်းသကဲ့သို့လည်းကောင်း၊ ဆီမီးတစ်ခုမှ တစ်ခုကူးရာတွင်ထွန်းရာ၌ နောက်ဆီမီးသည် မူလဆီမီးနှင့်တစ်ခြားစီဖြစ်သော်လည်း မူရင်းဆီမီးနှင့် မကင်းသကဲ့သို့လည်းကောင်း၊ တံဆိပ်နှိပ်ရာ၌ ထင်လာသော ထင်လာသောတံဆိပ်ပုံစံသည် မူရင်းတံဆိပ်နှင့်တစ်ခြားစီဖြစ်သော်လည်း မူရင်းတံဆိပ်နှင့်မကင်းနိုင်သကဲ့သို့လည်းကောင်း ဘဝဟောင်း၌အကျုံးဝင်သော တစ်စုံတစ်ခုသောတရားသည် ဘဝသစ်သို့ပြောင်းရွှေ့သည် မဟုတ်၊ ရှေ့ဘဝကြောင်းနှင့်လည်း မကင်းနိုင်။

အနာရမ္မဏာနှင့် ဇော်စရဏ်တိုက

ရုပ်မှန်သမျှ အနာရမ္မဏာဖြစ်သည်ဟူသောစကားသည် မုချစကားဖြစ်သည်။

ဇော်စရဏ်တိုကရူပံ–ဟူသောစကားကား ဌာနိဝိညာဉ်တို့၏ ဇော်စရဏ်တိုက အမည်ကို ဌာနပသာဒ၌တင်စား၍ ဌာနရူပစာအားဖြင့် ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် မဆန့်ကျင်ပါ။

နိဗ္ဗာန်

စတုမဂ္ဂဉာဏောန သစ္ဆိကာတဗ္ဗံ၊ မဂ္ဂဖလမာရမ္မဏာဘူတံ–ဟူသောပါဠိတို့ဖြင့် နိဗ္ဗာန်သည် အရိယာပုဂ္ဂိုလ်တို့၏ ပစ္စက္ခသိဒ္ဓိအဖြစ်,ကလျာဏပုထုဇဉ်တို့၏ အနုမာန–သိဒ္ဓိအဖြစ်ကို ပြသဖြင့် ရာဂကုန်ခြင်းမျှသည် နိဗ္ဗာန်မည်သည်ဟူသောစကား မမှန်ပါ။

၉။ ဆန္ဒရာဂသည် ရူပဘဝ အရူပဘဝဟူသော ဥပပတ္တိဘဝတို့၌ တပ်မက်သော ရာဂတည်း။ ဘာနုနိကန္တိရာဂသည် ဘာနဧစတနာဟူသော ကမ္မဘဝ၌ တပ်မက်သောရာဂတည်း။

သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သောရာဂသည် ဘဝဒိဋ္ဌိနှင့်တကွဖြစ်သော တပ်မက်သော ရာဂတည်း။ ဤသို့ထူးသည်။

နိဝရဏာ ၈–ပါး ၆–ပါး

နိဝရဏာသည် ၊ရုပ်အရေအတွက်အားဖြင့် ၆–ပါးရှိသောကြောင့် ဆနိဝရဏာနိ–ဟုဆိုသည်။

http://www.dhammadownload.com

၃-ခုမြောက် ထိန်ပိဒ္ဓနိဝရဏနှင့် ၄-ခုမြောက် ဥဒ္ဒစ္စ,ကုက္ကုစ္စနိဝရဏတို့သည် နိဝရဏအရေအတွက် တစ်ပါးစီဖြစ်သော်လည်း တရားကိုယ်မှာ ၂-ပါးစီဖြစ်သော ကြောင့် စုစုပေါင်း နိဝရဏတရားကိုယ်သည် ၉-ပါး ဖြစ်သည်။ ထို့ကြောင့် နိဝရဏာ အဋ္ဌ သိယုံ-ဟုဆိုသည်။

ဓိုလ်မည်ခြင်းအကြောင်း

အဟိရိက, အနောတ္တပ္ပ ၂-ပါးသည် သမ္မယုတ်တရားတို့၌ မြဲမြံ ခိုင်ခဲ့သောကြောင့် သာ ဓိုလ်အမည်ရသည်။

၁၀။ (က) ဘဝပစ္စယာ ဇာတိ-အရ ကံမှဘဝဖြစ်သည်။

(ခ) ကုသိုလ်တရားဖြစ်ပေါ်လာရခြင်းအကြောင်းကား အဝိဇ္ဇာဖြစ်သည်။ (အဝိဇ္ဇာပစ္စယာ သင်္ခါရာ)

ပရိဇာနန္တာ-

လောကိစိတ် ၈၁-ခု၊ လောဘကြွင်သောစေတသိက် ၅၁-ခု၊ ရုပ် ၂၈-ခု၊ ဥပါဒ်ခုနစ်ပါးသာ ဒုက္ခဖြစ်သည်။ ဥပါဒက်အပိုအလွန် မရှိဟုပိုင်းခြား၍ သိသည်ကို ပရိဇာနန္တာ ဟုဆိုသည်။

၁၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်တောင်ပိုင်း)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၄)ရက်၊ (၅-၄-၂၀၀၆)ကြာသပတေးနေ့

၁။ ပဌာန်း ၂၄-ပစ္စည်းတို့တွင် သဟဇာတပစ္စည်းအပြား ၃-ပါးကို ပြဆိုထားသည့်သင်္ဂဟ စုဏ္ဏိယပါဠိကို ပစ္စည်း , ပစ္စယုပ္ပန် ပေါ်လွင်စေအောင် အနက်ပေးပြပါ။

၂။ ဖြစ်ပြန်ပျက်ပြန် လောကဓံတရားတို့ကို နေ့ညမပြတ် ကြုံတွေ့နေရမှုကြောင့် တေဘူမက သဒ္ဓါရုတရားတို့ကို လက္ခဏာယဉ်သုံးပါးသို့တင်၍ ဝိပဿနာဉာဏ် အဆက်ဆက်ဖြင့် ကြိုးစားအားထုတ် ရှုမှတ်နေသော ယောဂီသူတော်စင်၏ သန္တာန်၌ ဖြစ်ပေါ်လာနိုင်သော ဉာဏ်ဝိသုဒ္ဓိပြ သင်္ဂဟစုဏ္ဏိယပါဠိကို ပါဠိသက်သက်ရေးပြပါ။

http://www.dhammadownload.com

၃။ လောကလူသားများ ''မရှိလို့ မလျှူ မလျှူလို့ မရှိ'' ဟု ပြောဆိုနေကြရာ ထိုသို့မရှိခြင်း၏ အဓိကတရားခံဖြစ်သော စေတသိက်အမည်ကို ယှဉ်ရာစိတ်နှင့် တွဲဖက်ဖော်ပြပြီးလျှင်၊ စေတသိက် ၅၂-ပါးတို့တွင် အနိယတယောဂိသာမည်၍ ဝိသေသကမမည်သော စေတသိက်တို့ကိုလည်း ရှာဖွေပြပါ။

၄။ ပကိဏ်းဝိုင်း ဟေတုသင်္ဂဟလာ တိဟိတ်ပုဂ္ဂိုလ်စိတ်ရ ၄၈-ပါးတို့တွင် ဇောအမည်ရသော တိဟိတ်စိတ်တို့ကိုသာ ရွေးထုတ်ပြ၍၊ မနောဒွါရဝဇ္ဇန်းစိတ်ကိုလည်း ဝေဒနာ, ဟိတ်, ကိစ္စ, ဒွါရ-တို့ဖြင့် ဝေဖန်ပြပါ။

၅။ သောမနဿနှင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်၏ ဒေါသဇောအဆုံး၌ (က) ဖြစ်သင့်သောစိတ်၊ (ခ) ဖြစ်ရာအခါ၊ (ဂ) အာရုံ၊ (ဃ)ကိစ္စတို့ကို ဖော်ပြပြီးလျှင်၊ နှလုံးသားမှာ အမုန်းတရား မထားသော ပုဂ္ဂိုလ်တို့ကိုလည်း အမည်မျှ ဖော်ပြပါ။

၆။ ဒုစရိုက် ၁၀-ပါးတို့တွင် ကိုယ်, နှုတ်မပါ စိတ်ဖြင့်သာပြုနိုင်သော ဒုစရိုက်တို့ကို ရွေးထုတ်ပြ၍၊ လောကလူသားများ သေခါနီးအချိန်ကာလ၌ အာရုံရိုမိတ်များ ထင်လာခြင်းသည် ဝေဒနာပြင်းထန်မှုကြောင့် ထင်လာသည်ဟုတ်/မဟုတ် ခိုင်လုံသောပါဠိသာဓကဖြင့် တင်ပြ ဖြေဆိုပါ။

၇။ ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော အရုပ်နှင့်အသံကို ကြည့်ရှုနားဆင်နေစဉ် အရုပ်နှင့် အသံတို့သည် ကြည့်ရှုနားဆင်နေသူ၏ မျက်စိနှင့်နားသို့ ရောက်/မရောက် သင်ဟပါဠိ ထောက်၍ ဆုံးဖြတ်ပြပြီးလျှင်၊ သမ္ဘဉ်းဝိုင်းလာ (က) ဩဃလေးပါး၏တရားကိုယ်၊ (ခ)ဥပါဒါန်လေးပါးတို့၏ တရားကိုယ်တို့ကိုလည်း ကောက်ပြပါ။

၈။ အဘယ်တရားတို့၏ လက်ချက်ကြောင့် သတ္တဝါများဘဝတစ်ခွင် ပင်လယ်ပြင်တွင် သုံသရာလည်နေကြပါသနည်း ပါဠိထောက်ကာဖြေဆိုပြ၍၊ ''လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေ'' ဟု မေတ္တာပွားနေကြရာ ထိုသို့မေတ္တာပွားခြင်းကြောင့် ရရှိနိုင်သော ချာန်တရားကိုလည်း ပါဠိထောက်ကာဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၉။ ထိနဒ္ဓင့်မိဒ္ဓ ဥဒ္ဓစ္စဒ္ဓင့်ကုက္ကုစ္စတို့ နိဝရဏတစ်ပါးတည်းအဖြင့်ဖြင့် ဟောထားရခြင်း အကြောင်းကိုလည်းကောင်း အာယတန ၁၂-ပါး ဓာတ် ၁၈-ပါးပြားရခြင်းအကြောင်းကို လည်းကောင်း ဝိုကာလာသည့်အတိုင်း ဖြေဆိုပါ။

၁၀။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ-၌ အဝိဇ္ဇာ-၏ မသိရာဌာနတို့ကို ဖော်ပြ၍၊ အလုံးစုံသော ပစ္စည်းတို့ကို အာရမ္မဏပစ္စည်း၌ သွင်းယူရခြင်းအကြောင်းတို့ကိုလည်း ဝိုကာဆို သည့်အတိုင်း ဖြေဆိုပါ။

၁၄။ ရှမ်းပြည်နယ်တောင်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (စိတ္တာစေတသိကာ ဓမ္မာ - ပ - တိဝိဓော ဟောတိ သဟဇာတပစ္စယော-ဟူသောပါဠိကို အနက်ရေးလေ။)

၂။ (တဿာနန္တရမေဝ မဂ္ဂေါ-စသော မဂ်စိတ်ဖြစ်ပုံပါဠိကိုရေးလေ။)
မှတ်ချက်။ ။ဉာဏဝိသုဒ္ဓိဟူသည် ဉာဏဒဿနဝိသုဒ္ဓိကို မေးလိုဟန် တူသည်။ ဘာဝေတဗ္ဗော စတုဇ္ဈိဓော ဉာဏဒဿနဝိသုဒ္ဓိနာမ မဂ္ဂေါ ပဝုစ္စတိ-အရ ဉာဏဒဿန ဝိသုဒ္ဓိ ဟူသည်မှာ မဂ် ၄-ပါးပင် ဖြစ်သည်။

၃။ လောဘစေတသိက်ဖြစ်သည်။
ယှဉ်ရာစိတ်- လောဘမူစိတ် ၈-ပါး။
ဝိသေသကမမည်သောစေတသိက်-ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မာန, ထိန, မိဒ္ဓ။

၄။ ဇော- တိတိတ်စိတ်-
မဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၈-ခု၊ အပ္ပနာဇော ၂၆-ခု၊ ပေါင်း တိတိတ်ဇော ၃၄-ခု။

http://www.dhammadownload.com

မှတ်ချက်။ ။ ပုဏ္ဏဒွဋ္ဌ တိဟိတ်ပုဂ္ဂိုလ်စိတ်ရ ၄၂-ပါးဟု ပါရိသည်၊ တိဟိတ်ပုဂ္ဂိုလ်စိတ်ရမှာ ၄၂-ပါး မကပါ။ ကာမတိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်စိတ်ရသည်ပင် ၅၄-ပါးဖြစ်ပါသည်။ တိဟိတ်စိတ် ၄၂-ပါးကို မေးလိုဟန်တူသည်။

မနောဒွါရာဝဇ္ဇန်းစိတ်သည်

ဥပေက္ခာဝေဒနာ၊ အဟိတ်၊ အာဝဇ္ဇန ဇော်ဥဗ္ဗနအားဖြင့် ၂-ကိစ္စ၊ ၆-ဒွါရ။

(က) ဥပေက္ခာသန္တီရဏစိတ်၊

(ခ) ဇောနှင့်ပဋိသန္ဓေတို့ဆန့်ကျင်နေသဖြင့် တဒါရုံဖြစ်ရန် အခက်အခဲကြုံနေသောအခါ၊

(ဂ) ရှေးဦး လေ့ကျက်အင်ပူးသော ကာမအာရုံတစ်မျိုးမျိုး၊

(ဃ) ဘဝင်ကိစ္စ။

အနာဂါမိ ရဟန္တာနှင့်မဂ္ဂင်္ဂါန်များ။

၆။ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။

အာရုံနိမိတ်ထင်လာခြင်းအကြောင်း

ဝေဒနာပြင်းထန်မှုကြောင့် ထင်လာသည်မဟုတ်ပါ၊ ကံအစွမ်းကြောင့် အာရုံနိမိတ်များ ထင်လာပါသည်။

သာဓက - ကမ္မဗလေန ဆန္ဒံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။

၇။ အရုပ်နှင့်အသံတို့သည် မျက်စိနှင့်နားသို့ မရောက်ပါ။

အထောက်- စက္ခာဒိဒွယံ အသမ္ပတ္တာဝသေန။

(က) ဩဃတရားကိုယ် - လောဘ, ဒိဋ္ဌိ , မောဟ၊

(ခ) ဥပါဒါနိန်တရားကိုယ် - လောဘ, ဒိဋ္ဌိ။

၈။ အဝိဇ္ဇာတဏှာလက်ချက်ကြောင့် သတ္တဝါများသံသရာလည်နေကြပါသည်။

အထောက်- အဝိဇ္ဇာတဏှာဝသေန ဒွေမူလာနိ စ ဝေဒိတဗ္ဗာနိ။

မေတ္တာကြောင့် ရနိုင်သောဈာန်

ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်။

အထောက်- မေတ္တာဒယော တယော စတုက္ကဈာနိကာ။

http://www.dhammadownload.com

၉။ ကိစ္စအားဖြင့်လည်းကောင်း အကြောင်းအားဖြင့်လည်းကောင်း ဆန့်ကျင်ဘက်အားဖြင့်လည်းကောင်း တူကြသောကြောင့် နိဝရဏတစ်ပါးတည်းအဖြစ်ဖြင့် ဟောထားရပါသည်။

အာယတန ဓာတ်ပြားရကြောင်း

ဒို့ရ ၆-ပါး အာရုံ ၆-ပါးတို့၏ အပြားကြောင့် အာယတန ၁၂-ပါးပြားရသည်။
ဒို့ရ ၆-ပါး အာရုံ ၆-ပါး ထိုဒို့ရအာရုံ နှစ်ပါးကိုမှီ၍ဖြစ်သော ထိုမျှလောက်အတိုင်း အာရုံရှိကုန်သော ဝိညာဏ် ၆-ပါးတို့၏အစဉ်ကြောင့် ဓာတ် ၁၈-ပါးပြားရသည်။

၁၀။ မသိရာဌာန— သစ္စာ၄-ပါး၊ ပုဗ္ဗန္တစသော ၄-ပါး၊ ပေါင်း ၈-ပါး။

သွင်းယူရကြောင်း

စိတ် ဧစတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်နိုင်သော တစ်စုံတစ်ခုသော ပစ္စည်းမည်သည် မရှိသောကြောင့် အလုံးစုံသောပစ္စည်းတို့ကို အာရမ္မဏပစ္စည်း၌ သွင်းယူရသည်။

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်မြောက်ပိုင်း)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၄)ရက်၊ (၅-၄-၂၀၀၆)ကြာသပတေးနေ့

၁။ အတ္ထပညတ်၏ သဘောအဓိပ္ပါယ်ကိုသာ ဖွင့်ဆိုပြသော စုဏ္ဏိယဝါကျများကို ပို့ဆိုရေးပါ။

၂။ နိရောဓသမာပတ်မှထသော ပုဂ္ဂိုလ်တို့အား စိတ်အစဉ်ဖြစ်ပုံပြ စုဏ္ဏိယဝါကျများကို အနက်မှန်စွာယောဇနာပါ။

၃။ ယုံကြည်မှုအပြည့်အဝရှိပါလျက် အသိဉာဏ်လုံးဝမပါသောစိတ် သဒ္ဓါဝ်ကို တိကျစွာကောက်ပြ၍၊ အကုသိုလ်တရားများ တဖွားဖွားပေါ်လာအောင် နှိုးဆွလှုံ့ဆော်ပေးနေသော အခြေခံအကြောင်းတရားသုံးပါးကိုလည်း သာဓကပြ၍ ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com

၇။ ပဌမဈာနဝိပါကံ စတုတ္ထဈာနဘူမိယံ–၌ စတုတ္ထဈာနဘူမိ–အရကို သင်္ဂဟအထောက်အထားဖြင့် ဖော်ပြပြီးလျှင်၊ ပဌမဈာန်ရပုဂ္ဂိုလ်များ လားရောက်ရာဘုံတို့ကိုလည်း ပါဠိထောက်ကာ ညွှန်ပြပါ။

၈။ နိဗ္ဗာန်–ပုဒ်ကို သင်္ဂဟကျမ်းနှင့်အညီ ဝိဂ္ဂဟပြု၍ ''နိဗ္ဗာန် ပန လောကုတ္တရသမ်မိတံ'' ဟူသော သင်္ဂဟအဋ္ဌကထာစကားအရ လောကုတ္တရာစိတ်သည် နိဗ္ဗာန်အမည်ရထိုက်ပါသလော စိစစ်ဝေဖန်ပြပါ။

၉။ အသေက္ခပုဂ္ဂိုလ်များနှင့်သာဆိုင်သော ဣန္ဒြေကို ညွှန်ပြပြီးလျှင်၊ ''ဓိန်းမကောင်းတို့ ဣန္ဒြေ ရွှေပေးလို့မရ'' ဟူသော စကားပုံရှိရာ ပုထုဇဉ်ဓိန်းကလေးများ ရကောင်းသော ဣန္ဒြေတို့ကိုသာ အာဘိဓမ္မာနည်းအရ ကောက်ပြပါ။

၁၀။ အရဟာတ္တမဂ္ဂစိတ်–ဟူသောပါဋ္ဌ ပါဝင်သော ''အရဟာ''ပုဒ်အရ ရဟန္တာဒေါ်ဆိုနိုင်ပုံအမျိုးမျိုးကို ဋီကာဆရာမိန့်ဆိုချက်နှင့်အညီ ဖြေဆိုပြပြီးလျှင်၊ ''သဗ္ဗထာပိ နိယတာ ဇကတော ဝ လဗ္ဘန္တိ''၌ သဗ္ဗထာပိ–နှင့် ဇကတော ဝ–နှစ်ပုဒ်တို့၌ အဓိပ္ပါယ်အထူးကိုလည်း ရေးခဲ့ပါ။

၈။ ''ယထာရဟံ စတုတ္ထံ ပဋ္ဌဏ် ဇာ''၌ ပဋ္ဌိလ်အလိုက် အပွဲနာဇော်များ ဖြစ်ပုံကို ရှင်းပြပြီးလျှင်၊ လောကလူပုဂ္ဂိုလ်များ လိုရာအာကျူးမပြီး ဖြစ်ရာအခါတွင် ''အဟောသိကံ–တော့ ဖြစ်ပါပြီ'' ဟု ပြောဆိုကြရာ အဟောသိကံ ဖြစ်ကြရသော ဇော စေတနာကံများကို ဖော်ပြခဲ့ပါ။

၉။ သဥပါဒိသေသ နိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်နှစ်ပါးတို့၏ ထူးခြားပုံကို ရေးပြ၍၊ သြတ္တပ္ပ နှင့် အနောတ္တပ္ပစေတသိက်တို့၏ ဗိုလ်အမည်ရပုံတို့ကိုလည်း ရှင်းလင်းဖြေဆိုခဲ့ပါ။

၁၀။ ပဌာန်းပစ္စည်း(၂၄)ပစ္စည်းတို့တွင် အတိတ်ကာလမှာ ကျေးဇူးပြုတတ်သော ပစ္စည်းနှင့် ပစ္စုပ္ပန် အတိတ်ကာလ နှစ်မျိုးလုံးမှာ ကျေးဇူးပြုတတ်သော ပစ္စည်းတို့ကို ဖော်ပြ၍၊

http://www.dhammadownload.com

အရာရာမှာ ငါဟူသော အတ္တ လွှမ်းမိုးနိုင်စက်လှုပ်ရှိရာ ယင်းအတ္တအငြိ အညစ်အကြေးမှ စင်ကြယ်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ရန် ဗုဒ္ဓအဘိဓမ္မာလာအတိုင်း နှည်းရအောင် ရှင်းပြပြေဆိုခဲ့ပါ။

၁၅။ ရှမ်းပြည်နယ်မြောက်ပိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (ပရမတ္ထတော အဝိဇ္ဇမာနာပိ – ပ – ပညတ္တိတိ ပဝုစ္စတိ –ကိုရေးလေ။)

၂။ (ဝုဋ္ဌာနကာလေ ပန – ပ– ပစ္စဝေက္ခဏာဉာဏံ ပဝတ္တတိ–ဟူသော ကမ္မဋ္ဌာန်းပိုင်း အဆုံး ပါဠိကို အနက်ရေးလေ။)

၃။ ကာမာဝစရသောဘန ဉာဏဝိပ္ပယုတ်စိတ် ၁၂–ပါး၊ (သန္ဓိယှဉ် ဉာဏ်မယှဉ်)
အခြေခံအကြောင်းတရား ၃–ပါး– လောဘ၊ ဒေါသ၊ မောဟ။
သာဓက– လောဘော ဒေါသော စ မောဟော စ၊
ဟေတူ အကုသလာတယော။

၄။ **စတုတ္ထဈာနဘူမိ–** ဝေဟပ္ဖိုလ်, အသညသတ်, သုဒ္ဓါဝါသ ၅–ဘုံ၊
အထောက်။ ။ ဝေဟပ္ဖလာ အသညသတ္တာ သုဒ္ဓါဝါသာစေတိ စတုတ္ထဈာနဘူမိ။
ဆောင်။ ။ပ, ဒု, တ–ရုပ်၊ သုံးစီ မှတ်၍၊ ဝေတပ်,အသဉ်၊ သုဒ်ဋီးအင်္ကား၊ စ ဈာန်ထား၊ မှတ်သား ရူဘုံ တစ်ဆယ့်ခြောက်။ (အဘိလက်ဆောင်)
လားရောက်ရာဘုံ– ဝေဟပ္ဖိုလ်၊ အသညသတ်၊ သုဒ္ဓါဝါသ ၅–ဘုံ။
ပါဠိထောက်။ ။ ပဉ္စမဈာနံ ဘာဝေတွာ ဝေဟပ္ဖလေသု။
တဒေဝ သညာဝိရာဂံ ဘာဝေတွာ အသညသတ္တေသု။
အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ။

၅။ ဝါနတော နိက္ခမတိတိ နိဗ္ဗာနံ၊

http://www.dhammadownload.com

ပရမတ္ထလေးပါးတွင် စိတ်ပရမတ်၊ နိဗ္ဗာန်ပရမတ် သီးခြားစီရှိသောကြောင့် လောကုတ္တရာစိတ်သည် နိဗ္ဗာန်အမည် မရထိုက်ပါ။

တစ်နည်း။ လောကုတ္တရာစိတ်သည် ဝါနဟုဆိုအပ်သော တဏှာမှ ထွက်မြောက်ဆဲ, ထွက်မြောက်ပြီးဖြစ်သောကြောင့် နိဗ္ဗာန်အမည် ရထိုက်ပါသည်။

၆။ အညာတာဝိန္ဒြေသည် အသေက္ခန့်သာ ဆိုင်သည်။

ပုထုဇဉ်မိန်းကလေး ကွာန္ဒြေ

ပသာဒိန္ဒြေ ၅-ခု၊ ကွာထ္ထိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊ ဝေဒနိန္ဒြေ ၅-ခု၊ သဒ္ဓါစသော ကွာန္ဒြေများဖြစ်သည်။

၇။ မြတ်သောအလှူကိုခံထိုက်သည်၏ အဖြစ်ဖြင့် ပူဇော်အထူးကို ခံထိုက်သောကြောင့် အရဟာမည်သည်။

(တစ်နည်း) ကိလေသာတည်းဟူသော ရန်သူတို့ကို သတ်ဖြတ်တတ်သောကြောင့် အရဟာ မည်သည်။

(တစ်နည်း) သံသရာဝက်၏ အကန့်အကွက်နှင့်တူသော ကိလေသာတို့ကို ဖျက်ဆီးအပ်ပြီးသောကြောင့် အရဟာမည်သည်။

(တစ်နည်း) မကောင်းမှုပြုလုပ်ရာ၌ ဆိတ်ကွယ်ရာအရပ် မရှိသောကြောင့် အရဟာမည်သည်။

အဓိပ္ပါယ်အထူး– သဗ္ဗထာပိဖြင့် ဒုစရိုက် ဒုရာဇိဝအားလုံးတို့၏ အခြင်းအရာအားလုံးတို့ကို ပယ်နိုင်ပုံကို ပြ၏။

ကေတောဝ –ဟူသောပါဠိဖြင့် ထိုထိုမဂ်ဓာန်၌ ဒုစရိုက်ဒုရာဇိဝတို့ကို ပယ်ရာဝယ် ဝိရတိသုံးခုတို့၏ တပြိုင်နက်အတူတကွ ဖြစ်ပုံကို ပြ၏။ ဤသို့ထူးပါသည်။

၈။ ခိပ္ပါဘိညာပုဂ္ဂိုလ်၌ ၄-ကြိမ်မြောက် အပွနာဇောဖြစ်သည်။ ဒန္ဓာဘိညာပုဂ္ဂိုလ်၌ ၅-ကြိမ်မြောက် အပွနာဇောဖြစ်သည်။

http://www.dhammadownload.com

အတောသိကံဇောဧတနာများ

ပစ္ဆပ္ပန်အတ္တဘော၌ အကျိုးပေးခွင့်မရဘဲ အကျိုးပေးရာကာလကို လွန်သွားသော ပထမဇောဧတနာဟူသော ဒိဋ္ဌဓမ္မဝေဒနီယကံသည်လည်းကောင်း၊ ဒုတိယဘဝ၌ အကျိုးပေးခွင့်မရဘဲ ရအကျိုးပေးရာကာလကို လွန်သွားသော သတ္တမဇောဧတနာဟူသော ဥပပဇ္ဇဝေဒနီယကံသည်လည်းကောင်း၊ သံသရာစက်ပြတ်ပြီးသည်ဖြစ်၍ အကျိုးပေးခွင့် မရနိုင်တော့သော အလယ်ဇော ၅-ချက်ဟူသော အပရာပရိယဝေဒနီယကံသည် လည်းကောင်း အဟောသိကံ ဖြစ်ရသည်။

၉။ ခန္ဓာအကြွင်းအကျန်ရှိသော နိဗ္ဗာန်သည် သဥပါဒိသေသနိဗ္ဗာန်၊
ခန္ဓာအကြွင်းအကျန်မရှိသော နိဗ္ဗာန်သည် အနုပါဒိသေသနိဗ္ဗာန်။ ဤသို့ထူးပါသည်။

အနောတ္တပ္ပဟူသောဆန့်ကျင်ဘက်တရားတို့က မတုန်လှုပ်ဧနိုင်သောကြောင့် လည်းကောင်း သမ္မယုတ်တရားတို့၌ မြဲမြံစွာဖြစ်သောကြောင့်လည်းကောင်း သြတ္တပ္ပသည် ဗိုလ်မည်သည်။

အနောတ္တပ္ပသည်ကား သမ္မယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်သောကြောင့်သာ ဗိုလ်မည်သည်။

၁၀။ **အတိတ်ကာလပစ္စည်း**

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတအားဖြင့် ၅-ပစ္စည်း။
အတိတ်+ပစ္စုပ္ပန်ပစ္စည်းကား = ကမ္မပစ္စည်း။

ဒိဋ္ဌဓိသုဒ္ဓိ-

လက္ခဏာ၊ ရသ၊ ပစ္စုပ္ပဋ္ဌာန်(ပဒဋ္ဌာန်)အားဖြင့် နာမ်ရုပ်တရားတို့ကိုသိမ်းဆည်းနိုင်ခြင်းသည် ဒိဋ္ဌဓိသုဒ္ဓိ။

http://www.dhammadownload.com

၁၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်အရှေ့ပိုင်း)
ပထမကြီးတန်း ။ ။ အတိဓမ္မတ္ထသင်္ဂဟာသာ
၁၃ဖြစ်-၃၄၅၊ နှောင်းတန်ခူးလပြည့်ကျော် ၄-ရက်(၅-၄-၂၀၀၇)ကြာသပတေးဖြန့်။

၁။ အောက်ဖော်ပြပါတို့ကို ပါဠိသက်သက်ရေးသားဖြေဆိုခဲ့ပါ-
(က) သောတာပန်မည်သော သင်္ဃာပါဠို၊
(ခ) ရဟန္တာမည်သော သင်္ဃာပါဠို။

၂။ ဥဂ္ဂဟနိမိတ်မည်ပုံပြ သင်္ဃာပါဠိတို့ကို အနက်ပေးပြပါ။

၃။ လောကုတ္တရာစိတ် ရှစ်ခုတို့တွင် နိယတဝတ္ထုစိတ်၊ အနိယတဝတ္ထုစိတ်တို့ကို ခွဲခြားပြပြီး၊ တိဟိတ်စိတ်(၄၅)ပါး၌ ဇောထိုက်သော တိဟိတ်စိတ်, ဇောမထိုက်သော တိဟိတ်စိတ် တို့ကိုလည်း သရုပ်ကျမ်းကျင်သူပီသစွာ ကောက်ပြခဲ့ပါ။

၄။ ဘုရားရဟန္တာတို့၏ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၏ဟုဆိုသော စကား မှန်/မမှန် သင်္ဃာသာဓကဖြင့် ဆုံးဖြတ်ဖြေဆိုလိုက်၊ ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းစီးပြန်းနေသူ၏ သန္တာန်၌ ဖြစ်သော စိတ်အစဉ်ကိုလည်း ဝိထိတစ်ခုချပြခဲ့ပါ။

၅။ ''အကြောင်းကြောင့်အကျိုးဖြစ်၏''ဟု လက်ခံယုံကြည်သောသင်္ဃာသည် အကြောင်းကင်း သော ဂျပ်ရှိသည်ဟုဆိုလျှင် ဖြစ်နိုင်/ မဖြစ်နိုင် သင်္ဃာသာဓကနှင့်ရှင်းလင်း ဖြေဆိုပါ။

၆။ တော ကာလိကာ ဓမ္မာ-အရ(၂၄)ပစ္စည်းတို့ကို ကာလအားဖြင့် ပိုင်းခြားပြ၍၊ မည်သူမဆို ပွားများသင့်သော ကမ္မဋ္ဌာန်းများကိုလည်း သင်္ဃာနှင့်ညီ၍ထုတ်ပြပါ။

၇။ အပါယ်ဘုံသားစသည်တို့ည အဘယ်ကြောင့် အချို့မှာအသက်ရှည်၍ အချို့မှာ အလွန်အလွန် အသက်ရှည်ကြပါသနည်း ဇီကာလာအတိုင်း ဖြေဆို၍၊ ကံသည်

http://www.dhammadownload.com

ရုပ်တရားကို ဖြစ်စေရာ၌ အဘယ်အစုံမှစ၍ အဘယ်သို့ ဖြစ်စေသည်ကိုလည်း ရှင်းပြဖြေဆိုခဲ့ပါ။

၈။ ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာတို့၏ ထူးခြားပုံကို ရေး၍၊ ဥပါဒါန်သည် အဘယ်ကြောင့် ဘဝ၏ အကြောင်းအရင်း ဖြစ်ရသည်ကိုလည်း ဦးကာလာအတိုင်း ရေးသားဖြေဆိုပါ။

၉။ ''အာဟစ္စ ပစ္စယဋ္ဌိတိ''၌ ပစ္စယနှင့် ဋ္ဌိတိတို့၏ အဓိပ္ပါယ်ကို ဖြေဆို၍၊ အဝိဇ္ဇာ၏ တရားကိုယ်ကိုလည်း ဦးကာအလိုက္ခ တိုက္ခစွာ ကောက်ပြခဲ့ပါ။

၁၀။ သောတာပတ္တိမဂ်ဉာဏ်တစ်ခုတည်းက ကိစ္စလေးမျိုးကို တပြိုင်တည်းပြုနိုင်/ မပြုနိုင် သဘာဝယုတ္တိ, အာဂမယုတ္တိတို့ဖြင့် ရှင်းလင်းဖြေဆိုခဲ့ပါ။

၁၆။ ရှုမ်းပြည်နယ် အရှေ့ပိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (က) ထွေ ပန သောတာပတ္တိမဂ္ဂံ –ပ– သောတာပဇ္ဇန္တော နာမ ဟောတိ။
(ခ) အရဟာတ္တမဂ္ဂံ ဘာဝေတွာ –(ပ)– အရဟာ နာမ ဟောတိ။

၂။ (ယဒါ ပန တံ နိမိတ္တံ –ပ– သာ စ ဘာဝနာ သမာဓိယတိ–ကို အနက်ရေးလေ)

၃။ သောတာပတ္တိမဂ်စိတ်သည် (ဟဒယဝတ္ထုကို အမြဲမှီသောကြောင့်) နိယတဝတ္ထု စိတ်မည်၏။ ကြွင်းသော လောကုတ္တရာစိတ် ၈–ခုသည် (ဟဒယဝတ္ထုကို ရံခါမှီသော ကြောင့်) အနိယတဝတ္ထုစိတ်မည်၏။

ဇောထိုက်သောတိတိစိတ်

မဟာကုသိုလ် မဟာကြိယာဉာဏသမ္ပယုတ် ၈–ခု၊ မဟဂ္ဂုတ်ကုသိုလ် ၉–ခု၊ မဟဂ္ဂုတ်ကြိယာ ၉–ခု၊ လောကုတ္တရာ ၈–ခု၊ ပေါင်း ၃၄–ခု။

http://www.dhammadownload.com

ဇောမထိုက်သော တိတိတ်စိတ်

မဟာဝိပါက်ဉာဏသမ္ပယုတ် ၄-ခု၊ မဟဂ္ဂုတ်ဝိပါက် ၉-ခု၊ ပေါင်း ၁၃-ခု။

၇။ နိဗ္ဗာန်ကို အာရုံပြုသည်ဆိုသောစကား မမှန်ပါ။

သာဓက— သေသာနိ ကာမာဝစရဝိပါကာနိ ဟသနစိတ္တဥွေတိ သဗ္ဗထာပိ ကာမာဝစ-
ရာရမ္မဏာနေဝ။

အာရုပ္ပေသု ဒုတိယစတုတ္ထာနိ မဟဂ္ဂတာရမ္မဏာနိ သေသာနိ မဟဂ္ဂတစိတ္တာနိ
သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။

ဝိထိစဉ်—

ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ကာမကုသိုလ်/ကြိယာ ဇော-
ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ တို့နောင် ဘဝင်။

၈။ ဖြစ်နိုင်ပါသည်။

လက္ခဏာရုပ် ၄-ခုသည် မည်သည့်အကြောင်းကြောင့်မှ မဖြစ်သောကြောင့်
အကြောင်းကင်းသော်ရုပ် ရှိသည်ဟုဆိုသည်လျှင် ဖြစ်နိုင်ပါသည်။

သာဓက။ ။ လက္ခဏာရူပါနိ န ကုတောစိ ဇာယန္တိ။

၆။ အနန္တရ သမနန္တရ အာသေဝန နတ္ထိ ဝိဂတ ၅-ပစ္စည်းတို့သည် အတိတကာလိက
ပစ္စည်း မည်ကုန်၏။

ကမ္မပစ္စည်းသည် အတိတ် ပစ္စုပ္ပန်၏ အစွမ်းဖြင့် ဒွိကာလိကပစ္စည်းမည်၏။

အာရမ္မဏ, အဓိပတိ, ဥပနိဿယ ၃-ပစ္စည်းတို့သည် တိကာလိကပစ္စည်းမည်ကုန်၏။

ထို ၉-ပစ္စည်းမှ တစ်ပါးကုန်သော ၁၅-ပစ္စည်းတို့သည် ပစ္စုပ္ပန္နကာလိကပစ္စည်းတို့
မည်ကုန်၏။

မည်သူမဆိုပွားများသင့်ထောကမ္မဋ္ဌာန်း

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ၊ အာလောကအား‌ဖြင့် ကသိုဏ်း
၆-ပါး အာရုပ္ပ ၄-ပါး၊ ပေါင်း ၁၀-ပါးဖြစ်ပါသည်။

http://www.dhammadownload.com

၇။ ကံသဘဝလျှင်ပမာဏရှိသောကြောင့်၊ အပါယ်ဘုံသားစသည်တို့သည် အချို့မှာ အသက်ရှည်၍ အချို့မှာ အလွန်အလွန် အသက်ရှည်ကြသည်။

ကံသည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ အလွန်ပြုပြင်အပ်လျက် အဖျက်တို့ကာသန္တာန်၌ ကမ္မဇရုပ်ကို ခဏတိုင်းခဏတိုင်း ဖြစ်စေသည်။

၈။ **ခန္ဓာ ဥပါဒါနာက္ခန္ဓာ အထူး–** (ကရင် နံပါတ် ၈–ရှ)

ထိုက်သည်အားလျော်စွာ သမ္မယုတ်၏အစွမ်း, အနုသယတို့၏အစွမ်းအားဖြင့် ဥပါဒါန်တို့၌တည်ကုန်သော သတ္တဝါတို့သည် ကုသိုလ်, အကုသိုလ်ကံကို အားထုတ်ခြင်းငှာ ဖြစ်သောကြောင့် ဥပါဒါန်သည် ဘဝ၏အကြောင်း ဖြစ်ရသည်။

၉။ အကျိုးတရား၏ စွဲမှီ၍ဖြစ်ရာဖြစ်သောကြောင့် အကြောင်းတရားသည် ပစ္စယ–မည်သည်။

အကြောင်းနှင့်စပ်သောဖြစ်ခြင်းရှိသည့်အတွက် အကျိုးတရား၏တည်ရာဖြစ်သောကြောင့် အကြောင်းတရားသည် ဌိတိမည်သည်။

အဝိဇ္ဇာ အရ– သစ္စာ ၄–ပါးတို့၌လည်းကောင်း ပုဗ္ဗန္တစသော ၄–ဌာနတို့၌လည်းကောင်း မသိခြင်း မောဟကို ယူရသည်။

၁၀။ ဆိမ်းသည် အဖျော်ရွှင်းခြင်း အလင်းကိုဆောင်ခြင်း ဆီကို ခန်းစေခြင်း မီးစာကို ကုန်စေခြင်းဟူသော ကိစ္စ ၄–ချက်တစ်ပြိုင်နက်ပြုသော သဘာဝယုတ္တိကိုလည်းကောင်း၊ တသာနန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ ပဋိဇာနန္တော သမုဒယသစ္စံ ပဇဟန္တော နိရောဓသစ္စံ သစ္ဆိကရောန္တော မဂ္ဂသစ္စံ ဘာဝနာဝသေန အပ္ပနာဝိထိမောတရတိ–ဟူသော အာဂမယုတ္တိ ကိုလည်းကောင်း ထောက်ဆ၍ သောတာပတ္တိမဂ်ဉာဏ် တစ်ခုတည်းက ကိစ္စ ၄–မျိုးကို တစ်ပြိုင်တည်း ပြုနိုင်သည်။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၁၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရောဝတီတိုင်း) ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ ၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၁)ရက်၊ (၂၈-၃-၂၀၀၇)ဗုဒ္ဓဟူးနေ့

၁။ အောက်ပါတို့ကို ပါဠိသက်သက် ရေးသားပါ-

(က) ရူပပြဟ္မာများ ပဋိသန္ဓေအခါ မရနိုင်သော ရုပ်ကလာပ်နှင့် ရနိုင်သော ရုပ်ကလာပ်တို့ကို ပြဆိုသော ပါဠိ၊

(ခ) ရူပပြဟ္မာဘုံသို့ ရောက်အောင် ပွားများအားထုတ်ရသော ကမ္မဋ္ဌာန်းများကို ပြဆိုသော ပါဠိ။

၂။ ဒုဝိဓော ဟောတိ အဓိပတိပစ္စယော- ၌ အဓိပတိပစ္စည်း နှစ်မျိုးတို့၏ ပါဠိကို ပစ္စည်း, ပစ္စယုပ္ပန်ပေါ်လွင်အောင် အနက်ယောဇနာပါ။

၃။ ပဋ္ဌိဉာဏ်တို့တွင် ဆင်းရဲခြင်း ချမ်းသာခြင်းတို့နှင့် တကွဖြစ်သောစိတ်တို့၏ (က) ကျက်စားရာအာရုံ၊ (ခ) ဆောင်ရွက်နိုင်သော ကိစ္စတို့ကို ဖော်ပြ၍ ပထမဈာန်စိတ်၏ အာရုံဖြစ်သော ပညတ္တိဓမ္မတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၄။ သရုပ်သိမြင် ပညာရင့်ပိုဖို သောတာပန်ပုဂ္ဂိုလ်၏ အာဒီကမ္မိကဈာနဝိထိ၌ (က) ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု-ဟု အမည်ရသောစိတ်၊ (ခ) အပ္ပနာဇောကိစ္စတပ်သော စိတ်တို့ကို ဖော်ပြ၍ သတ္တဝါတို့၏ အပါယ်ရောက်ကြောင်း မကောင်းသော အကုသိုလ်ကံဆယ်ပါးတို့ အဘယ်ကြောင့် ဖြစ်ပေါ်ကြသည်ကိုလည်း ခွဲခြားဖြေဆိုပါ။

၅။ ကမ္မဇ-စသော ရုပ်လေးပါးတို့ ဖြစ်ပေါ်လာပုံကို သင်္ဃဟပါဠိလာရှိသည့်အတိုင်း ဥပမာနှင့် တကွ ပြည့်စုံစွာ ရေးသားဖော်ပြ၍ ဟသိတုပ္ပါဒေါဇော၌ အဓိပတိရနိုင် /မရနိုင် သင်္ဃဟပါဠိ ဘာဝကနှင့်တကွ ဖြေဆိုပါ။

http://www.dhammadownload.com

၆။ မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နော–၌ အဋ္ဌ–သရုပ်ကို ထုတ်ပြ၍၊ ကလျာဏမိတ္တပုဂ္ဂိလ်သည် ကုသိုလ်ကောင်းမှု ဖြစ်ပေါ်ရေးအတွက် ကျေးဇူးပြုသည်ဟူသောစကားမှန်/မမှန် သင််ဟ၊ သာဓက ဖော်ပြဆုံးဖြတ်ပြီးလျှင်၊ ဒေါသစရိုက်ရှိသူနှင့် သင့်လျော်သော သမထဘာဝနာများကိုလည်း ဖော်ပြပါ။

၇။ ရူပဓမ္မာနမာယူ–၌ ရူပ–အရာကိုကောက်ပြ၍၊ ရူပ–အရာတွင် မပါဝင်သော ရုပ်တရားတို့လည်း အကြောင်းနှင့်တကွ ဋီကာလာအတိုင်း ဖော်ပြခဲ့ပါ။

၈။ ဇဝစိတ္တဒိန်–၌ အဘယ်ပုဂ္ဂိလ်များကို ဇဝစိတ္တဓေါ်ကြောင်း ဋီကာအမြင်ဖြင့် တင်ပြ၍၊ ဘာဝရုတည်ရာအရပ်ကိုလည်း အတိအကျ ညွှန်ပြခဲ့ပါ။

၉။ အာဟာရလေးပါးတို့၏ ဆောင်ရွက်ပုံ အသီးသီးကို ရေး၍၊ ခန္ဓာငါးပါးတို့၏ ထမင်းငှဲ့တူပုံကိုလည်း ဋီကာလာသည့်အတိုင်း ရေးပါ။

၁၀။ အဘယ်အမှတ်သညာများကို အာဟာရေ ပဋိကူလသညာ–ဟုဓေါ်ပါသနည်း ဋီကာအကျ ရေး၍၊ အပ္ပနာစျာန်ကို မရစေနိုင်သော ကမ္မဋ္ဌာန်းတို့ကိုလည်း အကြောင်းပြဖြေဆို

၁၇။ ဇောဝတိတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (က) ရူပလောကေ ပန ° – ပ– စတ္တာရော ကမ္မသမုဋ္ဌာနကလာပါ–ကို ပါဠိရေးလေ

(ခ) တတ္ထာပိ ဒသကသိဏာနိ – ပ –ဆဇ္ဈိသတိ ရူပါဝစရဈာနိကာနိ ကမ္မဋ္ဌာနာကိုရေးလေ)။

၂။ (အနက် ထင်ရှားပြီ)

http://www.dhammadownload.com

၃။ (က) ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ၊ (ခ) ဇုသနကိစ္စ။

ပညတ္တိဓမ္မ

ကသိဏ်းပညတ် ၁၀-ပါး။ ဆံအစရှိသော ကာယအာစုပညတ် ၁၀-ပါး။ ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၏အာရုံဖြစ်သော သတ္တဝါပညတ်၊ ပေါင်း ၂၅-ပါး။

၄။ (က) မဟာကုသိလ်ဉာဏသမ္ပယုတ်စိတ် ၄-ခု၊

(ခ) ရူပါဝစရကုသိလ်ပဌမစျာန်။

မှတ်ချက်။ ။သောတာပန်ပုဂ္ဂိုလ်၏ ဈာနဝိထိဟု မေးထားခြင်းကြောင့် အပွနာဇောကိစ္စ တပ်သောစိတ်အရ ရူပကုသိုလ်ပဌမစျာန်ကို ဖြေဆိုသည်။

ဒေါသမူလကြောင့် ပါဏာတိပါတ၊ ဖရုသဝါစာ၊ ဗျာပါဒတို့ဖြစ်သည်။

လောဘမူလကြောင့် ကာမေသုမိစ္ဆာစာရ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိတို့ဖြစ်သည်။

လောဘ ဒေါသမူလနှစ်ပါးကြောင့် အဒိန္နာဒါန၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ သမ္ဖပ္ပလာပ ဝါစာတို့ဖြစ်သည်။

ဆောင်။ ။ *ပါဏ, ဗျာပါ၊ ဖရုသာ၊ ဖြစ်လာ ဒေါသကြောင့်။*
ကာမေ, ဘိဇ္ဈာ၊ ဒိဋ္ဌိမှာ၊ ဖြစ်လာ လောဘကြောင့်။
ပိသု, မုသာ၊ သမ္ဖပါ၊ ဒိန္နာ နှစ်ပါးကြောင့်။

၅။ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေ၏ ဥပါဒ်မှစ၍ ခဏတိုင်းဖြစ်သည်။

စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင်ပထမဘဝင်၏ ဥပါဒ်မှစ၍ ဥပါဒ်တိုင်းဖြစ်သည်။

ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌိကာလမှစ၍ဖြစ်သည်။

အာဟာရဇရုပ်တို့သည် ဩဇာပျံနှံ့ချိန်မှစ၍ ဖြစ်သည်၊ ဤသို့လျှင် လေးပါးသော အကြောင်းကြောင့်ဖြစ်သော ရုပ်အဆက်ဆက်သည် ကာမဘုံ၌ ဆိမိးလျှံ မြစ်ရေ အလျဉ်ပမာ အသက်ရှည်သမျှကာလပတ်လုံး မပြတ်ဖြစ်နေသည်။

ဟ့သိတုပ္ပါဒ်ဇော၌ အဓိပတိမရနိုင်ပါ။

သာဓက။ ။ဒိဇေဟတုတိဇေဟတုကဇဝဇနေသွေဝ ယထာသမ္ဘံ အဓိပတိဇေကော၀ လဗ္ဘတိ။

http://www.dhammadownload.com

၆။ ဝိညာဏ်၊ နာမ်ရုပ်၊ သင်္ဍာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ပေါင်း ၈ပါး။

မှန်/ မမှန်

ကလျာဏမိတ္တပုဂ္ဂိုလ်သည် ကုသိုလ်ကောင်းမှုဖြစ်ပေါ်ရေးအတွက် ကျေးဇူးပြုသည် ဟူသောစကားမှန်ပါသည်။

သာဓက။ ။ ပုဂ္ဂလော ဘောဇနံ ဥတု သေနာသနဥ္စ။

သင့်လျော်သော်သမထဘာဝနာ

အပ္ပမညာ ၄-ပါး၊ နိလ-စသော ဝဏ္ဏကသိုဏ်း ၄-ပါး၊ ပေါင်း ၈-ပါး။

၇။ ဝိညတ်ဒွေး၊ လက္ခဏရုပ်လေးခုကြဉ်သော ရုပ် ၂၂-ခု။

ဝိညတ်ဒွေနှင့် လက္ခဏရုပ် ကြဉ်ရကြောင်း- (ပဲခူး အနောက်, နံပါတ် ၈-ရှ)

၈။ စက္ခုပသာဒဖြစ်ထိုက်သောကာလ၌ တစ်စုံတစ်ခုသော အကုသိုလ်ကံကြောင့် လည်းကောင်း အခြားသော ကံတစ်မျိုးမျိုးကြောင့်လည်းကောင်း စက္ခုပသာဒချို့ယွင်းသော မဖြစ်သောပုဂ္ဂိုလ်ကို ဇစ္စန္ဓပုဂ္ဂိုလ်ဟုခေါ်ပါသည်။

ဘာဝရုပ်သည် တစ်ကိုယ်လုံး၌ ပျံနှံ့၍ တည်သည်။

၉။ ၁။ ကဗဠီကာရာဟာရသည် ဩဇာလျှင် ရှစ်ခုမြောက်ဖြစ်သော ရုပ်ကိုဆောင်သည်။

၂။ ဖဿာဟာရသည် ဝေဒနာသုံးပါးကို ဆောင်သည်။

၃။ ကုသိုလ်ကံ အကုသိုလ်ကံဟုဆိုအပ်သော မနောသဉ္စေတနာဟာရသည် ဘဝသုံးပါး တို့၌ ပဋိသန္ဓေဝိညာဉ်ကို ဆောင်သည်။

၄။ ပဋိသန္ဓေဝိညာဏ်ဟူသော ဝိညာဏာဟာရသည် သဟဇာတ်ဖြစ်သော နာမ်ရုပ်ကို ဆောင်သည်။

ခန္ဓာ ၎းပါး ထမင်းပွဲနှင့်တူပုံ-

(စစ်ကိုင်းတိုင်း နံပါတ် ၈-ရှ)

http://www.dhammadownload.com

၁၀။ သွားခြင်း, ရှာဖိုးခြင်း , သုံးဆောင်ခြင်းစသည်တို့ကို ဆင်ခြင်သည်၏အစွမ်းဖြင့် ကဗဠိကာရာဟာရ၌ စက်ဆုတ်ဖွယ်ဟု ဖြစ်သောသညာကို အာဟာရေပဋိကူလသညာ ဟုခေါ်သည်။

အပ္ပနာဈာန်မရစေနိုင်ကြောင်း

ဘုရားဂုဏ်စသည်တို့သည် ပရမတ္ထဖြစ်သောကြောင့်လည်းကောင်း များသော အပြားရှိသောကြောင့်လည်းကောင်း၊ တစ်ခုတည်းသော ဂုဏ်တော်သည်ပင်၊ နက်နဲ သောကြောင့်လည်းကောင်း၊ အပ္ပနာ၏အစွမ်းအားဖြင့် သမာဓိသည် တည်တံ့ခြင်း ငှာ မစွမ်းနိုင်သည့်အတွက် အပ္ပနာဈာန်ကို မရစေနိုင်ပါ။

၁၈။ ပထမပြန်အထူးအောင် ရွေးချယ်ရေးစာမေးပွဲ
ပထမကြိမ်းတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟသာသ
၁၃၆၉–ခုနှစ်၊ ပထမဇါဆိုလဆန်း(၅)ရက်၊ (၁၉–၆–၂၀၀၇)အင်္ဂါနေ့

၁။ (က) ဒွိကာလိကပဋ္ဌာန်းပစ္စည်းတရား၏ ပစ္စည်း+ပစ္စယုပ္ပန် ဆက်သွယ်ဟန်ပြပါဦးနှင့်
(ခ) နောက်မှဖြစ်ပေါ်လာသော ပစ္စည်းအကြောင်းတရားက ရှေးဦးစွာ ဖြစ်နှင့်ပြီးသော ပစ္စယုပ္ပန်အကျိုးတရားအား ကျေးဇူးပြုပုံပြ ပါဦးတို့ကို ရေးပြပါ။

၂။ ပဏ္ဍိတော–အရ အနာဂါမ်ပညာရှိကို ယူ၍ ပစ္စဝေက္ခဏမှတို့၏ သရူပတ္ထကို ပေါ်လွင် စေလျက် ပစ္စဝေက္ခဏာဉာဏ်၏ ဘေဒပြသင််ဟပါဦးကို အနက်ပေးပြပါ။

၃။ အာဝဇ္ဇန်းအရာ၌တည်သော ဇောစိတ်နှင့် ဇောအရာ၌တည်သော အာဝဇ္ဇန်းတို့ကို ဖော်ပြ၍၊ ယင်းတို့၏ သမ္မယုတ္တာဓမ္မနှင့် အာရုံခံယူရာ တံခါးပေါက်တို့ကိုလည်း ပြေဆိုပါ။

၄။ အာဝဇ္ဇန်းနှင့်ကင်း၍ဖြစ်ခွင့်ရှိသော စိတ်တို့ကို ပဂ္ဂိုလ် အချိန်အခါတို့နှင့်တကွ ပြေဆို၍၊ ရူပါဝစရဗြဟ္မာကြီးများသန္တာန်၌ အာဂန္တုကဘဝင်ကျနိုင် /မကျနိုင်ကိုလည်း သင််ဟ သာဓက အကိုပြ၍ ရှင်းလင်းဖြေဆိုပါ။

http://www.dhammadownload.com

၅။ ပဥ္စမဈာနံ ဘာဝေတွာ–၌ ပဥ္စမဈာန်၏ ဘေဒနှင့် ကုဓာနဓိပ္ပေတ ပဥ္စမဈာန်ကိုလည်း အကြောင်းပြ ဖြေဆိုရ၍ သဗ္ဗာ ကာမတိဟေတုမှာ–၌ အနာဂါမ်စုတိစိတ်ကို ယူခဲ့သော သဗ္ဗာ–အရ ဖြစ်သင့်သော ပဋိသန္ဓေတို့ကိုလည်း ဖြေဆိုပါ။

၆။ နာမည်ကျော်ကြား လာဘ်ပေါများလို၍ ဘုရားဟောနေသော ဓမ္မကထိကသန္တာန်၌ ဓမ္မဒေသနာကုသိုလ်ဖြစ်/မဖြစ်ကို အကြောင်းနှင့်တကွ စိစစ်၍၊ မိမိဖြေဆိုနိုင်သော မေးခွန်းပုစ္ဆာကို တွေ့ရ၍ ပြုံးရယ်နေသော စာဖြေအရှင်သည် မည်သည့်စိတ်များဖြင့် ပြုံးနေသည်ကို ဖြေဆိုပြီးလျှင်၊ ''ဝိညတ္တိဒွယံ စိတ္တဇမေဝ''၌ စိတ္တအရကိုလည်း သာဓကပြ ဖြေဆိုပါ။

၇။ ဟဒယဝတ္ထု–က မနောဝိညာဏဓာတ်အား ကျေးဇူးပြုရာ၌ နိဿယသတ္တိ၊ ပုရေဇာတသတ္တိ အားလျော်စွာ ကျေးဇူးပြုပုံခြားနားဟန်ကို ဖြေဆို၍၊ ''အဖြူရောင်ငြိမ်းချမ်းရေး'' ဟူပြောဆိုနေကြရာ၌ ၎င်းအဖြူရောင်သည် ငြိမ်းချမ်းရေးကို ဆောင်နိုင်/မဆောင်နိုင်ကိုလည်း အဘိဓမ္မာရှုထောင့်မှ သာဓကသွင်းကာ ရှင်းပြပါ။

၈။ မှန်မှန်ကန်ကန် ဗိုလ်အမည်ခံကြသော တရားများနှင့် အကြံအဖန် ဗိုလ်အမည်ခံကြသော တရားများကို ကွဲပြားခြားနားပုံနှင့်တကွ ဖြေဆို၍၊ မိမိဆိုင်ရာအကျိုးပစ္စယုပ္ပန်တရားကို ဆောင်နိုင်သောကြောင့် အာဟာရ–ဟုဆိုလျှင် လောဘ, ဒေါသစသောတရားများကိုလည်း အာဟာရဟုဆိုသင့်သည်မဟုတ်ပါလော? အဘယ်ကြောင့် ကဗဠီကာရစသော လေးပါးတို့ကိုသာ အာဟာရဟု ခေါ်ဆိုအပ်သည်ကိုလည်း ရှင်းလင်းဖြေဆိုပါ။

၉။ သခ်ီရပစ္စယာ ဝိညာဏံ–၌ သခ်ီရ–အရ တိဟိတ်ညီမက ပုညာဘိသခ်ီရကို ယူခဲ့သော ဝိညာဏံ–အရဖြစ်သင့်သော ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်တို့ကို ဖော်ပြ၍၊ စေတနာ–တရားကိုယ်ချင်းတူသော သခ်ီရနှင့် ကမ္မဘဝတို့၏ အထူးကိုလည်း ဖြေဆိုပါ။

၁၀။ မဂ်ခဏ၌ ဒုက္ခသစ္စာကို အာရုံပြုခြင်းမရှိပါဘဲ အဘယ်ကြောင့် 'မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော' ဟုဆိုအပ်သည်ကို ရှင်းပြ၍၊ ၎င်းစုဏ္ဏိယဝါဒကျ၌ ပါသော ''မဂ္ဂေါ,

http://www.dhammadownload.com

မဂ္ဂသစ္စံ"တို့၌ မဂ္ဂ-နှစ်ခုတို့၏ အရကိုပါ ကောက်ပြပြီးလျှင်၊ ဝုဋ္ဌာန၏မိန့်-၌ ဝုဋ္ဌာန-အရကိုလည်း အကြောင်းပြ၍ ကောက်ပြပါ။

၁၈။ အထူးအောင် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟ ဘာသာ

၁။ (က) သဟဇာတာ စေတနာ သဟဇာတာနံ နာမရူပါနံ။
နာနာက္ခဏိကာ စေတနာ နာနာက္ခဏိကာနံ နာမရူပါနံ ကမ္မဝသေန။
(ခ) (ပစ္ဆာဇာတာ စိတ္တစေတသိကာ- စသော နာမ်သည်ရှိအား တစ်ပစ္စည်းပြ ပါဠိကို ရေးလေ)

၂။ ပဏ္ဏိတော-ပညာရှိသော အနာဂါမ်ပုဂ္ဂိုလ်သည်၊ မဂ္ဂဋ္ဌ-အနာဂါမိမဂ်ကိုလည်း ကောင်း၊ ဖလဋ္ဌ- အနာဂါမိ ဖိုလ်ကိုလည်းကောင်း၊ နိဗ္ဗာနဋ္ဌ- နိဗ္ဗာန်ကိုလည်းကောင်း၊ ပစ္စဝေက္ခတိ- ဆင်ခြင်၏။ ဟီနေ- ပယ်အပ်ပြီးကုန်သော၊ ကိလေသေ စ- ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ကာမရာဂဟူသော လောဘ, ဒေါသကိလေသာတို့ကိုလည်းကောင်း၊ သေသေ စ- ပယ်အပ်ပြီးသည်မှ ကြွင်းကုန်သော၊ ကိလေသေ စ- ရူပရာဂ အရူပရာဂဟူသော လောဘ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပကိလေသာ ဟိုကိုလည်းကောင်း၊ ပစ္စဝေက္ခတိ ၏- ဆင်ခြင်သည်လည်းရှိ၏၊ နဂါ ပစ္စဝေက္ခတိ- မဆင်ခြင်သည်လည်းရှိ၏။

၃။ အာဝဇ္ဇန်းအရာ၌တည်သော ဇောစိတ်ကား သောတာပတ္တိမဂ်၏ရှေးဖြစ်သော ဂေါတြဘူ။ ဇောအရာ၌ တည်သော အာဝဇ္ဇန်းကား- ပရိတ္တာရုံဝိထိ၌ နှစ်ကြိမ်သုံးကြိမ် ဖြစ်သောဝုဋ္ဌော။

ဂေါတြဘုဏ် သမ္မယုတ္တဓမ္မ

အညသမာန်းစေတသိက် ၁၃-ပါး၊ အပွမညာကြဉ် သောဘနစေတသိက် ၂၃-ပါး၊ ပေါင်း ၃၆-ပါး။

တံခါးပေါက်- မနောဒွါရ။

http://www.dhammadownload.com

မှတ်ချက်။ ။ သမ္မယုတ္တဓမ္မနှင့်ဒိဋ္ဌိရတို့အရ သောတာပတ္တိမဂ္ဂဝီထိလာ ဂေါတြဘူကို ရည်ရွယ်၍ဖြေသည်။

ဝုဋ္ဌောဏ်သမ္မယုတ္တဓမ္မ– ဆန္ဒ, ဝီတိက္ကြဉ်သော အညသမာန်းဧစေတသိက် ၁၁–ပါး၊ ဒွိဟိရ – ပဋ္ဌာန်ရ။

မှတ်ချက်။ ။သမ္မယုတ္တဓမ္မနှင့် ဒွိဟိရတို့အရ– ပရိတ္တာရုံဂိဝီထိလာ ဝုဋ္ဌောကို ရည်ရွယ်၍ဖြေ။

၇။ အာဝဇ္ဇန်းကင်း၍ ဖြစ်သော စိတ်များမှာ –

၁။ သောမနဿပြင့် ပဋိသန္ဓေနေခဲ့သော်ပုဂ္ဂိုလ်အား ဇဝါသဇောအဆုံး၌ တဒါရုံမဖြစ်ရာ အခါ ကြားခံဖြစ်ရသော အာဂန္တုကဘဝင်စိတ်၊

၂။ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့အား နိရောဓသမာပတ်မှထသောအခါ– အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်စိတ်တို့ဖြစ်သည်။

အာဂန္တုကဘဝင်–

ရူပါဝစရပြဟ္မာကြီးများသန္တာန်၌ အာဂန္တုကဘဝင် မကျနိုင်ပါ။

ဇဝါသဇောဏ်အဆုံး တဒါရုံဖြစ်ပို့အခက်အခဲရှိသောအခါ၌သာ အာဂန္တုကဘဝင် ကျသည်၊ ပြဟ္မာတို့အားလည်း ဇဝါသဇောလုံးဝမရှိပါ။

အာဂန္တုကဘဝင်သည် ကာမကို အာရုံပြုသည်၊ ရူပါဝစရပြဟ္မာကြီးတို့သည်လည်း ကာမကို အာရုံမပြုကြပါ။

သာဓက။ ။ ရူပါဝစရဘူမိယံ ပဋိဃဇနတဒါရမ္မဏာဝဇ္ဇိတာနိ။
ယံကိဉ္စိ ပရိဝိတပုဇ္ဇံ ပရိတ္တာရမ္မဏာမာရဗ္ဘ။

၈။ ဘောဇ

၁။ အဘိညာဉ်အဖြစ်သို့ရောက်သော ပဋ္ဌမဈာန်၊

၂။ အဘိညာဉ်အဖြစ်သို့ မရောက်သော ပဋ္ဌမဈာန်။

ဣဓမာနဝိဗွေတာ

အဘိညာဉ်အဖြစ်သို့ရောက်သော ပဋ္ဌမဈာန်သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်သောကြောင့် အဘိညာဉ်အဖြစ်သို့ ရောက်သော ပဋ္ဌမဈာန်ကို မယူရပါ။

ဖြစ်သင့်သောပဋိသန္ဓေ– သုဒ္ဓါဝါသပဋိသန္ဓေ ဖြစ်သင့်ပါသည်။

http://www.dhammadownload.com

၆။ ပစ္စည်းလေးပါးကိုမငဲ့ဘဲ ယောနိသောမနသိကာရဖြင့် အကျိုးစီးပွားကို ညွှန်ပြ ကြောင်း စေတနာကို ဓမ္မဒေသနာဟုဆိုခြင်းကြောင့် နာမည်ကျော်ကြားလာဘ်ပေါများလို ၍ တရားဟောနေသော ဓမ္မကထိကသန္တာန်၌ ဓမ္မဒေသနာကုသိုလ်မဖြစ်ပါ။

ပြုံးနေသောစိတ်– မဟာကုသိုလ်သောမနဿစိတ်များဖြင့် ပြုံးနေပါသည်။

စိတ္တအရ– ဝုဋ္ဌော၊ ကာမဇော ၂၉-ခု၊ အဘိညာဉ်ဒွေ၊ ပေါင်း ၃၂-ပါး။

သာဓက– ဝေါဋ္ဌဗ္ဗနကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိယိ သမုဋ္ဌာပေန္တိ။

၇။ **ထူးခြားတန်**–

သဟဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုရာ၌ ပဋိသန္ဓေအခါမှာသာ ကျေးဇူးပြု၍ ပဝတ္တိအခါ၌ ကျေးဇူးမပြု။

ပုရေဇာတသတ္တိဖြင့်ကျေးဇူးပြုရာ၌ ပဝတ္တိအခါမှာသာ ကျေးဇူးပြု၍ ပဋိသန္ဓေ အခါ၌ ကျေးဇူးမပြု။

အဖြူရောင်ဩဒါတကသိုက်းသည် ဒေါသစရိုက်ရှိသူနှင့် သင့်တော်သောကြောင့် အဖြူရောင်သည် ငြိမ်းချမ်းရေသဘောကို ဆောင်နိုင်ပါသည်။

သာဓက–စတဿော အပ္ပမညာယော နိလာဒိနိ စ စတ္တာရိ ကသိဏာနိ ဒေါသစရိ– တဿ။

၈။ **မှန်မှန်ကန်ကန်ဗိုလ်များ**–

သန္ဓိဗိုလ်, ဝိရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ဟိရိဗိုလ်, ဩတ္တပ္ပဗိုလ်။

ကြံကြံဖန်ဖန် ဗိုလ်အမည်ခံများ– အဟိရိက, အနောတ္တပ္ပန်စ်ပါး။

ကွဲပြားခြားနားပုံ

သန္ဓိ–စသော ၅၂-ပါးသည် ဆန့်ကျင်ဘက်တရားတို့သည် မတုန်လှုပ်စေနိုင် သောကြောင့်လည်းကောင်း၊ သမ္မယုတ်တရားတို့၌ မြဲမြံစွာဖြစ်တတ်သောကြောင့် လည်းကောင်း ဗိုလ်မည်ပါသည်။

အဟိရိက အနောတ္တပ္ပန်စ်ပါးသည် သမ္မယုတ်တရားတို့၌ မြဲမြံစွာဖြစ်တတ်သော ကြောင့်သာ ဗိုလ်မည်သည်။

http://www.dhammadownload.com

အာဟာရဆိုရကြောင်း_

အဖျတ်တိုက်သန္တာန်၏ ထူးသောအကြောင်းဖြစ်သောကြောင့် ကာဠဒီကာရစသော လေးပါးတို့ကိုသာ အာဟာရဟု ဆိုရပါသည်။

၉။ ပဋိသန္ဓေအတွက်_ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄-ခု၊
ပဝတ္တိအတွက်_ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄-ခု၊ အတိတ်ဘုသလဝိပါက်စိတ် ၈-ခု၊ပေါင်း ၁၂-ခု။

သခီါရနှင်ကမ္မဘဝအထူး

အနာဂတ်ဘဝ၌ ပဋိသန္ဓေအား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုတတ်သော စေတနာသည် ကမ္မဘဝမည်၏။

ဤပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ၏အကြောင်းဖြစ်သော အတိတ်ဘဝ၌ဖြစ်သောစေတနာတို့သည် သခီါရမည်၏။ ဤသို့ထူးပါသည်။

၁၀။ မဂ်သည် ဒုက္ခသစ္စာကို အာရမ္မဏပဋိဝေဓအားဖြင့် သိသည်မဟုတ်၊ အသမ္ဗျဉ္ဇ-ပဋိဝေဓအားဖြင့်သာ သိသည်ကို ပြလိုသောကြောင့် မဂ္ဂေါ် ဒုက္ခသစ္စံ ပရိဇာနန္တော-တု ဆိုသည်။

မဂ္ဂ ၂-ခုအရ_

မဂ္ဂေါ် အရ- သဟဇာတပစ္စည်းဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်၏။
မဂ္ဂသစ္စံ အရ- သဟဇာတပစ္စယုပ္ပန်ဖြစ်သော ကြွင်းသော သမ္မသင်္ကပ္ပစသော မဂ္ဂင် ၇-ပါး၏။

ဝုဋ္ဌာန-အရ_

မိမိအားသင့်လျော်သော ဘုံအားလျော်စွာ အပါယ်စသည်မှလည်းကောင်း သခီါရနိမိတ်မှလည်းကောင်း ထတတ်သောကြောင့် မဂ်သည် ဝုဋ္ဌာနမည်သည်။

http://www.dhammadownload.com

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၅)ရက်၊ (၆–၄–၂၀၀၇)သောကြာနေ့

၁။ အောက်ပါ ပါဠိဝေါဟာရတို့ကို မြန်မာဝေါဟာရစကားလုံး တစ်ခုစီဖြင့် ဖြေဆိုပါ–
(က) အနိတိက၊ (ခ) အလာတ၊ (ဂ) ကိဒ္ဓိသ၊ (ဃ) ဥတ္တိ၊ (င) အာရောဝ၊
(စ) ဝေဌက၊ (ဆ) အပွန္နာ၊ (ဇ) ဥဿဝ၊ (ဈ) အဝနိ၊ (ည) သုပ္ပထ။

၂။ ''နက်မြင်ပါဠိထင် ပညာရှင်''ဟူသောစကားအရ ဖော်ပြပါ မြန်မာဘာသာတို့ကို ပါဠိဘာသာ တစ်ခုစီပြန်ဆိုခဲ့ပါ–
(က) ကြမ္မာ၊ (ခ) ချစ်ခြင်း၊ (ဂ) ဂင္ဂါနဒီတောင်မိုးအိမ်၊ (ဃ) ရွှေလည်တိုင်၊ (င)အသားခြောက်၊ (စ) နံ့သာမှုန့်၊ (ဆ) ဘော့လုံး(ဂျင်လုံး)၊ (ဇ) မွှဲ၊ (ဈ) အပြစ်၊ (ည) ကြာပွတ်။

၃။ မိန်းမတို့၏ အမူအရာ(၆)မျိုးကို အဘိဓာန်ကျမ်းလာအတိုင်း ရေးသားဖြေဆိုၕ၍ အဘိဓာန်ကျမ်းကို သင်ကြားလေ့လာရသဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကိုလည်း ဖြေဆိုပါ။

၄။ ပုလ္လိင်ဂရု(ဂုရု)သဒ္ဒါဟောနိုင်သော အနက်တို့ကို ဖြေဆိုၕ၍ အသနိ–သဒ္ဒါ၏ဟောနိုင်သော အနက်တို့နှင့် လိင်တို့ကိုလည်း ဖြေဆိုပြခဲ့ပါ။

၅။ စာပေရေးသားရာ၌ ဂုဏ်မြောက်ဖို့ထက် အပြစ်လွတ်ဖို့က အရေးပါအရာရောက်ကြောင်းကို ပြဆိုသော ဂါထာပါဠိနှင့် ကဗျာ လင်္ကာ အစိအကုံး အဖွဲ့အနွဲ့တို့၏ အသက်သွေးကြော သဖွယ်ဖြစ်သော ဂုဏ်ကိုဖော်ပြသော ဂါထာပါဠိတို့ကို ရေးခဲ့ပါ။

၆။ ညြစ်တျဟိနဒေါသမှ ပွတ်မြောက်ပုံပြ အဖြေဥဒါဟရဏ်ဂါထာကို အနက်ပေးပြပါ။

http://www.dhammadownload.com

၇။ အောက်ဖော်ပြပါတို့တွင် (က) ၌ အပြစ်အဓိသ၊ (ခ)၌ လွတ်မြောက်နိုင်သော အပြစ်အဓိသ၊ (ဂ)၌ ရနိုင်သော ဂုဏ်တို့ကို အသီးသီး အကြောင်းပြ၍ ဖြေပါ–

(က) ပေါက်လွဲတန်ခူး ဖြိုင်ဖြိုင်ပူး၏။

(ခ) အိနသိလာ၊ ဘာဝနာနှင့် ၊ စသည်ပြည့်စုံ၊ အကျိုးစုံကား၊ စည်းစိမ်တို့၌၊ နှတ်ပြည့်ရောက်ပြန်၊ ထက်နိဗ္ဗာန်၊ ကောန်မုချ၊ ရမည်တည်း။

(ဂ) လောက်လန်းသဖွယ် ဝိညာဏ်တွယ်။

၈။ သာတ္တိကာဘာဝ–မည်ပုံကို ရေး၍၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–၌ ကြိယာအရကို ကိုယ်ပြု၍ ဘာဝ, ရာသ, ဝိဘာဝ, အနုဘာဝ စုံလင်အောင် ထုတ်ပြခဲ့ပါ။

၉။ အရိယာဂါထာ၏ လက္ခဏာခုနှစ်ပါးပြ ဂါထာကို ပါဠိရေး၍၊ သမဝုတ္တိနိဒ္ဒေသလာ အောက်ပါ ဂါထာတို့ကိုလည်း အမည်မျှ ဖော်ပြပါ–

(က) လဟု(၁၄)လုံးပါဝင်စေလျက် ဖွဲ့ဆိုထားသော ဂါထာ၊

(ခ) ဂိုဏ်းတစ်မျိုးတည်းဖြင့်သာ ဖွဲ့ရသော ဂါထာ၊

(ဂ) ဂရု, လဟု တစ်ကြိမ်စီ ဖွဲ့ရသော ဂါထာ။

၁၀။ ရုယ္ဍတိဂါထာ၏ အဂီလက္ခဏာကို ဖော်ပြ၍၊ ဥဒ္ဒိဋ္ဌနည်းပြ ဂါထာကိုလည်း အနက်မှန်စွာ ရေးသားခဲ့ပါ။

၁။ ကဈင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) နိဗ္ဗာန်၊ (ခ) မိုးစ၊ (ဂ) မကောင်းမှုအကုသိုလ်၊
(ဃ) စကား၊ (င) အသံ၊ (စ) စောင်းကြက်သော သားရေ၊
(ဆ) အကြံဝိတက်၊ (ဇ) ပျော်ပွဲပူဇော်ပွဲ၊ (ဈ) မြေ၊ (ည) လမ်းကောင်း။

http://www.dhammadownload.com

၂။ (က) ဘာဂျ။ (ခ) မေတ္တာ၊ (ဂ) အမုယောဂ၊ (ဃ) ကမ္မဂိဏိ၊
(င) ဝဏ္ဏရုံ၊ (စ) ဝါသစုဏ္ဏ၊ (ဆ) ဂေဏုကာ၊ (ဇ) တိလက၊
(ဈ) အာဝုံ၊ (ည) ကသာ။

၃။ ၁။ ဝိလာသ၊ ၂။ လလိတ၊ ၃။ လိလာ၊ ၄။ ဟာဝ၊ ၅။ ဟေဋ္ဌ၊ ၆။ ဝိဇ္ဇမ။

အဘိဓာန်သင်ရကျိုး

ကျမ်းဂန်ထူးတွေ လာလေ့လာမှု သိပ္ပံပွဲသေးဖွဲ့ နက်နဲကြီးကြယ် နက်ဖိုယ်ဝိုင်ကို လွယ်ကူမပန်း ချမ်းသာစွာ လိုတိုးပြီးတိုင်း ကောင်းစွာပြောနိုင်ခြင်း အကျိုးရှိပါသည်။

၄။ ပုံလိင် စရာသဒ္ဒါသည် ဆရာစသောအနက်၊ အမိ, အဖ အနက်။

အသနိအနက်နှင့် လိင်–

ဤတွင်လိင်, ပုံလိင် အသနိသဒ္ဒါသည် လျှပ်စစ်၊ (မိုးကြိုး) ဝရဇိန်လက်နက် အနက်ကို တောက်။

၅။ (တေန ဒေါသနိရာသောဝ –ပ– ဂုဏာယုတ္တာ မနောဟရာ– (၁၅) ကို ဖြိုင်ရေးလေ။)
(ဩဇော သမာသဗာဟုလ္ယ –ပ– ကန္တော ကာမိယတော ယထာ(၁၂၁)–ကို ဖြိုင်ရေးလေ)

၆။ (ယော မာရဝေန မာသန္ဒ –ပ– သော ဇေါ ဒေတု ဇယံ ဗိနော–ဂါထာ (၁၀၆) –ကို အနက်ရေးလေ။)

၇။ (က) ကာလနှင့် ဆန့်ကျင်သောကြောင့် ကာလဝိရောဓိဒေါသ။
(ခ) ရှေးရှု ဆိုအပ်သော အစဉ်အတိုင်း နောက်ခွဲဆိုသဖြင့် အပက္ကမဒေါသမှလွတ်သည်။
(ဂ) သက်မဲ့ဝိညာဉ်၌ သက်ရှိလောက်လမ်းကို တင်စားရှု ဆိုခြင်းကြောင့် အပါဏော ပါဏိဝဓွသမာဓိဂုဏ်။

၈။ ပြိသက်တည်ကြည်သောစိတ်ကြောင့် ဖြစ်သော ဧကဂ္ဂတာသဒ္ဒါသည် ဖြစ်စေ အပ်သော ထမ္ဘပဋ္ဌယ–စသော ဘာဝသည် သတ္တိကာဒါဝဝေဒနာသည်။

http://www.dhammadownload.com

ဂဠဝါဓိ–၌ ကြိယာ–အရ ဆည်းကပ်သူသန္တာန်၌ ဖြစ်သော ဝိတိသောမနဿ ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊
မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ၊
မြတ်စွာဘုရား၏ ဂုဏ်တော်များသည်လည်းကောင်း၊ ဆည်းကပ်သူ၏ သဒ္ဓါစသည်သည် လည်းကောင်း ဥဒ္ဒိပနဝိဘာဝ၊
အန္တရာယ်ကင်းခြင်းစသည်သည် အနုဘာဝ–ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ တိုးပွား လာသောအခါ ဓမ္မရတိဌာယီဘာဝမည်ပင် ဓမ္မသိဒ္ဓိရရသဖြစ်သည်။

၉။ (ဆဋ္ဌော ခိလလဟုဇော ဝါ ·–ပ– ဆဋ္ဌောန္တေ ဂေါ ဂဏော ဆညော (ဂါထာ ၁၇–)ကို ပါဠိဇေးလေ။)
(က) သသိကလာဂါထာ၊ မဏိဝုဏ္ဏနိကရဂါထာ။
(ခ) တောဋကဂါထာ၊ ဘုဇင်္ဂယာဂါထာ (ဒေါဓကဂါထာ)။
(ဂ) သမာနိကာဂါထာ။

၁၀။ ပါဒတိုင်း ပါဒတိုင်း ဘ–ဂိုဏ်, မ–ဂိုဏ်း, သ–ဂိုဏ်း, ဂရုနှင့်ယှဉ်ခြင်း။
(ဇကာဒိနဂ္ဂေမနကော် –ပ– သေကေဟုန္ဒြိဌကံ ဘဝေ–(ဂါထာ ၁၃၁)ကို အနက်ရေးလေ)

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၅)ရက်၊ (၆–၄–၂၀၀၆)သောကြာနေ့

၁။ အောက်ပါတို့ကို ပါဠိဇေါဟာရမှ မြန်မာဇေါဟာရသို့ ပြန်ဆိုပါ –
(က) ဝိမာန၊ (ခ) အဂီရ၊ (ဂ) ဘာ၊ (ဃ) ပါပ၊ (င) ပုဏ္ဏ၊
(စ) ကန္တာရ၊ (ဆ) ဇာမာတာ၊ (ဇ) မဿု၊ (ဈ) စုဇုက၊ (ည) နာလိပဋ္ဌ

http://www.dhammadownload.com

၂။ အောက်ပါတို့ကို မြန်မာဇေါဟာရမှ ပါဠိဇေါဟာရသို့ ပြန်ဆိုပါ-
(က) တောဝိုးသစ်ပင်၊ (ခ) အညာ၊ (ဂ) ပင်စည်၊ (ဃ) စွယ်တော်၊ (င)ဥသျှစ်၊ (စ) ကြက်ဆူ၊ (ဆ) စကားဝါ၊ (ဇ) ငှက်ပျော၊ (ဈ) သင်္ခြိုး၊ (ည) ငါးမျှားချိတ်။

၃။ (က) နှစ်ကြိမ်, သုံးကြိမ် ရေရွတ်ခြင်း ပြောဆိုခြင်း ကျူးရင့်ခြင်းကို အာမေဍိတ် ဟုခေါ်ဆိုလျှင် ထိုအာမေဍိတ်ဖြစ်လေ့ဖြစ်ထရှိရာ အချိန်အခါ၊ (ခ) အခြေနှစ်ချောင်း, အခြေလေးချောင်း စသောသတ္တဝါတို့နေထိုင်ရာ အိမ်ဂေဟာဟောပရိယာယ်တို့ကို ပြည့်စုံအောင်ဖော်ထုတ်ပြပါ။

၄။ အဘယ်ကို သီဟာသနဟုခေါ်ဆိုပါသနည်း သန္ဒဿနှင့် အဓိပ္ပါယ်နှစ်သွယ်ပြဖြေဆိုလျက်၊ လူတို့တွင် နာမည်နှစ်မျိုး, သုံးမျိုးရှိတတ်သကဲ့သို့ ထို့အတူ ရှင်အာနန္ဒာ၏နာမည်တို့ကို အဘိဓာန်လာသည်နှင့်အညီ ဖော်ပြပါ။

၅။ သန္ဒသုခုမာလတာဂုဏ်ပြ ဂါထာကို ပါဠိအာဂမရေးပြပါ။

၆။ သရူပေါပမာပုံစံပြဂါထာကို အနက်ရေးခဲ့ပါ။

၇။ ဂုဏ်(၁၀)ပါးတို့တွင် ပသာဒဂုဏ်၏ လက္ခဏာနှင့် အဓိပ္ပါယ်ကို ကျမ်းရင်းလာအတိုင်း ဖြေဆိုရ၍ (အ . ထ . က)ဟူသောစကားရပ်သည် မည်သည့်ဂုဏ်မြောက်ပါသနည်း ရှင်းလင်းပြပါ။

၈။ ဗျာဘိစာရိဘာဝမည်ပုံကို ရေး၍၊ ဇဂုစ္ဆာ ရွဓိရာဒီဟိ၊ ပူတျာဒီဟိ ဝိရာဂတော-စသော ဂါထာ၌ ရနိုင်မည့် ဘာဝါလင်္ကာရကို ထုတ်ပြခဲ့ပါ။

၉။ အရိယာမျိုး၌ ယ-ရ-တ-ဟူသော သုံးဂိုဏ်းတို့ကို မယူရခြင်းအကြောင်းကို ပါဠိ အထောက်ပြ၍ ဖြေဆိုပြီးလျှင်၊ ဝေဘာလိဂါထာကို ပါဠိမှရေးပြလျက်၊ သမဝုတ္တိနိဒ္ဒေသ

http://www.dhammadownload.com

လာ လေးပါဒလုံး သ-ဂိုဏ်းသက်သက် ပွဲသိကုံးသောဂါထာကိုလည်း အနက်မှန်ကန်စွာ ရေးပြပါ။

၁၀။ ဝေဂဝတိ-ဂါထာ၏ လက္ခဏာတို့ကို ရေးပြီးလျှင်၊ ဆန်းကျမ်းအစ ပဏာမဂါထာကို ရေး၍၊ ဆန်းစစ်ပြကာ ဂါထာအမည် ဆန်းအမည်ပေးပြပါ။

၂။ ကဃားပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) ဗိမာန်၊ (ခ) မိုးကျိုးခဲ၊ (ဂ) အရောင်၊ (ဃ) မကောင်းမှုအကုသိုလ်၊
(င) အမေး၊ (စ) ခရိုးခဲ၊ (ဆ) သားမက်၊ (ဇ) မုတ်ဆိပ်ကျင်စွယ်၊
(ဈ) မေးဖျား၊ (ည) ဦးထုပ်။

၂။ (က) ဝနပွတိ၊ (ခ) ဝဏ္ဏ၊ (ဂ) ခန္ဓ၊ (ဃ) ကောဝိဠာရ၊
(င) မာလူရ၊ (စ) ဇရက္ကဏ္ဍ၊ (ဆ) စမ္ဘကာ၊ (ဇ) ရမ္ဘာ၊
(ဈ) ဇောလုက၊ (ည) ဝက်။

၃။ (က) ကြောက်သောအခါ၊ အမျက်ထွက်သောအခါ၊ ချိုးမှမ်းသောအခါ၊ အဆောတလျှင်ပြုသောအခါ၊ အသစ်အဆန်းကို တွေ့မြင်သောအခါ၊ အံ့ဩသောအခါ၊ ရွှင်လန်းသောအခါ၊ စိုးရိမ်သောအခါ၊ ကြည်ညိုသောအခါ။

(ခ) မန္ဒိရ၊ သဒန၊ အဂါရ၊ နိကာယ၊ နိလယ၊ လယ၊ အာဝါသ၊ ဘဝန၊ ဝေသွ၊ နိကေတန၊
နိဝေသန၊ ဃရ၊ ဂဟ၊ အာဝသထ၊ သဝရဏ၊ ပတိဿယ၊ ဩက၊ သာလာ၊ ခယ၊ ဝါသ၊ ကုဋိ၊ ဝသ်တိ၊ ဂေဟ၊ သဒုမ။

၄။ မင်းတို့၏ ရွှေပြင့်ပြီးသော နေရာကို သီဟာသန-ဟု ခေါ်သည်။
အာနန္ဒာ၏ အမည်- ဓမ္မဘဏ္ဍာဂါရိက၊ အာနန္ဒ။

http://www.dhammadownload.com

၅။ (ပဿန္တော ရူပ ဝိဘဝံ –ပ– ကာလေ ကေဠိ ပရမ္ပုဒါ–(၈၊ထာ–၁၃၆)ကို ပါဠိုပြေးလေ။)

၆။ (ဘိဒိုနေ မာနိ စက္ကုနိ –ပ– သာ သဂ္ဂမေ်ပမာ မတာ–(၈၊ထာ–၁၉၇)ကို အနက်ပြေးလေ)။

၇။ ၁။ စပ်သင့်သော ပုဒ်ချင်းနီးကပ်စွာထားခြင်း။

၂။ အလွန်ထင်ရှားသော အနက်ရှိခြင်း။

သိလွယ်ထင်ရှားသောဂုဏ်သည် ပသာဒဂုဏ်မည်သည်။

အ.ထ.က ဟူသော စကားရပ်သည် အကျဉ်းချုံး၍ ဆိုသောကြောင့် သမာသအတ္ထ ဩဇာဂုဏ်မြောက်သည်။

၈။ ကွယ်ပျောက်၍ဖြစ်ခြင်း, ထင်ရှားစွာဖြစ်ခြင်း အစရှိသော အထူးအားဖြင့် အပြ မတည်တတ် ရွေ့ရှား ပြောင်းလွဲတတ်သောသဘောသည် ဗျာဘိစာရီဘာဝမည်၏။

စပ်ဆုပ်ရွံ့ရှာသော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသပြဋ္ဌာန်းသောစိတ္တုပ္ပါဒ် သည် ဇဂုစ္ဆဘာယိဘာဝ၊

သွေး, အပုတ်နံ့စသည်သည် အာရမ္မဏဝိဘာဝ၊

စပ်ဆုပ်ရွံ့ရှာဖွယ် အခြင်းအရာသည် ဥဒ္ဒိပနဝိဘာဝ၊

နှာခေါင်းရှုံ့ခြင်းစသည်သည် အနုဘာဝ–ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ တိုးပွား လာသောအခါ ဇဂုစ္ဆဒုဘဘာယိဘာဝသည်ပင် ဗီဘစ္ဆရသဖြစ်သည်။

၉။ ယ, ရ, တ–ဂိုဏ်းတို့သည် လေးမကြာကျော်လွန်သောကြောင့် မယူရခြင်းဖြစ်သည်။

သာဓက– ဘ.ဇ.သာ သဗ္ဗဂ လဟူ၊ ပဠိ'မေ-သဏ္ဌိတာ ဂဏာ။

အရိယာဒိမှိ ဝိညေယျာ၊ ဂဏော ဂ္ဂုဓ စတု'ဂ္ဂလော။

(ဝေတာလိ၈၊ထာကို ပါဠိုပြေးလေ။) (၂၉)

၈၊ထာ နံပါတ်–၇၆ တောင္ရကာ၈၊ထာကို အနက်ပြေးလေ။

http://www.dhammadownload.com

၁၀။ ဝေဂဝတိဂါထာ၏ လက္ခဏာ-

၁။ ဝိသမပါဒ၌ သ-ဂိုဏ်း ၃-ခု၊ ဂရု ၁-လုံးရှိခြင်း။

၂။ သမပါဒ၌ ဘ-ဂိုဏ်း ၃-ခု၊ ဂရု ၂-လုံးရှိခြင်း။

(ပဏ္ဏာမဂါထာပါဠိရေးလေ)

ဆန်းကျမ်းအစ ပဏ္ဏာမဂါထာသည်-

၁။ ပါဒတိုင်း ပါဒတိုင်း အက္ခရာ ၈-လုံးစီရှိခြင်း၊

၂။ အစတစ်လုံးနောင် သ, န-ဂိုဏ်းမရှိခြင်း၊

၃။ ပထမပါဒအစလေးလုံးနောင် ယ-ဂိုဏ်းရှိခြင်း၊

၄။ တတိယပါဒအစလေးလုံးနောင် န-ဂိုဏ်းရှိခြင်း၊

၅။ သမပါဒ အစလေးလုံးနောင် ဇ-ဂိုဏ်းရှိခြင်းတို့ကြောင့် တတိယ န-ကာရဝိပုလာဂါထာ၊ အနုဋ္ဌုဘဆန်း ဖြစ်ပါသည်။

၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ
၁၃ဖွဲ့စ-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၅)ရက်၊ (၆-၄-၂၀၀၅) သောကြာနေ့

၁။ အောက်ဖော်ပြပါ ပါဠိဂေါဟာရများကို မြန်မာဂေါဟာရတစ်ခုစီပြန်ဆိုပါ-

(က) နေရာ၊ (ခ) ဝလာဟက၊ (ဂ) မိဂတဏှိကာ၊ (ဃ) အမာဝသီ၊ (င)ဒိဋ္ဌမင်္ဂိက၊ (စ)သံကထာ၊ (ဆ) နာသိကာ၊ (ဇ) မဟဇ္ဇယ၊ (ဈ) မဟာဟာသ၊ (ည) သုပ္ပဌ။

၂။ အောက်ဖော်ပြပါ မြန်မာဂေါဟာရများကို ပါဠိဂေါဟာရတစ်ခုစီပြန်ဆိုပါ-

(က) နံရံ၊ (ခ) ဂရေအိုးစင်၊ (ဂ) သော့ပေါက်၊ (ဃ) ချွေးမ၊ (င) လက်သည်း၊ (စ) ခြေမျက်စိ၊ (ဆ) ကရမက်၊ (ဇ) မျက်စိစွေသူ၊ (ဈ) ထွန်တုံး၊ (ည) ကုလားအုပ်။

၃။ ဥပဓါသ(ဥပုသ်သုံးခြင်း) ဟူသောပုဒ်၏ အဓိပ္ပါယ်ကို အဘိဓာန်ဆရာအလိုက္ခ ဖြေဆိုရ၏

http://www.dhamma-download.com

ဗော့ဓိ–သဒ္ဒါ၏ ဟောနိုင်သော် အနက်များကိုလည်း ဂါထာနောက်ထွက်ဝဂ်လာသည့်အတိုင်း မြန်မာဘာသာဖြင့် ရေးပြပါ။

၄။ လေးအထူး(၆)ပါးနှင့် ကျွန်(၄)မျိုးတို့ကို မြန်မာဘာဖြင့် ရေးပြပါ။

၅။ သဒ္ဒါ, အဘိဓာန်, အလင်္ကာ, ဆန်းဟူသော ကျမ်းစာများကို လိမ္မာကျွမ်းကျင်တတ်မြောက် မှသာလျှင် လောကၠ ကျမ်းပြုစာဆို ပညာရှင်ပုဂ္ဂိုလ်ဟု ခေါ်ဆိုထိုက်ကြောင်း အလင်္ကာဆရာ ပြဆိုသောဂါထာကို အနက်ပေးပြပါ။

၆။ မဟုတ်မမှန်ဘဲ သူတစ်ပါးကို အလွန်အကျူး ချီးမွမ်းပြောဆိုခြင်းကြောင့် သင့်ရောက်သော ဒေါသ၏ ပရိဟာရအဖြေပြ ဥဒါဟရဏ်ဂါထာနှင့် အတ္ထာလင်္ကာရနှင့် တန်ဆာဆင်ထားသော သဒ္ဒသုခုမာလတာဂုဏ်၏ ဥဒါဟရဏ်ဂါထာတို့ကို ပါဠိသက်သက်ရေးပြပါ။

၇။ အောက်ပါတို့တွင်(က) သင့်ရောက်သောဒေါသ၊ (ခ) လွတ်မြောက်သောဒေါသ၊ (ဂ)ရောက် နိုင်သောဂုဏ်၊ (ဃ) မြောက်သောအလင်္ကာတို့ကို အကြောင်းပြ၍ အသီးသီး ဖြေဆိုပါ–

(က) မင်္ဂလသုတ်ကို အာဂုံဆောင်သော တိပိဋကဓရဆရာတော်၊

(ခ) ပိုက်ဆံတစ်သိန်းပေးပါ၊ ပိုက်ဆံတစ်သောင်းပေးပါ၊ ပိုက်ဆံတစ်ထောင်ပေးပါ။

(ဂ) ပညာရည်နှိ သောက်စို့မကုန်၊ (ဃ)လူကိုဖျက်သည့်အရက်။

၈။ ထင်ရှားရှိသောမိမိဂုဏ်ကို ပြောဆိုသောသူအား ဩစိတျဟိနဒေါသသင့်/မသင့် အကြောင်းပြဖြေဆို၍ ဘင်ပုပ်မစင်, ပက်ပင်းမြင်သော်, လူရှင်များစွာ စက်ဆုပ်ရာသို့–ဟူသောစကား၌ ဖြစ်သင့်သော ဘာဝ, ဝိဘာဝ, အနုဘာဝတို့ကိုလည်း ထုတ်ပြပါ။

၉။ ပထျာဝတ္တဂါထာ၏ လက္ခဏာများကို ဖော်ပြ၍၊ ပတ္ထာရနည်းဖြန့်ရာ၌ သိထားရမည့် အစိအရင်(၃)မျိုးကိုလည်း ရေးပြပါ။

http://www.dhammadownload.com

၁၀။ နဇောဝိသမေ၌ ''ဝိသမ''အရှေ့၌ ဝိသမေ ဆ သိယုံ၌ ''ဝိသမ''အရတို့ကို ဖော်ပြ၍ အောက်ပါဂါထာတို့ကိုလည်း ပိဋိသက်သက်ရေးပြပါ-

(က) သုမုခီဂါထာ၏အဆုံး၌ ဂရုတစ်လုံးတိုး၍ စိကုံးလျှင် ဖြစ်နိုင်သည့်ဂါထာ၊

(ခ) အာချာနကီဂါထာ၏ ဝိသမပါဒလက္ခဏာအတိုင်း(၄)ပါဒလုံးစီကုံးလျှင် ဖြစ်နိုင်သည့်ဂါထာ၊(ဂ) အပရဝတ္တဂါထာ၏ သမပါဒ, ဝိသမပါဒတို့၏ အဆုံး၌ ဂရုတစ်လုံးစီတိုး၍စီကုံးလျှင် ဖြစ်နိုင်သည့်ဂါထာ။

၃။ ကရင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) မြင့်မိုရ်တောင်၊ (ခ) မိုးကိမ်၊ (ဂ) တံလျှပ်၊ (ဃ) လက္ခဏာနေ့၊
(င) မျက်မှောက်အကျိုး၊ (စ) ဆွေးနွေးတိုင်ပင်ခြင်း၊ (ဆ) နှာခေါင်း၊
(ဇ) ကြိုးစွာကြောက်ခြင်း၊ (ဈ) ပြင်းစွာရယ်ခြင်း၊ (ည) လမ်းကောင်း။

၂။ (က) ကုဋ္ဌ၊ (ခ) ပဂါ၊ (ဂ) ကုဋိုးကာဝိဝရ၊ (ဃ) သုဏှာ၊
(င) ကရဇ၊ (စ) ဇေါ်ပွက၊ (ဆ) ကာလာနုသာရီ၊ (ဇ) ဝလိရ၊
(ဈ) နဂ််လ၊ (ည) သြဋ္ဌ။

၄။ ဥပသမ်ဆုံးခြင်း အဓိပ္ပါယ်

မဇ္ဈောင်းမှုတို့မှ ကင်းသည့် အလုံးစုံသော စည်းစိမ်တို့ကိုကြဉ်၍ သိလစသောဂုဏ်တို့နှင့်တကွနေခြင်းသည် ဥပသမ်သုံးခြင်းမည်၏။

ဗောဓိအနက်-

၁။ သဗ္ဗညုတဉာဏ်ဟူသော အနက်၊
၂။ အရိယာမဂ်ဟူသော အနက်၊
၃။ ဗောဓိမင်းသားဟူသော နာမပညတ်အနက်၊
၄။ ဥဘောဝုဒ္ဓဟေပင်ဟူသောအနက်။

http://www.dhammadownload.com

၄။ လေအထူး ၆-

၁။ အထက်သို့ဆန်တက်သော လေ၊

၂။ အောက်သို့စုန်သော လေ၊

၃။ ဝမ်းဗိုက်တည်သော လေ၊

၄။ အူဗိုက်တည်သော လေ၊

၅။ ထွက်သက် ဝင်သက် လေ၊

၆။ အင်္ဂါကြီးငယ်သို့ လျှောက်သော လေ။

ကျွန် ၄-မျိုး

၁။ အိမ်ပေါက်ကျွန်၊ ၂။ ငွေဝယ်ကျွန်၊ ၃။ အလိုအလျောက်ကျွန်ခံသူ၊

၄။ သုံရကျွန်။

၅။ (ယော သဒ္ဒသတ္ထကုသလော-စသော ဂါထာ ၁၆၃-ကို အနက်ရေးလေ။)

၆။ (မုနိန္ဒ စန္ဒ သမ္ဘုတ-စသော ဂါထာ ၉၅-နှင့် ပဿန္တာ ရူပ ဝိဘဝံ-စသော ဂါထာ-၁၃၆-တို့ကို ပါဠိရေးလေ။)

၇။ (က) ဝိသေသနဂုဏ် ယုတ်ညံ့သောကြောင့် ဟီနတ္ထကဒေါသ၊

(ခ) လောကဆိုရိုး အစဉ်မပျက်သောကြောင့် ကမစ္စုတဒေါသမှလွတ်၊

(ဂ) အရည်မဲ့ပညာ၌ အရည်ရှိသဘောကို တင်စားခြင်းကြောင့် အဒြဝေဒြဝယုတ္တ သမာဓိဂုဏ်၊

(ဃ) မှတ်ချက်- လူကိုဖျက်သည် အရက် ဟူသော ပုံစံကို တုလျယောဂိတာပုံစံ၌ သုံးလေ့ရှိသည်၊ သို့သော် လူဖျက်အရက် ရှင်ဖြဲဇော်ဓဇ-စသည်ဖြင့် ၂-ခု ၃-ခုအဘူပြု၍ ဂုဏ်အပြစ်ကို ဆိုရာ၌သာ အသုံးပြုလေ့ရှိသည် ၁-ခုထည်း သုံးလေ့မရှိ။

၈။ အတုယူစေ့ဆော်ခြင်းစသော အရာဟုတ်သည်၌ ထင်ရှားရှိသော မိမိဂုဏ်ကို ပြောဆိုခြင်းကြောင့် ဩစိတျဟီနဒေါသမှ လွတ်ပါသည်။

http://www.thanmadownload.com

လူရှင်တို့၏ သန္တာန်၌ဖြစ်သော စက်ဆုပ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဇဂုစ္ဆာဌာယီဘာဝ၊

ဘင်ပုတ် မစင်တို့သည် အာရမ္မဏဝိဘာဝ၊

ဘင်ပုတ် မစင်တို့၏ စပ်ဆုပ်ဖွယ်အခြင်းအရာသည် ဥဒ္ဒီပနဝိဘာဝ၊

နာခေါင်းရှုံ့ခြင်းစသည်သည် အနုဘာဝ–ဤသို့ ဘာဝ, ဝိဘာဝ,.အနုဘာဝတို့ တိုးပွားလာသောအခါ ဇဂုစ္ဆာဌာယီဘာဝမည်ပင် ဗီဘစ္ဆ ရသဖြစ်သည်။

၉။ **ပထျာဝတ္တဂါထာ၏ လက္ခဏာ–**

၁။ ပါဒတိုင်း ပါဒတိုင်း အက္ခရာ ၈–လုံးစီရှိခြင်း၊

၂။ ပါဒတိုင်း အစတစ်လုံးနောင် သ–ဂိုဏ်း နှ–ဂိုဏ်းမရှိခြင်း၊

၃။ ဝိသမပါဒ အစအက္ခရာလေးလုံးနောင် ယ–ဂိုဏ်းရှိခြင်း၊

၄။ သမပါဒ အစအက္ခရာလေးလုံးနောင် ဇ–ဂိုဏ်းရှိခြင်း။

အစီအရင် ၃–မျိုး

၁။ ရှေ့ဆုံး ဂရုအောက်၌ လဟုရေးရမည်၊

၂။ ရှေ့၌လိုအပ်လျှင် ဂရုရေးရမည်၊

၃။ နောက်၌ လိုအပ်လျှင် အထက်တန်းနှင့် တူအောင်ရေးရမည်။

၁၀။ နဇောဝိသမေ–၌ ဝိသမ–အရ မ–ဂဏန်းကြသော ၁–၃–၅–ဂ–ဂိုဏ်းဌာနတို့ကို ယူရမည်။

ဝိသမေ သိယုံ–၌ ဝိသမ–အရ ပထမ, တတိယပါဒကိုယူရမည်။

(က) တာမရသဂါထာကို ပါဠိရေးလေ။ (ဂါထာ–၈၆)

(ခ) ဣန္ဒာဝဇိရာဂါထာကို ပါဠိရေးလေ။ (ဂါထာ–၆၃)

(ဂ) ပုပ္ဖိတဂ္ဂါဂါထာကို ပါဠိရေးလေ။ (ဂါထာ–၁၁၆)

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမကြိုးတန်း ။ ။အဘိဓာန်+အလင်္ကာ+ဆန်း ဘာသာ

၁၃၆၈–ခု၌၊ နှောင်းတန်ခူးလပြည့်ကျော် ၅–ရက်(ဖြ–၄–၂၀၀၇)သောကြာနေ့။

၁။ အောက်ပါ အဘိဓာန်ကျမ်းလာ ပါဠိဂေါဟာရတို့ကို သက်ဆိုင်ရာ မြန်မာဂေါဟာရ တစ်ခုစီဖြင့် ပြန်လည်ရေးသားပြပါ–
(က) အဝိဂွဟ၊ (ခ) ဝလာဟက၊ (ဂ) ဂ္ဂန္ဒာဝုဓ၊ (ဃ) ပစ္ဆူသ၊ (င) ကိဇ္ဇိသ။

၂။ ဥတုခြောက်ပါးအမည်များကို အစဉ်ကျကျရေးသားပြ၍၊ နေသည် အဘယ်ဥတုတို့ဖြင့် ဒက္ခိဏာယဉ် သွားသည်ကိုလည်း အဘိဓာန်သာဓက အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

၃။ အောက်ပါမြန်မာဂေါဟာရတို့ကို ပါဠိဂေါဟာရတစ်ခုစီပြန်လည်ရေးပြပါ–
(က) သန်းခေါင်၊ (ခ) ကမ္ဘာပျက်ခြင်း၊ (ဂ) နှစ်ဘက်ပိတ်စည်၊ (ဃ) လွန်သောဝိရိယ၊
(င) အလျား။

၄။ သဒ္ဒါရသန္ဒိ၏ အနက်(၅)နက်ကို ဂါထာနေကတ္တဝဂ်နှင့်အညီ မြန်မာဘာသာသက်သက် ဖြင့်သာ ဖော်ပြပါ။

၅။ ပြင်ဆင်ပို့ ပြင်ဆင်နည်း မတတ်ပါက ပြင်ဆင်သော်လည်း မလှနိုင်–ဟု ပြောဆိုနေသော အလင်္ကာကျမ်းပထမပိုင်းလာ ဂါထာတစ်ဂါထာကို ပါဠိသက်သက်မျှသာ ရေးသားပြပါ။

၆။ ဗန္ဓဖရုသအေါသ၏ အဖြေပြ ဥဒါဟရုဏ်ဂါထာကို မှန်ကန်စွာ အနက်ပေးပြပါ။

၇။ အောက်ပါ (က) (ခ)တို့၌ မှည်သည့်အေါသမျှား သင့်ရောက်သည်ကို အမည်မျှသာ ဖော်ပြပြီးလျှင်၊ (ဂ)၌ လွတ်မြောက်သော အေါသ၏ အမည်ကိုလည်း ရေးသားပြပါ–
(က) စိန်ကိုပေးတတ်၊ သူဌေးမြတ်ကား။ တော်စပ်မျိုးဆွေ၊ ကြွယ်ဝစေ၏။

http://www.dhammadownload.com

(ခ) ရေခဲပူးပွင့် ၊ ကြာငါးဆင့်သည်၊ ကုန်းမြင့်ထက်မှာ၊ ပေါက်ကြရာ၏။

(ဂ) သဗ္ဗညုတ၊ ဖြစ်လိုလှ၍၊ စက္ကဝါတိုက်၊ မီးလောင်မြို့က်လည်း၊ ခိုက်ခိုက်တုန်စွာ၊ အေးမြရှာ၏။

၈။ ဝက်ဝုတ္တိအလင်္ကာ(၃၅)မျိုးတို့တွင် (က) အပ္ပကာတတ္ထုတိအလင်္ကာ၊ (ခ) ဘာမအလင်္ကာ-တို့၏ သဘောကိုအဓိပ္ပါယ်ကို မှန်ကန်စွာ ဖြေဆိုပြပါ။

၉။ မတ္တာဝုတ္တိနိဒ္ဒေသ မတ္တာသမကဇာတ်-လာ ဂါထာအမည်တို့ကို အစဉ်မပျက် ရေတွက်ပြ၍၊ "ဝိနာ ဝဏ္ဏာဟိ မတ္တာ ဂါ" ဟူသော ပရိဘာသာစကားရပ်၏ ဆိုလိုရင်းအဓိပ္ပါယ်ကို အကျဉ်းချုပ်မျှ ရေးသားပြပါ။

၁၀။ အောက်ပါ ဂါထာကို ဂါထာအမည် ဆန်းအမည်မျှသာ, ပေးပြခဲ့ပါ-

ဝိနာ ဝဏ္ဏာဟိ မတ္တာ ဂါ၊ ဝိနာဝဏ္ဏာ ဂရုဟိ တု။

ဝိနာ လဟုဟိ ဂရုတော် ၊ ဒလေ ပထျာဒိနော မတာ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်း ဘာသာ

၁။ (က) ကာမနတ်၊ (ခ) မိုးတိမ်၊ (ဂ) စိုသက်တင်ရေ၊

(ဃ) မိုးသောက်မိုးလင်း၊ (င) မကောင်းမှု အကုသိုလ်။

၂။ ၁။ ဟောမန္တာတု၊ ၂။ သိသိရဉ္ဇတု၊ ၃။ ဝသန္တဉ္ဇတု၊

၄။ ဂိမ္ဟဉ္ဇတု၊ ၅။ ဝဿာနဉ္ဇတု၊ ၆။ သရဒဉ္ဇတု။

ဝဿာနအစရှိကုန်သော (ဝဿာန, သရဒ, ဟောမန္တ) ဥတု ၃-ပါးတို့ဖြင့် နေသည် ဒက္ခိဏာယာဉ် သွားဖို့။

ဥတူဟိ တိဟိ ဝဿနာ ဒိကေဟိ ဒက္ခိဏာယနံ။ (ဂါထာ-၈၀)

http://www.dhammadownload.com

၃။ (က) နိသီထ၊ (ခ) ကပ္ပကွယ၊ (ဂ) ဝိတတ၊ (ဃ) ဥသောဇ္ဈိ၊ (င) အာယာမ။

၄။ သခီါရတရား၊ ပုညာဘိသခီါရစသည်၊ အားထုတ်ခြင်း လုံးလ၊ ကာယသခီါရစသည် ပြုပြင်စီရင်ခြင်း။

၅။ (ဝိနာဂရူပဒေသံ တံ –ပ– ဟသဿာဝံ ကထံနုသော (ဂါထာ–၁၁)ကို ပါဠိရေးလေ။)

၆။ (ပဿန္တော်ရူပဝိဘဝံ –ပ– ကာလေ ကေဠိ ပရမ္မုခါ (ဂါထာ–၉၉)ကို အနက်ရေးလေ။)

၇။ (က) ဝိရဇ္ဇတ္ထဏ္ဏရဒေါသ၊
(ခ) ဒေသဝိဓိရောဓိဒေါသ၊
(ဂ) လောကဝိရောဓိဒေါသ, သြစိတျဟိနဒေါသ။

၈။ (က) မိမိကိုယ်တိုင် မလုပ်နိုင်သည့်အရာ၌ စိတ်ဖြင့်မျော်မှန်း ချိုးမွမ်းခြင်းအားဖြင့် ပြီးတွား ခြင်းသည် အပွကတတ္ထုတို အလက််ာမည်သည်။
(ခ) အထင်လွဲမှားခြင်း တကယ်ထင်မှတ်ခြင်းသည် ဘမအလက််ာမည်သည်။

၉။ ၁။ အစလဓိတိဂါထာ၊ ၂။ မတ္တာသမကဂါထာ၊ ၃။ ဝိသိလောကဂါထာ၊
၄။ ဝါနပါသိဂါထာ၊ ၅။ စိတြာဂါထာ၊ ၆။ ဥပစိတြာဂါထာ၊
၆။ ပါဒကုလကဂါထာ။
မတြာသခ်ျာတို့ကို အက္ခရာသခ်ျာတို့ဖြင့် နှုတ်သော် ဂရုသခ်ျာတို့ဟူ၍ သိအပ်ကုန်၏။

၁၀။ ဝိနာ ဝဏ္ဏောဟိ မတ္တာဂါ–စသောဂါထာသည် တတိယနကာရဝိပုလာဂါထာ၊ အနုဋ္ဌုဘ ဆန်း ဖြစ်ပါသည်။

http://www.dhammadownload.com

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)
ပထမကြီးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၂)ရက်၊ (၂၉-၃-၂၀၀၇)ကြာသပတေးနေ့

၁။ ''ပါဠိမြင် နက်ထင်၊ ပညာရှင်၊ ခေါ်တွင်ပါကြ၊ လူလောက''ဟူသည်နှင့်အညီ ပညာရှင်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် အောက်ဖော်ပြပါ ပါဠိပဒတို့ကို မြန်ဘာသာ တစ်ခုစီ ပြန်ဆိုပြပါ-

(က)ပါစိ၊ (ခ) ဂဂန၊ (ဂ) ကာလကဏ္ဏီ၊ (ဃ) ဒေဟီ၊ (င) သဗ္ဗလ၊
(စ) သပန၊ (ဆ) နိဗ္ဗော်သ၊ (ဇ) အာတောဇ္ဇ၊ (ဈ) သဝန၊ (ည)ဥတ္တာသ။

၂။ ''နက်မြင်ပါဠိသိ၊ ပညာရှိ၊ ကဝိခေါ်ရမည်''ဟူသည်နှင့်အညီ ပညာရှိကဝိစာရင်းတွင် ပါဝင်နိုင် ရန်အတွက် အောက်ဖော်ပြပါ မြန်မာဇော်ဟာရတို့ကို ပါဠိဘာသာတစ်ခုစီ ပြန်ဆိုရေးသားပါ-

(က) မိုးချုန်းသံ၊ (ခ) တင့်တယ်ခြင်း၊ (ဂ) တံလျှပ်၊ (ဃ)ကချေသည်၊
(င) ပဲ့တင်သံ၊ (စ) လွန်သောဝိရိယ၊ (ဆ)စဉ်းလဲခြင်း၊ (ဇ) လင်မြွှောင်၊
(ဈ) နို့ထိန်း၊ (ည)လက်ကြင်။

၃။ အလှူအိန္ဒြေလုပ်လိုသူများအတွက် အလွန်အရေးပါအရာရောက်လှသော အိန္ဒဝတ္ထု (၁၀)မျိုးကို ပါဠိ+မြန်မာနှစ်ဖြာတွဲ၍ ဖြေဆိုပြီးလျှင်၊ အကျင့်သီလနှင့်ပတ်သက်၍ သိသင့် သိထိုက်သော ယမသီလနှင့် နိယမသီလတို့၏ ထူးခြားဟန်ကိုလည်း ဖြေဆိုပြပါ။

၄။ မြန်မာလူမျိုးတို့သည် စပါးစသည်တို့ကို (တင်း၊ တို့ ပါဟာ၊ ကမ္ဘာစသည်တို့ဖြင့်) ချင့်ချိန်ရာဝယ် 'တစ်ပါဟ'ပမာဏရှိသော စပါးပုံကြီးကို တင်းဖြင့်ချင့်ချိန်ပါက ရနိုင်မည့်တင်းအရေအတွက်ကို အဘိဓာန်ကျမ်းဂန်နှင့်အညီ သင်္ချာပျှာသာပြဆိုပြီးလျှင်၊ ''အန္တာအနက် စဉ်မပျက် ရှစ်ချက်ရှိရမည်''ဟူသောဆိုရိုးစကားနှင့်အညီ အန္တာသန္နီ၏ ဟောနက် ရှစ်မျိုးကိုလည်း ဂါထာနေကတ္ထဝဂ်၏ အဆိုအဖိန့်အတိုင်း ပါဠိ+မြန်မာ နှစ်ဖြာတွဲ၍ ဖြေဆိုပြပါ။

http://www.dhammadownload.com

၅။ ကဗျာဗန္ဓစီကုံးရာ၌ ဂုဏ်, အလင်္ကာရတို့နှင့် ယှဉ်စေကာမူ အပြစ်အဆိုသ အနည်းငယ်မျှ ညီစွန်းလျှင်ပင် ပညာရှိတို့ မချီးမွမ်းထိုက်–ဟုပြဆိုထားသော လင်္ကာကျမ်းလာ ပါဠိဂါထာကို မှန်ကန်စွာ ရေးသားပြပါ။

၆။ ''မျက်စိဟင်းလင်း တွင်းသာကြွင်းလည်း ရှိရင်းထက်ပင် ပို၍မြင်၏'' ဟူသောကဗျာ စာသား၌ အဘယ်အဆိုသင့်ရောက်ထိုက်သည်ကို ရှင်းလင်းတင်ပြပြီးလျှင်၊ ''ပဿန္တာ ရူပဝိဘာဝံ'' အစရှိသော ဂါထာသည် အဘယ်အဆိုသမှလွတ်၍ အဘယ်ဂုဏ်မြောက် သည်ကိုလည်း ရှင်းပြပါ။

၇။ ဒြဝယုတ္တာသမာဓိဂုဏ်မြောက်ပုံပြ ဥဒါဟရဏ် ဂါထာကို မှန်ကန်စွာ အနက်ယောဇနာပြပါ။

၈။ ''တဒါနနဝိဝေဏ်ဖော်ဇံ''ဟူသော ဥဒါဟရဏ်ပုံစံ၌ (က)ဥပမာန၊ (ခ) ဥပမေယျ၊ (ဂ)ဥပမာ၊ (ဃ)ဥပမာဇောတကအားဖြင့် သဘောတရားလေးပါး ခွဲခြားဖြေဆိုပြ၍၊ ''နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ''ဟူသောဘုရားရှိခိုးပြု ဗုဒ္ဓပဏာမစကားရပ်၌ အာရမ္မဏာဝိဘာဝနှင့် ဥဒ္ဒိပနဝိဘာဝတို့ကိုသာ ထုတ်ဆောင်ပြပါ။

၉။ ဒတ္တာဝုတ္တိနိဒ္ဒေသလာ နဝိဏ်းနှင့် ဝဏ္ဏဝုတ္တိနိဒ္ဒေလာ န–ဂိဏ်းတို့၏ ထူးခြားဟန်ကို ရေးသား တင်ပြပြီးလျှင်၊ ဆဋ္ဌောဝိလ–စသောဂါထာဖြင့် ပြဆိုအပ်သော အရိယာဂါထာ၏ လက္ခဏာဝယ် ပဇ္ဇုန်၏ ဆဋ္ဌဂိဏ်းဌာနနှင့် အပရန်၏ဆဋ္ဌဂိဏ်းဌာနတို့၏ လက္ခဏာတို့ကို လည်း မှန်ကန်စွာ ဖြေဆိုပြပြီးနောက်၊ ဝေတာလီယဂါထာ၏ သမပါဒလက္ခဏာ တို့ကိုလည်း ပြည့်စုံစွာ ဖြေဆိုပြပါ။

၁၀။ သမဝုတ္တာနိဒ္ဒေသလာ ဆယ်လုံးဖွဲဂါထာတို့တွင် လက္ခဏာအချင်းချင်းတူညီနေကြသော ဂါထာတို့၏ အမည်နာမများကို ရေးသားဖော်ပြ၍၊ ပထျာဝတ္တဂါထာ၏ လက္ခဏာပြ ဆန်းသုတ်ပါဠိကိုလည်း၊ မှန်ကန်စွာ အနက်ယောဇနာပြပြီးလျှင်၊ အောက်ပါဂါထာ ကိုလည်း ဂါထာအမည် ဆန်းအမည်မျှသာ ပေးပြခဲ့ပါ–

http://www.dhammadownload.com

ဝိနာ ဝဏ္ဏေဟိ မတ္တာ ဂါ၊ ဝိနာ ဝဏ္ဏာ ဂရုဟိ တု။
ဝိနာ လဖူဟိ ဂရုဂေါ။ အလေပထျာဒိနော မတာ။

၅။ စစ်ကိုင်းတိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) အရှေ့အရပ်၊ (ခ) ကောင်းကင်၊ (ဂ) သူယုတ်၊ (ဃ) သတ္တဝါ၊
(င) ပြောက်ကြားသောအဆင်း။ (စ) ကျိန်ဆိုခြင်း၊ (ဆ) အသံ၊
(ဇ) တိုးမှုတ်ခြင်း၊ (ဈ) နား။ (ည) ကြောက်လန့်ခြင်း။

၂။ (က) မေဃနာဒ၊ (ခ) ကန္တိ၊ (ဂ) မရိစိ၊ (ဃ) နဒ္ဓက၊
(င) ပဋိဃောသ၊ (စ) ဥသေဘဋ္ဌိ၊ (ဆ) နိကတိ၊ (ဇ) ဥပဓာတိ၊
(ဈ) ဥပမာတု၊ (ည) ကေယူရ။

၃။ အလှူအိုဝတ္ထု ၁၀-မျိုး

၁။ အန္ခ-ထမင်း၊ ၂။ ပါန-အဖျော်၊ ၃။ ဃရ-ကျောင်းဇရပ်၊
၄။ ဝတ္ထ-အဝတ်၊ ၅။ ယာန-ယာဉ်ဘိနပ်၊ ၆။ မာလ-ပန်း၊
၇။ ဝိလေပန-နံ့သာပျော်း နံ့သာရည်၊ ၈။ ဂန္ဓ-နံ့သာခဲ့၊ နံ့သာတုံး၊
၉။ သေယျ-ညောင်စောင်းအင်းပျဉ်အိပ်ရာနေရာ၊ ၁၀။ ပဒီပေယျ-မီးထွန်းရန်ဆီ,
ဆီမီးခွက်စသည်တို့ဖြစ်သည်။

ယမသီလ နိယမသီလအထူး

အပြဲ ကိုယ်ဖြင့်ပြီးသည်ကိုဇဉ်ခြင်းရှိသော ပါဏာတိပါတစသည်မှ ကြဉ်ခြင်းအမှု
သည် ယမသီလ (ငါးပါးသီလ) မည်သည်၊

အပြဲမဟုတ် ရံခါ အခိုက်အတန့်ဖြင့် ပြီးစေအပ်သော ဥပုသ်သုံးခြင်းစသော
အမှုသည် နိယမသီလ (ဥပုသ်သီလ) မည်သည်၊ ဤသို့ ထူးပါသည်။

http://www.dhammadownload.com

၄။ တစ်ပါဟ- တင်း ၈၀-ဖြစ်ပါသည်။

အန္တအနက် ၈-မျိုး

၁။ သမိပ- အနိ။ ၂။ အဝသာန- အဆုံး။ ၃။ပဒပူရဏ- ပုဒ်ပြည့်ကာမျှ
၄။ ဒေဟာဝယဝ- အဒု၊ ၅။ ကောဋ္ဌာသ- အဖို့အစု၊ ၆။ နာသ-ပျက်စီးခြင်း။
၇။ သီမာ- အဝိုင်းအခြား။ ၈။ လာမက- အယုတ်။

၅။ ဂုဏာလင်္ကာရသံယုတ္တာ၊ အပိဒေါသာလဝကိတာ။
ပသံသိယာ နု ဝိညူတိ၊ သာ ကညာဝိယ တာဒိသိ။ (ဂါထာ-၁၄)

၆။ ပျက်စီဟင်းလင်း-စသော စကားများသည် အသင့်ယုတ္တိမရှိသောကြောင့် ဉာဃ ဝိရောဓိဒေါသ သင့်ရောက်သည်။

အရွက်အဖတ်ခက်, ကြမ်းတမ်းသောအက္ခရာတို့မှ လွတ်မြောက်သောကြောင့် ဗန္ဓဖရုသ ဒေါသမှလွတ်မြောက်၍ သဒ္ဒသုခုမာလတာဂုဏ် ရောက်ပါသည်။

၇။ သဗ္ဗတ္ထ သိဒ္ဓ စူဠက-စသော ဂါထာ ၁၅၆-ကို အနက်ရေးလေ။

၈။ က။ ပျက်နှာတော်သည် ဥပမာန၊ ခ။ ကြာပန်းသည် ဥပမေယျ။
ဂ။ ပျက်နှာတော်တည်းဟူသော ဥပမာနနှင့် ကြာပန်းတည်းဟူသော ဥပမေယျတို့၏ အချင်းချင်း တင့်တယ်သော ဂုဏ်ရှိခြင်း အဖြစ်ဖြင့် တူခြင်းသည် ဥပမာ၊
ဃ။ ထိုဥပမာကို ထွန်းပြတတ်သော ဣဝ-သဒ္ဒါသည် ဥပမာဇောတက။

တဿ ဘဂဝတော-အရ

မြတ်စွာဘုရားသည် အာရမ္မဏာဓိဘာဝ၊

အရဟတော သမ္မာသမ္ဗုဒ္ဓဿ-အရ အရဟံဂုဏ်, သမ္မာသမ္ဗုဒ္ဓဂုဏ်များသည် ဥဒ္ဒိပနဓိဘာဝ။

၉။ မတ္တာဂုတ္တိ နှ-ဂိုဏ်းသည် လေးမကြာလုံး လဟု-ဖြစ်သည်။ (ဇ၊) လဟု ၄-လုံးဖြစ်သည်။
ဝဏ္ဏဂုတ္တိ နှ-ဂိုဏ်းသည် အက္ခရာ ၃-လုံးလုံး လဟု-ဖြစ်သည်၊ ဤသို့ ထူးခြားသည်။

http://www.dhammadownload.com

ပုဗ္ဗမုဏ် ဆဋ္ဌဂိုဏ်းဌာနသည်-

ပုဗ္ဗမု ဆဋ္ဌဌာနဋ္ဌ နှ-ဂိုဏ်း ဇ-ဂိုဏ်းတို့တွင် တ-ဂိုဏ်းဂိုဏ်းဖြစ်ခြင်း၊
အပရမု ဆဋ္ဌဌာနဋ္ဌ လဟု ၁-လုံး ဖြစ်ခြင်း။

ဝေဘာလိယ သမလက္ခဏာ

၁။ အစ ဈ-မတြာရှိခြင်း၊
၂။ အစ ဈ-မတြာနောင် ရ-ဂိုဏ်း လဟု, ဂရှိခြင်း၊
၃။ အစ ဈ-မတြာဋ္ဌ လဟု ဖ-ခု တစ်ဆက်တည်း မနေရခြင်း။

၁၀။ **လက္ခဏာခြင်း တူသော ၁၀-လုံးဖွဲ့ဂါထာ-**
ရုမ္မဝတိဂါထာ၊ စမ္မကမာလာဂါထာ။

(သမေသု သိန္ဓုတောဇေန၊ ပထျာဝတ္တံ ပကိတ္တိတံ-ကို အနက်ရေးလေ။) (ဂါထာ-၁၁၉)
ဝိနာ ဝဏ္ဏာဟိ- စသော ဂါထာသည် တတိယ နှ-ကာရဝိပုလာဂါထာ၊ အနုဋ္ဌုဘာဆန်း ဖြစ်ပါသည်။ (ချင်း နံပါတ် ၁၀-လည်းရှု)

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)
ပထမကြိုးတန်း ။ ။ အဘိဓာန်, အလင်္ကာ,ဆန်းသင်္ဂဟဘာသာ
၁၃၆၀-ခုနှစ် နှောင်းတန်ခူးလပြည့်ကျော်(၅)ရက်(၆-၄-၂၀၀၇)သောကြာနေ့

၁။ ''သရာ သတ္တ တယော ဂါမာ'' ၌ ''တယော''အရကို ဖော်ပြပြီးလျှင်၊ ဖော်ပြပါ ပါဠိဝေါဟာရတို့ကိုမြန်မာဘာသာပြန်ဆိုပါ-
(က)အေဝအေဝ၊ (ခ)နိဒ္ဒရှ၊ (ဂ)မနက္ကာရှ၊ (ဃ)ဘေသ္မ၊ (င) နမက္ကာရှ၊ (စ) ရသက၊ (ဆ)ဆဂလက။

၂။ '' ဂါမေ အသိ နှင့် စာပေ အရှိ''တို့သည် နေရာတိုင်း၌ ကွဲလွဲမှုရှိတတ်ရာ ပရိက္ခရာရှစ်ပါးနှင့် ပတ်သက်၍ ''စာပေအရှိ''အတိုင်း သိရှိနိုင်ရန် ပါဠိ/မြန်မာနှစ်ဘာသာဖြင့် ဖော်ပြပြီးလျှင်၊ ''ကုသလ''သဒ္ဒါ ဟောနိုင်သော အနက်တို့ကိုလည်း မြန်မာဘာသာဖြင့် ဖော်ပြပါ။

http://www.dhammadownload.com

၃။ ဖော်ပြပါ မြန်မာဇော်တာရတို့ကို ပါဠိဘာသာတစ်ခုစီပြန်ဆိုပါ-
(က)နေပြည်တော်၊ (ခ)အကြီးအကဲ၊ (ဂ) ဗိုလ်ချုပ်မှူးကြီး၊ (ဃ) အမတ်ချုပ်၊ (င)တရားသူကြီးချုပ်၊ (စ)သက်တော်စောင့်၊ (ဆ)အမှုထမ်း၊ (ဇ)စုံထောက်၊ (ဈ)စာရေး၊ (ည)ပြည်သူ့ဥယျာဉ်

၄။ အစာအာဟာရနှင့် မကင်းနိုင်ကြသော သတ္တဝါတို့ နေ့စဉ်စားသုံးနေကြ အစာ(၄)မျိုးကို ပါဠိ/မြန်မာ နှစ်ဘာသာဖြင့်ဖော်ပြပြီးလျှင်၊ (က)နို့စို့ကလေးဟောပရိယာယ်နှင့်၊ (ခ)တိရစ္ဆာန်ဟော ပရိယာယ်ပုဒ်တို့ကို ကုန်စင်အောင် ဖော်ပြပါ။

၅။ အောက်ပါဂါထာတို့ကို ပါဠိသက်သက် ရေးပြပါ-
(က) ' ဦးရေစပ်စပ်, ရှိုင်ထပ်ထပ်နှင့်,ဘန္ဒာကမ္ဘာ,ပေဠိးစွာက' ဟူသောကဗျာ၌ သင့်ရောက်သောအပြစ်ပြဂါထာ။
(ခ) 'အဖွဲ့ဗန္ဓဟူမျှဖြင့် အနှစ်သာရ' ဟုဆေါဆိုထိုက်သော ဂုဏ်ပြဂါထာ။

၆။ ''ကိုယ့်ဂုဏ်ကိုဖော် မသူတော်'' ဟု အဆိုရှိထားသောကြောင့် မိမိဂုဏ်ကိုမိမိကိုယ်တိုင်ပြောဆိုပါက သင့်/မသင့် အဆုံးအဖြတ်ပေးသော အလင်္ကာဆရာ၏ လင်္ကာဂါထာကို အနက်ပေးပြပါ။

၇။ ''ပြည့်ပြီးသော သားမြတ်'' ဟုဆိုရာ၌(က)လွတ်မြောက်သောအပြစ်၊ (ခ)ရောက်နိုင်သော ဂုဏ်-တို့ကို စိစစ်ပြီးလျှင်၊ ''ဆန်ပေးမှ ဆီရ, သမီးပေးမှ သမက်ရ'' ဟူသော စကားရပ်၌ ဖြစ်သင့်သောအလင်္ကာကိုလည်း ဖော်ပြပါ။

၈။ သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မ ဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ-ဟူသော လင်္ကာသန်းအဋ္ဌကထာ၏ အဖွင့်ဂါထာပါ ''အဘိဝါဒိယ'' ပုဒ်ကို တရားကိုယ်ပြု၍ ဘာဝ, ဝိဘာဝ, အနုဘာဝ-စုံလင်စွာထုတ်ပြပါ။

၉။ လေးပါဒလုံးတွင်(၈)လုံး,(၇)လုံးမြောက်၌ ယတိရှိ၍၊ ခ-ဂိုဏ်းနှစ်ဂိုဏ်း။ မ-ဂိုဏ်းတစ်ဂိုဏ်း။ ယ-ဂိုဏ်းနှစ်ဂိုဏ်းတို့ဖြင့် ဖွဲ့စီထားသောဂါထာပါဠိကို ထုတ်ပြပြီးလျှင်၊ တိဋ္ဌုဘ(တဋ္ဌုဘ) ဆန်း၌ မရနိုင်သောဂိုဏ်းများကိုဖော်ပြပါ။

http://www.dhammadownload.com

၁၀။ (ဂ)နံပါတ်ပါ ဂါထာကို ဆန်းစစ်၍ ဂါထာအမည်၊ ဆန်းအမည်တို့ကို ညွှန်ပြပါ။

၆။ တနင်္သာရီတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ တယော–အရ ဆဇ္ဇဂါမ၊ မဇ္ဈိမဂါမ၊ သာဓာရဏဂါမ။
(က) ဘုရား။ (ခ) နတ်၊ (ဂ) နှလုံးသွင်းခြင်း၊ (ဃ) ကြောက်ဘွယ်ဝတ္ထု၊
(င) ရှိခိုးခြင်း၊ (စ) စဖို့သည်၊ (ဆ) ဆိတ်။

၂။ ၁။ ပတ္တ–သပိတ်၊ ၂–၃–၄။ တိစီဝရ–သင်္ကန်းသုံးထည်၊ ၅။ကာယဗန္ဓန–ခါးပန်းကြိုး၊
၆။ ဓါသိ–ပဲကွတ်၊ ၇။ သူစိ–အပ်၊ ၈။ ပရိဿာဝန–ရေစစ်။
နုပုလ္လိင် ကုသလသဒ္ဒါသည်–အနာကင်းခြင်း၊ ကောင်းသောအကျိုး၊ အနက်၌ ဖြစ်၏၊
ဝစ္စလိင်သို့ လိုက်ဘော် ကုသလသဒ္ဒါသည်–အပြစ်မရှိသည်၊ လိမ္မာသည် အနက်၌
ဖြစ်၏။

၃။ (က) ရာဇဓာနိ၊ (ခ) အဇ္ဈက္ခ၊ (ဂ) သေနာနိ၊ (ဃ) မဟာမတ္တ၊
(င) အက္ခဒဿ၊ (စ) အနိကဋ္ဌ၊ (ဆ) အနုဇီဝိ၊ (ဇ) စရ၊
(ဈ) လေခက၊ (ည) ဥယျာန။

၄။ အစာ ၄–မျိုး
၁။ ခဇ္ဇ–ခဲဖွယ်၊ ၂။ ဘောဇ္ဇ–စားဖွယ်၊
၃။ လေယျာနိ–လျက်ဖွယ်၊ ၄။ သေယျ–သောက်ဖွယ်။
(က) နိ့စိုကလေးဖော– ဥတ္တာနသယ၊ ဥတ္တာနသေယျက၊ ထနပ။ (၂၂)
(ခ) တိရစ္ဆာန်တော– တိရစ္ဆ၊ တိရစ္ဆာန၊ တိရစ္ဆာနဂတ။ (၆၃)

၅။ (က) ဟိနံ ကရေ ဝိသေသျံ ယံ–စဿော ၃၈–ဂါထာ။

http://www.dhammadownload.com

(ခ) ဗန္ဓသာရောတိ မည်သို့-စသော ၁၄၉-ဂါထာကို ပါဠိရေးလေ။
တနည်း။ အညဓမ္မော-စသော ၁၅၀-ဂါထာကို ပါဠိရေး။

၆။ (သဂုဏာနာ ဝိကရဏော-စသော ဂါထာ ၁၀၃-ကို အနက်ရေးလေ။)

၇။ (က) ဂါမွဒေါသမှ လွတ်မြောက်ပါသည်။
(ခ) ဒုတိယ ဥဒါရတာဂုဏ် ရောက်နိုင်သည်။
ဖြစ်သင့်သော အလက််ာ- ပရိဂုတ္တိအလက််ာ။

၈။ ရှိခိုးသောအရှင်အနုရုဒ္ဓါ၏ သန္တာန်၌ ဝိတိ, သောမနဿ စေတနာ ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ။
သမ္မာသမ္ဗုဒ္ဓအရ-မြတ်စွာဘုရားရှင်သည် အာရမ္မဏဝိဘာဝ။
အတုလံ သဿတ္ထမ္မ ဂဏ္ဍတ္တမံ-အရ အတုလဂုဏ်, သမ္မာသမ္ဗုဒ္ဓဂုဏ်, ဂဏ္ဍတ္တမဂုဏ် သည် ဥဒ္ဒိပနဝိဘာဝ။
ရှိခိုးခြင်းကြောင့် ရရှိနိုင်သော အန္တရာယ်ကင်းခြင်း, ကျမ်းပြီးမြောက်ခြင်း, နတ်ရွာနိဗ္ဗာန် သုဂတိသို့ ရောက်ရခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝ။
ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလာသောအခါ ဓမ္မရတိဌာယီဘာဝ သည်ပင် ဓမ္မသိဂီါရရသဖြစ်သည်။

၉။ နံ နံ မံ ယံ ယံ ယုတာယံ မာလိနိ ဘောဂိသီဟိ။ (၅၅)
တိဋ္ဌတဆန်း၌ မရနိုင်သော ဂိုဏ်း- ယ-ဂိုဏ်း, သ-ဂိုဏ်း။

၁၀။ သမ္မာသမ္ဗုဒ္ဓမတုလံ-စသောဂါထာသည်-
၁။ ပါဒတိုင်း ပါဒတိုင်း အက္ခရာရှစ်လုံးစီ ဖွဲ့စီထားခြင်း၊
၂။ ပါဒတိုင်း ပါဒတိုင်း အစအက္ခရာ ၄-လုံးနောင် သ-ဂိုဏ်း, နံ-ဂိုဏ်း မရှိခြင်း၊
၃။ ပထမပါဒ အစအက္ခရာ ၄-လုံးနောင် နံ-ဂိုဏ်း ရှိခြင်း၊
၄။ တတိယပါဒ အစအက္ခရာ ၄-လုံးနောင် ယ-ဂိုဏ်းရှိခြင်း၊

http://www.dhammadownload.com

၅။ သမပါဒ အစအကွေရာ ၄-လုံးနောင် ဇ-ဂိုဏ်းရှိခြင်း-
ထို့ကြောင့် ပထမ နှ.ကာရဝိပုလာ ဂါထာ။ အနုဋ္ဌုဘာဆန်းဖြစ်သည်။

၆။ ပထမပြန်စာမေးပွဲ ကျင်းပရေးဗဟိုအဖွဲ့ခွဲ ပဲခူးတိုင်း(အနောက်ပိုင်း)
ပထမကြိုးတန်း ။ ။ အဘိဓာန်, အလင်္ကာ, ဆန်း ဘာသာ
၁၃၆၈-ခုနှစ် နှောင်းတန်ခူးလဆန်း(၁၂)ရက်(၂၉-၃-၂၀၀၆)ကြာသပတေးနေ့

၁။ ဖော်ပြပါပါဠိတို့ကိုမြန်မာပြန်ဆိုပါ-
(က) သက္ကာ၊ (ခ) ရဝိ၊ (ဂ) လာသန၊ (ဃ) သဝန၊ (င) ဟသိတ၊
(စ)ဒမ္မာ (ဆ)ဝဇ၊ (ဇ)ပုဗ်၊ (ဈ)သမ္ဘဝ၊ (ည) သာသ။

၂။ ဖော်ပြပါစကားလုံးများကို ပါဠိဘာသာတစ်ခုစီပြန်ဆိုပါ-
(က) နေ့ရက်၊ (ခ)ကချေသည်၊ (ဂ) စည်တို့၊ (ဃ) ကျိုး၊ (င) အဘ၊
(စ) ဦးခေါင်းခွံ၊ (ဆ)ဆိပ်မိ၊ (ဇ)သံ့ပန်း၊ (ဈ)ဟင်း၊ (ည) အတတ်သည်။

၃။ နိဃဏ္ဍု၊ ဥသ၊ သာခါနဂရတို့၏ အဓိပ္ပါယ်များကို အဘိဓာန်ဆရာအလိုက် အသီးသီး ဖြေဆို၍ လင်္ကာဖြစ်ရေးအမည်များကိုလည်း ပါဠိ+မြန်မာနှစ်ဘာသာဖြင့်ဖြေဆိုပါ။

၄။ ပန်းဘဲသမား၏ ကိရိယာများကိုမြန်မာဘာသာဖြင့်သာ ဖော်ပြပြီး၊ ''ကုသလ''သဒ္ဒါ ဟောနိုင်သောအနက်များကိုလည်း ပါဠိ+မြန်မာနှစ်ဘာသာဖြင့်ဖြေဆိုပါ။

၅။ အောက်ပါတို့ကို အကြောင်းပြ၍ ဒေါသသင့်ပုံပြဆိုပြီးလျှင်၊ ဝါကျတွေ့ဒေါသများကိုလည်း တိကျစွာဖော်ပြပါ-
(က) နွားမဏီသား၊ ထိုနွားလား၊မြက်ကိုစား၍၊ ရေသောက်ပြီ။
(ခ) ခွေးနှင့်ဆိတ်တို့သည် မြက်နှင့် အမဲကို ဆောင်ကုန်၏။

၆။ ''ဝါကျလုံးဝယ်၊ တသွယ်အကောင်း၊ မကောင်းအနက်၊ နှစ်ချက်ထွက်၊ မှတ်ချက်ဂါမဏီ၊ ဝါကျတွေ့''ဟူသည်နှင့်အညီ ဝါကျတွေ့ဂါမဏီဒေါသသင့်ရောက်ပုံပြဂါထာကို အနက်နှစ်ချက်ထွက်အောင် ယောဇနာပြပါ။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၇။ အောက်ပါတို့ကိုဖြေဆိုပါ-
(က) အဘယ်ဝါကျမျိုး၌ ဇကတ္ထအဓိသသင့်ရောက်ပါသနည်း၊
(ခ) အနတ္ထကအဓိသမှလွတ်မြောက်အောင် မည်ကဲ့သို့ဖွဲ့စီရမည်နည်း၊
(ဂ) ကန္တိဂုဏ်မြောက်အောင် ရေးစပ်နည်းကား အဘယ်ပါနည်း။

၈။ သိဂီရရသအပြားကို ပေါ်လွင်ထင်ရှားအောင်ဖော်ပြ၍၊ ပြီးရွှင်ခြင်း ဟာသဘေဒနှင့် ဇေဋ္ဌ, မဇ္ဈ, အဓမအားဖြင့် ခွဲခြားသတ်မှတ်ချက်များကို ပါဠိသာဓကဖြင့် ဖြေဆိုပါ။

၉။ အပရန္တိက ဂါထာ၏ သမပါဒလက္ခဏာ၊ စာရုဟာသိနီဂါထာ၏ ဝိသမပါဒလက္ခဏာတို့ဖြင့် သိကုံးရသောဂါထာကို ပါဠိဖေရ်၍၊ ''နဇလဂါ ဂဒိကာ သုမုခီ'' ဟူသော ဂါထာကို ဂရုတစ်လုံးတိုးက ဖြစ်နိုင်သောဂါထာကိုအနက်ယောဇနာပြပါ။

၁၀။ ပဠိမေ သဏ္ဌိတာ ဂဏာဒ္ဒီ ပဠသရုဂ်ိကို မှန်ကန်စွာထုတ်ပြပြီးလျှင် '' ၂၂၁၂၂ ''ဂါထာ၏ ဥဒ္ဒိဋ္ဌအတန့်သတ်ကို တိကျစွာညွှန်ပြပါ။

၇။ ပဲခူးတိုင်း အနောက်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၃။ (က) ဂေါတမဘုရား၊ (ခ) နေ၊ (ဂ) ကခြင်း၊ (ဃ) နား၊
(င) ရယ်ခြင်း၊ (စ) စဉ်းလဲခြင်း၊ (ဆ) နွားခြံ၊ (ဇ) ယောကျ်ား၊
(ဈ) အကြောင်း၊ (ည) ပန်းနာ။

၂။ (က) ဒိဝသ၊ (ခ) နဋ္ဌက၊ (ဂ) တိဏာဝ၊ (ဃ) ပရိခါ၊
(င) ဝိတု၊ (စ) ကပ္ပရု၊ (ဆ) ဒိပ၊ (ဇ) ဝန္ဒိ၊
(ဈ) သူပ၊ (ည) ကာရု။

၃။ သစ်ပင်စသည်တို့၏ အမည်ပညတ်ကို ပြတတ်သောကျမ်းသည် နိဃဏ္ဍုအဘိဓာန်)ကျမ်းည်း၏။ (၁၅-၁၁၁)

http://www.dhammadownload.com

ငန်သောမြေ (ဆားဆပ်ပြာမြေ) သည် ဥသမည်၏။ (၁၈၂)

မြို့မ, မြို့တော်မှ တပါးသောအရပ်၌ရှိသော မြို့လက်သည် သာဓါနဂရမည်၏။ (၁၉၃)

လက်ဇီးချောင်းအမည်

၁။ အင်္ဂုဋ္ဌ- လက်မ၊ ၂။ တဇ္ဇနီ- လက်ညှိုး၊ ၃။ မဇ္ဈိမ- လက်လယ်၊
၄။ အနာမိကာ- လက်သူကြွယ်၊ ၅။ ကနိဋ္ဌာ- လက်သန်းတို့ဖြစ်ပါသည်။ (၂၆၆)

၇။ **ပန်းပဲသမား၏ ကိရိယာ ၃-ပါး**

၁။ ညှပ်၊ ၂။ သံတူ၊ (လက်တစ်ဖက်ကိုင် တူငယ်) ၃။ ပေ- တို့ဖြစ်ပါသည်။ (၅၂၇)

နုပုံလိင် ကုသလသဒ္ဒါသည်- အာရောဂျ- အနာကင်းခြင်း၊ ဂ္ဂဠဝိပါက- ကောင်းသောအကျိုးအနက်၌ ဖြစ်၏၊

ဣစ္စလိင်ဆို့လိုက်သော ကုသလသဒ္ဒါသည်- အနဝဇ္ဇ-အပြစ်မရှိသည်၊ ဆေက- လိမ္မာသည်၌ ဖြစ်၏၊

၅။ (က) တစ်ပိုဒ်နှင့်တစ်ပိုဒ် ဆက်စပ်မှုမရှိဘဲ အနှစ်ချုပ်အဓိပ္ပါယ်မဲ့သော စကားများဖြစ်သောကြောင့် အပေတတ္ထဒေါသသင့်သည်။

(ခ) ရှေ့၌ ပြအပ်သောအစဉ်နှင့် နောက်စကားအစဉ်တို့ အစဉ်မညီညွတ်ခြင်းကြောင့် အပက္ကမဒေါသသင့်သည်။

ဝါကျတွေဒေါသများ

အပက္ကမဒေါသ, ဩစိတျဟီနဒေါသ, ဘဂ္ဂရိတိဒေါသ, သသံသယဒေါသ, ဝါမ္မဒေါသ, ဒုဋ္ဌာလင်္ကာတိဒေါသ။

၆။ (ဝါကျတွေတော ဒုပ္ပတိတိ ကရံ-စသော ဂါထာ ၆၅-ကို အနက်ရေးလေ။)

၇။ (က) သဒ္ဒါတူကို ထပ်ဆိုသော အာဗာတိ ဝါရိဒေါ ဝါရိဒေါ အယံ-စသောဝါကျ။ အနက်တူကို ထပ်ဆိုသော ပသာဒေတိ ပသန္နေ-စသောဝါကျတို့၌ ကေတ္တဒေါသသင့်သည်။

http://www.dhammadownload.com

(ခ) ပုဒ်ပြည့်ရုံ ကာရန်ညီရုံ အနက်မရှိသောစကားများ မပါရှိအောင် စီကုံးလျှင် အနုတ္ထက အေါသမှ လွတ်မြောက်ပါသည်။

(ဂ) ဟုတ်တိုင်းမှန်စွာ ဖြစ်သင့်ရာကို အပိုမကြွား အလွန်ဆိုထားသဖြင့် အများနှစ်သက်အောင် ရေးစပ်ရမည်။

၄။ **သိဂီရိအပြား**

၁။ အာယောဂသိဂီရိ ရသ– မပေါင်းဆုံရသေးသော ချစ်ကြိုက်ခြင်း။

၂။ ဝိပ္ပယောဂသိဂီရိ ရသ– မပေါင်းရဖြစ်ဖေ ပေါင်းပြီးမှဖြစ်ဖေ ကွေကွင်းရသော ချစ်ကြိုက်ခြင်း။

၃။ သမ္ဘောဂသိဂီရိ ရသ– ပေါင်းဆုံးသောအားဖြင့် ချစ်ကြိုက်ခြင်း။

(ဒေဋ္ဌ) ၁။ သိတ– မျက်စိပွင့်ရုံ ပြုံးရယ်ခြင်း။

၂။ ဟသိတ– သွားပေါ်ရုံ ပြုံးရယ်ခြင်း။

(မဇ္ဈ) ၃။ ဝိဟသိတ– အသံညှင်းညှင်းထွက်ရုံ ပြုံးရယ်ခြင်း။

၄။ ဥပဟသိတ– ပခုံးဦးခေါင်းလှုပ်အောင် ပြုံးရယ်ခြင်း။

(အဓေ) ၅။ အပဟသိတ– မျက်ရည်ထွက်အောင် ရယ်ခြင်း။

၆။ အတိဟသိတ– ကိုယ်ခန္ဓာပစ်လွဲအောင် ရယ်ခြင်း။

သာဓက

(သိတမိဟ ဝိကာသိ နယနံ–စသော ၃၅၉၊၃၆၀) ဂါထာတို့ကို ရေးလေ။

၅။ ဥဒိစ္စဝုတ္တိတိ ဝုစ္စတေ၊ ဇော ကဒေါ ဝိသမေသု သဇ္ဇိတော။ (၃၃)

(၈၆) တာမရသ–ဂါထာကို အနက်ရေးလေ။

၁၀။ ပဌသရုပ်– ဘ, ဇ, သ, သဗ္ဗဂရု, သဗ္ဗလဟု ဂိုဏ်းတို့ကိုယူ။

၁၃–တန့်သင်္ကြာဖြစ်ပါသည်။

http://www.dhammadownload.com

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း)
ပထမကြီးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ

ခုဖဒ–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၂)ရက်၊ (၂၉–၃–၂၀၀၇)ကြာသပတေးနေ့

၁။ အောက်ဖော်ပြပါ ပါဠိဂေါဟာရတို့ကို သက်ဆိုင်ရာ မြန်မာဂေါဟာရတစ်ခုစီ ပြန်ဆိုပါ–
(က) အညာ၊ (ခ) ဗဓိရု၊ (ဂ) ဂ္ဂဆ္ဆာ၊ (ဃ) ကုက္ကုရု၊ (င) ဂုဒ၊
(စ) ထုတိ၊ (ဆ)ဒဝ၊ (ဇ) ပလာယန၊ (ဈ) သယန၊ (ည) ဟန္။

၂။ အောက်ပါ မြန်မာဂေါဟာရတို့ကို ပါဠိဂေါဟာရတစ်ခုစီပြန်ဆိုပါ–
(က) ပရိယာယ်၊ (ခ) ပြာသာဒ်၊ (ဂ) သူငယ်မ၊ (ဃ) အတောင်၊ (င) အမတ်ချုပ်ကြီး၊
(စ) အကြီးအကဲ၊ (ဆ) မြင်းမ၊ (ဇ) ကြွေးပြီ (ဈ) ယက်ကန်းသည်၊ (ည)အိမ်ပေါက်ကျွန်။

၃။ မိဖုရားနှင့် မောင်းမအလူးကို အဘိဓာန်လာအတိုင်း ပြေဆိုပြီးလျှင်၊ ခတ္တိယမဟာသာလ–
ဟူ၍ခေါ်ဆိုထိုက်သော မင်းဇ၏ ရင်းနှီးမြှုပ်နှံမှု ငွေဒင်္ဂါးပမာဏ, နေ့စဉ်သုံးစွဲနိုင်သော
ငွေဒင်္ဂါးပမာဏတို့ကိုလည်း ဖော်ပြခဲ့ပါ။

၄။ နပုံလိင် သတ္တသဒ္ဒါ, ပုံလိင် သတ္တသဒ္ဒါ, လိင်သုံးပါးရှိ ယှဉ်သောသတ္တသဒ္ဒါဟောနိုင်သော
အနက်တို့ကို အနေကတ္ထဝဂ်မှ ထုတ်နှုတ်တင်ပြပြီးလျှင်၊ စိတ္တသဒ္ဒါဟောနိုင်သော
လိင်တို့ကို လည်း ဖော်ပြခဲ့ပါ။

၅။ စာပေရေးသားရာ၌ ဂုဏ်မြောက်ဖို့ထက် အပြစ်လွတ်ဖို့က ပို၍အရေးကြီးသည်ဟု ပြဆို
သော အလင်္ကာပါဠိတို့ကို မှန်ကန်စွာ ရေးသားပါ။

၆။ (က) ငါးလိပ်မိုးပျံ၊ (ခ)ညဉ့်ယာမ်နေထွက်၊ (ဂ) တောင်ထိပ်ကြာပေါက်–ဟူသော
စကားရပ်တို့၌ မည်သည့်အဓိပ္ပာယ်သတ်မှတ်၍ သုံးသနည်း ဖြင့်ရပါလို ငါတောင်းဆို၏–ဟူသော စကားသည် အဘယ်ဂုဏ်ရောက်ပြီး၊ အဘယ်
အလင်္ကာ ရှိသည်ကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com

၇။ စပါးပင်တွေ ယိမ်းကနေ၏–ဟု ဆိုသောစကား၏ ဂုဏ်ရောက်ပုံပြဂါထာကို အနက်ပေးပါ။

၈။ ဒီပကအလင်္ကာ၏ လက္ခဏာကို ဖော်ပြ၍၊ အောက်ပါဂါထာကိုရွက်ကာ ဘာဝ–ဝိဘာဝ–အနုဘာဝ စုံလင်စွာ ထုတ်ပြခဲ့ပါ–

ပုရာ ပရေသံ ဒတ္တာန၊ မနုညံ နယနာဒိကံ။
မုနိနာ သမနုပ္ပတ္တာ၊ အိန္ဒိ သဗ္ဗညုတာ သိရီ။

၉။ အရိယာဂါထာ၏ ရှေ့ထက်ဝက်ကို ဂရုတစ်လုံးတိုး၍ စိကုံးလျှင် ဖြစ်နိုင်သော ဂါထာကို ပါဠိရေး၍၊ တအည္ဇာစာရုဟာသိနီ–၌ တ–အရ၊ အည–အရတို့ကိုလည်း ဖော်ပြပါ။

၁၀။ သသိကလာဂါထာနှင့် ဂိဏိ ဂရု လဟု လက္ခဏာတူခြင်းရှိသော ဂါထာကို အနက်ပေး၍၊ ဒွယမိဒံ ဝေတာလိယပွဘေဒေါ–၌ ဒွယ–အရ ယူရမည့်ဂါထာအမည်ကို ညွှန်ပြပါ

၈။ ပဲခူးတိုင်း (အရှေ့ပိုင်း) (အဖြေ)
ပထမကြိုးတန်း ။ ။ အတိဓာန် အလင်္ကာ ဆန်းဘာသာ

၁။ (က) အရဟတ္တဖိုလ်၊ (ခ) နားထိုင်းသူ၊ (ဂ) တဏှာ၊ (ဃ) ခွေး၊
(င) ဝစ္ဆမဂ်၊ (စ) ချီးမွမ်းခြင်း၊ (ဆ) ပြောင်လှောင်ခြင်း၊
(ဇ) ထွက်ပြေးခြင်း၊ (ဈ) အိပ်ယာ၊ (ည) မေး။

၂။ (က) ပရိယာယ၊ (ခ) ပါသာဒ၊ (ဂ) ကုမာရိကာ၊ (ဃ) ရုတန၊
(င) မဟာမတ္တ၊ (စ) အဂ္ဂက္ခ၊ (ဆ) ဝဠဝါ၊ (ဇ) ဥဒ္ဓါရ၊
(ဈ) တန္တဝါယ၊ (ည) အန္တောဇာတ။

၃။ အဘိသိက်ခံပြီးသော မင်းမိန်းမသည် မိဖုရား၊
မိဖုရားမှတပါးကုန်သော မင်းမိန်းမတို့သည်၊ မောင်းမ။ ဤသို့ ထူးပါသည်။ (၂၃)

http://www.dhammadownload.com

အနည်းဆုံး ကျပ်ဒဂိုး ကုဋေတစ်ရာ သိုဂိုးသိမ်းဆည်းထားနိုင်ပြီး နွေစဉ်ကျပ်ဒဂိုး အမွေဏာနှစ်ဆယ်၊ (ဃ) တင်းနှစ်ဆယ်သုံးစွဲနိုင်သော မင်းတို့သည် စတ္တိယ မဟာသာလမည်၏။

၇။ နုပုံလိင် သတ္တ–သန္နိသည် ဥစ္စာ, အတ္တဘော၊ ဇီဝိတိန္ဒြေ အစွမ်း၊ ထင်ရှားဖြစ်(ရှိ)သည်၏ အဖြစ်၌ ဖြစ်၏)။

ပုံလိင် သတ္တ–သန္နိသည် သတ္တဝါ၌ ဖြစ်၏။

လိင်သုံးပါး သတ္တ–သန္နိသည် ကပ်ငြိခြင်း၌ဖြစ်၏။ (ဃ၊)

စ်တ္တသန္နိသည်– ဣတ္ထိလိင်, ပုံလိင်, နုပုံလိင်တို့၌ ဖြစ်၏။ (ဃ)

၅။ (တေန ဒေါသာနိရာသောဝ–စသော ဂါထာ ၁၅/၁၆–တို့ကို ပါဠိရေးလေ။)

၆။ (က) ဒေသဝိရောဓိဒေါသ၊

(ခ) ကာလဝိရောဓိဒေါသ၊

(ဂ) ဒေသဝိရောဓိဒေါသ၊

(ဃ) အတ္ထအတ္ထဗျတ္တိဂုဏ်မြောက်၍ ပရိယာယဝုတ္တိအလင်္ကာမြောက်ပါသည်။

၇။ (ဥဏ္ဏာပုဏ္ဏိန္ဒုနာ–စသော ဂါထာ ၁၅၃–ကို အနက်ရေးလေ။)

၈။ **ဒီပကအလင်္ကာ လက္ခဏာ**

ဂါကျ၏ တစ်ခုသောနေရာ၌တည်လျက် အလုံးစုံသောဂါကျအား ကျေးဇူးပြုကာ ထင်ရှားပြခြင်းသည် ဒီပကအလင်္ကာ။

ဥတ္တာ–၌ ဓာတ်အရ ပေးလှူဘို့ရာ အားထုတ်သောဘုရားလောင်း၏ သန္တာန်၌ဖြစ်သော ဝိရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဋ္ဌာယီဘာဝ၊

ပရေသံ–အရ အလှူခံပုဂ္ဂိုလ်များနှင့် နယနာဒီကံ–အရ မျက်လုံးစသော ဒါနဝတ္ထုများသည် အာရမ္မဏဘိဘာဝ၊

http://www.dhammadownload.com

သဗ္ဗညုတဉာဏ်ရလိုခြင်း, သန္ဓိတရားနှင့်ပြည့်စုံခြင်း စသည်သည် ဥဒ္ဓိပနဝိဘာဝ၊
ပေးလှူခြင်း, သဗ္ဗညုတဉာဏ်ကိုရခြင်း စသည်သည် အနုဘာဝ။ (၃၂၆)

၉။ (ဂါထာ နံပါတ်–၂၈) (အရိယာဂိတိ ဂါထာကို ပါဠိဖွင့်ရေးလေ။)
တ–အရ ပဝတ္တကဂါထာ၏ သမပါဒကိုယူ၊
အည–အရ ပဝတ္တကဂါထာ၏ ဝိသမပါဒကိုယူ။

၁၀။ (မဏိဂုဏနိကရ ဂါထာကို အနက်ရေးပါ။) (၃၄)
ဒွယ–အရ အပရဝတ္တဂါထာ, ပုပ္ဖိတဂ္ဂါဂါထာ။

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ
၁၃၆၈–ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၂)ရက်၊ (၂၉–၃–၂၀၀၇)ကြာသပတေးနေ့

၁။ ''ပါဠိမြင်နက်ထင် ပညာရှင် ''ဟူသည်နှင့်အညီ အောက်ပါ ပါဠိဂေါဟာရများကို မြန်မာပြန်ဆိုပါ–
(က) ဥမ္မုက၊ (ခ) ဥဠု၊ (ဂ) ဥပနာဟ၊ (ဃ) (င) ဥသဘ၊
(စ)ဥဇ္ဇိ (ဆ) ဥမ္မာရ၊ (ဇ) ဥလ္လောစ၊ (ဈ) ဥရဏ္ဍ၊ (ည) ဥရဏ္ဍီ။

၂။ ''နက်မြင်ပါဠိသို ပညာရှိ''ဟူသည်နှင့်အညီ အောက်ပါမြန်မာဂေါဟာရများကို ပါဠိဂေါဟာရ တစ်ခုစီပြန်ဆိုပါ–
(က) မီးကျီးခဲ၊ (ခ) မြင်းဟိသံ၊ (ဂ) မြည်တွန်ခြင်း၊ (ဃ) မတ်, ခဲအို၊
(င)မေးဖျား၊ (စ) လည်ကုပ်၊ (ဆ) လက်ကောက်ဝတ်၊ (ဇ) လက်ဝါးစောင်း၊
(ဈ)လှည်းဦး၊ (ည) လက်ဖဝါးသတ်ခြင်း။

၃။ ''ခတ္တိယမဟာသာလ၊ ဗြာဟ္မဏမဟာသာလ''ဆိုထိုက်သူတို့၏ ရင်းနှီးမြှုပ်နှံမှု

http://www.dhammadownload.com

ငွေဒါဂီး ပမာဏ၊ နေ့စဉ်သုံးစွဲခဲ့ခြင်းသော ငွေဒါဂီးပမာဏတို့ကို ဖော်ပြ၍ အာဘိသမာစာရိက သီလ၏ သဘောသွားကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။

၇။ ''ပါဠိတစ်ချက် အနက်ဆယ်ထွေ'' ဟူသည်နှင့်အညီ ''ကာမ'' သဒ္ဒါဟောစွမ်းနိုင်သော အနက်တို့ကို လိင်အားလျော်စွာ ခွဲခြားဖြေဆို၍၊ သဗ္ဗညုတဉာဏ်ကိုဟောသော ''ဗောဓိ'' သဒ္ဒါ၏ လိင်ကိုလည်း အထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

၈။ ''ဇီးပြား ဆယ်ပြားပေးပါ၊ စပါးလုံးထဲမှာ ဆန်ရှိသည်'' ဟူသောစကားရပ်တို့၌ သင့်ရောက် သော အဖြစ်မြဲ၏ထာတို့ကို ပါဠိဖွင့်ရေးခဲ့ပါ။

၉။ ဗုဒ္ဓဝင်တစ်ကျမ်းလုံး၌ ပုဒ်များစွာဖြင့်ဆိုထားသော အနက်အကျယ်ကို အကျဉ်းချုံး၍ ပြဆိုထားသည့် ''သမာသအတ္ထသြဇ'' ဂုဏ်ပြဂါထာကို အနက်ယောဇနာခဲ့ပါ။

၁၀။ အောက်ပါ (က) (ခ) (ဂ)တို့၌ ဒေါသ (ဃ)၌ ဂုဏ် (င)၌ ဖြစ်သင့်သောအလင်္ကာတို့ကို အမည်မှု အသီးသီးဖော်ပြပါ-

(က) ဇီးပဒုန်လိပ် ကုန်းမှာအိပ်၏။

(ခ) ဖောင်တိန်ကောင်းလို့ စာမေးပွဲအောင်သည်၊

(ဂ) အမေ၌ ရှိသေ အဖေအားလည်း ရှိသေ ဘိုးဘွားကိုလည်း ရှိသေ၊

(ဃ) လေညှင်းကလေးက အနာဂတ်ပြီး တိုးတိုးလေးပြောသွားတယ်၊

(င) စံပယ်ကလည်း မင်းလို့မွှေးတယ် မင်းကလည်း စံပယ်လို့မွှေးတယ်။

၁၁။ လူကြိုက်များသော စာရေးဆရာတစ်ယောက်ဖြစ်လိုသော် ပြည့်စုံရမည့်အဂါရုဝတို့ကို ဖော်ပြ၍ ဆင်မြတ်ယဉ်သာ ကျောက်ကုန်းမှာလျှင် ပဘာတင်၍ မြေပြင်တလင်း စစ်ပွဲခင်းသည် ဇီမင်းကုသလာသည်တည်း-ကဗျာ၌ ဖြစ်နိုင်သော ဂြာယီဘာဝနှင့် ရသတို့ကို တိကျစွာ ညွှန်ပြပါ။

http://www.dhammadownload.com

၉။ ပတ္ထာရဖြန့်နည်းပြဂါထာကို ပါဠိရေး၍၊ လေးပါဒလုံးဂရုချည်းဖွဲ့စီထားသောဂါထာကို လည်း အနက်ရေးခဲ့ပါ။

၁၀။ ဝေတာလိဂါထာ၏ သမပါဒလက္ခဏာတို့ကို ပြည့်စုံစွာ ဖော်ပြ၍၊ အောက်ပါဂါထာကိုလည်း ဆန်းစစ်ကာ ဂါထာအမည်ပေးခဲ့ပါ-

ဝုတ္တာကွာရသမာသန်၊ လိင်္ဂဝေကော ပရူပရိ။
ဧကေကဟီနမေကာဒိ၊ နဠာနေ သဗ္ဗဂါဒိကံ။

၉။ မကွေးတိုင်း (အရြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) ဝိဒေဟ၊ (ခ) နက္ခတ်၊ (ဂ) ဖြစ်ခြင်း၊ (ဃ) ရန်ပြိုးပွဲခြင်း၊
(င) ပျော်ပွဲ ပူဇော်ပွဲ၊ (စ) မြေ၊ (ဆ) တံခါးခုံ၊
(ဇ) ဗိဘာန်မျက်နှာကျက်၊ (ဈ) သိုး၊ (ည) သိုးမ။

၂။ (က) အဂ်ီရ၊ (ခ) တေသာ၊ (ဂ) ပရိဘာသန၊ (ဃ) ဒေဝရ၊ (င) စုဗုက၊
(စ) ဇတ္တု၊ (ဆ) မဏိဗန္ဓ၊ (ဇ) ကရဘ၊ (ဈ) ဓုရ၊ (ည) နိဗ္ဗုဒ္ဓ။

၃။ ခတ္တိယမဟာသာလ- (ပဲခူးအရှေ့ နံပါတ် ၃-တွင်ရှိ)
ဗြတ္တဏမဟာသာလ- ရင်းနှီးမြှုပ်နှံမှုငွေဒဂ်ီးပမာဏ ကုဋေ- ၈၀၊
နေ့စဉ် သုံးစွဲနိုင်သော ကျပ်ဒဂ်ီးပမာဏ ၁၀-အမွှာ။
ခုဒ္ဒ အနုခုဒ္ဒကဖြစ်သော စာရိတ္တသီလကို အာဘိသမာစာရိက သီလဟု ဒေါ်သည်။

၄။ ပုံလိင်ကာမ-သဒ္ဒသည်-ဝတ္ထုကာမ,ကိလေသကာမတို့၌ဝင်း လိုချင်တောင်းတခြင်း ၌ဝင်းကာမနတ်၌ဝင်း မေထုန်၌ဝင်း ဖြစ်၏၊
နပုံလိင်ကာမ-သဒ္ဒါသည် အလိုကို မလွန်ခြင်း (အလိုအတိုင်း ဖြစ်ခြင်း၌)ဖြစ်၏၊

http://www.dhammadownload.com

အဗျယကာမ–သန္ဒိသည် ခွင့်ပြုခြင်း၌ ဖြစ်၏။
သဗ္ဗညုဉာဏ်ဟော ဗောဓိ–သန္ဒိသည် ဟုတ္တိလိင်၌ဖြစ်၏။
အထောက်– ဗောဓိသဗ္ဗညုတဉာဏော၊ အရိယမဂ္ဂေ စ နာရိယံ။ (ဃ)

၅။ (ပဒတ္ထုက္ကမတော မုတ္တံ–စသော (ဂါထာ–၅၅)နှင့်
သမုဒါယတ္ထတော ဖေတံ–စသော ဂါထာ ၅၀–တို့ကို ပါဠိရေးလေ။)

၆။ (ဇောတယိတွာန သဒ္ဒမ်ံ–စသော ဂါထာ ၁၂၄–ကို အနက်ရေးလေ။)

၇။ (က) ဒေသဝိရောဓိဒေါသ၊
(ခ) အတိဝုတ္တဒေါသ၊
(ဂ) ဘဂ္ဂရိတိဒေါသ၊
(ဃ) အပါဏော ပါဏိမ္ဟေသမာဓိဝုဏ်၊
(င) အညမညောပမာ အလင်္ကာ။

၈။ ၁။ သန္ဒိ, အဘိဓာန်, အလင်္ကာ, ဆန်းကျမ်းတို့၌ ကျမ်းကျင်တတ်မြောက်ခြင်း၊
၂။ ထိုကျမ်းတို့၌ အမြဲမပြတ် လေ့လာဆည်းပူးခြင်း၊
၃။ ပင်ကိုယ်ဉာဏ်ရှိခြင်း။
၄။ လူတို့၏ အသုံးအနှုံးကို နားလည်ခြင်း၊
၅။ အသင့်ယုတ္တိရှိအောင် ရေးသားခြင်း။
ဖြစ်နိုင်သော ဌာယီဘာဝနှင့် ရသ– ဥဿာဟဌာယီဘာဝ ရဏဝီရရသ။

၉။ (ပတ္ထာရေ သဗ္ဗဂေ ပါဒေ–စသော ဂါထာ ၁၂၉–ကို ပါဠိရေးလေ။)
(ဝိဇ္ဇုမာလာဂါထာ ၄၉–ကို အနက်ရေးလေ။)

၁၀။ ဝေတာလီယ သမလင်္ကာ– (စစ်ကိုင်း နံပါတ် ၉–၅)

http://www.dhammadownload.com

ဝုတ္တကွဇရသမာ သချိာ-စသောဂါထာသည်

၁။ ပါဒတိုင်း ပါဒတိုင်း အက္ခရာ ဂ-လုံးစီ ဖွဲ့စီထားခြင်း၊

၂။ ၄-ပါဒလုံး၌ အစအက္ခရာတစ်လုံးနောင် သ-ဂိုဏ်း, န-ဂိုဏ်းမရှိခြင်း၊

၃။ ဝိသမပါဒ၌ အစ ၄-လုံးနောင် ယ-ဂိုဏ်းရှိခြင်း၊

၄။ သမပါဒ အစ ၄-လုံးနောင် ဇ-ဂိုဏ်းရှိခြင်း။

ဤအဂီ၊ ၄-ပါးနှင့်ပြည့်စုံသောကြောင့် ပထျာဝတ္တဂါထာ မည်ပါသည်။

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမကြီးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁၂)ရက်၊ (၂၉-၃-၂၀၀၇)ကြာသပတေးနေ့

၁။ အောက်ဖော်ပြပါ ပါဠိဘာသာတို့ကို မြန်မာဘာသာပြန်ဆိုခဲ့ပါ-

(က) ဥဇ္ဇောတ၊ (ခ)မေဓက၊ (ဂ) ပါဋလ၊ (ဃ) သဗ္ဗဒ၊
(င)အာရာဝ၊ (စ) ဥန္ဒုတို၊ (ဆ)အယန၊ (ဇ) သဗ္ဗာဠ၊
(ဈ)သဒ္ဒမ၊ (ည)ဒေဟနီ။

၂။ အောက်ဖော်ပြပါမြန်မာဘာသာတို့ကို ပါဠိဘာသာတစ်ခုစီပြန်ဆိုခဲ့ပါ-

(က) မင်းမှူထမ်း၊ (ခ) သံတူရွင်း၊ (ဂ) ကုလားပဲ၊ (ဃ) ပြဒါး၊
(င)အနစာ၊ (စ)ဒန့်သလွန်၊ (ဆ) ရွက်ကြိုး၊ (ဇ) ဓါးတန်၊
(ဈ)မြွေ၊ (ည) ကြာဝတ်ဆံ။

၃။ စပါး(ဂ)မျိုးကို ပါဠိ+မြန်မာ တွဲစပ်ဖြေဆိုရ၍ အဘယ်အမျိုးမှ ဖွားမြင်သောသူများသည် မာဂဓမျိုး, ဥဂ္ဂမျိုး, သုတမျိုးမည်ပါသနည်း ဖြေဆိုခဲ့ပါ။

၄။ ပါဠိစာပေလောကၠ ပါဠိတစ်မျိုးက အနက်အမျိုးမျိုးဟောနိုင်ပေရာ (က)သတ္တ-သန္နိ၊ (ခ)ဟန္ဒ- သန္နိတို့၏ လိင်အားလျော်စွာ ဟောနိုင်သောအနက်တို့ကို မြန်မာဘာသာဖြင့် ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ (က) ယတိအဓိပ္ပါယ်နှင့် ယတိဟိနဒေါသလက္ခဏာပြဂါထာ၊ (ခ)ယတိပြတ်ရာဌာနပြဂါထာတို့ကို ပါဠိဋီကာရေးခဲ့ပါ။

၆။ သမာတာဂုဏ်၏ အဓိပ္ပါယ်ကို ဖြေဆိုရ၍ နောက်ဆုံးသမာတာဂုဏ်မြောက်ပုံပြ ဂါထာပါဠိတို့ကို သာ အနက်ယောဇနာခဲ့ပါ။

၇။ အောက်ဖော်ပြပါ (က)၌ သင့်ရောက်သောဒေါသ၊ (ခ)၌သန္ဒိလက်ာရဂုဏ်၊ (ဂ)၌ အတ္ထာလက်ာရဂုဏ်တို့ကို အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ–

(ဂ၁) မြေခွေးနှင့်ဓမ္မောက်တို့သည် ဌက်ပျောသီးနှင့် အမဲသားတို့ကို အသီးအသီးသယ်ဆောင်ကုန်ဏ၊

(ခ) နွေဦးလေဟုန် စီးကာစုန်သည် ကခုန်သည်လား ရွက်ဝါများ၊

(ဂ) ဤမိန်းကလေးသည် ရုပ်ကလေးလှသလောက် အပြောကြမ်းဏ။

၈။ ကရဏာစသော်အနိဋ္ဌရသ–တို့ ရသအမည်ရနိုင်ပုံကို ဖြေဆိုပြီး၊ ''ဘုရားကိုးကွယ်တန်ိုးကြယ် အပါယ်မကျ နိဗ္ဗာန်ရ''ဟူသောစကားရပ်ကို ရှု၍ ဘာဝ, ဝိဘာဝ, အနုဘာဝထုတ်ပြခဲ့ပါ။

၉။ ၅၄–မြောရှိသော ဂီတဂါထာလက္ခဏာပြ ဂါထာပါဠိကို ရေးသားပြီး၊ အောက်ဖော်ပြပါဂိုဏ်း, ဂရု, လဟုတို့ကို ရှု၍ ဖြစ်သင့်သောဂါထာအမည်, ဆန်းအမည်တို့ကို ညွှန်ပြခဲ့ပါ–

(က) ရ, န,ဘ, ဂရု, ဂရု၊ (ခ) ဘ, ဘ, ဇ, ဇ, ဂရု, ဂရု။

၁၀။ ဟရိနုပ္ပတဂါထာလက္ခဏာပြပါဠိတို့ကို အနက်ယောဇနာ၍၊ တတိယနကာရဝိပုလာဂါထာ၌ ပြည့်စုံရမည့် လက္ခဏာတို့ကိုလည်း ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com

၁၀။ မန္တလေးတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အထိဓာန်+ အလက်ာ+ ဆန်း ဘာသာ

၁။ (က) အလင်းရောင်၊ (ခ) အမည်းအနက်၊ (ဂ) ပန်းရောင်အဆင်း၊
(ဃ) ကျိန်ဆိုခြင်း၊ (င) အသံ၊ (စ) တက်ကြွခြင်း၊
(ဆ) ခရီး၊ (ဇ) လျှောက်၊ (ဈ) အိမ်၊
(ည) တံခါးရုံ။

၂။ (က) အနုဇိဝိ၊ (ခ) ကံဏာယ၊ (ဂ) ကဋ္ဌာယ၊ (ဃ) ပါရဒ၊
(င) အက္ခ၊ (စ) သောဘဥ္ဇန၊ (ဆ) ဝဋ္ဌာကာရ၊ (ဇ) ပါဝုသ၊
(ဈ) ဇလူကာ၊ (ည) ကိဉ္စက္ခ။

၃။ ၁။ သာလိ–သလေး(ကောက်ကြိုး) ၂။ ဝိဟိ–ကောက်လတ် (ကောက်ကြမ်း)၊
၃။ ကုဒြုသ–လူး၊ ၄။ ဇေါရုမ–ဂျုံ၊ ၅။ ဝရကာ ပြောင်း၊
၆။ ယဝ–မုယော၊ ၇။ ကုဇ်–ဆပ်။ (၇၅)

သုဒ္ဓမျိုးယောကျ်ားကြောင့် မင်းမျိုးမိန်းမမှ ဖွားသောသားသည် မာဂဓမည်၏။
သုဒ္ဓမျိုးမိန်းမမှ မင်းမျိုးယောကျ်ားကြောင့် ဖွားသောသားသည် ဥဂ္ဂမည်၏။ (၅၀၃)
မြတ္တဂဇာမျိုးမိန်းမမှ မင်းမျိုးယောကျ်ားကြောင့် ဖွားသောသားသည် သူတမည်၏။ (၅၀၄)

၄။ (က) နဝုံလိင်သတ္ထာ–သဒ္ဒါသည် လက်နက်, ကျမ်းဂန်, သံဒိဗ္ဗစ်၏။
ပုံလိင်သတ္ထာ–သဒ္ဒါသည် အပေါင်းဒွဂြိုဗ်၏။ (၉၆၆)
(ခ) တဒ္ဓ–သဒ္ဒါသည် စကားသစ်ကို အားထုတ်ခြင်း, ပင်ပန်းခြင်း, ရွှင်ခြင်း, အစဉ်သ
နား ခြင်းဒွဂြိုဗ်၏။ (၁၀၇)

၅။ (က) (ဝုတ္တောသု သူဗိတဋ္ဌာနေ–စသော ဂါထာ ၄ရ–နှင့်
(ခ) ယတိ သဗ္ဗတ္ထ ပါဒေန္တေ–စသော ဂါထာ ၄၈–တို့ကို ပါဠိရေးလေ။)

http://www.dhammadownload.com

၆။ မုဒုအကွာရာ, ဗုဒ္ဓအကွာရာ, မုဒု ဗုဒ္ဓရောသောအကွာရာ အညီအမျှပါရှိခြင်း၊ အချိုအချဉ် မျှခြင်းလက္ခဏာရှိသော ဂုဏ်သည် သမတာဂုဏ်မည်သည်။
အနက်–(လဒ္ဓစန္ဒန သံ သဂ္ဂ–စသော ဂါထာ ၁၃၄–ကို အနက်ရေးလေ။)

၇။ (က) ရှေ့စကား နောက်စကား အစဉ်မကျသောကြောင့် အပက္ကမဒေါသ။
(ခ) သက်ရှိသတ္တဝါတို့ကို သတ်ခဲ့ဝတ္ထုအပေါ်၌ တင်စားသောကြောင့် အပါဏော ပါဏိဓမ္မသမာဓိဂုဏ်၊
(ဂ) ချီးမွမ်းရောင်ပြု၍ ကဲ့ရဲ့ပြုသောကြောင့် ဗျာဇဝဏ္ဏနာအလင်္ကာ။

၈။ ဝေဿန္တရာမင်းကြီး၏ သားမယားတို့နှင့် ကွေကွင်းရခြင်းကြောင့် ဖြစ်သော ပူဆွေးသော ကကရုဏာရသသည် ဝေဿန္တရဇာတ်ကို ကြည့်ရှုနားထောင်သူတို့သန္တာန်၌ သာယာအပ်သောကြောင့် ရသ–အမည်ရနိုင်သည်။
ဘုရားကိုးကွယ်သူ၏ သန္တာန်၌ဖြစ်သော ဝိတိ,သောမနဿပြဋ္ဌာန်းသော စိတ္တဗျပ်ဒါသည် ဓမ္မရတိဌာယီဘာဝ၊
မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ၊
ဘုရားရှင်၏ ဂုဏ်တော်များသည် ဥဒ္ဒီပနဝိဘာဝ၊
တန်ခိုးကြွယ်ခြင်း, အပါယ်မကျခြင်း, နိဗ္ဗာန်ရခြင်းတို့သည် အနုဘာဝ–
ဤကဲ့သို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားသောအခါ ဓမ္မရတိဌာယီဘာဝသည် ဓမ္မသိင်္ဂါရရသဖြစ်သည်။

၉။ (အရိယာယံ ဒုတိယမေ–ပ–ယတိ ယသာသာယ မုဂိတိ–ဂါထာ ၂၆–ကို ပါဠိရေးလေ)
(က) သွာဂတာဂါထာ၊ တိဋ္ဌာဆန်း။ (၅)
(ခ) ဝသန္တတိလကာဂါထာ၊ သက္ကရီဆန်း။ (၅)

၁၀။ (ဟရိဏာလ္လုတာဂါထာ ၁၁၄–ကို အနက်ရေးလေ။)

http://www.dhammadownload.com

တတိယ နှုကာရ ဝိပုလာဂါထာလက္ခဏာ

၁။ ပါဒတိုင်းပါဒတိုင်း အက္ခရာ ၈-လုံးစီ ရှိရခြင်း၊
၂။ ပါဒတိုင်း ပါဒတိုင်း အစ ၁-လုံးနောင် သ-ဂိုဏ်း နှ-ဂိုဏ်မရှိခြင်း၊
၃။ ပထမပါဒ အစ ၄-လုံးနောင် ယ-ဂိုဏ်းရှိခြင်း၊
၄။ တတိယပါဒ အစ ၄-လုံးနောင် န-ဂိုဏ်းရှိခြင်း၊
၅။ သမပါဒ အစ ၄-လုံးနောင် ဇ-ဂိုဏ်းရှိခြင်း။

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမကြီးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၅)ရက်၊ (၆-၄-၂၀၀၆)သောကြာနေ့

၁။ အောက်ပါ ပါဠိဗေါဟာရတို့ကို မြန်မာဘာသာပြန်ဆိုပါ-
(က) မေရု၊ (ခ) မေဓာ၊ (ဂ) မေဒနီ၊ (ဃ) ဩရသ၊ (င) ဗျာမ၊
(စ) ဝိဇိဟာ၊ (ဆ) ဩသဓ၊ (ဇ) ဗလက္ကာရ၊ (ဈ) နင်္ဂလ၊ (ည) ဝနကာက။

၂။ အောက်ပါ မြန်မာဗေါဟာရတို့ကို ပါဠိဘာသာပြန်ဆိုခဲ့ပါ-
(က) ဝင်သက်လေ၊ (ခ) ပုံပြင်ရာဇဝင်၊ (ဂ) မြေနုကျွန်း၊
(ဃ)တံစက်မြိတ်၊ (င)ယောက်ဖ၊ (စ) တစ်သူ၊
(ဆ) ထိပ်ပြောင်သူ၊ (ဇ) ပုဇွန်ဖိတ်၊ (ဈ)အကောက်ခွန်၊
(ည) ကြက်သွန်ဖြူ။

၃။ "ဖုဿရထ"ဆေါ် ဖုဿရထားဟူသည် အဘယ်ရထားမျိုးဖြစ်ပါသနည်း? အဘိဓာန်လာ အတိုးရေး၍ သယံဇာတများဖြစ်ကြသည့် ရတနာ(၇)မျိုးတို့ကိုလည်း မြန်မာဘာသာဖြင့် ထုတ်ပြခဲ့ပါ။

၄။ ဥက္ကာ-သဒ္ဒါ၏ ဟောနက်(၅)ချက်ကို မြန်ဘာသာဖြင့်ထုတ်ပြ၍ သ-အနက်(၅)ချက်တို့ တွင် သံ, သာ-ဟူသောပါဠိဗေါဟာရတို့၏ ဟောနက်နှင့် လိင်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

http://www.dhammadownload.com

၅။ ဒေသဝိရောဓိဒေါသနှင့် ကာလဝိရောဓိဒေါသတို့မှ လွတ်မြောက်ပုံကိုပြသော အဖြေ ဥဒါဟရဏ် ဂါထာတို့ကို ပါဠိဇရေးသားခဲ့ပါ။

၆။ ဗျာသအတ္ထဿြေဂုဏ်မြောက်ပုံ ဥဒါဟရဏ်ဂါထာပါဠိကို အနက်ပေးခဲ့ပါ။

၇။ နိပ္ပဘိကတခဇ္ဇောတော၊ သမုဒေတိ ဒိဓါကရော–ဟူသောပုံစံ၌ ဒေါသသင့်ပုံကို ရှင်းလင်းဖြေဆို၍၊ အောက်ပါ (က)၌ သင့်ရောက်သော ဒေါသ၊ (ခ)၌ ရောက်ရှိသောဂုဏ်တို့ကို အကြောင်းပြ၍ ဖြေဆိုခဲ့ပါ–

(က) နွားမဏိသား၊ ထိုနွားလားကား၊ မြက်များစားပြီ၊ ရေသောက်ပြီ၊

(ခ) တပေါင်းနေ၊ ချောင်းရေကိုငုံသောက်။

၈။ အညမညဝိဘူသနအလင်္ကာ၏ သဘောသွားကို ရှင်းလင်းဖြေဆို၍၊ ယော ပန ဘိက္ခု ဘိက္ခုဿ ကုဝိတော အနတ္တမာနော ပဟာရံ ဒေဒေယျ–ဟူသော ပါဠိကို ရွှ၍ ရနိုင်သော ဘာဝ, ဝိဘာဝ, အနုဘာဝတို့ကိုလည်း ခုံလင်ဆောင် ထုတ်ပြခဲ့ပါ။

၉။ ပါဒတိုင်း ယ–ဂိဏ်းလေးခုဖြင့် ဖွဲ့စီထားသောဂါထာ၏ ဂါထာအမည်နှင့် ဆန်းအမည်တို့ကို ဖော်ပြ၍၊ ပါဒတိုင်း န–ဂိဏ်းလေးခု သ–ဂိဏ်းတစ်ခုဖြင့် ဖွဲ့စီထားသောဂါထာတို့ကိုလည်း ပါဠိဇရေးခဲ့ပါ။

၁၀။ အောက်ပါဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည် ပေးခဲ့ပါ–

မုနိန္ဒဝဒနမ္ဘောဇ၊ ဂဗ္ဘသမ္ဘဝ သုန္ဒရီ။ သရဏံ ပါဏိနံ ဝါဏီ၊ မယှံ ဝိဏာယတံ မနံ။

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) မြင့်မိုရ်တောင်၊ (ခ) ပညာ၊ (ဂ) မြေ၊ (ဃ) သားရင်း၊ (င) အလံ၊

http://www.dhammadownload.com

(စ) ထိမ်းမြားခြင်း၊ (ဆ) ဆေး၊ (ဇ) နိုင်ထက်မူခြင်း (အားရှိ အားမဲ့ပြုခြင်း)၊
(ဈ) ထွန်တုံး၊ (ည) တောကျီး။

၂။ (က) အသာသာ၊ (ခ) ကွာတီဟာသ၊ (ဂ) သရဲလ၊ (ဃ) နိဗ္ဗ၊
(င) သာလ၊ (စ) ပေါရိုဒ၊ (ဆ) ခလွှာဥ၊ (ဇ) ဥပ္ပါဒ၊
(ဈ) သုက်၊ (ည) မဟာကန္ဒ။

၃။ မင်္ဂလာရထား အပျော်အပါးစီးသွားရန် ရထားသည် ဗုဿရထရထားဟုခေါ်သည်။
(၃၅)

ရတနာ ၇-ပါး

၁။ ရွှေ ၂။ ငွေ ၃။ ပုလဲ ၄။ ပတ္တမြား ၅။ ကြောင် ၆။ စိန်
၇။ သန္လာ။ (၇၀)

၄။ ဥက္ကာသန္နိသည် ပန်းဘဲဖို, မိုးအိုးကင်း, မိုးရွာ, မိုး, ရွှေပန်းတိုင်သဉ်တို့၏ ပိုက်ခွက်,လေ၏အဟုန်တို့၌ ဖြစ်ပါသည်။ (၃၅)
သ-အနက် ၅-ချက်တို့တွင် နပုံလိင် သံ-သန္နိသည် ဗိဓိ၌ ဖြစ်၏၊
ပုံလိင် သာ-သန္နိသည် ဓွေးဟူသောအနက်။ (၃၀)

၅။ (ဗောဓိသတ္တာပ္ပဘာဝေန-စသော ဂါထာ ၅၅-နှင့်
မဟာနုဘာဝ သုပိနော-စသော ဂါထာ ၎၆-တို့ကို ပါဠိရေးလေ။)

၆။ (မတ္တာကဋ္ဌ မတာသာပိ-စသော ဂါထာ ၁၂၅-ကို အနက်ရေးလေ။)

၇။ နိပ္ပဘိကတာစဇ္ဈောတော-ဟူသော ဝိသေသနဂုဏ်ပုဒ်သည် ဘာဏုမာ-အရ နေမင်းဟူသောဝိသေသျ ဂုဏ်ကောပုဒ်ကို ယုတ်ညံ့စေသောကြောင့် ဟိနတ္ထကဒေါသ သင့်ပါသည်။

http://www.dhammadownload.com

(က) အပေါင်းအနက်မှ ကင်းသောကြောင့် အပေတတ္တဒေါသသင့်ပါသည်။

(ခ) သက်မဲ့တပေါင်းနေ၌ သက်ရှိသတ္တဝါ၏ ငံ့သောက်ခြင်းဟူသော သဘောကို တင်စားထားသောကြောင့် အပါဏာပါဏိဓမ္မသမာဓိဂုဏ်မြောက်ပါသည်။

၈။ တစ်ခုနှင့်တစ်ခု မတူသော်လည်း အချင်းချင်း တန်ဆာဆင်အပ် တန်ဆာဆင်တတ်သည်၏ အဖြစ်သည် အညမညပိဘူသန အလင်္ကာမည်ပါသည်။

စိတ်ဆိုးသော ရဟန်း၏ သန္တာန်၌ဖြစ်သော စိတ်ဆိုးသောအချင်းအရာအားဖြင့် ဖြစ်သော တက်ကြွသော ဒေါသပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ်သည် ကောဒ္ဓဘိဘာဝ၊
အခြားရဟန်းတစ်ပါးသည် အာရမ္မဏဘိဘာဝ၊
ရဟန်း၏ အမျက်ထွက်ဖွယ်အမူအရာသည် ဥဒ္ဓိပနဘိဘာဝ၊
ပုတ်ခတ်ခြင်း ပါစိတ်အာပတ်သင့်ခြင်းသည် အနုဘာဝ၊
ဤသို့ ဘာဝ, ဘိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားသောအခါ ကောဒ္ဓဘိဘာဝသည်ပင် ရွှေ့ရသဖြစ်၏။

၉။ **ယ–ဂိဏ်း လေးခု**ဂါထာ– ဘုဇင်္ဂပယာတ ဂါထာ၊ ဇဂတိဆန်းဖြစ်ပါသည်။
န–ဂိဏ်း ၄–ခု သ–ဂိဏ်း ၁–ခုဂါထာ– သသိကလာ, မဏိဂုဏနိကရ ဂါထာ–၉၃၊ ၉၄ ဂါထာ–ဖြစ်ပါသည်။

၁၀။ မုနိန္ဒဝဒနမ္ဘောဇ (ပ) မယှံ ဝိဏာယတံ မနံ–ဂါထာသည်
၁။ ပါဒတိုင်း အက္ခရာ ၈–လုံးစီ ရှိခြင်း၊
၂။ ပါဒတိုင်း အစ ၁–လုံးနောင် သ–ဂိဏ်း, န–ဂိဏ်းမရှိခြင်း၊
၃။ ဝိသမပါဒ အစ ၄–လုံးနောင် ယ–ဂိဏ်းရှိခြင်း၊
၄။ သမပါဒ အစ ၄–လုံးနောင် ဇ–ဂိဏ်းရှိခြင်း၊
ထိုကြောင့် ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘဆန်းဖြစ်ပါသည်။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း)
ပထမကြိုးတန်း ။ ။ အဘိဓာန် အလင်္ကာ ဆန်းဘာသာ

၁၃၆၈–ခု၌၊ နှောင်းတန်ခူးလဆန်း(၁၂)ရက်၊ (၂၉–၃–၂၀၀၆)ကြာသပတေးနေ့

၁။ အောက်ဖော်ပြပါ ပါဠိဂေါဟာရတို့ကို မြန်မာဂေါဟာရ ပြောင်းလဲခဲ့ပါ–
(က) ရဇနီ၊ (ခ) သာဝ၊ (ဂ) အက္ခိ၊ (ဃ)ပပါ၊ (င) ကရပုဋ
(စ) ခလ္လာဋ၊ (ဆ)စာပ၊ (ဇ) ဘုကာ၊ (ဈ) နာရဂ်၊ (ည) လူတိကာ။

၂။ အောက်ဖော်ပြပါ မြန်မာဂေါဟာရတို့ကို ပါဠိဂေါဟာရတစ်ခုစီ ပြန်ဆိုခဲ့ပါ–
(က) ဝဂ္ဂဒိန်လက်နက်၊ (ခ) မိုးအုံ့သောနေ့၊ (ဂ) နှလုံးသွင်းခြင်း၊
(ဃ) အရေတွန့်သူ၊ (င) စုံထောက်၊ (စ) စကားစောင့်စည်းသူ၊
(ဆ) ရွယ်တော်၊ (ဇ) တောင်ခါးပန်း၊ (ဈ) မြွေပါ၊
(ည) အချည်းနှီး။

၃။ ကပ္ပရ–သန္ဒိ၏ လိင်ကို အဘိဓာန်သာကေနှင့်တကွ ဖော်ပြ၍ ၊ အနာဂရောဂါအထူး(ဂ)မျိုး ကိုလည်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ပြခဲ့ပါ။

၄။ နပုံလိင်ဖြစ်သော (က) သတ္တ၊ (ခ) စိတ္တ–သန္ဒိတို့ ဟောနိုင်သောအနက်တို့ကို ဖော်ပြ၍၊ (ဂ)အလံ–သန္ဒိဟောနိုင်သော အနက်တို့ကိုလည်း ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ပြခဲ့ပါ။

၅။ အောက်ဖော်ပြပါတို့တွင် (က)၌ သင့်ရောက်သော ဒေါသဏ် ပုံစံပြဂါထာ၊ (ခ)၌ ရနိုင်သော ဂုဏ်၏ ပုံစံပြဂါထာတို့ကို ပါဠိရေးခဲ့ပါ–
(က) တစ်မိုးလုံးအောက်၊ ငါတစ်ယောက်၌၊ စုရောက်ဂုဏ်ပေါင်း၊ ပြည့်နှက်အောင်းဏ်၊
(ခ) သန်,ဂုဏ်,၄ ၊ မေတ္တာယျ၊ ပွင့်ကြက္ခါဘန္ဒိ။

http://www.dhammadownload.com

၆။ (က) ဒါန သီလံ ပြုလုပ်မှုနှင့်ကာ နိဗ္ဗာန်သုခ ခံစားရမည်၊ မုချကောန် မလွဲတည်း–ဟူသော ကဗျာ၌ လွတ်မြောက်သော ဒေါသ၏ ပုံစံပြဂါထာနှင့် (ခ) ဌာယီဘာဝ၏ အဓိပ္ပါယ်ပြ ဂါထာတို့ကို အနက်ပေးခဲ့ပါ။

၇။ အောက်ဖော်ပြပါ (က) ၌ သင့်ရောက်သော ဒေါသ၊ (ခ)၌ ရန်ငြိုးသောဂုဏ်တို့ကို အကြောင်းပြကာ ဖြေဆို၍၊ ကန့်ဂုဏ်၏ လက္ခဏာတို့ကိုလည်း ရေးခဲ့ပါ–
(က) ဆောင်းမှာခရေ၊ နွေမှာသဇင်၊ မိုးတွင်ပန်းပိတောက်၊ ပွင့်ပေါ်ပေါက်၏။
(ခ) မေတ္တာဟာ အေးမြတဲ့ စမ်းချောင်းငယ်တစ်ခု။

၈။ မိုးချုပ်လို့ တုတ်မဆောင် ပျိုတို့မောင် ကြောက်ပါရိုးလား မင်းတို့မောင် ညာလက်ညှိုး ဆေးကြောင့်တန်ခိုး–ဟူသောကဗျာ၌ ရန်ငြိုးသော အလင်္ကာကို အကြောင်းပြကာ ဖြေဆို၍၊ အောက်ပါကဗျာကို ရှု၍ ဘာဝ ဝိဘာဝ အနုဘာဝပြည့်စုံအောင် ထုတ်ပြခဲ့ပါ–

ဘုရား တရား သံဃာအားဖြင့် သုံးပါးရတနာ မြတ်မွန်စွာကို သန္ဒိဋ္ဌိကျိုး လက်စုံမှီ၍ ရှိခိုးပါ၏။

၉။ အရိယာမျိုး ဂါထာများထက် မကြာအရေအတွက် ပိုလွန်သော ဂီတိမျိုးဂါထာတို့ကို ပါဠိရေး၍၊ (ဂ)လုံး သုံးလီယတိပြတ်သော ဂါထာကိုလည်း အနက်ပေးခဲ့ပါ။

၁၀။ ဝိသမပါဒ၌ ဒေါဓကဂါထာ၏ လက္ခဏာတွင် အစတစ်လုံးကို ပယ်၍ သမပါဒ၌ ဒေါဓကဂါထာ၏ လက္ခဏာအတိုင်းစီကုံးလျှင် ဖြစ်နိုင်သော ဂါထာကို ဆန်းသုတ် ထောက်ကာ ဖြေဆို၍၊ အောက်ပါဂါထာကိုလည်း အကြောင်းပြ၍ ဂါထာအမည်၊ ဆန်း အမည် ပေးခဲ့ပါ။

နမတ္ထု ဇနသန္တာန–တမသန္တာန ဘေဒိနော။
ဓမ္မဒ္ဒေလန္တရှစိဇနော၊ မုနိနွေဒါတရောစိနော။

http://www.dhammadownload.com

၁၂။ ရန်ကုန်တိုင်း (အပြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

၁။ (က) ညဉ့်၊ (ခ) တိမ်ဇါရောင်အဆင်း၊ (ဂ) မျက်စိ၊ (ဃ) ရေအိုးစင်၊
(င) လက်ရုတ်၊ (စ) ထိပ်ပြောင်သူ၊ (ဆ) လေ၊ (ဇ) ဟင်းရွက်၊
(ဈ) လိမ္မော်၊ (ည) ပင့်ကူ။

၂။ (က) အသနိ၊ (ခ) ဒုဒ္ဒိန၊ (ဂ) စိတ္တာဘောဂ၊ (ဃ) ဝလိတ၊
(င) စရ၊ (စ) မုနိ၊ (ဆ) ကောဝိဠာရ၊ (ဇ) နိတမ္ဗ၊
(ဈ) နကုလ၊ (ည) တုဋ္ဌ။

၃။ ကပ္ပရ–သဒ္ဒါသည် ပုလ္လိင်, နပုလ္လိင်။
သာဓက– ကပ္ပူရံ ပုန္နပုံသကော။ (ဂါထာ–၃၀၅)
၁။ ဘဂန္ဒလ– ဘဂန္ဒိရ်နာ၊ ၂။ မေဟ–ဆီးလွန်နာ၊ ၃။ ဇရ–ဖျားနာ၊
၄။ ကာသ–ချောင်းဆိုးနာ၊ ၅။ သာသ–ပန်းနာ၊ ၆။ ကုဋ္ဌ–နူနာ၊
၇။ သူလ–ကိုက်ခဲသောအနာ။ (၃၂/၉)

၄။ (က) ဥစ္စာ, အတ္တ–ဟာ, ဇိဝိတိန္ဒြေ, အစ္စမံ, ထင်ရှားပြစ်ခြင်းဟူသော အနက်တို့၌ ဖြစ်သည်။ (၈၀)
(ခ) စိတ်, ဝိညာဉ်, ပန်းချီအပ္ပ, ဆန်းကြယ်ခြင်းဟူသော အနက်တို့၌ ဖြစ်၏။ (၈၃၈)
(ဂ) ဘူသန–တန့်ဆာဆင်ခြင်း, ဝါရဏ–တားမြစ်ခြင်း, ပရိယတ္တိ–စွမ်းနိုင်ခြင်း။ (၁၁၉)

၅။ (က) ပူဇနိယတရော လောကေ–စသော ဂါထာ–၆၁၊
(ခ) ဇောတယိတ္ထာန သဒ္ဒမ္မို–စသော ဂါထာ ၁၂၄–တို့ကို ပါဠိရေးလေ။

၆။ (က) ဘာဝနာဒိနယသိလာနိ –စသော ဂါထာ–၁၀၀၊
(ခ) ဝိရောဓိနာညေ ဘာဝေန စသော ဂါထာ ၁၄၁–တို့ကို အနက်ရေးလေ။

http://www.dhammadownload.com

၇။ (က) အချိန်အခါ ကာလနှင့် ဆန့်ကျင်သောကြောင့် ကာလဝိရောဓိဒေါသ သင့်ပါသည်။
(ခ) စိုးဆင်းမရှိသော ဖေတ္တာကို စိုးဆင်းခြင်းရှိသော ရေ၌ တင်စားသောကြောင့် နိဂ္ဂပေ ရုပယုတ္တသမာဓိဂုဏ်။
ကန္တိဂုဏ်လက္ခဏာ– (ပဲခူး အနောက် နံပါတ် ၇– (၈) ရွာ)

၈။ အလိုရှိအပ်သော အနက်သဘောကို တိုက်ရိုက်မသုံးပဲ သွယ်ဝိုက်၍ ပရိယာယ်အားဖြင့် ဆိုသောကြောင့် ပရိယာယဝုတ္တိအလင်္ကာမြောက်ပါသည်။
ရှိခိုးသောပုဂ္ဂိုလ်၏သန္တာန်၌ ဝိတ်,သောမနဿပြဌာန်းသော စိတ္တုပ္ပါဒ်သည် မမွေ့ရတိဌာယီဘာဝ၊
ဘုရား, တရား, သံဃာများသည် အာရမ္မဏဝိဘာဝ၊
ဘုရား, တရား, သံဃာတို့၏ ဂုဏ်တော်များသည် ဥဒ္ဒိပနဝိဘာဝ၊
တန်ခိုးကြီးခြင်း, ပညာနှင့်ပြည့်စုံခြင်း, စည်းစိမ်ဥစ္စာပေါများခြင်းစသည်တို့သည် အနုဘာဝ။
ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလာသောအခါ မမွေ့ရတိဌာယီဘာဝ သည်ပင် မမွေ့သိဂီရရသဖြစ်သည်။

၉။ ဂိတိ ဂါထာ ၂၅–နှင့် အရိယာဂိတိ ဂါထာ ၂၈–တို့ကို ပါဠိရေးလေ။
သဒ္ဒရာဂါထာ ၁၀၅–ကို အနက်ရေးလေ။

၁၀။ ယဒိ သတ္တိတယံ ဂရုယုတ္တံ၊ ဝေဂဝတိ ယဒိ ဘတ္တိတျာဂါ–တူသော ဂါထာ ၁၀၉–ကိုထောက်၍ ဝေဂဝတိဂါထာဖြစ်ပါသည်။
ဂါထာအမည်, ဆန်းအမည်– (ကယားပြည်နယ် နံပါတ် ၁၀–တွင်ရှု)

http://www.dhammadownload.com

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရုံးချုပ်ပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်း
၁၃၆၈-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၅)ရက်၊ (၆-၄-၂၀၀၆)သောကြာနေ့

၁။ အောက်ပါပါဠိဂေါဟာရများကို မြန်မာဘာသာတစ်ခုစီ ပြန်ဆိုရေးသားပါ-
(က) သုရန္ဒဒီ၊ (ခ) ဗေဿန္တ၊ (ဂ) ပရိန္ဒဝ၊ (ဃ) သန္ဒန၊ (င) ကဏ္ဏုက၊
(စ) ဂုယှ၊ (ဆ)ဋင်္ကာ၊ (ဇ) ဇိဂျုက၊ (ဈ) နာလ၊ (ည) ပလဏ္ဍု။

၂။ အောက်ပါမြန်မာဂေါဟာရများကို ပါဠိဘာသာတစ်ခုစီ ပြန်ဆိုပြပါ-
(က) အထက်သို့ဆန်တက်သောလေ၊ (ခ) လွန်သောဝိရိယ၊ (ဂ) လမ်းတို၊
(ဃ) သားရဲ၊ (င) ဆံကျစ်၊ (စ) နံ့သာဖြူ (ဆ) မင်္ဂလာရထား၊ (ဇ) ထမင်း၊
(ဈ)ထမင်းပိုးကျွဲ၊ (ည)အညာ။

၃။ ခတ္တိယမဟာသာလ၏ ကြွယ်ဝမှုနှင့်နှေစဉ်သုံး ကျပ်ဒဂိုးပမာဏတို့ကို ဖော်ပြ၍၊ ယမနှင့် နိယမသီလတို့၏ အဓိပ္ပါယ်ကို ဖြေဆိုပြီးလျှင်၊ ပရိသတ်ရှစ်ပါးကိုလည်း မြန်မာဘာသာဖြင့် ထုတ်ပြပါ။

၄၊ လာ့လဲသာ၊ သလ္လ-သန္ဒီတို့၏လိင်ကို ခွဲပြ၍၊ သာဓုသန္ဒီဟောနိုင်သော အနက်တို့ကိုလည်း ပါဠိ+မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြပါ။

၅။ ''သတ္တာလောက သခီရဂို့ ဆောင်ကြဲ လ ဓေ နှစ်ပါးဆွေလည်း မသွေကွယ်ပျောက် ပျက်စီးရောက်လိမ့် ရှင်ထောက်ရှုပါ သခီရာတို့ မှန်စွာမိမြဲ မည်သူဘဲလျှင်၊ မလွဲအားပြိုင် ကျော်လွှားနိုင်အံ့'' ဟူသောအဓိပ္ပါယ်ပြအလင်္ကာဂါထာကို ပါဠိရေးပြပါ။

၆။ ''ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးဖြိုမည်ကြံ အားကမသန်'' ဟူသောလင်္ကာ၌ သင့်ရောက်သော ဒေါသ၏ပရိဟာရဂါထာကို အနက်မှန်မှန်ပေးပြပါ။

http://www.dhammadownload.com

၇။ အောက်ပါကဗျာတို့တွင် (က) (ခ)တို့၌ သင့်ရောက်သောဒေါသ (ဂ)(ဃ)တို့၌ ဂုဏ်တို့ကို အကြောင်းပြု၍ ဖြေဆိုခဲ့ပါ–

(က) လောင်းသိန္ဒတ်မင်းသား သေဋ္ဌနင်းလည်း လက်ငင်းမြောက်မျက် နာရပ်ဘက်သို့ လှမ်းတက်ခုန်စဖဒိုး ၊

(ခ) ကျိုး(ချေး)သူဌေး မီးသွေးငိုသည် ကျိုးမွေးကိုရှုံးတဲ့ ခင်လေး၊

(ဂ) ထကြွသိမ်းဆည်း မျှသုံးစွဲ၊ ပေါင်းပြမိတ်ဆွေကောင်း၊

(ဃ) ချိုဆိမ့်ရသာ ဒေသနာကို လိမ်မာမပွန် လူဆားငန်တို့ အလွန်ကြောက်ရွံ့။

၈။ ''ဗျာပါဆံတစ်ခါ လင်တစ်ရာ''ဟူသောစကားပုံသည် မည်သည့်အလင်္ကာမြောက်သည်ကို အကြောင်းနှင့်တကွ ပြေဆိုရ၏ ''ခွေးပုပ်မစင် မျက်မှောက်ပြင်သော် လူရှင်တကာ စက်ဆုတ်ရာ၏''ဟူသောလင်္ကာ၌ ဖြစ်သင့်သော ဘာဝ ဝိဘာဝ အနုဘာဝ စုံလင်စွာ ထုတ်ပြခဲ့ပါ။

၉။ အောက်ပါ(က) (ခ)တို့ကို ပါဠိရေး၍၊ ဇာတိနိဂါထာ၏ လက္ခဏာကိုလည်းရေးခဲ့ပါ–

(က) ဥဒိစ္စဂါထာ၏ ဝိသမပါဒနှင့် လေးပါဒလုံးတူသောဂါထာ၊

(ခ) အပရာဇိတဂါထာ၏ လက္ခဏာပါ သ–ဂိုဏ်းကိုပယ်၍ဖွဲ့ဆိုထားသောဂါထာ။

၁၀။ မတ္တာသမကမျိုး၌ လဟုချည်းသက်သက်နေသောဂါထာနှင့် သမဝုတ္တိနိဒ္ဒေသ၌ ဂရုချည်း သက်သက်နေသောဂါထာတို့ကို အနက်ရေး၍၊ ဝုတ္တောဒယကျမ်းနှင့် မညီညွတ်သောဂါထာများတွေ့လျှင် မည်ကဲ့သို့ အမည်ပေးရမည်နည်း သာဓကပြ၍ ဖြေဆိုပါ။

၁၃။ ရရိုင်ပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန်+ အလင်္ကာ+ ဆန်း ဘာသာ

